ကျေးဇူးတော်ရှင်
တောင်တန်းနယ်ခြားသာသနာပြု

# ဆရာတော်အရှင်ဦးဥတ္တမသာရ
၏

# ကိုယ်ပိုင်တွေ့ရှိမှတ်တမ်းများ

အမှတ်စဉ်(၃)



ဓမ္မဗျူဟာ စာစဉ်

J136

ကျေးဇူးတော်ရှင်

တောင်တန်းနယ်ခြား သာသနာပြု

ဆရာတော် အရှင်ဦးဥတ္တမသာရ

၏

# ကိုယ်တွေ့မှတ်တမ်းများ

## အမှတ်စဉ် (၃)

ပညာအလင်းပြစာအုပ်ဆိုင်
၁၃၀ - ဗိုလ်ချုပ်လမ်း
ပုဇွန်တောင်စာတိုက်၊ ရန်ကုန်မြို့

ဓမ္မဗျူဟာစာစဉ် (၃)

# ဓမ္မဗျူဟာစာစဉ် ( ၉ )

ဘာသာရေးဆိုင်ရာ စာမူကြိုတင်ခွင့်ပြုချက်အမှတ် ၁၇၉/၇၉ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၉၅/၇၉ (၇)

ပထမအကြိမ်

၁၉၇၉-ခု၊ ဩဂုတ်လ

အုပ်ရေ - ၂၀၀၀

တန်ဖိုး - ၃၅ ကျပ်

---

စာသား၊ ကြီး၊ ကြပ်ပြင်ဆင် - တင်အောင်ထွန်း (ဓမ္မာစရိယ, ဘီအေ)

မျက်နှာဖုံးပန်းချီ - ကိုကျော်သိုက်

မျက်နှာဖုံးရိုက် - နန်းသဇင်

---

ထုတ်ဝေသူ

ဦးချစ်လှိုင် (၀၇၄၃)
ထွန်းသစ်အောင်စာပေ၊ ၄၁-အောင်တေဇလမ်း၊
ဗျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေ။

ပုံနှိပ်သူ

ဒေါ်တင်ရီ (မြ-၀၂၇၃၉)
နန်းသဇင်ပုံနှိပ်တိုက်၊ အမှတ် ၁၉၆၊ ၃၉-လမ်း၊ ရန်ကုန်မြို့။

ဖြန့်ချီရေး

ဓမ္မဗျူဟာစာစောင်တိုက်
အမှတ်-၁၅၆၊ (အပေါ်ထပ်)ဗားကရာလမ်း၊ စမ်းချောင်းမီးသတ်ရှေ့
ကြည့်မြင်တိုင်စာတိုက်၊ ရန်ကုန်မြို့။ ဖုန်း - ၂၀၁၁၄



ကျေးဇူးတော်ရှင်

တောင်တန်းနယ်ခြား သာသနာပြု

ဆရာတော် အရှင်ဦးဥတ္တမသာရ

## သက်တော် (၄၀) အရွယ်
# နာဂသျှဝြ်တောင်တန်းခရီး

ဆရာတော်ဦးဥတ္တမသာရ သပိတ်ဘစ်လုံးဖြင့် သာသနာပြု ကြွစဉ်ရောက်ရာအရပ်၌ ကြုံသို့ရင် မှတ်ဘမ်းများ ရေးသွားတတ်ပါသည်။

---

မန္တလေးမြို့ ခေတ်ပုံဆရာကြီး ဦးလွန်းရိုက်ယူလိုက်သောပုံကို အမှတ်တရ ဖော်ပြပါသည်။

ကိုယ်တွေ့မှတ်တမ်းများ အမှတ်စဉ် (၃)

# မာတိကာအကျဉ်း


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အမှာစာ | | (၈) |

**အပိုင်း - ၁**

| | | |
|---|---|---|
| ဝါသနာလော တာဝန်လော | .... | ၁ |
| သတ္တိနှင့်ဗျတ္တိ | .... | ၉ |
| လူဟူသည် တစ်ခုကောင်းရှိ၏ | .... | ၁၇ |
| ငါလိမ္မာပြမည် | — | ၂၇ |
| အထက်တန်းစားလူ | .... | ၃၄ |
| လေ့လာမှုရှိသူ | .... | ၄၆ |
| ငါက ဟုတ်တုတ်တုတ်ရှိပေသေး | .... | ၅၆ |

**အပိုင်း - ၂**

| | | |
|---|---|---|
| လွတ်လပ်ရေးသိမ်နှင့် စေတီတော် | .... | ၆၅ |
| တစ်ထပ်စာ ပြောင်းဖူးဆွမ်းရယ်နှင့် | .... | ၇၅ |
| ကလောင်နှင့်ပရိသတ် (၁) | .... | ၈၈ |
| ကလောင်နှင့်ပရိသတ် (၂) | .... | ၉၇ |
| ကလောင်နှင့်ပရိသတ် (၃) | .... | ၁၀၆ |
| ကလောင်နှင့်ပရိသတ် (၄) | .... | ၁၁၇ |
| စာဖတ်ပရိသတ် တရားနာရသူဖက်မှအမြင် | .... | ၁၂၃ |
| ပရိသတ်တောင်းဆိုသော ကျန်းမာရေးဆေးနည်းများ | .... | ၁၃၁ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|

## အပိုင်း - ၃


စေတနာသည်ပဓာန .... ၁၆၉
အိုလိုက်ကြဦးစို့နော် .... ၁၉၄
မိမိကိုယ်ကိုအားကိုးပြုပါ .... ၂၀၉
အသုဘာဟု ပိုင်စွာမြင်လျှင် (၁) .... ၂၂၀
အသုဘာဟု ပိုင်စွာမြင်လျှင် (၂) .... ၂၂၉
အသုဘာဟု ပိုင်စွာမြင်လျှင် (၃) .... ၂၃၉
အသုဘာဟု ပိုင်စွာမြင်လျှင် (၄) .... ၂၄၉
အာပတ်နှင့်တကွ စုတေလျှင် .... ၂၆၀

# သူတော်ကောင်းတို့၏ ကိုယ်တွေ့မှတ်တမ်း

## အမှာ

တစ်ဖက်တွင် တောင်တန်း၏ တောင်ထွတ်နံရံကြီးက မြင့်မောက်စွာမိုး လျက်....၊ တစ်ဖက်တွင်ကား အသူတရာနက်လှစွာသော တောင်ချောက်ကမ်းပါး ကြီးက မည်းမှောင်လျက်....၊ တောင်ပတ် လမ်းကျဉ်းလေး ပေါ်တွင် ဝန်တင်လား တစ်ကောင်နှင့် လမ်းပြလူတစ်ယောက်က ရှေ့မှတူရှုသွားလျက်...၊ အသက် ဝါတော်ပေါ်ကြီးကြီး ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါးက နောက်ခပ်လှမ်းလှမ်းဆီမှ တောင်ဝှေးတစ်ချောင်း ထောက်ကာထောက်ကာ မှန်မှန်လိုက်ပါလျက်....။

တောင်ခါးပန်းဆီမှ ဝှေ့တိုက် ဖြတ်သန်းသွားနေသော တိမ်လှိုင်းလုံး မြူထုက တစ်ရံတစ်ခါ ၎င်းတို့၏အကြား ဖြတ်တိုးကွယ်ကာ သွားတတ်ပေရာ ထိုအခါမျိုးတွင် အသံဖြင့် အချက်ပေးရုံကလွဲ၍ စိတ်မလှုပ်ရှားရပဲ၊ သတိတစ်ချက် လွတ်သွားသည်နှင့် ခြေလှမ်းများ လွဲချော်ကာ တစ်ဖက်လျှိုချောက်ပါးစပ်ကြီးက မည်းမှောင်စွာ အသင့်ဖိတ်ခေါ်လျက်....။

\+ \+ \+

မြေပြန့်တွင်မတွေ့ရနိုင်သော အထက်က မြင်ခင်းရှုကွက်မျိုး စာအုပ်တွေ ရုပ်ရှင်ပိတ်ကားပေါ်တွေမှာ တစ်ခါတစ်ခါ တွေ့ရတတ်ပါသည်။ ဗုဒ္ဓစာပေ ဆိုင်ရာ ကျမ်းစာများတွင်လည်း ရသေ့ရဟန်း သူတော်သူမြတ်တို့ မှီတင်း သီထင်းသုံးရာ တောတောင်သဘာဝကို လွမ်းချင့်ဖွယ် ဖော်ပြတတ်သဖြင့် ဗုဒ္ဓ ဘာသာဝင်များအဖို့ မြေပြန့်တွင် မွေးဖွားကြီးပြင်းသူ ဖြစ်လင့်ကစား တော တောင် သဘာဝများနှင့် ရင်းနှီးပြီးမို့ အိပ်မက်များထဲတွင်ပင် အထက်ကမြင်ခင်း ရှုကွက်မျိုး မြင်မက်တတ်ပါသည်။ ယင်းသို့သော အခါမျိုးတွင် ဤစာရေးသူ အဖို့ရာ ကျေးဇူးရှင် ဆရာတော်ဘုရားကို အလျင်ဦးစွာ ပြေး၍မြင်ယောင်တတ် ပါသည်။ 'မိမိတို့ ညွှံခဲ့ ပေါ့လျော့ခဲ့သမျှ မိမိတို့ မြန်မာတိုင်းရင်းသားတွေ ဗုဒ္ဓသာသနာတော်နှင့် ဝေးခဲ့ရသည်' ဟူသော ယုံကြည်ချက်၊ 'နယ်ခြားဒေသ၌ နေထိုင်ကြသော တိုင်းရင်းဖွားတို့အား အရတော်စွာ လူ၏ဘဝသို့ ရောက်လာ ကြခိုက် ကြားနာရခဲ့သော ဗုဒ္ဓတရားတော်များကို တစ်ကြိမ်တစ်ခါ ကြားနာကြရ လျှင် လူဖြစ်ကျိုးနပ်ကြပေမည်' ဟူသော မျှော်မှန်းချက်၊ 'သူတစ်ပါးမယူလိုသော

ကွက်လပ်နေရာတွင် ဖွဲ့ဆော်ဦးလမ်းထွင်သမားအဖြစ် အခက်အခဲ အမျိုးမျိုးကို ကျော်လွှားကာ ယနေ့တိုင် သာသနာပြုလုပ်ငန်းတစ်ခုထဲ၌ တစ်စိုက်မတ်မတ် ထမ်းဆောင်လျက် ရှိသော ဆရာတော်ကို ပြပါဆိုလျှင် တောင်တန်းပျော် သာသနာပြု ဆရာတော်ဘုရားကြီး အရှင် ဦးဥတ္တမသာရပင် ဖြစ်ပါသည်၊ ဖြစ်ရပါမည်၊ ဆရာတော်သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုနောက်ကျပြီး ခက်ခဲဝေးလံလှသော ချင်းတောင်ဒေသတွင် အခြေစိုက်ကာ အစားဆင်းရဲ အနေဆင်းရဲ ဒုက္ခအမျိုးမျိုးကို ကြံ့ကြံ့ခံနိုင်သည်အထိ လေ့ကျင့်ယူ၍ ဗုဒ္ဓသာသနာ ဖြန့်ဝေလျက်ရှိသည်မှာ စစ်ကြိုခေတ်မှသည် ယနေ့တိုင်ဖြစ်ပါသည်။ ပါရမီနှင့် ပြည့်စုံသူဆုကြီးပန်ယောကျ်ားမြတ်တို့ နှလုံးသားဖြင့် ယုံကြည်ချက်, မျှော်မှန်းချက်, ခံယူချက်တို့ကို တစ်စိုက်မတ်မတ် ဖြည့်ဆည်းသမျှမှာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ကိုယ်တွေ့မှတ်တမ်းစာများပင် ဖြစ်ပါတော့သည်။

ဆရာတော်ဘုရားကြီး၏ စာပေရေးသားခြင်း အထုံဝါသနာ တစ်ခုက မမှိတ်ဆေ့ စာဖတ်ပရိသတ်ကြီးအဖို့ အလွန်တရာမှ ကံကောင်းသည့်အချက်ဟု ဆိုရပေမည်၊- မည်မျှတောခေါင်မြင့်မား ဝေးမြေခြားသည်ဖြစ်ပစေ၊ ဆရာတော်၏ ကိုယ်တွေ့မှတ်တမ်း စာမူများမှာ စာဖတ်ပရိသတ်တို့ထံ ရောက်ရှိ ဖြန့်ဝေလျက်ရှိပါသည်၊ မမ္ဗျူဟာ စာစောင်တွင်ဆိုလျှင် ၁၃၂၀ ခုနှစ်မှစ၍ ဆောင်းပါးခေါင်းစဉ်အမျိုးမျိုးတို့ဖြင့် တင်ပြခဲ့ပြီး ယခုအခါ မေတ္တာရေစင်ခရီး, ပရိသတ်အားရကျေနပ်သော ဟောတရားများ စသည်အသွင်အမျိုးမျိုးဖြင့် လစဉ်မပြတ်ခဲ့ပါပေ၊ သက်ရွယ်တော်အားဖြင့် ရင့်ညောင်းလှပြီဖြစ်ပါသော်လည်း မျက်စိတော်မမှုန်၊ ကလောင်စွမ်းထက်ဆဲ၊ အသံတော်မာဆဲ၊ ဟောပြောမှုကောင်းဆဲ ရှိရုံမျှမက ဆရာတော်၏ တောင်ဝှေးမှာ ချင်းတောင်အနှံ့ တစ်ဒေါက်ဒေါက်ခေါက်ဆဲ၊ လျှောက်ဆဲ၊ သာသနာပြုဆဲ၊ ယုံကြည်ချက်, မျှော်မှန်းချက်, ခံယူချက် မြင့်မားသူအဖို့ 'လူလဲမှ တောင်ဝှေးလဲမည်၊ တောင်ဝှေးလဲမှ ယုံကြည်ချက်, မျှော်မှန်းချက်, ခံယူချက်များ ပြီးဆုံးတော့မည်'ဟု ထင်ရပေတော့သည်။

\+ + +

ယခင်က ကိုယ်တွေ့မှတ်တမ်း အမှတ်စဉ် (၁) နှင့် (၂) ကို စိန်မြစာပေအနေဖြင့် ထုတ်ဝေခဲ့ပြီး နှစ်အတန်ကြာ၍ ယခု ကိုယ်တွေ့မှတ်တမ်း အမှတ်စဉ် (၃) ကို မမ္ဗျူဟာ စာစဉ်မှ ဆက်လက်၍ ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ယခင် ကိုယ်တွေ့မှတ်တမ်းများနည်းတူ ဇာပိုင်း (၃)ပိုင်း ခွဲခြားထားပြီး အပိုင်းလိုက် ခေါင်းစဉ်ငယ်များတပ်ကာ ရေးသားစီစဉ်ထားပါသည်။ ယင်းတို့အနက်မှ အချို့ကို စာရှုသူ မေ့မိတ်ဆွေများနှင့် နှီးနှောဖို့ရန် မိတ်ဆက်ပေးလိုက်ချင်မိပါသည်။

'သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ' ဟူသည့် စာတန်းကလေးများကို နေရာအတော်များများ၌ပင် ချိတ်ဆွဲထားတတ်ကြသည်ကို တွေ့မိပါသည်။ သင်သာ ကောင်းပါစေ၊ သင်ကောင်းလျှင် ကျွန်ုပ်သည်းကောင်းပါမည်၊ သင်ဆိုးမှ ကျွန်ုပ်ဆိုးခဲ့ရလျှင်တော့ အပြစ်မယူင်ပါနှင့်ဟု ဆိုလိုခြင်းဖြစ်ပြီး လူကောင်းများနှင့် ခွေးချယ်ပေါင်းသင်း ဆက်ဆံချင်သည့် သဘောဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးကမူ ယင်းသို့မဟုတ်ပါ၊ 'ဘယ်သူမကောင်းကောင်း၊ ဘယ်သူဆိုးဆိုး ငါလိမ္မာပြမည်' တဲ့၊ ဘယ်လောက်မကောင်းသူဖြစ်ပစေ၊ ဘယ်လောက်ဆိုးသူဖြစ်ပစေ၊ 'လူဟူသည် တစ်စုကောင်းရှိ၏' တဲ့၊ သူတော်ကောင်းတို့၏ ကိုယ်တွေ့သဘောဟုပင် မှတ်ယူရပါတော့မည်။

ဆရာတော်၏ စာများနှင့်ပတ်သက်၍ အကြောင်းအရာ ဆန်းသစ်မှုသာမက အရေးအသားပြေပြစ်ညက်ညောမှုကိုပါ အလေးပေးပြောတတ်ကြသည်၊ အချို့ကဆိုလျှင် ဆရာတော်၏ စာပေအရေးအသားကျွမ်းကျင်နိုင်နင်းမှုကိုပင် တစ်သီးတစ်ခြား ချီးမွမ်းပြောဆိုတတ်ကြသည်။

'ဆရာတော်အရှင်၏ ကိုယ်တွေ့မှတ်တမ်း ဆောင်းပါးများသည် အားလုံးလိုလို စိတ်ပညာပါဝင်ကြောင်း၊ စာဖတ်ပရိသတ်အား သိမ်မွေ့နူးညံ့သောအာသီ ညက်ရင့်သန်စေရန် ရိုးရိုးကလေးရေး၍ ဘဝကျင်လည်မှုအရာတွင် အမြင်ကျယ်ကြောင်း၊ လူ့ဘဝတွင် ရှိသားမှုလောက်ကောင်းသော အခြားတစ်မျိုးမရှိပုံကို လက်ညှိုးညွှန်ပြခြင်းဖြစ်ကြောင်း၊ လူငယ်လူရွယ်တို့အား စာရိတ္တကောင်းမွန်လာစေမည့် စာကောင်းများဖြစ်ကြောင်း'

(ရန်ကုန်တက္ကသိုလ်ကထိကများ)

'ဆရာတော်ရဲ့ စာပေ ဆောင်းပါးများက ဖတ်ရင်းဖတ်ရင်း တောကြီးတောင်ကြီးထဲ မျောက်သွားရောဘုရား၊ ပြီးတော့ တရားလည်းနာရတယ်၊ စာဖတ်သူကို စိတ်ဓာတ်လည်း တက်ကြွလာစေတယ်၊ လူသားများကို အားပေးမြှင့်တင်သွားချက်ကလေးများကြောင့် ဖတ်လို့ပြီးဆုံးသွားတဲ့အခါ စာဖတ်သူ စိတ်နှလုံးအတွင်း နှစ်သိမ့်ကျန်ရစ်ပါသေးတယ်ဘုရား'

(စာရေးဆရာ စာဖတ်ပရိသတ်တစ်ဦး)

'ဆရာတော်၏ စာပေဆောင်းပါးများက တစ်မူထူးခြားပါတယ် ဘုရား၊ ဗဟုသုတ အနေမျိုးလောက်သာသဘောထားပြီး အမြန်ဖတ်လေ့ရှိသူများကတော့ စာအုပ်ထူးဖြစ်ကြောင်း မသိနိုင်ကြပါ၊ ကံဘုရား၏အတိမ်အနက်ကို သတိထား လေ့လာဖူးသူများနှင့် တရားအခြေခံကို အတန်အသင့် သဘောပေါက်အောင် အားထုတ်ဖူး သူဖြစ်လျှင်တော့ စာအုပ်ထူးဖြစ်ကြောင်း သိကြပါမည်၊ မပျောက် မပျက်အောင် အမြတ်တနိုးသိမ်းဆည်းထားပြီး ထပ်ပြန်တလဲလဲ ကြည့်ရှုလေ့လာ နေရမည့်အမှန် ဖြစ်ပါသည်ဘုရား။'

(စာဖတ်ပရိသတ် ဗိုလ်မှူးကြီးတစ်ဦး)

ဆရာတော်ထံ စာရေးနည်းတောင်းခံကြသူများ အနေနှင့် ဆရာတော်၏ စာရေးနည်း လမ်းညွှန်ကို လေ့လာမှတ်သားနိုင်သလို စာရေးတောင်းဆိုကြသည့် ကျန်းမာရေးလိုက်စားသူ ပရိသတ်အတွက်လည်း ကိုယ်တွေ့မှတ်တမ်း အမှတ်စဉ် (၂) တုန်းကလို ပွေးသတ်နည်း, မှဲ့သတ်နည်းကအစ ယောကျ်ားတို့အား ဘဝဆုံးစေသည့် ပန်းသေရောဂါပျောက်ဆေးနည်းအထိ ဒေသအနံ့မှ မြန်မာ့ ဆေးနည်းကောင်းများကို ဆရာတော်က ဆောင်ရန် ရှောင်ရန်နှင့်တကွ ကျန်းမာ ရေးဗဟုသုတ ပေးခဲ့ထားပါသည်။

လူတို့သည် ကျန်းမာရေးကို ငယ်စဉ်က အလေးမထားဘဲနေ၍ ရသော်လည်း အသက်ကြီး၍ အိုမှုဒုက္ခနား နီးလာသောအခါ အရေးမထား၍ မရတော့ပေ၊ ခန္ဓာကိုယ်အား ဆေးနည်းများ, နေနည်းထိုင်နည်းများဖြင့် ကျန်းမာရေးကို အသင့်အတင့် ပြုပြင်နိုင်သည့်တိုင် အသက်ကြီးမှု အိုမင်းမှုကိုကား တားဆီး၍ မရနိုင်ဘဲရှိသည်။ 'အသက်လျှော့ပြောတာ သေမင်းသိမှာစိုးလို့'ဟု ရယ်မောသလိုပြောဆိုကြပြီး အသက်ကြီးမှု အိုမင်းမှုကို စိတ်က ကျုံ့ပစ်ချင်၍လည်း မရနိုင်ပေ။ ဘယ်သူမှ ရှောင်လွှဲတားဆီး၍မရသော အသက်ကြီးမှု အိုမင်းမှု မျက်မြင်ကြီးကို လူတိုင်း ကြောက်ရွံ့ကြသည့်သဘောပင်။ လူတိုင်းမရှောင်ဘဲနေ၍မရသော အိုမင်းမှုကြီးကို ဘယ်လိုရင်ဆိုင်ကြမလဲ၊ ဆရာတော်က ကိုယ်တွေ့နည်းပေးထားသည်။ 'ပျော်ပျော်ကြီး အိုလိုက်ကြစို့' တဲ့။

အိုမှုကို ပျော်ပျော်ကြီး အိုလိုက်ကြပြီးနောက် လူတို့အား သေမှုကြီးက တံခါးပေါက်မှ လာရောက်ချောက်လှန့်ခံပြနေပြီ၊ နေ့စဉ်ပင် သေနေကြသည်၊ အသုဘချခါနီး လူစုသည့်ကြေးစည်သံသည် တစ်နေရာမဟုတ်တစ်နေရာမှ မှန်းတည့် ၁၂-နာရီ နောက်ပိုင်းကြားနေရတတ်သည်။ သုသာန်အတွင်း မီးသင်္ဂြိုဟ် စက်၏ ခေါင်းတိုင်ဝမှ မီးခိုးမည်းတို့မှာ နေ့စဉ်ပင် နာရီမလပ် လူဝေနေတတ်

သည်။ အသုဘအိမ်တွင်ကမ်းမည့် ယပ်တောင်ပြုလုပ်ရောင်းရသူတို့မှာလည်း နေ့စဉ် လက်မလည်အောင် ပြုလုပ်နေကြရတတ်သည်။

သို့သော်လည်း လူ့လောကကြီးအတွင်း နိစ္စဓုဝ သည်မျှ ရင်းနှီးနေပါသော အသုဘရှိရာအိမ်ကိုမူ လူတိုင်းရွံတတ်ကြသည်၊ မဖြစ်နိုင်မှသာ ဖြစ်နိုင်လျှင် အကြောင်းပြ၍ ဝေးဝေးရှောင်ချင်ကြသည်၊ မတတ်သာ၍ လူမှုရေးအရ သုသာန်သို့ အသုဘလိုက်ပို့ရလျှင်ပင် ကားပေါ်ပြန်အတက် နေရာမရမည်စိုး၍ လည်းကောင်း၊ အသုဘကောင်ကို မျက်စိထဲအမြင်မစွဲချင်၍လည်းကောင်း ကား အောက်သို့မဆင်းချင်ကြ။ သုသာန်နှင့်အသုဘကို မေ့နိုင်သမျှ မေ့ထားလျက် ယပ်တောင်လေးခတ်ကာ ရယ်ကာမောကာ သုသာန်တွင်းမှ ပြန်ထွက်လာသည့် ကားတန်းကြီးပေါ် ပါသွားတတ်ကြပါသည်။ 'အသုဘ ကြွရောက်ပါ' ဖိတ်ကြားခြင်း ခံထားကြရသော်လည်း အသုဘ မရှုပွား မိလိုက်ကြ၊ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်မဟုတ်တော့။

ဆရာတော်သည် ထိုအချက်ကို သတိပြုမိထားသည်။ ထို့ကြောင့် ဆရာ တော်ကလူတိုင်းအဖို့ နေ့စဉ်ပင်လူမှုရေးအရ ဘာသာရေးအရ ထိတွေ့ဆက်ဆံ လျက်ရှိပြီး တစ်နေ့တစ်ချိန်တွင် ကိုယ်ကိုယ်တိုင် မလွှဲမသွေကြုံတွေ့ရမည့်ကိစ္စကြီး ဖြစ်သည့် အသုဘကိုချစ်တတ်လာအောင်၊ မချစ်သည့်တိုင် မကြောက်တတ်လာ အောင်၊ မကြောက်သည့်တိုင် အသင့်အတင့်နှလုံးသွင်းလျက် အမြတ်ထုတ်တတ် လာအောင် ကိုယ်တွေ့မှတ်တမ်းဖြင့် ရင်းနှီးပေးထားသည်။ ပါဠိ, အဋ္ဌကထာ, ဋီကာများတွင် များများစားစားဖွင့်ဆို ရှင်းပြမထားသော အသုဘကမ္မဋ္ဌာန်း အကြောင်း၊ ကိုယ်တွေ့ အဖြစ်အပျက်များနှင့် စာရှုသူ ဓမ္မမိတ်ဆွေများအား အကျယ်အပြန့် ဆွေးနွေးညွှန်ကြားထားသည်မှာ ကိုယ်တွေ့မှတ်တမ်း ပီသလှပါ ပေသည်။

\+ \+ \+

ယခု ဆရာတော်ဘုရားကြီး၏ ကိုယ်တွေ့မှတ်တမ်းများ အမှတ်စဉ် (၃) မှာ စာရှုသူ ဓမ္မမိတ်ဆွေ၏လက်တွင် ရောက်ရှိလို့နေပါပြီ။ ဘာသာရေး စာပေ ဗဟုသုတနှင့်ရင်းနှီးမှုကို စိတ်ဝင်စားသူဖြစ်သည့်အားလျော်စွာ သူတော်ကောင်း တို့၏နှလုံးသားနှင့် စပ်နွှယ်ရင်းနှီးရှိခဲ့သူသာ ဖြစ်ရပါသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ကိုယ်တွေ့မှတ်တမ်းများမှာ သာမန် ဒေသန္တရ အတွေ့အကြုံ ခရီးသွားမှတ်တမ်းမျှသာမဟုတ်ဘဲ သူတော်ကောင်းတို့၏ စိတ်နေစိတ်ထား, ဓလေ့ဝသီ, အကျင့်စရိုက်, နေနည်း ထိုင်နည်းနှင့် လောက အမြင် စသည်တို့ ရောယှက်ပါဝင်နေရာ စာရှုသူ ဓမ္မမိတ်ဆွေအနေနှင့် ဓမ္မပီတိ ဓမ္မရသ ခံစားရလိမ့်မည်ဟု ယုံကြည်မိပါသည်။ ဆရာတော် ဘုရားကြီးသည် တောင်တန်းသာသနာပြုရန် ယုံကြည်ချက် မျှော်မှန်းချက် ခံယူချက်များကို တစ်စိုက်မတ်မတ်ဆုပ်ကိုင်လျက်တောင်ဝှေးမလဲသမျှ လူမလဲ၊ လူမလဲသမျှ ကလောင် မလဲစတမ်း သက်တော်ရှည်လျက်ရှိနေပါသည်။ သို့ဖြစ်ရာ ဆရာတော်ဘုရားကြီး၏ ကလောင်မလဲသမျှလည်း ကိုယ်တွေ့မှတ်တမ်းများမှာ အမှတ်စဉ်အလိုက် ဆက် လက်ထွက်ပေါ်နေဦးမည်သာ ဖြစ်ပါသတည်း။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ စွာဖြင့် သက်တော်ရာကျော်ရှည်ပြီး မိမိအကျိုး, သာသနာတော်မြတ်ကြီး၏ အကျိုး, ဝေနေယျ သတ္တဝါတို့၏ အကျိုးစီးပွားများကို ဆတက်ထမ်းပိုး တိုး၍ သယ်ပိုးရွက်ဆောင်တော်မူနိုင်ပါစေဘုရား။

(ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်ကို ဦးထိပ်ပန်ဆင်လျက် ဤ စာ နိဒါန်းပုလဲပန်းကို ရေးသားတင်ဆက်အပ်ပါသည်။ ဤစာအုပ်နှင့် ပတ်သက်၍ အမှားတစ်စုံတစ်ရာ ချွတ်ယွင်းပါရှိခဲ့လျှင် စီစဉ်သူများအနေနှင့် အနူးအညွတ် တောင်းပန်အပ်ပါသည်။)

သူဇာမြင့် (တာဝန်ခံ)

ဓမ္မဗျူဟာစာစောင်နှင့် ဓမ္မဗျူဟာစာစဉ်

# အပိုင်း (၁)

# ဝါသနာလော-တာဝန်လော

ဝါသနာနှင့်တာဝန် တင်ခြားစီ၊ ဝါသနာသည် တစ်မျိုးဖြစ်၍ တာဝန်သည် တစ်မျိုးဖြစ်၏၊ ဝါသနာဟူသည် အတိတ်ဘဝတို့က စွဲထုံလာခဲ့သော အလေ့ဝသီဖြစ်၍ တာဝန်ဟူသည် လက်ရှိမျက်မှောက်ဘဝ၌ ထမ်းဆောင်နေရသော ဝတ္တရားအလုပ် ဖြစ်သည်။

## ဗိုလ်တဲတစ်ခု၌ တွေ့မြင်ရပုံ

လွန်ခဲ့ပြီးသော မြန်မာသက္ကရာဇ် ၁၃၀၉-ခုနှစ်က ဖြစ်၏၊ မိုးလွတ်ကင်းသော နွေရာသီအချိန်တွင် ချင်းတောင် ဖလမ်းမြို့မှ မြောက်ပိုင်း ချင်းတောင်တန်းများသို့ ခရီးထွက်လာခဲ့၏၊ နယ်ခြားတောင်ပေါ်ရှိ တိုင်းရင်းသားတို့အား ဗုဒ္ဓဘာသာတရားဟောပြရန် မဏိပူရပြည်နယ်စပ်အထိ သွားမည်ဖြစ်၏၊ အသွားခရီးတွင် လိုရာသို့ အမြန်ရောက်စေရန် အစိုးရလမ်းစဉ်အတိုင်းလိုက်၍ ညအခါ အစိုးရဗိုလ်တဲများ၌ ခရီးစဉ်တိုက်ဆိုင်သလို တည်းခိုရပ်ဆိုင်း၍သွားရ၏၊ ခြေလျင်ခရီး ဖြစ်သောကြောင့် ကြုံရာဗိုလ်တဲ၌ ရပ်နားခြင်းဖြစ်သည်၊ အပြန်တွင် တစ်ရွာဝင် တစ်ရွာထွက် ချင်းရွာများသို့ လှည့်သည်ကာ တစ်ရွာလျှင်တစ်ည ရွာသူကြီးအိမ်၌ လူစုစေပြီး တရားဟောပြောရင်း ဖလမ်းအရောက် ပြန်ခဲ့သည်။

တစ်ကြိမ်သောခရီးတွင် ဤအရှင်သည် မဏိပူရမြင်၏ မြောက်ဘက်နယ်ဖြစ်သော လုံးဘန်ဗိုလ်တဲ၌ ညအိပ်ရပ်နားရန် တည်းခိုနေစဉ် နေဝင်ဖျိုးဖျအချိန်၌ ခရီးသည်ပေါင်းများစွာ ဆိုက်ရောက်လာကြ၏၊ ထိုဗိုလ်တဲ၌ ညစခန်းချတည်းခိုကြရန် ဖြစ်သည်၊ ဤအရှင်သည် စရိုက်မျိုးစုံပါကြမည်ဖြစ်သော ထို

ခရီးသည် သောင်းပြောင်းတို့နှင့် ရောထွေး၍ မတည်းခိုလိုပါ၊ သို့ရာတွင် ရှေ့သို့ ခရီးဆက်သွားရန်လည်း ဒေါ်ချို့ပရိုတော့သောကြောင့် ငုတ်မိုတ်နေလိုက်ရ၏။

## အစိုးရဗိုလ်တဲ၌ တည်းခိုခွင့်လက်မှတ်ရသူ

ဤအရှင်သည် အင်္ဂလိပ်အစိုးရလက်ထက်က၌ တောင်တန်းနယ်ခြား ဒေသတစ်လျှောက်၌ အစိုးရဗိုလ်တဲအားလုံးနှင့် အစိုးရအဆောက်အအုံအားလုံး၌ အချိန်မရွေး အခလွတ် တည်းခိုနိုင်ခွင့်ရှိ၏၊ ထိုခေတ် မြန်မာပြည်တွင် တောင်တန်း ဝန်ကြီး ဖြစ်သူ 'စတီးဗင်ဆင်' က ခွင့်ပြုချက်လက်မှတ် ပေးထားသည်၊ ထို့ကြောင့် မြန်မာပြည်တွင် အစိုးရဗိုလ်တဲအားလုံး၌ လွတ်လပ်စွာ တည်းခိုခွင့်ရသော ဗုဒ္ဓဘာသာ မြန်မာဘုန်းကြီးသည် ဤအရှင်တစ်ပါးတည်းသာ ရှိသည်။

မီးရထားဘူတာရုံကဲ့သို့ လူအပေါင်းများစွာနှင့် ရောထွေးမနေတတ်သော်လည်း မတတ်သာပါ၊ မိမိတင်ပါလည်း ရှေးဦးစွာ ရောက်နှင့်ပြီးမှ နောက်ထပ် ခရီးသည်များက ရှောင်တခင်ရောက်လာကြခြင်းကို မရှောင်လွှဲနိုင်သောကြောင့် တစ်ညလောက်ဖြင့် ဖြစ်သလို အောင့်ရတော့မည်ဟု နှလုံးပိုက်ထားရသည်၊ ရောက်လာကြသော ခရီးသည်များသည် မြန်မာများနှင့် တိုင်းရင်းနေတို့ချည်းဖြစ်ကြရာ 'ကံအားလျော်စွာ မမျှော်လင့်ဘဲ ဆရာတော်ကြီးနှင့် တွေ့ကြုံလိုက်ရ၍ ဆုံကြရ၊ ဖူးတွေ့ကြရတာကို တပည့်တော်တို့ ဝမ်းသာအားရရှိပါတယ်ဘုရား' ဟူသော စကားကို သူတို့က ယဉ်ကျေးစွာ လျှောက်ကြ၏၊ မိမိအနေဖြင့်လည်း အတော်အသင့်တော့ ဝမ်းမြောက်ပါသည်။

## ဝန်ထမ်းမျိုး စုံပါဘိ

ထိုခရီးသည်များတွင် သူတို့က မိတ်ဆက်လျှောက်ထားကြ၍ သိရသည်မှာ ချင်းရေးရာဝန်ကြီး၊ ချင်းလူမျိုး၊ ဟိုင်းမင်းကြီး (ဗမာ)၊ ခရိုင်ဝန် (ဗမာ)၊ အတွင်းဝန်တစ်ဦး၊ အပါးတော်မြဲ၊ ဗဲဗိုလ်၊ နယ်ပိုင်ဝန်ထောက်၊ ဆရာဝန်၊ ဝဲဗိုလ်နှင့် စစ်သားများ၊ ရဲအရာရှိနှင့် ရဲသားများ၊ စကားပြန်၊ မင်းစေ (မေဆင်ဒသိ)၊ ဒရိုင်ဘာ၊ လားအိန်၊ ဂေါ်ရခါး၊ ဗိုလ်တဲစောင့် ဒရဝမ်စသည်ဖြင့် နိုင်ငံတော် အစိုးရဝန်ထမ်းတွေကြီးများကြသော အမှုထမ်းအမျိုးမျိုး၊ အပျော်ယမ်း အစားစား ပါဝင်ကြ၏၊ ဤအရှင်သည် သူတို့နှင့် မလှမ်းမကမ်း ချောင်ကျကျ ထဲမှနေရာ၌ထိုင်၍ စကားမပြော၊ တိတ်ဆိတ်စွာ ထိုလူစုကို တစေ့တစောင်း ကြည့်ကာ လူတို့၏ ဘဝကျင်လည်မှုကို တစ်မျိုးတစ်မည် တွေးတောနေမိသည်။

## ဘာကြောင့်အလုပ်မတူသနည်း

ဤလူတို့သည် ခြေလက်မျက်စိ, နား, နှာ အစုံပါကြသော မနုဿလူသားချည်း ဖြစ်ကြ၏၊ ယင်းသို့ လူသားအချင်း တူကြပါလျက် တစ်ယောက်၏ အလုပ်နှင့် တစ်ယောက်၏အလုပ် မတူ၊ တစ်ဦး၏အဆင့်အတန်းနှင့် တစ်ဦး၏ အဆင့်အတန်း မတူညီကြပါတကား၊ အကြောင်းကား အဘယ်ကြောင့်ပါနည်း၊ စဉ်းစား ကြည့်၏၊ ပျမ်းမျှအနေမျိုးဖြင့်ကြည့်သော် ဤလူတစ်စုသည် ကိုယ့်ထမင်း ကိုယ်စားပြီး စေတနာ့ဝန်ထမ်း လုပ်ဆောင်ပေးနေကြသူများ မဟုတ်၊ အိပ်တန်းမှ ထွက်၍ အစာရှာနေကြသော ငှက်များကဲ့သို့ ဤလူများသည် အသက်မွေးရန်၊ ဝမ်းကျောင်းရန်၊ စားဝတ်နေရေးအတွက် အစာရှာထွက်နေကြခြင်းသာ မဟုတ်လော။

ငှက်များတွင် တစ်မျိုးသောငှက် စားလေ့ရှိသောအစာကို အခြားတစ်မျိုးသော ငှက်တို့က စားလေ့မရှိကြသောကြောင့် အစာရှာယူခြင်း ခြားနားချက် ရှိကြ၏၊ ဤလူများကား အစာလည်းမခြားနား၊ ထမင်းနှင့်ဟင်းကို တူညီစွာ စားသုံးကြ၏၊ သို့စဉ်လျက် အဘယ်ကြောင့် တစ်ယောက်နှင့်တစ်ဦး မတူညီဘဲ ကွဲလွဲသော ရာထူးရာခံ အလုပ်ခြားနားခြင်း ရှိရပါသနည်း၊ တစ်ဖန်ဆက်၍ တစ်မျိုး တွေးမိပြန်၏၊ သူတို့သည် ဝမ်းရေးအတွက် ထမင်းရှာထွက်လာကြရသော လူချင်းတူပါလျက် တစ်ယောက်တစ်မျိုးစီ လုပ်ဆောင်နေကြရခြင်းကား ဝါသနာကြောင့်ပေလော၊ သို့တည်းမဟုတ် တာဝန်အရကြောင့်ပေလော။

## ဝါသနာနှင့် တာဝန်

ဝါသနာနှင့် တာဝန်သည် တူညီသောသဘောမရှိ၊ အကျိုးဆက်နှင့် အကြောင်းရင်းတစ်မျိုးဖြစ်၍ များစွာခြားနား၏၊ ဝါသနာသည် မိမိပြုလုပ်လိုသော အရာကို စိတ်ရင်း၏ တောင့်တချက်ဆန္ဒက ဖြစ်ပေါ်လာ၏၊ တာဝန်သည် မလွှဲသာမရှောင်သာ၍ ထမ်းဆောင်ကြရသော အလုပ်မျိုးဖြစ်သည်၊ ဤသို့ခြားနားကြ၏၊ ထောက်၍ပြရလျှင် နိုင်ငံကျော်စာရေးဆရာကြီး နန်းတော်ရှေ့ဆရာတင်၊ မန္တလေး ဆရာကြည်၊ ရွှေတိုင်ညွန့် စသူတို့သည် ဝါသနာပါသောကြောင့် သီချင်းရေး ဆရာလုပ်၍ အသက်မွေးကြ၏၊ ခေမျိုးဗလကျော်သူတ္တံခံ (စိန်ဗေဒါ) ဆိုင်းဆရာကြီး ဦးမောင်ကလေးသည် ဝါသနာပါသောကြောင့် မြန်မာ့ဆိုင်းတီးပညာရပ်ကို ကောင်းစွာ တတ်ကျွမ်းအောင် သင်ယူကာ ရွာစားကြီး စိန်ဗေဒါဟူ၍ ကျော်ကြားသည့်တိုင်အောင် ဆိုင်းဆရာအဖြစ်နှင့် အသက်မွေးသွားသည်၊ နိုင်ငံ

ကျော် ဇာတ်မင်းသားကြီး ဦးဖိုးစိန်သည် ဝါသနာပါလှသောကြောင့် ဇာတ်မင်းသားလုပ်၍ အသက်မွေး၏၊ နိုင်ငံကျော် ဇာတ်မင်းသမီးကြီး နန်းတွင်းသူ မထွေးလေးသည် ဝါသနာပါသောကြောင့် သဘင်သည်အလုပ်ကို နှစ်ခြိုက်စွာ လုပ်သွား၏၊ အဆိုကျော် မကြည်အောင်၊ ရတနာမြင့်၊ စိန်ပါတီ၊ မအေးမိ စသူတို့သည် ဝါသနာပါသောကြောင့် အဆိုတော်အလုပ်ကို လုပ်ဆောင်သွားကြသည်။

ထို့အတူ ဇာတ်မင်းသားကြီး ဦးစိန်အုပ်၊ ဦးစိန်ကတုံး၊ ဦးအောင်ဗလ၊ အလယ်ခေတ်တွင် ရွှေမန်းတင်မောင် စသော ဇာတ်မင်းသားများ၊ ပဲခူးမြကလေး၊ အောင်ဗလ၊ မြခြေကျင်း မငွေမှိုင်၊ ယိုးဒယားမသိန်းမေ စသော နိုင်ငံကျော် ဇာတ်မင်းသမီးများ၊ မစိန်သုံ၊ လေဘာတီ မြရင်၊ ဥက္ကလာအေးကြည်၊ ဂီတမယ် လှကလေးစိန် စသော နိုင်ငံကျော် ဒ.ငြိမ့်မင်းသမီးများ၊ ဦ ဟန်ပ၊ စိန်ဘမောင် စသော ဆိုင်းတီးဆရာများသည် ဝါသနာပါသောကြောင့် မိမိတို့၏ ဝါသနာအလျောက် အနုပညာသည်များ ဖြစ်သွားကြ၏၊ သူတို့ကို မလုပ်မနေရဟု မည်သူကမျှ အတင်းအကြပ် ခိုင်းရှိမဟုတ်ပါ၊ ဤကား ဝါသနာကြောင့်ဖြစ်သော ကိုယ့်စိတ်ကြိုက်အလုပ်ကို ဆောင်ရွက်၍သွားကြပုံကို သက်သေပြခြင်းများတည်း။

## တာဝန်ဆိုသည်ကား

နွား-ကျွဲတို့သည် လှည်းကို ရုန်းဆောင်ကြရ၏၊ ထွန်-ထယ်ကို ရုန်းဆောင်ကြရ၏၊ မြင်းသည် ရထားကို ရုန်းဆောင်ရ၏၊ ခရီးဝေးကို အ.ပြေးနှင်ရ၏၊ ဆင်သည် သစ်တုံးများကို ဆွဲဆောင်ရ၏၊ ရှေးခေတ်အခါ၌ စစ်ထိုးရာသို့ လိုက်ပါ၍ ကူညီကြရ၏၊ ဤသည်တို့ကား ပေးသောတာဝန်ကို ရှောင်ဖယ်မရသောကြောင့် ထမ်းဆောင်ပေးကြရခြင်း ဖြစ်သည်။

ယခု မိမိ၏မျက်မှောက်၌ ပစ္စုပ္ပန် ဘဝအတွင်း တွေ့ဆုံကြုံကြိုက်၍ မြင်နေရသော ဤဗိုလ်တဲ့ခရီးသည်များ၏ မတူသောခြားနားချက်ကို မည်သို့ယူဆရပါမည်နည်း၊ စဉ်းစားရခက်သလိုပင် ရှိချေ၏။

## ဝါသနာကြောင့်ဆိုလျှင်

ဝါသနာကြောင့် လုပ်ရပါသည်ဆိုခဲ့လျှင် တစ်ယောက်ဘည်းသာ၊ ဝန်ကြီးတစ်ဦးတည်းသာ၊ တိုင်းမင်းကြီး တစ်ဦးတည်းသာ ခရိုင်ဝန် ဖြစ်နေရသလော၊ သူတို့မှ ကျန်သော အခြားသူတို့သည် ဝန်ကြီးလုပ်ရန်၊ တိုင်းမင်းကြီးဖြစ်ရန်၊ ခရိုင်ဝန်လုပ်ရန် ဝါသနာမပါကြဘဲ ဝန်ထောက်၊ စစ်ဗိုလ်၊ ရဲမှူး၊ စစ်သား၊ ဒရိုင်ဘာ၊ လားထိန်း၊ မင်းစေ၊ ဒရဝမ် အလုပ်လောက်သာ သူတို့က အသီးသီး

ဝါသနာရှိကြသည်တဲ့လား၊ အကယ်၍ မိမိတို့ ဝါသနာရှိသည့်အလျောက်သာ အလုပ်ရာထူးနိမ့်မြင့် ဖြစ်နေကြရပါသည်ဆိုခြားအံ့ ရဲသား၊ ဒရိုင်ဘာ၊ လားထိန်း၊ ဒရဝမ်၊ မင်းခစသည့်သူတို့၏ ဝါသနာကို နိမ့်ကျလွန်း၍ အံ့သြဖွယ်ရာ ဖြစ်ပေမည်၊ ထိုသူတို့သည် အဘယ်ကြောင့် လခကြီးပြီး အာဏာရှိသော ဝန်ကြီး၊ မင်းကြီး၊ ခရိုင်ဝန် စသည်ဖြစ်ရန် ဝါသနာမပါကြလေသနည်း၊ ဝါသနာပါကြပါတော့လော၊ ဂုဏ်သိမ်မြင့်ခြင်း၊ လခကြီး ခြင်းသည် ကောင်းကြောင်း သူတို့မသိကြလေသလော၊ စိစစ်ဖွယ် ရှိပြန်၏။

တစ်ဖန် မိမိတို့ဝါသနာပါအတိုင်းသာ ဘယ်အဆင့်အတန်းမျိုးမဆို ဖြစ်နိုင်ကြသည် ဆိုခဲ့သော် နိမ့်သောရာထူးရှင်သည် မြင့်သောရာထူးသို့ လှမ်းနိုင်ပါမူ ဤဝန်ကြီး ဤမင်းကြီးတို့၌ပါသော ဝါသနာသည်လည်း လိုသေးရာ ရောက်၏၊ ဤမျှနှင့် တင်းတိမ်နေရသလော၊ ရေမြေသခင်ပြည့်ရှင်မင်းကြီးအထိ ဖြစ်အောင် ဝါသနာ ပါလိုက်ပါတော့လော၊ ရှင်ဘုရင်ဖြစ်ရလျှင် သာ၍ ကောင်းသည်၊ မြတ်သည် မဟုတ်ပါလော၊ စိစစ်နိုင်ပေသေး၏။

## ဝါသနာလော တာဝန်လော

မိမိ၏မျက်မှောက်ရှိ ဤလူတစ်စုသည် အလုပ်မျိုးမျိုးနှင့် ရာထူးရာခံနိမ့်မြင့် ခြားနားကြရခြင်းသည် ဝါသနာကြောင့် မဟုတ်ကြပါ၊ တာဝန်အရ ဖြစ်ပါသည် ဆိုချေသော် တာဝန်ဟူသောစကားသည် ကြောက်ဖွယ်လိလိ ဖြစ်ပေတော့မည်၊ မနုဿလူသားတို့အဖို့ မရှိထိုက်သောစကားဟု ဆိုရပေမည်။

အကြောင်းမှာ ဗိုလ်တဲစောင့် ဒရဝမ်အလုပ်ဖြင့် အေးအေးနေလိုသူကို စစ်တိုက်ခိုင်းခြင်း၊ စစ်မြေပြင်ထွက်၍ ဇာတိသွေးပြလိုသူကို အေးဆေးစွာ လုပ်ကိုင်နေရသော ဥယျာဉ်စောင့်တာဝန် ပေးခြင်း၊ ရာထူးမြင့်မြင့် တာဝန်ကြီးကြီး ထမ်းဆောင်လိုသူကို လက်အောက်ခံငယ်သားအဖြစ် ထားခြင်း၊ တာဝန်ပေါ့သော နေရာ၌ လုပ်လိုသူကို မြင့်မားသော အာဏာရှိကြီးနေရာ၌ တာဝန်များစွာယူစေခြင်း စသည်ဖြစ်ခဲ့သော် အတော်အဆင်မပြေသော လောကကြီး ဖြစ်ပေတော့မည်၊ လူ့ဘဝတွက်တာ အနေခက်ကြပေမည်။

ငယ်သောသူကို ကြီးလေးသောတာဝန် ပေးခြင်း၊ ကြီးသောသူကို သေးငယ် ပေါ့ပါးသောတာဝန် ထမ်းဆောင်စေခြင်းတို့သည်လည်း အဆင်မပြေ ရှိရာ၏၊ မြင်းကို သစ်ဆွဲတာဝန်ပေး၍၊ ဆင်ကို လယ်ထွန်တာဝန်ချထား၊ နွားကို ရထားဆွဲခိုင်း၊ ကျွဲကို ခရီးဝေး ဒုန်းပြေးရန်နှင့် နေသကဲ့သို့ဖြစ်နေခဲ့သော် တာဝန်

အလုပ်ဟူသမျှသည် များစွာအဆင်မပြေ ဖြစ်ကြပေတော့မည်၊ ထိုသို့တပြီးထား ဤလူတို့သည် ဤသို့လည်း မဟုတ်တန်ကောင်းရာဟု တွေးဆမိ၏။

## သူတော်ကောင်းတို့ နည်းကိုကြည့်သော်

ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ကြွသွားတော်မူလေပြီးသော ဘုရားရှင်တို့သည် မိမိတို့၏ ဆန္ဒတော်အလျောက် ဆုတောင်းခြင်းနှင့် တကွ ပါရမီဖြည့်တော်မူခဲ့ကြသောကြောင့် ပညာဓိကဘုရား၊ သဒ္ဓါဓိကဘုရား၊ ဝီရိယာဓိကဘုရားဟူ၍ သုံးမျိုး ခြားနားချက်ရှိ၏၊ သူ့အကြောင်းခံနှင့် သူ့ အကျိုးဆက်ဖြစ်၍ ရှင်းလင်းနားလည်နိုင်ပေသည်။

## ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း

အသီတိသာဝက ရဟန္တာအရှင်မြတ်ကြီးတို့သည်လည်း မိမိတို့ဆန္ဒလိုလားရာ၊ မြတ်နိုးရာ သောင့်ဘအပ်သောဆုနှင့် ဖြည့်ကျင့်ဆည်းပူးအပ်သော ပါရမီတော် အတိုင်းသာလျှင် နောက်ဆုံး ပစ္ဆိမဘဝ၌ အမည်တော် ဧတဒဂ် ဂုဏ်ထူးနှင့် ဘုန်းတန်ခိုး ထက်မြက်ခြင်း၊ မထက်မြက်ခြင်းကို အသီးသီး ရရှိတော်မူကြ၏၊ မိမိ၏မျက်မှောက်၌ တွေ့မြင်နေရသော ဤသူတို့ကား အသို့ပေနည်း၊ ရှေးဘဝ အတိတ်ကံဟောင်း ဆုတောင်းကြောင့်တော့ မဟုတ်ကောင်းတန်ရာ၊ ပစ္စုပ္ပန် သက်သက်ကြောင့်ဟု ဆိုခဲ့ပြန်လျှင် ကံ-ဉာဏ်-ဝီရိယ သုံးပါးတို့၏ ပယောဂထဲ ရောက်ကြပေမည်၊ ဤနေရာတွင် နက်နဲသော သဘောပါနေ၍ စိတ်ပညာ ဆရာတို့အတွက် လမ်းစပေးခြင်းအဖြစ် ထားကြပါစို့။

## မိမိအတွက် အမေးရောက်ခဲ့သော်

ထိုသူတို့အတွက် တွေးတောပြီးလေလျှင် ဆက်လက်၍ မိမိဘဝကို ပြန်လည် ကြည့်ကာ တွေးမိသေး၏၊ ဟုတ်ပေသည်၊ 'ငါသည်လည်း ဤလူတို့နှယ် ဤ ဗိုလ်တဲသို့ ရောက်လာခဲ့သည်တကား၊ ငါသည် ပြည်မ၌ဖွားသော မြေပြန့်သား ဖြစ်၏၊ အခြားသော ရဟန်းပုဂ္ဂိုလ်များ’နည်းတူ ကျောင်းထိုင်ဘုန်းကြီးဖြစ်စေ၊ စာချဘုန်းကြီးဖြစ်စေ၊ တရားပြဘုန်းကြီးဖြစ်စေ၊တရားဟော ဓမ္မကထိကဘုန်းကြီး ဖြစ်စေ လုပ်ဆောင်နေသင့်သည် မဟုတ်ပါလော၊ ထိုသို့မဟုတ်ပါဘဲ တောတောင် နယ်ခြား ကန္တာရတို့၌ လှည့်လည်၍ ခြေကျင်လျှောက်နေ၏၊ တစ်တောဝင် တစ်တောထွက်၍ တစ်နယ်မှတစ်နယ်သို့ တစ်တောင်ဆင်း တစ်တောင်တက်လျက်

အဘယ်ကြောင့် ခြေကျင်ခရီးသွားနေရဘိသနည်း၊ တစ်နှစ်တွင် ၇-လ၊ ၈-လတိုင် ခရီးဆက်တိုက်ထွက်၍ သွားလာနေရခြင်းဖြင့် ပင်ပန်းနွမ်းနယ်ဘိသည်၊ နေရာမှန် မအိပ်ရ၊ အချိန်မှန် မအိပ်ရသောကြောင့် အအိပ်ပျက်သည်၊ အစား မှုသေမရှိ၊ ပိန်းဥ, မျှောက်ဥ, မြောင်းဖူး, ဆပ်ဆန် ရောကိုသာ မှီဝဲရသောကြောင့် အစား ဆင်းရဲဘိသည်၊ အချိန်မှန် နေ့မှန်လည်း မစားရ၊ ထို့ပြင် အစာလုံးဝမငြ၍ အစာလုံးဝမစားရဘဲ တစ်နေကုန် ခရီးသွားရသည်လည်း ရှိ၏၊ အစာမစားရ သော်လည်း ရည်မှန်းထားသော ခရီးစဉ်ကို ရောက်အောင် မနားမနေ သွားရ သည်လည်း ရှိ၏။

## လွယ်ကူသောအလုပ်မျိုး မဟုတ်

အမှန်ကိုပြောရလျှင် လွယ်ကူ၍ ပျော်မွေ့ဖွယ်ရာသော အလုပ်မျိုးကား မဟုတ်ပါ၊ သို့ရာတွင် မြတ်သောအလုပ်ဖြစ်၏၊ မုဆိုးတို့၏ တောလည်ခြင်းမျိုးနှင့် လည်း ယှဉ်ဟပ်၍ မရနိုင်ပါ၊ ချမ်းသောင့်ချမ်းသာ နေကြရသော ပုဂ္ဂိုလ်များ ဘဝမှ ကိုယ်ချင်းစာကြည့်လျှင် သိကြပါမည်၊ 'ယင်းသို့ဆိုလျှင် အလွန်ပင်ပန်း ခက်ခဲစွာ ဘောင်ရိုးလျှောက်ရသော သာသနာပြုအလုပ်ကြီးကိုမှ ကြိုးကြိုးစားစား ဝင်ရောက် ထမ်းဆောင်နေခြင်းသည်ဝါသနာကြောင့်ပေလော၊ သို့တည်းမဟုတ် တာဝန်ကြောင့်ပေလော' ဟူသော အမေးသည် ရောက်လာချေ၏။

## အဖြေမှန်

အဖြေမှန်မှာ မိမိအနေဖြင့် ခက်ခဲစွာ ကြံဆနေဖွယ်မရှိပါ၊ 'စေတနာ အရင်းခံကြောင့် ဖြစ်ပါသည်' ဟူ၍ ဖြေပါမည်၊ မှန်ပါ၏၊ မြန်မာပြည်တွင်းရှိ တောင်တန်းနယ်ခြားဒေသတို့၌ နေထိုင်ကြသော တိုင်းရင်းသားတို့အား သနား သော စေတနာကြောင့် ကယ်တင်ပေးခြင်း ဖြစ်သည်၊ အရတော်စွာ လူ၏ဘဝသို့ ရောက်လာကြခိုက် ကြားနာရခဲသော ဗုဒ္ဓ၏တရားတော်ကို တစ်ကြိမ်တစ်ခါ ကြားနာကြရလျှင် လူဖြစ်ကျိုး နပ်ကြပေမည်၊ တိုင်းရင်း ဗုဒ္ဓဘာသာအကြောင်း ကြားသိဖူးရမည်ဟူ၍ မိမိတတ်နိုင်ရာက ကယ်တင်ပေးနေခြင်း ဖြစ်သည်။

## သူတစ်ပါးမယူလိုသောနေရာ

ထို့ပြင် အခြားရည်ရွယ်ချက် ရှိသေး၏၊ ဤအရှင်သည် သူတစ်ပါး မယူ လိုသော နေရာကွက်လပ်ကို ဝင်ရောက်၍ ယူထားခြင်း ဖြစ်သည်၊ သူတစ်ပါး မစရသေးသော အရေးပါသည့်လုပ်ငန်းကို အမှန်လုပ်ဆောင်ရမည့် လုပ်ငန်းဟူ၍

ကြိုတင်မြင်၏၊ မြင်သောကြောင့် မိမိက ဦးဦးဖျားဖျား ထကြွလုံ့လ ဝီရိယ ထက်သန်စွာဖြင့် စတင်ကာ ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ဖြေပါမည်။

အလွန်ကြီး မကျယ်ဝန်းသော မြန်မာပြည်အတွင်း၌ တောင်တန်းတွေက ပေါများထူထပ်ဘိသည်၊ ထိုတောင်တန်းတွေ၊ နယ်ခြားဘေ့ပေါ်၌ မိမိတို့က သတိမထား ပေါ့လျော့အေးဆေးစွာနေကြစဉ် တိုင်းခြားမှ ဘာသာခြားဆရာတွေက နေရာဦးနှင့်ကြလေပြီ၊ သူတို့ကတော့ မအေးကြပါ၊ တက်ကြွစွာ ကြိုးစားနေကြပုံ မြင်ရသည်၊ အမှန်လိုအပ်နေသော ဤဆောင်ရွက်ဖွယ်လုပ်ငန်းကြီးကို ဗုဒ္ဓဘာသာ ဘုန်းကြီးတစ်ပါးအနေဖြင့် ကြိုးစားဆောင်ရွက်လျှင် အဘယ်ကြောင့် မဖြစ်ဘဲ ရှိရမည်နည်း၊ ဤအမြင် ဤအကြံကြောင့် ဘဝတူ ရဟန်းပုဂ္ဂိုလ်အချင်းချင်း အဖော်ညှိကြည့်ခဲ့ပါ၏၊ အကျိုးနှင့်အကြောင်းကိုခင်းပြ၍ အဖော်ညှိခဲ့သော်လည်း တကယ်လက်တွေ့ပိုင်း အလုပ်စကြရန်ရှိသောအခါ လိုက်ပါလိုသူမရှိပါ၊ ထိရောက်အောင် လိုက်ပါလိုသူမရှိသောကြောင့် 'လုပ်ဆောင်နည်း နမူနာကို လမ်းထွင်သမားအဖြစ် ရှေ့ဆောင်ကာ လမ်းပြပေးခြင်း' ဖြစ်ပါသတည်း။

ဘုရားရှင်လက်ထက်တော်က စင်ကြယ်ခေါင်းပါးသော ဓုတင်အကျင့်မြတ်ကို ပင်ပန်းခက်ခဲသောကြောင့် ပုဂ္ဂိုလ်တိုင်း မကျင့်နိုင်ကြပါ၊ အရှင်မဟာကဿပ မထေရ်ကြီးတစ်ပါးတည်းသာ ဓုတင်တေဒဂ်ရအောင် ကျင့်ဆောင်၍ နမူနာပြသွားတော်မူခြင်း ဖြစ်သည်၊ စေတနာအရင်းခံနှင့် ဝီရိယစွမ်းအားကြောင့် အောင်မြင်ရသကဲ့သို့ ဤအရှင်တို့ လုပ်ဆောင်နေသော တောင်တန်းနယ်ခြား သာသနာပြုလုပ်ငန်းသည်လည်း စေတနာနှင့် ဝီရိယစွမ်းအားထုတ်၍ ဇွဲခိုင်ပါက မုချအောင်မြင်ရမည်ဟု အမြင်ရှိပါသတည်း။ ။



# သတ္တိနှင့် ဗျတ္တိ

## လူဟူသမျှ သတ္တိ-ဗျတ္တိ ပါကြသည်

လူဟူသမျှ သတ္တိနှင့်ဗျတ္တိ ကိုယ်စီပါရှိကြမြဲဖြစ်၏၊ သို့ရာတွင် အချို့လူ၌ ညံ့၍ အချို့လူ၌ ထက်မြက်သည်၊ အကြောင်းကား ဘဝနောက်ခံကြောင့် ဖြစ်၏၊ သတ္တိသည် ပင်ကိုမူလ၌ရှိသော အစွမ်းဖြစ်၍ ဗျတ္တိသည် ထိုအစွမ်းကို ထုတ်ဖော်အသုံးချခြင်း ဖြစ်သည်၊ ဥပမာ—ထန်းတက်သမား၏ ထန်းပင်ကိုတက်နိုင်သော အစွမ်းသည် သတ္တိ၊ ထိုယောကျ်ား၏ အားအင်ထုတ်၍ ထန်းပင်ကိုတက်ပြလိုက်ခြင်းသည် ဗျတ္တိဖြစ်သည်၊ ထိုနည်းအတူ ရေငုပ်တတ်သူ၏ ရေအောက်သို့ ငုပ်နိုင်သော အစွမ်းသည် သတ္တိ၊ ထိုယောကျ်ား၏ ကျင်လည်စွာ ရေအောက်သို့ ငုပ်ပြခြင်းသည် ဗျတ္တိဖြစ်သည်၊ အချို့က လက်ရုံးရည်ကို သတ္တိ၊ နှလုံးရည်ကို ဗျတ္တိဟု ပြောတတ်ကြ၏၊ ထိုစကား မမှန်၊ လက်ရုံးရည်ဖြစ်စေ နှလုံးရည်ဖြစ်စေ ထိုသူ၏ သန္တာန်၌ ကိန်းလျက်ရှိသော အစွမ်းဟူသမျှအားလုံး သတ္တိချည်း ဖြစ်သည်၊ ထိုစွမ်းအင်ကို ထုတ်ဖော်ပြခြင်းသာ ဗျတ္တိဖြစ်သည်မှတ်ပါ။

## ခြားနားသော သတ္တိ-ဗျတ္တိ

ခြေပါသူတိုင်း ခရီးသွားနိုင်ကြသည်၊ လက်ပါသူတိုင်း အလုပ်ကို လုပ်နိုင်ကြသည်၊ ပါးစပ်ပါသူတိုင်း စကားပြောနိုင်ကြသည်ဟု ဆိုရိုးစကားရှိ၏၊ သို့ရာတွင် အားလုံးမတူနိုင်ပါ၊ လူတစ်ယောက်၏အစွမ်းနှင့် တစ်ယောက်၏အစွမ်းသည် ခြားနားချက် အမျိုးပေါင်းများစွာ ရှိသည်၊ မျိုးရိုးလိုက်၍ ခြားနားခြင်း၊ မျိုးရိုးတူလျက်နှင့် ကွာခြားခြင်းတို့ကလည်း ရေတွက်မကုန်နိုင်အောင် ရှိကြလေသေး၏။

အခြားတစ်မျိုးမှာ မှန်မှန်သွားနေသူထက် ပြေးသူက ရေးပို၍မြန်၏၊ မလွှဲသာ၍ ဝတ်ကျေတန်းကျေ နေရသူထက် စိတ်အားထက်သန်စွာ ကြိုးစားမှုရှိသူက အလုပ်ပိုတွင်၏၊ အမှတ်မထင် ပေါ့ပေါ့ဆဆပြောတတ်သူထက် စဉ်းစားနှိုင်းချိန်၍ ပြောသူ၏စကားက ပိုလေးနက်၏၊ မှန်ကန်၍ တန်ဖိုးရှိ၏၊ ဤကား ကြိုးစား

ခြင်းနှင့် သတ္တိဆောင်ခြင်းတို့ကြောင့် သူတစ်ပါးထက် ထူးကဲရသော သတ္တိ-ဗျတ္တိများ ဖြစ်သည်။

## ကျွမ်းကျင်ရာ၌ လိမ္မာတတ်မှု

လူတို့သည် အရိုးခံသဘောအားဖြင့် ကျွမ်းကျင်ရာ၌ လိမ္မာတတ်ကြ၏၊ မပြတ်အားထုတ်နေရသော အလုပ်မျိုးတွင် ထူးချွန်လာသူများသည် သူ၏အဖွဲ့များက သူ၏ဂုဏ်ဒြပ်ကို ပေါ်လွင်စေတတ်သည်၊ ဆင်ဦးစီးသည် ဆင်ကို နိုင်နင်းစွာ ချုပ်ကိုင်နိုင်သကဲ့သို့ လှေသူကြီးသည်လည်း လှေကို နိုင်နင်းစွာ ပဲ့ကိုင်တတ်သည်၊ ရက်ကန်းသည်သည် အဝတ်ကို ကျွမ်းကျင်စွာ ရက်လုပ်စွမ်းနိုင်သကဲ့သို့ တောင်သူလယ်သမားသည်လည်း မြေကို ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်းအလုပ်၌ ကျွမ်းကျင်သော အစွမ်းရှိကြ၏၊ ဤကား ကျွမ်းကျင်ရာ၌ လိမ္မာကြပုံများ ဖြစ်သည်။

## မျိုးရိုးနောက်ခံထူးသော သတ္တိ-ဗျတ္တိ

ခြင်္သေ့တို့သည် ကြောက်ရွံ့ခြင်းကင်းကြ၏၊ ရဲရင့်သောသတ္တိ ရှိကြ၏၊ သူ့ထက် ကိုယ်ခန္ဓာကြီးသော ဆင်ကြီးကိုလည်း မကြောက်၊ များပြားသော လူထုပိုလ်ပုံအလယ်သို့ ရောက်နေသော်လည်း မရွံ့၊ မည်သို့သော ထိတ်လန့်ဖွယ်ကို မြင်၍ ချောက်ချသော်လည်း မကြောက်၊ ရဲရင့်မြဲသာတည်း၊ ငြိမ်စွာနေလေ့ရှိ၏၊ စိတ်မာန်တက်ကာ ဟိန်းဟောက်၍ပင် ပြတတ်ကြသေး၏၊ ဤကား ဗီဇမျိုးရိုးလိုက်၍ ထူးချွန်နေကြသော ရဲစွမ်းသတ္တိများ ဖြစ်သည်။

နွားသည် ဝန်ကိုဆောင်နိုင်သော သတ္တိရှိ၏၊ လေးလံသော ဝန်တင်လှည်းကြီးကို လုပ်မြဲဓမ္မတာ သဘာဝအနေမျိုးဖြင့်သာ ရုန်းဆောင်ပြခြင်းသည် နွားတို့၏ ဗျတ္တိ ဖြစ်ကြသည်၊ မြင်းသည် လျင်မြန်သောအဟုန်ဖြင့် ပြေးနိုင်စွမ်းသော သတ္တိရှိ၏၊ နီးသောဝေးသော လိုရာခရီးသို့ တစ်ရှိန်တည်း ပြေးသွားခြင်းသည် မြင်းတို့၏ ဗျတ္တိဖြစ်ကြသည်။

ထိုနည်းအတူပင် သက်ရှိသတ္တဝါတိုင်း ပင်ကိုသဘာဝအလျောက် ဗီဇအလိုက် သတ္တိဒြပ်နှင့် ဗျတ္တိဒြပ် အသီးသီးပါရှိကြ၏၊ သတိထားကြည့်တတ်ပါက မြင်ကြရမည်၊ ထိုတွင် အချို့ သတ္တဝါတို့၌ ကောင်းကျိုးအတွက် ထက်မြက်သော သတ္တိ-ဗျတ္တိ ကောင်းပါကြ၍ အချို့သတ္တဝါတို့၌ ဆိုးကျိုး သတ္တိ-ဗျတ္တိများ တွေ့ကြရသည်ကား သူတို့ဘဝ၏ အတိတ်ကံ နာမ်တရားအရင်းခံကြောင့်ဖြစ်သော သတ္တလောကကြီး၏ သဘာဝဟု နားလည်ကြရပါမည်။

## မစမ်း၍ မသိကြသော သတ္တိ

လူမှန်သမျှ သတ္တိ-ဗျတ္တိ တစ်မျိုးစီတော့ ပါရှိတတ်ကြမြဲဖြစ်၏၊ မပါသူဟူ၍ လူ့လောက၌ မရှိစကောင်းပါ၊ သို့ရာတွင် လူအချို့၌ ဘာအစွမ်းအစမျှ မတွေ့မြင်ရသည်ကား အားထုတ်မှုမရှိသောကြောင့် ဖြစ်သည်၊ တကယ်အားထုတ် စမ်းကြည့်၍ မရမှသာ ဤအရာ၌ ငါမစွမ်းဟု ဆိုရပါမည်၊ သို့သော် တစ်ကြိမ် စမ်းရုံမျှနှင့် မစွမ်းဟု မဆိုနိုင်သေးပါ၊ နှစ်ကြိမ်သုံးကြိမ် အားထုတ်ကြည့်ရဦးမည်၊ ဆက်၍ လေးကြိမ်ငါးကြိမ်နှင့်လည်း လက်မလျှော့သင့်ပါ၊ အကြိမ်ကြိမ် တပ်ကာ ကြိုးစားကြည့်သင့်သေး၏၊ (သားစကားမှာ) ထိုဘဝတွင် နိဗ္ဗာန်သို့ ရောက်နိုင်သော ပစ္ဆိမဘဝိကသား ဖြစ်ကြလျက်ပင်လျှင် တရားရပုံချင်း တူညီကြသည် မဟုတ်ပါ၊ အချို့မှာ တစ်ကြိမ်တရားနာရရုံဖြင့် အရဟတ္တဖိုလ်အထိ အလွယ် ဆိုက်ရောက်ကြ၏၊ အချို့ကား မရောက်ကြပါ၊ တရားနာရပြီးသောနောက်တွင် အချိန်ကြာကြာကြီး ကြိုးစားအားထုတ်ကာမှ တရားထူးရနိုင်ကြပုံကို ထောက်ကြည့်ပါ။

## ဟယ်လင်ကယ်လာ

အားကျစရာကောင်းသော လက်တွေ့သာဓကတစ်ခုမှာ အမေရိကန်ပြည်မှ 'ဟယ်လင်ကယ်လာ' ဆိုသော အမျိုးသမီးကြီးတစ်ဦး၏ သတ္တိ-ဗျတ္တိ ဖြစ်သည်၊ သူမသည် ငယ်ရွယ်စဉ် ၉-လသမီးဘဝမှစ၍ မျက်စိကွယ်သွား၏၊ နားလည်း မကြားရှာတော့ပါ၊ ဆွံ့အသွားသောကြောင့် စကားလည်း မပြောနိုင်ချေ၊ ထိုသို့သောဘဝမျိုး ရောက်နေလျက်ပင် တက္ကသိုလ်ပညာကို ဒီဂရီရသည်အထိ တတ်မြောက်အောင် သင်ယူနိုင်စွမ်းခြင်းပေတည်း၊ ထိုအမျိုးသမီးကြီးသည် သူ၏ ၇၅-နှစ်ကျော် အသက်ဘိုင်အောင် ကမ္ဘာပေါ်ရှိ သူကဲ့သို့သော ဘဝတူ မျက်မမြင်၊ နားမကြား ဒုက္ခိတလူသားတို့အား ကယ်တင်ရန်အတွက် ထောက်ပံ့ရေး လုပ်ငန်းကို တပ်ကာသုံး လှည့်လည်၍ ကြိုးပမ်းဆောင်ရွက်သွားခဲ့ဖူးလေသည်။

ဒုက္ခိတလူမှုရေးကောင်းမှုဖြစ်သော အဆိုပါ ဒေါ်ဟယ်လင်ကယ်လာ သည် အမေရိကန်နိုင်ငံ အာလာဘာပြည်နယ်မြောက်ပိုင်း တာစ်ကပ်ဘီးယားမြို့ ကလေး၌ ၁၈၈၀-ခုနှစ်၊ ဇွန်လ ၂-ရက်နေ့တွင် ဆွစ်ဇာလန်မျိုးရိုးမှ မွေးဖွား ခဲ့သူ ဖြစ်၏၊ 'လူ့ဘဝတွင် မျက်စိလည်းမမြင်၊ နားလည်းမကြား၊ ပါးစပ်က လည်း စကားမပြောနိုင်တော့လျှင် ဘာအသုံးချစရာရှိတော့မလဲ၊ အရှုံးကြီး ရှုံးနေပြီမဟုတ်လော'ဟူ၍ အများက တွက်ဆထားကြပေမည်၊ သို့ရာတွင် သူ၏

မြင့်မြက်သော စိတ်ဓာတ်ခံက ဘဝကို အရှုံးမပေးလိုသောကြောင့် မဖြစ်မနေ ကြိုးစားလေရာ သူ၏ အတွင်းသန္တာန်၌ တကယ်ရှိသောသတ္တိကို လက်စမ်း ပညာသင် တက္ကသိုလ်စာမေးပွဲများ ဆက်ကာဆက်ကာ ဖြေဆိုအောင်မြင်လိုက်ခြင်းက ဗျတ္တိဒြပ်ထူး ပေါ်ပေါက်လာခဲ့သည် မဟုတ်ပါလော၊ အကယ်၍ စမ်းသပ်ကြိုးစားမှု မရှိခဲ့လျှင် သူလိုဒုက္ခိတမျိုးသည် လမ်းဘေးထိုင်၍ တောင်းစားနေရသော လူစဉ်မမီ ဒုက္ခိတမျိုးပင်ဖြစ်ရန် ခဲယဉ်းပေလိမ့်မည်၊ မျက်စိမြင်၍ နားကြားသူများ ဖြစ်ကြပါလျက် စာမေးပွဲမအောင်နိုင်သော ကျောင်းသားများသည် အကြိမ်တစ်ရာမက အားကျထိုက်လှပေသည်။

## အားစွမ်းမလျော့သော ယောကျ်ားမြတ်

ရှေးအခါက ငါတို့ဘုရားအလောင်းတော် မဟာဇနကမင်းသားသည် မဟာသမုဒ္ဒရာကြီးအတွင်း၌ သင်္ဘောပျက်သောအခါ တစ်ဘက်ကမ်းကို မမြင်ရဘဲလျက် ၇ ရက်တိုင်တိုင် လက်ပစ်ကူးခဲ့လေသည်၊ ယောကျ်ားမြတ်တို့၏အစွမ်းနှင့် စွန့်စားခြင်းဟူသည် 'အသက်ရှင်နေသမျှကာလပတ်လုံး အားထုတ်မှုမလျော့တမ်း' ဟူသော ဇွဲလုံ့လကို တကယ်အရေးကြုံလာရာ၌ ထုတ်ပြခြင်းပေတည်း၊ ယခုခေတ် သင်္ဘောသားတို့ကဲ့သို့ ရေကူးနည်း လေ့ကျင့်ထားပြီး မရှိပါ၊ ခေတ်မီရေကူးကန်ဘောနှင့် ရေကူးနည်းပြဆရာတွေလည်း မရှိသေးပါ၊ သို့ရာတွင် တကယ်အရေးကြုံက သက်လုံကောင်းရမည့်အခါတွင် အတွင်းစိတ်ဓာတ်က အလိုလိုထွက်ပေါ်လာသော အားစွမ်းသတ္တိသည် ကောင်းမွန်စွာ ထက်သန်လာလေရာ ယောကျ်ားမြတ်တို့၏ စိတ်သဘာဝက ထူးသောဗျတ္တိစွမ်းအား ဖြစ်လာတတ်ကြသည်။

ဘယ်သူမဆို မြင့်မြတ်သောစိတ်ဓာတ်ရှိသူ၌ ထက်မြက်သော အားစွမ်းကောင်း ရှိမြဲဖြစ်သည်၊ အရေးကြီးသောအခါ၌ ယောကျ်ားမြတ်တို့ ထွက်ပေါ်လာတတ်ကြသည့် ထူးခြားသောစွမ်းအားသည် ယောကျ်ားမြတ်တို့၏ ဗျတ္တိ ဖြစ်သည်၊ ထက်မြက်သောအားစွမ်း သတ္တိကောင်း သူ့သန္တာန်၌ရှိလျက်နှင့် အရေးကြုံလာသော အချိန်အခါမျိုးတွင် အားထုတ်မှုမရှိခဲ့လျှင် သူ၏ ထူးခြားကောင်းမြတ်သော ဗျတ္တိသည် ပေါ်မလာနိုင်ပါ၊ သင်္ဘောပျက်စဉ်က ယောကျ်ားစွမ်းအားကို အားထုတ်မှုမရှိသော သင်္ဘောသား ခုနစ်ရာတို့ကဲ့သို့ပင် ပင်လယ်၌ သေဆုံး၍ ငါးလိပ် မကန်းတို့၏ အစာတွေ ဖြစ်ကြရကုန်သည်။

## ကြိုးစားမှုကြောင့်ရသော စည်းစိမ်

အလောင်းတော် မဟာဇနကမင်းကြီးသည် ကြံခိုင်သောစိတ်ထား၊ မလျော့သော လုံ့လဖြင့် အရေးကြုံလာခိုက်တွင် ယောကျ်ားမြတ်တို့၏ သတ္တိစွမ်းအင်ကို ကြိုးစားပြလိုက်သောကြောင့် ရည်မှန်းထားသော မိတ္ထိလာပြည်သို့ ဆိုက်ရောက်သွား၏၊ မိဘအမွေဖြစ်သော ထီးနန်းစည်းစိမ်ကိုလည်း ဆက်ခံစိုးစံရ၏၊ ဤကား တကယ်ရှိသော သတ္တိစွမ်းနှင့် တကယ်အရေးကြီးခိုက်အခါ၌ မဆုတ်မတွန့် ကြိုးစားမှုကြောင့် ရရှိခံစားရသော အကျိုးထူး ဗျတ္တိဒြပ်ဟူ၍ နားလည်ကြရာ၏၊ ထိုနည်းတူစွာ အလားတူ သတ္တိစွမ်းကို အခွင့်အခါအလိုက် အားထုတ်မှုကြောင့် ရရှိခံစားကြရသော အကျိုးထူး ဗျတ္တိဒြပ် ပေါ်လာကြပုံတွေ တိုင်းပြည်တိုင်း လူမျိုးတိုင်း၌ ရှိခဲ့ကြဖူး၏၊ ယခုခေတ်တွင်လည်း ရှိနေကြဆဲ၊ နောင်ခေတ်တွင်လည်း ရှိနေကြဦးမည်သာတည်း၊ ထိုကဲ့သို့ ယောကျ်ားမြတ်တို့ကို ချီးကျူး၍ မဆုံးနိုင်စရာ ဖြစ်၏၊ ပုထုဇဉ်လူသားအားလုံး အတုယူ အားကျစရာလည်း ဖြစ်ပေသည်။

## မိမိ၏အစွမ်းသတ္တိကို စမ်း၍ကြည့်ပါ

လူမှန်သမျှ စွမ်းအင်သတ္တိနှင့် ဗျတ္တိ ပါရှိကြ၏၊ မိမိ၏သန္တာန်၌ ဘာအားစွမ်းသတ္တိများ ရှိလေသနည်း–ဟု သိထားရန် တစ်ခါတစ်ရံ စမ်းသပ်ကြည့်ရမည်၊ မစမ်းလျှင် သိရမည်မဟုတ်ပါ၊ ယောကျ်ားမှန်သမျှ ကောင်းသော အားထုတ်ခြင်း လုံ့လကိုလည်း ငါမလျော့ဘူး–ဟူ၍ စိတ်ထဲက ကြံစည်ချက် ထားရမည်။ 'ငါ–မည်မျှ ခရီးသွားနိုင်စွမ်းရှိသနည်း၊ မည်မျှလောက် အလုပ်ကို ကြိုးစားနိုင်စွမ်း ရှိသနည်း၊ ပညာဗဟုသုတ မည်မျှအထိ သင်ကြားဆည်းပူးနိုင်စွမ်း ရှိသနည်း၊ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေး လူမှုကို ငါမည်မျှ ရောင့်ရဲနိုင်သနည်း၊ မိမိ၏ကျန်းမာရေးကို ငါမည်မျှ ဂရုစိုက် ပြုပြင်တတ်လေသနည်း'၊ ဤသို့ စသည်ဖြင့် ရှေးဦးစွာ မိမိကိုယ်၌ ပြန်လည်သိထားရန် စမ်းသပ်ကြည့်ရာသည်၊ မစမ်းခင်က ကြိုတင်လက်လျှော့သူမျိုးသည် မိမိသန္တာန်၌ တကယ်ရှိနေသော သတ္တိ–ဗျတ္တိစွမ်းအင်ကို ဘယ်အခါမှ သိရလိမ့်မည်မဟုတ်ပါ၊ မိမိ၏ စွမ်းအားသတ္တိကို စမ်းသပ်ကြည့်လိုစိတ် မရှိသောသူသည် တိုးတက်မှုမရှိနိုင်ပါ၊ လူ့လောကတွင် များစွာသောလူတို့သည် ဤသို့ စမ်းသပ်၍ မကြည့်မိကြသောကြောင့် အမှန်ရှိနေသော ကိုယ်စွမ်းသတ္တိကောင်းကို မသိရဘဲလျက် သေလွန်သွားကြရတော့သည်။

## ဤအရှင် စမ်းသပ်ပုံကို ပြောမည်

ဤအရှင်သည် ဥတုရာသီကြမ်းတမ်းသည်ဟု ပြောဆိုနေကြသော တောင်တန်း နယ်ခြား ရပ်မျိုးစုံ ဒေသတစ်လျှောက်၌ သာသနာပြုရင်း တစ်ပါးတည်း လှည့်လည်၍ နေစမ်းလာခဲ့၏၊ အောင်မြင်စွာ နေနိုင်ခဲ့သည်။ ကန္တာရခရီးကြမ်း မျိုးစုံကိုလည်း သွားလာစမ်းခဲ့ဖူးလှပေပြီ၊ သွားလာနိုင်ခဲ့သည်ချည်းပင် တွေ့ရ၏၊ အစားအတွက် ပြောရလျှင် ဒေသအလိုက်၊ လူမျိုးအလျောက် တောင်တန်းသား တို့၏ ထာဝစဥ် အစားဖြစ်ကြသော ပြောင်းဖူး၊ ဆပ်ဆန်၊ ပိန်းဥ၊ မျောက်ဥ၊ တန်ထဲခေါ်သော ပဲဒလက်အရိုင်း၊ ဗူးရှူးခေါ်ကြသော ခွေးလေးယားအယဉ်မျိုး စသော အစားများကို စမ်း၍စားခဲ့၏၊ တောင်တန်းသားတို့နှင့်မခြား စားသုံး၍ နေနိုင်ခဲ့သည်ပင်၊ အစားအတွက်မှာ အာကြမ်းမျိုးစုံစား၍ အောင်မြင်ပါသည်။

## မိမိခေါင်း ကိုယ်တိုင်ရိတ်ခြင်း

တောတောင်နယ်ခြား ကန္တာရ၌ တစ်ပါးတည်းလှည့်လည်၍ နေထိုင်လာ ခဲ့ရာတွင် ခက်ခဲမှုတစ်ခုကဲ့သို့ ကြုံတွေ့နေရသည်ကား ခေါင်းရိတ်ပေးတတ်သူ မရှိ ခြင်း ဖြစ်သည်၊ ချင်းလူမျိုးများသည် ခေါင်းရိတ်ခြင်း အလေ့အထ မရှိကြပါ၊ သူတို့သည် ရှေးရိုးမူဟောင်း ရောင်ထုံးဘဝကို တဖြည်းဖြည်း အသွင်ပြောင်း၍ ကပ္ပလီခေါင်းမှ ဆံပုတ်တိုကို ဂျာဝိုင်းခေတ်သို့ ယွန်းလာနေကြသော်လည်း သင်တုန်းဓားဖြင့် ခေါင်းရိတ်တတ်သူ မရှိပါ၊ လေးငါးရွာတွင် တစ်ယောက်ပင် မတွေ့ရပါ၊ ခေါင်းရိတ်ခိုင်းလျှင် ရိတ်ပေးချင်သူကတော့ ရှိတတ်ပါ၏၊ သို့သော် မတတ်သောသူ၏ အရိတ်ခံခြင်းကား ပင်ပန်းလှဘိသည်၊ နှစ်ပရိစ္ဆေဒ ကြာညောင်း လှ၍ ဟောင်းလွန်းနေသော မိမိ၏ သင်တုန်းဓားကလေးကလည်း သွားမရှိတော့ သော အဘိုးအိုကဲ့သို့ တုံးလိုက်သေး၏၊ မရိတ်တတ်ဘဲ ဖိတွန်းနေသောကြောင့် ခံရချက် အလွန်နာ၏၊ နာရသည်တွင် ကြာလည်း ကြာလိုက်ချေသေး၏၊ မကြာခဏ ဓားရှခံလိုက်ရသေး၏၊ ရေမိုးချိုးလေ့မရှိ၊ ညစ်ပတ်ပေရေနေသော သူတို့၏ ကိုယ်နံ့ဆိုးဆိုးကြီးတွေက အခံရဆိုးသေး၏၊ ခေါင်းတစ်ခါရိတ်ပြီးလျှင် မိမိ၏ ခေါင်းမှာ အထိမခံနိုင်အောင် ကျိန်းစပ်နေတော့လေရာ နောက်တစ်ကြိမ် ခေါင်း ရိတ် ခံရမည်ကို ကလေးသူငယ်များကဲ့သို့ ကြောက်၍နေမိသည်။

## လွတ်မြောက်ရန်အကြံ

'ငါသည် ဤပုံဤနည်း ဒုက္ခခံရနေရသော ကန္တာရမှ လွတ်မြောက်အောင် မည်ပုံဆောင်ရွက်ရမည်နည်း' ဟူ၍ အကြံထုတ်၏၊ 'ငါ၏ခေါင်းကို ငါကိုယ်တိုင်

ပြန်ရိတ်လျှင် မဖြစ်ပေဘူးလား’ဟူ၍ ဤသို့လည်း မေးခွန်းထုတ်၏၊ ဤမေးခွန်းကို ညချမ်းအခါ ကမ္မဋ္ဌာန်းခွင်မှ ထခဲ့ပြီးသောအချိန် ကြားကာလ၌ မိမိကိုယ်ကို ပြန်၍ မေးမိသည်၊ ထိုအခါ ဤအရှင် ငယ်ရွယ်စဉ်က ကြားသိရဖူးသော ရွှေဘိုခရိုင်၊ ဒီပဲယင်း ကိုးသန်းနယ်အတွင်း ဝဲသာမွေးရွာ၌ ဘုန်းကြီး ဦးညွှေယျသည် မှန်တစ်ချပ် ရှေ့၌ထောင်ထား၍ သူ့ခေါင်း သူ့ဘာသာ ရိတ်လေ့ရှိကြောင်း နမူနာတစ်ခု စဉ်းစားသိရှိလာ၏၊ ထိုသဲလွန်စမှဆက်၍ စစ်ကိုင်းတောင်ရိုး၌ ရှေးအခါက သီတင်းသုံး နေထိုင်ကြသော ဆရာတော်အချို့ ကိုယ့်ခေါင်း ကိုယ် ရိတ်လေ့ရှိကြပုံ၊ ပုသိမ်ခရိုင် ဒါးကမြို့မှ ဘုန်းကြီးတစ်ပါးနှင့် ရခိုင်ပြည်နယ်မှ ဤအရှင်၏မိတ်ဆွေ ဘုန်းကြီးများသည် တစ်သက်တာပတ်လုံး သူတစ်ပါး အရိတ်ခိုင်းလေ့ မရှိကြ၊ သူတို့ခေါင်းကို သူတို့လက်ဖြင့် ကျွမ်းကျင်စွာ စမ်းသပ်၍ ပြန်လည်ရိတ်လေ့ရှိကြကြောင်း မြင်ဖူး၊ ကြားဖူးခဲ့သမျှ အားကျအတုယူဖွယ်တွေ တစ်သီတစ်တန်းကြီး သတိရလာ၏၊ ထိုအခါ အားကျထက်သန်ခြင်း ဖြစ်ပေါ်လာသည်။

## သူတစ်ပါးနည်းကိုမှီ၍

ခေါင်းရိတ်ချိန်တိုင်လာသောအခါ မှန်အိုတစ်ချပ်ရှေ့၌ထား၍ မိမိခေါင်းကို မိမိဘာသာ စမ်းသပ်ရိတ်လိုက်သည်၊ ပထမဆုံးအကြိမ်မှာတော့ မလွယ်လှပါ၊ စိတ်ကလည်း မနဲသေးပါ၊ ခေါင်းကို ဓားမရှအောင် အတော်စွန့်၍ ကြိုးစားရ၏၊ သင်တုန်းဓားမထက်၍ နာသည်၊ မကျွမ်းကျင်၍ ကြာသည်၊ သို့သော် သူတစ်ပါး ခေါ်ယူခိုင်းနေရခြင်းဒုက္ခမှ လွတ်မြောက်ခဲ့၍ ဝမ်းသာကြည်လင်ရှိသည်။ ထို့နောက်တွင်မူ တစ်ကြိမ်ထက်တစ်ကြိမ် ရိတ်နေရင်း လက်ရဲလာ၏၊ မနာအောင်လည်း တွန်းတတ်ဆွဲတတ်လာ၏၊ မမြင်သော်လည်း ဝန်မလေးတော့ပါ၊ ယခုအခါ၌မူကား ကျင်လည်စွာ ရိတ်တတ်နေခဲ့ပြီ၊ မည်သူ့ကိုမျှ ခိုင်းနေရန် မလိုပါ။ အသိပင် နောက်ကျနေသည်ဟု ထင်မိသေး၏၊ မိမိသန္တာန်၌ ဤအစွမ်းသတ္တိကောင်းနေပါလျက်နှင့် ရှေးက မစမ်းသပ်မိသောကြောင့် ဗျတ္တိဒြပ် ပေါ်မလာရသည်ကိုပင် နောင်တရမိပေသည်။

## မိန်းမဘဝမှ ယောကျ်ားဘဝသို့

လူတို့တွင် မိန်းမဘဝ၌ ကြုံတွေ့နေရသော ဒုက္ခအမျိုးမျိုးကြောင့် မိမိတို့ မိန်းမဘဝကို ငြီးငွေ့နေသူသည် ယောကျ်ားဘဝဖြစ်လိုကြောင်းဖြင့် ဆုကိုလည်း

တောင်း၊ ကုသိုလ်ကောင်းမှုကိုလည်း ပြုနေပါက ထိုအမျိုးသမီးသည် ဤဘဝလွန်ပြီးသော နောက်ဘဝ၌ ယောကျ်ားဖြစ်ရမည်၊ သို့မဟုတ် တစ်ဘဝနှင့် နှစ်ဘဝခြားပြီးသော နောက်ဘဝ၌ မုချ ယောကျ်ားဖြစ်ရမည်။

## ဖြစ်နိုင်သောအရာဟူသမျှ

ဘုရားဖြစ်လိုသော သူတော်ကောင်းသည် ဆုတောင်းခြင်းနှင့်တကွ ဘုရားဖြစ်နိုင်ကြောင်း ပါရမီတွေကို ဖြည့်ကျင့်ဆည်းပူးသွားနေပါက နောင်အချိန်တွင် ကေန်မုချ ဘုရားအဖြစ်သို့ ရောက်ရပေလိမ့်မည်၊ မုချဖြစ်နိုင်သော အရာဟူသမျှသည် သတ္တိချည်းဖြစ်၍ ထိုဖြစ်နိုင်သောအရာကို အကောင်အထည်ဖော်ယူခြင်း ဟူသမျှသည် ဗျတ္တိဒြပ်ပင်တည်း။

သင်၏ ကောင်းကျိုးချမ်းသာအတွက်ဖြစ်စေ၊ သူတစ်ပါး၏ ကောင်းကျိုးချမ်းသာအတွက်ဖြစ်စေ သင်၏စိတ်ဆန္ဒတွင် တောင့်တချက်တစ်ခုခု ရှိကောင်းရှိနေပေမည်၊ ထိုဆန္ဒကို လက်တွေ့ကြိုးစားကြည့်ပါ၊ မှန်ကန်သောနည်းဖြင့် ထပ်ကာ ကြိုးစားကြည့်ပါ၊ အကြိမ်ကြိမ် စိတ်အားထက်သန်စွာဖြင့် ကြိုးစားကြည့်ပါ၊ သင်၏သတ္တိနှင့် ဗျတ္တိဒြပ်စွမ်းအင်ကို သိရပေမည်၊ မအောင်သော်လည်း စမ်းသပ်လိုက်ရ၍ ကျေနပ်လာမည်၊ အကယ်၍ အောင်မြင်ခဲ့လျှင်မူကား တစ်သက်လုံး ဝမ်းသာကြေနပ်မှုကြီးဖြစ်၍ ပျော်နေရမည်သာတည်း။ ။



# လူဟူသည် တစ်ခုကောင်းရှိ၏

## သူ့နေရာ၌ သူ့တန်ခိုး

'ဆရာတော်ဘုရားက လောကကြီးကို အရာရာ ကြည့်ရှုလေ့လာသုံးသပ်နေလေ့ရှိတယ်လို့ ဆရာတော်ကြီးတွေအချို့က ဆရာတော်ရေးတဲ့ဆောင်းပါးတွေဖတ်ပြီး ပြောလေ့ရှိကြတယ်ဘုရား၊ ဟုတ်မှန်ပါသလား'

'ဟုတ်သလောက်တော့ ဟုတ်ပါလိမ့်မည်၊ ဘာမေးချင်တာရှိလို့လဲ'

တစ်ချိန်က ဤအရှင် နာဂသျှုတြတောင်တန်းကြီးမှ ပြန်ဆင်းလာခိုက် မော်လိုက်မြို့ ညခရီးရောက်သွားစဉ် မြို့မကျောင်းတိုက်၌ တည်းခိုနေခိုက်ညချမ်းအခါ သင်္ဘောမှဆင်းလာကြသော အာဂန္တုဘုန်းကြီးများက မေးကြဖူး၏။

'ဆရာတော်ရဲ့ လူ့လောကထဲ ကြည့်ရှုနည်းသိခွင့်ရလျှင် သိပါရစေ'

တစ်ပါးသောပုဂ္ဂိုလ်က အဆိုပြု၏၊ အများ၏ ကိုယ်စားပြုမေးခြင်းဟု ဆိုနိုင်သည်။

'သိချင်သိရပါတယ်၊ လူ့လောကကို ကြည့်ရှုလေ့လာတယ်ဆိုတာ ကောင်းကွက်ကိုသာကြည့်တတ်ရတယ်၊ မကောင်းကွက်တွေကြည့်လျှင် မကောင်းတာတွေ မြင်လိမ့်မယ်၊ လိုရင်းဒါပါပဲ'။

## ရေနှင့်မီးကိုကြည့်ပါ

'မီးဓာတ်သည် မီးအလျောက် တန်ခိုးသတ္တိစွမ်းရှိ၍ ရေဓာတ်သည် ရေအလျောက် တန်ခိုးသတ္တိစွမ်းရှိတယ်'ဟူသော စကားတွင် မီးတန်ခိုးသည် မီးနေရာ၌အကျိုးရှိ၍ ရေတန်ခိုးသည် ရေနေရာ၌သာ အကျိုးရှိကြောင်း သိစေခြင်းပါပြီးဖြစ်သည်။ ထိုစကားမှန်၏၊ ဆန်မှထမင်းဖြစ်စေလိုသောအခါ ရေထည့်၍ကျိုချက်ရ၏၊ နူးနပ်သောထမင်းဖြစ်လာစေရန်အတွက် အိုးအောက်၌မီးကိုထားရ၏၊ ဤသို့ သူ့နေရာနှင့်သူ တာဝန်ကျ အထားအသို နေရာမှန်ခဲ့လျှင် ဆန်မှ လိုအပ်သော ထမင်းကောင်းအဖြစ်သို့ ရောက်၏၊ စားသုံးရ၏။ တစ်ဖန် အပြန်အားဖြင့် မီးသည် တန်ခိုးရှိသည်ဟု ရေမပါဘဲချက်ခဲ့သော် ဆန်လှော်သာဖြစ်လာမည်၊ သို့မဟုတ် လောင်ကျွမ်း၍သွားလိမ့်မည်၊ အကျိုးမပြီးနိုင်ပါ၊ ထို့အတူ ရေသည် တန်ခိုးရှိသည်ဟု မီးမထည့်ဘဲချက်ခဲ့သော်

ဆန်ပွရှိသလျှင် ဖြင်လာမည်၊အချိန်ကြာကြာထားလျှင် ချဉ်ပုပ်၍သွားလိမ့်မည်၊ ထို့ထက်ပြောင်းပြန်လှန်၍ မီးနေရာ၌ရေကိုထားပြီး၊ ရေနေရာ၌မီးကိုထည့်ကြည့်ပါမူကား လုံးဝအကျိုးမဲ့ ဖြစ်ရပေတော့မည်၊ ထိုသူလည်းအရူးဖြင်လိမ့်မည်။

## လနှင့်နေတို့လည်းပဲ

ထို့အတူ ကမ္ဘာလောက စကြဝဠာတိုက်တစ်ခုလုံးကို ကောင်းကင်မှ နေ၍ အလင်းရောင်ထွန်းပြနေကြသော လနှင့်နေတို့သည်လည်း သူ့နေရာနှင့် သူ့အချိန်ကာလ၌သာလျှင် တန်ခိုးရှိနိုင်ကြ၏၊ နေသည် နေ့အခါ၌ အပူဓာတ် အလင်းရောင်ပေးနိုင်စွမ်းရှိ၍၊ လသည်ညအခါ၌သာ အအေးဓာတ်နှင့် ထွန်းလင်းသောအရောင်ကို ပေးစွမ်းနိုင်သော တန်ခိုးရှိလေသည်၊ သူ၏အချိန်အခါမဟုတ်ခဲ့လျှင် စန္ဒာငွေလမင်းသည် နေ့အခါ ကောင်းကင်၌ထွက်ပေါ်နေသော်လည်း အရောင်မထွန်းနိုင်ပါ၊ သူရိယနေမင်းသည်ကား ညအခါ၌ ထွက်ပေါ်ရိုးပင်ထိုးစံမရှိပါ။ လောကကြီးတစ်ခွင် နေရာတကာသတိထား၍ကြည့်ခဲ့သော် ခြားနားချက်ဘေ့ကို တွေ့မြင်ကြရမည်၊ သတိထား၍ စိစစ်ကြည့်မိလေတိုင်း သက်ရှိသက်မဲ့အရာဝတ္ထုအားလုံးသည် သူ့နေရာနှင့်သူ တန်ခိုးစွမ်းရှိကြပုံကို တွေ့ရပေမည်၊ ထိုအခါ အရှင်၏စိတ်တွင် အလင်းရောင်တစ်မျိုး ပေါ်ပေါက်လာသကဲ့သို့ ဝမ်းမြောက်ကြည်နူး ဖြစ်လာသည်။

## နည်းပေးသည်

ဤသို့သောနည်းဖြင့် လူ့လောကကြီးတစ်ခွင်ကို ခရီးသွားလာရင်း တိထဘင်၍ ကြည့်ဘတ်လာသည်၊ ကြည့်မိလေတိုင်း သူ့နေရာနှင့်သူ တာဝန်ကျဆောင်ရွက်နိုင်စွမ်းသော ချီးမွမ်းဖွယ်ရာများကို တွေ့လိုချည်းနေရသည်၊ ထိုအခါ ပို၍နှစ်သိမ့်မဆုံးဖြစ်မိ၏၊ ထို့ကြောင့် ဤအရှင်၏ဘဝခရီးစဉ်ဘစ်လျှောက်တွင် လူဘူသမျှသည် တစ်ခုကောင်းတော့ မုချရှိဘတ်ကြပုံကို မရေတွက်နိုင်အောင် တွေ့ခဲ့ရဖူးလေပြီ။

## လားထိန်း ဂေါ်ရခါးနှင့် တောင်ကြားလမ်း

ဤအရှင်သည် အခါတစ်ပါးက မြင့်စောက်လှသော နယ်ခြားတောင်ကြီးတစ်လုံး၏ ကမ်းပါးစွန်းလမ်းကို လားထိန်း ဂေါ်ရခါးတစ်ယောက်နှင့်အတူ ခရီးသွားလာခဲ့ရဖူး၏၊ ထိုစဉ်ကကျေးဇူးကို မိမိမမေ့နိုင်ပါ၊ တောင်ကြီးကား မိုးတိမ်အတွင်းတိုးဝင်ရောက်နေသည်အထိ မြင့်မား၏၊ ဤအရှင်တို့သွားနေရသော

လမ်း၏ တစ်ဖက်ဘေးရှိ ချောက်ကြီးထဲသို့ ငုံ့ကြည့်လိုက်လျှင် ဖြူဖွေးသော တိမ်ထုကြီးများ ဖြိုးမောက်နေကြသည်၊ ငင်လယ်လှိုင်းကြီးများကဲ့သို့ အလိပ်ကြီးတွေ ထလျက် လှုပ်ရှားနေကြသည်၊ ထို့ပြင် မိမိတို့ပတ်ဝန်းကျင်၌ ဖြူဖွေးသောမိုးတိမ်များက ထူထဲစွာလေးဘက်လေးတန် ကာဆီး၍နေကြရာ ဤအရှင်တို့ ရှေ့တိုးသွားရမည့်လမ်းကိုပင် မထင်မြင်နိုင်ပါ၊ မတော်တဆ ချောက်ထဲများ ခြေချော်၍ကျသွားခဲ့သော် တစ်စုံတစ်ယောက်က မည်သို့သော နည်းနှင့်မျှ ရှာယူကယ်တင်နိုင်မည်မဟုတ်ဟူ၍လည်း ခရီးသွားနေရင်း တွေးဆမိသေး၏။ ကြောက်တတ်သူဖြစ်လျှင် ဤကဲ့သို့သောအန္တရာယ်ခရီးမျိုးကို သွားခဲ့ကြမည်မဟုတ်ပါ၊ ထူထပ်ချက်ကောင်းနေသော မိုးတိမ်ထုကြီးကြောင့် နေရောင်ကို မျှော်လင့်စရာလုံးဝမရှိပါ၊ အချိန်ကား တဖြည်းဖြည်း ခရီးသွားနေရင်း နေ့ပိုင်းကာလ ကုန်ခါနီးနေပြီ၊ ထိုအခိုက် မှောင်ကျလွှမ်းနေသော တောအုပ်ကြီးတစ်ခုသို့ ရောက်သွားကြ၏။

တောအုပ်ကြီးကို မလွဲသာဖြတ်ကျော်သွား၍ ဝင်ရောက်ဖြတ်သန်းသွားကြရပြန်၏၊ ရောက်လိုသောစခန်းသို့ ဘယ်ပုံလှမ်း၍ သွားနိုင်ကြမည်နည်းဟူ၍ စိတ်မောမိသည်၊ ဘယ်ဆီရှေ့နောက် ဘယ်တောင်မြောက်ဟု မျှော်မှန်းသိရန် ခက်ခဲလှဘိသည်၊ တောကြီးတောင်ကြီး ကန္တာရခရီးကို ကျွမ်းကျင်သော ဂေါ်ရခါးသည် လားသုံးကောင်ကို တွင်တွင်နှင်၍ ရှေ့မှအခြေမပျက် သွားနေသဖြင့် ဤအရှင်မှာ မျက်ခြေပြတ်မကျန်ရစ်ရန် သူ့နောက်က အမီလိုက်နေရ၏။ ထိုအချိန်ကစ၍ လမ်းတစ်လျှောက်လုံး မှောင်သည်ထက် မှောင်၍လာနေ၏၊ ခြေထောက်များက စမ်းရမ်း၍ လှမ်းနင်းနေရသည်၊ နောက်ဆုံး ဗိုလ်တဲစခန်းသို့ရောက်ကြ၏။ တောအုပ်ဆီက ဗိုလ်တဲစခန်းသို့ ဆိုက်ရောက်ကြသောအခါ အလွန်ကြီးမှောင်နေသောကြောင့် ဘာမှမမြင်ရတော့ပါ၊ ဤမျှ မိုက်မဲသော အမှောင်ထုကြီးမျိုးကို မိမိတစ်သက်တာတွင် ဤတစ်ကြိမ်သာ မှတ်မှတ်ရရကြုံတွေ့ဖူးသည် ထင်၏။

သို့ရာတွင် တာဝန်ကိုလေးစားသော လားထိန်းဂေါ်ရခါးသည် ချီးကျူးလောက်အောင်ပင် တကယ်တာဝန်ကျေပါသည်၊ ဗိုလ်တဲစခန်းရောက်လျှင် သွက်လက်စွာလားများကိုချည်ပြီး လားပေါ်မှ အိပ်ရာလိပ်စသော ပစ္စည်းများကို စမ်းရမ်းကာချ၍ ဤအရှင်ကိုလည်း ဗိုလ်တဲပေါ်နေရာချပေးရှာ၏၊ ထို့နောက် လားတစ်ကောင်ကိုဆွဲ၍ လားများအား ညစာကျွေးရန်အတွက် ပိန်းပိတ်နေသောအမှောင်ထုကြီးထဲ လက်နှိပ်မီးကလေးတစ်လက်နှင့် မြက်ရိတ်ရန် ထွက်သွား

ရှာပုံ မြင်ရ၏၊ ထိုအခိုက် ဤအရှင်ကား ဘာမျှမမြင်ရသော မှောင်မိုက်ထဲ၌ တောင်ဝှေးကိုင်၍ ရပ်နေရင်း ချမ်းလွန်းသောကြောင့် မီးကိုသာ တောင့်တလျက် အဖေါ်ဝေါ်ရခါးကို စောင့်မျှော်နေမိသည်။

အတန်ငယ်ကြာလျှင် လားထိန်းသည် မြက်တုံးကြီးနှစ်ခုကို လားပေါ် တင်၍ ဘောအုပ်ထဲမှ ပြန်ရောက်လာ၏၊ လားများကို အစာကျွေးထားပြီးခါမှ မီးဖို၍ ဘုန်းကြီးကို မီးလှုံစေသည်၊ ဘုန်းကြီးအတွက် မီးဖိုပေးပြီးမှ သူ၏ညစာကို ဖြစ်ကတတ်ဆန်း ချက်ရှာပုံ မြင်ရ၏၊ ဤအခါမျိုးတွင် ချင်းလားထိန်း သမား ဖြစ်ခဲ့လျှင် ညမှောင်ကြီးထဲသွား၍ မြက်ရိတ်ကျွေးမည်မဟုတ်ပါ၊နောက် ချက်မှ ကျွေးပေလိမ့်မည်။ ကျားပေါသော တောကြီးတွင်း၌ မလုံခြုံသော ဗိုလ်တဲပျက်ကလေးဖြစ်နေသောကြောင့် ထိုညတွင် လားသုံးကောင်ကို ကျားဆွဲ မသွားစေရန် အထူးသတိဝီရိယထားပြီး ကြက်အိပ်ကြက်နိုး အိပ်ခဲ့ကြရသည်၊ နောက်ရက်နံနက်ဘွင်လည်း တောကြီးမျက်မည်းအတွင်းကောက်ကွေ့သော တောင် ကမ်းပါး၊ မြင့်စောက်လှသော ကန္တာရခရီးကြီးပင် ဆက်လက်ခရီးထွက်ကြရ ပြန်၏၊ ထိုခရီးတစ်လျှောက်ကို သွားနေစဉ် သတ္တဝါလောကကြီးတွင် မနုဿ လူသားတို့သည် ကျွမ်းကျင်ရာ လိမ္မာကြသည်ထက် သူ့နေရာနှင့်သူ တန်ခိုးစွမ်း ရှိတတ်ပုံကို သတိပြုကြရန်၊ လူဟူသည် တစ်ခုကောင်းရှိတတ်ကြောင်း သတိပြု ရန်အချက်ပဲဟု ကြီအရှင် တွေးဆမြင်မိသည်။

## ရခိုင်အဘိုးကြီးနှင့် သံဆိတ်မြစ်

လွန်ခဲ့သောအချိန်က ကြီအရှင်သည် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်နှင့် သံတွဲခရိုင်နယ်အတွင်းရှိ ပင်လယ်ဘေးစောင့် ရေကြောင်းခရီးရှည်ကြီးကို ရခိုင် လောင်းလှေစီး၍ သွားခဲ့ရဖူး၏၊ ၁၂၉၀-ခုနှစ်အတွင်းက ဖြစ်၏၊ တစ်နေ့သ၌ ကျောက်ဖြူမြို့နယ်အတွင်းရှိကျွန်းကြီး၊ကျွန်းငယ်၊ကျွန်းဆွယ်များကို ပတ်မြှောင်၍ ရေလက်ကြားပြွန်ချောင်း အများကိုဖြတ်၍ ကပ်မြှောင်၍ ခရီးဆက်ခဲ့ကြ သည်၊ နေမွန်းတည့်ခန့်အချိန်တွင် ရေအနက်ဆုံးဖြစ်၍ လှိုင်းကြီးရာတွင် အဆိုးဆုံးဖြစ်သော သံဆိတ်မြစ်လယ်တွင်းသို့ ရောက်ကြရာ သေဘေး သီသီ ကလေး လွတ်ခဲ့ရဖူး၏။

ထိုအခါက ရမ်းဗြဲကျွန်း လမုန်းခြေရွာ ဘုန်းကြီးကျောင်းမှ လောင်း လှေတစ်စီးနှင့် ထွက်ခဲ့ကြ၍ ကျောက်ဖြူမြို့၏ မြောက်ဘက်ရှိ ဇင်ကျွန်းရွာသို့ သွားကြခြင်းဖြစ်သည်၊ လှေပေါ်၌ပါကြသော ပုဂ္ဂိုလ်များမှာ ဤအရှင်နှင့်

မန္တလေးမြို့ ချမ်းသာကြီးတိုက်၌ အတူနေ စာသင်ဖက်ဖြစ်သော ဦးဂန္ဓသာ၊ လမုန်းခြေဆရာတော်ကြီးက အဖော်အဖြစ်ထည့်လိုက်သော ဦးပဥ္စင်း ဦးနာဂ သေန၊ ရဟန်းလောင်း ကိုရင်ကြီးရှင်ဣဿရိယတို့ဖြစ်ကြ၍ တက်ခတ်သားလူပျို နှစ်ယောက်နှင့် တက်မကိုင်လူကြီးအဖြစ် လိုက်ပါခဲ့သော ဦးဂန္ဓသာရ၏ ဖခင် လမုန်းခြေရွာသား အသက် ၅၀-ကျော်အရွယ် ဒကာ ဦးမဲကြီးတို့ပါကြ ၏။ တပေါင်းလရာသီ၏ လှိုင်းထကောင်းသော နေမွန်းတည့်အချိန်၌ သံဆိတ် မြစ်အတွင်း ဖြတ်ကူးရခိုက် ကြုံနေလေရာ ကြောက်ခမန်းလိလိ ရင်ဆိုင်ကြရ သည်၊ လှိုင်းကြီးများသည် တောင်ကြီးလိုမောက်၍ မြင့်တက်လာကြပြီးလျှင် ချောက်ကြီးလို နက်ရှိုင်း၍သွားပြန်လေရာ ဤအရှင်တို့၏လှေသည် ရေအောက် ထဲနစ်သွား၏၊ တစ်ဖန် မှုတ်ထုတ်သောလှိုင်းကြီးများကြောင့် ကောင်းကင်သို့ မြင့်တက်သွားရပြန်၏။ ဤသို့သောနည်းဖြင့် အသည်းတထိတ်ထိတ်နှင့် တကယ်ပင် အသက်ဆံချွား ကိန်းကြီးဆိုက်နေကြရသည်။

ထိုအချိန်တွင် ကောင်းကင်လေကလည်း ပြင်းစွာတိုက်လွန်းနေလေရာ မိမိတို့၏ လှေရွက်တိုင်မှာ လဲကျနေပြီး လှေမှာ မှောက်တော့မလို ဖြစ်သွားရ၏၊ တက်ခကိုလည်း နိုင်နင်းအောင် ကိုင်၍မရနိုင်တော့ချေ၊ လှေပေါ်ရှိ ဤအရှင်တို့ အားလုံးသည် ကံကောင်းလှမှ အသက်ချမ်းသာကြရတော့မည်ဟု ကိုယ်စီတွက်ဆ ထားမိကြသည်၊ သမ္ဗုဒ္ဓေ ရွတ်သူကရွတ်၊ သစ္စာဆို၍ အဓိဋ္ဌာန် ပြုသူကပြု၊ မြစ်စောင့်နတ်များကို ကူညီကယ်တင်ကြပါဟူ၍ တိုင်တည်သူက တိုင်တည်နေကြ ၏၊ ရှေးခေတ်မှ နိဗ္ဗာန်ဓာတ်တော်ကြီးထဲက ဖြစ်ရပ်တို့နှင့် တူလှဘိသည်၊ အဆိုပါလှေပေါ်ရှိ ခရီးသည် ၇-ဦးတို့တွင် ဤအရှင်တစ်ပါးတည်းသာ ရေကူး လုံးဝမတတ်သော ဗမာလူပျိုးဖြစ်၍ ကျန်အားလုံး ရေကူးကျင်လည်ကြသော ချိုင်းသားများ ဖြစ်ကြသည်၊ ဤအကြောင်းကိုသိ၍ အဘိုးကြီး ဒကာဦးမဲက 'ကိုယ်တော်-မတော်တဆ နစ်မြုပ်သွားရင် လှေလုံးကိုသာ မလွှတ်အောင် မြဲမြဲ ဖက်ထားပါ၊ အသက်မသေနိုင်ဘူး၊ လှိုင်းပုတ်ပြီး တဖြည်းဖြည်း ကပ်းခြေကို ရောက်သွားပါလိမ့်မယ်' ဟူ၍ သတိပေးထားရှာ၏။

ဤအရှင်တို့၏ လောင်းလှေကလေးသည် အတောမသတ်နိုင်သော လှိုင်းကြီး များ လေမုန်တိုင်းများ၏ ပုတ်ခတ်ခြင်း၊ နှိမ့်ချခြင်းဘေးရန်အကြားဝယ် အသည်း တထိတ်ထိတ်နှင့် ဘုရားတရားကိုသာ တနေကြရ၏၊ တစ်ကြိမ်မှာ သေကြချေ့ ဟု အောက်မေ့လိုက်ကြရာ သီသီကလေး လွတ်သွား၏၊ နောက်ထပ်တစ်ကြိမ်နှင့် ထို့နောက်တစ်ကြိမ်တွင်လည်း ထိုနည်းတူပင် သေလောက်မှ သီသီကလေး

လွတ်ခဲ့ကြပြီး ဖြစ်နိုင်သမျှ လျော့ခတ်၍ ရွေ့လျားနေကြရသည်၊ ရခိုင်အဘိုးကြီးသည် လူကြီးပီပီ မကြောက်ကြရန်၊ လူခြေရှုပ် မလှုပ်မရှားနေကြရန် အကြိမ်ကြိမ်သတိပေး၍ အားပေးစကား ပြောရှာ၏၊ သူက ကျင်လည်စွာ တက်မကိုင်ပြီး အခြားသူများကို လှေထဲမှ ရေများကိုသာ ပက်ထုတ်ပေးကြရန် အမြဲတစေ ညွှန်ကြား ပြောဆိုနေရှာ၏၊ ဤပုံဤနည်း နာရီပေါင်းများစွာကြာအောင် လှိုင်းကြား၌ ရောက်နေကြရာ ဤတစ်ချီ သေကြ၊မလား၊ နောက်တစ်ကြိမ် သေကြရမလော-ရှင်ကြရလေဦးမလားဟူ၍ မဝေခွဲနိုင်လောက်သော ဒ.ဖြစ်မျိုးနှင့် ဒုက္ခခံနေကြရ၏၊ ထို့နောက် လေးငါးကြိမ်မှာလည်း တကယ်သေလောက်သော အဖြစ်မျိုးနှင့် ရင်ဆိုင်ကြုံကြရသေး၏၊ သို့ရာတွင် ရခိုင်အဘိုးကြီး၏ ရေကြောင်းခရီးသွား ကျွမ်းကျင်မှုနှင့် သတိဝီရိယကောင်းတို့ကြောင့် သေလောက်သော အန္တရာယ်ကြားမှ တစ်ဘက်ကမ်းသို့ ချောမောစွာ ရောက်ခဲ့ကြရသည်၊ တစ်ဘက်ကမ်း ရောက်ပြီးသည့်ခိုက် ကြက်သီးထနေသော ကိုယ်ခန္ဓာ၏ ထိတ်လန့်ခြင်းအရှိန်မှာ မပြီးနိုင် ခံစားနေကြရသည်၊ ထိုခရီးတွင် ထိုအဘိုးကြီးသာ မပါခဲ့သော် ဤအရှင်နှင့်တကွသော အပေါင်းအဖော်များသည် သံဆိတ်မြစ်လယ်တွင် သေဖွယ်ရာ အမှန်ရှိလေသည်၊ ထို့ကြောင့် ရခိုင်ဒကာကြီး (ဘုန်းကြီးဘခင်) ဦးမဲကြီးကို မိမိတစ်သက်တာတွင် ဘယ်တော့မှ မမေ့နိုင်ပါ၊ သူ၏ တကယ်အရေးကြုံက တကယ်အစွမ်းကောင်းပုံကိုလည်း ချီးကျူးမကုန် ဖြစ်ရပါသည်။

## ရှမ်းတောင်အုပ်နှင့် နာဂလူမျိုး

မြန်မာပြည်၏ အနောက်မြောက်ဘက် နံရံဖြစ်သော နာဂတောင်ကြီးကို ယခုအခါ လူသိများ၍ ရောက်ဖူးသူလည်းများကြပါပြီ၊ ရှေးအခါက လူအချင်းချင်း ခေါင်းဖြတ်၍ လက်စားချေလေ့အစွဲကြီးခြင်း, ခေါင်းဖြတ်၍ နတ်တင်ပသလေ့ရှိခြင်း ထုံးစံရှိသော လူမျိုးတစ်မျိုးဟူ၍ ကမ္ဘာပေါ်တွင် ကျော်ကြားခဲ့ဖူး၏၊ ကြားကြရသူတိုင်းက ကြက်သီးထကြရသော မြန်မာတိုင်းရင်းသားလူမျိုး တစ်မျိုးဖြစ်၏၊ ဤအရှင်သည် အဆိုပါ နာဂတောင်တန်းကြီးသို့ မြန်မာပြည် လွတ်လပ်ရေး မရမီ ကာလဆီမှစ၍ မကြာမကြာ သာသနာပြု သွားရောက်လေ့ရှိခဲ့ရာ ကြောက်မက်ဖွယ်ရာ ကြမ်းကြုတ်သော လူမျိုးအထူးဟူ၍ အသိအမှတ် ပြုထားကြသော ထိုနာဂလူရိုင်းများကို နိုင်နင်းစွာ ကွပ်ကဲဆုံးမ၍ လိုရာပုံသွင်းယူနိုင်စွမ်းသော ရှမ်းလူမျိုး တောင်အုပ်များကို အံ့ဩစွာ တွေ့မြင်ခဲ့ရ၏။

ထိုရှေးအတိတ်ကာလဆီက နာဂတောင်ကိုအုပ်ချုပ်ကြပုံမှာ အရေးပိုင်ဝန်ထောက် စသူတို့က တောင်ပေါ်သို့ ကိုယ်တိုင်မတက်ကြဘဲ တောင်အောက်မှ

နေ၍ အုပ်ချုပ်လေ့ရှိကြသည်၊ သူတို့အုပ်နည်းကား လွယ်ပါ၏၊ ခန္တီးနယ်နှင့် ဟုန်းမလင်းမြို့နယ်မှ ရှမ်းလူမျိုးများကို တောင်အုပ်ခန့်၍ နယ်ကို အပိုင်းကဏ္ဍခွဲပေးပြီး စေလွှတ်အုပ်ချုပ်စေကြသည်၊ ထိုတာဝန်ကို အခြားလူမျိုးများက ဝင်ရောက်မလုပ်နိုင်ကြပါ၊ ထိုအချိန်ဆီက အရေးပိုင်ဝန်ထောက်ဆိုသူများသည် စစ်တပ်နှင့် ပုလိပ်အစောင့်မပါလျှင် နာဂတောင်ပေါ်သို့ မတက်ဝံ့ကြပါ၊ စိတ်မချကြပါ၊ တောင်အုပ်လုပ်ရသူသည် အင်္ဂလိပ်စာတတ်ရန်မလိုပါ၊ ကျောင်းထွက်လက်မှတ်ရှိရန် မလိုပါ၊ မြန်မာစာ ရေးတတ်ဖတ်တတ်ပြီး နာဂစကား ကျွမ်းကျင်စွာတတ်သူ ဖြစ်ရ၏၊ တောတောင်ခရီးကြမ်းကို များများသွားနိုင်သူ ဖြစ်ရသည်၊ နာဂလူရိုင်းများကို ရဲဝံ့နိုင်နင်းစွာ ကွပ်ကဲအုပ်ချုပ်နိုင်ရသည်၊ ဤသည်ပင် တောင်အုပ်လုပ်သူများ၏ လိုလောက်သော အရည်အချင်းဖြစ်၏၊ သို့ရာတွင် ထိုအချိန်က တောင်အုပ်များရရှိကြသော လခမှာ အလွန်နည်းပါးကြပုံ သိခဲ့ရ၏။

တစ်ကြိမ်သောအခါ ဤအရှင်သည် နာဂတောင်ကြီးပေါ်၌ ခရီးလှည့်လည်နေစဉ် ရှမ်းလူမျိုး တောင်အုပ်တစ်ယောက်သည် နာဂရွာများကို တစ်ရွာဝင် တစ်ရွာထွက်၍ ခရီးတွင်တွင်သွားကာ အစိုးရအမိန့်ဖြင့် နာဂလူမျိုးတို့အား နိုင်နင်းစွာ ပြောဆိုဆုံးမပြီး ဘယ်နေ့ ခန္တီးမြို့သို့အရောက် ဆင်းလာခဲ့ကြရန် ခေါ်ယူနေပုံကို ရွာအတော်များများ၌ ဆက်တိုက် မြင်တွေ့ခဲ့ရဖူး၏၊ ထိုအခါတွင် 'ဤရှမ်းတောင်အုပ်ကား နာဂလူရိုင်းများကို ပြောဆိုဆုံးမရာ၊ အုပ်ချုပ်ကွပ်ကဲရာ၊ လိုရာသို့ခေါ်ဆောင်ရာ၌ ဝီရိယပက္ခနတ်မင်းကြီးက နဂါးတို့ကို အစိုးရသကဲ့သို့ တကယ်နိုင်နင်းပေတယ်'ဟူ၍ ချီးကျူးမဆုံး ဖြစ်ခဲ့ရဖူး၏၊ အထက်ချင်းတွင်းနယ်ရှိကြသော ရဟန်းသံဃာတော်များနှင့် လူဒါယကာအများတို့က ဤအရှင်ကို နာဂတောင်ကြီးပေါ်သို့ စစ္စာဦးတက်ရောက်၍ သာသနာပြုရပုံကို ထောက်မျှော်၍ 'တကယ်ရွန့်စားဝံ့သော အာဇာနည် ပုဂ္ဂိုလ်ထူးကြီးတစ်ပါး အမှန်ဖြစ်တယ်' ဟူ၍ အားရမဆုံး ဖြစ်ရပါတယ်ဟု ရှမ်းဒကာများရော ရှမ်းဘုန်းကြီးများရော ထိုအချိန်မှစတင်၍ ပြောဆိုလျက် ရှိကြ၏၊ ဤအရှင်၏စိတ်ထဲကမူ ထိုရှမ်းတောင်အုပ်ကိုသာ အားရ၍ ချီးကျူးမဆုံး ဖြစ်နေမိတော့သည်။

## အားကိုးရသော ကိုခြေကျိုး

'လူဟူသည် တစ်ခုကောင်းရှိ၏'ဟူသော စကားအတိုင်း လူဟူသည် သူ့နေရာနှင့်သူတော့ တန်ခိုးရှိကြကြောင်း မိမိ၏လက်တွေ့ဖြစ်၍ ယုံကြည်ထား၏၊ ဤအရှင်သည် အချိန်မီ ခရီးတွင်တွင်သွား၍ ရာသီအမီ အလုပ်တွင်တွင် လုပ်နေရမြဲ ဖြစ်ရာ တစ်ခါက ခရီးစရိတ်လည်းရှိ၊ မသွားရ၍မဖြစ်သော လုပ်ငန်းကိစ္စနှင့်

ကြုံရဖူး၏၊ သူတစ်ပါးကိုလည်း အပူမကပ်လိုသဖြင့် ဤပြဿနာ မည်သို့ဖြေရှင်းရပါမည်နည်းဟူ၍ တွေးတောကာ စိတ်အိုက်နေမိသည်။

အကြောင်းစုံမှာ ဆဋ္ဌသင်္ဂါယနာပွဲကြီးအတွင်းဖြစ်၍ ဤအရှင် ရန်ကုန်က မ္ဘာ အေး ကုန်း မြေ ပုဗ္ဗဝိဒေဟ ကျောင်းတော်ပေါ်၌ ရောက် ရှိ နေ ခိုက်ဖြစ်၏၊ ရန်ကုန်မြို့ထဲ လွှစ္စလမ်းရှိ စာပုံနှိပ်တိုက်တစ်ခု၌ မိမိ၏စာအုပ်ငယ်တစ်ခု စက်တင်ပုံရိုက်နေဆဲဖြစ်ရာ နေ့စဉ် နံနက်အချိန်တွင် ကိုယ်တိုင်သွားရောက်၍(ပရူ) ကြည့် ပြင်ပေးနေရသေးကိစ္စ ဖြစ်၏၊ ကမ္ဘာအေးမှ လွှစ္စလမ်းသို့ နေ့စဉ် သွားပြန်ရသည်မှာ ကားစီးသွားရသည်၊ ဒကာကြီး ဟသ်ာတဦးမြ၏ ကားလေးနှင့် ပို့ပေးနေကျဖြစ်ရာ ဒကာကြီး နိုင်ငံခြားသို့ ခရီးထွက်သွားသောကြောင့် ထိုကား၏ အကူအညီ မရတော့ပါ၊ သို့နှင့် စိတ်အိုက်နေခိုက် ခြေထောက်တစ်ဘက် (ထော့ကျိုး)နင်း၍ သွားလာလျက်ရှိသော သိက္ခမ်းဟောင်း ဒကာရင်းတစ်ဦး ဘုန်းကြီးထံ ရောက်လာ၏၊ သူ၏နာမည်မှာ 'ဦးရီး'ဖြစ်သည်၊ မိမိ၏ ကြုံတွေ့နေရသော ပြဿနာငယ်ကို စကားစပ်မိကြရာမှ ပြေလည်သွားဖူးသည်။

'ဒါ- ဖြစ်နိုင်ပါတယ်ဘုရား၊ ဆင်ဖြူတော်ကားများအဖွဲ့အတွင်းရေးမှူးက တပည့်တော်ရဲ့ မိတ်ဆွေကောင်းကြီးပါ၊ ဆရာတော်အတွက် ရန်ကုန်နှင့် ကမ္ဘာအေးသွားပြန်နိုင်တဲ့ ခွင့်ပြုချက်လက်မှတ်တောင်းပေးပါမယ်၊ လာ-အခု ကြွပါ သွားပြောကြမယ်'ဟု ခေါ်၍ လိုက်ပါသွားရာ ဤအရှင်၏ဘွဲ့နှင့်အလုပ်ကိစ္စကိုပြောလျှင် အလွယ်ပင်လက်မှတ်ထုတ်ပေးလိုက်သည်၊ ထိုအချိန်တွင် ဦးရီကို ကမ္ဘာအေး၌ဒရဝမ်အဖြစ် တာဝန်ပေးထားခြင်းဖြစ်၍ဝန်ကြီးချုပ်နှင့် ဟသ်ာတဦးမြတို့၏ အားထားခံယူနေရခိုက် ဖြစ်သည်၊ သူ့ကို ခြေကျိုးသော်လည်း မိန်းမနှစ်ယောက်ယူထား၍ အပြစ်ဆိုကြသူများရှိ၏၊ မည်သို့ပင်ဆိုကြစေကာမူထိုအချိန်က ဤအရှင်၏ ခရီးသွားလာရေး လွယ်ကူချောမောစွာ သွားလာနိုင်ခဲ့ခြင်းသည် အခြားသောသူဌေးကြီး အရာရှိကြီးများက မကူညီနိုင်ကြပါ၊ထို့ကြောင့် ထိုအချိန်က 'တကယ်အရေးကို အားကိုးခဲ့ရသော ဦးရီ(ခေါ်) ကိုးခြကျိုးကို ကျေးဇူးတင်မဆုံးဖြစ်ခဲ့ရပေသည်'ဟု မှတ်တမ်းတင်ထားမိရသည်။

## ကြေးစားကပ္ပိယ၏ တစ်ခုကောင်း

ဤအရှင်သည် အရိုင်း-အယဉ်မရွေး လူဟူသမျှကို အနည်းဆုံးတစ်ခုကောင်းတော့ ရှိတတ်ပါသည်ဟု ယုံကြည်ချက်ရှိ၏၊ ထို့ကြောင့် မိမိနှင့်နီးကပ်စွာ ဆက်ဆံရသော လူများကို အကောင်းဘက်ကကြည့်၍ ချီးမွမ်းဖွယ် ကျေးဇူးတင်ဖွယ်ရာကို တစ်နည်းနည်း တွေ့အောင်ရှာလေ့ရှိပါသည်။

လွန်လေပြီးသောအချိန်က မြောက်ပိုင်းချင်းတောင် ဖလမ်းမြို့သို့ အသက် ၅၀ ကျော် လူကြီးတစ်ယောက် ရောက်လာနေဖူး၏၊ ဤအရှင်၏သာသနာပြုလုပ်ငန်းကို အပြုမှီ၍ အသက်မွေးဝမ်းကျောင်း အလုပ်ရနေသူဖြစ်သောကြောင့် ဖလမ်းမြို့ရှိ မင်းမှုထမ်းလောကမှ ဗုဒ္ဓဘာသာတို့က သူ့ကို 'ကြေးစားကပ္ပိယကြီး' ဟူ၍ ရင်းနှီးစွာ ကျီစယ်ပြောင်လှောင်ကာ ဂုဏ်ပြုကင်ပွန်းတပ်ထားကြ၏၊ သူ့ကိုခေါ်စေချင်သည့်ကတော့ တိုခတ်က အသုံးစကား သာသနာရေးအရာရှိ ဖြစ်သည်၊ ဤအရှင်သည် သူမရောက်လာခင် နှစ်ပေါင်းများစွာက ဆောင်ရွက်နေခဲ့လေသမျှ သာသနာပြု လုပ်ငန်းအရာရာမှာ ချောမွေ့ခဲ့၏၊ အောင်မြင်၏၊ စိတ်ကြည်လင်၍ ချမ်းမြေ့စွာနေရ၏၊ သူရောက်လာခါမှ ဟိုဝင်စကားရှုပ် သည့်ဝင်စကားရှုပ် လုပ်နေသောကြောင့် အောင်မြင်မှုလုက်ယုတ်လာသည်၊ ထို့ပြင် စိတ်လက်မပျော်မွေ့ခြင်းလည်း ဖြစ်လာရသည်။

သို့ရာတွင် မိမိကတော့ သူ့အပေါ်စေတနာကောင်းထား၍ အတတ်နိုင်ဆုံးဂုဏ်ပြုကာ တွဲ၍ခေါ်ပါ၏၊ မိမိတို့၏ဘာသာရေး သာသနာရေးကဘောင်ပေါ်၌ မျက်နှာငယ်တုန်းကာလပေကိုး၊ တစ်နေ့နေ့တွင် ကောင်းလာတန်ရာ၏ဟု မျှော်လင့်ချက်ထား၍ စောင့်စားကြည့်၏၊ တွေ့နေရသည်ကား ခြံကျွဲချင်းခတ်သကဲ့သို့ တစ်နေ့တစ်ခြား သာသနာပြုနေသောဘုန်းကြီးကို ကပ်ဖယ်ကြီ လုပ်လာသည်၊ နေရာတကာ၌ကန့်လန့်အဖျက်လုပ်ငန်းလုပ်လာသည်၊ ထို့နောက် ဆက်တိုက် ဖြောင့်ဖြောင့်ဆန့်ကျင်လာပြီး ဤအရှင်ကို သူ၏ရန်သူကြီးအဖြစ် ရောက်အောင် နည်းမျိုးစုံနှင့် ရန်ရှာလာ၏၊ ထိုအချိန်တွင် ပြည်တွင်းရေးရာကလည်း အခြေအနေမကောင်းခိုက်နှင့် ကြုံလာသည်၊ သို့ရာတွင် လူဟူသည် တစ်ခုကောင်းတော့ရှိရမည်ဟု သူ၏ကောင်းကျိုးပြုချက် တစ်ကွက်မျှကို စိတ်မပျက်ဘဲ ရှာဖွေလျက်ရှိ၏၊ ရှာဖွေလေတိုင်း သူ၏ယုတ်ညံ့သောညာဉ်ဖြင့် အဖျက်လုပ်ငန်းတွေချည်း ကြိုးကြိုးစားစားလုပ်နေပုံကြားသိတွေ့မြင်ရ၏၊ ဘောင်ပေါ်ရှိ သံဃာအချင်းချင်း ကွဲပြားအောင် ခွဲနေပုံနှင့် ပုဂ္ဂိုလ်ကြီးအား ကျေးဇူးမဲ့ မဟုတ်ဘမ်းတရား လုပ်ဇာတ်တွေရေး၍ ဟိုပို့သည်ပို့ လုပ်နေပုံ သတင်းစုံကိုသာ တသီကြီး ကြားသိတွေ့မြင်နေကြရ၏။

## တစ်ခုကောင်း တွေ့ရပြီ

သို့သော် စိတ်မလျှော့သေးပါ၊ ရွှံ့ညွန်ထဲမှ ရွှေမှုန်ကို ရှာဖွေထုတ်ယူသကဲ့သို့ပင် ဇာတ်အရာခပ်သိမ်းကို ကျော်လွှား၍ သူ၏ကောင်းကျိုးဆောင်ချက်တစ်ကွက်တော့ အမှန်ရှိတန်ကောင်း၏ဟု ရှာ၏၊ အဘိညာဉ်ရရှိပြီးသောပုဂ္ဂိုလ်

မြတ်သည် လွန်ခဲ့ပြီးသောဘဝဟောင်းများကို ပြန်လည်အောက်မေ့ ဝင်စား သကဲ့သို့ စေ့စပ်စွာကြည့်၏၊ နောက်ဆုံး၌ တစ်ခုကောင်းတွေ့ရပါလေပြီ၊ လွန်ခဲ့သော ၁၃၁၆ ခုနှစ်တွင် ဖလမ်းမြို့မှဝေးလံသော ခွါဖွာချင်းရွာ၌ သာသနာပြုနေရှင်း ကင်ဆာရောဂါဖြင့် ပျံလွန်သွားသော ဦးဇာဂရိယ၏ ရုပ်အလောင်းကို ချင်းဒကာတို့က ထမ်းယူပို့လာကြစဉ် အခါက ဖြစ်၏၊ ဤအရှင်သည် တခြားအရပ်၌ကွယ်လွန်သော ရုပ်အလောင်းကို မိမိအမြဲနေသော ကျောင်းတိုက်တွင်းသို့ မသွင်းစေလိုပါ၊ ဤအရှင်က ဆရာဝန်ကြီးစသော ဗုဒ္ဓဘာသာလူကြီးများနှင့်သွားရောက်တိုင်ပင်ညှိနှိုင်း၍ မြို့တွင်းတစ်နေရာ၌ တစ်ညအိပ်ထားရန် အရေးတကြီး ကိုယ်တိုင်ပြောဆိုစီစဉ်နေရ၏၊ ထို့ကြောင့် ကျောင်းပေါက်မှ စောင့်မနေအားပါ၊ အခြားမှာကြားထားခဲ့ရန်လည်း သူတစ်ယောက်မျှမရှိပါ၊ ထိုအခိုက် ဤအရှင်သွားလာလှုပ်ရှား အလုပ်များနေစဉ် အဆိုပါကပ္ပိယနှင့် လှမ်းခုလတ်တွင် တွေ့ရ၍ တာဝန်ပေးရ၏၊ ထိုအချိန်က ထိုတာဝန်ကို အဆိုပါကပ္ပိယကြီးကပင် တာဝန်ကျေစွာ လမ်းမှစောင့်၍ ပြောပေးဖော်ရသောကြောင့် ရုပ်အလောင်းကို လမ်းပေါ်မှတောက်လျှောက် ဆေးရုံသို့ ထမ်းပို့ ဖြစ်သွားကြသည်၊ ကျေးဇူးတင်စရာ ဆောင်ရွက်ပေးဖော် ရရှာပါပေသည်၊ ထို့ကြောင့် သူ၏ညာဉ်ဆိုးခဲ့ပုံများနှင့် မလိုလားအပ်သော သူ၏ပြုမူချက်အားလုံးကို 'ဤကိစ္စတစ်ကွက်' ဆောင်ရွက်ပေးဖူးသော ကျေးဇူးကြောင့် မေ့ပျောက်သွားသည်အထိ ကောင်းကျိုးမြင်လာပါသည်၊ မိမိတစ်သက်တာပတ်လုံး ထိုကျေးဇူးကို ဝမ်းမြောက်၍ ချီးကျူးမဆုံး ဖြစ်နေမိသည်။

သူတော်ကောင်းပုဂ္ဂိုလ်တို့၏ စိတ်သဘာဝသည် လူနှင့်လူချင်းကို မုန်းစိတ်ထားလေ့မရှိကြပါ၊ မိမိအပေါ်၌ ကျူးလွန်မိသော အပြစ်ကြီးငယ်များကို လွယ်လွယ်ခွင့်လွှတ်မြဲဖြစ်ကြသည်၊ အဆိုပါကပ္ပိယကြီးသည် နောက်ပိုင်းတွင် ဘယ်အတိတ်ဆီကဝဋ်ကြွေးကြောင့်လောမသိ၊ ရန်ကုန်မြို့လယ်တွင် ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၌ ဘတ်စ်ပေါ်မှအဆင်း မတော်တဆကားကြိတ်ခံရ၍ဥပစ္ဆေဒကကံဖြင့် သေဆုံးရှာကြောင်း ကြားသိရ၏၊ သူ၏နာမည်ဦးဘချစ်ဖြစ်သည်၊ သနားမိပါသည်၊ လူတို့သည် မြင်အောင်ကြည့်ဘတ်လျှင် အရာပေါ်သိမ်း သူ့နေရာနှင့်သူ တန်ခိုးအသေးအဖွဲ့လောက်ဖြစ်စေ ရှိဘတ်ကြသကဲ့သို့လူဟူသမျှတွင်ကျေးဇူးတင်လောက်အောင် ဆောင်စွမ်းနိုင်ကြသော တစ်ခုကောင်းတော့ ဘယ်သူမဆို ရှိကြသည်၊ ရှိရမည်သာတည်း၊ မုန်းစံရာမရှိပါ၊ သူတော်ကောင်းအမြင်ဖြင့် သနားစရာသာ ရှိကြသည်၊ ကျေးဇူးရှာကြည့်ဘတ်လျှင် ဝမ်းမြောက်ဖွယ်ရာ ချည့်းသာတည်း။

# ငါလိမ္မာပြမည်

'ဆရာတော်ကြီးနှင့် တွေ့ကြုံရခိုက် လျှောက်စမ်းပါရစေဘုရား၊ တပည့်တော်တို့ လူသားများမှာ တစ်ခါတစ်ရံမမျှော်လင့်မိဘဲ လောကဓံနှင့် ရင်ဆိုင်ရတတ်ပါတယ်၊ အေးအေးနေထိုင်တတ်သောသူကိုလည်း အိမ်ပေါ် အမှုက တက်လာတတ်တယ်ဆိုတာကို ကြုံရတတ်ပါတယ်၊ တပည့်တော်မှာ အခု ဒီလိုကိစ္စတစ်ခုနှင့် တွေ့ကြုံနေရလို့ စိတ်ဒုက္ခသောက ရောက်နေရပါတယ် ဘုရား'

လျှောက်သူမှာ ကမာရွတ်လှိုင်မြစ်လမ်း၌နေထိုင်သူ ဒကာကြီးဒကာရင်း အညာသား ဦးထွန်းအုန်ဖြစ်သည်၊ ထိုအချိန်က စစ်ကြီးကာလအတွင်း လူတို့၏စားဝတ်နေရေး ပရိယေသနမှာ ကြုံရာကျပန်းလုပ်ကိုင်နေရသော ခေတ်အလျောက် ဦးထွန်းအုန်သည် လှည်းနွားထောင်၍ လှည်းငှားလိုက်နေသူဖြစ်၏၊ သူ၏လောကဓံဆိုသည်မှာ သူဝယ်ယူထားသော နွားတစ်ကောင်ကို ခိုးယူရောင်းထားသောနွားဟူ၍ နွားရှင်က ထိုနွားကို ပြန်ရလိုကြောင်း တရားစွဲခံနေရခြင်းဖြစ်၏၊ ဘယ်သူကလာရောင်း၍ ဝယ်ယူပါကြောင်း ရုံးတော်၌ဖြေရှင်းသော်လည်း နွားဆုံးရခြင်း၊ အစစ်အဆေးအမေးမြန်းခံရခြင်း၊ အလိုမရှိပါဘဲလျက် သက်ဆိုင်ရာရုံးသို့ မကြာခဏ စရိတ်ကုန်ခံ သွားရောက်နေရခြင်း၊ ပုလိပ်တွေ စားချင်သောက်ချင်ကြ၍အညှိရှိ ယင်အုံသကဲ့သို့ လှန့်လုံးစကားတွေပြော၍ ငွေထပ်ကာ အတောင်းခံရခြင်းအကြောင်း သူပြောပြ၍ သိရပြီးဖြစ်၏။

'ဆက်လျှောက်ပါရစေ၊ အများသောလူတို့ဟာ သင်းကမိုက်လျှင် ငါလည်းမိုက်ပြမယ်ဆိုတဲ့ ဝါဒဆုပ်ကိုင်ထားတတ်ကြတယ်၊ သူတော်ကောင်း ပုဂ္ဂိုလ် ဖြစ်တော်မူကြသော ဆရာတော်ဘုရားများစိတ်မှာ ဘယ်လိုနှလုံးသွင်းတော်မူလေ့ရှိကြပါသလဲဆိုတာ အမိန့်ရှိတော်မူပါဦးဘုရား၊ နာခံမှတ်သားထားချင်လို့ပါ ဘုရား'တဲ့။

'သူကမိုက်လျှင် ငါကလိမ္မာပြမယ်ဆိုတဲ့ဝါဒ မြဲမြဲထားကြတယ်၊ ပုဂ္ဂိုလ်တိုင်းတော့မဟုတ်ပေဘူး၊ များစွာသော ပညာရှိ သူတော်ကောင်းမှန်သမျှ ဒီအတိုင်းပါ၊ လိုရင်းဒါပါပဲ'

'တင်ပါ့ဘုရား၊ ဝမ်းမြောက်ရပါပြီ၊ ဒီအကြောင်းသိချင်လို့ ရုံးမသွားခင် ဆရာတော်ထံ တမင်ဝင်လာခဲ့တာပါဘုရား ခွင့်ပြုတော်မူပါ'

ဒကာကြီးဦးထွန်းအုန် ရှိခိုး၍ ထပြန်သွားလျှင် လူတို့၏ တွေ့ကြုံကြုံကြဆုံကြရပုံ လူ့လောကဓံအကြောင်းကို ရှည်ဝေးစွာ တွေးဆနေမိသည်။

## တွေ့ရမြဲ လောကဓံ

သတ္တလောကကြီးတစ်လျှောက်၌ကျင်လည်နေကြရသောလူတို့သည်ဘုံလောကဓါတ်မေ့တာကဲ့သို့ လောကဓံတရားတို့နှင့် တွေ့ကြုံရမြဲဖြစ်၏၊ လူသားများသာမက အနာဂါမိရိကဖြစ်တော်မူကြသော ရသေ့ရဟန်း သူတော်ကောင်းပုဂ္ဂိုလ်မြတ်များလည်း ကြုံကြရ၏၊ တိရစ္ဆာန်များလည်း ကြုံကြရ၏၊ နတ်များလည်း ကြုံကြရ၏၊ ပုထုဇဉ်တို့သာမကပါ အနာဂါမ်ရဟန္တာ ပုဂ္ဂိုလ်ကြီးများလည်း ရင်ဆိုင်ကြရ၏၊ ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်ဘုရားများပင် ရှောင်၍ မလွှတ်ကြပါ။

ယင်းသို့ဖြစ်လျှင် မည်သို့ပြုလုပ်ရမည်နည်း၊ ရှောင်ဖယ်၍ ရနိုင်သော အကြောင်းအရာကိစ္စမျိုးဖြစ်လျှင် ဧတ္တရှောင်ဖယ်၍နေရမည်၊ အခိုက်အတန့်မျှ ရှောင်ဖယ်နေလိုက်စဉ် သူ့ဘာသာ ကျော်လွန်၍သွားတတ်သည်၊ ရှောင်ဖယ်၍မရနိုင်သော လောကဓံမျိုးဖြစ်ခဲ့လျှင် တွေ့ကြုံလာရသောအခါ စိတ်ခေတ်ခိုင်ခိုင်နှင့် ခံနိုင်ရည်ရှိရန် လိုအပ်၏၊ 'ငါမည်သို့မည်ပုံ ဖြေရှင်းမည်၊ ကြံ့ကြံ့ခံပြမည်'ဟူသော နှလုံးသွင်း၍ ကိုတင်လေ့လာထားပြီးကဲ့သို့ အသင့်ဖြစ်နေရသည်။

## ပင်လယ်သွားသင်္ဘောနှင့်တူသော လူ့ဘဝ

လူ့ဘုံလောက၌ လူလာဖြစ်နေရခြင်းသည် ရံခါပင်လယ်ဝ၌ ကျောက်ချ၍ရပ်ထားသော သင်္ဘောကြီးနှင့်တူ၍ ရံခါတွင် ပင်လယ်ပြင်သို့ရေးထွက်နေရသောသင်္ဘောကြီးနှင့် တူကြရလေသည်၊ပင်လယ်ဝ၌ ခိုင်မြဲစွာကျောက်ချ၍ တည်ငြိမ်စွာရပ်နေရသော သင်္ဘောကြီးကို ရေလှိုင်းကြီးများလာ၍ရိုက်ခတ်ခြင်း၊ ရံခါလေမုန်တိုင်းကြီးများလာ၍ ဝှေ့ရမ်းခြင်းခံရတတ်သကဲ့သို့ လူ့လောက၌ ရပ်တည်နေကြရသူတို့သည်လည်း မိမိတို့နေမြဲတိုင်း မ်ရှိဖလာအပြစ်ကင်းမဲ့စွာ နေထိုင်လုပ်ကိုင်စားနေခြင်း ဖြစ်ပါလျက်နှင့် ဣန္ဒြေရရ အေးအေးစွာ နေထိုင်ခွင့်မရ၊ ရံခါ သင်္ဘောကို ရေလှိုင်းကြီးလာ၍ တိုက်ခတ်ခြင်းခံရသကဲ့သို့ အပုတ်အခတ်ခံရခြင်းမျိုး ကြုံရတတ်၏၊ ရံခါတွင် ပင်လယ်ရေမုန်တိုင်းကြီးများကဲ့သို့ လမ်းကြောင်းတည့်ရာတွင် ရှောင်မလွှယ်အောင် ပြုန်းဖြင်းစားကြီး ဝှေ့ရမ်းခြင်းခံရတတ်ခြင်းမျိုးနှင့်တူစွာ ကြုံရတတ်ကြ၏၊ သို့ရာတွင် ထိုအဖြစ်မျိုး ကြုံတွေ့ရလျှင် 'ဒါက အခိုက်အတန့်ရင်ဆိုင်ရခြင်းပါ၊ လေသည် အမြဲတမ်းမတိုက်နိုင်'

ဟူသကဲ့သို့ အခိုက်အတန့်ကြုံရသော လောကဓံပါဟူ၍ မိမိစိတ်အာရုံက အမြင်ကျယ်စွာ အသိအမြင်ရှိတတ်ကြရမည်၊ ထိုအခိုက်တွင် စိတ်ဗျာပါဒ မပွားရပါ။

ခိုင်မြဲစွာကျောက်ချ၍ ရပ်ထားသော သင်္ဘောကြီးကို ရေလှိုင်းနှင့် ရေမုန်တိုင်းတို့က မည်သို့ပင်ပုတ်ခတ်ခြင်း၊ ဝှေ့ရမ်းခြင်း ပြုကြသော်လည်း ထိခိုက်ခြင်းမရှိ၊ တင်စုံတင်ရာ ပျက်စီးခြင်းမရှိမူ၍ လှိုင်းလေငြိမ်သွားသောအခါ မူလရပ်တည်မြဲအတိုင်းပင် သင်္ဘောကြီးကို တွေ့မြင်ကြရသကဲ့သို့ လူတို့လောကဘဝ၌ရပ်တည်နေကြရသူတို့သည်လည်း လောကဓံ၏ဝှေ့ရမ်းခြင်းကြောင့် တောင်လုပ်မြောက်လုပ် မလှုပ်ရှားမိအောင် နေတတ်ရန် ခံနိုင်ရည်ရှိကြရန် နည်းပေးခြင်းဖြစ်၏၊ မုန်တိုင်းဒဏ်ကြောင့် သင်္ဘောကြီးလွင့်ထွက်မသွားရန်မှာ ကျောက်ဆူးကြီးခိုင်ဖို့လိုရင်းဖြစ်သကဲ့သို့ မိမိတို့ရှိကြသော လူ့ဘဝ၌ ဣန္ဒြေရရ ပုံမှန်ရပ်တည်နေနိုင်ရေးသည် မိမိတို့၏စိတ်ဓာတ်က ခိုင်ဖို့သာ လိုရင်း ဖြစ်လေသည်။

## ပင်လယ်ခရီးနှင့် လူတို့လောက

တစ်နေ့ပြီးလျှင်တစ်နေ့သို့ ရွေ့လျား၍ တွားသွားနေကြသော လူတို့၏ဘဝသည် ပင်လယ်ပြင်သို့ ခရီးနှင်နေရသော ပင်လယ်ကူးသင်္ဘောကြီးနှင့် တူကြရ၏၊ ဤတွင် လူတို့သက်တမ်းရှည်သော တက်ကပ်ခေတ်လူသားတို့ကား လေငြိမ်ရေငြိမ်နေခိုက် ပင်လယ်ပြင်ကို ဖြတ်ကူးသွားကြရသော သင်္ဘောနှင့်တူကြ၍ လူတို့သက်တမ်းတိုသော ဆုတ်ကပ်ခေတ်၌ လူဖြစ်နေကြရသူတို့ကား လေထန်၍ လှိုင်းကြီးနေစဉ် ပင်လယ်ပြင် ဖြတ်ကူးကြရသည်နှင့်တူကြ၏၊ ယခုလို သက်တမ်းတိုသော ဆုတ်ကပ်ခေတ် (ကလိယုဂ်) ကာလအတွင်း လူတို့မူကား လှိုင်းလေငြိမ်ချိန်ကို ထိုင်စောင့်မနေနိုင်၍ မသွားလျှင်လည်းမဖြစ်သောကြောင့် ဇွတ်မှိတ်ပြီး ကမ္ဘာကာအနေမျိုး ခရီးသွားနေကြရသူတို့နှင့် တထေရာတည်း တူနေကြရ၏၊ သို့ရာတွင် ကျင့်သားရနေပြီးသော သင်္ဘောသားတို့သည် လေဒဏ်လှိုင်းဒဏ်ကို ကြိမ်ဖန်များစွာ ခံကြရပြီး ကြုံကြရပြီးသောကြောင့် တေသားပေသားရနေကြ၍ ကျွမ်းကျင်လာကြ၏၊ ထိုအချိန်မှစ၍ ခံနိုင်ရည်ရှိကာ ကြောက်စိတ်မရှိကြသော သင်္ဘောသားတို့ကဲ့သို့ စစ်ကိုခေတ်မှစ၍ လူ့လောကကြီးတစ်လျှောက်၌ ဘဝခရီးသည်တွေဖြစ်နေကြသော ဤခေတ်လူသားတို့သည်လည်း လောကဓံ၏ လှိုင်းခတ်မှုဒဏ်ကို မထူးဆန်းသောအဖြစ်မျိုးကဲ့သို့ ကြံ့ကြံ့ခံနိုင်သည်အထိ တေသားပေသားရနေကြပြီး အခေါက်ထူထူများ ဖြစ်မှန်းမသိ ဖြစ်လာကြရသည်ဆို၏၊ တစ်နည်းပြောရလျှင် တေသားပေသားရထားပြီး ဖြစ်စေရမည်၊ မိမိတို့ရည်မှန်းတိုင်းသော ပန်းတိုင်

နှင့် လိုရာခရီးသို့ အချိန်မနှောင်းမီ ရောက်အောင်သာ ခေတ်ကာလအလျောက် လိမ္မာပါးနပ်စွာဖြင့် ရွေ့လျားရ၍ တွားသွားနေတတ်ကြရန်သာ နားလည်ထားကြရမည်ဟု ဆိုရပါမည်။

## သူတော်ကောင်းနည်းနှင့် ကျင့်မည်လော

ဥတုသုံးလီရှိရာတွင် ဆိုးဝါးသောလေမုန်တိုင်းသည် တစ်ခါတစ်ရံ၌သာ ကျရောက်တတ်သကဲ့သို့ လူ့လောကတွင် ကြုံတွေ့ကြရသော လောကဓံအန္တရာယ် ဆိုသည်လည်း အမြဲရှိနေသည်မဟုတ်သလို အမြဲတမ်း တွေ့ကြုံနေကြရသည်မဟုတ်ပါ၊ မထူးဆန်းသော အသေးအဖွဲ လောကဓံကလေးများသာ တွေ့ကြုံရများတတ်ကြသည်၊ ထိုထိုအတွေ့အကြုံယ်များကို သဘောထားကြီးကြီးနှင့် စိတ်ထားမြင့်မြင့်ဖြင့် သည်းခံပြလိုက်လျှင် အလိုလိုချုပ်ငြိမ်သွားကြလိမ့်မည်ဟု နားလည်ထားပါ၊ အထူးသဖြင့် တောရဆောက်တည်နေကြသော ပုဂ္ဂိုလ်ကြီးများကဲ့သို့ ကြုံတွေ့လာသော လောကဓံကိစ္စဟူလေသမျှတိုင်းကို 'ဤကား ဘာသဘောပဲ' ဟု အကြောင်းနှင့်အကျိုးဝေဖန်ကာ စိတ်နှလုံးအေးဆေးစွာဖြင့် ခေါင်းအေးအေးထား၍ သည်းခံနေတတ်လျှင် အကောင်းဆုံးဖြစ်၏၊ သည်းခံနေပြလိုက်ခြင်းကြောင့် ကြီးသောအမှု ငယ်သွားမည်၊ ငယ်သောအမှု ပလပ်သွားမည်၊ ရန်မာန်ဒေါသမထား၊ ခန္တီ–မေတ္တာ ဗလအားဖြင့် အပေါစီး၍ အနိုင်ယူလိုက်လျှင် မိမိ၏ဘဝခရီးတစ်လျှောက်လုံးတွင် စိတ်ချမ်းမြေ့ဖွယ်ရာချည်းသာ တွေ့သွားရပေလိမ့်မည်၊ ဤနည်းကောင်းကို နှလုံးပိုက်ထားပါ။

## အာရပ်ခရီးသည်လို ခုခံမည်လော

လူတို့ ဘဝခရီးတသွားနေကြရာတွင် ရံခါ သဲကန္တာရ၌ ခရီးသွားလေ့ရှိကြသော အာရပ်လူမျိုးကုန်သည်တို့နှင့် တူတတ်ကြ၏၊ သူတို့သည် ကန္တာရခရီးသည်များဖြစ်ကြရာ မမျှော်လင့်ဘဲ လမ်းခရီးမှဖြတ်၍ တိုက်ခိုက်သူများကို တွေ့ကြရသည်ဆို၏၊ ထိုအခါမျိုးတွင် သူတို့၏အသက်စည်းစိမ်ကို ကာကွယ်သောအားဖြင့် ပြန်လည်၍ ခုခံတိုက်ခိုက်ကြရတော့သည်၊ တိုက်ခိုက်ရခြင်းဟူသည်မှာ နိုင်သည်လည်းရှိ၏၊ ရှုံးသည်လည်းရှိ၏၊ များသောအားဖြင့် နိုင်လေ့ရှိကြသည်ဆို၏၊ သို့သော် သဲကန္တာရခရီးသည်တို့သည် တိုက်ရခိုက်ရဖန်များလာသောအခါ သူတို့၏ စိတ်ဓာတ်များက ကြမ်းတမ်းလာကြတော့သည်ဆို၏၊ သင်တို့၏ ဘဝကန္တာရခရီးတစ်လျှောက်ဘွင်လည်း ရှောင်၍မရသော လောကဓံတစ်ကွေ့၌

အာရုပ်ရေးသည်တို့ကဲ့သို့ ရင်ဆိုင်လိုက်ရသော အကြိမ်မျိုးလည်း ရှိကောင်းရှိပေလိမ့်မည်၊ သို့ရာတွင် အစဉ်ကြမ်းသောစိတ်ဓာတ် ကိန်းအောင်းမနေစေရန် သတိပြုရပေမည်၊ တွေ့ကြုံလာသောလောကဓံကို အေးဆေးစွာနှင့် ကြံ့ကြံ့ခံနိုင်ရန်သာ အလေ့အကျင့်ဖြစ်နေအောင် ကြိုးစားကြရမည်။

## ပစ္စေကဗုဒ္ဓါတို့ကဲ့သို့ သည်းခံမည်လော

လူလောက၏ ဘဝခရီးသည်တို့တွင် ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါ၊ မဟာသာ အရှင်မြတ်ကြီး တို့လည်း ပါဝင်ကြလေရာ ထိုအရှင်မြတ်တို့မှာမူကား မည်သို့သော လောကဓံလှိုင်း၏ အန္တရာယ်မျိုးကိုဖြစ်စေ ကျရောက်လာသော တွေ့ကြုံလာသော အခါဘွင် ရန်သူကို ရန်သူအနေမျိုးဖြင့် ခုခံပြန်လှန်၍ တိုက်ခိုက်ကြရိုးထုံးစံ မရှိကြပါ၊ သနားခြင်း ကရုဏာစိတ် ထားလေ့ရှိကြ၏၊ မိမိ၏ကိုယ်ကဲ့သို့ ချစ်ခင်ခြင်း မေတ္တာစိတ်ဖြင့်သာ ကြုံရခိုက်အတွင်း ခံယူကြ၍ ဖဲရှောင်တော်မူကြမြဲ ဖြစ်လေသည်။

ရှေးအခါက ဆွမ်းခံရာမှအထွက်တွင် အကြောင်းမဲ့သက်သက် ရာဇမာန်ရစ်သော ဒေါသကမ္မာရမင်းသားက သပိတ်ကိုလုယူကာ ပေါက်ခွဲပစ်ပြီး ရန်မူခံရသော ပစ္စေကဗုဒ္ဓါတစ်ပါး ရှိဖူး၏၊ ဆွမ်းခံကြွနေစဉ်အချိန် ကျောင်းသခ်မ်းကို မီးရှို့ပစ်ခြင်းခံရသော ပစ္စေကဗုဒ္ဓါတစ်ပါး ရှိခဲ့ဖူး၏၊ ထို့ပြင် ဆွမ်းခံကြွလာစဉ် ကျောက်စရစ်ခဲဖြင့် နားတစ်ဘက်မှ တစ်ဘက်သို့ထွက်သွားအောင် ပစ်ခတ်ခြင်း ခံရ၍ တစ်ပါး၊ လေးမြားဖြင့် ပစ်ခတ်ခံရ၍တစ်ပါး– ပေါင်း ထို ၂-ပါးသော ပစ္စေကဗုဒ္ဓါတို့ ပရိနိဗ္ဗာန် ပြုသွားရရှာကြောင်း ရှေးဖြစ်ဟောင်း ရှိခဲ့ဖူး၏။

လူလောကတွင် မသိနားမလည်ကြသူနှင့် တွေဝေမိုက်မဲကြသူတို့သည် မပြုသင့်ရာ မလုပ်ထိုက်ရာဟူ၍ နားမလည်ကြ၊ တစ်စုံတစ်ရာ သစ်သီးတင်လုံးမျှ လှူဒါန်း၍ဖြစ်စေ၊ ရှိခိုးကန်တော့၍ဖြစ်စေ လိုရာဆုကို တောင်းယူတတ်လျှင် ဆုတောင်းတိုင်းပြည့်စုံအောင် ဆုပေးစွမ်းနိုင်သော ဘုရားငယ်တစ်ဆူဖြစ်တော်မူကြသည့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးများကိုပင် မလေးမစား ပြစ်မှားကြသူများ ရှိကြဖူး၏၊ ဤ၌ဆိုလိုရင်းမှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးတို့သည် ပရိနိဗ္ဗာန် စံယူသွားရအောင် မိုက်မဲတွေဝေစွာ ပြုမူပြစ်မှားကြသူများအား မည်သို့မျှ စိတ်ကွက်တော် မမူကြပါ၊ 'ဇာတိဒုက္ခ ရှိနေသေးသမျှသော သတ္တဝါအားလုံးတို့သည် ဗျာဓိဒုက္ခနှင့် မရဏဒုက္ခကို ရှောင်ကွင်း၍ မရနိုင်ကြပါ'ဟူ၍ သဘာဝကျကျ ဖြောင့်မှန်သော သဘောတရားကို နှလုံးပိုက်တော်မူကာ ငြိမ်းအေးတော်မူကြလေသည်၊ ဤကား သူတော်ကောင်းတို့နည်း ဖြစ်၏။

## ငါ လိမ္မာပြမည်

စင်စစ်မှာ သတ္တဒလာကတွင် လောကဓံတရားတို့သည် ကြိပ်ဖန်များစွာ ကြုံတွေ့နေတတ်ကြမြဲဖြစ်၍ ထူးဆန်းသောအကြောင်း မဟုတ်ပါ၊ သို့ရာတွင် သတိပြုရမည်မှာ ဒေါသအကြောင်းခံလာသောလောကဓံကို ဒေါသနှင့် ကာကွယ်တားဆီး၍ မငြိမ်းနိုင်ပါ၊ လောဘကြောင့် အကြောင်းရင်းခံလာသော လောကဓံကို လောဘစိတ်ဖြင့် ခုခံကာကွယ်၍ ရနိုင်မည်မဟုတ်ပါ၊ 'သင်းက မိုက်ရဲသေးလျှင် ငါကလည်း မိုက်ပြလိုက်မယ်' ဟူသော လူမိုက်ဝါဒကို လက်ကိုင်ထားနေမူကား ဘယ်သောအခါမျှ ရန်စဲလိမ့်မည် မဟုတ်ပါ။

## ရဟန်းကောင်းသူတော်ပြတ်တို့ စိတ်ထား

လွန်ခဲ့ပြီးတစ်ချိန် နိုင်ငံရေးအစိုးရခေတ်အတွင်း ရှေးပိုင်းက မြန်မာပြည်တွင် ထင်ရှားကျော်ကြား၍ လူသိများ လူကြည်ညိုများသော ဆရာတော်ကြီးတစ်ပါးသည် သူကိုယ်တိုင် သပိတ်တစ်လုံးနှင့် ခက်ခဲစွာကက်ရောက်နေထိုင်၍ စတင်တည်ထောင်ထားသော ချင်းတောင်ပေါ်တစ်နေရာ၌ သူပိုင်ကျောင်းကြီးကို 'ရယူလိုချင်ကြပါသည်' ဆိုနေကြသော သူတင်စုအား အလွတ်ပင်ပေးစွန့်လိုက်ပုံကို ဤအရှင် တွေ့မြင်ရ သိရှိလိုက်ရဖူး၏၊ နောက်ဆက်တွဲသိရသည်မှာကား သင်္ဃညာတ ဉာဏ်ကို ရည်သန်၍ ဆုကြီးပန်ပြီး ပေးစွန့်ခြင်းဖြစ်ကြောင်းနှင့် ပေးစွန့်ပြီးလေလျှင် အရပ်တစ်ပါးသို့ ကျွတ်လွတ်စွာ ထွက်ကြွသွားတော်မူကြောင်း သန့်ရှင်းသော သတင်းဖြစ်၏၊ ထိုဆရာတော်ကြီးသည် ရဟန်းအချင်းချင်း ကျောင်းကန်ကိစ္စ အာဝါသအတွက် အငြင်းပွားတတ်ကြသောလောကကို အလွန်စက်ဆုပ်တော်မူလေ့ရှိသည်ဆို၏၊ သူကိုယ်တိုင် အမည်မဖော်လိုသောမြို့ကြီး၌ ဝိနည်းဓိုရ်တစ်ပါးအဖြစ် တာဝန်ယူရ၍ ဝိနိစ္ဆယအလုပ်တွေ လုပ်ဆောင်နေခဲ့ရဖူးသောကြောင့် သူတစ်ပါးဖြစ်ရပ်များနှင့်ပင် အလွန်ငြီးငွေ့လာခဲ့ပြီး ပုဂ္ဂိုလ်ကြီးဖြစ်သည်ဆို၏။

ခေတ်အလျောက်ဆိုရလေမလား မပြောတတ်ပါ၊ ထိုအချိန်ဆီက အချို့သော ကျောင်းမှုကိစ္စတွေမှာ ဆယ်နှစ်ကြာသော်လည်း မပြီးကြမပြတ်ကြပါ၊ ဟိုရုံးရောက် ဒီရုံးရောက်နှင့် အရှုံးမခံနိုင်ကြ၍ ထင်၏၊ ဘယ်ဘက်ကမျှ အလျှော့မပေးကြပုံတွေကြား၍ မဆုံးနိုင်ပါ၊ ထိုအချိန်တွင် ဝိနိစ္ဆယဌာနတွေ၊ ဝိနည်းဓိုရ်ခုံရုံးတွေဆိုတာကလည်း မှိုလိုပေါက်နေကြသော ခေတ်ကြီးအတွင်းဖြစ်ပါလျက် အဆိုပါ ဆရာတော်ကြီးက သူ၏ကျောင်းလိုယူကြသည်ကို ဘာမျှမပြော၊ နိဗ္ဗာနပစ္စယော စွန့်လိုက်ခြင်းကို အနီးကပ်သိကြရသော တပည့်ဒကာအားလုံးက နားမလည်နိုင်

အောင် များစွာအံ့သြနေကြရလေသည်၊ အကြောင်းမှန်ကား 'သင်တို့က မိုက်ကြလေသမျှ ငါမမိုက်လိုဘူး၊ သင်တို့ကမိုက်ကြလျှင် ငါက လိမ္မာပြလိုက်မယ်' ဟူသော သူတော်ကောင်းတို့၏ဝါဒမှန်ကို မဆွကပင် ကိုတင်မှုချထားပြီး ဖြစ်သည်၊ ထိုမှုကို လက်ကိုင်ထား၍ မြဲမြံစွာ သတိရှိနေသောကြောင့် ဖြစ်ပေမည်ဟု ခန့်မှန်းရ၏၊ တပည့်ဟောန်းများကို သူတော်ကောင်းကျင့်ထုံး လက်တွေ့သင်ပြ လမ်းညွှန်သွားခြင်းလည်း ဖြစ်ပါသည်။

## သူတော်ကောင်းတို့မည်သည် ပစ္စည်းလေးပါး လမ်းကဆီး၏

ဗုဒ္ဓသာသနာတော် ထွန်းကားချိန်တွင် သူတော်ကောင်းတို့မည်သည်မှာ သွားလေရာလမ်းတကာ၌ ပစ္စည်းလေးပါးဖြင့် ကြိုဆို၍ ဆီး၍နေမြဲဖြစ်ရာ ဘာကြောင့် သူတစ်ပါး၏ကျောင်းကန်ကို သွားလုယူဖို့လိုမည်နည်း။

'သူတစ်ပါးအတွက်ကို မပြောလို၊ ငါ့အတွက်သာ ငါပြောလျှင် တပည့်တို့ကို ပြောခြင်းဖြစ်၏၊ ငါကဲ့သို့သော ဘုရားဆုပန်ဆင်၍ ပါရမီရင့်ကျက်အောင်သာ ပါရမီနေ့တိုင်းဖြည့်နေသော ဆုကြီးပန် သူတော်ကောင်းကြီးတစ်ဦး ဖြစ်ပါလျက် အဘယ်ကြောင့် မိုက်မဲသော ကျောင်းကန်စားသားပြောခြင်း အမှုအကျင့်ကို ပြုရမည်နည်း၊ တစ်နေ့တခြား ပျက်စီး၍ ယိုယွင်းသွားတော့မည်ဖြစ်သော ရုပ်ဝတ္ထုဒြပ် ကျောင်းအိုကြီးကို စွန့်ကြဲလှူဒါန်း၍ အလွန်မွန်မြတ်လှစွာသော သဗ္ဗညုတဉာဏ်တော်ကို ရစေမည်' ဟူ၍ မြင့်မားစွာ နှလုံးပိုက်ထားတော်မူခြင်း ဖြစ်သည်ဆို၏။

'သင်းကမိုက်လျှင် ငါလည် မိုက်ပြမယ်' ဆိုသည့် ဆုတ်ကပ်ခေတ် လူမိုက်လောကကြီးထဲတွင် ထိုဆရာတော်ကြီးက တစ်ဘာသာထူးခြားစွာ တကယ့် ရှေးသူတော်ကောင်းကြီးတို့၏ လမ်းကြောင်းကို ပြန်လည်၍ လက်တွေ့ပြကာ နှောင်းခေတ် လူတို့အား ညွှန်ကြား သွားခြင်းပေတည်း။

'အရှင်ဘုရားကော မည်သို့ကျင့်မည်နည်း' ဟု မေးလာခဲ့သော် မိုက်မပြမှုံပါ၊ 'ငါလိမ္မာပြမည်' ဟူ၍သာ ဖြေမည်ဖြစ်၏၊ အသင်တို့လည်း မိုက်ပြသူ မဖြစ်ကြပါစေနှင့်၊ တင်ခါဝင်ရိုက်ကြွေလာသော လောကဓံကို စေါင်းငအားအားထား၍ သိမ်မွေ့စွာ အရေးမထားဘဲကိုယ်ဆိုပြီး ကျွန်ုပ်ကဲ့သို့ လိမ္မာပြနိုင်ကြပါစေ၊ ပြနိုင်အောင် ကြိုးစားကြပါဟု အကြံပေးပါသတည်း။

# အထက်တန်းစားလူ

'လူလောကတွင် လူတန်းစားသုံးမျိုးရှိလေရာ အသင်သည် အဘယ်သို့သော လူတန်းစား ဖြစ်လိုသနည်း'

အထက်တန်းစားလူ၊ အလယ်တန်းစားလူ၊ အောက်တန်းစားလူဟူ၍ လူလောကတွင် လူတန်းစား သုံးမျိုးရှိကြ၏၊ ရှေးလွန်လေပြီးသော ကာလတို့၌လည်း ရှိကြသည်၊ ကမ္ဘာဦး အစပိုင်း လူမျိုးလေးပါးပေါ်ထွန်းစဉ်ကာလ၌ ရှိနေခဲ့သည်၊ ဘုရားရှင်လက်ထက်တော်ကာလ၌လည်း ရှိခဲ့သည်၊ ယခုလက်ရှိခေတ်၌လည်း ရှိနေကြသည်၊ နောင်ကာလ၌လည်း ရှိနေဦးမည်သာလျှင်တည်း။

## လူတစ်ယောက်တည်း လူတန်းစားသုံးမျိုး

ထူးသည်ဟု မဆိုသာ၊ လူတစ်ယောက်တည်းကပင် တစ်ချိန်၌ အထက်တန်းစား လူဖြစ်လိုက် တစ်ချိန်၌ အောက်တန်းစားလူဖြစ်လိုက်ပြန်၊ တစ်ချိန်၌ အလတ်တန်းစားဖြစ်လိုက်နှင့် သူ၏စိတ်ဆန္ဒရှိသလို ရွေ့ကာပြောင်းကာ ဖြစ်နေတတ်သော လူထူးမျိုးလည်း ရှိတတ်ကြသေး၏၊ အနုငရှိလာမပြောင်းနေသော အရှုးနှင့် တူသူဟု ဆိုရပေမည်၊ ဤလူတန်းစားသုံးမျိုးကို ဖြစ်စေသူကား ဘယ်သူနည်း၊ ဘယ်အာဏာရှင်တို့က ဖြစ်စေကြသနည်း၊ ဘယ်ဘန်ခိုးရှင်က ဖြစ်အောင် လုပ်ထားခဲ့သနည်း၊ လက်သည်ရှာပါ၊ အဖြေမှန် နောက်၌ပြောမည်။

## လူအမျိုးမျိုး ဝါသနာအမျိုးမျိုး

အခါတစ်ပါးက ဤအရှင်သည် ခရီးသည်တို့ ဥဒဟိုဝင်ထွက်၍ တည်းခိုခြင်း များကြသော တောင်တန်းပေါ်မှ အစိုးရစခန်း ဗိုလ်တဲကြီးတစ်ခု၌ သုံးရက်ခန့် ရပ်တန့်၍ တည်းခိုနေရဖူး၏၊ အခြေအနေအရ ရွှေ့ခရီးစဉ်အတွက် ဆိုင်းငံ့နေရခြင်း ဖြစ်သည်၊ အချိန်မှာ ၁၃၁၂ ခုနှစ် တပို့တွဲလဆုတ်အတွင်းက ဖြစ်၏၊ မိမိတည်းခိုနေစဉ် ထိုသုံးရက်အတွင်း၌ လူအမျိုးမျိုး တွေ့ကြုံရ၏၊ ဝါသနာ အမျိုးမျိုး စရိုက်အမျိုးမျိုး အကြိုက်အမျိုးမျိုး နေထိုင်ပုံအမျိုးမျိုး စားသောက်ပုံ အမျိုးမျိုး ပြောဆိုပုံအမျိုးမျိုး ဆက်ဆံပုံအမျိုးမျိုးတွေကို မြင်ရကြားရ တွေ့ကြုံနေရ၏၊ တစ်နေရာတည်း၌ လူလောကကြီးတစ်ခုလုံးကို သိမ်းကြုံး သုံးသပ်ကြည့်နိုင်နေသကဲ့သို့ စိတ်တွင် အထင်ရောက်မိသည်၊ ပခုံးနှစ်ဘက်ကြားမှ ခေါင်း ပေါက်နေကြသော မနုဿလူသားချင်းတူပါလျက် အဘယ်ကြောင့် ဤသို့ ခြားနားကြလေသနည်း၊ အရာရှိအချင်းချင်းမတူကြ၊ စာရေးကြီးငယ်အချင်းချင်း

မတူကြ၊ မင်းမှုထမ်းအများဆုံးဖြစ်ကြသော ထိုခရီးသည်တို့သည် အဘယ်သို့ ထူးကြလေသနည်း၊ ခြားနားချက်မှုဝါဒတွေ ကိုယ်စီဖြစ်နေကြသေးသနည်း။

ဤအမှုင်သည် ထိုခရီးသည်တို့ကို တစ်နေရာမှာထိုင်၍ တစ်စေ့တစ်စောင်း ကြည့်ရင်း တွေးတောနေမိသည်၊ မျက်စိရှေ့မှလူများကိုကျော်လွန်၍ ဖလမ်းမြို့၌ ရောက်ရှိနေကြသော အရာရှိကြီးငယ်ကတော်တွေ၊ စာရေးကြီးငယ်ကတော်တွေ၊ စစ်မှုထမ်း ရဲမှုထမ်း ကတော်အမျိုးမျိုးတွေဆီသို့ စိတ်အာရုံ ရောက်သွားနေ၏၊ တစ်ယောက်နှင့်တစ်ယောက် မတူကြပုံ အခြင်းအရာတွေကို မြင်ယောင်နေသည်၊ ရုပ်သွင်မတူကြ၊ အမူအရာမတူကြ နေထိုင်ပုံမတူကြ၊ စိတ်နေသဘောထား မတူကြ၊ ပြောဆိုပုံ ဆက်ဆံပုံစသည်ဖြင့် ဘာဘာစုံခုမျှ မတူကြချေ၊ ထိုနည်းတူ မင်းစေ, ရုံးလုလင်၊ ဒရဝမ်, ဒရိုင်ဘာ, လားထိန်း, စျေးသည်, ကုန်သည်, ကန်ထရိုက်တာ, ကူလီ, လက်သမား, ပန်းရံ စသူအားလုံးတို့သည် အချင်းချင်း တူသူဟူ၍ မရှိကြ၊ ကွဲပြားသောအမူအရာ စိတ်သဘောထားပုံ ကိုယ်စီဖြစ်ကြ၏၊ စေ့စေ့အာရုံပြုကြည့်မိလေ ခြားနားကြလေပါလား။

အဝေးသို့ရောက်သွားနေသော မိမိ၏စိတ်အာရုံကို ရုပ်သိမ်းလိုက်လျှင် မျက်စိရှေ့မှလူများကို သဲကွဲစွာမြင်လာပြန်၏၊ ခရီးသည်အချို့က အထုပ်အပိုးတွေနှင့် ဗိုလ်တဲမှထွက်သွားကြသည်၊ အချို့က ကျန်နေရစ်ကြသည်၊ ထို့နောက် ခရီးသည်လူသစ်တွေက အိပ်ရာလိပ်တွေ ထမင်းအိုးသေတ္တာတွေနှင့် ဗိုလ်တဲသို့ဝင်ရောက်လာကြပြန်၏၊ ဤသို့ပင်တစ်သုတ်ပြီး နောက်တစ်သုတ် ဝင်ရောက်လာကြပြန်၏၊ ထွက်သွားကြသည်၊ ဝင်လာကြသည်၊ ရံခါ လူအုပ်စုအများ၊ ရံခါ လူအုပ်စုငယ်တစ်စု၊ ရံခါ အရာရှိတစ်ယောက်နှင့် နောက်ပါလူ ၂-ယောက်တို့ ဝင်ရောက်တည်းခိုကြ၏၊ ဤအရှင်တည်းခိုနေခိုက်တွင် ထိုဗိုလ်တဲသို့ခရီးသည်တွေ ရှေ့ဆင့်နောက်ဆင့်ဆိုက်ရောက်လာကြပြီး လူသံတွေ ကြွက်ကြွက်ဆူညံနေဘတ်ကြသည်၊ ထိုလူအုပ်ထွက်သွားကြလျှင် လူအနည်းငယ်သာကျန်ရစ်၍ စကားသံနည်းသွားပြန်၏ ရံခါအရာရှိနှင့်မင်းစေ ဆရာတပည့်နှစ်ယောက်သာရှိတော့၍ လူသံစဲသွားသည်၊ ရံခါခရီးသည်လုံးဝမရှိ၍ ဗိုလ်တဲတစ်ခုလုံး ဟုန်းကြီးတစ်ပါးတည်း ဟာပါဆိတ်နေသည်၊ ဗိုလ်တဲဟူသည် လူအမြဲမနေ၊ ခေတ္တ သာတည်းခိုရပ်နားရာ စခန်းဖြစ်သောကြောင့် ဤသို့ချည်းသာတည်း။

## လူတို့စရိုက် အလေ့အကျင့်

တစ်နေ့သောအခါ ဗိုလ်တဲစောင့်ဒရဝမ်သည် ခရီးသည်အများထွက်သွား ပြီးလေလျှင် ဗိုလ်တဲသုံးပစ္စည်းသေတ္တာကြီးကိုဖွင့်၍ ပန်းကန်ခွက်ယောက်များကို

ကြည့်ရှုစစ်ဆေးနေသည်၊ စိတ်ပျက်ဖွယ်ကောင်းသော ခရီးသည်အုပ်စု အချို့ အကြောင်းကို ပါးစပ်မှ တဖွဖွ တတွတ်တွတ်ပြောဆိုရင်း ညည်းတွားလျက် ခရီးသည်များထား ပစ်ခဲ့ကြသော ဗိုလ်တဲသုံးပစ္စည်းဘွေက်ပြရှု တိုင်တန်းလေသည်။

'ဒီလိုပါပဲဘုရား၊ အရာရှိတို့ဘာတို့ဆိုတဲ့ လူအချို့တွေဟာ ဗိုလ်တဲ ထွက်သွားကြရင် သူတို့ယူငင်သုံးစွဲကြတဲ့ပန်းကန်တွေကို သန့်စင်အောင်ဆေး ကြောခြင်းမရှိကြပါဘူး၊ ထမင်းဟင်းစတွေပေကျံလျက်နှင့် သေတ္တာထဲထိုးသိပ် ထားပစ်ခဲ့ကြတာပဲ၊ နိုင်ငံတော်အစိုးရက မင်းမှုထမ်းခရီးသည်များ အလှယ် အသင့်သုံးစွဲကြပါစေလို့ လမ်းဘက်ဆိုင်ရာက ပစ္စည်းတွေပါထိန်းသိမ်းဖို့ ဗိုလ်တဲ စောင့်က တာဝန်ယူရပါတယ်ဘုရား၊ သူတို့မှာ ကိုယ်ပိုင်ပစ္စည်းမဟုတ်လေတော့ ရှိသေနေရန်မလိုဘူးလို့ ယူဆကြဟန်တူပါတယ်၊ သွားခါနီးမှာ သူတို့သုံးတဲ့ပစ္စည်း များကို စာရင်းနှင့် ဒရဝမ်ရှေ့တွင်စစ်ဆေးပြပြီး အပ်ခဲ့ခြင်းလည်းမရှိကြဘူး၊ သူတို့သုံးစွဲပြီးလျှင် ပြီးရော သဘောထားသူတွေကများပါတယ်၊ ပြီးတော့ အဆိုး ဆုံးက ပန်းကန်အချို့ကွဲတာကို ဒရဝမ်အသိမပေးဘဲ အမှတ်မဲ့သေတ္တာထဲထည့် ပြီး ထွက်သွားတတ်ကြပါတယ်၊ ကြည့်ရှုထိန်းသိမ်းရသူမှာ တာဝန်ကြီးပြီး စိတ်ညစ်နေရစ်အောင် ဖန်တီးခဲ့ကြသလိုပါပဲဘုရား'။

ဗိုလ်တဲစောင့်ဂေါ်ရခါးအဖိုးကြီးက ဆက်ပြောပြန်၏။ 'အဲဒါကို ဘယ် အရာရှိ အုပ်စုလာတည်းခိုတုန်းကကွဲကြောင်း ထိန်းသိမ်းရသူက တာဝန်အရ လမ်းဘက်ဆိုင်ရာသို့ အစီရင်ခံလိုက်ရင် သူတို့က ဒရဝမ်အပေါ် စိတ်ဆိုးတတ် ကြသေးတယ်ဘုရား၊ မကြာခဏ အများဆုံးတွေ့နေရတာက ဗိုလ်တဲအတွင်း အပြင်အားလုံး ညစ်ပတ်ပေကျံရစ်အောင် နေသွားတတ်ကြတဲ့အကျင့်ပါသူတွေ က အတော်များပါတယ်ဘုရား၊ ရှင်းလင်းဆေးကြောရတာကို တာဝန်ကြီးတယ် လို့ တပည့်တော်မဆိုလိုပါ၊ သန့်ရှင်းသပ်ရပ်အောင် မနေတတ်ကြတဲ့ လူ့စရိုက် အကျင့်ကို ပြောခြင်းပါ'

'ပြီးတော့ ဗိုလ်တဲပတ်ဝန်းကျင်မှာ သာယာလှပအောင်စိုက်ပျိုးသားတဲ့ ပန်းပင်လှလှ ပန်းရုံလှလှကြီးတွေကို အလေးမထား၊ ချိုးဖဲ့ဖျက်ဆီးသွားတတ် ကြတာတွေကလည်း အကြိမ်ပေါင်းမရေမတွက်နိုင်အောင် များလှပါပြီဘုရား၊ အများနှင့်သက်ဆိုင်တဲ့ပန်းပင်ကို စိတ်ထားမြင့်မြတ်သူမှန်က ဒီလိုလုပ်လိမ့်မည် မဟုတ်ပါဘူး၊ သူတို့စိတ်ဟာ အထက်တန်းစားလူတွေမဟုတ်ကြောင်း သူတို့ ဘာသာ အထင်အရှားပြောပြသွားကြတာပါ'။

'အထက်တန်းစားလူဖြစ်ရမယ်၊ အောက်တန်းစားလူဖြစ်ရမယ်လို့ ဘယ်သူကမှ ခွဲခြားပေးနေရတာမဟုတ်ပါဘူး၊ ဒီလိုအတွေ့အကြုံတွေများလွန်းလာတော့ ဗိုလ်တဲစောင့်တစ်ယောက်အနေနှင့် လူတန်းစားဆိုတာ ဒီလိုပဲမြင်လာတယ်ဘုရား မင်းမှုထမ်းအရာရှိတို့ လူချမ်းသာတို့ ဆင်းရဲသားတို့ဆိုတာတွေ မမြင်တော့ပါဘုရား'

'ပန်းကန်တွေကွဲတာကို တိုက်ဆိတ်ထားခဲ့တာတို့၊ ထမင်းစားဟင်းတွေနှင့် မဆေးဘဲထားပစ်ခဲ့တာတို့၊ ပန်းပင်တွေအလှပျက်အောင် ချိုးဖဲ့သွားကြတာလို့ဟာ အရာရှိတွေမဟုတ်ပေဘူး၊ မင်းစေစေတဲ့ အရာရှိရဲ့ နောက်ပါတွေဖြစ်ပါလိမ့်မယ်'ဘုန်းကြီးက အဖြေစကားပြောရ၏။

'မှန်ပါအရှင်ဘုရားပြောသလို မင်းစေစေတဲ့ အရာရှိ နောက်ပါအသိုင်းအဝိုင်းတွေဖြစ်နိုင်ပါတယ်၊ သို့သော် ယဉ်ကျေးစိတ်ရှိသူ လူစည်းကမ်းနှင့်နေတဲ့ အရာရှိကောင်းမျိုးတွေကျတော့ အားလုံးကောင်းပါတယ်၊ သူတို့ကိုယ်တိုင်ကရော နောက်ပါလူတွေကရော စည်းကမ်းစနစ်နှင့်တည်းခိုသွားကြပါတယ်၊ ပန်းပင်တွေ မဖျက်ဆီးကြနဲ့၊ ဗိုလ်တဲကို ညစ်ပတ်အောင်မနေကြနဲ့၊ ယူသုံးတဲ့ပန်းကန်တွေ စင်အောင်ဆေးပြီး ဒရဝမ်ပြ၊ စာရင်းနှင့်အပ်ခဲ့ကြလို့ စေ့စပ်အောင်ညွှန်ကြား လေ့ရှိကြပါတယ်၊ အကယ်၍မတော်ဘဲ ပန်းကန်တစ်လုံးလောက်ကွဲသွားလျှင်လည်း တောင်းပန်ပြီး တန်ဖိုးပေးဆပ်သွားကြပါတယ်ဘုရား'

ဒရဝမ်၏လျှောက်ဆိုချက်သည် မဖြစ်နိုင်ဟူ၍ ငြင်းစရာမရှိပါ၊ သူ၏ကိုယ်တွေ့ကိုအရင်းတည်ပြီး လူတန်းစား ၂–မျိုးဖြစ်ရပုံတင်ပြချက်ကို မှတ်သားထိုက်ပေသည်၊ ဒရဝမ်ကိုယ်တိုင်က ဘယ်လိုလူတန်းစားနည်းဟုသိရန်လို၍ ဘုန်းကြီးက သူ့ကိုပြန်မေးလိုက်သည်။

'ယဉ်ကျေးမှုမရှိသူ စည်းကမ်းမရှိသူများနှင့် တွေ့ရတဲ့အခါမှာ ဒရဝမ်ရဲ့စိတ်က ဘယ်ပုံသဘောထားသလဲ'

## ယဉ်ကျေးမှုနှင့် စည်းကမ်းရှိသူ

'ယဉ်ကျေးမှုမရှိသူနှင့် စည်းကမ်းမရှိသူ အောက်တန်းစားလူဆိုတာ သိနေရင် လွယ်ပါတယ်၊ ငါကတော့ သူတို့လိုအောက်တန်းစားစိတ် မထားဘူး၊ သူတို့က ရိုင်းချင်တိုင်း ရိုင်းကြပါစေ၊ မိမိက အထက်တန်းစား စည်းကမ်းရှိတဲ့ လူယဉ်ကျေးတစ်ယောက်အဖြစ်နှင့် နေပြမယ်လို့ နှလုံးပိုက်ထားလိုက်တယ်ဘုရား၊ ပြီးတော့ အရာရာမှာ သည်းခံပြီး ဗိုလ်တဲစောင့်ရဲ့တာဝန်အားလုံး ကျေပွန်အောင် ပြုစုပေးလိုက်တာချည်းပါပဲ'

'ယဉ်ကျေးမှုနှင့်စည်းကမ်းရှိကြတဲ့လူတွေ ဆိုက်ရောက်လာပြန်တော့ကော ဘယ်လိုဆက်ဆံသလဲ'

'ဒီလို ယဉ်ကျေးမှုနှင့် စည်းကမ်းရှိကြတဲ့ လူကြီးလူကောင်းတွေဆိုက်ရောက်လာပြန်တော့ ဝမ်းမြောက်ကြည်သာ ဖြစ်ရတယ်ဘုရား၊ စည်းကမ်းရှိကြတဲ့လူယဉ်ကျေးကြီးတွေ အထက်တန်းစား လူကြီးတွေပါကလားလို့ ကြည်ညိုမှုကြီးကြီးထားပြီး ဧည့်ခံပြုစုပေးလိုက်တယ်ဘုရား'

'အရာရှိကြီး အရာရှိငယ် အရာရှိမဟုတ်သူဆိုတဲ့ အနေမျိုးကော ဒရဝမ်ကြီးက လေးစားမှုမခွဲခြားဘူးလား'

'တာဝန်အရတော့ ခွဲခြားမှုရှိတယ်လို့ဆိုရမှာပဲဘုရား၊ သို့သော် အရာရှိကြီးတာ ငယ်တာတို့နဲ့ အရာရှိမဟုတ်တဲ့ သာမန်မင်းမှုထမ်းတို့၊ အလုပ်သမားတို့၊ တောင်သူလယ်သမားတို့ဆိုတာတွေက ထမင်းလက်မှတ်ရထားခြင်းနှင့် ပရိယေသနအလုပ်သာ ကွာခြားခြင်းပေါ့ဘုရား၊ အထက်တန်းစားလူအောက်တန်းစားလူ ခွဲခြားခြင်းမဟုတ်ပါ၊ ဘာကြောင့်လဲဆိုတော့ အရာရှိမဟုတ်တဲ့ မင်းမှုထမ်းလူစားတွေထဲမှာရော အလုပ်သမားတွေ တောင်သူလယ်သမားတွေထဲမှာရော အထက်တန်းစားလူတွေ ရှိနေပါတယ်၊ ရာထူးလက်ကိုင်ရှိနေကြတဲ့ လူတန်းစားတွေအထဲမှာလည်း အောက်တန်းစားလူတွေရှိနေကြတာပါဘုရား၊ ဒါကြောင့် လူတန်းစားနှစ်မျိုးသိမြင်နေခြင်းပါ'

'သြော်–အင်း လူတန်းစား ခွဲခြားမြင်တတ်ပုံက သဘာဝကျပါဘိခြင်း' ဗိုလ်ဘဲစောင့်တစ်ယောက်အနေဖြင့် ထိတွေ့ဆက်ဆံနေရသော ခရီးသည်အမျိုးမျိုးကို သူ၏ရှုထောင့်မှနေ၍ အကဲဖြတ်ယူတတ်သော လူတန်းစားခွဲခြားယူပုံမှုကို သဘောကျလှ၏၊ ဒရဝမ်အဘိုးကြီး၏လျှောက်ထားချက်ကို နားထောင်နေရင်း အချင်းချင်းမကူညီကြသောလူများ၏ အတွင်းမှလုပ်းကြောင်းကို သဲလွန်စရလာသည်၊ လူတန်းစားသဘာဝကို အမြင်ပေါက်လာသကဲ့သို့ စိတ်အမြင်ရှင်းသာသည်၊ လူတန်းစားဆိုသည် သူတစ်ပါးကလာရောက်၍ ခွဲခြားနေခြင်းမဟုတ်၊ မိမိတို့၏စိတ်နေသဘောထားက ကိုယ်တိုင်ခွဲခြားနေကြခြင်းဖြင့်၏၊ ဆက်ဆံပုံ, လုပ်ဆောင်ပုံ, ပြုမူချက်များက ခွဲခြားကြသည်၊ နေထိုင်ပုံ ပြောဆိုပုံများက ခွဲခြားကြသည်၊ ယင်းသို့ သဘာဝကျသော မှုမှန်ကိုကိန်းသေချ ကြည့် လိုက် လျှင် လူတန်းစားသည်တခြား၊ ရာထူးရာခံဆိုသည် တခြား၊ ပစ္စည်းဥစ္စာကြွယ်ဝခြင်း ဆင်းရဲခြင်းသည်တခြား၊ အထက်တန်းစားလူ အောက်တန်းစားလူဖြစ်ရခြင်းသည် ရာထူးရှိခြင်းချမ်းသာခြင်းတို့နှင့် မဆိုင်ကြောင်း ယခုမှ ရှင်းလင်းစွာမြင်လေတော့သည်။

## အမြင်မှန်ကြည့်တတ်သူ

ဂေါ်ရခါး အဖိုးကြီးသည် ဒရဝမ်အလုပ်ဖြင့် အိုမင်းလာခဲ့သည်၊ နှစ်ပေါင်းများစွာ ဗိုလ်တဲထဲ၌ ထိုင်၍ မင်းမှုထမ်းကြီးငယ်လာသမျှကို တာဝန်အရ အလုပ်အကျွေးပြုရသည်၊ လူမျိုးစုံ၊ မင်းမှုထမ်းဌာန မျိုးစုံတို့နှင့် ဆက်ဆံ၍ တွေ့ထိနေရသည်၊ ဆက်ဆံရဖန် များလာသောအခါ သူ၏ စိတ်မျက်စိတွင် အရာရှိကြီး၊ အရာရှိငယ်၊ အရာရှိမဟုတ်သူဟူ၍ မမြင်ချေ၊ အထက်တန်းစားလူနှင့် အောက်တန်းစားလူ ဟူ၍ ၂-မျိုးသာ ခွဲခြား၍မြင်လေတော့သည်၊ ထိုနည်းအတူ မင်းမှုထမ်းလောက၏ ပြင်ပမှလူများကိုလည်း အလုပ်သမား၊ ကုန်သည်၊ ပွဲစား၊ ဈေးသည်၊ တောင်သူလယ်သမားဟူ၍ ခွဲခြားမြင်ရန်မရှိ၊ ဂုဏ်ရှိသူ ဘွဲ့ထူးရှိသူ ပညာတတ်သူ ချမ်းသာသူ ဆင်းရဲသူဟူသောအမြင်ကိုလည်း မြင်နေရန်မရှိတော့ချေ၊ လူဟူသမျှတွင် အထက်တန်းစားလူနှင့် အောက်တန်းစားလူ နှစ်မျိုးသာ မြင်နေပေမည်။

## လူတန်းစားသုံးမျိုး

ဘုန်းကြီးအမြင်အားဖြင့် လူတန်းစားသုံးမျိုးရှိသည်၊ အထက်တန်းစားလူနှင့် အောက်တန်းစားလူရှိနေလျှင် ထိုနှစ်မျိုးတို့၏အကြား၌ အထက်မရောက် အောက်မကျသော အလယ်အလတ်တန်းစားလူတစ်မျိုး မုချရှိရဦးမည်၊ လူ့ယဉ်ကျေးမှုနှင့် လူ့စည်းကမ်းအထက်တန်းကျကျရှိသူကို အထက်တန်းစားလူ၊ မရှိသူကို အောက်တန်းစားလူ၊ ထိုစည်းကမ်းအတော်အသင့်ရှိသူကို အလယ်တန်းစားလူဟူ၍ သတ်မှတ်ရမည်၊ ထို့ပြင် လူတစ်ယောက်တည်းက အထက်တန်းစားစိတ်ရှိနေခိုက်တွင် အထက်တန်းစားလူ၊ အောက်တန်းသို့ ကျသွားခိုက်တွင် အောက်တန်းစားလူဖြစ်၍ အထက်မတက် အောက်သို့လည်းမကျ အလယ်လောက်၌ ရပ်တည်နေခိုက်တွင် လူလတ်တန်းစားဟူ၍ နေ့ချိန်သုံးဆင့်ပြောင်းနေတတ်သော စိတ်မတည်သည့်လူများလည်း ရှိနေကြ၏၊ ယခုခေတ်တွင် ထိုလူစားမျိုး အတော်များများရှိသည်ဆို၏၊ ဤဘွင် အစပိုင်းမေးခွန်းပြေပြီမဟုတ်လော။

## ဝန်ထောက်တစ်ဦး အကြောင်း

အခါတစ်ပါးက ချင်းတောင်ဖလန်းမြို့၌ ဝန်ထောက်တစ်ယောက်အကြောင်း ကြားရဖူး၏၊ ထိုသူကားနယ်ဝန်ရှင်ထောက် လူထူးဖြစ်သည်၊ လူထူးဆိုသည် သူ၏စိတ်နေသဘောထားနှင့် ပြုမူတတ်ပုံကိုပြောသည်၊ အခြား

မြို့တစ်နေရာသို့ ပြောင်းရွှေ့ရန်အထက်ဌာနဆိုင်ရာမှ အမိန့်ရောက်လာသောအခါ သူလုပ်ဆောင်နေကျရုံးအလုပ်များကို ကောင်းစွာမလုပ်တော့ချေ၊ အမှန်မှာ ပြောင်းမိန့်ထွက်သော်လည်း ထိုနေရာမှ ချက်ချင်း ပြောင်းရွှေ့သွားရသည် မဟုတ်ပါ၊ ဆက်ခံမည့်သူ လူသစ် ရောက်လာသည့်တိုင်အောင် တစ်လကျော်အထိ စောင့်ဆိုင်းနေရတတ်ကြသည်၊ သို့ရာတွင် သူကားအလုပ်ဟူသမျှ ဘာကိုမျှမလုပ်တော့ချေ။

'နောက်လာမယ့်သူ ရောက်ခါမှ သူ့ဘာသာ ဘာဖြစ်နေနေကွာ၊ ငါ့ကို ဆဲချင် ဆဲပါစေ၊ ငါပြောင်းရတော့မှာအတူတူ ဘာမှ မလုပ်တော့ဘူးကွ'တဲ့။

ဤသို့ပင် သူ၏ စိတ်ယုတ်ညံ့ပုံ သဘောထားမှုကို ပြောင်ပြောင်ပင် စာရေးတွေကြားအောင် ပြောဆိုလျက် မပြီးပြတ်သေးသည့် ဆောင်ရွက်ဆဲအလုပ်တွေရော စာဖိုင်တွဲတွေပါ စုပုံထားခဲ့သည်၊ နေ့စဉ် ရုံးတော့သာ၍ထိုင်ပါ၏၊ ပြီးပြတ်အောင်လုပ်နိုင်သော အလုပ်လက်စတွေရှိပါလျက် ဟိုဖိုင်တွဲလှန်၍ ငေးချေ၊ သတင်းစာဖတ်သလိုလို မှတ်စုယူသလိုလိုလုပ်ရင်း အချိန်ဖြုန်းပြီး ရုံးဆင်းသွားတတ်သည်၊ ဘာဆိုဘာမျှကို မလုပ်တော့ချေ၊ သူနေထိုင်သော အစိုးရအိမ်ဝင်းအတွင်း၌ သူတို့မိသားစု စားသုံးရန်အတွက် စိုက်ပျိုးထားသော ဂေါ်ဖီထုပ်စသည့် ဟင်းရွက်ခင်းများရှိလေရာ စားသုံး၍မကုန်သေးဘဲ ကျန်သမျှဟင်းရွက်ခင်းအားလုံးကို နောက်လာမည့်သူစားပါစေဟု ချန်မထားလို၊ ဖျက်ဆီးပစ်ခဲ့သည်၊ ထိုသူ၏ စိတ်ယုတ်ညံ့သိမ်ဖျင်းသော အပြုအမူကို မြင်ကြ ကြားကြရသော လူများကပါ စိတ်ပျက်ကြသည်။

'ဒီလူဟာ ဝန်ထောက်သာဖြစ်လာတယ်၊ စိတ်နေစိတ်ထားက အတော်အောက်တန်းကျတဲ့လူပဲ၊ ဒီပုံသာ ဘဝခရီးဆက်သွားနေရင်တော့ အထက်တန်းတက်ဖို့ဝေးကွာလှပါလား'ဟူ၍ ပြောဆိုကျန်ရစ်ကြသည်၊ တစ်ဝန်းကျင်အသိုင်းအဝိုင်းကပြောကြသည့်အတိုင်း မှန်နေသည်၊ ကိုပန်းထောက်တော်မင်း ပြည်မဘက် အခြားခရိုင်မြို့တစ်ခုသို့ ပြောင်းရွှေ့သွားပြီးနောက် နှစ်တစ်ပတ်လည်ခန့်ကြာလျှင် ဘာတွေချွတ်ယွင်း၍ ဘာအမှားတွေ ဖြစ်ရှာလေသည်မသိ၊ နယ်ပိုင်အလုပ်ပြုတ်သွားကြောင်း ချင်းတောင်ဖလမ်းမှ မိတ်ဆွေများက သတင်းကြားသိရလေတော့သည်။

## စာရေးကြီးတစ်ယောက်

အခါတစ်ပါးက လူထူးလူဆန်းကဲ့သို့သော ရုံးချုပ်စာရေးကြီးတစ်ယောက်ကိုလည်း ဖလမ်းမြို့၌ ကြားရဖူးသေး၏၊ သူသည် ခရိုင်မြို့ ရုံးကြီးတစ်ရုံး၌

မှုလွဲလျှင် သူသာအကြီးအကဲ ဖြစ်သည်၊ သူထူးပုံကား သူရလိုသောနေရာ အဆင့်အတန်းကို မရကောင်းလားဟူ၍ ကလေးဆိုးကြီးဆန်စွာ တဆူဆူ ပူပူ လုပ်နေတတ်ခြင်းဖြစ်၏၊ ထိုရုံး၌ သဘောထားကြီးသော မြန်မာအရာရှိကြီးသည် သိယောင်တစ်မျိုး မသိယောင်တစ်မျိုးဖြင့် နှုတ်ဆိတ်စွာ သည်းခံ၍ ဘာမျှ မပြော ကြည့်နေတတ်သည်၊ ရုံးချုပ်စာရေးကြီးကား ထိုအခွင့်ကောင်းကို အကွက် ကောင်းယူကာ ဆူပူနေရာမှ တစ်ဆင့်တက်၍ လုပ်ဆောင်နေကျ အလုပ်တာဝန် များကိုပင် မလုပ်တော့ချေ၊ မုန့်တောင်းမရ၍ စိတ်ကောက်တတ်သော ကလေး ဆိုးကြီးနှင့် လုံးဝတူနေ၏၊ အရာရှိကြီးကို မျက်စောင်းတခဲခဲနှင့် ကြည့်ကာ အရွဲ့ တိုက်ပြီး ပိတ်မောက်၍ ဆန့်ပြ နေတတ်သည်ဆို၏၊ အရာရှိကြီးက သူသည် ရုံးသာလုပ်ကိုင် သက်တမ်းရှည်လျှပြီးသူ ဖြစ်သည်ကို လူကြီးပီပီငဲ့ညှာ၍ စောင့်ကြည့် နေလိုက်သည်၊

## ရလိုသောနေရာ ရပြန်ကလည်း

တစ်နေ့တွင် သူရချင်နေသော တိုင်းမင်းကြီးရုံး၌ အပါးတော်မြဲ(ပီအေ) ခေါ် ရုံးဝန်ထောက်ရာထူးကို ရသွားလေသည်၊ သူ၏စိတ်ကား ထိုရာထူးရပြန် တော့လည်း တစ်မျိုးဖောက်ပြန်သည်ဆို၏၊ ခေတ္တသာတာဝန်ကျသကဲ့သို့ရှိသော် လည်း တာဝန်အလုပ်ကို ကြိုးစားလုပ်ဆောင်ခြင်းမရှိချေ၊ လများမကြာမီတွင် တောပြော ပေါင်ပြောနှင့် အလုပ်တာဝန်ကို ပေါ့လျော့စွာ အချိန်ကုန်စေပြန် သည်၊ မြန်မာလူမျိုးတိုင်းမင်းကြီးသည် စိတ်ပျက်ပျက်နှင့်ပင် ဘာမျှမပြောသေး ဘဲ သူ့အမူအရာကို စောင့်ကြည့်နေသည်၊ တစ်နှစ်ကျော်ကြာလျှင် ကံကောင်း ချင်၍လော ဆိုးချင်၍လောမသိ၊ နယ်ပိုင်နှင့်နေရာချင်း အလဲခံရ၍ ရုံးဝန်ထောက် ဘဝမှ နယ်ပိုင်ဝန်ထောက်ဖြစ်သွားလေသည်၊ ထိုနေရာသည် သူကိုသိသာအောင် လူကဲခတ်ပုံ ခံရခြင်းဖြစ်သည် ဆိုရပါမည်၊ နယ်ပိုင်ဖြစ်လျှင်လည်း သူ၏အလုပ် တာဝန်ကို ကောင်းစွာ လုပ်ဆောင်မှုမရှိ၊ လုပ်ကိုင်ဟန်ကလည်း အချိုးမကျ၊ အလုပ်သင်အဆင့်ပန်းခန့် နယ်ပိုင်မျှဖြစ်သော်လည်း ဘာမဆို သူတတ်ပြီး နားလည် ပြီးဟု ခပ်ကြွားကြွားပြော၍ ဟန်ပြနေတတ်သည်၊ ထို့ပြင် သူထင်ရာကိုအာဏာ ရှင်ဆန်ဆန် တင့်တိုးလုပ်ဘက်သေး၏၊ ရုံးဝန်ထမ်းများအပေါ်နှင့် တောရွာမှ သူကြီးများအပေါ်ကို အာဏာပြမှုတွေ လွန်သည်ပြောပြ၏၊ ထိုကိစ္စကို မကျေ မနပ်ဖြစ်ကြရာမှစ၍ အမှုကိစ္စ ပြဿဒ်မီးလောင် ဆိုသလို နယ်ပိုင်အဖြစ် ဆက်လက်ထားရန် အဆင်မပြေတော့သောကြောင့် မှုလသတ်မှတ်ထားပြီး ၆–လ မျှမပြည့်ခင် မြို့ပိုင်သို့လျှော့ချခြင်းခံရသည်၊ ထိုရာထူးကို သာ၍မကျေနပ်သော

ကြောင့် ဘာတွေအရှဲ့တိုက်လေသည်မသိ၊ သနားစရာကောင်းသော ဝန်ထောက်တော်မင်း, ရုံးဝန်ထောက်, မြို့ပိုင်မင်းသည် လုံးဝ အလုပ်ပြုတ်ခံသွားရ ရှာလေတော့သည်။

'အနုပဋိလောမ'သို့ ပြောင်းချင်တိုင်း ပြောင်းနေလေ့ရှိသော ထိုလူအောက်တန်းစားသည် အခြားသူ၏ ချိုးနှိမ်ခြင်းပယောဂမပါချေ၊ သူ၏အထက်တန်းစားလူ မဖြစ်စေခြင်း တရားခံကား သူ၏ စိတ်ဖြစ်ကြောင်း ပဋ္ဌာန်းကျမ်း ကြားမြင်သူ အဖော်အားလုံးက သိကြ၏၊ သူ၏ပြုမူချက် လုပ်ဆောင်ချက်သာ တရားခံအစစ်ဖြစ်သည်၊ လူတစ်ယောက်ကို (တရားဓာတ်နှင့်) အပိုင်းခွဲလိုက်လျှင် ရုပ်တရားနှင့်နာမ်တရား ၂-မျိုးသာရှိ၏၊ ဤ၌ 'နာမ်လိမ္မာမှ ရုပ်သက်သာမည်၊ နာမ်လိမ္မာက ရုပ်နာရမည်၊ နာမ်မအေး ရုပ်ဘေးသင့်ကြမည်' ဟူသော ကမ္မဋ္ဌာန်းဆရာတော်ကြီးတစ်ပါး၏ ဆုံးမစာဆောင်ပုဒ် သဘာဝကို ကွက်ကွက်ကွင်းကွင်း မြင်ပေါ်လာလေသည်၊ အထက်တန်းရောက်ချင်လျှင် သူတစ်ပါးကို စိတ်ကောက်ရသည်မဟုတ်။

## အရေးပိုင်ကောင်းကြီးတစ်ဦး

လွန်ခဲ့သောတစ်ချိန်က ချီးမွမ်းဖွယ်ကောင်းသော မြန်မာ အရေးပိုင်ကြီး (နောက်ပိုင်းတွင် ရာထူးဝန်)တစ်ဦးကို ဤအရှင် နီးကပ်စွာတွေ့မြင်ရဖူး၏၊ သူ၏ စေတနာသည် သူအုပ်ချုပ်နေရသော နယ်အတွင်းရှိ လူများအားလုံးကို မေတ္တာထား၍ ချမ်းမြေ့စွာ နေနိုင်ရန်ကြိုးစားသည်၊ တောကျေးလက်များသို့ ခရီးတွင်တွင် ထွက်၍ ကောင်းမွန်စွာ နေထိုင်တတ်ကြရန် တရားဟောပြော ညွှန်ကြားသည်၊ ဆင်းရဲသောတောရွာ ကျေးလက်သားများကို အထူးသနားကြင်နာ တတ်သည်၊ ထို့ပြင် သူစီရင်ဆုံးဖြတ်ရသော အမှုအခင်းများကို ဖြစ်နိုင်လျှင် တရားလိုတရားခံ နှစ်ဦးနှစ်ဖက် ကျေနပ်မှုရအောင် ကြိုးစားပေးတတ်သည်၊ ခိုးမှု, အချင်းများ မှုစသော အရေးမကြီးသည့် တစ်ကြိမ်တစ်ခါမှားယွင်းမှုနှင့် မခံချင်၍ ဒေါသ အလျောက်လွန်ကျူးမှု အသေးအဖွဲ့များကို တရားဟောပြဆိုဆုံးမ၍ ကျေအေး ပြီးပြတ်စေသည်။ ထိုအချိန်က ချားတောင်သည် (၉၁)ဌာန အုပ်ချုပ်ရေးအရ ဘုရင်ခံတိုက်ရိုက်အုပ်ချုပ်သောနယ်မြေဖြစ်နေရာ အင်္ဂလိပ်အစိုးရအာဏာကြီး မားချိန်ဖြစ်၏၊ သို့သော် အဆိုပါ အရေးပိုင်ကြီးသည် မျက်နှာဖြူ အရာရှိများကို တာဝန်အရနှင့်လူနှင့် လူချင်းယဉ်ကျေးမှုသဘောအရမျိုး ရင်းနှီးစွာဆက်ဆံသည်၊

သို့ရာတွင် တိုင်းပြည်နှင့်မြန်မာလူမျိုးအပေါ် တစ်စုံတစ်ရာထိပါးလာလျှင် စကားဖြင့်ရင်ဆိုင်တိုက်ခိုက်လေ့ရှိသည်၊ ဘယ်အခါမှ အညှော်မခံချေ။

## ထားရာနေ စေရာသွား

တစ်နေ့သ၌ နယ်ပြောင်းရမည့်အမိန့် ရောက်လာ၏၊ တိုင်းမင်းကြီးအဆင့်တက်၍ ရန်ကုန်သို့ပြောင်းရမည့် အမိန့်ဖြစ်သည်၊ထိုအခါ နေမြဲတိုင်း မြို့၌ဆက်လက်နေပါရစေဟူ၍ မတောင်းပန်၊ ဘယ်နေရာတော့မသွားချင်ဘူးဟူ၍လည်း မငြင်းဆိုပါ၊

'မင်းမှုထမ်းဆိုတာ ထားရာနေရမယ်, စေရာသွားရမယ် မဟုတ်ပါလော၊ ဒီလိုထားရာမနေချင်ဘူး၊ စေရာမသွားချင်ဘူးဆိုရင် မင်းမှုထမ်းမလုပ်ဘဲ နေရမယ်၊ ကိုယ်နေချင်ရာအမြဲအစွဲနေချင်သပဆိုလျှင် ဖြစ်တယ်၊ မင်းမှုထမ်းအလုပ်မှထွက်ပြီး တောင်သူလယ်သမား ခြံသမားလုပ်၊ ကုန်သည်ပွဲစားလုပ်၊ နေနေကျအိမ်၌အမြဲနေရမယ်၊ဒါလမ်းစဉ်ပဲ' ဟူ၍ ဘဝတူမင်းမှုထမ်းငယ်သားများအား တရားဟောပြောလေ့ရှိသည်။

## ခရီးထွက်ခါနီးတွင်

ထိုအရေးပိုင်ကြီးလုပ်ဆောင်ပုံကား ခရီးမထွက်ခွာရသေးမီ ရနိုင်သမျှသော အချိန်ပိုင်းရက်ပေါင်းတွင်း သူ၏လုပ်ငန်းဆိုင်ရာလက်စအားလုံးကို အပြီးသတ်အောင် သိမ်းကျုံးဆောင်ရွက်သည်၊ နောင်ရောက်လာမည့် အရေးပိုင်သခင်လက်ထက်တွင် တာဝန်မကြီးစေရန်ဟူ၍ ရုံး၌လုပ်ဆောင်ရန်ရှိသမျှ အလုပ်တွေကိုဘာတစ်ခုမျှကျန်နေရစ်ခြင်းမရှိအောင် နံနက်တွင် ၈–နာရီ ရုံးဒရဝမ်အားတံခါးဖွင့်စေ၍ သူတစ်ယောက်တည်းရုံးတက်ပြီး အလုပ်လုပ်နေသည်၊ညနေပိုင်းတွင်အခြားရုံးသားများကိုငှဲ့ညာ၍ လေးနာရီပုံမှန်ရုံးဆင်းသော်လည်း သူ၏အလုပ်ဖိုင်တွဲများကို ရုံးလုလင်အား သူ့အိမ်အပို့ခိုင်း၍ သူ့အိမ်၌အလုပ်ဆက်လက်လုပ်သည်၊ ရုံး၌လုပ်ဆောင်ရေး အလုပ်တာဝန်ပြီးလေလျှင် လက်မမသတ်ရသေးသော အမှုလက်ကျန်များကို ဖြစ်နိုင်လျှင်မြန်မြန်စစ်ဆေး၍ အပြီးအပြတ်ထားခဲ့သည်၊ ထိုလုပ်ငန်းတာဝန်ပြီးပြတ်လျှင် ရုံးအုပ်ကိုခေါ်၍ ဘယ်ပစ္စည်းဘယ်ကိုပေးလိုက်ပါ၊ဘယ်ကိစ္စ ဘယ်လိုဆောင်ရွက်လိုက်ပါ၊ဘယ်သူ့ထံမှာ ဘာရစရာရှိနေတာကို ချောမောအောင် ဘယ်လိုလုပ်ရစ်ကြပါ၊ စာနှင့်ရေးမှတ်ထားဟူ၍ သေချာစွာမှာကြားထား ခဲ့သည်၊တို့နောက် ရုံးအပြင်ကိစ္စများကိုလည်း ဘယ်လမ်း

ကိုဘယ်အထိ ရှင်းရစ်ကြပါ၊ဘယ်တံတားကို ဘယ်လအတွင်းပြီးအောင် ဆောက်လုပ်ကြပါ၊ဘယ်နယ်ကို ဘယ်ပစ္စည်း ဝေငှပေးရစ်ကြပါဟူ၍ ဆိုင်ရာတာဝန်ဆောင်များအား ခေါ်၍မှာကြားခဲ့၏၊ 'နောင်ကျန်တော်မေ့ရစ်တာများရှိခဲ့လျှင် အချိန်မရွေး အကြောင်းကြားကြပါ၊ ဖြစ်နိုင်သောနည်းဖြင့် ဆောင်ရွက်ပေးပါရစေ' ဟူ၍ သက်ဆိုင်ရာအရာရှိများနှင့် အမှုထမ်းများအား ဖိတ်ကြားချက်တွေတသီကြီးနှင့် ရင်းနှီးစွာမှာကြားထားခဲ့သေး၏။

ခေတ္တခရီးထွက်သွားရမည့် အလုပ်ရှင်ကြီးတစ်ဦးက သူ၏အလုပ်သမားများနှင့် အိမ်သားများအား အလုပ်မချို့ယွင်းစေရန် မှာကြားနေပုံနှင့်တူဘိ၏၊ နာခံရသူတို့ ကြားနာရင်း လေးစားကြသည်၊ချစ်ခင်ကြည်ညိုမှုတိုးကြသည်၊တခြားပြောင်းသွားတော့မည်ကိုပင် နှမြောဝမ်းနည်းဖြစ်နေကြသည်၊ ထို့ပြင် ကောင်းချက်ရှိသေး၏၊ သူနေထိုင်လျက်ရှိသော အစိုးရပိုင်တိုက်အိမ်ကို နောင်အရေးပိုင်သစ်ရောက်လာလျှင် စိတ်ကြည်ချမ်းမြေ့စွာနေရန် သူနေစဉ်ကထက်ပင် သန့်ရှင်းသပ်ရပ်အောင် ပြုပြင်မွမ်းမံထားခဲ့သည်၊ ထိုအိမ်အနီးမြေပေါ်၌ သူစားသုံးရန်စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်ငေးကိုလည်း နောက်လူသစ်ရောက်ခါစမပင်မပန်း အလွယ်စားသုံးရစ်ပါစေဟု အခြေမပျက်ထားခဲ့ပြီး အိမ်စောင့်ဒရဝမ်အား ဂရုစိုက်ရေလောင်း၍ စောင့်ရှောက်နေရစ်ရန် စနစ်တကျမှာထားခဲ့သည်၊ အိမ်အတွင်းအပြင် ရုံးအတွင်းအပြင် အားလုံးပြုပြင်ခြင်း, မှာကြားခြင်းကိစ္စပြီး၍ တိကျစွာလွှဲအပ်ပြီးခါမှ ခရီးထွက်သွားလေသည်၊ထိုအရေးပိုင်ကြီးကို လူတိုင်းကနှမြောလွမ်းဆွတ်နေရစ်ခဲ့ကြသည်၊ စိတ်ထားမြင့်မြတ်လျှင် ဘယ်သူမဆို အထက်တန်းစားလူ ဖြစ်နိုင်၏၊မိမိ၏စိတ်ထားကအလယ်အလတ်ရှိလျှင် အလတ်တန်းစားလူဖြစ်ရ၏၊ မိမိစိတ်ကအောက်တန်းကျလျှင် အောက်တန်းစားလူဖြစ်ရမည်၊ စိတ်ရင်းစေတနာသည် လူတန်းစားကိုခွဲခြားနေသော တရားခံလက်သည်ဖြစ်လေသည်။

ထိုအရေးပိုင် လူတော်လူကောင်းကြီးသည် သူ၏မြင့်မြတ်သောစိတ်ရင်း, ကြည်လင်ဖြူစင်သောစေတနာကောင်း, စေ့စပ်သောအလုပ်ကောင်းခြင်း တို့ကသူ့ကိုအထက်တန်းစားလူဖြစ်စေကြသည်၊ ထိုစိတ်ရင်းကောင်းတို့ကြောင့်ပင်လျှင် ချင်းတောင်၌ စစ္စဦးသော တိုင်းမင်းကြီးဖြစ်လာသည်၊ ဝိသေသတိုင်း၌ မြန်မာလူမျိုးတိုင်းမင်းကြီးတာဝန်ကို နှစ်ကြာကြာတာဝန်ထမ်း၍ ပင်စင်ယူပြီးလျှင် ရန်ကုန်မြို့၌ ရာထူးဝန်အလုပ် ခန့်ထားခြင်းခံရလေသည်၊ သူကား ရန်ကုန်မြို့

ပုဇွန်တောင် ဈေးတန်းသား ဇာတိ သူဌေးကြီးဆာဘိုးသာ၏ တူ အရင်း 'ဦးသိမ်းမောင်'ဖြစ်သည်၊ ဤအရှင်နှင့် အဆိုပါဒကာကြီးဦးသိမ်းမောင်ကို လွန်ခဲ့သော အင်္ဂလိပ်အစိုးရလက်ထက်တွင် မြောက်ပိုင်းချင်းတောင် ဖလမ်းမြို့၌ စတင်တွေ့ရ၍ မိမိ၏ဘောင်တန်းသာသနာပြုလုပ်ငန်းကို ထိရောက်အောင် အားပေးကူညီသူဖြစ်၏၊ ထိုအချိန်တွင် မြောက်ပိုင်းချင်းတောင်၌ ဗုဒ္ဓဘာသာဘုန်းကြီး လုံးဝမရှိပါ၊ထို့ကြောင့် ဘုန်းကြီးကျောင်းလုံးဝမရှိပါ၊ ဤအရှင်နှင့်ညှိနှိုင်း တိုင်ပင်ကြပြီးလျှင် ဖလမ်းမြို့၌ ဤအရှင်အဘို့က် ကျောင်းဖြစ်ပေါ်လာသည်။

ဒကာကြီး ဦးသိမ်းမောင်သည် ရန်ကုန်မြို့သားဖြစ်၏၊သို့ရာတွင် ရန်ကုန်မြို့၌ သူကိုးကွယ်ဆည်းကပ်သောဘုန်းကြီး ရင်းနှီးကြည်ညိုလေးစားသောဆရာတော် ဟူ၍မရှိပါ၊ ဤအရှင်နှင့် သုံးနှစ်ကြာအတူနေကြရပြီးလျှင် ဤအရှင်ကို 'ဝီရိယ သမား, စွန့်စားသောပုဂ္ဂိုလ်ထူး'ဟူ၍ သူ၏ဘဝတာတွင် အကြည်ညိုဆုံးဖြစ်ကြောင်း သူ၏မိတ်ဆွေများအား ပြောပြသည်ဟု တစ်ဆင့်စကားထပ်ကြားရ၏၊ ဒကာကြီး ဦးသိမ်းမောင်သည် ရန်ကုန်မြို့ သူ၏နေအိမ်၌ လွန်ခဲ့သော ၁၀–နှစ်ကျော်က ကွယ်လွန်သွားကြောင်း ကြားသိလိုက်ရ၏၊ လမ်းခွဲသွားလေပြီ။

# လေ့လာမှုရှိသူ

'လေ့လာမှုရှိသူဖြစ်ပါသလား' ဟူ၍ အသင့်ကိုမေးခဲ့သော် မည်သို့ဖြေဆိုမည်နည်း၊ အမှန်အတိုင်းဖြေရမည်၊ လူ့လောကတစ်ခွင်ဝယ် များစွာသောလူတို့သည် အမှတ်မဲ့နေသေ့ရှိကြ၏၊ ကမ္ဘာလောကတွင် မြန်မာလူမျိုးတို့သည်လည်း အများအားဖြင့် အမှတ်မဲ့နေတတ်သောလူမျိုးအစားတွင် ပါဝင်နေကြသည်ဆို၏၊ လူအချို့သည် ရိုးရာထုံးတမ်းကဲ့သို့ဖြစ်နေကြ၍ ဘာမျှမကူးဆန်းသလို ရှက်စရာလည်းမရှိ၊ ကဲ့ရဲ့ရာလည်းမဟုတ်ဖြစ်နေကြသည်။

## ပြုပြင်ရန်အချိန်ရောက်ပြီ

ယနေ့ခေတ်မြန်မာပြည်တွင် ပေါ့ဆစွာနေတတ်သူ၊ ပေါ့ဆစွာလုပ်တတ်သူအဖြစ်မှ အခြေပြောင်းကြရန် အချိန်ရောက်ခဲ့ပြီ၊ မကောင်းသောဓလေ့ကို လူမျိုးရိုးရာကဲ့သို့ ဆက်လက်မနေကြရန် နားလည်လာအောင် လိုက်နာလာအောင် ပြုပြင်ပေးကြရပေမည်၊ လူတို့သဘာဝက အကြောသေလျှင် မကောင်းပါ၊ ပြုပြင်ပေးသူရှိလျှင်ဖြစ်သည်၊ သို့ရာတွင် ပြုပြင်ပေးသူက အမြဲရှိနေလိုပါသည်၊ ပြုပြင်ပေးသူများအား နည်းကိုပြောမည်၊ ရှေးဦးစွာ အစိုးရမူလတန်းကျောင်းများနှင့် ဘုန်းကြီးကျောင်းများက စတင်ကြလျှင်ဖြစ်နိုင်သည်၊ ဤနည်းလမ်းသည် တစ်ချိန်တည်းနှင့် နယ်ကျယ်ပြန့်စွာ ခရီးရောက်နိုင်သည်။

## အလေ့အထ အကျင့်ပါအောင်

သူတို့စိတ်ထဲက လေ့လာမှုကို အလိုလိုအကျင့်ပါစေရမည်၊ အကျင့်ပါ၍ အလေ့အထပါသွားအောင် စိတ်ရှည်ရှည်သင်ပြရပေမည်၊ ပထမတွင် မိမိတို့နေရာပတ်ဝန်းကျင်ကို လေ့လာစေရမည်၊ လေ့လာနည်းကို နမူနာကစ၍ စိတ်ဝင်စားလာအောင် သင်ပြပေးရပါမည်၊ သင်ပြရသောအပိုင်းတွင် အချိန်ကြာကြာယူမှ လိုလိမ့်မည်၊ ဤအပိုင်းအောင်မြင်လျှင် သူတို့၏စိတ်ဓာတ်က တစ်စတစ်စ ပြောင်းလာသည်၊ စိတ်ဓာတ်နှင့်ကျက်၍ အခြေခံနိုင်လာလျှင် လူမျိုး၏ ရိုးရာထုံးတမ်းကဲ့သို့ လူ့သဘာဝသဘာ အထုံပါသွားသူများ ပေါ်ထွက်လာကြမည်၊ ဟိုးတက်ပူးမြင်ရသူများကိုတော့ ပတ်ဝန်းကျင်မှကြိုးစား၍ ဝိုင်းဝန်းပြုပြင်ပေးကြရပါမည်၊ ကျောင်းသားသာဝမှလွန်ပြီးသော လူလတ်ပိုင်းနှင့်လူကြီးပိုင်းရောက်နေသူများကိုတော့ တစ်လနှစ်ကြိမ်ဖြစ်စေ၊ တစ်လလေးကြိမ်ဖြစ်စေ သူတို့ဒေသအခြေအနေ အလုပ်အကိုင်အခြေအနေအရ သင့်လျော်သလိုစုရုံးစေပြီးလျှင် အချိန်တိုသင်တန်းဖြင့် လေ့ကျင့်ပေးရပေမည်။

## သင်တန်းနမူနာ

လေ့လာနည်းသင်ရိုးညွှန်းတမ်းအပြစ် နမူနာပြရလျှင်—

(၁) လွန်သွားသော အတိတ်ကာလမှအကြောင်းအရာတစ်ခုခုကို လေ့လာနည်း၊

(၂) လက်ရှိဖြင်ပျက်နေသဲ ပစ္စုပ္ပန်ကာလ အကြောင်းအရာတစ်ခုခုကို လေ့လာနည်း၊

(၃) နောင်အနာဂတ်ကာလအတွက် ဖြစ်ပေါ်လာမည် ထင်ရသော အကြောင်းအရာတစ်ခုခုကို လေ့လာနည်း၊

ဟူ၍ ကာလအားဖြင့် သုံးမျိုးရှိသည်၊ မည်လည်းနည်းဖြစ်စေ အနီးကပ်လေ့လာခြင်းနှင့် အဝေးလှမ်း၍လေ့လာခြင်းနှစ်မျိုးရှိသည်၊ ထို့ပြင် အတွင်းဝင်ရောက်လေ့လာခြင်းနှင့် အပြင်မှနေ၍လေ့လာခြင်းဟူ၍ ဒေသအားဖြင့် နှစ်မျိုးစီခြားနားချက်ရှိကြသည်၊ ထို့ပြင်လည်း စာတွေ့လေ့လာခြင်းနှင့် လက်တွေ့လေ့လာခြင်းဟူ၍ အတွေ့အထိအားဖြင့် နှစ်မျိုးခြားနားချက်ရှိသေး၏၊ အကောင်းလေ့လာခြင်း အဆိုးလေ့လာခြင်းဟူ၍လည်း ခြားနားချက်ရှိလေရာ ဤအရှင်၏ စေတနာဆန္ဒမှာ အကောင်းလေ့လာခြင်းကိုသာ လိုလားမြတ်နိုး၏၊ ဘာအကြောင်းဖြစ်စေ မှန်ကန်ခြင်းသာအဓိကဖြစ်ကြောင်း မှတ်ယူကြရမည်။

## သင်ပြနည်းပုံစံ

ဤတွင် ကိုတင်ပြောရန်ရှိသည်မှာ သင်ပြပေးသူက ရှေးဦးစွာလေ့လာသင့်သောအကြောင်းရာကို ကြားနာသူစိတ်ဝင်စားအောင် ဆွဲဆောင်နိုင်စွမ်းရှိရမည်၊ ပြောပုံပြောဟန်ကိုဆိုလိုသည်၊ မခက်ပါ၊ ဥဒါဟရဏ်ပုံစံများကို ရှာဖွေတင်ပြပြောဆိုဟတ်ဖို့သာလိုပါမည်၊ အခြေခံ နမူနာအတော်များများသင်ကြားပြီးလျှင် သူတို့ကိုယ်တိုင် လက်တွေ့လေ့လာကြစေရန် ပခိုင်ဘုရင်က ယောက်ဖတော်ကို ခွေးကလေးအကြည့်ခိုင်းသကဲ့သို့ အကြောင်းအရာတစ်ခုစီပေးပြီး လေ့လာခိုင်းရမည်၊ထိုအခါ ယုတို့၏ဉာဏ်ပညာမတတ်ခံ ခြားနားကြပုံကိုသိရမည်။

## နန်းတွင်းအရေးတော်ပုံ လေ့လာချက်

ဤတွင် နမူနာအဖြစ်ပြောရလျှင် မြန်မာပြည်သို့ လာရောက်နေထိုင်သွားသော နိုင်ငံခြားသားတစ်ဦးက မြန်မာလူမျိုးများနှင့် မြန်မာဘုရင် ၏နန်းတွင်းအရေးတော်ပုံ၊ နန်းတွင်းရေးရာ လေ့လာသွားပုံအကြောင်းကို တင်ပြမည်၊ ရှေးကဖြစ်ဟောင်း အကြောင်းပုံစံဖြစ်သည်။

ထိုအချိန်က အထက်မြန်မာပြည်၌ အင်္ဂလိပ်အစိုးရအရာရှိကြီး တစ်ဦးအဖြစ် အမှုထမ်းခဲ့သော (H. Fielding Hall) ဖီးလ်ဒင်းဟောလ်က မန္တလေးနောက်ဆုံးဘုရင် သီပေါနှင့် စုဖုရားလတ်၏အကြောင်း ပါတော်မူခမ်းကို ကိုယ်တိုင်လေ့လာ၍ (Thibaw's QUEEN) သီပေါ၏မိဖုရားအမည်ဖြင့် ဝတ္ထုအုပ်ရေးခဲ့ဖူးလေသည်၊ အဆိုပါ ဖီးလ်ဒင်းဟောလေ့လာပုံမှာ မြန်မာလူမျိုးတို့အကြားသွားလာ လှုပ်ရှား၍ လူနေရာများကိုလေ့လာသည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာသည်၊ ကိုးကွယ်ဆည်းကပ်သော ဗုဒ္ဓဘာသာအကြောင်းအရာကို လေ့လာသည်၊ နိုင်ငံသမိုင်းအကြောင်းအရာကို လေးစားစွာ စုံစမ်းလေ့လာယူခြင်းဖြစ်သည်၊ ထို့ပြင် မြန်မာပြည်မန္တလေးဘုရင် မင်းတုန်းမင်းတရားကြီးနှင့် သီပေါခေတ်တွင် အဘယ့်ကြောင့် မြန်မာနှင့်အင်္ဂလိပ်တို့ [illegible]ခြင်းများရှိကြသနည်း ဟူသောပြဿနာပေါ်တွင် အကြောင်းရင်းမြင်မှန်လိုက်၍ အဖြေရှာခဲ့သူဖြစ်၏။

ဖီးလ်ဒင်းဟောလ် စုံစမ်းရှာဖွေလေ့လာရာတွင် မြန်မာဘုရင်မင်းများ၏ လက်ထက်တော်က ဝန်ကြီး ဝန်ယောက်တို့ကို တွေ့ဆုံမေးမြန်းသည်၊ နန်းတွင်းသူနန်းတွင်းသား အစေအပါးတို့ကိုလည်း ရင်းနှီးစွာဆက်ဆံ၍ မေးမြန်းလေ့လာယူသည်၊ အချို့က အမှန်အတိုင်းအပြည့်အစုံပြောကြသည်၊ အချို့က မပြောလိုကြ၊ လျှို့ဝှက်ကြသည်ဆို၏၊ သူသည် စိတ်မပျက် ဇွဲရှိရှိလေ့လာဖန်များသောအခါ နန်းတွင်းဇာတ်လမ်း အတွင်းရေးများကို ပုံလုံးပေါ်လာသည်၊ စု[illegible]ပ်မှာ မိဖုရားခြယ်လှယ်နေကြောင်း ရှင်းရှင်းသိရတော့သည်ဆို၏၊ ထို့ကြောင့် 'သီပေါ၏မိဖုရား' စာအုပ်ကို ပိုင်နိုင်စွာရေးသားနိုင်ခြင်း ဖြစ်သည်။

ပြဿနာအဖြေရှာရာတွင် မြန်မာတို့သည် အင်္ဂလိပ်တို့နှင့်ဖြစ်ကြသော စစ်ပွဲ နှစ်ပွဲတွင် သူတို့နိုင်ငံတစ်ဝက် ဆုံးရှုံးခဲ့ပြီး၍ စိတ်နာနေကြသည်ဟု မြင် အင်္ဂလိပ်မှုသည် ယိုပျှနှင့်လည်း တင်းတိပ်ရေးရှင့်ရှိနေကြ ဦးမည်ဟုတ်သေး၊ အခါအခွင့်သင့်သလို နောက်တစ်ကြိမ် ကြိုးစားကြဦးမည်ဖြစ်သည်၊ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့် ချုပ်ကြည်ရေးအကွက်ကို ပယ်သောလည်း ဘယ်လိုမှ ကြိုးပမ်း၍ ရှင်းလင်းလက်သွင်းနေ၍လည်း အကျိုးထူးမည်မဟုတ်ကြောင်း မြန်မာလူမျိုးတို့က မြင်နေကြသည်ဟု ဖီးလ်ဒင်းဟော လေ့လာတွေ့ရှိ၍ အဖြေမှန်ကို ပြောပြသည်၊ ထိုအခါ မြန်မာ-အင်္ဂလိပ်တို့ သင့်မြတ်ခဲ့သည်မှာ ထူးခြားသည့်ဟုတ်ကြောင်း ပြတ်သားစွာမှတ်ချက်ပြုထားခဲ့သည်၊ အဆိုပါလေ့လာနည်းသည် ကာလအားဖြင့် အတိတ်နှင့်ပစ္စုပ္ပန်ဆက်စပ်ယူသည်၊ ဒေသအားဖြင့် အနီးကပ်၍လက်တွေ့လေ့လာချက်ဖြစ်သည်၊ အတွင်းအပြင်အားဖြင့် နန်းတော်အပြင်ဘက်မှနေထိုင်

ရင်းလေ့လာယူချက်ဖြစ်သည်၊ ကောင်းမကောင်းမှာ ဖြစ်ရပ်အမှန်ဆာဓိက ထားသည်။

## ဂျပန်ပြည် ဗုဒ္ဓဘာသာသမိုင်း

လွန်ခဲ့သော ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဤအရှင် အဝေးလှမ်း၍ စာတွေလေ့လာယူထားခြင်း နမူနာတစ်ခု ဤတွင်တင်ပြမည်၊ ဂျပန်ပြည်၏ ဗုဒ္ဓဘာသာသမိုင်းအကျဉ်းချုပ်ကို ဗဟုသုတလည်းပေးလို၍ တင်ပြခြင်းဖြစ်၏။

ဂျပန်ပြည်သို့ ဗုဒ္ဓဘာသာအယူဝါဒသည် ခရစ် ၅၅၂-ခုနှစ်တွင်ရောက်လာသည်၊ ယခုအခါ ဂျပန်ပြည်ရောက်ရှိနေသော ဗုဒ္ဓဘာသာသက်တမ်းသည် (၁၄၃၀) တစ်ထောင့်လေးရာကျော်ရှိခဲ့လေပြီ၊ ဗုဒ္ဓဘာသာအယူဝါဒကို အိန္ဒိယပြည်၌စတင်၍ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပြီးနောက်တွင် တရုတ်ပြည်နှင့် ကိုးရီးယားပြည်များသို့ ပျံ့နှံ့ရောက်သွားသည်၊ ထိုပြည်များမှတစ်ဆင့် ဂျပန်ပြည်သို့ရောက်သွားခြင်းဖြစ်သည်၊ ဤကားမြောက်ပိုင်းဗုဒ္ဓဘာသာ ခရီးစဉ်သမိုင်းဖြစ်၏။

မြန်မာပြည်ဗုဒ္ဓဘာသာသည် အိန္ဒိယနှင့်သီဟိုဠ်တို့မှရောက်လာသော ထေရဝါဒဖြစ်၏၊ မြန်မာပြည်၌ရှိသော ဗုဒ္ဓဘာသာနှင့် ဂျပန်ပြည်ရှိဗုဒ္ဓဘာသာသည် ကွာခြားချင်ဘိုင်းကွာခြားနေကြသည်ဟု သမိုင်းဆရာတို့ကပြောကြ၏၊ မြန်မာ, အိန္ဒိယ, သီဟိုဠ်, သီရိလင်္ကာ, ကမ္ဘောဒီးယား, လာဩ ယိုးဒယား, နေပါလီ ဂေါ်ရခါးတိုင်းပြည်စသည်တို့၌ ကိုးကွယ်လိုက်နာကျင့်ကြံကြသော ဗုဒ္ဓဘာသာကို ဟိနယာနဂိုဏ်းဟု မြောက်ပိုင်းကခေါ်ဆိုကြ၍ တရုတ်, ဂျပန်, ကိုးရီးယား တိဗက် စသောနိုင်ငံတို့၌ ကိုးကွယ်ကြသောဗုဒ္ဓဘာသာကို မဟာယာနဂိုဏ်းဟု သူတို့ကပြောဆိုကြသည်၊ ဤသို့ယာနနှစ်မျိုးဖြစ်ပေါ်လာခြင်းသည် တရုတ်, တိဗက် စသော မြောက်ပိုင်းဗုဒ္ဓဘာသာတို့က တောင်ပိုင်းထေရဝါဒဗုဒ္ဓဘာသာများကို ပစ္စေကယာနနှင့်သာဝကယာနတို့ပါ တောင့်တလိုလားကြ၍ သူတို့အောက်ယုတ်သည်ဟု သမုတ်ထားခြင်းဖြစ်၏၊ နိဗ္ဗာန်ရည်သန်ခြင်းမှာ တူကြသည်။

### သဒ္ဓမ္မပုဏ္ဍရိကကျမ်း

တိဗက်, တရုတ်, ကိုးရီးယား စသောမြောက်ပိုင်း ဗုဒ္ဓဘာသာဝင်တို့သည် သူတို့မှီငြမ်းအားကိုးပြုသော 'သဒ္ဓမ္မပုဏ္ဍရိ'ကျမ်း၌ ယာန သုံးမျိုးပြဆိုည့်ကြား ရာတွင် ဗုဒ္ဓဘာသာဝင် ဝေနေယျများစွာသတ္တဝါတို့အား ကယ်တင်နိုင်၍ မြတ်သည့်ပစ္စေကယာနနှင့် သာဝကယာနတို့ကား ကိုယ်လွတ်ရုန်းကြသော တစ်ကိုယ်တော်သမားများဖြစ်ကြသောကြောင့် ယုတ်နိမ့်သည်ဟူ၍ဆိုထား၏၊ အမြင့်မြတ်

ဆုံးသော ဗုဒ္ဓယာနခေါ်ဆိုသည့် သမ္မာသမ္ဗောဓိဉာဏ်ရကြောင်းအကျင့်ကို တိုက်တွန်းရေးသားထားပေရာ ထိုဝါဒကိုလိုက်နာခြင်းများသောကြောင့် အမြက်ကိုတ်မဟာဘပ်ပြီး မဟာယာနဂိုဏ်းဟု သူတို့ဘာသာ သမုတ်ထားကြခြင်းဖြစ်သည်။

## ထေရဝါဒနှင့် မဟာယာနခြားနားပုံ

ထိုယာနနှစ်မျိုးတွင် သာသနာ့ဝန်ထမ်းရဟန်းတို့၏ ကျင့်ကြံကြပုံနေထိုင်ကြပုံ ခြားနားကြ၏၊ ထေရဝါဒရဟန်းတို့က ဝိနည်းသိက္ခာအကျင့်ကို အဓိကထား၍နေထိုင်ကြသည်၊ ဂန္ထဓုရအလုပ်နှင့် ဝိပဿနာဓုရအလုပ်တို့ဖြင့် ပျော်မွေ့စွာနေလေ့ရှိကြသည်၊ မဟာယာနရဟန်းတို့က နေ့လွဲညစာစားကြသည်၊ အိမ်ထောင် သားမယားထားခြင်းရှိကြသည်၊ သို့ရာတွင် အိမ်ထောင်အတည် မထားသောဂိုဏ်း၊ အိမ်ထောင် မယားလုံးဝ မထားသောဂိုဏ်းများလည်း ရှိကြပါ၏၊ ကျောင်းမြေ ဘုရားမြေအတွင်း၌ လူရောရဟန်းရော ဖိနပ်စီးကြသည်၊ အရက်သေစာသောက်ခြင်းလည်း ပြုကြသည်၊ အရက်မသောက်သော ဂိုဏ်းများလည်း ရှိကြသည်။

## ကာငါ ပါ အလေးမထား

ဂျပန်ပြည်သည် ဗုဒ္ဓဘာသာတိုင်းပြည် ဖြစ်သော်လည်း ငါးဖမ်းလုပ်ငန်းအကြီးအကျယ်လုပ်ခြင်း၊ ပိုးအကြီးအကျယ်မွေးမြူခြင်းတို့ကို ညွှန်ပြ၍ မြန်မာပြည်ဗုဒ္ဓဘာသာတို့ကဲ့သို့ ကာ ငါ ပါး သီလ ထိန်းခြင်းကိုမူ အားမထုတ်ကြဟူ၍ ပြောစဉ်ရှိကြ၏၊ ဂျပန်ဗုဒ္ဓဘာသာသည် တစ်နည်းအားဖြင့် အလွန်ခေတ်ဆန်နေသောကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းကဲ့သို့ ရှိနေကြပုံမြင်ကြသည်။

## ဂိုဏ်းကွဲပေါင်း နှစ်ရာ့ငါးဆယ်ကျော်

ထို့ပြင် ဂျပန်ပြည် ဗုဒ္ဓဘာသာရဟန်းတို့၏ ထူးခြားချက်တစ်ခုကို ပြောရလျှင် ဂိုဏ်းကွဲပေါင်းများခြင်းဖြစ်၏၊ မြန်မာပြည်၌ သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ စသဖြင့် သံဃာတို့၏ ဂိုဏ်းများရှိကြသကဲ့သို့ ဂျပန်ပြည် ဗုဒ္ဓဘာသာ၌လည်း အရင်းခံဂိုဏ်းကြီး (၁၁)ဂိုဏ်းအထိ ကွဲလျက်ရှိနေကြပြီး၊ ထိုဂိုဏ်းကြီး (၁၁) ဂိုဏ်းတို့မှတစ်ဆင့်ပွား၍ ဂိုဏ်းငယ်ပေါင်း (၅၈) ငါးဆယ့်ရှစ်ဂိုဏ်းခန့် ထပ်မံကွဲကြပြန်၏၊ ဤကား စစ်ကြီးမဖြစ်မီအချိန်က အခြေအနေကို ပြောခြင်းဖြစ်၏၊ စစ်ကြီးပြီးသော နောက်ခေတ် ယခုအခါတွင် (၂၅၀) နှစ်ရာ့ငါးဆယ်ကျော် အထိ ဂိုဏ်းတွေတိုးပွားလာနေကြောင်း သိရ၏။

## ဂိုဏ်းအမည်များ

အရင်းခံဂိုဏ်းကြီး (၁၁) ဂိုဏ်းတို့၏အမည်များမှာ (၁)ဟော့ဆိုးဂိုဏ်း၊ (၂) ကီရှန်ဂိုဏ်း (၃) ရစ်ဆူဂိုဏ်း (၄) တင်ဒေဂိုဏ်း (၅) ရှင်ဂွန်ဂိုဏ်း (၆) ယူဇူနင်ဘွတ်ဆူဂိုဏ်း၊ (၇) ဂျိုဒိုဂိုဏ်း (၈) ရှင်ဂျီဂိုဏ်း (၉) ဇင်ဂိုဏ်း (၁၀) နှစ်ချီရင်ဂိုဏ်း (၁၁) အခြားတစ်ဂိုဏ်းတို့ဖြစ်ကြသည်၊

အဆိုပါဂိုဏ် ပေါင်းအားလုံးတို့တွင် သိပ်မွေ့နူးညံ့ဆုံးဂိုဏ်းသည် ရှင်ရှန်ဂိုဏ်းဖြစ်သည်၊ ထိုဂိုဏ် ဝင်ပုဟန်းသားတို့သည် အိမ်ထောင်ဖက် မိန်းမယူခြင်း မရှိကြပါ၊ စားသောက်ရာတွင်လည်း အသားဟင်းမျိုး လုံးဝမစားကြပါ၊ သက်သတ်လွတ်အသီးအရွက်ဟင်းသာ စားကြသည်။

## အဓိကကွာခြားချက်

မြန်မာပြည်ဗုဒ္ဓဘာသာနှင့် အလွန်ကွာခြားသည်ဟု ပြောဆိုနေကြသော အခြားအချက်မှာ ဂျပန်လူမျိုးတို့သည် စီးပွားရေးနှင့် တန်ခိုးအာဏာကြီးထွားရေးတို့ကို အထူးဂရုပြုသူများဖြစ်ကြသည်၊ ထို့ကြောင့် သူတို့ပြည်၏ဗုဒ္ဓဘာသာ အယူဝါဒကိုလည်း ရှေးအခါကပင် တိုင်းပြည်ကြီးပွားရေး, စီးပွားရေးတို့နှင့် ဆန့်ကျင်ဘက်မဖြစ်ရအောင် ပြုပြင်ထားကြသည်ဆို၏၊ အချုပ်ကို ဆိုရလျှင် ဂျပန်ဗုဒ္ဓဘာသာတို့သည် လောကုတ္တရာအကျိုးစီးပွားထက် လောကီအကျိုးစီးပွားကို ပို၍ဂရုပြုကြသည်၊ မြန်မာဗုဒ္ဓဘာသာတို့ကား တတ်နိုင်လျှင် တစ်ဘဝ လူ့လောကရပ်တည်ရေးထက် လောကုတ္တရာရေးကို ပို၍ အလေးပြုကြသည်၊ ကုသိုလ်ကောင်းမှု ဆည်းပူးကြသည်၊ တရားပါရမီ ကျင့်ကြံ အားထုတ်နေလေ့ ရှိကြသည်။

## ဘာသာသုံးမျိုး

ဂျပန်ပြည်၌ ဘာသာသုံးမျိုးရှိရာတွင် ရှင်တိုဘာသာသည် မူရင်းရှိရာ ဘာသာဖြစ်၏၊ ဗုဒ္ဓဘာသာသည် ဒုတိယဘာသာဖြစ်၏၊ သို့ရာတွင် ဗုဒ္ဓဘာသာ ဦးရေကများသည်၊ ခရစ်ယာန်ဘာသာသည် ဗုဒ္ဓဘာသာတည်နေပြီး နောက်မှ ရောက်လာသောဘာသာဖြစ်၏၊ လူဦးရေလည်း မများပါ၊ နောက်ဆုံး ရောက်ဖြစ်သော ထိုခရစ်ယာန် ဘာသာကိုလည်း နိုင်ငံရေးဆန့်ကျင်မှုကြောင့် ရာဇဝင်ထင်ရှားအောင် နှင်ထုတ်ခြင်းခံရဖူး၏။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၁၉၃၄-ခုနှစ် သန်းခေါင်စာရင်း အရမှာ လူတစ်ထောင်လျှင် ခရစ်ယာန်ဘာသာဝင် နှစ်ယောက်သာရှိသည်၊ ဗုဒ္ဓဘာသာဝင်ဦးရေကား ဂျပန်ပြည်ဝင် (၄၁)သန်းနှင့် ဒသမ (၁၃)ရှိ၍ မူရင်းရှင်တိုဘာသာဝင်မှာ (၁၆)သန်းနှင့် ဒသမ(၅)သာရှိသည်၊ လူဦးရေအများဆုံးမှာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြသောကြောင့် ဂျပန်ပြည်သည် ဗုဒ္ဓဘာသာတိုင်းပြည်စာရင်းဝင်ဖြစ်လေသည်၊ ယခုအခါ ထေရဝါဒဗုဒ္ဓဘာသာ ဂျပန်ပြည်၌ရောက်ရှိ အခြေစိုက်လျက်ရှိနေပါပြီ၊ ဤကား စာတွေ့ကိုအခြေခံယူ၍ အဝေးလှမ်းပြီး လေ့လာချက်ကို ပုံစံထုတ်ပြခြင်းဖြစ်သည်။

## လောကတစ်ခုလုံးကို သဘာဝကျကျလေ့လာနည်း

စကြဝဠာအတွင်း အရာခပ်သိမ်းကုန်တို့သည် ယာယီမျှသာဖြစ်ကြ၏၊ စကြဝဠာအတွင်းရှိ အချိန်ကာလ အားလုံးသည် မပြောပလောက်အောင် တိုတောင်းလှ၏၊ နာမည်တို့သည်လည်း အရာဝတ္ထုအားလုံး ပျောက်ကွယ်သော အမြန်နှုန်းအတိုင်း ပျောက်ကွယ်ကြကုန်၏၊ သမိုင်းစာအုပ်တို့လည်း ရေးပြီးနောက်တွင် ပျောက်ကွယ်ကြ၏၊ အယူဝါဒရှင်ကြီးများ, ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ,ကမ္ဘာကျော်နိုင်ငံရေးခေါင်းဆောင်ကြီးများ, ကမ္ဘာကျော် စစ်ရေးခေါင်းဆောင်ကြီးများ, သိပ္ပံဆရာကြီးများနှင့် ရှင်ဘုရင်ကြီးများအစရှိသူတို့သည် မမြဲသောတရားကို မလွန်ဆန်နိုင်ကြကုန်၊ ဤတရားသဘောသည် အားလုံးနှင့်ဆိုင်သောတရားဖြစ်၏။

## သက်ရှိသတ္တဝါအားလုံး သေမျိုးချည်း

အဆိုပါ တစ်ဦးချင်းတစ်ဦးချင်းဖြစ်ကြသော သတ္တဝါတို့သည် စကြဝဠာတွင်းရှိ အခြားသော သတ္တဝါအားလုံးတို့၏ နေနည်းအတိုင်းနေ၍ သေနည်းအတိုင်းသေကြ၏၊ သူတို့သေလွန်ပြီး ကြသောအခါတွင် သူတို့ဘဝ ကျင်လည်သွားကြပုံ၏ ပဲ့တင်သံများနှင့် ရနံ့များသည်သာ ကျန်ရစ်ခဲ့ကြ၏၊ သို့ရာတွင် ထိုပဲ့တင်သံများနှင့် ထိုရနံ့များသည် နောင်အနှစ်တစ်ထောင်း မခံဖို့သာလျှင်များ၏၊ နောင်အနှစ် တစ်သိန်းကြာသေလျှင် အဆိုပါပဲ့တင်သံရနံ့တို့သည် မရှိကြတော့မည်မှာ သေချာသလောက်ဖြစ်၏၊ အနှစ်တစ်သိန်းဆိုသည်မှာ ဘာမျှမဖြစ်လောက်သော အချိန်ကာလဖြစ်၏၊ ဤကား သမုတိသစ္စာများပေတည်း။

ဤဖော်ပြပါတို့သည် လောကကြီး တစ်ခုလုံးကိုခြုံ၍ ကြိမ်းသေသောတရားကို သုံးသပ်လေ့လာပြခြင်းဖြစ်၏၊ ဗုဒ္ဓဘာသာသများ ဖြစ်ကြသောကြောင့် လောကသုံးရပ်ဘုံသုံးခွင် ရှိသမျှအားလုံးကိုပိုင်နိုင်စွာကြည့်မြင်ကာ ဝိပဿနာထင်အောင်ရှုထားခြင်းဟူ၍ဆိုရပါမည်၊ ဝိပဿနာတရားကို အတွင်း ပိုင်ပိုင်ကြီးရှုမြင်ပြခြင်းဖြစ်၍ နှစ်သက်ဖွယ်ကောင်းဘိသည်၊ မြင်ပြထားးပုံ မှန်ကန်သောကြောင့် ဤအရှင်ကဲ့သို့ ကမ္မဋ္ဌာန်းအလုပ်၌ ဝါရင့်ပြီး ဆရာတော်ကြီးအများတို့က မှန်ပေသည်ဟု ချီးကျူးကြ၏၊ 'သဗ္ဗေသင်္ခါရာ အနိစ္စာ' ဘုရားဟောသွားပုံကို မူထား၍လေ့လာလျှင် ဤအတိုင်းသာ မြင်တွေ့ကြရမည်ဖြစ်၏၊ စစ်မှန်သောဝိပဿနာသဘောဖြင့် လေ့လာကြည့်ရှုနည်း ဖြစ်သည်၊ ဤစာကိုဖတ်ရှုကြရသူတိုင်း ဝိပဿနာမြင်ဖွယ် တရားသံဝေဂရဖွယ် နည်းကောင်းပေးခြင်းပါတည်း။

## ပေါ့ဆစွာ လေ့လာတတ်သူ

ကြည့်ရှုလေ့လာကြရာတွင် ပေါ့ဆစွာ လေ့လာတတ်သူများ ရှိကြ၏၊ လေ့လာသူလည်း အသုံးမဝင်သူဖြစ်ရ၍ ဘယ်သူ့အတွက်မှ အကျိုးကျေးဇူးမရှိဖြစ်တတ်၏၊ 'ရခိုင်ဘုရင်က ခွေးကြည့်ခိုင်းသလို'ဟူ၍ စကားပုံတွင်ကျန်ရစ်သော ပုံစံမျိုးဖြစ်၏၊ ဖြစ်ပုံကား- ရှေးအခါက ရခိုင်ဘုရင်မင်းထီးသည် အရာရာစေ့စပ်၍ တရားနှင့်ညီသူဖြစ်ကြောင်း ရာဇဝင်၌နာမည်ကျော်၏၊ အခါတစ်ပါးက သင့်တော်သောကျေးကျွန်တစ်ယောက်ကို အမတ်ကြီးရာထူး၌ ခန့်ထားရာတွင် မိဖုရားကြီးက 'မင်းဆွေမျိုးနွယ်ဖြစ်သော သူ၏မောင်ကိုသာ ခန့်ထားသင့်ပါတယ်'ဟု လျှောက်တင်၍ ဘောင်းဆိုသည်၊ ဘုရင်က 'ကျွန်ပင်ဖြစ်သော်လည်း မိဖုရားမောင်ထက် ပညာအရည်အချင်းသာတယ်၊ အမြော်အမြင်လည်းသာတယ်၊ ဒါကြောင့် ခန့်ထားတာပါ'ဟု မိန့်ဆို၏၊ သို့သော် မိဖုရားက မကျေနပ်ပါ၊ ထိုအခါ ဘုရင်မင်းထီးက မိဖုရားသိအောင်လက်တွေ့ပြရန် ကျွန်နှင့်မိဖုရားမောင်တို့အား နန်းတော်အနီး၌ ခွေးမ တစ်ကောင် ကလေး မွေးပေါက်နေသည်ကို သွားရောက်ကြည့်ရှုကြရန် တစ်ပြိုင်တည်း ခိုင်းစေလိုက်သည်၊ မိဖုရားမောင် ယောက်ဖတော်က ခွေးကလေးများကို အပြေးအလွှား ကြည့်ပြီး သူက အလျင်ဦးအောင် ပြန်ရောက်လာသည်၊ အမတ် နှင့်ကာ ခြင်း ရှိသူက ပျာယီးပျာယာ ပြေး လွှယ် မဟုတ်ပါ၊ 'ဘုရင်မင်း မြော်သည် ဤမျှလောက်သိမ်သည့် ခွေးမွေးသော ကိစ္စကို အကြောင်းမဲ့ အကြည့်ခိုင်းခြင်း မဟုတ်တန်ရာ အကြောင်းရှိ၍သာ ဖြစ်ပေလိမ့်မည်'ဟူ၍ မြော်ခေါ်တွေးဆပြီး သေချာစွာ ကြည့်ရှုလေ့လာ မှတ်သားခဲ့သည်။

ဘုရင်မင်းကြီးသည် အငုံပြန်ရောက်လာသော ယောက်ဖတော်အား မိဖုရားရှေ့တွင် 'ခွေးငယ်များပေါက်ပြီလား'ဟု မေးရာ 'ပေါက်ပြီ'ဟု လျှောက်၏၊ ဆက်လက်၍ 'ဘယ်နှစ်ကောင်ပေါက်သလဲ' ဟု မေးမြန်းရာ ကပျာကယာ ပြန်ပြေးသွားပြီး ရေတွက်ပြီးခါမှ ပြန်လျှောက်ရ၏၊ တစ်ဖန် 'အထီးဘယ်နှစ်ကောင်လဲ၊ အမဘယ်နှစ်ကောင်လဲ'ဟု မေးပြန်ရာ ပြန်ပြေး၍ ကြည့်ရပြန်၏၊ 'အနီပါသလား၊ အဖြူပါသလား၊ အကျားပါသလား' စသည် ဆက်၍မေးလေတိုင်း ပြန်ပြေးသွားကာကြည့်ပြီးမှ တစ်မျိုးချင်း ဖြေကြားနေရသည်၊ ထို့နောက် အပတ်ခန့်ထားခြင်းခံထားရသူ ပြန်ရောက်လာ၍ ဘုရင်ကမေးလျှင် တစ်ခါတည်း မေးသမျှကို အပြည့်အစုံ လျှောက်ဘင်နိုင်သည်၊ ထိုအခါမှ 'ကိုင်း—မြင်ပြီလား' ဟုသည့် အဓိပ္ပာယ်နှင့် မိဖုရားကို စောင်းငဲ့ကြည့်လိုက်ရာ မိဖုရား ကျေနပ်သွားပုံ မြင်ရသည်ဆို၏၊ ကိုင်း-စာဖတ်သူ၊ အသင်တို့သည် ဘယ်အမျိုး၌ ပါဝင်မည်နည်း၊ ဘယ်အမြစ်မျိုး၌နေနေ ပေါ့ဆသောလေ့လာသူ မဖြစ်စေသင့်ပါ။

## မပိုင်နိုင်သော လေ့လာချက်

ထို့ပြင် လေ့လာသူက အမှန်ရအောင် တိကျသေချာချင်သော်လည်း လက်ခံပြောဆိုသူများက မပိုင်နိုင်မှုကြောင့် ချို့ယွင်းခြင်းမျိုး ရှိဟတ်သေး၏၊ ချင်းတောင်ပေါ်လာရောက်၍ ဒေသန္တရဗဟုသုတ၊ လူမျိုးဗဟုသုတ၊ လူမှုရေးဗဟုသုတ စသည်ကို လေ့လာယူသူတွေ များစွာရှိခဲ့ဖူး၏၊ စာအုပ်စာတမ်းတွေ ရေးထုတ်ကြ၏၊ ဤအရှင်ဖတ်ရသည်မှာ ပမှန်တချို့ မှန်တချို့ဆိုတာမျိုး ဖြစ်နေကြသည်၊ ရေးထုတ်သူများ အပြစ်မဟုတ်ပါ၊ အမေးခံရ၍ ဖြေကြားသူများက ဝါကြွား၍ပြောလိုက်ခြင်း၊ မသိဘဲလျက် သိယောင်ဆောင်ကာ လူလည်လုပ်လိုက်ခြင်း၊ တွေ့ကရာသောင်းပြောင်း မဟုတ်မမှန်တာတွေကို လုပ်ဇာတ်ထွင်၍ ပြောပြလိုက်ကြခြင်းတို့ကြောင့် မှတ်တမ်းပျောက်စာအုပ်တွေ ဖြစ်ကြရ၏၊ အမှန်ရအောင် သိကျွမ်းနားလည်သူကို ရှာဖွေတွေ့ဆုံပြီး လေ့လာသင့်ကြသည်။

## လေ့လာမှုရှိသူ ဖြစ်ပါသလော

ဤအရှင် လေ့လာမှုရှိသူဖြစ်ပါသလားဟု မေးခဲ့လျှင် ရှိတန်သလောက် ရှိပါ၏ဟု ဖြေမည်၊ အရာခပ်သိမ်းပြည့်စုံသော လေ့လာမှုရှိသူ မဟုတ်ပါ၊ ရံခါ လေ့လာ၏၊ ရံခါ မလေ့လာပါ၊ အချို့သောအကြောင်းအရာကို လေ့လာ၏၊ အချို့သောအကြောင်းအရာကို မလေ့လာပါ၊ သို့ရာတွင် ရံခါ အလိုမရှိလှသော်

လည်း မိမိလုပ်ငန်းခွင်ဆက်စပ်နေခြင်း, ခရီးသွားရင်း အတွေ့အကြုံအနေဖြင့် မှတ်သားထိုက်နေခြင်းမျိုးကိုလည်း လေ့လာမှတ်သားမှု ပြုသည်၊

ဤအရှင် တစ်စုံတစ်ရာကိုလေ့လာလျှင် စေ့စပ်နိုင်သမျှ တိကျမှန်ကန်အောင် လေ့လာယူတတ်သည်၊ ထို့ကြောင့် ဤအရှင်၏ တောတောင်နယ်ခြားကန္တာရခရီးသွားမှတ်တမ်းများကို ယခုအခါ စာရေးဆရာကြီးများက အထောက်အထား အားကိုးပြု ဖော်ပြနေကြသည်၊ အစိုးရပြန်ကြားရေးဌာန စသည်တို့ကလည်း ဤအရှင်၏မှတ်တမ်းများကို အကြောင်းကိုက်ဆိုင်လာလျှင် အားကိုးပြုနေကြပြီဖြစ်ကြောင်း သိရ၏၊ မိမိအနေဖြင့် လုံလောက်ပြည့်စုံသော လေ့လာရေးပုဂ္ဂိုလ်ကြီးတစ်ပါးအဖြစ် မရောက်သေးကြောင်း ဝန်ခံပါသည်၊ ဆက်လက်ကြိုးစားရပါဦးမည်။

ဤအရှင်ဖြစ်စေလိုသည်မှာ မြန်မာပြည်ဖွား တိုင်းရင်းသားတို့သည် မြို့နေတောနေအားလုံး မည်သူမဆို မိမိတို့ဘဝရပ်တည်ရာမှ လေ့လာမှုရှိသူအဖြစ်ရောက်စေချင်သည်၊ ပေါ့ဆစွာနေထိုင်လေ့, ပေါ့ဆစွာစားလေ့, ပေါ့ဆစွာသွားလာလေ့ အကျင့်ပါစရိုက်ကို စွန့်ပယ်ကြပါ၊ အဆင့်အတန်းမြင့်မြင့်နေတတ်သူ, စားတတ်သူ, သွားတတ်သူ, ပြောတတ်သူ, လုပ်ဆောင်တတ်သူ, လေ့လာတတ်သော လူမျိုးနှင့် နိုင်ငံတစ်ခုအဖြစ်ရောက်အောင် ယနေ့မှစ၍ ပြုပြင်ချီတက်ကြကုန်စို့ဟူ၍ တိုက်တွန်းပါသတည်း။



# ငါက ဟုတ်တုတ်တုတ်ရှိပေသေး

'ဒီမယ် ဘုန်းကြီးမှာ နေ့စဉ်ပုံမှန်အလုပ်တွေနှင့်မို့ ကြားအလုပ်တွေကို လက်မခံနိုင်ဘူး'လို့ ပြောပြနေပုတဲ့အထဲမှာ....'

'ဒီလိုပဲ ဘုရား၊ အလုပ်ဆိုတာ လုပ်သောင်တတ်သူကို ဝိုင်းအုံခိုင်းလေ့ရှိတတ်ကြမြဲပါ၊ ဆရာတော်ကြီးက စာပေရေးသားတတ်တဲ့ စာရေးဆရာကြီးဆိုတော့ စာပေရေးသားခြင်းကိစ္စတွေကို တာဝန်ပေးကြမှာပေါ့ ဘုရား'

တစ်နေ့သောနံနက်ပိုင်း မွန်းလတ်ပိုင်းအချိန်၌ ဤအရှင်သည် ဆွမ်းစားပြီး ခါစ ကျောင်းအနောက်ဘက်ရှိ မြေးချောင်းနတ်ရေကန်မှ မိမိစားသောဆွမ်းဇလုံကို ဆေးကြောပြီး၍ ပြန်တက်လာခဲ့လျှင် မိမိနေသောကျောင်းတိုက်၏ ဧည့်ခန်း တန်းလျားခုံပေါ်၌ ဧည့်သည်ကြီး တစ်ယောက် ထိုင်စောင့်နေသည်ကို တွေ့ရ၏၊ အချိန်မှာ ၁၃၃၅–ခု၊ ဝါခေါင်လဆန်း ၁၀–ရက်၊ ကြာသပတေးနေ့ မွန်းလတ်ပိုင်း ဖြစ်သည်၊ ကိုးသံပေါက်ဝသို့ ခေါင်းပြူခင်မိလျှင် ဧည့်သည်ဘယ်သူဆိုတာ သိရ၏၊ ဤအရှင်၏ ဘောဒါကျောင်းနှင့် တစ်မိုင်ခန့်ဝေးသော လုံပီးတောင်ကြီး အရှေ့ဘက်ရှိ နိုင်ငံတော်အစိုးရ၏ သိပ္ပံဒုထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး (မကွေးမြို့သား) ဦးခင်မောင်စိုး ဖြစ်သည်၊ သူသည် အခါတိုင်း လာနေကျဖြစ်သော်လည်း အထူးကျောင်းပိတ်ရက်များနှင့် စနေ–တနင်္ဂနွေတို့၌သာလာတတ်၍ ထိုနေ့က ကျောင်းပိတ်ရက်မဟုတ်သောကြောင့် 'ဘာကိစ္စအထူးရှိသလဲ'ဟု အမေး စကားဖြင့် နှုတ်ဆက်လိုက်မိသည်။

'တပည့်တော် ဖလမ်းမှ ဟားခါးသွားတဲ့ စာပို့ကားနှင့် လိုက်လာခဲ့တာ ဘုရား၊ ကိစ္စကတော့ ဟောဒီမယ် စာမူကြီးတစ်ခု ဆရာတော်ထံပို့ပေးပါလို့ နုလက ဦးကျွဲ ဗိုလ်ကြီးညွန့်မောင်က ညွှန်ကြားချက်အရ တမင်လာပို့ရတာဘုရား'

'စာမူကြီး–ဟင်–ဘုန်းကြီးမှာ အလုပ်တွေများလွန်းလို့ အချိန်မလောက်နိုင်အောင် ရှိနေပုတဲ့အထဲမှာ ဘယ့်နှယ့် စာမူကြီးတစ်ခုပို့ပြီး ဘယ်လိုအလုပ်ပေးကြတာတဲ့တုံ၊ စာမူက ဘယ်လိုစာမူပါလိမ့်'

ပြောဆိုညည်းညူမိသော်လည်း မရပါ၊ မိမိညည်းသံ လူကြားရုံသာရှိ၏၊ ဘုန်းကြီးရှေ့ စားရစားပွဲပေါ်၌ချပြကာ ပေးအပ်သွား၏၊ ပြင်းသာ မပယ်သာ ညည်းတွားရင်း လက်ခံလိုက်ရ၏၊ စိတ်မပါသော်လည်း ပါိုလှန်သည်လှန် ကြည့်လိုက်သည်၊ (ဖူးစကက်ဆိုက်) နှင့် အတော်ထူထဲသော စာမူတစ်ထပ်ကြီးကို သေသပ်စွာ ချုပ်ထားသည်၊ အပေါ်မှ စက္ကူထူထူနှင့် ဖုံးအုပ်ထားသေး၏၊ လက်နှိပ်စက်ရိုက်ထားသော စာလုံးများနှင့် စာမျက်နှာ (၇၀)ကျော် ရှိကြောင်း

ဦးစွာကြည့်လိုက်သည်၊ ရပ်ဝေးကပို့ကြသောစာမူတွေ တောင်းပန်ထား၍ ရပ်သွားကြသော်လည်း အနီးကပို့လာသောစာမူကို ငြင်းရင်းရကာနေ၏၊ 'ဒီစာမူကို ဘယ်လိုလုပ်ရမှာတဲ့လဲ'ဟု မေးရာ ထိုင်လျက်ရှိသေးသော ကျောင်းအုပ်ဆရာကြီးက 'ကြည့်ပြင်ပေးရမှာတဲ့ ဘုရား'ဟု လျှောက်သည်။

'ဘုန်းကြီးကြည့်ပြင်ပေးရမယ်ဆိုတာကစာလုံးမှား, စကားလုံးမှား လောက်သာ ပြင်ပေးရမှာလား၊ ဆင်ဆာရော လုပ်ရမှာလား၊ ဘယ်လိုလဲ'

'စာလုံးမှား, စကားမှားရော ပြင်ပေးရမယ်၊ ဆင်ဆာရောလုပ်ရမှာတဲ့၊ သူတို့အနေနှင့် မပြင်နိုင်ကြလို့တဲ့ ဘုရား'

'ဟင်-ဟုတ်လိုက်လေ၊ သူတို့အလုပ် သူတို့မတတ်နိုင်ကြလို့ ဘုန်းကြီးထံ ပို့လိုက်ကြသတဲ့၊ တယ်တော်တဲ့လူတွေ'

'ဒီစာမူကြီးက အတော်သံသရာလည်ခဲ့ဟန် တူပါတယ်၊ ပထမဆုံး ရန်ကုန်မြို့ ပို့လိုက်ရာ စာပေစိစစ်ရေးဌာနက စာအုပ်ရိုက်ခွင့်တော့ ပြုပါတယ်၊ သို့သော် လူမျိုးရေးသမိုင်းဖြစ်နေလို့ ယဉ်ကျေးမှုဌာနသို့ တစ်ဆင့် လွှဲပို့လိုက်သတဲ့၊ ယဉ်ကျေးမှုဌာနကလည်း ချင်းလူမျိုးတို့ရဲ့ သမိုင်းထုံးစံတွေကို နားမလည်တာကြောင့် ချင်းတောင်ပေါ်ရှိ (တလက) ဗဟိုအုပ်ချုပ်ရေးဌာနသို့ တစ်ဆင့်လွှဲပို့လိုက်သတဲ့၊ ညွှန်ကြားစာနှင့်ပူးတွဲပြီး တစ်ဆင့်ပေးပို့လိုက်ကြပြန်သတဲ့၊ ဟားခါးချင်းဒေးရာ (တလက) ရုံးမှာ အတော်ကြာကြာ လေ့လာကြည့်ရှုကြဟန် တူပါတယ်၊ သူတို့မပြင်ဆင်နိုင် မတည်းဖြတ်နိုင်တဲ့အကြောင်းအရာတွေ များလွန်းနေတာ တွေ့ကြတော့ ဖလမ်းမြို့ပို့လိုက်တာကောင်းမယ်လို့ အကြံရပြီး ဟားခါးမြို့ (တလက)မှ တစ်ဖန် ဖလမ်းမြို့ (နလက)သို့ ပို့လိုက်ကြပြန်တယ်၊ စာမူတွင် ဖလမ်းမြို့ပတ်ဝန်းကျင်ရှိ ချင်းလူမျိုးတို့၏ ဓလေ့ထုံးစံ သမိုင်းကြောင်းရာတွေက များနေသောကြောင့်ဟူသော အကြောင်းပြချက်ညွှန်းစာနှင့် ကြည့်ရှုပြင်ဆင်ပေးကြရန် ညွှန်ကြားလိုက်သတဲ့ ဘုရား၊ အဲဒါ ဖလမ်း (နလက) စသူတို့က သူတို့လဲ မတတ်နိုင်ဖြစ်ကြပြန်တော့ နောက်ဆုံးမှာ ဆရာတော်ကြီးကလွဲလို့ ဘယ်သူမှ ဝင်ရောက်ဖြည့်စွမ်းနိုင်မယ့်ကိစ္စ မဟုတ်တော့ဘူးလို့သူတို့သဘောရကြပြီး ဆရာတော်ကြီးထံ ပို့လိုက်ကြတာတဲ့'

'အို-ဖြစ်ရလေ၊ ပြင်ပေးဖို့က တာဝန်မကြီးပါဘူး၊ ဒီမှာ နေ့စဉ် ဘုန်းကြီးရဲ့ လုပ်ငန်းတာဝန်တွေနဲ့ အချိန်မလောက်နိုင်အောင် ဖြစ်ပေါ်နေတယ်ဆိုကာမှ ကြားအလုပ်ပိုတွေက ဝင်လာကြပြန်ပြီ'ဟု ညည်းတွားလိုက်မိသည်။

'တပည့်တော်လည်း ဆရာတော့်မှာ လျှာထားပြီးလုပ်ငန်းတာဝန်တွေ များလွန်းလို့ နှင်လုအတွင်း အခြားဘာကိုမျှ မလုပ်အားဘူးလို့ အမိန့်ရှိထား ကြောင်း ပြောခဲ့ပါတယ်၊ သူတို့အနေနဲ့ တကယ်ကိုမတတ်နိုင်ကြတဲ့ကိစ္စ ဖြစ်နေကြတာ အမှန်ပါပဲဘုရား၊ ဆရာတော် ကူညီဖြေရှင်းပေးမှ ဖြစ်တော့မှာပါ'၊ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်စိုးက ရှေ့နေလေသံနှင့် တောင်းပန်သလိုလို လျှောက်သည်၊ ပြီးလျှင် 'တပည့်တော် ထမင်းတောင် မစားခဲ့ရသေးဘူး၊ သွားဦးမယ် ဘုရား'ဟု လျှောက်ရင်း ရှိခိုး၍ ထပြန်သွားလေ၏။

ဤအရှင်သည် စိတ်မဝင်စားလှသော စာမူထပ်ကြီးပေါ်၌ ကလစ်နှင့် ညှပ်ရှိထားသော လက်နှိပ်စက်ရိုက်စာလွှာကို ဦးစွာကြည့်ရာ အောက်ပါအတိုင်း တွေ့ရသည်။

မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၊ ဖလမ်းမြို့နယ်

ဖလမ်းမြို့ စာအမှတ် စ-၄-၉-လ-မ/၁၆၀ $\frac{၃၃၅၁}{၃၃၅၄}$

နေ့စွဲ၊ ၁၉၇၃-ခု၊ မေလ (၂၀) ရက်

အကြောင်းအရာ။ ။ချင်းရေးရာသမိုင်းမှတ်တမ်း စာမူ ပုံနှိပ်ထုတ်ဝေခွင့်ပြုရန် လျှောက်ထားခြင်းကိစ္စ

အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ ၎င်းချင်းရေးရာသမိုင်းစာမူကို လေ့လာဖတ်ရှုပြီး – (၁) ပုဂ္ဂိုလ်ရေးရာထိခိုက်မှု၊ (၂) အယူအဆဆိုင်ရာ ထိခိုက်မှု၊ (၃) အမျိုးသားရေးရာ နာကျည်းစရာရှိမှု စသည်တို့ကို စိစစ်လေ့လာပြီး မိမိတို့၏ ထင်မြင်ယူဆချက်ကို စုံလင်စွာရေးသား၍ (နလက)သို့ ပြန်ပို့ရန် ဖြစ်ပြီး အောက်ပါအတိုင်း စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။

၎င်းအဖွဲ့မှ မည်သည့်မှတ်တမ်းကို လေ့လာဖတ်ရှုရာတွင် တစ်ပတ်အတွင်း အပြီးအစီး ဖတ်ရှုလေ့လာရန်ဖြစ်၍ အဖွဲ့တစ်ဖွဲ့မှတစ်ဖွဲ့သို့ လှည့်လည်ပေးရန် ဖြစ်ပါသည်၊ မှတ်တမ်းစာမူကို အစီရင်ခံစာနှင့်တကွ (နလက) သို့ ပြန်ပို့ပေးစေလိုပါသည်။

စိစစ်ရေးအဖွဲ့များ –

(၁) နလကစာတွင်းရေးမှူးနှင့် သင့်တော်သူ ၂-ဦး၊
(၂) ပါတီယူနစ်အတွင်းရေးမှူးနှင့် သင့်တော်သူ ၂-ဦး၊
(၃) မြို့ပေါ်မှ ချင်းရေးရာကို သိရှိကြွယ်ဝသူ လူကြီး ၂-ဦး၊
(၄) မြို့နယ်ဦးစီးမှူးနှင့် တရားရေးဝန်ထမ်း။

ညွန့်မောင်
ဥက္ကဋ္ဌ
(၂၈-၅-၇၃)

ဟူ၍ ဖြစ်၏၊ ဤအရှင်ထံသို့ ဩဂုတ်လ ၉-ရက်တွင် ရောက်လာ၍ ဤစာမူကြီး သူတို့အဖွဲ့လေးဖွဲ့လက်တွင် လည်ပတ်နေသည်မှာ ၃–လကြာခဲ့ကြောင်း သိရ၏ 'သူတို့အဖွဲ့လေးဖွဲ့စလုံးက ပြောင်တောက်ကြဘူးတဲ့လေလား' ဟု ထက်ပါစာဖတ်ပြီး မြည်တမ်းလိုက်မိသည်။

'ကိုယ့်ထမင်းကိုယ်စားပြီး ယောက္ခမနွား အလကားကျောင်းပေးရတယ်' ဆိုတာကတော်သေးရဲ့၊ သူ့ယောက္ခမပေကိုး၊ သူ့သမီးယူထားတော့ ယောက္ခမ အလုပ် မလုပ်နိုင်သောအခါ ကျောင်းပေးထိုက်ပါတယ်၊ ကိုယ့်ထမင်းကိုယ်စား ပြီး သူများနွားတွေ အလကားကျောင်းပေးနေရတယ်' ဆိုတာထက်တောင် သာ ကောင်း သာပေမည်ထင်၏၊ သူတို့ ၄–ဖွဲ့ထဲက လခကြီးစားတွေက သူတို့လုပ် ဆောင်ရမည့် တာဝန်တစ်ခုကို ငါပြားတစ်စေ့မှမရသော ဘုန်းကြီးက အလကား နှစ်ပြားတင်း မေတ္တာရိသက်သက်နှင့် ဆောင်ရွက်ပေးရမည့် တာဝန်ကြီ တစ်ခု– ဟူ၍ တွက်ကပ်လိုက တွက်ကပ်နိုင်၏၊ သို့သော် ဤအရှင်ကား ယင်းသို့မတွက် ကပ်ပါ၊ အဘယ်ကြောင့်လည်းဆိုလျှင် ဥပမာ နိုင်ငံတော်က သာသနာရေးဆိုင်ရာ ထောက်ပံ့စရိတ်ဟူ၍ ဤအရှင်အတွက် ငါးပြားတစ်စေ့မှမရှိဘဲလျက် သူတစ်ပါး ထက် ထူးကဲစွာ တောတောင်ကန္တာရအတွင်း ခြေကျင်လျှောက်၍ သာသနာပြု နေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၏။

လူ့လောကတွင် အချင်းချင်း မိမိတို့ဘတ်နိုင်ရာက ကူညီဆောင်ရွက်ပေး ရမည်မှာ စေတနာကောင်းရှိသူတို့၏ ဝတ္တရားမဟုတ်လော၊ သူတော်ကောင်း တကာတို့၏ ရှေးရိုးထုံးတမ်းစဉ်လာ ဖြစ်သည်၊ သတ္တဝါအများကို သံသရာ ဝဋ်ဆင်းရဲမှ ကယ်တင်ရေးအတွက် ဆင်းရဲကြီးစွာခံ၍ ဆောင်ရွက်တော်မူသွား ကြသော ဘုရားအလောင်းတော်ကြီးတို့သည် 'သတ္တဝါတွေအတွက် ကယ်တင်ရ

တာ ငါပင်ပန်းလှတယ်'ဟူ၍ ညည်းတွားဟော်မမူကြပါ၊ ဘာအဖိုးအခမျှမရှိ၊ ဘယ်သူ၏ အထောက်အပံ့မျှ မျှော်ကိုးချက်မထားကြပါ၊ မိမိ၏ ဘုရားဖြစ်ကြောင်း ကိုသာ လိုလားထားကြသည်။

## အလုပ်ရှုပ်သော်လည်း ကြားညှပ်ရပေမည်

နေ့စဉ် လုပ်ဆောင်သွားရန် လျာထားပြီးဖြစ်နေသော မိမိအလုပ်တွေ ရှုပ်ထွေး များပြားနေသည့်ကြားမှ ကိုယ်နှင့်မဆိုင်သော သူတို့၏ အမှုကြီးကို လက်ခံလိုက်ပြန်၏၊ စိတ်ထဲက ညည်းညူမိ၏၊ သို့သော် ငြင်းနိုင်သောကြောင့် အချိန်ယူနိုင်သမျှ နည်းနည်းချင်း ကြည့်ရှုလေ့လာ၍ ပြီးနိုင်သမျှ ပြင်ဆင်ပေးလာခဲ့ရာ တစ်ရွက်ပြီး နောက်တစ်ရွက်ဆိုသလို ရောက်လာခဲ့၏၊ အချိန်မရသောကြောင့် တစ်ရက်လျှင် စာတစ်မျက်နှာမှ အလွန်ဆုံး သုံးမျက်နှာလောက်သာ တည်းဖြတ်ပေးနိုင်သည်။

## အဖတ်ရလွယ်သော စာမဟုတ်

ချင်းစာနှင့် ချင်းစကားမတတ်သူ မြန်မာလူမျိုးများက ကြည့်လျှင် သမိုင်းထုံးစံဘာ အမှားအမှန်တို့ ပြင်ဆင်နိုင်ဖို့ဝေးလေစွ၊ စကားချောအောင်ပင် ဖတ်နိုင်ဖို့ ခက်ကြမည်၊ လျှာသုတ်တိုက်နေကြမည်မှာ သေချာ၏၊ စာလုံးနှင့် စကားဝါကျတွေက အများအပြားပါရှိသည့်နည်းတူ မြန်မာစကားနှင့် မြန်မာစာမကျွမ်းကျင်သော ချင်းအမျိုးသားများက ဖတ်ကြပြန်လျှင်လည်း မြန်မာစာနှင့်ရေးထားသော ရှေးဟောင်းနှောင်းဖြစ် သမိုင်းထုံးစံတွေကို ပြင်တက်ဖို့မဆိုထားဘိ ဘာမှားနေသည်ဟူ၍ပင် သိနိုင်ဖို့လွယ်ပါ။

## ငါကဟုတ်သေးတော့

၁၃၃၅-ခု ဝါခေါင်လပြည့် ဥပုသ်နေ့တွင် ဖလမ်းမြို့မှ နလကဉက္ကဋ္ဌ ဗိုလ်ကြီးညွန့်မောင် ဤအရှင်၏ တောရကျောင်းသို့ ကားနှင့်ရောက်လာ၏၊ အကောက်ခွန်ဌာနဆရာရှိ ကာစတန့်ဝန်ထောက်ကြီး ဦးသန်းလွင်နှင့် ၎င်း၏ဌာန အမှုသမ်း ဦးခင်မောင်တို့ပါခဲ့ရာ ဤအရှင်အား ဆွမ်းနှင့်ခေါက်ဆွဲ ကပ်ရင်း ဥပုသ်စောင့်ကြရန် လိုက်ပါခဲ့ကြသည်ဆို၏၊ သမိုင်းစာမူကြီးကို ရေးပြုသူ ချင်းအမျိုးသား 'ရွှန် ဘိစ်' ဆိုသူလည်း ပါခဲ့သည်၊ ဤအရှင်က စာရေးသူခေါ်၍ လာခဲ့မှန် ပြုတင်မှာကြားချက်ကြောင့် ဖြစ်သည်။ အဆင်သင့်ပင် စားပွဲရှေ့၌

တင်ထားသော စာမူကြီးကို ရေးသူရှေ့တွင် လိုရာလိုရာ ကွက်၍ထောက်ပြကာ ပွင့်လင်းစွာ ဆွေးနွေးလိုက်ရသည်၊ ခရီးရောက်သည့်အကျိုး ပြီးသွားပါသည်။

ဗိုလ်ကြီးညွန့်မောင်က စာမူကြီးကို ဤအရှင်ရှေ့သို့ အားကိုးစွာနှင့် ပို့လိုက်ရခြင်းအကြောင်းကို ယခင် ဦးမောင်မောင်စိုး လျှောက်ပြီးစကားကို ထပ်လောင်း၍ ဖြည့်စွက်လျှောက်သည်၊ 'တပည့်တော် ကိုးစားကြည့်မယ်လို့ ဖလမ်းမြို့မှာ အဖွဲ့လေးဖွဲ့ စီစဉ်ဖွဲ့ထားပြီး ကြည့်ရှုပြင်ဆင်ပေးကြရန် ပို့ပေးပါတယ်၊ သို့သော်လည်း တစ်လက်ကတစ်လက်ကူ ပြီး လည်နေလိုက်ကြတာဘုရား၊ စာမူကြီး ညစ်နွမ်းလာရုံပဲ ရှိတယ်၊ ဘာအကျိုးမှ မပြီးပါ၊ တကယ်တော့ ဘယ်သူမှ မစွမ်းနိုင်ကြပါဘူး၊ ချင်းလူမျိုးထဲကလဲ ပြင်ဆင်ပေးနိုင်သူ တစ်ယောက်မျှမရှိပါ၊ ဖလမ်းမြို့၌မှာကြတဲ့ မြန်မာထဲကလဲ ချင်းလူမျိုးတို့ရဲ့ ရှေးဟောင်းနှောင်းဖြစ်သမိုင်း ဆိုလျှင် အမှန်လဲ မသိကြပါဘူး၊ မမှန်တာလဲ မသိကြပါဘူး၊ တပည့်တော် ကိုယ်တိုင်ကလဲ ချင်းတောင်ပေါ်ရောက်တာ မကြာသေးတော့ ဘာမှနားမလည် ဘူး ဘုရား၊ ချင်းလူမျိုးတို့ရဲ့ ရှေးဟောင်းနှောင်းဖြစ်သမိုင်းရော၊ လူမှုရေးရာ ထုံးစံရော၊ လူမျိုးယဉ်ကျေးမှုထုံးစံရော သိကျွမ်းနားလည်နိုင်တဲ့ ပုဂ္ဂိုလ်ကတော့ ဒီချင်းတောင်ပေါ်မှာ ဆရာတော်ကြီးတစ်ပါးတည်းသာ ရှိပါတယ်'

'အခိုင်းကောင်းကောင်းတတ်တဲ့ ဗိုလ်ကြီးကဘုန်းကြီးကို မြှောက်ပင့်နေတာ မျှားလား'

'မမြှောက်ပါဘူးဘုရား၊ အမှန်ပြောရရင် မြန်မာလူမျိုးထဲက ချင်းလူမျိုးတို့ရဲ့ အတိတ်အကြောင်းရာဆော ပစ္စုပ္ပန်အကြောင်းရာတွေ အထွေထွေကို သိကျွမ်းနားလည်တဲ့ ပုဂ္ဂိုလ်ရှာလျှင် မြန်မာတစ်ပြည်လုံးမှာ ဆရာတော်ကြီးတစ်ပါးတည်းသာရှိတယ်ဆိုတာ တပည့်တော် သိထားပြီးပါဘုရား၊ ဒါကြောင့် နောက်ဆုံးမှာတော့ အလုပ်ဖြစ်ရန် တပည့်တော်တို့ အကြံရသည့်အတိုင်း ဆရာတော်ကြီးထံ ပို့လိုက်ပြီး ကူညီပေးတော်မူပါလို့ စွန့်ပြီး အထူးတောင်းပန်ရပါတယ်၊ အခြား ဘယ်သူမှမတတ်နိုင်ကြတော့ ဆရာတော်ကြီးက ကူညီမပေးတော်မူပါဘုရား'

'ဟေ–ဒီလိုဆိုရင် ငါက ဟုတ်တုတ်တုတ်ရှိပေသေးတော့'

တကယ်မငြင်းသာသောအဖြစ် ရောက်နေမှတော့ လက်ခံဆောင်ရွက်ပေးရမည့် အတူတူမို့ ခပ်တည်တည်နှင့်ပြုံးလျက် ဥဒါန်းကျူးပြလိုက်သည်၊ တကယ်ဖြစ်ရပ်အမှန်ကိုကြည့်လျှင် သူတို့တာဝန်ရှိသော လခစားကြီးတွေ လေးဖွဲ့ထက်ပင် ဤတစ်ကွက်တွင် မိမိတစ်ပါးတည်းက သာနေသည်မှာ လက်တွေ့ထင်ရှားသော သမိုင်းတစ်ရပ်ဖြစ်နေခြင်း မဟုတ်ပါလော။

## ရေးသူနာမည်ပါ ပြင်ရမည်

'ကိုင်း-အလုပ်စကြမယ်၊ ဒီစာမူကြီးကို ပြင်ပေးစေလိုတာက စာလုံးမှားနှင့် စကားသုံးမှားလောက်သာ ပြင်ရမှာလား၊ ဆင်ဆာပါ လုပ်ပေးရမှာလား'

ဤအရင်က စားပွဲပေါ်ရှိ စာမူကြီးကိုင်ပြလျက် ယခင် 'ကျောင်းအုပ်ကြီး နှင့် မေးဖူးပြီဖြစ်သော်လည်း ပိုရှင်းအောင် သူတို့ကိုထပ်မေးရာ 'ပြင်သင့်ရာဟူ သမျှ ဘာမဆို အားလုံးတည်းဖြတ်ပေးရမှာပါဘုရား'ဟု ဗိုလ်ကြီးက လျှောက် သည်။

'ဒီလိုဆိုရင် 'ရေးသူ-မိုက်ကယ်'ဆိုတဲ့ နာမည်တပ်ထားပုံကအစ ပြင်ရလိမ့် မယ်၊ မိုက်ကယ်ဆိုတာ အင်္ဂလိပ်လူမျိုးနာမည်ပဲ၊ အဖေ, အမေ ချင်းအမျိုးသား စစ်စစ်ဘာစ်ယောက်က အဘယ်ကြောင့် မဆိုင်မဆပ်တဲ့နာမည်ကို ယူချင်ရသလဲ၊ ရပ်ဝေးမှ စာဖတ်သူများက အင်္ဂလိပ်လော၊ အင်္ဂလိပ်၏သားလောဟု ထင်ကြ မယ်၊ သို့မဟုတ် 'သွားလေသူ တိုင်းတစ်ပါးသားများကို လိုလားသူ ဖြစ်ဟန်ရှိ တယ်'ဟု စွပ်စွဲကြမယ်၊ ယနေ့ မြန်မာပြည်တွင် တိုင်းတစ်ပါးသား လူမျိုးစုံတွေက မြန်မာနာမည်ကို တွင်တွင်မှည့်ယူနေကြချိန်မှာ အင်္ဂလိပ်နာမည်ဟာ အတော် ခေတ်နောက်ကျနေတယ်ဆိုတာ သိရမယ်'ဟူ၍ ရှင်းလင်းပြောပြရာ စာမူရေးသူ ရှန်းဘိစ် (ကောလိပ်ကျောင်းသား)က 'ပြင်ပါ'ဟု ကျေနပ်စွာ လက်ခံသွားသည်။

စာမူကြီးကို တစ်ရွက်ချင်းလှန်၍ စာလုံးမှားများကို ပြသည်၊ စာလုံးမှား နှင့် စကားသုံးမှားနေသော ဝါကျများကိုလည်း ထောက်ပြရသည်၊ 'ဒီဝါကျ စကားလုံးကို ဒီလိုပြင်မှ သင့်လျော်သွားမယ်'ဟူသော အချက်အလက်များကိုလည်း စာရေးသူ၏ရှေ့တွင် ပြင်ဆင်ပြပေးလိုက်သည်၊ ထို့ပြင် သမိုင်းစာအုပ်ဆိုတာ ပေါ့ပေါ့ဆဆရေးထုတ်လို့မဖြစ်ကြောင်းနှင့် မြန်မာပြည်ဘက်မှ မြို့အတော်တော် များများကိုလည်း ထောက်ပြကာ 'ဒီမြို့တွေမှာ ချင်းလူမျိုးမရှိဘဲ ချင်းလူမျိုးတို့ နေထိုင်ကြသောမြို့များအဖြစ် မရေးသင့်ဘူး၊ နောင်ခါ စကားငြင်းဆို၍ ဒီစာအုပ် ကြောင့် အချင်းများဖွယ်ရာ ဖြစ်နေမယ်'ဟု ရှန်းဘိစ် ရှေ့တွင် ထောက်ပြပြီး သူ့ရှေ့တွင် ပယ်ဖျက်လိုက်သည်။

## ရှေးခေတ်သုံးစကားချည်း နားမလည်နိုင်ဘူး

ချင်းတို့၏ လူမျိုးရေးသမိုင်းအကြောင်း ရေးသားတင်ပြသောအခန်းတွင် ရှေးခေတ်သုံး ချင်းစကား အခေါ်အဝေါ်များချည်း မရေးသင့်ပုံနှင့် ယခု မျက်မှောက်ခေတ်လူတွေအများက ခေါ်ဝေါ်ပြောဆိုနေကြသော စကားလုံး

များကိုပါ ကြားညှပ်၍ ဖော်ပြသင့်ကြောင်း၊ ချင်းစကားမတတ်သော မြန်မာ သတင်းထောက်နှင့် စာရေးဆရာတို့၏ခရီးသွားမှတ်တမ်းဆောင်းပါးထဲက မပီမသ ရေးထုံးမျိုးကိုလည်း အတုမလိုက်သင့်ကြောင်း ပြောပြရ၏၊ ဥပမာ ရှေးအခေါ် 'တိုင်ချွန်း' လူမျိုးကို ယခုအခါ အများသုံးစကားမှာ 'တာရှန်း' ဟု ခေါ်ကြပုံ၊ ရှေးအခေါ် 'ဇာနီယတ်' လူမျိုးကို ယခုအခါ 'ဇာညှပ်'ဟူ၍ ခေါ်ဆိုကြပုံ၊ ရှေး အခေါ် 'ခွာရှီယန်း' လူမျိုးတို့ကို ယခုအခါ 'ခွာရှင်'ဟု ခေါ်ပြောကြပုံစသည် ဖြင့် တစ်ခုစီ ညွှန်ကြားထောက်ပြလိုက်ရသည်။

## ရွှေချီးဖြူမင်းသားနှင့် ဗိုလ်စ

ဗြိတိသျှနယ်ချဲ့တို့ကို ချင်းလူမျိုးတို့က တိုက်ခိုက်ခဲ့ကြသော သမိုင်းကဏ္ဍ တွင် ချင်းလူမျိုးများနှင့် မြန်မာသူရဲကောင်းအချို့တို့ ပူးပေါင်းတိုက်ခိုက်ခဲ့ကြ သော သမိုင်းကြောင်းရာ ရေးသားရာ၌လည်း ရွှေချီးဖြူမင်းသားနှင့် ဦးဗိုလ်စတို့ နာမည်ကို ရှေ့နားကပ်၍ စာဖတ်သူတို့ အလွယ်ခွဲခြားသိနိုင်ရန် (မြန်မာ) ဟူ၍ ရေးထည့်ဖို့လိုကြောင်း စသည်ပါမကျန် ပြေလည်အောင်ပြော၍ သူ၏ရှေ့တွင် ပြင်ဆင်ပြခြင်းနှင့် ဖျက်တန်ကလည်းဖျက်ကာ ဖြည့်တန်ရာ၌ ဖြည့်ပြပေးလိုက်သည်။

သူတို့ထပြန်သွားကြပြီးနောက်တွင် မိမိတစ်ပါးတည်း ကြည့်ပြင်နေရစ် သည်၊ နန်းကသည်းမြစ်ကမ်းပါးရှိ ထင်းရှူးဆီထုတ်လုပ်ရေးစက်ရုံအကြောင်း ဖော်ပြသောအပိုင်းတွင် မန်ကျည်းပင်များ စမ်းသပ်စိုက်ပျိုး၍ ဖြစ်ထွန်းနေပုံ ရေးသားရာမှာ (မကြီးပင်)ဟု ထပ်ကာရေးပါနေ၍ သတ်ပုံပြင်ဆင်ရေးပေးနေရ သည်တို့ကလည်း အချိန်ကုန်လှသည်၊ ဗြိတိန်, အမေရိကန်တို့နှင့် ဥရောပနိုင်ငံ များဆီလို စာမူပြင်ဆင်ပေးရခ ဖြစ်ဖြစ်မြောက်မြောက် ရမည်ဆိုလျှင် ဤစာမူကြီး ကို ကြည့်ရှုပြင်ဆင် တည်းဖြတ်ပေးခအတွက် စာလုံးရေ (၁၀၀၀)လျှင် (ဝမ်း ဒေါ်လာ) မရဘဲ လက်ခံနိုင်မည် မဟုတ်ပါ။

## တာဝန်တစ်ခု ပြီးပြီ

'ကိုင်း-အလုပ်မအားသည့်ကြားက သမိုင်းစာမူကြီးကို ကြိုးစား၍ ပြင် ဆင်ပေးလိုက်နိုင်ပါပြီ၊ ဆိုင်ရာ ဖလပ်မြို့ နယ်က လက်သို့ ပြန်အပ်လိုက်ပြီး နောက်တွင် သတင်းကောင်း ကြားရ၏၊ ကောလာဟလ သတင်းကြီးလျက်ရှိ နေသော တိုးတိုး သတင်းစကားတွေ အကောင်းဘက်သို့ လမ်းပြောင်းလာသည် ဆို၏၊ 'ဒီစာမူကြီး ဓိဆရာတော်ကြီး လက်ထဲရောက်သွားတာ အဘက်ဘက်မှာ

ကံကောင်းတယ်၊ နောင်ရေး ဘဲဥညာ ရှုပ်ထွေးဖွယ်ရာ ကင်းရှင်းသွားမှာ သေချာတယ်'ဟူ၍ လူထုထံမှ ကျေနပ်အားရသံ စကား ထွက်ပေါ်လာသည်။

ထို့ပြင် စာမူရေးသူ ဘက်ကလည်း 'ဒီဆရာတော်ကြီးသာ ဆိုလျှင် ကျေနပ်တယ်၊ လူမျိုးရေးမလိုက်၊ ဂိုဏ်းဂဏ ဘက်မလိုက်၊ သမာသမတ် အကျဆုံး အပြတ်သားဆုံးနှင့် အညှာတာဆုံးဖြစ်မှာ ယုံကြည်ပါတယ်'ဟူ၍ ပြောဆိုကြောင်း တစ်ဆင့်စကား ကြားသိရ၏၊ ကိုင်း-မိမိ၏ အလုပ်တာဝန်ကြီးကို စုချုပ်လိုက်သော် 'အားလုံး ကောင်းပါသဗျို့'ဟူ၍ ဖြစ်ပါသတည်း။



# အပိုင်း (၂)

# လွတ်လပ်ရေးသိမ်နှင့် စေတီတော်

## ဗုဒ္ဓဘာသာ၏ အမွေအနှစ်

လုပ်ငန်းတစ်စုံတစ်ရာကို ဖြစ်မြောက်စေလိုလျှင် တကယ်ဖြစ်ချင်သော စိတ်ထားရှိက တကယ်ဖြစ်၏၊ ဖြစ်နိုင်သော နည်းဖြင့် ဖြစ်လာအောင် ကြိုးစားတတ်ရန်သာ လိုသည်။

'ဆန္ဒ၀တော ကိံ နာမ ကမ္မံ န သိဇ္ဈတိ'ဟူ၍ အဋ္ဌသာလိနီအဋ္ဌကထာ၌ ဆိုထား၏၊ 'ဆန္ဒ၀တော–ဆန္ဒ၏ အစွမ်းကြီးမှုကြောင့်၊ ကိံ နာမ ကမ္မံ– အဘယ်သို့သော အမှုလုပ်ငန်းကိစ္စမည်သည်၊ န သိဇ္ဈတိ–မပြီးဟူ၍ မရှိနိုင်' တဲ့။

ဆန္ဒ၏ ကြီးမားသော အားစွမ်းဖြင့် အဘယ်သို့သော အမှုလုပ်ငန်းကိစ္စဖြစ်စေ မပြီးဟူ၍ မရှိ ပြီးစီးအောင်မြင်ရမြဲသာတည်း၊ ကြိုးစားက ဘုရားတောင် ဖြစ်နိုင်၏၊ အဋ္ဌကထာ ဆရာတော်၏ ထိုစကားကို အားကျ၍ ဤအရှင် ကြိုးစားခဲ့သည်၊ တီးတိန်, ဖလမ်း, ဟားခါးဟူသော မြောက်ပိုင်း ချင်းတောင် နယ်သုံးနယ် အတွင်း၌ ဤအရှင် စတင်ရောက်သွားသောအခါ အဆိုပါ အစိုးရ ရုံးစိုက် အုပ်ချုပ်ရာ နယ်သုံးနယ်အတွင်း တောင်ရိုးတစ်လျှောက်တို့၌ ဗုဒ္ဓဘာသာ ထွန်းကားသော မြန်မာနိုင်ငံ၏ အတွင်းဖြစ်သော်လည်း ရှေးက ဗုဒ္ဓဘာသာ ရောက်ဖူးပြီလောဟု ရှာဖွေကြည့်၏၊ စေတီပုထိုးဟောင်း ကျောင်းကန်ဟောင်း စသော ဗုဒ္ဓဘာသာ၏ ရှေးဟောင်း အမွေအနှစ်ဟူ၍ ဘာတစ်ခုမျှ ရှာမတွေ့ရပါ၊ တောင်ပိုင်း ချင်းတောင်ရိုးတွင် မြင်းချည်ဟောင်အမည်ရှိ တောင်၌ ရှေး စေတီဟောင်း ရှိသည်၊ ထို့ပြင် မိုးကောင်းဘုရားဟူ၍ ပြောစမှတ် ပြုကြသော ဘုရားတစ်ဆူရှိကြောင်း သိရ၏၊ မြောက်ပိုင်း ချင်းတောင်၌လည်း တွေ့လိုတွေ့ငြား စုံးစမ်း မေးမြန်းဖူး၏၊ ရဟန်းပုဂ္ဂိုလ်များ နေထိုင်သွားဖူးသော ကျောင်းကန်ဟောင်း, နေရာဟောင်း စသည်ကိုလည်း စုံစမ်းဖူး၏၊ လုံး၀မရှိပါ၊ သို့ရာတွင် ကုလားရသေ့ကြီးများ နေထိုင်သွားဖူးသော ကျောင်းသခ်မ်းဟောင်းနှင့် ကျောက်လိုဏ်ဂူများကိုတော့ ဤအရှင် အထင်အရှား တွေ့ရှိရသည်။

## ရုပ်ပွားတစ်ဆူ ရှိသော်လည်း

လွန်ခဲ့သော အင်္ဂလိပ်ခေတ်က မူးစေ ခန့်သာရှိသော ဖလမ်းကို အရေးပိုင်ရုံးစိုက်ရာ ဗဟိုမြို့ ပြုလုပ်ထား၍ ဖလမ်းမြို့ကွက် ကျဉ်းမြောင်းကလေး၌ သူမျိုးစုံ နေထိုင်ကြရသည်၊ စစ်မှုထမ်း · မင်းမှုထမ်းတို့သည် ကုလားတွေများကြသည်၊ ဘာသာပျိုးစုံ ပါဝင်ကြလေရာ ကိုယ်စီကိုယ်စီ ဘာသာအလိုက် ဘုရားဝတ်ကျောင်း ကလေးတွေ ဆောက်လုပ်ထားကြသည်၊ ထိုအခါ မြန်မာဗုဒ္ဓဘာသာ မင်းမှုထမ်း တစ်စုကလည်း အားကျမခံ ဗုဒ္ဓဘာသာ ဓမ္မာရုံကျောင်းကလေးတစ်ခု ဆောက်ထားကြသည်၊ ဂန့်ဂေါ သားကြီးများက အားကျမခံ ငွေစုပြီး ကြံဖန် ကြိုးစား ဆောက်ကြကြောင်း သိရ၏။

ဤအရှင် ရောက်လာသော အချိန်၌ ထိုဓမ္မာရုံကလေး မပျက်မစီး ရှိနေ၍ တစ်ခါ ဆိုရုံး၏၊ ထိုစဉ်က ရုပ်ပွား ဆင်းတုတော်တစ်ဆူ ဓမ္မာရုံပေါ်၌ ပင့်တင်ကိုးကွယ် ထားကြသည် ဆို၏၊ စစ်ဖြစ်နေသော ကာလအတွင်းက ဘယ်ရောက်သွားလေသည် မသိကြရ၊ ဘုန်းကြီး တက်ရောက်လာချိန်တွင် ရှာမတွေ့ရတော့ပါ၊ ဘုန်းကြီးတပ်ပါး ရှိစေချင်လှသောကြောင့် ဂန့်ဂေါနယ်မှ တောထွက်ကိုယ်တော်ကြီး တစ်ပါးကို ထိုဒကာတို့က ကြိုးစား ပင့်ထားကြရာ ခေတ္တမျှနေထိုင်ပြီး ပြန်ဆင်းသွားသည် ဆို၏၊ မခြေမြစ်၍ ဘာလက်ကျန်မျှ မရှိပါ၊ ထို့ကြောင့် ဤအရှင်၏ စိတ်တွင် ထူးမြတ်သော ကြံရွယ်ချက် တစ်ခုကို မြဲမြံစွာ ချမှတ်ထားလိုက်သည်၊ 'စေတီတော် တစ်ဆူတည်၍ သိမ်တစ်လုံး သမုတ်မည်' ဟူသော ကြံရွယ်ချက် ဖြစ်သည်။

## လက်အောက်ခံ ဘဝမှ လွတ်သောနေ့

တိုင်းတစ်ပါးသား လူမျိုးခြားတို့၏ လက်အောက်သို့ ရောက်နေကြရသော မြန်မာပြည်ကြီးကို ကျွန်သပေါက် ဘဝမှ လွှတ်မြောက် ထွက်ခဲ့ကြသော လွတ်လပ်ရေးနေ့ကို– အမှတ်တရဖြစ်စေရန် ကြံတောင့်ကြံခဲ့သော ထိုနေ့ထူး နေ့မြတ်၌ 'လွတ်လပ်ရေးစေတီ' ဟူသော အမည်ဖြင့် စေတီတော် တစ်ဆူနှင့် 'လွတ်လပ်ရေးသိမ်' ဟူသော အမည်ဖြင့် သိမ်တစ်လုံး သမုတ်ခြင်းကိုပါ ဖြစ်စေရမည်ဟူ၍လည်း ထပ်လောင်းကြံရွယ်ထားသည်။

စိတ်ဆန္ဒ အရှုတော့ဖြင့် ကြံစည်ပြီးလေပြီ၊ တကယ် ဖြစ်မြောက်နိုင်ရန် မည်သို့ ဆောင်ရွက်ရပါမည်နည်း၊ လပ်းစကို ရှာကြည့်၏၊ မိမိလိုလားသော ထိုရက်အတွင်း၌ အချိန်မီ တကယ် ထမြောက် အောင်နိုင်မည်လော–ဟူ၍ သံသယတော့ ဝင်နေမိသည်၊

## ဖြစ်နိုင်သောလမ်းစ

ဤကြံရွယ်ချက် ဖြစ်နိုင်မဖြစ်နိုင် ဦးစွာတိုင်ပင်ရမည့်သူမှာ ထိုအချိန်တွင် ချင်းဝိသေသတိုင်း၌ ဦးစွာ တိုင်းမင်းကြီးဖြစ်လာသူ ယခင် ဖလမ်းမြို့၌ ဤအရှင် ရင်းနှီးစွာ တိုင်ပင်ခဲ့ဖူးပြီး နယ်ခြားအရေးပိုင်ဟောင်း ဦးသိမ်းမောင်နှင့် ဆပ္ပလိုင်း ဝန်ထောက်ကြီး ဦးလူခန့်တို့နှစ်ဦးသာ ရှိ၏၊ ထိုအချိန်က ဦးလူခန့်သည် ဆပ္ပလိုင်း ဝန်ထောက်ကြီးဖြစ်ရာ ကလေးဝမြို့၌ ယာယီရုံးဖွင့်နေရာမှ ချင်းတောင်ပေါ် ဖလမ်းမြို့သို့ ဦးသိမ်းမောင်က ရွှေ့ပြောင်းနေထိုင်ရန် အမိန့်ချ စီစဉ်ထားခဲ့ခြင်း ဖြစ်သည်။

'ထိုဒကာကြီးနှစ်ဦးနှင့် ဆွေးနွေးကြည့်လျှင် လမ်းစရှိမရှိ သိရပေမည်'ဟု အကြံရှိသည်၊ အကြောင်းညီညွတ်ချင်တော့ ထိုဒကာကြီးနှစ်ဦးကို ဤအရှင် ရန်ကုန်မှ တောင်ပေါ်ခရီးထွက်လာစဉ် ကလေးဝမြို့၊ ရွှေမုဋ္ဌောကျောင်း၌ ကြိုတင် ချိန်းထားကြသကဲ့သို့ ရင်ဆိုင်တွေ့ဆုံကြရ၏၊ ကောင်းမြတ်သောကြံရွယ်ချက်သည် အောင်မြင်ကြောင်းလမ်းစ ပေါ်ခဲ့ပြီဟု ဝမ်းသာကြည်နူး ဖြစ်မိသည်၊ ဤအရှင်က မြောက်ပိုင်းချင်းတောင်ပေါ်၌ အမြဲတမ်း သာသနာပြု ဗဟိုဌာနတည်၍နေ ရန် နောက်ပါတပည့်ဟုန်း ပရိသတ်နှင့် တက်လာခြင်းဖြစ်သည်၊ ချင်းဝိသေသ တိုင်းမင်းကြီး ဦးသိမ်းမောင်က ရန်ကုန်သို့ သွားရောက်ရုံးထိုင်ရန် ချင်းတောင် ဖလမ်းမြို့မှ ပြောင်းရွှေ့လာခြင်း ဖြစ်သည်၊ မြောက်ပိုင်းချင်းတောင်တန်းနယ် ရိက္ခာဖြန့်ဝေရေးဝန်ထောက်ကြီး ဦးလူခန့်က ဘုန်းကြီးကိုကြိုဆိုရန် ဖလမ်းမြို့မှ ဦးသိမ်းမောင်နှင့် လိုက်ပါလာခဲ့ခြင်း ဖြစ်သည်ဆို၏၊ အချိန်မှာ ၁၃၀၉-ခုနှစ်၊ ပြာသိုလဆန်း (၁၃) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖြစ်သည်။

## သာသနာပြုစတင်ရန် အကြံပေးချက်

ဗုဒ္ဓဘာသာ လုံးဝမရောက်ဖူးသေးသော မြောက်ပိုင်းချင်းတောင်ပေါ်သို့ တက်ရောက်၍ စတင်သာသနာပြုရမည့် အလုပ်ကိစ္စသည် အဘက်ဘက်၌ မလွယ်ကူ နိုင်ပါ၊ သာသနာပြုပုဂ္ဂိုလ်နေထိုင်ရန် ကျောင်းကန် မရှိ၊ စားနပ်ရိက္ခာ မရှိ၊ ထမ်းပို့သူ မရှိ၊ ဆွမ်းခံစရာ မရှိ၊ ပစ္စည်းလေးပါးထောက်ပံ့သူ မရှိ၊ အားကိုး အမှီပြုနေထိုင်ရန် တောင်ပေါ်သားထဲမှ ထိရောက်သောဒကာ မရှိ၊ ထို့ပြင် သာသနာပြုပုဂ္ဂိုလ်က စိတ်ဓာတ်ခိုင်မာရမည်၊ အရာရာ ဖြစ်သလို သည်းခံနေနိုင် စွမ်း ရှိရမည်၊ သူတို့ဒေသ၌ပြောဆိုသော ဘာသာစကားကိုတတ်အောင် ဦးစွာ ကြိုးစားရန်လိုသည်၊ ရာသီဥတုဒဏ် ခံနိုင်စွမ်းရမည်၊ စိတ်ပျက်လွယ်သူ မဖြစ်ရ၊

လိုရင်းအလုပ် အောင်မြင်ရေးကိုသာ ဦးတည်ချက်ထား၍ ဇွဲရှိရမည်၊ အသေးအဖွဲကြောင့် ရာ တွေ့ကြုံရသော လောကဓံကို ညည်းညူနေတတ်သူမဟုတ်မှသာ ခိုင်မြဲနိုင်မည်၊ ဤအရင်သည် မိမိအတွက်ဆိုလျှင် အဆိုပါအကြောင်းရပ်အားလုံးကို ဖြစ်စေနိုင်စွမ်းရှိကြောင်းသိပြီး ယုံကြည်စိတ်ချထားပြီးဖြစ်သည်၊ နောက်ပါပုဂ္ဂိုလ်များအတွက်သာ စိတ်မချနိုင်ဖြစ်မိသည်၊ သို့သော် စမ်းရတော့မည်။

စတင်ရမည့်အပိုင်းတွင် အတွက်ဘက်မှ မလွယ်ကူသောကြောင့် ချင်းတောင်ပေါ်၌ နှစ်ပေါင်းကြာမြင့်စွာ နေလာခဲ့ပြီးသော ဒကာကြီး ဦးသိမ်းမောင်က အဒမြဲအမြင်ကြီးစွာနှင့် သူ၏ ကြံရွယ်စီမံချက်များကို ဘုန်းကြီးအား တင်ပြဆွေးနွေး၍ အကြံပေးလျှောက်ထားရန် ဤအရှင်ထံသို့ ဦးလူခန့်နှင့် ရောက်လာကြသည်၊ အာနိမှာ ဤအရှင်သည် ဒကာကြီး ဦးသိမ်းမောင်ကို သာသနာပြုဒါယကာအသောကာမင်းကြီးသာမျှ အားကိုးပြုရမည့်ကဲ့သို့အချိန် ဖြစ်၏၊ မိမိထံ လာရောက်တွေ့ဆုံခြင်းကို များစွာလိုလား၍ အလိုက်သိပါပေသည်ဟု အထူးကျေးဇူးတင်လှသည်၊ တိုင်းပင်ကြီး ဦးသိမ်းမောင်၏ အမြင်ဖြင့် စီမံချက် ညွှန်ကြားပေးချက်အားလုံးကို ဤအရှင်နှင့် ဒကာကြီး ဦးလူခန့်တို့က ကြားနာ၍ အရာရာ သဘောတူ လက်ခံယူကြသည်၊ နေထိုင်ရေး, စားသောက်ရေး, တောင်ပေါ်ချင်းတို့နှင့် စတင်ဆက်ဆံရေး, ခရီးသွားလာရေးပါ အတော်ကြီးပြည့်စုံအောင် ညွှန်ကြားခဲ့၍ မိမိ တောင်ပေါ်ရောက်၍ နေထိုင်မိလျှင်ပင် လုပ်ဆောင်ရမည့် အလုပ်ခရီးစဉ်မှာ အလျှိုအလျှို အမြင်ပေါက်လာသည်၊ တကယ်အားကိုးရသော ဒကာကြီးပါပေဟူ၍ ကျေးဇူးတင်မဆုံး ဖြစ်မိသည်။

ထိုအချိန်ပိုင်းတွင် ချင်းတောင်ပေါ် တက်ရောက် အခြေချနေထိုင်၍ သာသနာပြုရမည့် လုပ်ငန်းပိုင်း၌ ရန်ကုန်မြို့သားအစစ် သူဌေးကြီး ဆာဖိုးသာ၏ တူအရင်းဖြစ်သူ ဒကာကြီး ဦးသိမ်းမောင်နှင့် ဟသာတမြို့သား ချင်းတောင်တန်းဂိုက္ခာပြန့်ဝေရေးဝန်ထောက်ကြီး ဦးလူခန့်၊ သူ၏ရုံးအဖွဲ့သားများဖြစ်ကြသော ဒကာကြီး ဦးဟင်မောင်, ဦးစိုးမင်း, ဦးထွေးမောင် စသူတို့သည် တကယ်အားကိုးရသော ဒကာရင်းများ ဖြစ်ခဲ့ကြ၏။

## ဘုရားဒကာနှင့် သိမ်ဒကာများ

မပြောလျှင်မပြီး၍ မိမိ၏ကြံရွယ်ချက် အဓိကဖြစ်သော စေတီနှင့် သိမ်အကြောင်းကို အခွင့်ကြုံခိုက် လိုချင်သောရက်ပိုင်းအတွင်း ဖြစ်မြောက်ရေးအတွက် လောလောဆယ် အရေးတကြီးကိစ္စအနေနှင့် တင်ပြပြောဆိုလိုက်သည်။

'သာသနာပြုလုပ်ငန်းမှာ အခြေစိုက် အခြေခံဆိုတာ ရှိကြရမြဲပါ၊ မခက်ခဲသောနည်းဖြင့် ပြုလုပ်ပါမယ်၊ ချင်းတောင်ပေါ်၌ စေ့ာဦး စေတီတစ်ဆူနှင့် သိမ်တစ်လုံးတော့ ရှိစေချင်တယ်၊ ခြေနိုင်လက်နိုင် ကိုးတောင်ပြည့်စေတီ တည်ပါမယ်၊ သိမ်ကိုလည်း ဘုရားရှင်ခွင့်ပြုတော်မူချက်အတိုင်း သံဃာ နှစ်ကျိပ်တစ်ပါး ဆံ့လောက်ရုံ အငယ်ဆုံးပမာဏသိမ်ကို သမုတ်ပါမယ်'

'စေတီကို ဒကာကြီးဦးလူနန့်က ဒကာခံပါ၊ သို့မဟုတ် ဒကာကြီးက ခေါင်းဆောင်၍ ဖလမ်းဗုဒ္ဓဘာသာ၏ ကောင်းမှုအဖြစ် ဆောင်ရွက်ပေးပါ၊ သိမ်ကို ကြုံကိုက်လျှ၍ ထိုက်တန်သောကောင်းမှုအဖြစ် ဒကာကြီး ဦးသိမ်းမောင်က ဒကာခံပါ' ဟူ၍ အားနာနာနှင့် မရဲတရဲစွန့်၍ တိုက်တွန်းစကားပြောကြည့်ရာ အောင်မြင်ပါသည်၊ ဝမ်းမြောက်ရပေ၏၊ နှစ်ယောက်စလုံးက မငြင်းပယ်ကြပါ၊ 'ကောင်းပါပြီ၊ ဖြစ်စေရပါမယ်' ဟူ၍ နှုတ်ကတိအားဖြင့် လက်ခံလိုက်ကြသည်၊ ထိုအခါ ဤအရှင်၏စိတ်တွင် 'ကိုင်း–တစ်ထစ်တော့ချော်ပြီ၊ နောက်တစ်ထစ် ဘယ်ကစရပါမည်နည်း၊ သိမ်နှင့်စေတီ ဘယ်အရာက ပိုခက်မည်နည်း' ဟူ၍ ဒကာကြီးများ ရှိခိုးကန်တော့၍ ပြန်သွားကြလျှင် မိမိတစ်ပါးတည်း စဉ်းစားပြီး ကျန်ရစ်ခဲ့၏၊ ပစ္စည်းပြည့်စုံ၍ လုပ်ဆောင်ပေးမည့်သူလည်းရှိလျှင် ဘယ်အရာမှ မခက်ခဲပါ၊ ဖြစ်နိုင်သည်ချည်းပင်၊ အဆိုပါနှစ်မျိုးတွင် သိမ်သမုတ်ရေးကိစ္စသည် အဆောက်အအုံအတွက်ပစ္စည်းကို နောက်ထားပြီး သိမ်သမုတ်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်မည့် ရဟန်းပုဂ္ဂိုလ်ကြီးများသာ လောလောဆယ် ပြည့်စုံရန် လို၏ဟု မြင်သည်။

## လွတ်လပ်ရေးရသော နေ့အမှီ

စေတီတော်အတွက် လွတ်လပ်ရေးရသောနေ့တွင် အုတ်မြစ်ချထားလိုက်ဖို့သာ လိုသည်၊ ပြီးစီးအောင်တည်ရန်ကိစ္စမှာ အုတ်၊ ဘိလပ်မြေ၊ သဲစသည် လိုသောပစ္စည်းများ ရှာဖွေစုဆောင်းပြီးမှ တဖြည်းဖြည်း တည်ယူသွားလျှင် ဖြစ်နိုင်သည်၊ ဤသို့ စိတ်တွက်ဖြင့် ဖြစ်နိုင်သောလုပ်ငန်းစဉ် အမြင်ရှင်းလာရာ လုပ်ငန်းစဉ် နှစ်ရပ်လုံးအတွက် စိတ်ရှင်းသွားတော့သည်။

မှချပြီးလျှင် သိမ်သမုတ်သောအပိုင်းသည် လေးနက်သော ဆရာတော်ကြီးများ ပါရှိရန် လိုသောကြောင့် ခရီးစဉ်အတိုင်း လက်လှမ်းမီရာ ချင်းတောင်နှင့် နီးသော ကလေးမြို့နယ်နှင့် ကလေးဝမြို့တို့မှ သင့်လျော်မည်ဟု အကြံရ၍ ကလေးမြို့ ရွှေမုဋ္ဌောကျောင်း ဆရာတော်ကြီး ဦးဉာဏ၊ ကလေးမြို့နယ် အင်းဒင်

တောင်ရွာကျောင်း ဆရာတော်ကြီး ဦးဝိဇယ၊ နတ်ချောင်းရွာ ရန်ကင်းကျောင်းတိုက် ဆရာတော်ကြီး ဦးဥတ္တရ၊ ကလေးမြို့ ဓမ္မာရုံကျောင်း ဘုန်းကြီး ဦးဇဝနတို့ကို တောင်းပန်၍တိုက်တွန်းပြီး ပင့်ဆောင်ကာ ခြေလျင်တက်သွားကြသည်၊ ဤအရှင်၏ နောက်ပါ တပည့်သံဃာလေးပါးနှင့် မိမိပါ စုစုပေါင်း ၉-ပါး ဖြစ်သောကြောင့် စိတ်ကျေနပ်၏။

## ချင်းတောင်ပေါ် ခြေလျင်ခရီး

အဆိုပါ ဆရာတော်ကြီးများသည် ကားလမ်းမပေါက်ရသေးချိန် ခေတ်ကာလဖြစ်၍ ခြေကျင်ကြွတော်မူကြ၏၊ လမ်းရေး တစ်လျှောက်တို့၌ တောတောင်ကန္တာရအလိုက် ဖြစ်သလိုရပ်နားကာ ညအိပ်စခန်းချ၍ ဖြစ်သလို စားသောက်၍ လမ်းခရီးအကြား၌ သုံးညအိပ်ပြီး လေးရက်တောင်တက်ခရီးကြီးကို သည်းခံပြီး ခြေကျင်သာတက်ကြရရှာ၏၊ ဤအရှင်၏ သာသနာပြုလုပ်ငန်းကို တကယ်လိုလားစွာနှင့် ကူညီအားပေးတော် မူခဲ့ကြပုံကို ကျေးဇူးတင်မဆုံး ဖြစ်ခဲ့ရသည်၊ ဤစာမူရေးနေချိန် ၁၃၃၇-ခုနှစ်တွင် အဆိုပါဆရာတော်ကြီးများသည် တစ်ပါးမျှ မရှိကြတော့ပါ၊ ပျံလွန်တော်မူပြီးကြလေပြီ။

ထိုစဉ်က ဝန်ထောက်ကြီး ဦးလူခန့်နှင့် မောင်တင်အေး စသော သူ၏ တပည့်များ၊ ကလေးဝမြို့မှ ဆရာတော်ကြီး ဦးဉာဏ၏ဒကာကြီး အလုပ်အကျွေးပြုရန် လိုက်ပါခဲ့သူ ဦးဘရင်တို့က လားဝန်တင်ထိန်း ဂေါရခါး ဒကာများနှင့်အတူ တောင်တက်ခရီး တစ်လျှောက်၌ သိမ်သမုတ်ကြွကြသော ဆရာတော်များကို ပြုစုလုပ်ကျွေးကာ လိုက်ပါခဲ့ကြသည်၊ အဖော်ချင်းဒကာများနှင့် နတ်ချောင်းဆရာတော်ကြီး၏ နောက်ပါတပည့်ဒကာကြီး ဦးဘသိန်း စသူတို့အား ကျေးဇူးတင်ရသည်၊ လုပ်ငန်းတစ်ခုကို ပြုလုပ်လိုရာ၌ အောင်မြင်ရေးကိစ္စသည် စေတနာဖြင့် ကူညီပေးသူရှိပါက ဘယ်အရာမဆို အလွယ်အောင်မြင်နိုင်ကြောင်း ဤအရှင်သည် ဤကိစ္စတွင် ကျေနပ်အားရသော လက်တွေ့ဖြစ်သည်။

## ချင်းတောင်ပေါ် ဦးစွာသိမ်သမုတ်ခြင်း

ကလေးမြို့နယ်မှ ဆရာတော်ကြီးများသည် သူတို့ရွာနေနှင့် ထိစပ်နေသော ချင်းတောင်ပေါ်၌ တိုင်းရင်း ဗုဒ္ဓသာသနာ ရောက်ရှိရေးကို မဆွကပင် အလွန်လိုလားတော်မူနေကြပြီး ဖြစ်ကြသည်၊ ဤအရှင်က သိမ်သမုတ်ရန် အကူအညီ တောင်းဆိုသောအခါ အဆိုပါကလေးဝ မုဋ္ဌောကျောင်းဆရာတော်ကြီး ဦးဉာဏ၊

နတ်ချောင်းဆရာတော်ကြီး ဦးဥတ္တရ စသည်တို့က ဝမ်းသာ အားရလှသောကြောင့် ပေါ့ပါးလွယ်ကူစွာ အကူအညီပေးတော်မူကြသည်၊ 'အမှန်က ဒါတွေ တို့ လုပ်ဆောင်ထိုက်တဲ့ အလုပ်တွေ၊ ရပ်ဝေးမှ စွမ်းနိုင်သူ ဦးဥတ္တမသာရကြီးက လာရောက် သာသနာပြုပေလို့သာ ချင်းတောင်သို့ တိုင်းရင်းဗုဒ္ဓဘာသာ ရောက်ရတယ်၊ နိုင်ငံခြားဘာသာတွေ လွှမ်းမိုးကြီးစိုးနေတဲ့ တို့အနီးအနားကတောင် တောင်ပေါ်၌သိမ်သမုတ် ဘုရားတည်ဖြစ်ဖို့ကိစ္စကို ဝမ်းမြောက်ဝမ်းသာ အားပေးကြဖို့ တပည့်တော်တို့ရဲ့ တာဝန်တွေပါဘုရား' ဟူ၍ ဆရာတော်ကြီးဦးဉာဏက အမိန့်ရှိတော်မူသွားလေသည်။

ထို့ကြောင့် ဤအရှင် စိတ်ရင်းစေတနာဖြင့် ကြံစည်ခဲ့သော သာသနာတော်၏ ပန္နက်သဲ လွှတ်လပ်ရေးသိမ်တော်သည် ၁၃၀၉-ခု၊ ပြာသိုလပြည့်ကျော် ၉-ရက်၊ တနင်္ဂနွေနေ့ (မြန်မာပြည် လွှတ်လပ်ရေးရသောနေ့)၏ မွန်းတည့် ၁၂-နာရီ အချိန်ကောင်းတွင် အကောင်အထည်ပေါ်ကာ သိမ်သမုတ်ခြင်းကိစ္စ အောင်မြင် ပြီးမြောက်သွားလေသည်၊ မြောက်ပိုင်းချင်းတောင်ပေါ်၌ ဦးစွာပထမ သမုတ်သောသိမ်ဖြစ်၏။

## ဝိနည်းကံနှင့် တိကျစွာသမုတ်သောသိမ်

ဤအရှင်သည် မန္တလေးနှင့် ပခုက္ကူစာသင်တိုက်ကြီးတို့၌ ကျနစွာ ပိဋကတ်စာပေသင်ယူခဲ့သော ပုဂ္ဂိုလ်ဖြစ်၍ ဝိနည်းကံနှင့်အညီ လယ်တီဆရာတော်၊ ပခုက္ကူ မဟာဝိသုဘာရာမဆရာတော်၊ မန္တလေး ဝိသုဒ္ဓါရုံဆရာတော်၊ ညောင်တုန်းမြို့ ရွှေဟသ်ာတောရစံကျောင်း ဆရာတော်ကြီးတို့၏ သဘောကွက်ညီ ဆုံးဖြတ်ချက် အတိုင်းစနစ်ကျစွာ နှုတ်ခြင်း၊ စနစ်ကျစွာသမုတ်ခြင်းဖြင့် ဆောင်ရွက်ထားသော သိမ်ဖြစ်သည်၊ သိမ်သမုတ်ချိန်တွင် ခရီးသွား အခြားရဟန်း ပုဂ္ဂိုလ်များအတွက် သံသယမရှိနိုင်သော တောကြီးတောင်ကြီး ဒေသဖြစ်သော်လည်း ဝိနည်းကံနှင့် အညီ လူသွားလာနိုင်သော လမ်းရှိသမျှကို မြို့သူကြီးတစ်ပိုင်၏ နယ်နိမိတ်အဆုံး၌ နယ်စောင့်အစေ့အင ချထားပြီးမှ နယ်သိမ်းသမုတ်သော သိမ်ဖြစ်သည်။

## လွှတ်လပ်ရေး စေတီတော်

ထိုနေ့၌ပင် ထိုသိမ်၏အနီး၌ အချိန်ကောင်းယူ၍ ဒကာကြီးဦးလူခန့်က စေတီတော်အတွက် အုတ်မြစ်ချကာ စတင်တည်သည်၊ ပန်းရံလုပ်တတ်သော ဂေါ်ရခါး လက်သမားဆရာကြီး မန်းဗဟာဒူးကိုငှား၍ စီမံကြီးကြပ်ပြီး တည်ကြ

သည်၊ ထိုနောက်တွင် ဒကာကြီးဦးလူခန့်နှင့် ဒကာကြီးဦးတင်မောင် စသူတို့က အုတ်, အိုးလ်, မြ, ထုံး, သဲသော လိုအပ်သမျှပစ္စည်းကို ရှာဖွေစုဆောင်း၍ တဖြည်းဖြည်းပြီးအောင် ကြိုးစားတည်ကြသည်၊ စိတ်ရှည်ရှည် ဇွဲနှင့် ကြိုးစားသော အောင်မြင်ရ၏၊ ၁၃၁၀-ခု၊ ဝါခေါင်လပြည့်ကျော် (၁၄) ရက်၊ ကြာသပတေးနေ့တွင် ဓာတ်တော်ဌာပနာပွဲ ကျင်းပနိုင်လေရာ နံနက် မွန်းလတ်ပိုင်း (၈)နာရီအချိန်မှာ၍ ဗုဒ္ဓဘာသာ မင်းမှုထမ်းရှိသမျှတစ်စုနှင့် ဗုဒ္ဓဘာသာဝင် ဖြစ်ကြသော အောင်ပေါ်သားချင်းအနည်းငယ်, တရုတ်ဗုဒ္ဓဘာသာနှင့် ကုလား စသော လူမျိုးစုံတို့ပါ လာရောက်ပူဇော်ကြသည်၊ အားလုံး ဝမ်းသာအားရ ဖြစ်ကြရသည်။

## ဓာတ်တော်ပေါင်းစေတီ

စေတီဟူသည် ပုံဟန်ကောင်းစေကာမူ ဘုရားရှင်၏ဓာတ်တော်စစ် မပါ လျှင် ဘုရားစေတီမဟုတ်ပါ၊ ပုံဟန်ကြည့်၍ မလှသော်လည်း ဘုရားရှင်၏ ဓာတ်တော်စစ်ဌာပနာ၍တည်ထားလျှင် လူနတ်ဦးခိုက် ပူဇော်ထိုက်သော ဘုရား စေတီတော်အစစ်ဖြစ်သည်၊ ထို့ကြောင့် ဘုရားဓာတ်တော်အစစ်များကို ရှာဖွေ စုဆောင်းပြီး ဌာပနာထည့်သွင်းတည်ကြရသည်။

ဤလွတ်လပ်ရေးစေတီတော်၌ ပဲနောက်စေ့အဆင်းရွှေစေ့ပမာဏရှိသော ဘုရားဓာတ်တော်အစစ် (၈) ဆူ၊ ခယားစေ့အဆင်း ဆန်ကျိုးပမာဏရှိသော ဘုရားဓာတ်တော်အစစ် (၁၃)ဆူနှင့် ဉာဏ်တော် ၅-လက်မရှိ ရွှေရောင်ကြေး ဆင်းတုတော်တစ်ဆူ၊ ဉာဏ်တော် ၃-လက်မရှိ မုဋ္ဌလိန္ဒာအိုင်စံနေပုံ ရွှေရောင် ဆင်းတုတော်တစ်ဆူ၊ ဉာဏ်တော် ၃- လက်မရှိ ဆင်စွယ်ဆင်းတုတော်တစ်ဆူ၊ ဆင်စွယ်ရှင်သီဝလိရဟန္တာပုံတော်တစ်ဆူတို့ကို ဌာပနာသွင်း၍ တည်ထားသည်။

စေတီပုထိုးဟူသည် ဓာတ်တော်ထည့်၍ ဌာပနာတိုက် ပိတ်ပြီးလျှင် အောင်မြင်ပြီး ဖြစ်လေသည်၊ ထို့နောက် ဆက်လက်တည်ကြရာ ၉-တောင်ပြည့် စေတီတော်သော် မကြာမီ လုံးဝပြီးစီးသွားလေ၏၊ မိုးလကုန်လျှင် မန္တလေး မြို့မှ ဘုန်းထီးတော်ယူ၍ တင်လိုက်ကြသည်၊ သိမ်အဆောက်အအုံကိုလည်း ဒကာကြီး ဦးလူခန့်ပင် ကြိုးပမ်း၍ ဆောက်လုပ်လေရာ ထိုနှစ်အတွင်း ပျဉ်ထောင် ကာပျဉ်ခင်းနှင့် သွပ်မိုးရနိုင်မှ ယာယီပျဉ်ချပ်မိုး၍ သိမ်အဆောက်အအုံနှင့်တကွ စေတီတော် အောင်မြင်ပြီးမြောက်သွားလေသည်။

## သိမ်အကျယ်ပမာဏ

ဤလွတ်လပ်ရေးသိမ်၏ ပမာဏသည် မြတ်စွာဘုရား ခွင့်ပြုတော်မူချက် အတိုင်း သံဃာနှစ်ကျိပ်တစ်ပါး စည်းဝေးလောက်ရုံ အငယ်ဆုံးသိမ်ဖြစ်သည်၊ မန္တလေးဝိသုဒ္ဓါရုံဆရာတော်၊ ညောင်တုန်း ရွှေဟင်္သာတောရ စံကျောင်းဆရာ တော်ဘုရားကြီးတို့၏ တူညီသောအဆုံးအဖြတ်မှာ ယခုကာလ၌ လူတစ်ယောက်၏ တစ်ထိုင်စာနေရာကို ပေစတုရန်း (၄ ပေခွဲ)ဟူ၍ အစိုးရများက သတ်မှတ်ထား ကြ၏၊ထိုနည်းဖြင့်တွက်၍ စတုရန်း (၉၄-ပေခွဲ)ရှိမှနှစ်ကျိပ်တစ်ပါး နေလောက် သည်၊ ထို့ကြောင့် အနည်းဆုံးအလျား ၁၀-ပေ၊အနံ ၉-ပေခွဲမှ သိမ်မြောက် သည်ဟူ၍ မှတ်ရ၏၊ ထိုအောက်ကျဉ်းနေလျှင်အလွန်ကျဉ်းနေ၍ သိမ်မမြောက် ပါ၊ သိမ်ပျက်စာရင်းတွင် ပါဝင်သွားသည်၊ဖလမ်းမြို့၌ ဤအရှင်စီစဉ်သမုတ် သောသိမ်သည်သံဃာရှားပါးလှသော တောတောင်ကြီးထဲ၌ဖြစ်၍ နှစ်ကျိပ်တစ်ပါး ဆံ့လောက်ရုံ ဝိနည်းကံခွင့်ပြုချက်အရ အငယ်ဆုံးသိမ်ဖြစ်သည်၊ အလိုရှိသော ပုဂ္ဂိုလ်တို့ နည်းယူလိုလျှင် ယူကြရန်ဖော်ပြခြင်း ဖြစ်သည်။

## ဓာတ်တော်မပါသော စေတီတစ်မျိုး

စေတီပုထိုး တည်ဆောက်ချိန်၌ ဘုရားဓာတ်တော် အလွယ်မရနိုင်၍ သတ္တင္ဂဒါန ရုပ်ပွားတော်များကိုသာ ဌာပနာပြီး တည်လေ့ရှိကြသေး၏၊ စေတီ မြောက်ပါသည်၊ အလုံမြို့ဟောင်းပေါ်၌ ရွာဟောင်းစေတီ ငယ်တွေများစွာရှိ နေရာ အချို့စေတီများပြိုကျ၍ တွေ့မြင်ကြရာတွင် ဓာတ်တော်တိုက်မတွေ့ရပါ၊ သတ္တင္ဂဒါန ရုပ်ပွားတော် ဌာပနာထားပုံကိုသာ တွေ့ကြသည်ဆို၏၊ အချို့ စေတီငယ်များတွင် သတ္တင္ဂဒါနမဟုတ်ပါ၊ ရုပ်ပွားတော်ပစ်ဆူနှင့် ဌာပနာထား ပုံကို တွေ့ကြရသည်၊ စေတီမည်သည်ပင် မှတ်ရပါသည်။

## ပေါက်မြောက်အောင်ဆောင်ရွက်သူ

အဆိုပါစေတီနှင့်သိမ် ပြီးမြောက်အောင် ကြိုးစားဆောင်ရွက် သူသည် ရိက္ခာဖြန့်ဝေရေး (ဆပ္ပလိုင်း) ဝန်ထောက်ကြီး ဦးလူနှင့်ဖြစ်သည်၊ စေတနာ ကောင်းနှင့် ကိုယ်ထိထက်ရောက် ကာယကံမြောက် ဝစီကံမြောက် ထိရောက် အောင် ဆောင်ရွက်သောစေတနာကြောင့် ဖလမ်းမှ ရန်ကုန်သို့ ပြောင်းရွှေ့ရပြီး လျှင် သမ္မဝါယမ ဝန်အဆင့် ခရောက်သွားကြောင်းကြားသိရ၏။

**'စိုဓသာလက်** မခြောက်စေနှင့်'ဟူသကဲ့သို့ စေတနာဖြင့် ဘုရားကျောင်း ကန် ဝေယျာဝစ္စ ပြုလုပ်လိုသော စိတ်ရင်းစေတနာနှင့် လျော်ညီစွာ အစိုးရဝန်

ထပ်း ဘ၁မှ ပင်စင်ယူပြီးသောအခါ ရန်ကုန်မြို့ ဗိုလ်ဘထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာထိန်းအဖွဲ့၏ အတွင်းရေးမှူးအဖြစ် သူ့အသက်ရှည်သမျှ တစ်သက်တာပတ်လုံး ဆောင်ရွက်သွားကြောင်း သိရသည်၊ ယခုအခါ ဘုရားဒါယကာဦးလူခန့်နှင့် သိပ်ဒါယကာဦးသိမ်းမောင်တို့ မရှိကြတော့ပါ၊ ဒကာကြီးဦးသိမ်းမောင်သည် ရာထူးဝန်အလုပ်မှ ပင်စင်ယူပြီးနောက် အသက် ၆၅–နှစ် သက်ပိုင်းတွင် ရန်ကုန်မြို့၌လေဖြတ်ရောဂါဖြင့် ကွယ်လွန်ကြောင်း၊ လွတ်လပ်ရေး စေတီတော် ဒါယကာကြီး ဦးလူခန့်သည် ဗိုလ်ဘထောင် စေတီတော် ဘဏ္ဍာတော်ထိန်းအဖွဲ့ အတွင်းရေးမှူး လုပ်ဆောင်နေဆဲကာလ ၆၆–နှစ်သက်ပိုင်းကာလတွင် ရန်ကုန်မြို့ သူ၏နေအိမ်၌ ဘာရောဂါမျှမဖြစ်ဘဲ ရုတ်တရက် ကွယ်လွန်သွားကြောင်း သူ၏သားငယ် ကိုချိုထံမှ ပေးစာရ၍သိရသည်။

## လွတ်လပ်ရေးသိမ်နှင့် လွတ်လပ်ရေးစေတီ

ဗုဒ္ဓဘာသာထွန်းကားသော မြန်မာပြည် တစ်ဝန်းလုံးတွင် မြန်မာပြည် လွတ်လပ်ရေး ရသောနေ့ထူ တွင် မြို့ကြီး မြို့ငယ်တို့၌ ဆွမ်းကျွေးပွဲ, တရားဟောပြောပွဲ စသော ကောင်းမှု ကုသိုလ်ပွဲများ ပြုလုပ်ကြ၏၊ အထူးကတော့ ပျော်ပွဲရွှင်ပွဲများကို အားသွန်ခွန်စိုက် ပြုလုပ်ကျင်းပကြကြောင်းသိရ၏၊ လွတ်လပ်ရေး ရသောနေ့တွင် ထာဝစဉ် အမှတ်တရဖြစ်နေစေရန် စေတီတည်ကြောင်း, သိမ်သမုတ်ကြောင်း ဘယ်မြို့ ဘယ်ရွာဆီမှ မကြားသိရပါ၊ ဘယ်သတင်းစာတွင်မှ မတွေ့ရ မဖတ်ရပါ၊ မြန်မာတစ်ပြည်လုံးအတွင်း၌ လွတ်လပ်ရေးသိမ်နှင့် လွတ်လပ်ရေးစေတီသည် ဤအရှင်ကြီးပေါ်ပင်းချက်ကြောင့် ဖြစ်ပေါ်လာရသော ဤသိမ်တစ်လုံးနှင့် ဤစေတီတစ်ဆူသာလျှင် ရှိလိမ့်မည်ဟူ၍ ယုံကြည်ယူဆရလေသည်။

ဗုဒ္ဓဘာသာ ထွန်းကားသော မြန် မာ နိုင် ငံ အ တွင်း ဖြစ် လျက် ဘယ်အခါဆီကမျှ ဗုဒ္ဓသာသနာ မရောက်ဖူးသေးသော မြောက်ပိုင်း ချင်းတောင်ပေါ်၌ မြန်မာပြည်ကြီး အချုပ်အချာအာဏာ လွတ်လပ်ရေး ရယူလိုက်သော နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓ သာသနာတော်၏ ရေသောက်မြစ်ဖြစ်သော သိမ်တစ်လုံးနှင့် စေတီတော် တစ်ဆူကို သမိုင်းဝင် မြောက်အောင် တည်ထောင်လိုက်ရသောကြောင့် ဝမ်းသာမဆုံး ကြည်နူးမဆုံး ကျေနပ်မဆုံး ရှိရပေသည်။

မြောက်ပိုင်း ချင်းတောင်ပေါ်၌ ထိုအချိန်မှစ၍ လွတ်လပ်ရေး မှတ်တိုင်ထူးကြီး နှစ်ခုဖြစ်သော စေတီရှိခဲ့ပြီ၊ သိမ်ရှိခဲ့ပြီဟူ၍ ပြောဆို မှတ်သားနိုင်ကြပြီ ဖြစ်ပါသတည်း၊ နတ်လူ သတ္တဝါအားလုံး ဘေးရန်ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာနှင့် ချမ်းသာကြပါစေ ကုန်သတည်း။

# တစ်ထပ်စာ ပြောင်းဖူးဆွမ်းရယ်နှင့်

## သာတူညီမျှသော ထိုအချိန်တွင်

'သူများမိုးခါး ရေသောက်ကြတော့ ကိုယ်လည်း သောက်ရတော့တာပေါ့'ဟူသော စကားပုံကဲ့သို့ လွန်ခဲ့သောအချိန်က တို့မြန်မာပြည်တွင် အစားအတွက် တစ်ပြည်ထောင်လုံး ဒုဗ္ဘိက္ခကပ်ကြီး ကြုံခဲ့ရပုံကို မှတ်မိကြပေလိမ့်မည်၊ နတ်ဖန်သကဲ့သို့ သာတူညီမျှသော သဘာဝကို ဆရာတော် သက်ရှယ်ကြီးတို့က အချင်းချင်း ပြောဆိုကြရာ ပြုံးမိခဲ့ကြသည်။

## အစာနှင့် ခန္ဓာကိုယ်

အစာဟူသည် ခန္ဓာကိုယ်ရုပ် ဆက်လက် တည်နေရန် အတွက်သာ ဖြစ်သည်၊ အစာဟူသည် ရုပ်ခန္ဓာ အိသာခန့်ကျန်းရေး ကြံ့ခိုင်တည်နေရေး အတွက်သာ ဖြစ်ပါသည်၊ အစာဟူသည် ရုပ်နာမ်နှစ်မျိုး ရှိကြကုန်သော ပဉ္စဝေါကာရ သတ္တဝါတို့အတွက် မစားလျှင် နေ၍ မဖြစ်သောကြောင့် စားနေကြရခြင်းသာ ဖြစ်၏။

## သံသရာခရီးသည် အချင်းချင်း

သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၌ သတုလ္လပကာယိက နတ်အများထဲမှ နတ်သားတစ်ဦးက ဘုရားရှင်ကို ဤသို့ လျှောက်ထားဖူး၏။

'ကန္တာရခရီးခဲသို့ အတူတကွ သွားကြကုန်သော ခရီးသည်တို့သည် အနည်းငယ်မျှသော ရိက္ခာကိုပင် အချင်းချင်း ခွဲဝေမျှ၍ပေးကာ စားစေကြကုန်၏၊ ထိုနည်းအတူ အစမထင် အဆုံးကိုလည်း မမြင်နိုင်သော သံသရာ ခရီးခဲကို သွားနေကြရသော အကြင်သူငါတို့သည်လည်း မိမိတို့နှင့် အတူတကွ ခရီးသွားဖက် ဖြစ်ကြကုန်သော သံသရာခရီးသည်တို့အား အနည်းငယ်မျှသော လှူဖွယ်ရိက္ခာစဉ်ပင် ခွဲဝေခြင်းကိုပြု၍ ပေးကြကုန်ရာ၏၊ သံသရာခရီးသည် အချင်းချင်း ဤကဲ့သို့ ကြုံတွေ့ရသမျှ သုခဒုက္ခကို စားနပ်ရိက္ခာကို မျှဝေ၍ ကူညီတတ်သူ မျှဝေ၍ ပေးတတ်သူတို့သည် 'အသက်ရှင်သော်လည်း အလှူပေးလေ့ မရှိသည်၏ အဖြစ်ကြောင့် သူသေမည်ကုန်သော လူသာမန်တို့ လောက၌ သေသည် မမည်ကုန်' ဤတရားသည် ရှေးကဖြစ်ဖူးလေပြီ' တဲ့။

## အားလုံး ခရီးသည်တွေပါ

လူဟူသမျှ ခရီးသည်တွေချည်း ဖြစ်ကြ၏၊ နတ်ဗြဟ္မာတွေလည်း ခရီးသည်တွေ ဖြစ်ကြ၏၊ ကြွင်းမဲ့သော သတ္တဝါ အပေါင်းတို့သည်လည်း ခရီးသည်တွေ ဖြစ်ကြ၏၊ သံသရာခရီး ရှည်ကြီး ကိုယ့်ဝန်ကိုယ်ထမ်း၍ မနားမနေ သွားလာနေကြသူတို့ချည်း ဖြစ်ကြသတည်း၊ သို့ရာတွင် မိမိကိုယ်တိုင် 'ငါသည် ထာဝစဉ် ခရီးသွားနေရသော ခရီးသည်ကြီး တစ်ဦးပါလား'ဟူ၍ သတိမပြုမိကြချေ၊ မေ့နေတတ်ကြသည်၊ မမေ့နှင့် 'ငါသည် အနားမရှိ ခရီးသွားနေရသော သံသရာ ခရီးသည်တစ်ယောက်ပါ' မိမိကိုယ်ကို မကြာခဏ သတိပေးတတ်ကြရမည်၊ တော်တော်ကြာ မေ့သွားဦးမည်၊ ရံခါ သတိရလာတိုင်း 'ငါသည် မရပ်မနား ခရီးသွားနေရဆဲ ဘဝဧည့်သည် တစ်ဦးပါတည်း'ဟူ၍ ရွတ်ဆိုနေပါ။

## ရပ်နေရသူ မရှိပါ

မိမိကိုယ်တိုင် ထာဝစဉ် ခရီးသည်ကြီး တစ်ယောက်ဖြစ်ကြောင်း သတိပြုပါ၊ ပုထုဇဉ်တို့ စိတ်သဘာဝက သတိမပြုမိလျှင် 'ထာဝစဉ် ရပ်တည်နေရသူလိုလို' အထင်ရောက်နေပါတတ်ကြသည်၊ ထိုအခါ မိုက်မဲတွေဝေစွာ မကောင်းမှုတွေ ပြုမှားတတ်ကြသည်၊ သူပြုမှား လိုက်မိသော မကောင်းမှုကံသည် သူ့အား ရှေ့ဆက်သွားရမည့် ခရီးစဉ်တစ်လျှောက်တွင် ဆင်းရဲဒုက္ခ အထွေထွေကို ကြုံတွေ့ရပေတော့မည်၊ ထို့ကြောင့် မိမိ၏ ခရီးသည် တစ်ယောက်အဖြစ်ကို ဘယ်အခါမျှ မမေ့သင့်ချေ၊ သံသရာ ခရီးသည် အားလုံးကို လူဘဝနှင့် နတ်ဘဝစသော ဘဝဖြင့် ပိုင်းခြားလိုက်လျှင် ဘဝခရီးသည်များ ဖြစ်နေကြပုံ ထင်ရှားပေါ်လွင်လာမည်၊ ဘဝတည်းဟူသော ခရီးသည်မှန်သမျှ ဖြစ်လေရာ ဘဝတိုင်း၌ တစ်ဦးတည်း မှုသေမဟုတ်သော်လည်း အခြေအနေက အချိန်ပေးလှည့်တွင် အတူတကွ ကြုံကြိုက်သလို တွေ့ဆုံသွားကြရသော ခရီးဖော် ရှိကြရမြဲ ဖြစ်သည်။

မိတ်ဆွေ သင်္ဂဟတွေ, မိဘတွေ, ဆွေမျိုးသားချင်းတွေနှင့် ဘဝတစ်ခုတွင် အနီးကပ်ဆုံးဖြစ်သော ဇနီးမယား, လင်, သားသမီး, မြေး, မြစ်တွေ ထမင်းလက်ဆုံစား၍ ဘဝ၏ ခရီးသွားဖက် အဖော်အပေါင်းတွေ ကိုယ်စီနှင့် ကံဆုံကြ၍ ပျော်တစ်ခါ ငိုတစ်လှည့်နှင့် ကြုံခဲ့ဆုံခဲ့ ကြရဖူးသူချည်းသာ ဖြစ်ကြသည်။

## ဘဝခရီးသွားဖော်ဆိုတာ ရှိကြမြဲ

အိမ်ရာမထောင်လူတို့ဘောင်မှ ခွာရှောင် ရုန်းထွက်၍နေထိုင်ကြသော သူတော်သူမြတ် ရသေ့ရဟန်းတို့သည်ပင်လျှင် မိမိ၏ဆွေမျိုးသားချင်းအဖော်၊ ဆရာ တပည့်အဖော်၊ ဆရာဒကာဟူသော ဘဝခရီးသွားဖော်များကို အလွတ်ကင်းကြီးသူဟူ၍ မရနိုင်ပါ၊ တစ်ကိုယ်ရေကေစာ ဆုကြီးရှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်ပင် ရံခါ ဤသို့သော ဆရာဒကာအဖော်၊ ဘ တူသီတင် သုံးဖော်တို့ ရှိတော်မူကြသေး၏၊ ထို့ပြင် ဘဝခရီးတာတစ်လျှောက်လုံး ဆွမ်းဒကာ,ပစ္စည်းလေးပါး ဒါယကာစသော မကင်းရာမကင်းကြောင်း ခရီးသွားဖော်တို့နှင့် ကြုံကြိုက်သလိုဆုံ၍ တွဲဖက်၍ သွားကြရမြဲ ဖြစ်၏၊ ဤကား သူတော်သူမြတ်တို့၏ ဘဝခရီးတာ သဘောတည်း။

အိမ်ရာတည်ထောင်၍နေထိုင်ကြသော လူလောကတွင် အတိတ်ကံဟောင်းကောင်းကြသော အိမ်ထောင်ရှင်များသည် ဘဝခရီးဖော်ဖြစ်သော အိမ်ထောင်ဖက် ဖူးစာဖက် တွေ့ဆုံကြချိန်မှစ၍ ရာသက်တိုင် ရိုးမြေကျအောင်ဆိုးတူကောင်းဖက် တိုင်ပင်၍ ဆင်းရဲအတူ ချမ်းသာအတူ မကွဲမပြား တဖြောင့်တည်း ထမင်းလက်ဆုံစားမြဲစားလျက်ပင် နေထိုင်သွားကြရ၏၊ အတိတ်ကံ၏ရေစက်ဟောင်းကလမ်းခင်းပုံမဖြောင့်၊ ပစ္စုပ္ပန်ကံကလည်း နေရာမကျရှာကြသူတို့မှာ ရာသက်တိုင် ရိုးမြေကျ တဖြောင့်တည်း သွားချင်၍မရကြပါ၊ ထို့ကြောင့် တစ်ပင်လဲမှ တစ်ပင်ထူဟူသကဲ့သို့ ခရီးသွားလှည်းသမားများ လမ်းခရီးအကြား၌ လှည်းဝင်ရိုးကျိုး၍ အစားထိုးကာ လှည်းခရီးဆက်ရသူတို့ကဲ့သို့ အိမ်ထောင်ဖက်အသစ် ရှာယူ အစားထိုးကာ သွားကြရသူတွေလည်း သွားကြမြဲဖြစ်၏။

အချို့လူတို့မှာကား အတိတ်ကံပင်ညံ့လွန်း၍ပေလော၊ ပစ္စုပ္ပန်ကံဖန်တီးပုံကပင် ချော့ချင်ကစားချင်ကြ၍ ပေလောမသိ၊ ဘဝခရီးကြင်ဖော်အသစ်တွေ အလဲအပြောင်း များတတ်ကြသည်ဆို၏၊ တစ်ဘဝအတွင်း အကြိမ်ပေါင်း ကန့်သတ်ချက်မထားနိုင်၊တစ်ယောက်ပြီးလျှင် နောက်တစ်ယောက်'ဇွဲဇာမကြောင်၍ လွယ်ကူစွာရနိုင်သောနည်းဖြင့်' ဆုကြိုးနိမ့်မြင့် ဆင်းရဲချမ်းသာမရွေး ဘဝခရီး သွားနေတတ်ကြသော လူထူးလူဆန်းများလည်း လူလောက၌ ရှိကြလေသေး၏။

## အနာဂါရိကပုဂ္ဂိုလ်တို့၏ ခရီးဖော်

အနာဂါရိက သူတော်သူမြတ်တို့သည် လူ့လောကထဲမှ ထွက်ပေါ်လာကြသော လူသားများပင် ဖြစ်ကြသောကြောင့် လူအပေါင်းအဖော်တို့နှင့်

ကင်းကွာ၍ နေလေ့မရှိကြပါ၊ တစ်ဘဝ၏ခရီးတစ်လျှောက်လုံး တောရွာနေ ပုဂ္ဂိုလ်တို့က ဘောဒကာတို့နှင့် မြို့ ရပ်နေ ပုဂ္ဂိုလ်တို့က မြို့ဒကာတို့နှင့် ပစ္စည်း လေးပါး လှူဒါန်းထောက်ပံ့ခြင်းများကို ခံယူ၍ ကျေးဇူးတုံ့ပြန်သော အားဖြင့် တရားဟောပြ၍ မကောင်းသောအပြစ်ကို တားမြစ်၍ သြဝါဒပေး၍ ကောင်းရာ စကားကို ဆိုဆုံးမ၍ ပိမိတို့၏ တာဝန်းကျင် လူဒကာများအား ချမ်းသာကောင်း ကျိုးကို ဖြစ်စေကြသည်၊ ဤပုံဤနည်းဖြင့် အသက်ရှည်သမျှ ကာလပတ်လုံး တစ်ဘဝခရီးတာ ဆုံးသည့်တိုင် အတူတကွသွားနေကြပုံကို မြင်နိုင်ကြသည်။

ဘုန်းကြီးများတွင် နေရာမြဲသောပုဂ္ဂိုလ်များက ဘဝခရီးဖော်များကြ၏၊ နေရာမမြဲသောပုဂ္ဂိုလ်များက ဘဝခရီးဖော်မမြဲကြပါ၊ ဤအရှင်ကဲ့သို့ မြေလျှောက် ဓမ္မကထိကဘဝမျိုး၌ တာဝန်ယူရသော သာသနာပြုပုဂ္ဂိုလ်တို့ကား နေရာမြဲ မနေနိုင်ကြသောကြောင့် ဘဝခရီးဖော်ဒကာများလည်း အမြဲမရှိနိုင်ပါ၊ တစ်နေ ရာမှတစ်နေရာသို့ ပြောင်းရ ရွှေ့ရလေတိုင်း ဒကာဟောင်းများကို ထားခဲ့၍ ဒကာသစ်တို့နှင့် ကြုံသလို ဆုံကြရသည်။

## ဤအရှင်၏ ဘဝခရီးဖော်

ဤအရှင်သည် ထာဝစဉ် ခရီးသွားနေရသောကြောင့် ဘဝခရီးဖော်တို့ ဘက်ကလည်း လူမျိုးပေါင်း စုံလှပေပြီ၊ ဟောတစ်မျိုး ဟော နောက်တစ်မျိုး ဖြစ်နေသည်၊ တောင်တန်း နယ်ခြား တစ်ခွင်၌ ချင်းလူမျိုးစုံတို့နှင့် နေထိုင် လာခဲ့ရပြီး နောက်ပိုင်းတွင် တတိယအရွယ် ရောက်လာသောအခါ ဆွေမျိုး ရင်းချာ ငယ်ပေါင်းကဲ့သို့သော ဂေါရခါး ဒကာဟောင်းတို့နှင့် တစ်ကြိမ် ပြန်လည်၍ ဆုံမိကြရာ ဝမ်းမြောက်ဘိသည်၊ သူတို့ကလည်း ဝမ်းသာကျေနပ် ဖြစ်ကြသည်၊ မိမိနေထိုင်လာခဲ့သော နေရာဟောင်း အားလုံးတို့အနက် ယခု နေရာ ခန္တီးတောင်ကြီးကျောင်း သခ်မ်းသည် ကမ္မဋ္ဌာန်းအလုပ်ဖြင့် ပျော်မွေ့ ရန် လျှောက်ပတ်လှ၏၊ ထို့ကြောင့် ဤအရှင် အနှစ်သက်ဆုံး ဖြစ်သည်၊ မိမိ၏ အသက်ကြီးပိုင်း အတွက် ကြိုတင်မျှော်မှန်းချက် ဆန္ဒပြည့်ဝစေသော ပဋိရူပ ဒေသ ကောင်း တွေ့ရခြင်းဟူ၍ ယူဆသည်။

## အပြန်အလှန်ကျေးဇူး

ဘဝကန္တာရ ခရီးသွားဖော် ဆရာဒကာ ဖြစ်ကြပြန်တော့ ဘုန်းကြီးက တရားဟောပြ ဆိုဆုံးမပေးရသော ကျေးဇူးရှင် ဆရာနေရာမှ နေ၍ ဂေါ်ရခါး အပေါင်းအဖော်များက ဆွမ်းဒကာ ကျောင်းဒကာ အပိုင်းက တာဝန်ယူကြ

သည်၊ သူတို့သည် များပြားသော လူစုလူအုပ်ကြီး မဟုတ်ကြပါ၊ ရွာကြီး မဟုတ်ကြပါ၊ စစ်မှုထမ်းဟောင်း မင်းမှုထမ်းဟောင်း အနည်းငယ် စုပေါင်း၍ တဲစုရွာငယ်ကလေးနှင့် တောင်ယာလုပ်၍ ဖြစ်သလို နေထိုင်ရှာကြသော ၁၆ အိမ် ရှိ ရွာကလေး ဖြစ်၏၊ ထိုအနည်းငယ်တွင် မုဆိုးဖို မုဆိုးမအိမ်ခြေ ပါဝင်သေးသည်။

အဆိုပါ စစ်မှုထမ်းဟောင်း စုပေါင်းရွာကလေးသည် ခြိုးခြံစွာ အသက် မွေး၍ နေထိုင်ကြရသော ဆင်းရဲသားများ ဖြစ်ကြသော်လည်း ကန္တာရခရီးသည် အချင်းချင်း ရိက္ခာမျှဝေ၍ စားကြသကဲ့သို့ သူတို့စားရသမျှဖြင့် တစ်နေ့ လျှင် တစ်အိမ်ကျစီ ဘုန်းကြီး တစ်ပါးစာ တစ်ထပ်ဆွမ်းကို ပုံမှန်ပို့ လှူရှာကြ ၏၊ ဆန်စပါးထွက်သော ဒေသမဟုတ်၊ ပြောင်းဖူး ဆတ်ဆန် စိုက်ပျိုးစားကြ ရသော တောင်ပေါ်ဒေသ ဖြစ်သောကြောင့် ဆန်ထမင်း ပုံမှန်မစားကြရပါ၊ ပြည်မမှ နိုင်ငံတော် အစိုးရက တင်ပို့ပေးလိုက်သော ရပ်ကွက် သမဆိုင်မှ ဝေပုံကျ ရကြသောအခါ ဆန်ဆွမ်းနှင့် မုန့်ညှင်းရွက် ဆားဟင်းကလေး၊ ရေတ် သီး ထောင်းကလေးများနှင့် ပို့လှူတတ်ကြ၏၊ ဆန်ပြတ်နေသောအခါ သူတို့ စားကြရသလို ဘုန်းကြီးအတွက်ကိုလည်း တစ်ထပ်စာ ပြောင်းဖူး ဆွမ်းရေရွှတ် ကလေးကို ပို့လှူရှာကြသည်။

'ဘုရားကို ဒီလိုကြမ်းတမ်းတဲ့ အစာမျိုး ပေးလှူရတာ မကောင်းလှပါ ဘူး၊ မတတ်သာလို့ ကိုယ်စားတဲ့ ပြောင်းဖူးဆွမ်းပဲ ပေးလှူရတယ် ဘုရား'

ပင်စင်စား ဒပ္ပတာကြီး ဒမ်းဗဟာဒူးက ဆွမ်းချိုင့်ကလေး ရှေ့၌ ချ၍ ဘုန်းကြီးကို ရှိခိုးပြီး အားနာကြောင်း လျှောက်သည်၊ ထွားကျိုင်းသော ကိုယ်ခန္ဓာနှင့် ခန့်ညားသော နှုတ်ခမ်းမွေး ကားကားကြီးကို လက်ဖြင့်သပ်ရင်း လျှောက်ရှာ၏၊ သူ၏အသက် ၇၅-နှစ် ရှိနေသော်လည်း တောင်ယာလုပ်ခြင်း၊ နွားကျောင်းခြင်း၊ ခရီးဝေးသွားခြင်း၊ ဂန်ထမ်းခြင်း စသော အလုပ်မျိုးစုံကို ဆောင်ရွက်နေနိုင်ဆဲ ဖြစ်သည်၊ သူ၏အတိတ်ကံ ပစ္စုပ္ပန် ကံကောင်း၍ ကျန်းမာ ရေး ကောင်းနေသော ဂေါ်ရခါး ဒကာကြီးဟူ၍ ကံကို မြင်သည်။

## တစ်ထပ်စာ ပြောင်းဖူး ဆွမ်းရယ်နှင့်

လူ့လောကတွင် အစာရှားပါးခြင်း ဒုက္ခမျိုးဆိုတာ တစ်ခါတစ်ရံ ကြုံကြ ရမြဲ ဖြစ်၏၊ ရှေးရှေး ခေတ်ကာလတို့၌လည်း ကြုံခဲ့ကြဖူးလှပြီ ဖြစ်၏၊ ဝိနည်း ပါဠိတော်၌ မြတ်စွာဘုရားရှင်သည် ဝေရဉ္စာပြည် ဝါဆိုတော် မူစဉ်က အကြောင်းကို မှတ်လောက်သားလောက် ပါရှိလေသည်၊ ထိုအကြောင်းကို ရှေးအခါက မန္တလေးမြို့၌ ကဗျာဖွဲ့တတ်သော ရဟန်းပုဂ္ဂိုလ်တို့က ဖွဲ့ဆိုခဲ့သည်

မှာ 'ဝေရဋ္ဌာ ရွှေပြည် သမ္ဗုဒ္ဓါ ဘုရားသော်မှ၊ မာရ်ယုတ်မာ လှည့်စား သော်ကြောင့် တေမာလ ကြာသည်၊ ဝဋ္ဋေတော်တွင်းက မလွတ်လေသည်၊ သတင်း ကြားရပုံက မြင်းစာကို ဘုဉ်းပေးရရှာသေးသည်' ဟူ၍ စာချိုးခဲ့ကြဖူး၏၊ ထိုစဉ်က အတုရှိသော မြတ်စွာဘုရားရှင်နှင့် ရဟန္တာ သံဃာတော်တွေပါ ပစ္စည်းလေး ပါး ဒကာခံ၍ ပင့်ဖိတ်သော ဝေရဋ္ဌာ ပုဏ္ဏားသူကြွယ်ကြီးက မာရ်နတ်လှည့် စားထား၍ သတိ လုံးဝမရ၊ တစ်ဝါတွင်းလုံး မေ့လျော့ပြီး ဘုရားရှင်နှင့် ရဟန်း သံဃာတော်များ အားလုံးကို ပစ္စည်းလေးပါး ထောက်ပံ့ခြင်း မပြုမိ၊ ပြည်ရွာ၏ အခြေအနေကလည်း မိုးခေါင်သော ကပ်ကြီးဆိုက်နေခိုက် ဖြစ်၍ လူအားလုံး အစာရှားပါးမှု ဘေးဒုက္ခ ကြုံနေကြရခိုက် ဖြစ်သည်၊ မြင်းစာ ဖြစ်သော မုယောဆန်ကြမ်းတွေကို တစ်ဝါတွင်းလုံး ဆွမ်းအဖြစ် စားသုံးတော် မူခဲ့ရပုံအကြောင်း စာဖွဲ့ထားခြင်း ဖြစ်သည်၊ ဝဋ္ဋေတော် ၁၂-ပါးတွင် တစ်ပါး အပါအဝင်ဖြစ်သည်၊ ဤကား ဘုရားရှင် ရွှေလက်ထက်တော် အခါဆီက ကြုံခဲ့ ကြပုံ အကြောင်းတည်း။

ထိုစဉ်က ဖြစ်ရပ်ကို သတိပြုမိသောအခါ ယခု မိမိဝါးနေရသော အစာ ကြမ်းသည် အဆန်းမဟုတ်ကြောင်း ရှင်းရှင်းမြင်လာသည်၊ မြင်လာလျှင် စာရေး ဆရာပီပီ ဆွမ်းစားနေရင်း စိတ်ထဲမှ ကဗျာတစ်ပုဒ်ကို တပ်လိုက်မိသည်၊ 'တစ် ထပ်စာ ပြောင်းဖူးဆွမ်းရယ်နှင့်၊ ရပ်တကာ ပေါင်းကူတဲ့ အခန်းပေမို့၊ မြတ် ဆရာ အကြောင်းထူးရယ်လို့လည်း မဆန်းတော့ပါဘူး၊ ရှင်လန်းကာ ဘောင် နယ်ခြားဆီက၊ တရားဓမ္မဖြင့် ပျော်စွာပါကိုနေ်ကွယ်၊ အသားမကျတကျ အလားဆလို့မို့၊ တရားပြုရတဲ့ မျှားဒကာတို့ရဲ့ အကျော်အမော် ငါဆရာပါ'၊ လေးချိုးကြီး၏ ပထမတစ်ပိုဒ် ဖြစ်သည်၊ လေးချိုးကြီးတွေ ရေးစပ်နေကျမို့ ဆွမ်းစားရင်း လွယ်လွယ်ပင် လက်တမ်း ရေးစပ်လိုက်ခြင်း ဖြစ်သည်။

## စားစရာ ထွေထွေရာရာမရှိ

ဆွမ်းစားပြီးလျှင် မြေပြန့်မှ ဘုန်းကြီးကျောင်းများကဲ့သို့ တစ်စုံတစ်ရာ စားဖို့ အရန်သင့် မရှိပါ၊ ရံခါ ရောင်းသူလာခိုက် ဝယ်ထားနိုင်လျှင် ရခိုင် ငှက်ပျောသီးကလေးမျိုး၊ ပိန်းဥ, မျောက်ဥ, ကန်စွန်းဥကလေးမျိုး ရှားရှား ပါးပါးကြုံခိုက် ကပ္ပိထားလျှင် စားရတတ်၏၊ ဝယ်စရာရှိလို့လားဟု မေးလျှင် နည်းနည်းတော့ ရှိတတ်ပါတယ် ဟု ဖြေပါမည်။

## သာသနာပြု ဘုန်းကြီးနှစ်မျိုး

ချင်းတောင်နယ်ခြားတို့၌ ဗုဒ္ဓဘာသာဘုန်းကြီး နည်းနည်းကလေးသာရှိ၏၊ သို့ရာတွင် မူလသာသနာပြုပုဂ္ဂိုလ်နှင့် နောက်ပိုင်းသာသနာပြုပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးကဲ့သို့ အခြေအနေက ခြားနားနေကြသည်၊ ဤအကြောင်း လူအချို့နှင့်ရဟန်းပုဂ္ဂိုလ်အချို့ လောက်သာ သိကြမည်ထင်၏၊ ရှေးက မူလသာသနာပြုတစ်မျိုးတည်းသာ ရှိခဲ့ပါသည်၊ ဤအရှင် သာသနာပြု၍ တောတောင်နယ်အတော်ပျံ့နှံ့ပြီးကာမှ နောက်ပိုင်းသာသနာပြုရဟန်းပုဂ္ဂိုလ်များကို နိုင်ငံတော်အစိုးရသာသနာရေးဌာန၏ ထောက်ပံ့သောရန်ပုံငွေကို သုံးစွဲနိုင်သော တောင်တန်းသာသနာပြုအဖွဲ့မှ ငွေကြေးနှင့်ရိက္ခာများ ထောက်ပံ့ပြီး တောင်ပေါ်တက်ရောက် သာသနာပြုရန် တာဝန်ပေးထားခြင်းဖြစ်သောကြောင့် ခရီးစရိတ်ပါ အရာခပ်သိမ်း အဆင်ပြေကြသည်ဆို၏၊ သို့ရာတွင် ထိုပုဂ္ဂိုလ်များက တောင်ပေါ်၌ မြဲစွာနေလေ့မရှိကြပုံ တွေ့မြင်ရ၏။

ဤအရှင်ကဲ့သို့ သူတစ်ပါးတို့ မသိမမြင်ကြသေးခင်က တောတောင်တွေပေါ်၌ တိုင်းရင်းဗုဒ္ဓဘာသာရှိရန်လိုကြောင်း သိမြင်၍ ရှေးပဝေသဏီကပင် စဘာ်တက်ရောက်ပြီး တောရိုင်းတိုးခဲ့သည်၊ သူတစ်ပါးမနိုးကြားသေးခင် တောရိုင်းတိုး၍ တိုင်းရင်းဗုဒ္ဓဘာသာ ပျိုးထောင်လာခဲ့ကြသော မူလသာသနာပြုပုဂ္ဂိုလ်ကြီးများ၏စိတ်သည် နောက်ကြောင်းအဖွဲ့အစည်းကို အားကိုးခြင်းမပြုပါ၊ ငွေကြေးနှင့် ရိက္ခာထောက်ပံ့ခြင်းကိုလည်း လိုလားတောင့်တခြင်းမရှိပါ၊ မိမိတို့၏စေတနာကို အားကိုးပြု၍ ပါရမီဖြည့်ရေးကိုသာ အဓိကထားခြင်းဖြစ်သည်၊ တိုင်းရင်းဗုဒ္ဓဘာသာ ပြန့်ပွားရေးကို ရှေးရှု၍ ရရာစားပြီး ဖြစ်သလိုနေထိုင်ကာ သာသနာပြုနေခြင်းဖြစ်သည်၊ ထို့ကြောင့် တစ်နှစ်တစ်ထောင် ရိက္ခာပေး၍ လွှတ်ကြသော သာသနာပြုပုဂ္ဂိုလ်ငယ်တွေ တောင်ပေါ်ရောက်လာကြပြီး အချိန်မကြာမီ ပျောက်ကွယ်သွားတတ်သော်လည်း မူလသာသနာပြု ပုဂ္ဂိုလ်ကြီးကသာ တာရှည်တည်တံ့နေနိုင်သည်၊ ဇွဲရှိသည်၊ ထိရောက်အောင် တာဝန်ဆောင်နိုင်သည်၊ ပင်ပန်းခံ၍ ခရီးသွားလိုသောဆန္ဒ ရှိနိုင်ခြင်းဖြစ်သည်။

### ပါရမီစေတနာ ပဓာန

လူ့လောကတွင် အမျိုးကောင်းအကျိုးဆောင်ရာ၌ နိုင်ငံရေးဖြစ်စေ၊ သာသနာရေးဖြစ်စေ တကယ်ထိရောက်သောစေတနာအရင်းခံရှိသူတို့သာ အချိန်ကအကဲဖြတ်၍ ပေါ်လွင်လာကြမြဲဖြစ်သည်၊ စေတနာကောင်းတွင် ဘဝ၏နောက်ခံ

ပါရမီ ခါတ်အရင်းအနှီး ပါရှိသူများကား လောကတင် အထင်ရှားဆုံ ဖြစ်လာကြသည်၊ လောကဓံမုန်တိုင်းတွေ ဘယ်လောက်ပင် ကြုံဆုံရ တိုက်ခတ်ခြင် ဒဏ်အမျိုးမျိုးကိုမဖြုံ၊ ကြံ့ကြံ့ခံ၍ ရှင်သန်ကြီးထွားလာသော သစ်ပင်ကဲ့သို့ အစွမ်းထက်မြဲ ထက်နေသည်၊ 'ပေတ္တမြားမှန်လျှင် နွံမှာနစ်စေတော့ မညစ်-ပါတဲ့သူ့အရောင်၊ ဆတက်တိုး၍ ထမ်းပိုးသာ၍ပြောင်'ဟူသော စာချိုးကဲ့သို့ ကြာလေကျော်ကြားလေ ဖြစ်လာတက်သော နိုင်ငံရေးသမားလူတော်လူကောင်း ကြီးများ၊ သာသနာပြုပုဂ္ဂိုလ်ကျော်ကြီးများကို လူ့လောကတွင် ကြားသိခဲ့ကြ ဖူးပေမည်။

## မတည်မြဲသော ပုဂ္ဂိုလ်ကလေးတွေ

တောင်တန်းနယ်များသို့ တောင်တန်းသာသနာပြုအဖွဲ့မှရိက္ခာထောက်ပံ့၍ ပို့လွှတ်ခဲ့ကြရာ သာသနာပြုအမည်ခံ တက်လာကြပုံကို အမျိုးစုံတွေ့ကြုံခဲ့ရဖူး၏၊ 'ဖြစ်ပျက်ကြပုံတွေကို ပြောတောင်မပြောချင်တော့ပါဘူး'ဟူ၍ တစ်ကြိမ်က ရင်းနှီးသောဆရာတော်ကြီးတစ်ပါးနှင့် စကားလက်ဆုံကျခဲ့စဉ်က ပြောခဲ့မိသေးသည်၊ 'သတင်းစာများတွင် ဖတ်ရတော့ သာသနာပြုပုဂ္ဂိုလ်တွေ လွှတ်လိုက်တာ နည်းတာတွေမဟုတ်ဘူး၊ အဲဒါတွေ ဘယ်ရောက်ကုန်ကြလို့တုံး'ဟူ၍ အဆိုပါ ဆရာတော်ကြီးက အမေးပြုသောကြောင့် ဤအရှင်က မလွှဲသာမရှောင်သာ လျှောက်ထားခဲ့ရခြင်း ဖြစ်၏၊ တောင်တန်းအဖွဲ့မှလွှတ်၍ တောင်ပေါ်သို့တက် ရောက်လာကြသော ကိုယ်တော်ကလေးများကို အထူးလေ့လာ၍ နေရန်မလို ပါ၊ ထိတွေ့နေကြရ၍ အလျှင်းသားသိနေရသည်၊ တောင်ပေါ်၌ အဘယ့်ကြောင့် ကြာကြာမနေ ခေတ္တနှင့်ပြန်ဆင်းသွားကြလေသနည်း၏ အဖြေမှာ ဤသို့ဖြစ်၏။

ရောက်လာကြသော ပုဂ္ဂိုလ်များကို မူကြမ်းအားဖြင့် ၆-မျိုးရှိသည် ဆိုရပါမည်။

(၁) အစမ်းသဘောမျိုး လိုက်ပါလာကြသူတို့က တောင်ပေါ်၌ သည်းခံ၍ သာသနာပြုရန် စေတနာထားသူ မဟုတ်ကြပါ။

(၂) ဗဟုသုတအဖြစ် လိုက်လာခဲ့သူတို့ကမူ ရိက်ပေးလွှတ်ခိုက် တောင်တန်းပေါ် ရောက်ဖူးခြင်း ဗဟုသုတလေ့လာခြင်းလောက်သာ ကြိုတင်ကြံရွယ်ထား ကြပြီးဖြစ်၍ ခေတ္တနေပြီးလျှင် ပြန်ဆင်းသွားကြမြဲဖြစ်သည်။

(၃) စာသင်တိုက်ထဲရောက်နေပြီး စာမသင်နိုင်၍ အကြောင်းရှာကာ သာသနာ ပြုလိုက်သွားသည်ဟူ၍ အကြောင်းပြဖြင့် လိုက်ပါခဲ့ကြသူတို့ကား ဘယ်

အရာမှ မရေရာကြပါ၊ စေတနာမပါ၊ ဇွဲမရှိ၊ ခေတ္တနေပြီး ပြန်ဆင်းသွားကြ၏။

(၄) စာသင်တိုက်ထဲနေစဉ် အပေါင်းအဖော်တို့နှင့် အဆင်မပြေမှုရှိနေ၍ ရှောင်ထွက်လိုခြင်းဖြစ်ရာ ကြုံရာသာသနာပြုပုဂ္ဂိုလ်စာရင်းသွင်းကာ လိုက်ပါခဲ့ကြသူတို့ကား တောင်ပေါ်၌ မမြဲကြပါ၊ နေခိုက်၌လည်း ပတ်ဝန်းကျင်နှင့် အဆင်မပြေကြပါ၊ ငွေစစ်သာသနာပြုပုဂ္ဂိုလ်မလုပ်ခြင်းသာ ကောင်းပါသည်။

(၅) သူတစ်ပါးကတိုက်တွန်း၍ လိုက်ပါခဲ့သူအချို့တို့ကား သင့်တော်သူတွေ ရဖူးသော်လည်း စေတနာအရင်းခံ မခိုင်ကြပါ၊ ခေတ္တနေပြီးလျှင် ဆင်းသွားကြသည်။

(၆) စေတနာနှင့်လိုက်ပါခဲ့ကြသူအချို့ တွေ့ရ၏၊ သို့ရာတွင် ဆင်းရဲမှုမခံချင်၊ ဇွဲမခိုင်ခြင်းတို့ကြောင့် ရေရှည်မှာမမြဲကြပါ။

ထို့ကြောင့် တောင်ပေါ်ပို့လိုက်ကြသူတွေ များလှပြီထင်ရသော်လည်း တောင်ပေါ်၌ မရှိကြတော့ပါဟူ၍ အဆိုပါမေးသောဆရာတော်ကြီးအား ဖြေကြားခဲ့ရ၏။

အမှန်တော့ တွေ့ကရာသောင်းပြောင်းတွေကို သာသနာပြုပုဂ္ဂိုလ် အမည်ပေးပြီး တောင်တန်းတွေပေါ်ပို့၍ မဖြစ်နိုင်ပါ၊ 'တို့အဖွဲ့က သာသနာပြုပုဂ္ဂိုလ်ပေါင်း မည်မျှ ပို့လွှတ်ထားပြီးရှိသည်ဟု အရေအတွက်ပြ၍ ငွေထုတ်ယူနေကြတယ်' ဟူ၍လည်း ရန်ကုန်၌ ပြောဆိုနေကြသံ ကြားရဖူး၏၊ ဤအရှင် အနေဖြင့် ဦးပဥ္စင်းငယ်တွေနှင့် ဒုလ္လဘသောင်းပြောင်း ကိုယ်တော်ကြီးငယ်တွေကိုလည်း အပြစ်ဆိုရန်မရှိပါ၊ သာသနာပြုအလုပ်ဆိုသည်မှာ လူကြားကောင်းရုံ အလုပ်မျိုးမဟုတ်ပါ၊ ကလေးကစားနေခြင်းလည်း မဟုတ်ပါ၊ ဘယ်သူသွားလုပ်ချေပါဟု ခိုင်း၍လည်းမဖြစ်နိုင်ပါ၊ စေတနာရှိရုံနှင့်မပြီးပါ၊ ဘဝနောက်ခံစေတနာ ရင့်ပြီး ပါရမီလည်းပါရသေး၏၊ ပါရမီဓာတ်ခံရင့်သန်ပြီး ပုဂ္ဂိုလ်ကြီးတို့သာ ကြာရှည်တည်နိုင်ကြသည်၊ လုပ်ရည်ကိုင်ရည်ရှိကြသည်၊ အမြော်အမြင် ကြီးမားကြသည်၊ မိမိအလုပ်၌ အမြဲစိတ်ဝင်စားမည်၊ ဇွဲရှိမည်၊ ထိုပုဂ္ဂိုလ်မျိုးသည်သာလျှင် လောကဓံကို ခံနိုင်ရည်ရှိသည်၊ လိုလားချက်ပန်းတိုင်ဘို့ တစ်ဖြောင့်တည်း ဦးတည်သွားနေလေ့ရှိကြသည်၊ ထိုအရည်အချင်းတို့ကြောင့် အချိန်ကြာလေ နာမည်ကြီးလေ ပေါ်လွင်ထင်ရှားလေ ဖြစ်ကြသည်၊ ပါရမီဆိုသည်ကား ဘဝနောက်ကြောင်းတစ်လျှောက်မှ ပါခဲ့သော စေတနာကောင်း အလေ့အကျင့်နှင့် စိတ်ရင်းစေတနာကောင်း အထုံဝါသနာပင်ဖြစ်သည်။

## အလိုအလျောက် စေတနာအလှူရှင်များ

ဤအရှင်အား ယခု အသက်ကြီးရင့်လာသော အချိန်ပိုင်း ရောက်လာသောအခါ အကြောင်းသိထားကြသူတို့က သနားကြဟန်တူ၏၊ အဖွဲ့အသင်းများမှ မဟုတ်သော ပုဂ္ဂလိက စေတနာရှင်များက ကြိုးစား၍ ထောက်ပံ့ကြသူများ တွေ့ရတတ်၏၊ ထူးထူးခြားခြား တစ်လလျှင် ငွေ ၅–ကျပ် ပုံမှန်ထောက်ပံ့သော ဒကာတစ်ဦးကို ရှေးဦးစွာတွေ့ရသည်၊ မန္တလေးမြို့ ဒီဘိုးဝင်းထိပ်မှ ရွှေပန်းထိပ်ဆရာကြီး ဦးမောင်ကိုဖြစ်သည်၊ မန္တလေးသားတို့၏ ခိုင်မြဲသော စေတနာမြတ်ဖြင့် လှန်ခဲ့သော ၁၅–နှစ်ကျော် ဘက်ဆီမှစ၍ ယနေ့တိုင်ဖြစ်သည်၊ ထို့ကြောင့် ငှက်ပျောသီးစသည် ကပ္ပိ၍စားနိုင်ခြင်းဖြစ်သည်၊ ထို့ပြင် ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်မှ စာရင်းကိုင် ဦးလှဘူးကလည်း တစ်လ ၅–ကျပ်နှုန်းနှစ်အနည်းငယ်ကြာအောင် လှူဖူး၏၊ ရံခါ စေတနာအလျောက် တတ်အားသမျှစာတိုက်မှပို့လှူကြသူ ပေါတတ်ကြသေး၏၊ ရန်ကုန်မြို့ ပုဇွန်တောင် မဟာဇေယျလမ်းမှ ကျောင်းဆရာမကြီး ဒေါ်ကြည်ကြည်ထွေးနှင့် ဒေါ်ခင်စီ ညီအစ်မနှစ်ယောက်တို့က တစ်လ ၅–ကျပ်စီ တာဝန်ယူ၍ တစ်နှစ်လျှင် တစ်ကြိမ်စုပေါင်းလှူနေကြရာ ၁၀–နှစ်ကျော်ခဲ့ပြီ၊ ယခု ၁၃၄၉–ခုနှစ်တွင် သူတို့ ပင်စင်ယူကြပြီဟုသိရ၍ အားနာသောကြောင့် လစဉ်အလှူကို ရပ်ကြရန် စာဖြင့်အကြောင်းကြားလိုက်သည်၊ သို့ရာတွင် မရပ်နားကြပါ၊ လှူမြဲလှူနေကြသည်၊ မင်းဘူးမြို့မှ စာရေးဆရာမကြီး ယုဝတီဒေါ်တင်တင်မိသားစုတို့ကလည်း တစ်လလျှင် ၅–ကျပ်နှုန်းကျော် စုပေါင်း၍ တစ်နှစ်တစ်ကြိမ် ၁၅၀–ကျပ် ပို့လှူခဲ့၏၊ ထိုနည်းအတူ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှ ကျောင်းဆရာမကြီးတစ်ဦးက ရန်ကုန်မြို့ သာသနာရေးဦးစီးဌာနမှတစ်ဆင့် တစ်နှစ်လျှင်တစ်ကြိမ် ၁၅၀–ကျပ် ထောက်ပံ့လျက်ရှိနေသည်၊ ယခုနှစ်တွင် သုံးနှစ်ရှိခဲ့လေပြီ၊ ရန်ကုန်မြို့ ဗဟိုစာတိုက်ကြီးမှ ဆက်သွယ်ရေး အရာရှိ ဦးတင်ရွှေက ဦးဆောင်၍ တစ်လလျှင် ၅–ကျပ်စီ လစဉ်လှူဒါန်းနေကြသည်၊ နောက်ပိုင်းတွင် သူ၏တပည့်များက တာဝန်ယူ၍ ဘဝတူချင်း အလှူငွေစုပေါင်းကာ ဒေါ်စန်းစန်း–လယ်ဝေးကတစ်ဖွဲ့၊ ဒေါ်စိုးရှင်က တစ်ဖွဲ့တို့က ပုံမှန်လှူနေကြ၏၊ ဒေါ်စန်းစန်းအဖွဲ့တွင် ၅–ဦး ၆–ဦးသာဖြစ်၍ နှစ်လမှတစ်ကြိမ်ပို့ကြသည်၊ ဒေါ်စိုးရှင်အဖွဲ့တွင် အလှူရှင် ၂၃–ဦးရှိ၍ လစဉ်တစ်လတစ်ကြိမ် လူတစ်ယောက် ၅–ကျပ်စီ ဒါနပြုကာ ပို့လှူနေကြသည်။

## လက်ယက်တွင်းနှင့်တူသော အကျိုးပေး

ဤအရှင်အား သနားကြည်ညို၍ လှူဒါန်းထောက်ပံ့နေကြ သူများသည် ချမ်းသာကြွယ်ဝသော သူဌေးကြီးများ မဟုတ်ကြပါ၊ လခစားအစိုးရဝန်ထမ်း များဖြစ်ကြ၍ သူတို့၏ချွေးနည်းစာထဲမှ တတ်အားသမျှထောက်ပံ့နေရှာကြခြင်း ဖြစ်၏၊ ဗျပ်ထိုးခေါင်းရွက် ဈေးသည်ကလေးများကဲ့သို့ မူးစုပဲစု ဒါနကလေး များကို အားနာပါးနာနှင့် လက်ခံနေရခြင်းဖြစ်၍ မိမိ၏အကျိုးပေးပုံကို ပြုံး မိရသေး၏၊ တစ်နည်းအားဖြင့် ဤအရှင်၏ အတိတ်ကံဟောင်း အကျိုးပေးပုံ သည် သဲသောင်ပြင်မှ လက်ယက်တွင်းကလေးများကရေကို ခပ်ယူနေပုံနှင့်တူဘိ ခြင်းဟူ၍ တစ်ခါတစ်ရံတွေးမိလျှင် ပြုံးရင်း တစ်ဘဝခရီးကို သံဝေဂယူမိသည်၊ လှူဒါန်းကြသူများဘက်၌လည်း ကုသိုလ်စုဘူးကလေးများကဲ့သို့ဖြစ်ကြ၍ အလှူခံ ထိုက်ပါသည်။

## ပုဂ္ဂလိကစေတနာရှင်များ

ဤအရှင်၏ဘဝမှာ ငွေရှင်ကြေးရှင်ကြီးများ၏ လှူဒါန်းထောက်ပံ့ခြင်းကို မတွေ့ရဖူးသော်လည်း လုပ်စားကိုင်စား လခစား ပုဂ္ဂလိက စေတနာရှင်များက ကြိုးစား ထောက်ပံ့ရှာကြပုံကို တွေ့ရတတ်၏၊ ငွေကြေးမဟုတ်၊ အသုံးလိုရာ လှူဒါန်းတတ်ကြသူများလည်း ရှိကြ၏၊ ဇေယျဝတီမြို့ သမာဓိရွှေဆိုင်မှ ဆရာ သောင်းတို့မိသားစုက သင်္ကန်း, စောင်, ဖိနပ်, လက်ဖက်သုပ် စသည်ပို့ လှူ၍ ရန်ကုန်မြို့ရွှေဘုံသာလမ်း ဂျပန်ဗမာ သွားပြုပြင်ကုသရေးဌာနမှ ဂျပန်ပြန် ဤ အရှင်၏တူတော်မောင် ဒေါက်တာဘုန်းမြင့် ဇနီးဒေါ်ရင်ရင်သိန်းတို့ မိသားစုက လည်း စာအုပ်အမျိုးမျိုးနှင့် သင်္ကန်း, စောင်, သစ်သီးယိုစသည်ကို ပို့လှူကြ၏၊ ထိုနည်းတူ အိမ်မဲမြို့မှ ချောင်းဝပိုင်းနေ ဦးစစ်ရင်–ဒေါ်တုတ်တို့မိသားစုက ဝါဆို သင်္ကန်းပုံမှန်ပို့လှူ၍ ရံခါ စောင်ပို့လှူတတ်၏၊ အိမ်မဲကျောင်းဆရာ ကိုသိန်းမောင် ဇနီးဒေါ်ကြည်လှိုင်တို့ မိသားစုက သစ်သီးယိုများပို့လှူတတ်၏၊ ကျောင်းဆရာ ပီသစွာ စာရေးမပျင်း၍ သူ၏ပေးစာများတွင် သိသင့်ရာရာရေးပါတတ်၏၊ ကံ ကောင်းသူဖြစ်၏၊ မိဘအစုံရှိရာ သူ၏ဖခင် ဦးဘဆွေ အသက် ၇၇–နှစ် နှင့် မိခင်ကြီးဒေါ်အေးညွန့် အသက် ၇၅ နှစ်တို့ကို သူနေသောမြို့သို့ ခေါ်ယူ၍ ကောင်းစွာပြုစုလုပ်ကျွေးနေခဲ့သည်။

'တပည့်တော်တို့မှာ လခစားဖြစ်သောကြောင့် များများစားစား မလှူနိုင် ကြပါ၊ အရာရာခေါင်းပါးသော တောတောင်ကြီးထဲ၌ သက်ရွယ်ကြီးသောဆရာ

တော်ကြီးအား အချိုအချဉ် ကလေးများ ရံခါစားသုံးနိုင်ရန် စေတနာထား၍ ပို့လှူပါတယ်၊ ကုသိုလ်ကောင်းမှုကို နည်းနည်းချင်းစုဆောင်း ရတော့တာပဲ ဘုရား'တဲ့၊ ပါဆယ်နှင့်အတူ စာရေးပါလာတတ်၍ ဖတ်ရလျှင် သနားစိတ်ဝင်မိ၏၊ တရားသမားဖြစ်သောကြောင့် သူတွေ့ကြုံရသော လောကဓံကို သံဝေဂယူတတ်ပုံ တရားနှလုံးသွင်းတတ်ပုံ စသည်ကိုလည်း ရေးပါတတ်၏၊ ယခု ဤစာမူရေးကူးသော ၁၃၄၀-ခုနှစ်ဆောင်းပါးချုပ်ရေးချိန်တွင် အဆိုပါကျောင်းဆရာဦးသိန်းမောင် မရှိတော့ပါ၊ ပင်စင်ယူပြီးနောက် အိမ်မဲမြို့ သူနေမြဲအိမ်၌ ရင်ကြပ်ရောဂါဖြင့် တရားနှလုံးသွင်းရင်း ကွယ်လွန်သွားကြောင်း သိရ၏၊ အာနာပါနကမ္မဋ္ဌာန်းစွမ်းကြောင့် သေပြီးနောက် ရုပ်ခန္ဓာမပုပ်၍ ဂူသွင်းထားသည်ဆို၏။

အဆိုပါအလှူရှင်များကဲ့သို့ ရံခါ အကြောင်းညီညွတ်သောအခါ ကုသိုလ်စုဘူးကလေးနှင့် စုနေကြသကဲ့သို့ တတ်အားသမျှ ပို့လှူတတ်ကြသူတွေ အနယ်နယ်အရပ်ရပ်၌ ရှိကြပါသေး၏၊ နမူနာ အနေမျိုးဖြင့် အချို့ကိုသာ ရေးပြခြင်းဖြစ်သည်။

## ပြောင်းဖူးဆွမ်းစားပြီးနောက်

ဝေါရခါးပြောင်းဖူးဆွမ်းကလေးကို ပါးရည်ညောင်းအောင်ဝါး၍ ဆွမ်းစားခြင်းကိစ္စပြီးလေလျှင် ထိုထိုရပ်ဝေးစေတနာရှင်များ၏ စားသောက်ဖွယ် ကလေးများကို ချွေတာစားသုံး၍ သက်န်းကိုဝတ်ရုံကာ စောင်ကိုခြုံပြီး အားနာစွာနှင့် ကျေးဇူးတင်ရ၏၊ မေတ္တာပို့လွှတ်ပေးရ၏၊ ရံခါ ဖလမ်းမြို့ဆီမှ ကလေးမြို့ဆီမှလည်း ကြိုးကြားလာရောက်၍ ဆွမ်းဆန်, ဆီ, သကြား စသည် လှူကြသူများရှိပါသေး၏၊ ထို့ကြောင့် တောဘောင်ကြီးအထွင်း၌ ဤ အရှင်တစ်ပါးတည်း ထာဝစဉ်ချမ်းမြေ့စွာ ပျော်နေနိုင်ခြင်း ဖြစ်သည်။

## တစ်ဘဝ၏ အစနှင့်အဆုံး ကြားကာလ

တစ်ဘဝ၏ခရီးတာသည် ဝေးကွာလှသည် မဟုတ်ပါ၊ အချိန်ကာလကို ပုံသေမပြောနိုင်သော်လည်း အနှိန်းနှစ်ဖက်ဖြစ်သော ဘဝ၏အစနှင့် အဆုံးရှိကြမြဲဖြစ်သည်၊ အမိဝမ်းမှသည် သင်္ချိုင်းအထိသည် တစ်ဘဝ၏ ခရီးတာပုံမှန် ဖြစ်သည်၊ ရုပ်ခန္ဓာကြီး ဆက်လက်တည်နေနိုင်ရန်အတွက် သေချိန်မရောက်မီ ကာလအတွင်း ဘယ်သူမဆို ဤအရှင်ကဲ့သို့ပင် နေ့စဉ်အစာကျွေး၍ ခရီးဆက်သွားနေကြရမြဲဖြစ်၏၊ ထို့ကြောင့် အစာဟူသည် ကြမ်းသည် နူသည် ကောင်းသည် ညံ့

သည် ဇီဇာကြောင်နေဖွယ်မရှိပါ၊ ရုပ်ခန္ဓာကိုယ် ဆက်လက် တည်နေနိုင်ရန်သာ လိုရင်းဖြစ်သည်၊ ဤအရှင်ကို သနားကြည်ညိုနေရှာကြသည့် အဆိုပါရပ်ဝေး ရပ်နီးစေတနာရှင် ဒါနရှင်များသည် ဘဝကန္တာရခရီးခဲကို အတူတူတစ်ရွေ့ရွေ့ သွားနေကြရစဉ် မိမိတို့လက်ဝယ်တွင် ပါရှိသမျှသော ရိက္ခာထဲမှ ဤအရှင်အား မျှဝေစားသုံးစေ၍ ရှေးခေတ်ကန္တာရ ခရီးသွားတို့နည်းတူ ဘဝတာခရီးကို သူ့ လမ်းနှင့်သူ ကိုယ့်သမ်းတာနှင့်ကိုယ်သာ ခြားကြ၏၊ သဘောအားဖြင့် အတူတကွ ခရီးသွားနေကြရခြင်းဖြစ်ကြောင်းကို နားရှင်းစွာ သိမြင်ကြစေလိုသည်။

## ကြိုတင် အလှူခံသေ့မရှိပါ

ဤအရှင်သည် လူဒကာများထံသို့ ကိုယ်တိုင်သွားရောက်၍ဖြစ်စေ၊ စာ ပေး၍ဖြစ်စေ မိမိအားပစ္စည်းလေးပါးလှူဒါန်းကြပါရန် အလှူခံယူခလေ့မရှိပါ၊ ရပ်ဝေးခရီးထွက်ရာ မြို့ရွာအားလုံးတို့ကို ရောက်ရာအရပ်၌လည်း ငွေကြေးကို ဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ အလှူခံလေ့မရှိပါ၊ သူတို့၏စေတနာအလျောက် လှူ ကြသည်ကိုတော့ ရှေးသူတော်ကောင်းတို့ ထုံးစံအတိုင်း လက်ခံယူပါသည်။

ထိုနည်းအတူ အပူဇော်ကန်တော့ခံဟူ၍ ခရီးထွက်ခြင်းမပြုပါ၊ ဆန်အလှူခံ ပဲအလှူခံ စသော အလှူခံခြင်းမျိုးလည်း ကိုယ်တိုင်လည်း အလှူမခံပါ၊ သူ တစ်ပါးကိုလည်း အလှူခံပေးရန် မခိုင်းဖူးပါ၊ ဤကား ဤအရှင်၏ ပင်ကို စိတ်ရင်းဖြစ်ပါသတည်း။



# ကလောင်နှင့် ပရိသတ် (၁)

ဤဆောင်းပါးသည် စာရေးနည်း တောင်းဆိုကြသော ကလောင်ရှင်များအတွက် ညွှန်းတမ်းဖြစ်သည်၊ စာပေဆောင်းပါး၊ ဝတ္ထု ရေးသားမည်ကြံလျှင် အဓိက အချက်အလက်ကို မိမိ၏စိတ်ထဲက နားလည်ထားပြီးဖြစ်ရမည်၊ ပထမ အချက်၌ စာပေရေးသားမှုတွင် တင်ပြပုံလိုရင်းဖြစ်၏၊ တင်ပြပုံ ကောင်းလျှင် စာဖတ်ပရိသတ်က ကြိုက်ကြမြဲဖြစ်သည်မှတ်ပါ။

## စာရေးသူနှင့် စာဖတ်ပရိသတ်

စာပေလောကတွင် စာရေးသူနှင့် စာဖတ်ပရိသတ်ဟူ၍ နှစ်ပိုင်းရှိလေရာ သဘောအားဖြင့် သဘင်သည်နှင့် ပွဲကြည့်ပရိသတ်ကဲ့သို့ ထင်တူဖြစ်ကြသည်၊ စာပေရေးသားခြင်း၌ ဝါသနာထုံသူများသည် မိမိ၏ စာပေ ရေးသားခြင်း အလုပ်၌ အချိန်မြင့်လာသောအခါ မိမိကလောင်၌ ပရိသတ်ရှိသည် မရှိသည်ကို သိနိုင်ကြသည်၊ စာရေးသူများသည် ဇာတ်ခုံပေါ်တက်၍ သီဆိုကပြနေကြသော သဘင်သည်များနှင့် တူကြ၍ စာဖတ်သူများသည် ဇာတ်ပွဲကြည့်ပရိသတ်များနှင့် တူကြပုံကို သဘာဝအမြင်ပေါက်အောင် ကြည့်ပါ။

## ဝါသနာပါသော်လည်း ပါရမီရှိရသေး၏

သဘင်သည်များသည် ဝါသနာပါ၍ ကပြနေကြသော်လည်း သဘင်မှု၌ ကျွမ်းကျင်သူရှိသည်၊ မကျွမ်းကြင်သူရှိသည်၊ ထိုနည်းအတူ စာပေရေးသား နေကြသူတို့သည် ဝါသနာပါ၍ ရေးသားနေကြသော်လည်း အရေးအသား၌ ကျွမ်းကျင်သူရှိသည်၊ မကျွမ်းကျင်သူရှိသည်၊ သဘင်သည်ဖြစ်၍ သီဆိုကပြနေကြ သော်လည်း သူတို့၏ သီဆိုကပြပုံကို ပွဲကြည့်ပရိသတ် များစွာကြိုက်ခြင်း၊ အတော်အသင့်ကြိုက်ခြင်း, လုံးဝမကြိုက်ခြင်း ရှိကြသကဲ့သို့ စာရေးသူတို့၏ အရေးအသားကိုလည်း စာဖတ်ပရိသတ်က အတူးကြိုက်ခြင်း, သာမန်ကြိုက်ခြင်း, သိပ်မကြိုက်ခြင်း, လုံးဝမကြိုက်ခြင်းများ ရှိဘတ်ကြသည်၊ သဘင်သည်များမှာ သူတို့၏ ဆရာသမားတို့က သင်ပြသူရှိကြ၍ အခြေခံမှုအားဖြင့် သီဆိုကပြနိုင် အောင် လေ့လာယူထားပြီး ဖြစ်ကြသော်လည်း အငြိမ့်တစ်ဖွဲ့ကို, ဇာတ်တစ်ဖွဲ့ကို ကိုယ်ပိုင်ဦးစီး ကပြကြရသော အခါမျိုးတွင် မိမိ၏ ပင်ကိုစွမ်းအားပေါ်၌ အရာရာအခြေတည်လာကြပုံကို တွေ့ကြုံရမြဲဖြစ်သည်၊ ကံစွမ်း, ဉာဏ်စွမ်း, ဝီရိယ

စွမ်း သုံးပါးပေါ်၌ လုံးဝတည်သွား၏၊ သဘင်သည်အများထဲတွင် သူများထက် ကျော်ထွက်လာကြသော သဘင်သည်များကား ကံ-ဉာဏ်-ဝီရိယစွမ်း အပြင် အတိတ်ဘဝတို့က အကြောင်းခံအခြေအနေထူး ပါခဲ့ကြသော ပါရမီထူးသူများ ဖြစ်သည်ဟု ယူဆရပေမည်။

အတိတ်ဘဝမှနောက်ခံဆိုသည့် ကံစွမ်းသူလည်း ရှိကြ၏၊ ဉာဏ်စွမ်းသူ လည်းရှိကြ၏၊ ဝီရိယစွမ်းသူများလည်းရှိကြ၏၊ နှစ်မျိုးစွမ်း သုံးမျိုးစွမ်းသူများ လည်း အခြေအနေကြည့်၍ ရှိကြကြောင်း သိနိုင်ကြ၏၊ ဥပမာ-မြန်မာပြည်၌ လွန်သွားကြသော သဘင်သည်အများတို့တွင် ရှေးက ဦးဖိုးစိန်၊ ဦးစိန်ကတုံး၊ နန်းတွင်းသူမင်းသမီး မထွေးလေး၊ ယောကျ်ားမင်းသမီးအောင်ဗလ၊ ရုပ်သေး မင်းသား ဦးဖုန်းမို့၊ ရုပ်သေးမင်းသမီး ဆရာပု စသည်များနှင့် နောက် ခေတ်တွင် ဦးအောင်မောင်း၊ ပဲခိုးမြ၊ ရွှေမန်းတင်မောင် စသူတို့သည်လူကြိုက် များအောင် ကျော်ကြားခဲ့ကြသည်၊ ထို့ပြင် အကကောင်းသူ၊ အသံကောင်း သူ၊ အဆိုကောင်းသူ၊ နောက်ပိုင်း ဇာတ်လမ်းသရုပ်ဖော်ကောင်းသူ၊ ငိုချင်း ဆိုကောင်းသူ၊ ဇော်ကကောင်းသူတို့ ရှိတတ်ကြသေး၏၊ သို့ရာတွင် ဖိုးစိန်ကြီး၊ ရွှေမန်းတင်မောင်တို့ကဲ့သို့ ဇာတ်အဖွဲ့ကြီးပါချီ၍ ကျော်ကြားနိုင်စွမ်းမရှိကြပါ၊ အတိတ်ကံ နောက်ခံပါရမီ မပြည့်စုံကြ၍ ဖြစ်ပါမည်။

ထိုနည်းကူ စာပေဆောင်းပါး၊ ဝတ္ထုကဗျာ ရေးသားနေကြသော ကလောင်ရှင်များသည်လည်း မိမိရေးသားပေးပို့သောစာမူကို စာနယ်ဇင်းထုတ် သူ၊ စာအုပ်ထုတ်သူတို့က လက်ခံ၍ ထည့်သွင်းဖော်ပြပေးခြင်း ခံရသော်လည်း စာဖတ်ပရိသတ်အနေဖြင့် သဘင်သည်ပွဲကြည့်သူတို့ကဲ့သို့ အထူးကြိုက်သူ၊ သာမန် ကြိုက်သူ၊ လုံးဝမကြိုက်သူဟူ၍ သုံးမျိုးရှိတတ်ကြမြဲ ဖြစ်သည်။

## ရည်ရွယ်ချက် ကောင်းရမည်

စာပေရေးသားမှုတွင် ဒုတိယအချက်၌ ရည်ရွယ်ချက်ကောင်းရန်လို၏၊ ပဏာမအချက်၌ တင်ပြပုံကောင်းရမည်၊ တင်ပြပုံကောင်း၍ ရည်ရွယ်ချက်လည်း ကောင်းလျှင် စာမူကောင်းဖြစ်၏၊ စာဖတ်ပရိသတ်ကြိုက်ရန်မှာ ကြွယ်ဝသော ဗဟုသုတရှိရန်လို၏၊ ကံ-ဉာဏ်-ဝီရိယလည်းလို၏၊ နောက်မဆုတ်တမ်းကြိုးစားမှု ဇွဲလည်းလို၏၊ ထိုဇွဲကား သူ၏အစွမ်းဆိုရမည်၊ ဉာဏ်စွမ်းသတ္တိကို ထက်မြက် လာစေလိမ့်မည်၊ ဉာဏ်စွမ်းထက်လာလျှင် တစ်ကြိမ်ထက် နောက်တစ်ကြိမ်က ပိုကောင်းလာတတ်သည်၊

စာရေးဆရာအဖြစ် အထူးထင်ပေါ်ကျော်ကြားလာသူတို့သည် ဝတ္ထုဖြစ်စေ၊ ဆောင်းပါးဖြစ်စေ၊ ကဗျာဖြစ်စေ ပင်ကိုယ်ထိုးထွင်းဉာဏ်ကောင်း၍ ပါရမီထူးခြားသွားသူများ ဖြစ်ကြသည်၊ ပွဲတစ်ချီကပြင့်နှင့် ပရိသတ်အကြိုက်များလှသော ဂီတသည်မျိုးရှိသကဲ့သို့ စာတစ်အုပ် ဝတ္ထုတစ်ပုဒ်ကြောင့် စာဖတ်ပရိသတ် စွဲသွားသော စာရေးဆရာမျိုးလည်း ရှိကြသည်၊ သံဆိုကပြမှု အကြိမ်များလာသောအခါမှ ပွဲကြည့်သူများက တဖြည်းဖြည်းစွဲလာကြသကဲ့သို့ အဆက်မပြတ် ရေးသားမှုများလာခါမှ စာဖတ်ပရိသတ်တို့က မျက်မှန်းတန်းမိလာသော စာရေးဆရာများလည်း ရှိကြသည်။

## ပရိသတ်ရှိသော ကလောင်

သဘင်လောကတွင် အချို့သောသဘင်သည်များကိုငွေးသူရှိ၍ ကပြနေ၍ ကြည့်ရသော်လည်း ကြည့်ရသူက အားမရကြသကဲ့သို့စာရေးသူများ၏ လောကတွင် စာမူကို ပုံနှိပ်ထုတ်ဝေသူရှိ၍ ဖတ်နေကြရသော်လည်း မကြိုက်ကြသောစာပေ အရေးအသား တိုင်ပြည့်တိုင်း၌ များစွာ ရှိကြသည်၊ စာရေးသူနှင့် စာဖတ်သူတို့ကို ခွဲးလုံးခြုံ၍ ကြည့်လိုက်လျှင် စာရေးသူများတွင် ပရိတ်သတ်ရှိသော ကလောင်, ပရိသတ်မရှိသော ကလောင်, ရံခါ ပရိတ်သတ်ရှိ၍ ရံခါ ပရိတ်သတ်မရှိသော ကတောင်ဟူ၍ သုံးမျိုးထင်ရှားလျက် ရှိသည်၊ ပရိသတ်ရှိသော ကလောင်ကို ဘယ်စာစောင်တွင်ပါပါ သူ၏ ရေးသားချက်ကို ကြိုက်နေပြီးသော ပရိသတ်များက လိုက်ဖတ်ကြသည်၊ ပရိသတ်မရှိသော ကလောင်၏စာကို ဘယ်စာစောင်တွင်ပါပါ သာမန် စာပေအနေဖြင့် ဖတ်ကြသည်၊ နှစ်သက် မြတ်နိုးထိုက်သော စာရေးကောင်း အနေဖြင့် ဖတ်ကြသည် မဟုတ်ချေ။

## ရေးပုံ မှုပြောင်းလွန်းလျှင် မကောင်း

အချို့ကလောင်ရှင်များသည် ရံခါ ရေးသားပုံရော တင်ပြပုံရော ကောင်းသောကြောင့် စာဖတ်သူတို့က ကြိုက်ကြသည်၊ ရံခါ ရေးသားပုံရော တင်ပြပုံရော ညံ့လာသောအခါ မကြိုက်ကြပါ၊ စိတ်မချရသော ကလောင်ရှင်ဟု ပရိသတ်က မှတ်ချက် ချထားတတ်ကြသည်၊ စာရေးဆရာတို့ လောကတွင် 'မှု' ပြောင်းလွန်း သွားတတ်သူများလည်း ရှိကြ၏၊ ရှေ့ပိုင်းတွင် အရေးအသားကောင်း၊ ရည်ရွယ်ချက်ကောင်း၊ တင်ပြပုံ စသည် အားလုံးကောင်း၍ ပရိသတ်စွဲလာခဲ့ကြပြီး ခါမှ နောင်အချိန် ကြာလာသောအခါ တင်ပြချက် မဆီလျော်

မှုတွေ ရည်ရွယ်ချက် ဖောက်ပြန်မှုတွေ များလာသောကြောင့် ပရိသတ်က စွန့်ခွာသွားခြင်း ခံရသော စာရေးဆရာမျိုးလည်း တိုင်းပြည်တကာ၌ ရှိခဲ့ကြဖူး၏၊ အသောက်သမားတို့နှင့် လက်ဝဲဝါဒီ လိုက်သွားသူတို့ ဖြစ်တတ်ကြသည်။

## ပရိသတ်ရှိသော ကလောင် ဟုတ်ပါတယ်

ဤအရှင်၏ ကလောင်ကို ပရိတ်သတ် ရှိပါသလားဟု မေးလျှင် ရှိတယ်ဟု ဖြေမည်၊ ပရိသတ်ရှိသော ကလောင်ဟုတ်ပါသလားဟု မေးလျှင် ဟုတ်ပါတယ်ဟု ဖြေမည်၊ မိမိကလောင်၏ ပရိသတ်သည် ဘက်စုံရှိသည်၊ အသက်ကြီးရင့်လာသော အချိန်ပိုင်းတွင် ဘာသာရေး စာစောင်တို့၌ ပုံမှန် ရေးနေသောကြောင့် ရဟန်း ပရိသတ် ပိုများပါသည်၊ ရဟန်း ပရိသတ်ထဲမှ အတော်များများသည် သက်ရွယ်ကြီး ဆရာတော်ကြီးတွေ ပါဝင်ကြသည်၊ ဝါရင့် စာရေး ဆရာကြီးတွေ ပါသည်၊ စာဖတ် ဝါသနာပါသော အဘိုးကြီး အမယ်ကြီးတွေ ပါကြသည်၊ စာဖတ်ပရိသတ်များက စာရေး ပို့ကြ၍ သိရခြင်း ဖြစ်သည်။

## ကလောင်ခရီးတစ်လျှောက်

ဤအရှင်သည် ကလောင်ဖြင့် ဖြတ်သန်းလာခဲ့သော စာစောင် ကန္တာရ ခရီးတစ်လျှောက်တွင် တိုးတက်ရေး မဂ္ဂဇင်းက စ၍ စွဲနေကြသူများ ရှိသည်၊ ဂျာနယ်ကျော်၌ ရေးသော ဆောင်းပါးများကို စွဲကြသူ အများကြီး ရှိသည်၊ သဘင်းစုံဂျာနယ်, နဂါးနီဂျာနယ်, အကျိုးဆောင်ကြီးဂျာနယ်, ဒဂုန်မဂ္ဂဇင်း, သွေးသောက်မဂ္ဂဇင်း, သင့်ဘဝ မဂ္ဂဇင်းတို့တွင် ဤအရှင် ဆောင်းပါးအရေးများ နေချိန်က သမဝါယမ ပညာရေး ဝန်ထောက်ကြီး ဦးချစ်ဆိုသူသည် ဤအရှင် ဆောင်းပါးကို လက်မလွှတ်တမ်း ဖတ်လိုသောကြောင့် နှစ်ပေါက် ဝယ်ယူဖတ်လေ့ရှိကြောင်း လျှောက်ဖူးလေသည်။

## ဦးစွာဖတ်လေ့ရှိကြောင်း

ရဟန်းသံဃာလောကတွင် မိတ်ဆွေဘုန်းကြီး တော်တော်များများသည် တစ်ချိန်က ဂျာနယ်ကျော်တွင် ဤအရှင်၏ ဆောင်းပါးများပါတက်သော ကြောင့် လက်မလွှတ်တမ်း ဝယ်ယူဖတ်ရှုနေကြကြောင်း နှုတ်ဖြင့်ဖွင့်ဆိုပြောကြဖူး၏၊ ဓမ္မဗျူဟာတွင် ဤအရှင်၏ဆောင်းပါးများ စတင်တွေ့ကြချိန်မှစ၍

ကျေနပ်ဝမ်းမြောက်ကြရကြောင်း၊ အဆက်မပြတ်ဖတ်လိုကြောင်း စာရေးပို့ကြ၏၊ အချို့က လူကြုံဖြင့် စလားကပ်းလှမ်း၍ တိုက်တွန်းတတ်ကြ၏၊ သို့ဖြင့် ဤအရှင်၏ကလောင်ပရိသတ်သည် ဘက်စုံပါဝင်သည်၊ ထိုအခါ သက်ရှယ်တော် ၇၀-ကျော်၊ ၈၀-ကျော်ဆရာကြီးများက စာစောင်ရောက်လာလျှင် ဤအရှင်၏ဆောင်းပါးကို ရှာဖွေ၍ ဦးစွာဖတ်လိုက်ရခါမှ စိတ်ကြေနပ်ကာ နေသာထိုင်သာရှိတတ်ကြောင်း၊ ဆောင်းပါးကို တစ်ကြိမ်ဖတ်ပြီးတိုင်း ဤအရှင်နှင့် လူချင်းတွေ့ဆုံ၍ စကားပြောဆို ဆွေးနွေးရဘိသို့ စိတ်ဝမ်းကြည်နူးပြီးဝမ်းသာကျေနပ်သွားလေ့ရှိကြောင်း စာရေး၍ ပို့တော်မူကြလေသည်။

## ကလောင်သက်တမ်း ရှည်ခဲ့ပြီ

ဤအရှင်၏ကလောင်သက်တမ်းသည် လူကိုယ်ခန္ဓာ၏ အရွယ်ကြီးလာသလောက် ကြာခဲ့ပြီဖြစ်၏၊ စာသင်သားဘဝ မန္တလေးမြို့ဦးနေစဉ် ခုဟန်း (၂)ဝါ၊ အသက် (၂၁)နှစ်အရွယ်မှ စတင်၍ ကလောင်ကိုင်လာခဲ့ရာ ယခုစာမူကို ပြန်လည်ရေးကူးနေချိန် အသက် (၈၀) အတွင်း အရွယ်ရောက်လာသည်နှင့်အမျှ ရှည်ကြာခဲ့ပါပြီ၊စာသင်သားဘဝ မန္တလေးမြို့ဦးနေစဉ်က တိုင်းချစ်သတင်းစာတွင် ဆောင်းပါးစတင်ရေးခဲ့သည်၊ မှတ်မိသမျှ မဂ္ဂဇင်းများနှင့် ဂျာနယ်အမျိုးမျိုးတွင် ဆက်လက်ရေးလာခဲ့သည်၊ .မဂ္ဂဇင်းများမှာ ရွှေဗမာမဂ္ဂဇင်း, သက်စောင့်ကိုးတက်ရေး, သုတဂဝေသီအကျိုးဆောင်, ဝဇီရဗုဒ္ဓဦးဖိုးစိန်ထုတ်သော ပညာသင်ကျမ်းစာမဂ္ဂဇင်း, ဒဂုန်, သွေးသောက်, ရှုမဝ, သမဝါယမမဂ္ဂဇင်း, လူထုပညာရေးမဂ္ဂဇင်း, ပညာတန်ဆောင်, မြတ်ရတနာ, သာသနာ့ရောင်ခြည်, သင်္ဂါယနာစာစောင်, ဦးခန္တီအထူးထုတ်မဂ္ဂဇင်း, ဂျာနယ်ကျော်, နဂါးနီ,သတင်းစုံဂျာနယ်, ဒီးဒုတ်, တိုင်းရင်းမေ စသောဂျာနယ်များနှင့် နေ့စဉ်ထုတ် သတင်းစာကြီးများထဲတွင် ရေးသားခဲ့သည်၊ထို့ပြင်ကလောင်အမည်ခွဲဖြင့် လုံးချင်းဝတ္ထုများနှင့် ဗဟုသုတပညာပေး စာအုပ်ကြီ ငယ်များရေးသားခဲ့၏၊ အချို့သောမဂ္ဂဇင်းဝတ္ထုများနှင့် လုံးချင်းဝတ္ထုကြီးများကို မိမိမရေး၍ အခြားသောစာရေးဆရာတို့၏နာမည်ဖြင့် ထုတ်သည်လည်း ရှိခဲ့၏။

## ရေးသူအမည်ပုံမှန်

တိုးတက်ရေး, ဂျာနယ်ကျော်, ဒဂုန်, နဂါးနီ, သင့်ဘဝ စသည်တို့၌ ဤအရှင်ဆောင်းပါး ရေးခဲ့လေသမျှ (ရေးသူ ဦးဥတ္တမသာရ)ဟူ၍ ပုံမှန်ရေး

လာခဲ့သည်၊ ထို့ကြောင့် ရှေးခေတ်မိစာဖတ်ပရိသတ်များက ထိုအမည်ကို စွဲမြဲမှတ်သားထားကြ၏၊ ရဟန်းမိတ်ဆွေအချို့က 'ဗုဒ္ဓဂါယာပြန် အရှင်ဦးဥတ္တမသာရ'ဟူ၍ မှတ်သားထားကြသည်၊ ဤခေတ်တွင် အချို့သောစာစောင်တို့က မျက်စိလည်ကာ ဤအရှင်အစစ်အမှန်ဟုတ်သလော၊ မဟုတ်လေရော့လားဟု သံသယဖြစ်နေသူများ ရှိကြသည်၊ အချို့က ထိုသံသယကို အောင့်မနေနိုင်သောကြောင့် စာရေးမေးကြသည်၊ 'ဘုန်းကြီးရေးတိုင်း အရှင်ဦးဥတ္တမသာရဟူ၍ ရေးထည့်ပါသည်၊ လက်ဆော့တတ်သော အယ်ဒီတာပေါက်စအချို့က ဖြုတ်ထားခဲ့သောကြောင့် မပါခြင်းပါ'ဟူ၍ ပြန်ကြားဖြေဆိုနေရသည်ကလည်း အလုပ်ပိုလှ၏၊ အလုပ်ပိုပြန်ကြားမနေရအောင် ရှေးမိပရိသတ်ဟောင်းများလည်း သံသယမဖြစ်ချန် ကြာမြင့်စွာ ရေးမြဲပုံမှန်အတိုင်းလည်း ကျအောင် ဤအရှင်၏ကလောင်အမည်ကို 'အရှင်ဦးဥတ္တမသာရ'ဟူ၍ ပုံသေထည့်ကြပါ၊ မပြင်ကြပါနှင့် မေတ္တာရပ်ခံထားရပူး၏။

## စာဖတ်ပရိသတ်ကြိုက်သော စာသုံးမျိုး

စာပေလောကတွင် စာဖတ်ပရိသတ်ကြိုက်သော စာသုံးမျိုးရှိသည်-

(၁) ပင်ကိုယ်ပကတိပေါ်လွင်မှုဖြင့် အရိုးခံကောင်းခြင်း၊

(၂) အဆင်တန်ဆာ မွမ်းမံမှုဖြင့် ကောင်းခြင်း၊

(၃) ပွင့်လင်းမှုပြောင်မြောက်ချက်ဖြင့် အကြမ်းစားကောင်းခြင်း-

တို့ဖြစ်သည်၊ ကမ္ဘာပေါ်ရှိသမျှ ဘယ်တိုင်းပြည်၏ ဘယ်လူမျိုး၏ စာပေရေးသားချက်ဖြစ်စေ ဤသုံးမျိုးတွင် အကျုံးဝင်ကြ၏၊ ဤမူသုံးချက်အတွင်းဝယ် ကျင်လည်နေကြသည်။

ပင်ကိုပကတိပေါ်လွင်မှုဖြင့် အရိုးခံကောင်းခြင်းမှုဟန်ကို စာရေးလိုသူဝါသနာရှိသူတိုင်း လေ့လာယူသင့်၏၊ ပင်ကိုပကတိကောင်းသော အရာဝတ္ထုဟူသမျှ သက်ရှိသက်မဲ့အားလုံးကို လူအများက နှစ်သက်ကြမြဲဖြစ်၏၊ အရိုးကိုအရွက်မဖုံးနိုင်သော သစ်ပင်တို့၏ ပင်စည်ကဲ့သို့ အရိုခံအားဖြင့် ကောင်းခြင်းသည် အလိုလိုခိုင်ခံ့နေသောကြောင့် သူ့ကိုကျော်တက်နိုင်ခဲကြ၏၊ မူလကပင်အရိုးခံဖြစ်ခနေသောကြောင့်လည်း ဘယ်ခါမှ ရိုမသွားနိုင်တော့ချေ၊ အဆန်းသည် ရိုးလွယ်၏၊ အရိုးခံသဘာဝသည် ထပ်ရိုးသွားရန် အကြောင်းမရှိတော့ချေ။

စာရေးသားကြရာ၌ ပင်ကိုအရိုးခံကောင်းခြင်းဟူသည် တင်ပြလိုသောဖြစ်ရပ်ကြောင်းရာကို အပိုဖွဲ့နွဲ့မှုမပါဘဲ ထင်မြင်လာအောင် သဘာဝကျကျ

သရုပ်ဖော်ပြပုံကောင်းသော စာမျိုးဖြစ်သည်၊ စကားပြေဖြစ်စေ ကဗျာလင်္ကာဖြစ်စေ တင်ပြချက်နှင့် စာဖတ်ရသူ၏ ခံစားချက်သည် တစ်သဘောတည်းဖြစ်၏၊ ပုံစံအဖြစ် ကဗျာ ၂-ပုဒ် ဤတွင်ထုတ်ပြမည်။

## ကျောင်းအိုကလေးဘွဲ့ လေးချိုးငယ်

လေးဒင်တဲ၊ ကပ်ကြဲရယ်တဲ့ ရွှဲလို့ယိုင်။ ။ခန်းဝင်လျှင်လမ်းစဉ် လျှောက်နိုင်ဘူး၊ ကြမ်းပေါ်က်ကမြိုင်။ ။ နောက်ဂေါယာ ဖန်ဝါမြန်း ပြန်တော့၊ ခန်းလုံးပြည့် နေရောင်ပြိုင်၊ ပွင့်ချင်းဆိုင်ပါလို့ ပြောက်စုံပေါင်း။ ။ ညခုမ်ခါ၊ ထက်နန်း ဒဇဋ္ဌာကာ၊ ငွေစန္ဒာရောင်ခြည် ပျံ့ပြန်တော့၊ဩြော်-လှိုသာဆိုကာပြုံးမိတယ်၊ (ကွယ်)ဘုန်းတို့စံကျောင်း။

မန္တလေးမြို့ တောင်ပြင်ဆီးဘန်နီတိုက်၌နေသော ဦးခန္တီအမည်ရှိစာသင်သားရဟန်းတစ်ပါးက ရေးဖွဲ့ထားခြင်းဖြစ်သည်၊ ဤအရှင် စာသင်သား ဘဝတုန်းက မန္တလေးမြို့၌နေစဉ် ရခဲ့သည်၊ ဦးခန္တီသည် သူမန္တလေးမြို့စာသင်ခိုက်နေထိုင်ရသော ကျောင်း၏ပုံစံကို အမွမ်းမပါ ရိုးရိုးကလေးဖြင့် သရုပ်ဖော်ပြထားပုံမှာ ပေါ်လွင်လှပေသည်၊ ဤအချင်သည် ယိုစာချိုးကလေးကိုဖတ်ပြီးလျှင် 'မကောင်းလိုက်တဲ့ကျောင်းနှယ်' ဟု ဆိုမိရင်း ရယ်ခဲ့ရပေါင်းများလှပြီ ဖြစ်၏။

ဦးခန္တီ၏ ပြောလိုချက်မှာ 'ငါရဲ့ရုပ်ရွာမိဘဆွေမျိုး မိတ်သင်္ဂဟတို့က ထင်ကြလိမ့်မည်' တို့ဦးပဥ္စင်း မန္တလေးရွှေမြို့တော်ကြီးသို့ ကြွရောက်ပြီး စာပေပရိယတ် သင်ယူနေရှာတာ ဘယ်လိုကျောင်းကြီးမျိုး၌ နေထိုင်ရလေသည် မသိ၊ ရှေးက ဘုရင်နှင့် မှူးကြီးမတ်ရာတို့က ဆောက်လုပ်လှူထားကြသော နန်းတော်ပုံကြီးလိုလို ကျောင်းဦးပြာသာဒ်ကြီးနှင့်၊ ဓနုဆောင်နှင့်၊ လှေကားလေးဘက်တပ်နှင့် ရွှေမကျောင်းတော်ကြီးမျိုး ဖြစ်လေမလား၊ ပန်းပြောက်ရုပ်စုံတွေ သရုပ်ဖော်၍ မှန်စီရွှေချနှင့် လှပဆန်းကြယ်သော ရှေးခေတ် မင်းဆွေမင်းမျိုးနှင့် သူဌေးသူကြွယ်တို့ ဆောက်လုပ်ထားကြသော ကျောင်းထူးကြီးဖြစ်လေမလား၊ သို့မဟုတ် ခေတ်မီသော နှစ်ထပ်တိုက်ကျောင်းကြီးမျိုး ဖြစ်လေမလား၊ တိုက်ခံသစ်သားကျောင်း ဆင်ဝင်နှင့် ခေတ်မီမီ ဆောက်လုပ်ထားသော ကျောင်းမျိုးဖြစ်လေမလား၊ အမှန် သူထိုင်ရသည်ကား အဆိုပါ ကျောင်းကောင်းမျိုးနှင့် လားလားမျှမယှဉ်သာ၊ မိုးလုံလေလုံတောင်မရှိ၊ ဟုတ်တိုင်းမှန်ရာ စာချိုးပြရမည်ဆိုလျှင်-

'လေးပင်တဲ၊ ကပ်ကြဲရယ်တဲ့ ရွှဲလို့ယိုင်'၊ လေးပင်ဆိုတော့ သုံးခန်းတဲ ကျောင်းကလေးပါ၊ ဝါးကပ်မိုး ဝါးကပ်ကာထားခြင်းဖြစ်ရာ ကာရံထားသော ကပ်များက ကြဲရသည့်အထဲ ရွှဲပြီးယိုင်နေလိုက်သေး၏၊ 'အကာကတော့ မကောင်း ရှာဘူး၊ ခင်းကြမ်းကတော့ ကောင်းလိမ့်မယ်ထင်ပါရဲ့'လို့ တွေးထင်ဖွယ်ရှိ၍ 'ခန်းဝင်လျှင်၊ လမ်းစဉ်လျှောက်နိုင်ဘူး၊ ကြမ်းပေါက်ကမြိုင်'တဲ့၊ အင်ပျဉ် ဈေးပေါပေါ ဝယ်ယူခင်းထားခြင်းဖြစ်ရာ မိုးယိုထား၍ ကြမ်းတွေကဆွေးပြီး အပေါက်တွေက များလိုက်တဲ့ဖြစ်ခြင်း၊ အခန်းတွင်းဝင်လာလျှင် ရောက်လိုသည့် နေရာ တောက်လျှောက်သွား၍မရ၊ ကြမ်းပေါက်ထဲ ခြေကျွံမကြစေရန် ရှောင် ကာတိမ်းကာနှင့် သတိထားသွားကြရသည်။

ခံစားရချက်ကို ဖော်ပြရာမှာ 'နောက်ဂေါယာ ဖန်ဝါမြန်းပြန်တော့၊ ခန်းလုံးပြည့် နေရောင်ပြိုင်၊ ပွင့်ချင်းဆိုင်ပါလို့ ပြောက်စုံပေါင်း'၊ မွန်းလွဲပြီး နောက် ညနေပိုင်း ရောက်ပြီဆိုသည်နှင့် သူတို့နေရသော ကျောင်းခန်းတွင်း၌ ကပ်ကြဲဆီမှ နေရောင်ပြောက်တွေဝင်ကာ သရုပ်ပြနေကြပုံမှာ ပန်းပွင့်တွေ အမျိုး မျိုး ကျရောက်နေဘိသို့ အပွင့်ပေါင်းစုံနေကြ၏၊ စာကြည့်၍မှ သမာဓိမရနိုင်စရာ နေရောင်ပြောက်တွေကို ခံစားကြရသည်။

'အမိုးကတော့ ကောင်းပါလိမ့်မယ်'ဟူ၍ ထင်ဖွယ်ရှိ၍ 'ညချမ်းခါ၊ ထက်နန်းအဇဋ္ဌာက၊ ငွေစန္ဒာ ရောင်ခြည်ပျို့ပြန်တော့၊ ဩော်–လို့သာ ဆိုကာ ပြုံးမိတယ်ကွယ်၊ ဘုန်းတို့စံကျောင်း'တဲ့၊ အထင်မကြီးကြပါနဲ့၊ အမိုးဖြစ်နေပုံ ကြည့်ကြပါဦး' ဆိုတဲ့သဘောဖြင့် ညအခါရောက်ပြီဆိုမှဖြင့် အပေါ်သို့မော့ကြည့် မိလျှင် ကြယ်မြင်လမြင် အဇဋ္ဌာတစ်ခွင်ကို အတိုင်းသားမြင်နေရသည်မို့ ကျောင်း အမိုး၏ ဖြစ်ပျက်နေပုံဖြင့် ပြောစရာမပြောချင်တော့ဘူး၊ မန္တလေးရွှေမြို့တော် ကြီးသို့ လာရောက်ပြီး စာပေပရိယတ် သင်ကြားနေရတာ ငါတို့နေထိုင်ရတဲ့ ကျောင်းတော်ကြီးကဖြင့် ဩော်–ဖြစ်မှဖြစ်ရလေခြင်းဟူ၍ ဆိုကာ ပြုံးမိရတော့ သည်–တဲ့။

## ဖျားနေသူနှင့် မီးလင်းဖိုဘွဲ့ လေးချိုးငယ်

'မီးမတောက်နိုင်ဘူး၊ ထင်းခြောက်ကယ်က ထို့တာတော။ ။
အခိုး တလူလူနှင့်၊ ပူနွေးရန် စိတ်ကစောသော်လဲ၊ နောက်ကျောတွေ
ထုံကျင်ကိုက်သည်ထိ၊ အလိုက်ကယ် အဆင့်မပြေလိုက်ပုံက၊ မှုတ်ရသူ
ဖားဖိုကျလောက်ကဲ့၊ ပါးပွလို့ ပြာသာပေ။ ။အချမ်း မပျောက်နိုင်

ဇရာပ၊ မိုးတဖြောက်ဖြောက်ကယ်နှင့်၊ နှင်းပေါက်က ဝိုက်ကာစွေ၊ လေပြေကသုတ်ချိသွင်း။ ။နေကိုတ,သော်လဲ၊ ဌာနရယ် ဤရွှေဘောင် သို၊ ပလာပေါင်း ရက်တွေညောင်းခဲ့ပေါ့၊ ဘယ်စောင်းကာ ညာပြန်နှင့်၊ သည်အဟန် မြင်သူတို့ လွမ်းလောက်ကဲ့၊ စိဝရံဖျင်ထည်ကို လွှမ်းပါလို့၊ ကျောင်းနှန်းရယ် တောင်ရံခြမြက၊ သာသနေ ပြုစုပျိုးပါရ၊ ခါတလေ ခုမှုဖြင့် ဆိုးလှတယ်၊ (ဟယ်) ဖိုးအနဂ္ဂ အခင်းပေမို့သာကွယ်၊ ကြို့ရ လက်ငင်း။ ။

ဤလေးချိုးကလေးကို လွန်ခဲ့သော နှစ်ပေါင်း ၄၀–ကျော်ကာလအချိန် မြန်မာပြည် လွတ်လပ်ရေးရပြီးစ ၁၃၁၀–ခုနှစ်တွင် ရေးဖွဲ့ခဲ့သည်၊ မြောက်ပိုင်း ချင်းတောင် ဖလမ်မြို့၌ တိုင်းရင်းဗုဒ္ဓဘာသာအတွက် သာသနာကို စတင်ပျိုးချ ပြီးလျှင် ၂–နှစ်ကြာအချိန် ဤအရှင်၏ ကိုယ်တွေ့ဖြစ်ရပ်ကို ဖွဲ့ဆိုခြင်းဖြစ်သည်၊ မိုးနှောင်းကာလ သီတင်းကျွတ်လဆုတ် ၁၄–ရက် နံနက်စောစောတွင် ၄က်ဖျား တက်၍ကျပြီး အဖော်မရှိ တစ်ပါးတည်း မီးလှုံနေစဉ် မီးလင်းဖိုနံဘေး၌ မှတ်တမ်းတင်အနေဖြင့် ရေးဖွဲ့သောစာချိုးဖြစ်သည်၊ ဖွဲ့နွဲ့ပုံ ဟန်ပန် အမွမ်းမပါ၊ ဖြစ်ရပ်အမှန် ပုံပန်းသဏ္ဌာန်ကိုသာ ရိုးရိုးဖြင့် ထင်မြင်လောက်အောင် သဘာဝ ကျကျ ဖော်ပြထားကြောင်း စာဖတ်သူတို့ တွေ့ကြရပါမည်။

ဤစာချိုးကို စာစောင်များတွင် တွေ့မြင်၍ ဖတ်ကြရသောအခါ ရဟန်း ရော လူအများကရော အထူးကြိုက်နှစ်သက်ကြကြောင်း သိရ၏၊ ဓာတ်ပွဲများ၌ပင် ရွတ်ဆို၍ အသုံးပြုနေကြကြောင်း တစ်ဆင့်စကား ကြားသိရသည်၊ ဆိုလိုရင်း မှာ စာရေးနည်းကို နည်းညွှန်ပေးနေခြင်းဖြစ်ရာ ကဗျာကိုသာ နမူနာထုတ်ပြ သော်လည်း စကားပြေ ရေးသားရာ၌လည်း တင်ပြလိုသောဖြစ်ရပ်နှင့် ကြောင်း ရာကို ပုံပန်းဟန် အခြင်းအရာ ပေါ်လွင်အောင် (အပိုမဖွဲ့မှုဘဲ) အရိုးခံ သရုပ်ပြ ရေးခြင်းမျိုးကို သင်ပြ ညွှန်ကြားပေးကြောင်း နားလည်ပါ၊ မိမိဆိုလိုချက် အကြောင်း တင်ပြရာ၌ နှစ်သက်ဖွယ်ကောင်းအောင် စကားအသုံးအနှုန်း သိပ်သည်းစွာဖြင့် သဘာဝကျကျ ရေးတတ်ရမည်၊ အဆိုပါအတိုင်း ရေးသား တတ်ပြီဆိုလျှင် (ကြောင်းရာအားလုံး) ပင်ကိုပကတိ အရိုးခံအရေ အသား ကောင်းခြင်း ဂုဏ်မြောက်သောစာပေ ဖြစ်သွားနိုင်ပါသည်၊ ဤကား ဤအရှင် ထံသို့ စာရေးနည်း ဘောင်းဆိုကြသူတို့အား ညွှန်ကြားပေးခြင်း ဖြစ်ကြောင်း နားလည်စွာ ကျေနပ်ပါကုန်။

# ကလောင်နှင့် ပရိသတ် (၂)

## စေတနာကောင်းနှင့် ရည်ရွယ်ချက်ကောင်း

လူ့လောကတွင် ဘယ်အရာမဆို စေတနာကောင်းနှင့် ရည်ရွယ်ချက်ကောင်းရန် ပထမဖြစ်သည်၊ ထို့နောက် မိမိ၏ ရည်ရွယ်ချက်ကို စေတနာကောင်းဖြင့် ပေါ်လွင်အောင် ရုပ်လုံးဖော်ပြခြင်းသည် ဒုတိယဖြစ်သည်။

ဤအရှင်ထံသို့ ရောက်လာသော စာများတွင် လိုရင်းဖော်ပြမည်၊ 'နောင်သောအခါ ဆရာတော်၏ လက်စွမ်း အရေးအသား လက်ရာတွေဟာ မူဘာစ်ခုကဲ့သို့ ဖြစ်တည်နေကြ ပါလိမ့်မည်၊ ဆရာတော်ရဲ့ ရေးပုံရေးနည်းနှင့် ရည်ရွယ်ချက် တင်ပြချက်များ ဘယ်ပုံမူချပြီး ရေးသား လာခဲ့ဘယ်ဆိုတာ နောင်းခေတ်ပုဂ္ဂိုလ်တို့အတွက် အသိပေးတော် မူပါဘုရား' တဲ့။

အဆိုပါ သဘောသွားမျိုး ဤအရှင်ထံသို့ လျှောက်ထားကြသည်မှာ လူဒကာများလည်းပါ၏၊ ရဟန်းပုဂ္ဂိုလ်တို့က ပို၍ များပါသည်၊ ယခုအခါ ရဟန်းပုဂ္ဂိုလ်ငယ်, ပုဂ္ဂိုလ်လတ်တို့က ဤအရှင်၏ ရေးပုံရေးနည်းကို အထူးစိတ်ဝင်စားနေကြကြောင်း သိရ၏၊ ထို့ကြောင့် သူတို့၏ လိုအင်ဆန္ဒကို ယခု ဖြည့်ပေးလိုက်ပါပြီ။

## ဘယ်အရာကို ကြိုက်ကြသနည်း

'ဤအရှင်၏ ကလောင်ရေးဆွဲချက်ကို ပရိသတ် ကြိုက်ကြသည် ဆိုကြရာမှာ ဘယ်အရာကို ကြိုက်ကြသနည်းဆိုတာ ရှေးဦးစွာ သိပါရစေ။

ဤအရှင်၏ ရေးသော စာပေဆောင်းပါးများကို ကြည့်ပါ၊ စာရေးသားချက် ပုံဟန်အားဖြင့် အဆန်းဟကြယ် မရေးပါ၊ ရိုးရိုးနှင့် ရှင်းရှင်းသာ ရေးသည်၊ ရည်ရွယ်ချက်နှင့် စေတနာကောင်းထားသည်၊ မိမိ၏ ရည်ရွယ်ချက် စေတနာကို ပေါ်လွင်အောင် ဖော်ပြထားပုံ တွေ့ကြရမည်၊ စာဖတ်သူများအား အကျိုးခံစားခွင့် လက်ကျန်ရရှိအောင် ရေးသည်၊ တင်ပြချက် ကြောင်းရာကို သူတစ်ပါး အရေးအသား နည်းပါးသော အစိတ်အပိုင်းမှ ကြိုးစား တင်ပြလေ့ ရှိသည်၊ ပြီးစလွယ် ရေးလေ့ မရှိပါ၊ ထို့ကြောင့် ဤအရှင်၏ အရေးအသားကို ကြိုက်ကြဟန် တူပါသည်။

နောက်က ရေးခဲ့ပြီးသော စာနယ်ဇင်း ဆောင်းပါးများတွင် မှတ်မိသမျှ စာဖတ် ပရိသတ် ကြိုက်ကြသော အချက်အလက်များကို အနည်းငယ်

ညွှန်ပြပါမည်၊ တိုးတက်ရေး မဂ္ဂဇင်းတွင် ဤအရှင်၏ ဒေသန္တရ ဗဟုသုတ ဆောင်းပါးများကို လူကြိုက်များလာကြသည်ဆို၏၊ စာဖတ်သူတို့ ကိုယ်တိုင် အနေဖြင့် မသွားရောက်နိုင်ကြသော တောတောင် ကန္တာရ ဒေသတို့၏ ဗဟုသုတ များကို ရိုးရိုးနှင့်ရှင်းရှင်းကလေး သရုပ်ပေါ်အောင်တင်ပြချက် ဖြစ်သည်။

## ဥပမာပြောမည်

ယောနယ်အတွင်း ဆောင်းပါးတွင် ယောဆိုသည် ပုံတောင်ပုံညာတောင် ကြီးများ ခြား၍ အတွင်းယောနယ်, အပြင်ယောနယ် ရှိရပုံ၊ ထိုနှစ်နယ်၌ ရှိကြ သော လူတို့၏ ကြောင်းရာနှင့် ဒေသန္တရကြောင်းရာစုံစုံ ဖော်ပြချက်သည် ကိုယ်တိုင်ကြည့်မြင့်ရဘိသို့ ထင်မြင်စေသောကြောင့် ကျေနပ်ကြသည်၊ ဓာတ်ပုံ များနှင့် တင်ပြခြင်းဖြင့်ရာ ထိုဆောင်းပါးမှစ၍ ဤအရှင်၏ကလောင်ကို ပရိသတ်ကစွဲလာကြသည် ဆို၏၊ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ရေနံမြေသပိတ် ကြီး မပေါ်ခင်က ဂျာနယ်ကျော်တွင် ဤအရှင်၏ ဆောင်းပါး တောင်ပိုင်း ချင်းတောင် ကြောင်းရာကို ပထမဆုံး ပါရှိလေရာ မကြားဖူးသေးသော ဗဟု သုတတွေ စာဖတ်ပရိသတ်များက စတင်ကြားသိရခြင်းကဲ့သို့ စိတ်ဝင်စားဖွယ် အသန်းအပြား သဘင်းထူးတွေ ဖြစ်သွားကြသည်ဟူ၍ ပြောကြ၏။

ထိုဆောင်းပါးကို ဤအရှင်ရေး ပို့စဉ်က 'ချင်းတို့စံရာ ဘုံဗိမာန်ကြီး' ဟူ၍ ရိုးရိုးခေါင်းစဉ် ဖြစ်၏၊ ဂျာနယ်ကျော် ဦးချစ်မောင်က သတင်းစာ ဆရာပီပီ ဆောင်းပါးတွင် ပါဝင်သော ကြောင်းရာများကို ကြည့်ရှုပြီး လူ အများ မျက်စိကျစေရန် ခေတ်မီ စကားလုံးဖြင့် 'ယာတစ်ခင်းခုတ်ပေးလျှင် မိန်းမတစ်ယောက် ရနိုင်သောနယ်' ဟူ၍ စာလုံးမဲကြီးနှင့် ခေါင်းစဉ်ပြောင်းပြီး ထည့်ပေးလိုက်သည်၊ ထိုဆောင်းပါးကို မဖတ်ဘဲ မနေနိုင်သလို စိတ်လှုပ်ရှား ပြီး ဖတ်မိကြရတော့သည်ဆို၏၊ ဖတ်ပြီးသူတိုင်းက ထိုအချိန်မှစ၍ 'ဒီပုဂ္ဂိုလ်ရဲ့ ဆောင်းပါးများကိုတော့ လက်မလွှတ်ဘမ်း ဖတ်မိတယ်၊ သိပ် ဗဟုသုတများ တယ်' ဟူ၍ မှတ်ချက် ပြုထားကြတော့သည် ဆို၏။

## တိုင်းပြုပြည်ပြု အကြံပေးဆောင်းပါး

ဂျပန်ခေတ် စစ်ကြီးကာလအတွင်း၌ ထုတ်ဝေသော စာဆိုတော် မဂ္ဂဇင်း ကြီးတွင် 'အနောက် ချင်းတောင်ကြီးကို အသုံးချချိန် တန်ပြီ' ဟူသော ခေါင်း စဉ်ဖြင့် စစ်ကာလနှင့် လျော်ညီသော ဆောင်းပါးကို ရေးလိုက်ဖူး၏၊ အမေရိ

ကန်ပြည်တွင် 'ဆိုင်းရင့်အင်ဒီးယန်း' ခေါ် လူနီရိုင်းများကို စစ်တပ်ထဲ ခေါ်ယူသွင်းယူနေကြရာ လူအချေအတွက် မည်မျှရှိနေကြောင်း မြန်မာပြည်တွင် အနာဂတ်ကာလ၌ ကာကွယ်ရေးဘက်တွင် အားကိုးပြုရမည့် ချင်းလူမျိုးများကို မည်သို့ တာဝန်ပေးလျှင် ဘယ်ပုံခရီး ရောက်နိုင်ကြောင်း စသည်ဖြင့် သူတို့၏ စိတ်ရင်း ဓာတ်ခံ ပင်ကိုယ်စရိုက်များပါ ထောက်ပြလျက် ရေးသားလိုက်ရာ စာဖတ်ပရိသတ်အများက 'အား–ဒီဆရာတော်ာ် နည်းနည်းမဟုတ်ဘူး၊ အတော်အမြော်အမြင်ကြီးတယ်'ဟူ၍ ထင်မြင်ချက်ပေးကာ မြင့်မားစွာ အကဲ ဖြတ်လာတော့သည်။

စစ်ကြီးပြီးခါစ 'ကက်ဘေဘီ' ခေတ်ဟု ပြောလေ့ရှိကြသော စပ်ကူးမတ်ကူးကာလ အချိန်ပိုင်းတွင် ဂျာနယ်ကျော်စတင်ထုတ်ချိန်၌ ဤအရှင်၏ 'ဗမာ့စိတ်ရင်း' အမည်ရှိ သဘောပါလှသော ဆောင်းပါးကြီးကို ဦးချစ်မောင်က ကြိုက်လွန်းလှသဖြင့် လက်ညှိုး ထိုး ပြ သော ပုံ ကြီး များ နှင့် တကွ ထည့်ပေးလိုက်သည်၊ မိတ်ဆွေ ရန်ကုန်ဘုန်းကြီးများက 'ဦးဥတ္တမလာရကြီး ရဲ့ လက်ညှိုးထိုး ဆောင်းပါးကြီးက ကောင်းလှချည်လား'ဟူ၍ ချီးမွမ်းလေ့ ရှိကြသည်၊ 'ဗမာလူမျိုးကို အထင်မသေးကြနှင့်' အနေမျိုး လူကဲခတ် မမှားကြရန် တိုင်းတစ်ပါး သားတို့အား သတိပေးသည့် ဆောင်းပါးဟူ၍ နားလည်ကြသည်၊ ကျီးကန်းတစ်ကောင် အဖမ်းခံရလျှင် အမျိုးတူ ကျီးကန်းဖေါင်း များစွာတို့က တင်ခဏချင်း ဝိုင်းအုံရောက်လာကြပြီး အာကြ ဆူကြတော့သည်၊ ဗမာလူမျိုးတို့၏ စိတ်သဘာဝ သတ္တိဗျတ္တိသည် အရေးအကြောင်း တစ်စုံတစ်ရာ ကြုံလာပြီဆိုလျှင် ကြိုတင်ညှိနှိုင်း ပြင်ဆင်ထားရန် မလို၊ ထက်မြက်သော ပင်ကိုဗီဇ စိတ်ရင်း သဘာဝက တစ်ခဏချင်း အုံကြွလာတတ်ကြောင်း ကိုယ်တွေ့ဖြစ်ရပ်တစ်ခုနှင့် သာဓကများ ချ၍ တင်ပြခြင်း ဖြစ်သည်။

ထိုဆောင်းပါးကို ဖတ်ကြရသောအခါ ရဟန်းပုဂ္ဂိုလ်များရော လူဒကာတို့ပါ အထူးအားရ ကျေနပ်ကြသည်၊ အားရကျေနပ်ကြသောကြောင့် နိုင်ငံရေးဘက်၌ နိုင်ငံကျော် ဦးဥတ္တမကြီး မရှိသည့်နောက်တွင် ဒုတိယ ပေါ်ပေါက်လာသော မျိုးချစ်စိတ်ကြီးမားသော ပုဂ္ဂိုလ်ကြီးတစ်ပါးအဖြစ် အသိအမှတ်ပြုလာကြသည်ဆို၏၊ တကယ်ကျေးဇူး ရှိပါသည်၊ ထိုဆောင်းပါးကို 'ဗမ လူမျိုးတို့၏ စိတ်ရင်း သဘာဝကို အကဲခတ်နိုင်ရန် နည်း ပေးသော အဖိုးတန် စာကောင်း တစ်ပုဒ်ဖြစ်တယ်'ဟူ၍ သိမြင်ကာ အမေရိကန် ပြန်ကြားရေးဌာနက ဘာသာပြန်၍ ယူသွားကြောင်း ကြားသိရသည်။

## တောင်တန်းတွေ ကြည့်မိပြန်တော့

ထို့နောက် မြန်မာပြည်လွတ်လပ်ရေးရခါနီးအချိန်တွင်လူတွေသတိမထားမိကြသောအပိုင်းကို ဖော်ပြရပြန်၏၊ 'တောင်တန်းဖီလာကျော်ကာဖြတ်သန်း' ဟူသော ခေါင်းစဉ်နှင့် ဆောင်းပါးတူကြီးတစ်ပုဒ်ရေးလိုက်ရာ စာဖတ်ပရိသတ်အများ မျက်လုံးပြူးသွားကြရသည်ဆို၏၊ မြန်မာ့အလင်းသတင်းစာ သကြန်တွင်းအထူးထုတ် ကလယ်စီပီယာဖောင်၌ အယ်ဒီတာချုပ်က ထည့်ပြပေးလိုက်၍ ပေါ်လွင်စွာဖတ်ကြရသည်၊ ထိုဆောင်းပါးသည် မြန်မာပြည်တွင်းရှိ တောင်တန်းနယ်အရပ်ရပ်သို့ ဤအရှင်တစ်ပါးတည်း ခြေလျင်ဖြတ်သန်း၍ တချကြမ်းတွင်တွင်သွားပြနေပုံအကြောင်း ရေးပြသည်၊ လမ်းခရီးအတွေ့အကြုံများကိုလည်း သိသင့်ရာ ဖော်ပြသွားသည်၊ မြေပြန့်မြို့ကြီးများ၌ လွတ်လပ်ရေးရအောင် ကြိုးပမ်းနေကြပုံအခြေအနေကို လူရှင်ရဟန်းအားလုံး ဝိုင်းအုံကြည့်နေခိုက်တွင် သတိမထားမိကြသော တောင်တန်းဒေသတွေပေါ် ဗုဒ္ဓဘာသာ မြန်မာဘုန်းကြီးတစ်ပါးက အမြင်အမြော်ဘစ်မျိုးနှင့် စွန့်စားပြသနေသောကြောင့် စိတ်ဝင်စားကြခြင်း ဖြစ်သည်။

ထို့နောက် ဂျာနယ်ကျော်တွင် 'တူလိမ့်မယ်မထင်ကြနှင့် ကိုးဆယ်ဆက္ကာလှသည်ဗျို့' ဟူသော ခေါင်းစဉ်နှင့် ဆောင်းပါးကြီးကို ဖတ်ကြရသောအခါ စာဖတ်ပရိသတ်တို့က တစ်မျိုးမျက်လုံးပြူးကြရသည်ဟု သတင်းစာဆရာကြီးတို့က ဤအရှင်အားလျှောက်ကြသည်၊ မြန်မာပြည်တွင်းရှိ တောင်တန်းတကာတို့၌ နိုင်ငံခြားမှလာရောက်ကြသော ဘာသာပြုဆရာကြီးငယ်တွေက တောင်တန်းသားတွေကိုသူတို့၏ တပည့်လက်သားတွေဖြစ်ကုန်အောင် အားထုတ်ကြကြောင်း၊ စွည်းအား၊ လူအား၊ ငွေအားဖြင့် အားမျိုးစုံသွန်၍ ကြိုးစားအားထုတ်နေကြကြောင်း၊ ဤအချိန်တွင် ဤအရှင်က သူတို့နှင့် သူတို့၏လုပ်ဆောင်ချက်တွေကို သိမြင်နေကြသော်လည်း မြန်မာပြည်တိုင်းရင်း ဗုဒ္ဓဘာသာဘက်ကဖြင့် ဤအရှင်တစ်ပါးတည်းသာလျှင် သပိတ်တစ်လုံး၊ ရေဘူးတစ်ဘူး၊ တောင်ဝှေးတစ်ချောင်းနှင့် တောင်ပြေးမြောက်ပြေး အမောဆိုက်အောင် ပြေးနေကြသောအကြောင်းကို ဂျာနယ်ကျော်၌ တစ်လအတွင်း သုံးလေးကြိမ် ဆက်လက်တင်ပြလိုက်သည်။

## ပရိသတ်ကြီး သိကြမြင်ကြပြီ

ထိုဆောင်းပါးကြီး နှစ်စောင်သုံးစောင်ကို ဖတ်ကြရသောအခါ ထိုအချိန်၌ လက်ရှိဝန်ကြီးများ၊ ဌာနအသီးသီးမှ မင်းကြီးများ၊ အတွင်းဝန်ကြီးအနယ်

များ, တိုင်းနှင့်ပြည်နယ် အမှုထမ်းအကြီးအကဲများ, နိုင်ငံရေးသမားကြီးများ စသူတို့က 'ဒီဆောင်းပါးတွေဟာ တကယ်ဖြစ်ရပ်အမှန်တွေပဲ' ဟူ၍ ထောက်ခံကြသည်၊ အချို့ စိတ်ထက်သူ တက်တစ်ခေါက်ခေါက် ဖြစ်မိကြသူများလည်း ရှိကြသည်ဆို၏၊ မြန်မာပြည်တွင် ဤလိုနိုးကြားသိမြင်သော ရုပ်နံပုဂ္ဂိုလ်ထူး တစ်ပါးလည်း ရှိပေသေး၏–ဟူ၍ဤအရှင်ကို ချီးကျူးရင်းသနားကြည်ညိုဖြစ်လာကြသူဘွေလည်း အများရှိကြောင်း ကြားသိရ၏၊မြန်မာလူမျိုးတို့သည် ကိုယ်တိုင် မလုပ်ဆောင်နိုင်စေကာမူ ချီးမွမ်းစရာ ကြားသိတွေ့မြင်ရလျှင် ကြည်ညိုအားရလေ့ရှိကြသည်။

ထို့နောက် ဒဂုန်မဂ္ဂဇင်းကြီးတွင် ရေးသော ဆောင်းပါးများက တစ်မျိုးဖြစ်၏၊ ဘယ်စာရေးဆရာတိုင်းမှ ရေးသားဖူးခြင်းမရှိသေးသော တိပ်မြုပ်နေသည့် သမိုင်းထူးကြီးတွေကို ဖော်ထုတ်တင်ပြလိုက်ခြင်းဖြစ်သည်၊ စာဖတ်ပရိသတ်တို့က အံ့သြ ကျေးဇူးတင်ကြသည်၊ အယ်ဒီတာတို့ကလည်း ဝမ်းသာအားရစွာ ကျေးဇူးတင်ကြသည်၊ 'အဘယ်အရာကို ကြိုက်ကြသနည်း' ဟူသောအမေးသည် ဤဖော်ပြပါတို့ကို ထောက်ချင့်၍ မေးခြင်းဖြစ်၏၊ စေတနာကောင်းထားကြိုးစားရှာဖွေ၍ တွေ့ရှိ သိမြင်ထားပြီးကို ထိမိသော ရေးသားတင်ပြချက်များကြောင့် အခြေအနေနှင့် အကြောင်းအရာအားလျော်စွာ ကြိုက်နှစ်သက်ကြခြင်း ဖြစ်ဟန်ရှိ၏ဟု ဆိုရမည်ထင်၏၊ ထို့ကြောင့် ဤအရှင်၏ကလောင်ကို 'ပရိသတ်ရှိသော ကလောင်' ဟုတ်ပါတယ်ဟု ဝန်ခံခြင်းဖြစ်သည်။

## ရည်ရွယ်ချက်ရေးဟန်နှင့် တင်ပြချက်

စာမူတစ်ခုရေးလျှင် ကြံရွယ်ချက်သည် ပထမ, ရေးသားဟန်သည် ဒုတိယ' တင်ပြချက်သည် တတိယဖြစ်သည်၊ ဤအင်္ဂါ ၃–ရပ် ပေါင်းစပ်၍ စာမူဖြစ်ပေါ်လာရသည်၊ ဆောင်းပါ, ဝတ္ထု, သတင်း, ပေးစာ အားလုံး ဤအင်္ဂါရပ်ဖြင့် ရေးနေကြသည်၊ ဘယ်တိုင်းပြည်က ဘာလူမျိုး၏စာပေဖြစ်စေ ဤအင်္ဂါ၃–ရပ် အတိုင်းသာ ရေးနေကြသည်၊ အခြားနည်းမရှိပါ။

## ပရိသတ်ကြိုက်သော သဘာဝသည်

ပရိသတ်ကြိုက်ကြသည်ဆိုသော ဇာတ်မင်းသားသည် ကြိုက်ရော ဒ့ချက် အလက်ရှိကြသည်၊ ရုပ်ချော၍ အသံကောင်း၍ ကြိုက်သည်၊ အဆိုအက နှစ်ပါး သွားပိုင်းကောင်း၍ ရှေ့ပိုင်းဇာတ်ထွက်ပုံကောင်း၍ ကြိုက်သည်၊ နောက်ပိုင်း ဇာတ်ထုတ်တွင် အလွမ်းအသော အပြောအဆို ပိုင်နိုင်၍ သဘာဝကျကျ သရုပ် ဆောင်ကောင်းလှ၍ ကြိုက်ကြခြင်းဖြစ်သည်၊ ထိုသုံးချက်တွင် တစ်ချက်ကောင်း

လျှင် ပရိသတ် ကြိုက်တတ်သည်၊ နှစ်ချက်ကောင်းလျှင် ပရိသတ်စွဲတတ်သည်၊ သုံးချက်စုံအောင် ကောင်းလျှင်မူကား လူအားလုံး ဇစ်ပြည်လုံး ကြိုက်ကြသည်၊ ဘယ်အခါမျှ တိမ်ကောတော့မည် မဟုတ်ပါ။

## စာရေးနည်းပြောမည်

ဘယ်သူမဆို စာတစ်စုံတစ်ရာ ရေးတော့မည်ဆိုလျှင် ပထမ ပြင်ဆင်မှု လုပ်ရသည်၊ ကြိုတင်ကြံစည်ချက်သည် ပြင်ဆင်ချက်ဆိုသည့် ပေးစာတိုကလေးမှ စ၍ စာရေးခြင်း အားလုံး ဤဝရီးအတိုင်း မူသေလိုက်ကြရသည်၊ နမူနာ ပြမည်။

ဥပမာ–မနေ့က လူကြုံဖြင့်ပါး၍ လှူလိုက်သော လက်ဖက်ထုပ်, သရက်သီးမှည့် သုံးလုံးကို စာနှင့်တကွ ကောင်းစွာလက်ခံရပါပြီဟု ပို့သူထံစိတ်ချရန် စာပြန်ရဦးမည်၊ (ဤကား ပေးစာတိုအတွက် ကြိုတင်ကြံစည်ချက်) နာဂတောင် ပိန်းကူးနယ်အတွင်း ချင်းတုင်းမြစ်ဖျားဒေသ၌ မာတ်သတ္တုအထူးတွေကို တွေ့ရှိကြကြောင်း တိုင်းပြည်ကသိကြပြီး အကျိုးခံစားရအောင် သတင်းစာမှရေးသား ဖော်ပြလိုက်ရဦးမည်၊ (ဤကား သတင်းအတွက်ရေးရန် ကြိုတင်ကြံစည်ချက်ဖြစ်သည်။) သတိလက်လွတ်နေကြတဲ့ ခုခေတ်လူတွေအတွက် တရားသဘောနှင့် နှိုင်းစပြီး လက်တွေ့ သဘောပေါက်လာအောင် ဒီပဲယင်းအရှေ့ဘက်မှ ဆရာတော်ကြီး တစ်ပါးနှင့် ဒီပဲယင်းတောင်ဘက်မှ ဆရာတော်ကြီးတစ်ပါး အကြောင်းကို ဆောင်းပါးရေးတင်ပြရဦးမည်၊ (ဤကား ဆောင်းပါးစာအတွက် ကြိုတင်ကြံရွယ်ချက်ဖြစ်သည်၊) အဆိုပါတို့သည် စာတင်လုံးမျှမရေးရခင် ကြိုတင်၍ ကြံရွယ်ထားကြရသော ပြင်ဆင်မှုအပိုင်း ဖြစ်သည်။

## စာရေးဟန် သုံးမျိုး

ရေးမည့်အကြောင်းကြံရွယ်ပြီးနောက် ဒုတိယသည် လက်တွေ့လုပ်ငန်းပိုင်း ဖြစ်သည်၊ လက်တွေ့ပိုင်းတွင် ရေးဟန်သည် ပထမဖြစ်၍ တင်ပြချက်သည် ဒုတိယ ဖြစ်သည်၊ ရေးဟန်တွင် စကားသုံးအနေအထား ရိုးရိုးရေးခြင်း, ဆန်းဆန်းရေးခြင်း, ပရိုးလွန်း မဆန်းလွန်း အလယ်အလတ်ရေးခြင်းဟူ၍ သုံးမျိုးရှိ၏၊ မိမိတို့ စိတ်ဆန္ဒကြိုက်ရာ လိုက်ကြသည်၊ တစ်နည်း–တည်တည်ဣန္ဒြေရရ ရေးခြင်း, ကလက် တက်တက် ကန္တကရရေးခြင်း, တည်ဘက်ချက် ကလက်တင်ချက်ဖြင့် မညီမညွတ် ရေးခြင်းမျိုးပါ သုံးမျိုးရှိသေး၏၊ ထိုသုံးမျိုးတွင် တည်တည် ဣန္ဒြေရရ ရေးခြင်း မျိုးသာ ကောင်း၏၊ ကျန်နှစ်မျိုးမှာ ပကောင်းပါ၊ နည်းမယူသင့်ပါ။

## ဝါကျတို ဝါကျရှည်

ဤတွင် ဝါကျထားနည်းကို ပြောမည်၊ ဝါကျတိုရေးနည်း၊ ဝါကျရှည်ရေးနည်း ၂-မျိုးသာရှိ၏၊ သို့ရာတွင် စာရေးလိုသူတိုင်းအတွက် အရေးပါသော အပိုင်းဖြစ်၍ ပုံစံနှင့်ရှင်းပြမည်။

### ဝါကျတိုရေးနည်း

ဦးဘခင်, ဦးဘတင်, ဦးဘရင်တို့သည် တစ်မိပေါက် ညီအစ်ကိုအရင်းများ ဖြစ်ကြ၏၊ သို့ရာတွင် အတိတ်ဘဝတို့မှ ဝါသနာအတုံစရိုက်နောက်ခံ ခြားကြသောကြောင့် စိတ်ဆန္ဒချင်း လုံးဝမတူကြပါ၊ အစ်ကိုအကြီးဆုံး ဦးဘခင်သည် တံငါမုဆိုးအလုပ်၌ ဝါသနာပါ၏၊ တံငါလုပ် မုဆိုးလုပ်ရခြင်းကို စိတ်ဝင်စား၏၊ ထို့ကြောင့် သူ၏ဘဝခရီးတွင် သက်မွေးဝမ်းကျောင်းအတွက် ချီးမွမ်းဖွယ်ရာမရှိ၊ ကြီးပွားတိုးတက်မှု အားနည်းသည်။

အစ်ကိုလတ် ဦးဘတင်သည် အစ်ကိုကြီးဆန္ဒမျိုး မရှိပါ၊ လက်မှုအနုပညာအတတ်မျိုး ဝါသနာခတ်ခံ စိတ်ရင်းသန်သည်၊ အမြင်ဉာဏ်, စိတ်ကူးဉာဏ်ထက်မြက်သည်၊ လက်တွေ့လုပ်ဆောင်သမျှ ထိရောက်သည်၊ အောင်မြင်ပြောင်မြောက်သည်၊ ထို့ကြောင့် သူ၏ ဘဝခရီးတွင် သက်မွေးမှု ဝမ်းကျောင်းမှုသက်သာ၍ အများ၏ ချီးမွမ်းခြင်းခံရသော လက်သမားကြီး ဦးဘတင်ဟူ၍ လူသိများသူ ဖြစ်လာရသည်။

သူတို့ညီနောင်သုံးယောက်တွင် ညီအငယ်ဆုံးဦးဘရင်က အစ်ကိုနှစ်ယောက်၏ စိတ်ဆန္ဒမျိုး လုံးဝမပါ၊ တစ်ဘာသာ ထူးခြားလာ၏၊ ငယ်ရွယ်စဉ်ကစ၍ သတ္တဝါများ သတ်ဖြတ်ခြင်းကို မကြိုက်၊ သူတော်ကောင်းစိတ်ဖြင့် ပျော်မွေ့နေတတ်သည်၊ ကြီးလာသောအခါ သူ၏ စိတ်ဆန္ဒအတိုင်း ထင်ရှားကျော်ကြားသော သူတော်ကောင်းပုဂ္ဂိုလ်ကြီး ဖြစ်သွားလေသည်။

### ဝါကျရှည် ရေးနည်း

အထက်ပါ အကြောင်းအရာကို ဝါကျရှည် ရေးပြမည်၊ 'ဦးဘခင်, ဦးဘတင်နှင့် ဦးဘရင်တို့သည် တစ်မိတစ်ဘတည်းမှ မွေးဖွားသော ညီအစ်ကိုအရင်းများ ဖြစ်ကြသော်လည်း ပင်ကိုစိတ်ဆန္ဒ ကွဲပြား ခြားနားကြလေရာ အရှေ့နှင့် အနောက်ကဲ့သို့ ဝေးကွာကြ၍ ဦးဘခင်က တံငါမုဆိုးအလုပ်၌ ဝါသနာပါခဲ့သောကြောင့် ဝါသနာပါအတိုင်း လုပ်တတ်သည်၊ ဦးဘတင်က လက်မှုပညာဘက်၌ ဝါသနာ ပါသည့်အလျောက် စူးစိုက်သော စိတ်နှင့် တကယ်

ကြိုးစားမှု အားကောင်းသောကြောင့် တကယ်တတ်ကျွမ်းသော လက်သမားဆရာကြီး ဖြစ်သွားလေရာ လူအများ၏ ချီးမွမ်းခြင်းကို ခံယူရပြီး သူ၏အသက်မွေးဝမ်းကျောင်းမှုလည်း အဆင်ပြေသူ ဖြစ်သလို ညီအငယ်ဆုံး ဦးဘရင်ကတော့ အစ်ကိုနှစ်ယောက်၏ စိတ်ဆန္ဒ ဝါသနာတို့နှင့် လုံးဝမတူ တစ်မူထူးခြားသော ဘဝနောက်ခံ ပါရမီ ပါရှိလေရာ သူဘော်ကောင်းစိတ် အမြဲကိန်းအောင်းခြင်း ရှိ၍ လူ့လောက၌ ထင်ရှားကျော်ကြားသော သူဘော်ကောင်း ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သွားလေသည်'၊ ဤကား ဝါကျရှည်ရေးနည်း ဖြစ်၏။

## ရည်ရွယ်ချက် ရေးဟန် တင်ပြချက်

စာရေးသား ကြရာတွင် တင်ပြချက်ဖြစ်သော တတိယပိုင်းသည် အရေးပါဆုံးအင်္ဂါရပ်ဖြစ်ပုံ နားလည်ကြရာ၏၊ ပထမအင်္ဂါရပ် ရည်ရွယ်ချက်ကောင်းသော်လည်း တင်ပြချက်ဟန်မကျလျှင် စာမူကောင်းဖြစ်၍မလာပါ၊ ဒုတိယအင်္ဂါရပ်ဖြစ်သော ရေးသားဟန်ကောင်းသော်လည်း တင်ပြချက်နေရာမကျလျှင် စာမူကောင်းမဖြစ်နိုင်ပါ၊ အယ်ဒီတာများ၏ ပယ်စာတို့တွင် တင်ပြချက် နေရာမကျသောစာမူတွေ အများဆုံးဖြစ်သည်။

## ဇာတ်မင်းသားနှင့်သဘောတူပုံ

ဤတွင် ဇာတ်မင်းသားနှင့်ဥပမာယှဉ်ပြမည်၊ ဇာတ်မင်းသားတစ်ယောက်သည် ကိုယ်ခန္ဓာအချိုးအစားဥပဓိရုပ်သွင် မဆိုးပါ၊ အသံသင့်ပါ၏၊ အဆိုအကလည်း မညံ့လှပါ၊ သို့သော် ရှေ့ပိုင်းနောက်ပိုင်း ဇာတ်ထုပ်ဇာတ်ကွက်ကို သရုပ်ဆောင်ပြရာအပိုင်းတွင် မနိုင်နင်းသောကြောင့် ဇာတ်တစ်ဖွဲ့အတွက် ဇာတ်ဆောင်မင်းသားနေရာ၌ မယူနိုင်ပါ၊ ဇာတ်မင်းသား လုပ်ချင်သူတစ်ယောက်သည် ရုပ်မချောလှပါ၊ အသံမှာစည်းဝင်ရုံ အပေါက်မှန်ဆိုဖြစ်ရုံရှိ၏၊ အဆိုအကကြည့်ပျော်ရုံမျှ ကပြတတ်သူဖြစ်၏၊ သို့သော် ရှေ့ပိုင်းနှင့်နောက်ပိုင်းဇာတ်ထုပ်များကို သရုပ်ဆောင်ကပြရာ၌ ပိုင်နိုင်အောင် သဘာဝကျကျ သယ်နိုင်စွမ်းသောကြောင့် ဇာတ်အဖွဲ့ကြီးတစ်ခုကို ဦးစီးရသော ဇာတ်ဆောင် မင်းသားကောင်း ဖြစ်လာနိုင်ပုံကို သဘောပေါက်အောင်ကြည့်ပါ။

ထိုနည်းအတူ စာရေးသားနေကြသူတို့တွင် ရည်ရွယ်ချက်အားဖြင့် သင့်ရုံရေးသားဟန်မရိုးလွန်း မဆန်းလွန်း မကလက်သူဟု ဆိုရမည်၊ ဝါကျထားသိုပုံမရှုပ်မထွေးရှိ၍ သင့်ရုံဖြစ်သော်လည်း ဆိုလိုရင်းအကြောင်းရင်းအတွက် တင်ပြ

ချက်ကောင်းနေလျှင် ဘယ်စာစောင်မျိုးကမဆို လက်ခံကြမည်ဖြစ်၏၊ စာဖတ် ပရိသတ်ကလည်း ကြိုက်ကြမည်ဖြစ်၏။

## တင်ပြချက်ကောင်းမှ အားလုံးကောင်း၏

ဤတွင် တင်ပြချက်သဘောကိုပြောမည်၊ တင်ပြချက်ကောင်းသည်ဟု ဆို ခြင်းသည် ပုံစံမှန်ကန်ခြင်းကိုဆိုလို၏၊ တင်ပြချက်မကောင်းဟူသည်မှာ ပုံမမှန်ခြင်း ဖြစ်သည်၊ ပုံမမှန်ခြင်းဆိုသည်မှာ နေရာမကျခြင်းဖြစ်သည်၊ နားလည်အောင်ထပ် ရှင်းပြမည်၊ ရှေ့၌ထုတ်ပြရမည့်အကြောင်းအရာကို နောက်၌ထားခြင်း၊ ထိုနည်းတူ နောက်၌ပြရမည့်အကြောင်းအရာကို ရှေ့ရောက်နေခြင်း၊ အလယ်၌ထားရမည့် အကြောင်းအရာကို ဘေး၌ထားပြခြင်း စသည့်တို့သည် တင်ပြပုံနေရာမကျခြင်း များ ဖြစ်ကြ၏၊ ထို့ပြင်ရှိသေး၏၊ တည့်တည့်ရေးသားတင်ပြလျှင် ဖတ်ကောင်း မည့် အကြောင်းအရာကို ကလက်သံပါဝင်၍ ရောနှောတင်ပြချက်မျိုးသည် စာမူ တစ်ခုလုံးကို ဖျက်ဆီးပစ်ရာရောက်သည်ကိုလည်း နားလည်ရသည်။

## ဤအရှင်၏ ရေးပုံရေးနည်း

ပွင့်လင်းစွာပြောပါမည်၊ ဤအရှင်၏စာရေးနည်းလိုရင်းချုပ်မှာ ရည်ရွယ်ချက် ကို စေတနာကောင်းထား၍ မူတည်သည်၊ ရေးပုံရေးနည်း မဆန်းပါ၊ ရိုးရိုး ရှင်းရှင်း ရေးသည်၊ ဝါကျတို့ ဝါကျရှည်ထားပုံကိုတော့ သင့်လျော်သလိုကြည့်၍ ဖွဲ့သည်၊ တင်ပြချက်ကို အဓိကထား၍ ပေါ်လွင်အောင် ဖော်ပြသည်၊ ဤအရှင် ၏ ကလောင်ကို ပရိသတ်အမြဲရှိနေခြင်းသည် ရည်ရွယ်ချက်တွင် စေတနာကောင်း ခြင်းနှင့် တင်ပြချက်အပိုင်းတွင် ပုံမှန်မှန် အချိုးကျသည်တို့ကြောင့် ပရိသတ်စွဲကြ ခြင်း ဖြစ်ရမည်ဟု မိမိယုံကြည်သည်။

စုစုချုပ်မှာ—

(၁) ရည်ရွယ်ချက်စေတနာ ကောင်းရမည်၊
(၂) စာဖတ်သူပရိသတ်အတွက် စာဖတ်ပြီးလျှင် လက်ကျန်အကျိုးရှိစေရမည်၊ (စိတ်ပျက်ဖွယ် စိတ်မချမ်းသာဖွယ်ကြောင်းရာမျိုး ရှောင်နိုင်သမျှ ရှောင် ကွင်း၊ ရေးလျှင် စာဖတ်သူ၏စိတ်ကို မနှောက်ယှက်စေပါ)၊
(၃) တင်ပြချက်ကို ပုံမှန်၍ အချိုးအစား ကျနိုင်သမျှကျအောင် နေရာထား တင်ပြတတ်ရမည်၊ ဤသည်လျှင် စာရေးသားနည်းမူရင်း (အဓိက)ဖြစ်ပါ သတည်း။

# ကလောင်နှင့် ပေရိသတ် (၃)

## စာရေးနည်းနှင့် ရှောင်ရန်

ကလောင်နှင့် ပရိသတ်အကြောင်း ယခင်က ဆောင်းပါး ၂ ကြိမ်ရေးခဲ့ဖူးပြီ၊ ယခုတစ်ကြိမ် ရေးရပြန်ဦးမည်၊ အကြောင်းမှာ ဤအရှင်၏ဆောင်းပါး အရေးအသားကို စာဖတ်ပရိသတ်တို့က စွဲကြသည်ဆိုသောကြောင့် ဖြစ်၏။

ဤအရှင်၏ ကလောင်စွဲချက်တို့အထဲမှ သူတို့စိတ်အာရုံ၌ ဝင်စားထိခိုက်နေသော ကြောင်းရာတစ်စိတ်တစ်ပိုင်းစီကိုဖော်ပြကာ စာရေးပို့လေ့ရှိကြသည်၊ အချို့ကလည်း စုစုချုပ်ချုပ်ကိုခြုံ၍ ရေးပို့ကြသည်၊ အထက်ချင်းတွင်းနယ်၌ ကျောင်းထိုင်လျက်ရှိသော တပည့်ဘုန်းကြီး တစ်ပါးထံမှစာတွင် 'ဘုန်းကြီးရဲ့ စာပေရေးသားချက်တို့က ဖတ်မိလျှင် စိတ်ဝင်စားလာစေတယ်၊ ဘယ်အကြောင်းအရာရေးရေး အသက်ဝင်ပြီး လှုပ်ရှားနေလေ့ရှိပါတယ်၊ အသက်ဝင်လှုပ်ရှားနေမှုကြောင့် စာဖတ်ရင် ဆွဲဆောင်သွားတာချည်း တွေ့ရတယ်ဘုရား' ဟူ၍ ခြုံပြီးရေးပို့ဖူး၏၊ ထိုနည်းဘူ အခြားပရိသတ်အတော်များများထံမှလည်း ဝေဖန်ချက်ဆင်ဆင်တူသောစာတွေ လာကြသည်။

ရန်ကုန်မြို့မှ စာရေးဆရာ အဘိုးကြီးတစ်ဦး၏ပေးစာတွင် 'ဆရာတော်ရဲ့ စာပေရေးသားဟန်က ဤခေတ်တွင် တစ်ဘာသာလာသည်၊ သာမန်စာဖတ်သူများ အနေဖြင့်တော့ ထူးပုံ သိကြမည်မဟုတ်ပါ' စသည်ဖြင့် ရေးပါ၏၊ နည်းတူပင် စာရေးဆရာလည်းဖြစ် စာစောင်တစ်ခု၏ အယ်ဒီတာကြီးလည်းဖြစ်သူ နာမည်ထင်ရှားသော အဘိုးကြီးတစ်ဦးကမူ 'ဆရာတော်ရဲ့ စာပေဆောင်းပါးများက ဖတ်ရင်းဖတ်ရင်း တောကြီးတောင်ကြီးထဲ ရောက်သွားရောဘုရား၊ ပြီးတော့ တရားလည်းနာရတယ်၊ စာဖတ်သူကို စိတ်ခွတ်လည်း တက်ကြွလာစေတယ်၊ လူသားများကို အားပေးမြှင့်တင်သွားချက်ကလေးများကြောင့် ဖတ်လို့ပြီးဆုံးသွားတဲ့အခါ စာဖတ်သူစိတ်နှလုံးအတွင်း၌ နှစ်သိမ့်ကျန်ရစ်ခဲ့ကြရပါသေးတယ်ဘုရား' ဟူ၍ အဆိုပြုလိုက်သည်၊ စာဖတ်ပရိသတ် ဗိုလ်မှူးကြီးတစ်ဦးကတော့ ဤအရှင်၏ ကိုယ်တွေ့မှတ်တမ်းများစာအုပ်ကို ဖတ်ရပြီးသောအခါ ရေးပို့လိုက်သောစာတွင် 'ဆရာတော်၏ စာပေဆောင်းပါးများက တင်မှုထူးပါတယ်ဘုရား၊ ဗဟုသုတအနေမျိုးလောက်သာ သဘောထားပြီး အမြန်ဖတ်လေ့ရှိသူများကတော့ စာအုပ်ထူးဖြစ်ကြောင်း မသိနိုင်ကြပါ၊ ကံဘုရား၏အတိမ်အနက်ကို သတိထားလေးစားဖူးသူများနှင့် တရားအခြေခံကို အတန်အသင့်သဘောပေါက်အောင်

အားထုတ်ဖူးသူများဖြစ်လျှင်တော့ စာအုပ်ထူးဖြစ်ကြောင်း သိကြပါမည်ဘုရား၊ မပျောက်မပျက်အောင် အမြတ်တနိုးသိမ်းပိုက်ထားပြီး ထပ်ပြန်တလဲလဲ ကြည့်ရှုလေ့လာနေကြမည် အမှန်ဖြစ်ပါသည်ဘုရား' စသည်ဖြင့် အတော်ရှည်ရှည် ရေးပို့လိုက်သည်။

## ဘဝကို ပေါ့ပေါ့မနေရဲဘူး

ထိုနည်းတူပင် လူမှုရေးသိပ္ပံတက္ကသိုလ်မှ အရေးပါသော ဒကာကြီးတစ်ဦးထံမှ အသက်ပါသောဘာသွားမျိုး ရေးသားပြီး အဆုံးပိုင်းတွင် 'ဆရာတော်၏ ကိုယ်တွေ့မှတ်တမ်းများစာအုပ်ကိုဖတ်ရ၍ မိမိ၏ဘဝကို ပေါ့ပေါ့ဆဆမနေရဲတော့ပါ၊ သတိသံဝေဂ ရပါသည်ဘုရား၊ တပည့်တော် ပင်စင်ယူပြီးသောအခါ တရားနှင့် ပျော်မွေ့နေသွားရန် ပိုသေဆုံးဖြတ်လိုက်ပါပြီ ဘုရား'ဟူ၍ ရေးသားလာပါသည်။

## ကထိကများက စိတ်ပညာပါဝင်သတဲ့

ချင်းတောင် ဖလမ်းမြို့သို့ တာဝန်အရ ခေတ္တရောက်လာကြသော ရန်ကုန်ပညာရေးတက္ကသိုလ်မှ ကထိကများ၏ အဆိုပြုချက်များမှာ တစ်မျိုးကောင်းပါသည်၊ ဤအရှင်၏ ကိုယ်တွေ့မှတ်တမ်းစာပေဆောင်းပါးများသည် အားလုံးလိုလို စိတ်ပညာပါဝင်ကြောင်း၊ စာဖတ်ပရိသတ်အား သိမ်မွေ့နက်နဲသော အသိဉာဏ်ရင့်သန်စေရန် ရိုးရိုးကလေးရေး၍ ဘဝကျင်လည်မှုအရာတွင် အမြင်ကျယ်စေကြောင်း၊ လူဘဝတွင် ရိုးသားမှုလောက်ကောင်းသော အခြားတစ်မျိုးမရှိပုံကို လက်ညှိုးညွှန်ပြခြင်းဖြစ်ကြောင်း၊ လူငယ်လူရွယ်တို့အား စာရိတ္တကောင်းမွန်လာစေမည့် စာအုပ်ကောင်းဖြစ်ကြောင်း၊ နောက်ဆက်လက်ထွက်လာမည့် စာအုပ်များကို လိုလားစွာ စောင့်မျှော်နေကြရပါကြောင်း' စသည်ဖြင့် လူကိုယ်တိုင်လာ၍ နှုတ်ဖြင့် လျှောက်ထားသွားကြသည်။

## စာရေးနည်း လက်ထပ်သင်ချင်သူ

ရန်ကုန်ပညာရေးတက္ကသိုလ်မှ စာရေးဆရာအဖြစ် အတော်နာမည် ကျော်ကြားနေပြီးသော ကထိကကြီးတစ်ဦးသည် ခရီးကြုံခိုက် ဤအရှင်ထံသို့ ဝင်ရောက်လာစဉ် 'ဆရာတော်ရဲ့ အရေးအသားနှင့် ကလောင်ဆွဲချက်ကို အလွန်နှစ်သက်ပါတယ် ဘုရား၊ တပည့်တော်တွေ့ရသမျှတော့ မသွတ်တမ်း ဖတ်ရှုလေ့လာပါတယ်၊

နောင်နှစ်ခါ နွေရာသီတွင် အချိန်ယူ၍ရနိုင်လျှင် တစ်လခန့်လာရောက်ပြီး ဆရာတော်ရဲ့ စာရေးနည်းပညာကို လက်ထပ်နည်းခံ သင်ယူလိုပါသေးတယ်ဘုရား’ဟု လျှောက်သွားဖူး၏၊ နာမည်ရနေပြီးသော စာရေးဆရာတစ်ဦးက ဤမျှသင်ယူနေရန် လိုမည်မထင်မိပါ၊ မြောက်ပင့်သွားခြင်းလေလော မပြောဘတ်ပါ၊ ထိုနည်းအတူ စာဖတ်ပရိသတ်ထဲမှ ရဟန်းငယ်နှင့် လူရွယ် စာရေးဝါသနာရှင်တို့ကလည်း ဤအရှင်၏ စာရေးနည်းစာရေးဟန်ကို နည်းခံရယူလိုကြောင်း တောင်းဆိုသော စာတွေ ရခဲ့ဖူး၏၊ သူတို့စာများတွင် ထူးခြားချက်မှာ အချို့က စာပေးစာယူ သဘောမျိုး ပို့ချပေးစေလိုကြသည်၊ ဤမျှ လိုမည်မထင်ပါ။

## ဤအရှင်၏ စာရေးပုံရေးနည်း

ဝါရင့်စာရေးဆရာကြီးတို့ကပါ ဤအရှင်၏စာရေးဟန် ချီးမွမ်းနေကြ၍ ဤတွင် ပွင့်လင်းစွာပြောပါမည်၊ အမှန်အတိုင်းပြောရလျှင် ဤအရှင်၏ စာရေးနည်းတွင် လျှို့ဝှက်ချက် မရှိပါ၊ အဆန်းတကြယ်ရေးခြင်းမျိုးလည်း မဟုတ်ပါ၊ ဤအရှင်၏ ဆောင်းပါးများကို ဖတ်ရှုလေ့လာပါက နည်းရယူနိုင်ကြပါမည်၊ စာရေးနည်းဆောင်းပါး သီးသန့်မရေးတော့ဘဲ လိုရင်းချုပ်ကို ပြောပါမည်၊

ဤအရှင်၏ စာရေးနည်းဟန်သည် ရိုးရိုးနှင့်ရှင်းရှင်း ရေးခြင်းဖြစ်သည်၊ စာဖတ်ရသူ မသဲမကွဲ ‘ဝိုးတဝါး စိတ္တဇပန်းချီကားချပ်ရုပ်ပုံ’ ကဲ့သို့ စာဖတ်သူများအား ဝေဝါးစေမည့် မပီမပြင် အရေးအသားမျိုးကို မသုံးပါ၊ ဆိုလိုချက် ပီပြင်၍ ပေါ်လွင်စေခြင်းကို မူထား ရေးပါသည်၊ ဝါကျအတိုအရှည်မှာ အခြေအနေသင့်လျော်သလိုသုံးသည်၊ အထူးသဖြင့် သဘာဝကျမှု တိကျပေါ်လွင်မှုနှင့် လေးနက်စေမှုကို အဓိကထား ရေးခြင်းမျိုး ရေးလေ့ရှိပါသည်၊ စာဖတ်သူအား စိတ်ဝင်စားစေခြင်းနှင့် အသက်ဝင်လှုပ်ရှားစေသောစွမ်းအား ရှိသည် ဆိုသည်ကတော့ စာရေးသူ၏ ပင်ကိုဉာဏ်သဘာဝ ဖြစ်သည်၊ အတိတ်ကံပါရမီ အရင်းခံပါခဲ့သော လူအချို့တို့၏ ပင်ကိုဉာဏ်သဘာဝစွမ်းအားဟု ဆိုရမည် ထင်ပါသည်၊ သင်ကြားပေးတိုင်း တတ်ကျွမ်းနိုင်ကြသည် မဟုတ်ပါ။

## ပင်ကိုသဘာဝဉာဏ် ပါရမီထူးချက်

ဤတွင် ပင်ကိုသဘာဝဉာဏ် ပါရမီထူးချက်နှင့်စပ်လျဉ်း၍ ပြောပါမည်၊ လူ့လောကတွင် သတိထားကြည့်တတ်လျှင် ကွဲကွဲပြားပြား သိမြင်ကြရပါလိမ့်မည်၊ ပေါ်လွင်အောင်ပြောမည်၊ အနုပညာလောကကြီးတစ်ခုလုံးမှာ နေရာ

အားလုံး၌ မတူသော ထူးခြားချက် ရှိနေကြသည်၊ ဇာတ်သဘင် အငြိမ့် ရုပ်သေး လောက, ရုပ်ရှင်လောက, အဆိုသမားလောက, အတီးအမှုတ် တူရိယာပညာသည် လောကကို ကြည့်ပါ၊ တူယောင်ယောင်နှင့် ပင်ကို ကံစွမ်း, ဉာဏ်စွမ်း, ဝီရိယစွမ်း ခြားနားချက် တွေ့ရှိနေပုံ မြင်ကြပါမည်၊ ထိုနည်းအတူ ပန်းချီ, ပန်းပု, ပန်းထိမ်, ပန်းရံ, ပန်းပဲ စသော ပန်းဆယ်မျိုးအတတ်နှင့် လက်သမားတို့၏ အတတ်ပညာ စွမ်း၊ ဆောက်လုပ်ရေးပညာစွမ်း၊ လောကတစ်ခွင် စသည်ဖြင့်နေရာအနံ့ ဌာန အနံ့ သူ့နေရာနှင့်သူ့လက်ရာ သာချက်များ ရှိနေတတ်ကြပုံကို သတိထား လေ့လာကြည့်ရှုလေတိုင်း မြင်နိုင်သိသာနိုင်ကြပါမည်။

ပင်ကိုဉာဏ်နှင့်စေတနာ ကံဉာဏ်ဝီရိယ ခြားနားချက်အကြောင်း ကုန်ကုန် ပြောရလျှင် မုန့်ဟင်းခါးသည်ချင်းတူပါလျက် ဟင်းချက်ပုံ လက်ရာသာမှုကြောင့် လူကြိုက်များလှသော မုန့်ဟင်းခါးဆိုင်များ မြို့တိုင်းလိုလိုရှိနေကြပုံကို ကြည့်ပါ၊ ထိုထိုမုန့်ဟင်းခါးဆိုင်နာမည်ကျော်တို့သည် နံနက် ဆိုင်ဖွင့်ကာစရှိသေး၊ ပတ်ဝန်း ကျင်မှ ဝိုင်းအုံလာကြသော လူအုပ်ကြီးကြောင့် နေ့တိုင်း တစ်ခဏချင်း ရောင်း ပြီးသွားတတ်ကြ၏၊ စေတနာ ကံရေ ဉာဏ်ဝီရိယနှင့် သဒ္ဓါတရားရေ ထူးခြား ချက်ရှိသောကြောင့် ဖြစ်သည်၊ အချို့ မုန့်ဟင်းခါးဆိုင်များသည် နေပူခံ၍ ရောင်းချနေကြရာ တော်တော်နှင့်မကုန်နိုင် ပြေတ်နိုင်ကြပုံကို မြင်ဖူးကြပါမည်၊ ထိုနည်းတူ လူကြိုက်များ၍ ဝယ်ယူသူများသော ပဲပြုတ်သည် နာမည်ကျော်သည် လည်း လက်ရာသာကြ၍ ဖြစ်သည်၊ လူကြိုက်များသော ပဲပြုတ်သည် ပဲလှော်သည် များသည် မြို့တိုင်းရှိတတ်ကြလေရာ ထိုသူတို့သည် လူချင်းတူကြလျက် ပင်ကို သဘာဝပါရမီနှင့် ကံဉာဏ်ဝီရိယ ထူးခြားချက်များ ဖြစ်ကြသည်၊ သင်ကြားသူ တိုင်း ထပ်တူ တတ်ကျွမ်းမလာကြပုံကို သိကြရန်ဖြစ်သတည်း။

## စာရေးရာ၌ ချောင်ချက်များ

စာရေးရာတွင် ဤအရှင်၏ ရှေ ငချက်များရှိသည်ကို ပြောပါမည်၊ သတိ ထားဖတ်သူများ သိကြပါမည်၊ ကောက်နုတ်၍ ပွင့်လင်းစွာပြောရလျှင် ဤအရှင်၏ စာပေရေးခြယ်မှုတွင် 'အပြုံးချင်းပြိုင်ကြသည်၊ ပြုံးပန်းပွင့်ကြသည်' စသော ဗန်းစကားမျိုးတွေ့ရမည် မဟုတ်ပါ၊ စာပေအရသာ ပေါ့ပျက်သောကြောင့် ရှောင်သည်၊ 'အသည်းခြောက်သည်၊ ဦးနှောက်ခြောက်သည်' စသော အနောက် နိုင်ငံသုံး စကားနှင့် 'ရင်နာသည်၊ ရင်နင့်သည်၊ နှလုံးနာသည်' စသော လူအချို့ တို့ ပြောတတ်ကြသည့်စကားမျိုးကိုလည်း မြန်မာ့နားတွင် မင်္ဂလာမဲ့စေ၍

ရှောင်သည်၊ အလင်္ကာကျမ်းဥပဒေသဖြင့် 'ဂမ္ဘီရ' သင့်စေသောစကားကိုလည်း ရှောင်သည်၊ ဂမ္ဘီရသင့်သောစကားသည် ညစ်ညမ်း၍ နားရှက်ဖွယ်သော စကား စက်ဆုတ်ရွံရှာဖွယ်သော စကားအသုံးအနှုန်းမျိုး ဖြစ်သည်။

## သတ်ပုံရေးထုံး လေးမျိုး

သတ်ပုံရေးထုံးများတွင်လည်း သူများယောင်တိုင်းမယောင်သော ရေးထုံးများ ရှိသည်၊ ဥပမာ–ပါဠိသတ်ပုံ၊ ရာဇဝင်သတ်ပုံ၊ ပေါရာဏသတ်ပုံ၊ ဝေါဟာရသတ်ပုံဟူ၍ မြန်မာသတ်ပုံ လေးမျိုးရှိရာ ဝေါဟာရသတ်ပုံ၌ပါဝင်သော (လဲဘဲ) ကို 'ဘဲနှင့်ပဲ' အသုံးအနှုန်းရေးထုံးမှာ ရှေးခေတ်ကပင် လမ်းနှစ်သွယ် ကွဲခဲ့ကြသည်၊ (ဘဲ) ကို သခင်ကိုယ်တော်မှိုင်းအမည်ခံ မြန်မာစာပရော်ဖက်ဆာဆရာကြီး ဦးလွန်း၊ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၊ အဂ္ဂမဟာပဏ္ဍိတ–တက္ကသိုလ်မြန်မာစာကထိက ဆရာကြီးဦးလင်း စသူတို့က ဘာကုန်းနှင့် အဓလေးသုံးသော (သဲဘဲ) မြန်မာ့အသံ မြန်မာ့ဟန်နှင့် ကိုက်ညီသည်ဟုကြုံက်ကြသည်၊ ထိုဆရာကြီးတို့သည် အစဉ်သဖြင့် (ဘဲ) ပုံသေရေးထုံး ပြုခဲ့ကြသည်၊ သူတို့သာမဟုတ်ပါ၊ လယ်တီဆရာတော်၊ မန်လည်ဆရာတော်၊ ကျီးသဲလေးထပ်ဆရာတော်၊ သင်္ဂဇာဆရာတော်ဘုရားကြီးလည်း (ပဲ)ကို မသုံးကြပါ၊ ပဲသည် ပဲကြီး၊ ပဲကျား၊ ပဲနောက်၊ ပဲလွန်းစသော ကောက်ပဲသီးနှံမျိုး၌သာ အသုံးရှိကြသည်၊ ထိုခေတ်တွင် ထူးထူးခြားခြား မှော်ဘီဆရာသိန်းကြီးနှင့် ပါဠိဆရာဦးဖေတို့ ၂–ယောက်သာ (ပ) စောက်နှင့် အပေါ့သုံးကိုကြိုက်ကြ၍ (လဲပဲ)ဟု (ပဲ)ကို ရေးရိုးပြုခဲ့ကြသည်၊ အငြင်းသန်သော ဆရာသိန်းကြီးသည် သေသည်အထိ ငြင်းနေကြပုံကို မှတ်လောက်အောင် သမိုင်းတွင် ကျန်ရစ်ခဲ့လေသည်။

## စစ်ကြိုးကာလ၏ ဤမှာဘက်ခေတ်

စစ်ကြိုးကာလ၏ ဤမှာဘက်ဖြစ်သော ယနေ့ခေတ်တွင် မြန်မာသတ်ပုံကျမ်းစာအုပ်ကြီးငယ်တွေ အတော်များများထွက်ပေါ်လာကြ၍ ကျေးဇူးတင်ကြသည်၊ သို့သော် စာအုပ်တွေက ဂဏာမငြိမ်ကြသေးဟု ဆိုကြ၏၊ 'ဝေါဟာရသတ်ပုံ' ပိုင်း၌ မူကွဲအများသုံးလျက်ရှိကြလေရာ စင်မြင့်ပေါ်၌ လူကိုယ်တိုင်ငြင်းခုံကြရလျှင် စာအုပ်နှင့် ကိုင်ပေါက်ရလောက်အောင် ကွဲပြားချက် ရှိနေကြသည်။ နေ့စဉ်ထုတ်သတင်းစာများကိုကြည့်လျှင် 'လုပ်သား' စသည်တို့က မှော်ဘီဆရာသိန်း၏(ပဲ)ကို ပုံသေသုံး၍ အခြားသတင်းစာများက ပုံသေမသုံးကြပါ၊ စာပေ

ထုတ်လုပ်ရေးတွင် ဗဟိုဌာန သဖွယ်ဖြစ်သော စာပေဗိမာန်ဌာနမှ အလေးအပေါ် ကြိုက်ရာသုံးနိုင်သည်ဟု ခွင့်ပြုချက်ထားဟန်တူ၏၊ ဘယ်မှုမှ ပုံသေထား၍ပြင်ဆင် ခြင်း စာလုံးပြောင်းခြင်းမပြုပါ၊ စာအုပ်ရေးသူတို့၏ ဆန္ဒအတိုင်းသာ 'ဘဲနှင့်ပဲ' နှစ်မျိုးစလုံးလက်ခံ၍ ထုတ်ဝေလျက်ရှိကြောင်း သိရ၏၊ ဤအရှင်သည် ဆရာ မှိုင်းကြီးတို့ကဲ့သို့ မြန်မာ့အသံနှင့်ကိုက်ညီသော အလေးသုံး(ဘဲ)နှင့် မူမှန်ရေးထုံး ပြုခဲ့သည်။

## နာမ်စားသမ္ဗန္ဓ အသုံး

စာပေဆောင်းပါး ရေးသားကြရာတွင် နာမ်စားသမ္ဗန္ဓသုံးကြပုံကို ပြော ပါမည်၊ စာတစ်ဝါကျ စကားအဆက်အစပ်နေရာတိုင်း၌ နာမ်၏ အစားသုံးစွဲရ သော စကားလုံးဖြစ်သည်၊ ရှေးရှေးမှ အစဉ်အလာသုံးစွဲလာခဲ့ကြသော 'ဤ- ထို-၎င်း-သည်' တို့ဖြစ်ကြ၏၊ ဥပမာပုံစံပြမည်၊ 'ဤနေရာတွင် ဤတရားစကား ကြောင့် ဤသူတို့ အသိဉာဏ်ပေါက်သွားကြသည်၊ ထိုအကြောင်းကို ထိုသူတို့က ထိုစည်းဝေးပွဲအတွင်း ပြောကြသည်၊ ၎င်းတို့အုပ်စုတွင် ၎င်းတို့ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က ၎င်းစကားကို ဖွင့်ထုတ်ခဲ့သည်ဆို၏၊ သည်လူတွေလုပ်ကြပုံက သည်နည်းချည်း လုပ်ပုံကောင်းကြ၍ သည်နယ်ကတော့ သည်လက်သမားတွေကို လူကြိုက်များကြတယ်' စသည်တို့ဖြစ်ကြ၏။

## ရှေးရိုးစဉ်လာ ပုံမှန်အသုံး

ရှေးရှေး ခေတ်အဆက်ဆက်မှစ၍ ယနေ့ခေတ်ကာလတိုင်အောင် မြန်မာ စာရေးထုံးတွင် နာမ်စားသမ္ဗန္ဓပုဒ်ကို 'ဤ-ထို-၎င်း-သည်' ဤလေးမျိုးသာ မူ မှန်ပုံသေအသုံးပြုခဲ့ကြသည်၊ တထောင်တဥဒ္ဒါနဒီပနီကျမ်းကြီးနှင့် ဇိနတ္ထပကာသနီ ကျမ်းစသည် ကျမ်းပေါင်းများစွာ ရေးသားတော်မူခဲ့သော ရွှေတောင်မြို့၊ ကျီး သဲလေးထပ်ဆရာတော်ဘုရားကြီး၊ ငါးရာ့ငါးဆယ်နိပါတ်တော်များကို မြန်မာ ဘာသာပြန်ဆိုတော်မူ၍ ဒါနဖလပ္ပတ္တိ, သီလဖလပ္ပတ္တိ, ဘာဝနာဖလပ္ပတ္တိစသော ကျမ်းပေါင်းများစွာကို ရေးသားတော်မူခဲ့သော ညောင်ကန် ဆရာတော်ဘုရား ကြီးဦးဗုဒ်တို့၏ ကျမ်းစာအုပ်များတွင် အဆိုပါလေမျိုးသာ တွေ့ရ၏၊ မန္တလေး ရတနာပုံခေတ်၌ ထင်ရှားကျော် ကြားတော်မူခဲ့ကြသော ဘုရားကြီးဆရာတော် ကြီး၊ ဆီးဘန်နီဆရာတော်၊ သင်္ဂဇာဆရာတော်စသည်တို့ ရေးသားပြုစုတော်မူခဲ့ ကြသော ကျမ်းစာများတွင် နာမ်စားသမ္ဗန္ဓပုဒ်အသုံးပြုကြပုံနှင့် မန္တလေးခေတ်၏

ဤမှာဘက်၌ ဒီပနီကျမ်းပေါင်းများစွာကို ရေးသားပြုစုတော်မူသော လယ်တီဆရာတော်ဘုရားကြီးနှင့် မသဒ္ဒဝလက်ာကျပ်စသော ကျမ်းများစွာ ရေးသားတော်မူသော မန်လည်ဆရာတော်ကြီးတို့၏ ကျမ်းစာများတွင် နာမ်စားသမ္ဗန္ဓပုဒ်ကို အဆိုပါ (ဤ-ထို-၎င်း-သည်)လေးမျိုးသာ ပုံသေသုံးကြ၏၊ (ယင်း) ကို မသုံးကြပါ။

မြန်မာစာအုပ်များတွင် ရှေးအကျဆုံး မြန်မာစာရေးထုံးဟူ၍ ပြောစဉ်ရှိကြသော 'မဟာသရဘူ' ကျမ်းကြီး၌ (ယင်း)ဟူသော စကားသုံးထားပုံမရှိပါ၊ ထို့ကြောင့် ဤအရှင်ရေးသားသော စာပေဆောင်းပါးများတွင် ယင်းကဲ့သို့ဟူသောစကားမှလွဲ၍ နာမ်စားသမ္ဗန္ဓပုဒ်ကို (ယင်း)နှင့်ရေးသော ဝါကျမျိုးတွေ့မြင်ကြရမည်မဟုတ်ပါ၊ ဤအရှင်သည် အညာမြေ ရွှေဘို ဒီပဲယင်းနယ်သားဗမာလူမျိုးစစ်စစ်ဖြစ်၏၊ ရှေးခေတ်ဆန်သော ဘုန်းကြီးတစ်ပါးဟူ၍ ပြောဆိုခြင်းခံယူရ၏၊ ရှေးခေတ်စကား ပြောနေကြသော အဘိုးကြီး အဘွားကြီးများနှင့် ကြာကြာနေခဲ့ရ၏၊ သက်တော်ရှည်ကြသော အဘိုးဆရာတော် ဘကြီးဆရာတော်ကြီးများနှင့် ရင်းနှီးစွာနေခဲ့ရ၏၊ သူတို့ပြောဆိုကြသော စကားခွန်းများတွင် (ယင်း)ဟူသော နာမ်စားသမ္ဗန္ဓစကားသုံးနှုန်းသံ တစ်ခွန်းမျှမကြားရဖူးပါ၊ ထို့ကြောင့် (ယင်း)သည် ရှေးခေတ် ဗမာလူမျိုးတို့၏ သုံးလေ့ရှိသော မူရင်းစကားမဟုတ်ကြောင်းမှာ ထင်ရှားသည်။

မကြာသေးမီ လွန်ခဲ့သောတစ်နှစ်ဆီက ပညာရေးဌာန ဝန်ထမ်းတစ်ဦးက သတင်းစာများတွင် နာမ်စားသမ္ဗန္ဓပုဒ်ကို (၎င်း) မသုံးသင့်၊ (ယင်း) သုံးသင့်ကြောင်း ထပ်ကာရေးထည့်နေမှုကြောင့် ထိုဆောင်းပါးကို ဖတ်ကြပြီး စာရေးဆရာအချို့က အတုလိုက်ကြသည်၊ သူတို့ရေးသော စာပေများတွင် (ယင်း)ကို တွင်တွင်ရေးထုံးပြုထားပုံမြင်ရ၏၊ ဤအရှင်အနေဖြင့် မကြိုက်ပါ၊ ရှေးသုံးဗမာစကားရင်းမဟုတ်၍ထင်၏၊ နားထောင်၍လည်း သုတိမသာ၊ ဖတ်ရာလည်းထောင့်သည်ထင်၏။ အမှန်ကိုပြောရလျှင် ဤအရှင်ကား ရှေးခေတ်မိ ရှေးရိုးဘုန်းကြီးပီပီ သူများယောင်တိုင်း တောင်မှသိ မြောက်မှသိ ယောင်ချင်စိတ်မျိုး ရှိသူမဟုတ်ပါ၊ ဤအရှင်သတိပြုလေ့လာဖူးသည်မှာ ရခိုင် သားတို့သာ (ယင်း) ကို သုံးကြသည်၊ ဗမာစကားတစ်မျိုးတည်းပုံမှန်ပြောနေကြသော အထက်မြန်မာပြည်ဗမာလူမျိုးချည်း နေထိုင်ကြရာဒေသ၌ တစ်ခါမျှပြောဆို သံမကြားရဖူးပါ၊ ဤကားအသုံးအဖြုတ် ဖြစ်သဘည်း၊ မဟာသရဘူကျမ်းစသော ရှေးကျလွန်းသော ကျမ်းအများတွင်လည်း မတွေ့မြင်ရသောကြောင့် ယုံမှားစရာမရှိပါ၊ အဆိုပါ

ဆောင်းပါးက (ငင်း)ကို မသုံးသင့်ကြောင်း၊ (ယင်း)သာ သုံးသင့်ကြောင်း များများကြီး တိုက်တွန်းသွား၏၊ သို့ရာတွင် ယခုအခါ ဒုံရင်းဒုံရင်းသာ ပြန်ရောက်ခဲ့ပြီမို့ ရေဒီယို မြန်မာ့အသံ ရန်ကုန်နှင့် လန်ဒန် ဘီဘီစီ၊ အမေရိကန် ဘီအိုအေတို့မှ ငင်းတို့သည် ငင်းလူများ ဖြစ်ကြောင်း၊ ငင်းပြောဆို သကဲ့သို့ စသည်ဖြင့် မူမှန်ပြောရိုးဆိုစဉ်အတိုင်း ပြောနေကြပြီဖြစ်၏။

## အလှူတစ်ခု ဖြစ်မြောက်ရေး

လွန်ခဲ့သော နှစ်အတော်ကြာဆီက ဤအရှင်ရေးခဲ့ဖူးသော 'အလှူတစ်ခု ဖြစ်မြောက်ရေး' ခေါင်းစဉ်နှင့် ဆောင်းပါးကို စာဖတ်ပရိသတ်တို့က အတော်ကြီး ကြိုက်နှစ်သက်ကြသည်ဆို၏၊ ရေးသားပုံ ကလောင်ဆွဲချက်ကို ကြိုက်ခြင်းမဟုတ်၊ ကြောင်းရာဖော်ပြသွားပုံ စီကာစဉ်ကာနှင့် အလားတူ သဘာဝတူများကို တွေ့မြင်ကြားသိရဖူးပုံ ကြောင်းရာသာမက ဖော်ပြချက်များကို ကြိုက်ကြခြင်းဖြစ်ပေမည်၊ ထိုအဖြစ်မျိုးကား လူ့လောက၌ တွေ့ကြုံရများ၏၊ တစ်ချိန်ချိန်က လူတိုင်းလိုလို အကြီးအသေးသာ ခြားကွာကြမည်၊ ကိုယ်တိုင် ကြုံခဲ့ကြဖူးသောကြောင့် သူတစ်ပါး ဖြစ်ရပ်ကိုကြားရလျှင် ကိုယ်ချင်းစာမိကြဟန်တူသည်၊ သူတစ်ပါး၏ ဖြစ်ရပ်များကို သံဝေဂယူ၍ ထပ်မံကြိုးစားကြရပုံကိုလည်း ဤအရှင်ထံသို့ စာရေးပို့သူများ ရှိကြ၏၊ နမူနာအဖြစ် အလှူရှင်တစ်ဦး၏စာကို တိုတိုဖြတ်၍ပြပါမည်။

'တပည့်တော်ကတော့ ပင်စင်စား ထပ်မတော်ရဲဘော်တစ်ဦးမျှ ဖြစ်ပါတယ် ဘုရား၊ ဆရာတော်အား သင်္ကန်းလှူရန် ကြံရွယ်နေခဲ့သည်မှာ ကြာပါပြီ၊ ယခုနှစ်မှပင် အထမြောက်သွား၍ ဝမ်းသာကြည်နူးမှု ဖြစ်ရပါတယ်ဘုရား၊ ဆရာတော်၏ တရားဆောင်းပါးများကို ဓမ္မဗျူဟာစာစောင်တွင် ဖတ်ရှုရ၍ အင်မတန်မှ ကြည်နူးဝမ်းမြောက်ပြီး သင်္ကန်းတစ်စုံကို စာတိုက်မှ ပို့လှူဆက်ကပ်လိုက်ရပါသည် ဘုရား' တဲ့။

အောင်လံမြို့ ရွာထောင်ရွာဆံဖောက်ကျက်သစ်၌နေသော စစ်မှုထမ်းဟောင်း ဦးလှဖေ–ဒေါ်ငြိမ်းရင်တို့ မိသားစုမှ သင်္ကန်းပါဆယ်တွင် ရေးထည့်လိုက်၍ ၁၃၃၆–ခု၊ ပြာသိုလဆုတ် (၇) ရက်နေ့တွင် လက်ခံရှိသောစာ ဖြစ်၏၊ အလှူတစ်ခုခု ပြုလုပ်ကြံရွယ်ထားပြီးနောက်တွင် စေတနာ ပုံမှန်ထက်သန်နေသော်လည်း အကြောင်းမညီညွတ်နိုင်၍ မအောင်မြင်တတ်ကြသည်မှာ အကြီးနှင့်အသေးသာ ခြားကွာမည်၊ လူတိုင်းကြုံခဲ့ကြဖူး၏၊ ဖြစ်ခဲ့ကြဖူး၏၊ တစ်ကြိမ်သော်လည်းကောင်း၊ အကြိမ်များစွာသော်လည်းကောင်း ကြုံဖူးကြသူချည်း ဖြစ်ပါမည်၊ ဤအရှင်

ကိုယ်တိုင်လည်း ကြုံခဲ့ဖူးရာ အချိန်ယူကြိုးစား၍ အောင်မြင်ခဲ့သည်၊ ဤပုံဤနည်းသည် ယခုခေတ်ကာလ၌သာ မဟုတ်ပါ၊ ရှေးခေတ် မြတ်စွာဘုရားရှင်တို့၏ လက်ထက်တော်၌လည်း ကြုံကြရသည်၊ ရှေးရှေး ဘုရားရှင်တို့လက်ထက် ရှေးရှေး ကပ်ကမ္ဘာတို့ခေတ်၌လည်း ကြုံကြရမြဲဖြစ်၏၊ နောင်ခေတ်အခါ၌လည်း ကြုံကြရဦးမည်သာတည်း။

သို့ရာတွင် သထုံမြို့၌ အလံဘစ်ရာဘုရားကြီး တည်ကြသကဲ့သို့ မိမိတို့၏ စေတနာကို လျှော့မချမူ၍ 'တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ငါ၏ကြံရွယ်ချက်မှာ မုချ အောင်မြင်ရမည်' ဟူသော ဇွဲလုံ့လသန်သန်ထား ကြိုးစားယူတတ်လျှင် တစ်နေ့နေ့တွင် တစ်နည်းနည်းဖြင့် အမှန်အောင်မြင်သွားပါမည်၊ သထုံမြို့၌ အလံတရာဘုရား စေတီကြီးတစ်ဆူကို တည်နေကြရာ လွန်ခဲ့သော အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေသောခေတ်၌ မပြီးနိုင်ပါ၊ ဂျပန်ခေတ်ဟူ၍ ခေါ်ဆိုကြသော စစ်ကြီးကာလ၌လည်း မပြီးနိုင်ပါ၊ စစ်ပြီးခေတ် မြန်မာအစိုးရပြန်စ်လာသော ဖဆပလ ခေတ် တစ်ချိန်လုံး ကြိုးစားကြပါ၏၊ မပြီး နိုင်ပါ၊ တော်လှန်ရေးအစိုးရခေတ် ကြားဖြတ် အိမ်စောင့်အစိုးရခေတ်၌လည်း မပြီးပါ၊ အပြီးသတ်နိုင်မည့်ဘုရား မဟုတ်ပါဘူး ဟူ၍ ရှင်လူရဟန်းအများက ပြောဆိုနေခဲ့ကြဖူး၏၊ သို့ရာတွင် မလျှော့သော ဇွဲလုံ့လ စေတနာတို့ကြောင့် ဆက်လက်ကြိုးစားကြရာ ဤ ယခုခေတ်တွင် အောင်မြင်စွာ အပြီးသတ်တည်ခြင်း ပြီးဆုံးသွားကြ၍ ထီးတော်ပါ တင်ပြီးသွားကြလေပြီ၊ ဤအရှင် ဖူးမြင်ခဲ့ရ၏။

## အလှူကြီး မဟုတ်သော်လည်း

ကြီးကျယ်သော အလှူကြီးမဟုတ်သော်လည်း သင်္ကန်း တစ်စုံ လောက်လှူဒါန်းဖို့ကိစ္စပင် ကြံစည်အားထုတ်ရာကြရပုံကို ဤအရှင်ထံသို့ စာရေးပို့ကြ၍ ဖတ်ရသိရ၏၊ ကြံရွယ်ချက်တွေ အောင်မြင်ကြ၍ လွန်ခဲ့သော အဆိုပါ ၁၃၃၆-ခုနှစ်တွင် ဤအရှင် သင်္ကန်းရပုံထူးသောနှစ်ဟု ဆိုရပါမည်၊ တောတောင်ထဲ၌ မထင်မရှား တစ်ပါးတည်း လှည့်လည်နေလာခဲ့ရာ ၇-နှစ်ကြာကာလထိ သင်္ကန်း တစ်စုံမျှ မရပါ၊ မိမိကိုယ်တိုင် ကြံဖန်ကြိုးစား၍ ပိတ်ခြင်ထောင်ကိုဖြုတ်ပြီး သင်္ကန်းဖြစ်အောင် ချုပ်ဆိုး ဝတ်ခဲ့ရဖူး၏၊ ဤအကြောင်း စာမရေးဖူးပါ၊ ထိုနှစ်က တစ်သက်ပန် မှတ်တမ်းတင်ထားရမလို ရပ်ဝေးမှပို့လှူကြ၍ ဝါဆိုသင်္ကန်း ၁၀-စုံ မကအောင်ရခဲ့ဖူး၏၊ နောက်နှစ်မှာတော့ ဒီလောက်မရတော့ပါ၊ မှတ်မှတ် ရရ ကောင်းမှုရှင်များ၏ နာမည်များကို ကလောင်ရှင်တစ်ဦး၏ မှတ်တမ်းတင်အနေ

ဖြင့် အတိုချုပ် ဖော်ပြချင်ပါသည်၊ ဝါဆိုသင်္ကန်းအဖြစ် ပို့လှူကြောင်း မှာကြားစာနှင့် အစောဆုံးရောက်လာသည်မှာ ဟင်္သာတမြို့၊ ညောင်ပင်ဈေး၊ အလုံကျောင်းတိုက် ဆရာတော် ဦးဝိစိတ္တကထံမှ သင်္ကန်းတစ်စုံဖြစ်သည်၊ မရွေးမနှောင်းပင် တောင်ကြီးမြို့ ဦးချစ်–ဒေါ်စိန်တို့မိသားစုထံမှ သင်္ကန်းတစ်စုံနှင့် ဖိနပ်စသည်ကို ဖလမ်းမြို့ လူဝင်မှုကြီးကြပ်ရေးဝန်ထောက်ကြီး ဦးကျော်စိန် ယူကြုံဖြင့် တစ်ဆင့်ယူဆောင်၍ ရောက်လာ၏၊ ထို့နောက် ရန်ကုန်မြို့ အရှေ့ဒဂုံလှိုင်ဂူကျောင်းတိုက် ဦးအာစိဏ္ဏထံမှ သူ၏ကောင်းမှု ဒုကုဋ်သင်္ကန်းကြီးနှင့် ခါးပန်းကြိုး၊ ကျုံးကြီးလမ်း ထမင်းဆိုင်ရှင် ဒေါ်ကျင်ဝမ်ကောင်းမှု သင်္ကန်းတစ်စုံကိုပါ ဦးအာစိဏ္ဏမှ ပို့ဆောင်လှူသည်၊ ရန်ကုန် မင်းကွန်းဟောရမဂ်လာတိုက်မှ သီလရှင် ဒေါ်နန္ဒစာရီကောင်းမှု သင်္ကန်းတစ်စုံကို ဓမ္မဗျူဟာမှ အကျိုးဆောင်ပို့သည်၊ ရန်ကုန်မှပင် နိုင်ငံတော်ကောင်စီဝင် ဒေါက်တာမောင်မောင်–ဒေါ်ငြင်မြင့်တို့မိသားစုမှ တစ်စုံ၊ ကမ္ဘာအေး ရေကူးမုတ်ကျွန်းဆရာတော်၏တပည့် အင်ဂျင်နီယာ ဦးထွန်းအောင်ကျော်ကောင်းမှု တစ်စုံ၊ ဘိုကလေးဈေးလမ်း လေးထပ်တိုက်ကြီးမှ ဦးရင်ဝှက်–ဒေါ်ခင်ဆိုင်၊ သမီး ဒေါက်တာချိုချိုခင်တို့ကောင်းမှု တစ်စုံရောက်လာသည်။

စလင်းမြို့နယ် ဆည်ကန်ရွာကျောင်းဆရာတော် ဦးဉာဏဝံသထံမှ သင်္ကန်းတစ်စုံနှင့် သင်းပိုင်တစ်ထည်၊ မော်လမြိုင်မြို့ ဈေးကြီးအတွင်း သမ္မာအာဇီဝ ပရိက္ခရာဆိုင်မှ ဦးသိန်းလွင်–ဒေါ်ငွေရီတို့ကောင်းမှု တစ်စုံ၊ မုံရွာမြို့ ညောင်ပင်ဈေးရပ် ဦးစိန်–ဒေါ်ပွဲတို့ကောင်းမှု တစ်စုံ၊ ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ကြီးထံမှ တစ်စုံ၊ ကဝမြို့ ရန္တပိုကျောင်း ဆရာတော်ကြီးထံမှ တစ်စုံ၊ အိမ်မဲမြို့ ချောင်းဝရပ် ဦးစစ်ရင်–ဒေါ်တုတ်တို့မိသားစုထံမှ တစ်စုံဖြစ်သည်၊ တစ်ဖန် ဝါကျွတ်ပြီးနောက်၌လည်း တောင်ကြီးမြို့ ကူညီရပ် သဇင်လမ်းမှ ဦးညို–ဒေါ်ထားမေ၊ သား ကိုကြည်ဝင်း၊ သမီး မဝင်းကြည်တို့ကောင်းမှု သင်္ကန်းတစ်စုံနှင့် ဖိနပ်စသည် ပါ၏၊ ချောက်မြို့ သုဓမ္မဝတီကျောင်းဆရာတော် ဦးသုမနထံမှ သင်္ကန်းအထူစားတစ်စုံ၊ အခြားမြို့ ဆရာတော်ကြီးနှစ်ပါးတို့ထံမှ သင်္ကန်းတစ်စုံစီ ပို့လှူလိုက်ကြ၏၊ 'ဘုန်းကြီးကောင်းကို ဘုန်းကြီးချင်း ကြည်ညိုလေ့ ရှိကြတယ်' ဟူ၍ ပြောရိုးစဉ်လာရှိသကဲ့သို့ ဤအရှင်ကို ချဟန်းပုဂ္ဂိုလ်အချင်းချင်းက ပို့လှူတတ်ကြသည်။

## ကံတရား အခြေအနေ သဘာဝ

သတ္တဝါတိုင်းမှာ ကံတရားအခြေအနေဆိုသည်က တစ်ဖြောင့်တည်း သွားနေခြင်း မရှိနိုင်ပါ၊ ထောက်ရှာငှက်ပျံသကဲ့သို့ နိမ့်ချည်မြင့်ချည် ဖြစ်လေ့ရှိကြသည်၊ အဆိုပါသင်္ကန်းအများရသောနှစ်၏ နောက်နှစ် ၁၃၃၇-တွင် ပြည်မြို့ ဈေးလယ် ဦးထွန်းဖေ- ဒေါ်တင့်တို့မှပို့သော တိစီဝရိတ်သင်္ကန်း တစ်စုံသာ ရသည်၊ ယခင် ၁၃၃၆- ခုနှစ်တွင် ကံကောင်းထောက်မထား၍ ကျေးဇူးရှိပါ၏၊ စိတ်အေးချမ်းမြေ့စွာနှင့် မိမိကိုယ်တိုင်အတွက် ချွေတာ၍ ဝတ်ရုံသွားမည်၊ အနည်းငယ် ချန်ထားပြီးလျှင် ကျန်သမျှသင်္ကန်း အများကို သင်္ကန်းမပြည့်စုံကြောင်းသိရသော ရပ်ဝေးမှ ပုဂ္ဂိုလ်များထံ ပို့လှူမည်၊ ဟားခါးမြို့၌ရှိသော ချင်းဦးပဉ္စင်းကြီး နှစ်ပါးကို ခွဲဝေထောက်ပံ့မည်ဟု ခွဲတမ်းချ၍ လှူလိုက်သည်၊ ထိုနောက်တွင် ကျန်ရှိသမျှနှင့် နောင်ခါရသမျှကို မုံရွာမြို့နှင့် မန္တလေးမြို့ စာသင်တိုက်တို့၌ ပို့ထားသော တူ-ဦးပဉ္စင်းများ, မြေးဦးပဉ္စင်း ကိုရင်စာသင်သားတို့အား နှစ်စဉ် ခွဲဝေ၍ ပို့လှူသွားမည်ဟု လျာထားပြီး လှူနေခဲ့သည်၊ လှူဒါန်းထောက်ပံ့ကြသော သင်္ကန်းဒါယကာများနှင့် ဆရာတော်များအား အသိပေးပါ၏၊ ဤအရှင်သည် သင်္ကန်း သပိတ် ပရိက္ခရာ ရောင်းချခြင်းမပြုပါ၊ အမှန်လိုသော ပုဂ္ဂိုလ်အား ကြီးငယ်မရွေး ပေးကမ်းလှူဒါန်းခြင်းသာ ပြုလေ့ရှိကြောင်း နီးစပ်သူတိုင်း သိကြပါသည်၊ ဤကား ရှေးရိုးဘုန်းကြီး သူတော်ကောင်းတို့၏ ကျင့်ရိုးထုံးစံကို ပြောခြင်း ပါတည်း။



# ကဗလောင်နှင့် ပရိသတ် (၄)

## စာဖတ်ပရိသတ်ဘက်မှအမြင်

ဤအရှင်၏ အရေးအသား ကဗလောင်ဆွဲချက်ကို စာဖတ်ပရိသတ်ဘက်မှ အမြင်ဖြင့် ရေးသားတင်ပြကြသော ဆောင်းပါးတွေ စာစောင်အမျိုးမျိုး၌ အတော်များများတွေ့ရ၍ ဖတ်ရဖူး၏၊ နမူနာအဖြစ် အနည်းငယ် ကောက်နုတ် တင်ပြပါမည်၊ ၁၃၃၈–ခုနှစ်တွင် ထုတ်ဝေသော မြတ်မင်္ဂလာစာစောင်၌ 'ဘဝ သံသရာ' (ရေးသူ–ရန်အောင်) ဝါရင့်စာရေးဆရာကြီး ဦးရန်အောင်၏ ဝေဖန် ရေးသားချက် ဖြစ်၏။

### ဘဝသံသရာ

ဤဆောင်းပါးကို ရေးဖြစ်ခြင်း၏အကြောင်းရင်းမှာ ဆရာတော်အရှင် ဦးဥတ္တမသာရ (နယ်ခြားတောင်)၏ ကျေးဇူးတော်ကြောင့် ဖြစ်ပါသည်၊ ကျွန် တော်သည် ဆရာတော်ရေးသားသည့် စာပေများကို မလွတ်တမ်း ဖတ်ပါသည်၊ ဆရာတော်ရေးသည့် အကြောင်းအရာတို့မှာ စိတ်ဝင်စားဖွယ် ဗဟုသုတဖြစ်ဖွယ် တို့ချည်း ဖြစ်သည့်သာမက စာပေအရေးအသားလည်း လွန်စွာကောင်းသည့် ဆရာတော် ဖြစ်ပါသည်၊ ဆရာတော်ရေးသည့်စာများ ဘယ်မျှကောင်းသည်ကို ထင်ရှားသည့် သာဓကတစ်ရပ် ပြရန်ရှိပါသည်၊ ကျွန်တော်သည် ပုံနှိပ်တိုက် တစ်တိုက်တွင် စာပြင်ဆရာလုပ်ခဲ့ဖူးရာ ထိုပုံနှိပ်တိုက်တွင် လုံးချင်းဝတ္ထုတစ်ပုဒ် ရိုက်နှိပ်သဖြင့် ကျွန်တော် (ပရုဖ်) ပြင်ပေးရပါသည်။

ထိုဝတ္ထုကိုရေးသူမှာ နာမည်ကြီး ကလောင်ရှင်တစ်ဦး၏ အမည်ဖြစ်၏၊ သို့သော် ဝတ္ထုပါအကြောင်းအရာနှင့် အရေးအသားဘိုကိုကြည့်ခြင်းအားဖြင့် ထို ဝတ္ထုကို ဆရာတော်ဦးဥတ္တမသာရရေးခြင်း ဖြစ်ရမည်ဟု ကျွန်တော်တွေးထင်သိ ရှိပါသည်၊ စာနစ်စာယဉ်ဝတ္ထု ဖြစ်သောကြောင့် ဆရာတော် ကိုယ်တိုင်ရေးသည် ဟုအမည်မခံဘဲ ကလောင်ရှင်တစ်ဦး၏ အမည်ဖြင့် ထုတ်ဝေခြင်းဖြစ်ရာ ထိုဝတ္ထု သည် အမျိုးသားစာပေဆု ရပါသည်။

ဆိုခဲ့သည့်အတိုင်း ကျွန်တော်သည် ဆရာတော်၏ စာပေများကို အမြတ် တနိုးဖတ်ခဲ့သူဖြစ်ရာ (၂၃–၇–၈၃)နေ့တွင် စာစောင်အဟောင်း တစ်အုပ်တွင် ဆရာတော်ရေးသည့် ဆောင်းပါးထူးတစ်ပုဒ်ကိုဖတ်ရသည်မှာ အောက်ပါအတိုင်း ဖြစ်ပါ၏၊ ဆရာတော်ကြီးဦးရေဝတ၏ကျောင်းမှ ကပ္ပိယကြီးဦးကြောင် ကွယ်လွန် ပြီး နောက်ဘဝ၌ ဖွတ်ဖြစ်သွားပုံ၊ တစ်ဖန် ဖွတ်ဘဝမှ ကိုစိန်ပွင့်ဆိုသူ လူပြန် ဖြစ်လာပုံ၊ နွားဘဝမှ လူဖြစ်လာသူ မောင်တောကြည် ဘဝဖြစ်စဉ်အကြောင်း၊

ချင်းတောင်ပေါ်၌ ကမ္ဘာ့ဝိယကြီးဦးဖိုးတွမ်မှုံ သေပြီးငှက်ကလေးဖြစ်၍ ဆရာတော်ကြီးထံသို့ ထူးခြားစွာဆည်းကပ်ကာ အကျွမ်းဝင်နေပုံ စသောအကြောင်းရာများကို ဖော်ပြ၍ ဥျ်ထျှင်ရေးခဲ့သော ဘဝသံသရာဆောင်းပါး တစ်လထွက်ကို ထုတ်ပြကာ မေးသားတင်ပြထားလေသည်။

## ဝါဖတ်ပရိသတ်ထဲမှ တရားနာရသူ၏အမြင်

'ဘောင်တန်းဆရာတော်ကြီး၏ လက်ဆောင်မွန်' (ရေးသူ-ဒ်တြ) ၁၃၄၀ ခုနှစ်၊ နတ်တော်လထုတ် မြတ်မင်္ဂလာစာစောင်တွင် ရန်ကုန်မြို့ မင်္ဂလာဗျူဟာအသင်းချုပ်၌ ဓာတ်ပုံနှင့်တကွ ဖော်ပြထားသော ဆောင်းပါးတစ်ခု တင်ပြမည်။

## တရားပွဲနှင့်ပရိသတ်

(၂၆-၂-၇၆) နေ့က ရန်ကုန်မြို့ မင်္ဂလာဗျူဟာ အသင်းတိုက်တွင် ရဟန်းရှင်လူအများ ကြိတ်ကြိတ်တိုးစည်ကားလှသည်၊ သူ့ထက်ငါဦး ဖူးမြော်နိုင်ရန် စိတ်အားထက်သန်နေကြသည်၊ ၁၉၃၅-ခုနှစ်မှစ၍ ၁၉၇၆-ခုနှစ်အထိ တောင်တန်းသာသနာပြုကိစ္စရပ်များ ဆောင်ရွက်နေသော သာသနာပြုအကျော် ဆရာတော်အရှင်ဦးဥတ္တမသာရ မဟာထေရ်မြတ်ကြီး ကြွရောက်တော်မူ လာမည်ဆို၍ အချိန်စောစီးစွာ နေရာယူ စောင့်နေကြသည်။

သတ်မှတ်ထားသော အချိန်ထက် အနည်းငယ်နောက်ကျပြီးမှ ကြွရောက်လာသော်လည်း ပရိသတ်က လက်အုပ်ချီပြီး မညည်းမညူ စောင့်နေကြသည်၊ ဆရာတော်၏ စာပေမှတ်တမ်းများကို ဗုဒ္ဓမမ္မလောကနှင့် ဓမ္မဗျူဟာစာစောင်တို့တွင် ဖတ်ရှုရပြီးဖြစ်၍ နဖူးတွေ့ဒူးတွေ့ ဖူးချင်သူတွေက များနေသည်၊ မြေပြန့်ရောက်ခိုက် ကြုံခဲ့သော တရားပွဲလည်းဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် (၂၆-၂-၇၆) နေ့နှင့် (၂၇-၂-၇၆) နေ့ ၂-ရက်ဆက်တိုက် မင်္ဂလာဗျူဟာ အသင်းတိုက်၌ တရားဟောကြားသွားသည်၊ အဖျား ဒီဂရီ ၁၀၃-၁၀၄ ရှိသော်လည်း တရားဟောပွဲကို မဖျက်သိမ်း၊ဆရာဝန်က ဆေးထိုးမည်ဆိုသော်လည်း လက်မခံ၊ ဟောမည်ဟုဝန်ခံထားသည့် အလုပ်ကို လက်မလျှော့၊ ညည်းရှယ်ချက်ကို အသက်မသေချင်း မပျက်စေရာဟု အဖျားရောဂါအပြင်းအထန် ဖြစ်နေသည့်ကြားမှ ဒုတိယညဘွင် (ထိုနေ့၌ဖျားနေ၍ ဆွမ်းလုံးဝ မစားနိုင်၊ သံပရာရည်သောက်၍ တရားဟောသည်ဟု မိန့်ကြားလိုက်သေးသည်၊ အံ့ဖွယ်ကောင်းသည့် ဆရာတော်ပါပေ။

ဆက်လက်၍ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း ဓမ္မာရုံနှင့် ကမ္ဘာအေး ကုန်းမြေ၊ ကျိုက္ကဆံဘုရားကြီးရင်ပြင်တော်၌ ဟောပြောပွဲအပြီး အဖျားရောဂါနှင့်ပင်ပန်းမှုဒဏ်များကြောင့် ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ တက်ရောက်၍ ကုသမှုခံရသည်အထိ ဝေဒနာက ပြင်းထန်သွားလေသည်၊ သို့သော်ဆရာတော်ကား စိတ်အားမကျပါ၊ ရည်ရွယ်ထားသည့် ခရီးစဉ်များကို ပြီးဆုံးအောင်သွားမည်ဟု မိန့်ကြားသွားပါသည်။

ဆရာတော်ဟောပြောပြသ ဆိုဆုံးမခဲ့သည့် တရားတော်များမှာ ရဟန်းရှင်လူတိုင်း မှတ်သားလိုက်နာကျင့်ကြံရန် အလွန်ကောင်းမြတ်သည့် ဗဟုသုတများပြည့်နှက်နေသဖြင့် နာကြားခွင့်မရလိုက်ကြသူများအတွက် ဤဆောင်းပါးမှတ်စု (အကျဉ်းချုပ်)ကို မှတ်သားမိသမျှ တင်ပြအပ်ပါသည်။

## ထူးဆန်းသည့် မဟာမြိုင်

မဟာမြိုင်တောကြီးသည် အထက်မြန်မာနိုင်ငံ၏ အနောက်မြောက်ခြမ်း၌ တည်ရှိသည်၊ ရှေးအခေါ် ရွှေဘိုခရိုင်, မော်လိုက်ခရိုင်, မုံရွာခရိုင်နှင့် ကသာခရိုင်တို့၏ စတုဂံနယ်မြေအတွင်း၌တည်ရှိသည်၊ မဟာမြိုင်တောကြီး၏ တောင်ပိုင်းကို ကြီးစိုးသောနတ်သည် ရဟန်းသံဃာတော်များကို ကြည်ညိုလေးစားမှုရှိသည်၊ စောင့်ရှောက်သည်၊ အလယ်ပိုင်းနှင့်မြောက်ပိုင်းကို ကြီးစိုးသောနတ်က ရသေ့ယောဂီများသာ လက်ခံသည်၊ ရဟန်းပုဂ္ဂိုလ် ဝင်ရောက်နေလျှင် ဖျားတစ်ကောင်တုတ်၍ ပျံလွန်သွားတတ်ကြသည်၊ တရားအားထုတ်နေလိုလျှင် ရသေ့အသွင်ပြောင်းကြရသည်၊ ရသေ့အသွင်ဖြင့်နေလျှင် ဖျားမတုတ်ပါ၊ သို့သော် ရသေ့ယောဂီများသည် မောင်မယ်စုံ မယားနှင့်အတူနေရ၊ အတူနေမိသဖြင့် ဖျားတုတ်ခံရ၍ သေဆုံသွားကြရသည်၊ လက်နက်ကိုင် တောခိုသောင်းကျန်းများလည်း ဝင်ရောက်နေခွင့်မပြုပါ၊ သူခိုးဓားပြလည်း ဝင်ရောက်နေခွင့်မပြုပါ၊ ရိုးရိုးဖျား ဆယ်ကောင်တုတ်သော်လည်း မသေပါ၊ ရဟန်းရှင်လူမည်သူ မဆိုနတ်ဖျားအတုတ်ခံရလျှင် ဆေးကု၍မရပါ၊ နာရီပိုင်းအတွင်း သေသွားကြမြဲ ဖြစ်သည်၊ ကျေးဇူးရှင်လယ်တီဆရာတော်ကြီး စသောရဟန်းပုဂ္ဂိုလ်မြတ်တို့သည် ဤမဟာမြိုင်တောကြီးအတွင်း တောင်ပိုင်း၌ တရားအားထုတ်ခဲ့ကြဖူးသည်၊ ရှေးရှေးအခါမှစ၍ ယခုခေတ် အချိန်တိုင်အောင် တရားအားထုတ်သူတို့ ရှိနေကြဆဲ ဖြစ်သည်၊ တောကြီးတောင်ပိုင်း၌ ရသေ့ယောဂီများ နေလေ့မရှိကြပါ၊ မဟာမြိုင်တောကြီး၏ အလယ်ပိုင်းနှင့်မြောက်ပိုင်း၌ ရဟန်းပုဂ္ဂိုလ်များ မရှိကြပါ၊ ငိဇ္ဇာဇော်ဂျီတပသီတို့၏ ပျော်စံရာနေရာဖြစ်သည့် ရှေးသရေခေတ္တရာနှင့် ပေါက္ကံခေတ်

မှာ၍ ယနေ့တိုင် ရသေ့ယောဂီများရှိကြသည်၊ သို့သော် ထူးဆန်းသည့်ကား ကျောင်းမရှိပါ၊ အင်ဖက်မိုးတဲကလေးမျှ မတွေ့ရဖူးပါ၊ ရသေ့ယောဂီတို့၏ ရုပ်အလောင်းဟူ၍လည်း မတွေ့ကြရဖူးပါ။

ယခုတိုင် ရသေ့တွေရှိနေကြ၍ အချို့ကိုပြောရလျှင် ရသေ့ကြီးဦးဥတ္တမ၊ ရသေ့ကြီးဦးသိပ္ပနှင့် ဘိုးဘိုးကြီးတို့သုံးဦးသာ စကားပြောသည်၊ အခြားရသေ့ယောဂီများက လူတို့နှင့်စကားမပြောကြပါ၊ သူတို့ စကားပြောကြသော်လည်း ရုပ်တန့်၍ မပြောကြပါ၊ ခရီးလှမ်းရင်းပြောသည်၊ ဦးသိပ္ပတစ်ပါးသာ စကားအပြန်အလှန်မေးလျှင် ဖြေကြားသည်၊ ဘိုးဘိုးကြီးတို့က စကားမေးခြင်း လက်မခံကြပါ၊ မဟာမြိုင်တောကြီးတွင်းရှိ ရသေ့ယောဂီတို့သည် လူတို့ရွာတွင်း ဝင်ရောက်လည်ပတ်ခြင်း၊ တစ်စုံတစ်ရာအလှူခံခြင်း မရှိကြပါ၊ တစ်နေ့သ၌ ရသေ့ကြီးဦးဥတ္တမပျံလွန်၍တောကြီးအစွန်အဖျားရှိ ရွာငယ်တစ်ရွာမှ လူများက ပုဉ်ချပ်ခေါင်းသွင်း၍ သံရိုက်ပိတ်ထားကြသည်၊ ၇-ရက်ခန့်လျှင် ဈာပနပွဲပြုလုပ်ကြသည်၊ မီးသဂြိုဟ်မည်ဟု ခေါင်းကိုဖွင့်ကြသောအခါ ရုပ်အလောင်း မရှိတော့ပါ၊ အလွန်ထူးခြားသော မဟာမြိုင်တောကြီးဖြစ်၍ ပြောပြမကုန်နိုင်ပါ။

## ထူးခြားသော ပျားအုံများ

မြန်မာပြည်မြေပြန့်မြို့ရွာနေလူတို့ မြင်ဖူးကြမည်မဟုတ်သော သစ်ပင်ကြီးများ မဟာမြိုင်တောကြီး၌ တွေ့မြင်ရသည်၊ နှစ်ပေါင်းများစွာမှ ပေါက်ရောက်နေကြသည့် အလွန်ကြီးမားသော ရေမသစ်ပင်ကြီးများရှိရာ ထိုသစ်ပင်ကြီးများ၌ နွားလှည်းဘီးပမာဏခန့်ရှိ ပျားအုံကြီးတွေ စွဲနေကြသည်၊ ညောင်ချပ်ပင်ကြီးများဖြစ်သည်၊ တစ်ပင်လျှင် ပျားအုံပေါင်း ၂၅၀-ကျော်မှ ၃၀၀-ကျော်အထိ နှစ်စဉ်လာ၍ စွဲနေတတ်ကြသည်၊ ဤမျှကြီးမား၍ များပြားသော ပျားအုံကို မြန်မာပြည် အခြားဒေသများ၌ မတွေ့ဖူးကြပါ၊ အခြား တိုင်းပြည်များ၌လည်းရှိကြောင်း မကြားရဖူးပါ။

ပျားရည်အရောင် သုံးမျိုးရှိသည်၊ မဟာမြိုင် တောကြီးအတွင်း၌ အင်တောကြီးအကျယ်ပြန့်ဆုံးဖြစ်ရာ အင်ပန်းများပွင့်ချိန်၌ ပျားရည်အရောင် ရွှေဝါရောင်နှဝါဖြစ်၍ အညာနှမ်းဆီကဲ့သို့ အမြင်လှသည်၊ သစ်စေးပန်းအများပွင့်ချိန်၌ ပျားရည်အရောင်မည်းသည်၊ နည်းနည်းခါးသက်သက်အရသာပေါ်သည်၊ ဆေးဖော်၍ ကောင်းသည်၊ ထိန်ပင်၊ လိန်ပင် ပန်းပွင့်ချိန်၌ ပျားရည်အရောင် ဖြူရော်ရော်ရှိသည်၊ ဆေးဖက်ဝင်၍ အစွမ်းထက်သည်ချည်းပါ။

## ထူးဆန်းသော သတ္တဝါကြီးများ

မဟာမြိုင်တောကြီးအတွင်း၌ ထန်းပင်လုံးပမာဏကြီးများသော မြွေကြီးများရှိကြသည်၊ ထန်းလုံးထက်ခြမ်းခွဲခန့် ကင်းခြေများကြီးတို့လည်း ရှိကြသည်၊ မိုးပြဲဒယ်အိုးကြီးခန့် ကင်းပုစွန်ကြီးများရှိကြသည်၊ သူတို့သည် ကြီးမားသော သစ်ပင်လဲ သစ်ဆွေးတုံးများအောက်၌ အိမ်ဖွဲ့၍နေလေ့ရှိကြသည်၊ ရံခါ ကင်းခြေများကြီးနှင့် မြွေကြီးတို့ ကိုက်ကြတိုက်ကြ ရန်ဖြစ်တတ်ကြသည်၊ မြွေကြီးများက လှမ်း၍ပေါက်သည်၊ ကင်းခြေများကြီးများက မြွေကြီးအရေခွံပေါက်အောင် ကိုက်နိုင်ကြသည်၊ သို့သော် လက်မတစ်ထောင်ထောင်နှင့် မိုးပြဲဒယ်အိုးကြီးလောက်ကြီးသော ကင်းပုစွန်ကြီးများကို မြွေကြီးများ, ကင်းခြေများကြီးတို့က ရှောင်ကြသည်၊ သူတို့၏လက်မကြီးများက သန်မာ၍ ချေလှောက် ဒရယ်လောက်ကို လည်ပင်းပြတ်အောင်လှမ်း၍ ဖြတ်နိုင်စွမ်းကြသောကြောင့် မြွေနှင့် ကင်းခြေများတို့က ရှောင်ရှားကြသည်။

ယခုအခါ တောဆင်ရိုင်းကြီးများက အမြင်ကပ်၍ နင်းသတ်ပစ်ကြသောကြောင့် ကင်းပုစွန်ကြီးတွေ မရှိသလောက် ရှားသွားပြီဟု ကြားသိရ၏။

## အစွမ်းထက်သည့် သမထ

မြန်မာပြည်၌ ယခုအခါ ကမ္မဋ္ဌာန်းသမားတွေ ပေါများနေသည်၊ တရားအားထုတ်ကြရာမှာ ကမ္မဋ္ဌာန်းတစ်ခုကို ထိရောက်အောင်ကြိုးစားအားထုတ်ကြရပါသည်၊ အာနာပါန ကမ္မဋ္ဌာန်းရှုပွားအားထုတ်နေဆဲ ထွက်ပေါ်လာသည့်အလင်းရောင်ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထိန်းသိမ်းထားနိုင်ပါလျှင် ဈာန်ရကြောင်းလမ်းစဉ်ဟု မှတ်ရပါမည်၊ မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ရအောင် တရားကျင့်ရာမှာ သမထကမ္မဋ္ဌာန်းကစတင်၍ စွမ်းဆောင်ပေးခဲ့သည်မှာ အထင်အရှား ဖြစ်သည်၊ သမထမှ အဆင့်တက်ပြီး အားထုတ်ခဲ့လျှင် ဝိပဿနာ ဖြစ်လာလိမ့်မည်၊ အာနာပါနသည် ဈာန်အဘိညာဉ်ကို ဖြစ်စေနိုင်သည်၊ သမထကို အထင်မသေးကြရန်နှင့် သာမန်အလုပ်မျိုးမမှတ်ကြရန်လိုသည်။

ထွက်လေ ဝင်လေကိုရှု၍ အာရုံမလွတ်အောင် သတိနှင့်ဆုပ်ကိုင်ထားပါက ဝိပဿနာဉာဏ် သူ့အလိုလိုဖြစ်ပေါ်လာလိမ့်မည်၊ ဈာန်ပျံကြရာမှာ ငှက်ကဲ့သို့ လူမြင်ခံ၍ ပျံနည်းနှင့် လူမြင်မခံ ကြွေးသောလက်ဆန့်သကဲ့သို့ လိုရာသို့ ခဏချင်းရောက်အောင် ဖြုတ်ခနဲပျံနည်းဟူ၍ နှစ်မျိုးရှိသည်၊ မြန်မာပြည်၌ လူမြင်မခံသောပျံနည်းသာ အသုံးပြုလာခဲ့ကြသည်၊ ရှေးတကောင်းခေတ်, ဟန်

လင်းကြီးခေတ်မှစ၍ ယနေ့တိုင်အောင် မြန်မာပြည်၌ ရှာန်ပျံ နေကြသော ပုဂ္ဂိုလ်တွေ ရှိခဲ့ကြသည်။

## မြန်မာပြည်သာသနာ ဝမ်းသာဖွယ်ရာ

ဤ ဇရှင်သည် မြန်မာပြည်အတွင်း တိုင်းအသီးသီး ပြည်နယ်အသီးသီးသို့ ခရီ ထွက်လှည့်လာခဲ့သည်၊ ပရိယတ်ဘက်မှာရော ပဋိပတ်ဘက်မှာရော အားထုတ် လျက် ရှိနေကြပုံတွေ့မြင်ခဲ့ရသည်။

နိုင်ငံရေးခေတ်တွင် ကောလာဟလသတင်းတွေ အကြောင်းပြု၍ မြန်မာ ပြည် သာသနာ ရေတိမ်နစ်တော့မှာလားဟူ၍ တွေးဆ ပူပန်ကြသောရဟန်း ပုဂ္ဂိုလ်အချို့ရှိကြသလို လူဒါယကာအချို့လည်း ရှိကြသည်၊ ဤအရှင်ကို ချဉ်း ကပ်မေးမြန်းဆွေးနွေးကြ၍ မြန်မာပြည်၌ သာသနာဘယ်အခါမျှ မတိမ်ကော နိုင်ကြောင်း ဖြေခဲ့ရသည်ဟု ဆရာတော်ကြီးက မိန့်ကြားသွား၏။

မြန်မာ ပြည်၌ ရှင်ပြုရဟန်းခံပွဲတွေ မကျောပ်ကနားထိုး၍ ဗျောစည်တီး၍ ရဟန်းသံဃာတော်တွေဆွမ်းကပ်၍ လူအများတရားနာ ဖိတ်ကြား၍ ပြုလုပ်နေ ကြပုံ အမြဲမြင်ကြရ၏၊ ရဟန္တာတက်ပွဲဟူ၍ မကြားဖူး မတွေ့ဖူးကြသော်လည်း မြန်မာပြည်၌ ရဟန္တာပုဂ္ဂိုလ်တွေ အဆက်မပြတ်ရှိနေကြသည်၊ ဘယ်အခါမှ ရဟန္တာပုဂ္ဂိုလ် မသိတ်ပါ၊ ဘုန်းကြီးသိထားတာတွေ အများကြီးရှိသည်။

ရှေးခေတ်အဆက်ဆက်၌လည်း ရှိခဲ့သည်၊ ယခုလည်းရှိဆဲ၊ နောက်လည်း ရှိနေကြဦးမည်သာဖြစ်သည်၊ ဘယ်ပုဂ္ဂိုလ် ရဟန္တာဖြစ်ပါသလဲဟု မေးလျှင် လက် ညှိုးထိုးပြရန် မဖြစ်နိုင်ပါ၊ ရဟန္တာပုဂ္ဂိုလ်က 'ငါရဟန္တာ'ဟု ပြောလေ့မရှိကြ ပါ၊ ဘယ်ဆရာတော်ဘယ်နေ့က ရဟန္တာဖြစ်ခဲ့သည်ဟု မိမိ ကိုယ်တိုင်သိသော် လည်း သူတစ်ပါးမသိအောင် လျှို့ဝှက်နေတတ်ကြသည်၊ ဘုန်းကြီးမှာ ဘုရား ဆုန်သင်ပြီး ပါရမီဖြည့်နေသော (ဆုတော်ရှင်) ဖြစ်သည်၊ ရဟန္တာပုဂ္ဂိုလ်ဖြစ် နေသလ ဟု ယင်ကြေးပြောကြသူ များနေ၍ နားရှင်းကြရန် ပွင့်လင်းစွာပြော ပါသည်။

ဤသား ဆရာတော်ကြီး ဟောပြောပြသဆိုသုံးမသွားသော တရားအမြုတေ ရတနာများမှ အစိတ်အပိုင်း အနည်းငယ်မျှဖြစ်ပါသည်၊ လိုက်နာကျင့်သုံးနိုင် ကြစေရန် တောင်တန်းနယ်ခြား သာသနာပြုဆရာတော်ကြီး၏ ဓမ္မလက်ဆောင် မွန်အဖြစ် တင်ပြအပ်ပါသည်။

စိတြ

# စာဖတ်ပရိသတ် တရားနာရသူဘက်မှအမြင်

## အသက်ကြီးသော်လည်း လက်သီးမဖြေသောပုဂ္ဂိုလ်ကျော်

ဓမ္မဗျူဟာ (၁၃၄၇-ခု၊ ဝါခေါင်-ဘော်သလင်းလထုတ်) စာစောင်မှ အရှင်ယုဇန (ရန်အောင်)၏ ဆောင်းပါးကို ထုတ်ပြပါမည်၊ ဤအရှင်၏ စာဖတ်ပရိသတ်ထဲမှ ကိုယ်တိုင်ဟောပြောသောတရားပွဲသို့ကြုံကြိုက်၍ အတွေ့အကြုံ မျက်မြင်ကိုယ်တွေ့ ကြားနာရချက်ကို (သူမှတ်မိသမျှ) ဘုန်းကြီး၏ ရေးနည်းရေးဟန် အတုယူကာ 'ဤအရှင်'ဟူ၍ သုံးနှုန်းရေးသားချက် ဖြစ်သည်၊ ရဟန်းပုဂ္ဂိုလ် အတော်များများ ဘုန်းကြီး၏ရေးနည်းကို အတုလိုက်နေကြပုံ တွေ့ရ၏၊ ဤဆောင်းပါးရှင် ရန်အောင်ယုဇန ရေးသားပုံသည် အတော်နီးစပ်သည်၊ စကားကြော မရှည်၊ လိုချင်သောကြောင်းရာ တိုတိုကောက်၍ စကားသံရှင်းရှင်းနှင့် အတော်ညက်ညောအောင်ရေးတတ်ပုံ ချီးကျူးပါသည်။

## ပရိသတ်လိုလားသော တရားပွဲ

အချိန်မှာ ၁၃၄၆-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက် (၃၀-၁-၈၅)နေ့ ညနေ ၆-နာရီအချိန် ရန်ကုန်မြို့၊ အာဇာနည်ဗိမာန်လမ်း၊ ရွှေတိဂုံဘုရားကြီး ထီးတော်ရိပ်အောက်ရှိ မင်္ဂလာဗျူဟာအသင်းချုပ်အဆောက်အအုံ မြေညီထပ်၌ သံဃာတော်များ, သီလရှင်များ, လူအမျိုးသား အမျိုးသမီးပရိသတ်များဖြင့် ပြည့်ကျပ်နေလေသည်၊ နောက်ထပ်လည်း ဝင်လာမစဲ တသဲသဲရှိနေသဖြင့် တာဝန်ရှိပုဂ္ဂိုလ်များက ကုလားထိုင်လွတ်များ ချပေးနေရသည်မှာ လက်မလည်နိုင်အောင် ရှိနေကြရသည်။

ညနေ ၆-နာရီ တရားပွဲစမည်ဟု ကြေညာထားသဖြင့် ဤအရှင်တို့တတွေ ၅-နာရီခွဲကတည်းက ရောက်နှင့်နေကြ၏၊ သို့သော် ၆-နာရီခွဲသည့်တိုင်အောင် မြေလျှောက်ဓမ္မကထိကပုဂ္ဂိုလ်ကြီး ရောက်မလာသေးချေ၊ တာဝန်သိပုဂ္ဂိုလ် တစ်ဦးက မိုက်ကရိုဖုန်းမှနေ၍ 'ပုဇွန်တောင်မှာ တရားဟောနေရ၍ အနည်းငယ် နောက်ကျပါမယ်၊ ခွင့်လွှတ်စောင့်ဆိုင်းနေကြပါရန်နှင့် မကြာမီ ကြွရောက်လာတော့မည် ဖြစ်ပါကြောင်း' ကြေညာပါသည်။

ကြေညာပြီး ၅-မိနစ်ခန့်အကြာ ၆-နာရီ ၃၅-မိနစ်ခန့် အချိန်တွင် ကြွရောက်လာပြီဖြစ်ကြောင်း ကြေညာသဖြင့် ပရိသတ်များက မိမိတို့ထိုင်ခုံများမှ မတ်တတ်ရပ်လျက် လက်အုပ်ချီ၍ အရိုအသေပြုနှင့်ကြ၏၊ ချက်ချင်းဆိုသလိုပင်

အရပ်အမောင်း မနိမ့်လွန်းမမြင့်လွန်း အသားညိုညို မျက်ခုံးမျက်လုံးကောင်းကောင်းနှင့် သက်နုံးရုံထားသည့် ဆရာတော်ကြီးတစ်ပါးသည် နောက်ပါပရိသတ်များ ခြံရံလျက် လက်တစ်ဘက်က ယပ်တောင်ကြီးကိုကိုင်ပြီး ကျန်လက်တစ်ဘက်ဖြင့် တောင်ဝှေးကြီး ထောက်ကာထောက်ကာ တည်ငြိမ်အေးဆေးသော ဣန္ဒြေဖြင့် ပရိသတ်ရှေ့မှောက်သို့ ကြွရောက်တော်မူလာလေသည်။

## ခေတ်ပုံဆရာတွေက အရအမိ

ဆရာတော်ကြီး တရားပလ္လင်ပေါ်ရောက်သည်နှင့် ခေတ်ပုံဆရာများက ခေတ်ပုံများ အရအမိ တဖျတ်ဖျတ်ရိုက်ယူကြသလို သိပ္ပံးကျမ်းပေါင်းတပည့်ဒကာများကလည်း ဆရာတော်ကြီး၏ ကျန်းမာရေး ချမ်းသာရေးအခြေအနေ မည်သို့ရှိသည်၊ နောက်ရက်များတွင် အစီအစဉ်မည်သို့ရှိသည်၊ မိမိတို့အိမ်များသို့ ကြွရန် အချိန်ပေးနိုင်မပေးနိုင် စသည်တို့ကို လျှောက်ထားလိုက်ကြသည်မှာ ဝိုင်းဝိုင်းလည်နေလေသည်။

သို့ဖြင့် ၆–နာရီ ၄၅–မိနစ်ကျမှ တရားပွဲစတင်နိုင်လေသည်၊ ဤ မြေလျှောက် ဓမ္မကထိကပုဂ္ဂိုလ်ကြီးကား အခြားမဟုတ်၊ ဓမ္မဗျူဟာ၏ ပင်တိုင်ဆောင်းပါးရှင်ကြီး စာဖတ်ပရိသတ်တို့၏ အသည်းစွဲဖြစ်သော တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ ဖြစ်ပါသတည်း။

## ဤဆရာတော်၏စာပေကို အရအမိဖတ်ခဲ့သူ

စာရေးသူ ဤအရှင်သည် မည်သည့်အခါမဆို ဓမ္မဗျူဟာကို တွေ့လိုက်ပြီဆိုမှဖြင့် ဤဆရာတော်ကြီး၏ဆောင်းပါးကို အငမ်းမရရှာဖွေပြီး ပထမဦးဆုံးဖတ်မိသည်ချည်း ဖြစ်၏၊ ဤသည်မှာ မိမိ လူလားမြောက်ချိန်မှစ၍ ယနေ့တိုင်အောင်ဖြစ်ရာ တွက်ကြည့်လျှင် နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။

ယင်းသို့ကြာခဲ့သည်နှင့်အမျှ ဆရာတော်ကြီးအပေါ် စိတ်ထဲမှ ရင်းရင်းနှီးနှီးကြီး ခင်မင်ကြည်ညို လေးစားခဲ့သည်မှာလည်း ကြာလှပြီဟု ဆိုရပါမည်၊ သို့သော် ပုဂ္ဂိုလ်ကိုယ်တိုင်ကိုကား တစ်ခါမှ ဖူးတွေ့ခွင့်မကြုံခဲ့ပါ၊ ယခုနှစ်တွင်မှ တိုက်တိုက်ဆိုင်ဆိုင် ဖူးခွင့်ကြုံရခြင်း ဖြစ်ပါ၏။

ကြုံရပုံမှာ ဤအရှင်သည် မင်းကွန်းတောင်ရိုးမှ ရန်ကုန်သို့ ခေတ္တလာရောက်၍ စာဖြေရသူ ဖြစ်၏၊ စာဖြေပြီး၍ အပန်းဖြေရက်အနည်းငယ်ရထားရာ နောက်လေးရက်ဆိုလျှင် မင်းကွန်းသို့ ပြန်ရတော့မည်ဖြစ်သည်၊ မပြန်ခင် ရက်ပိုင်းကလေး

အလိုမှာ ဆရာတော်ကြီးတရားပွဲနှင့် တိုက်ဆိုင်ကြုံတွေ့ရသဖြင့် ဤအရှင်အဖို့ ဝမ်းသာလိုက်ပုံမှာ ပြောဖွယ်ရာမရှိပြီ၊ သို့ဖြင့် စာဖြေဖက် သီတင်းသုံးဖော်များနှင့်အတူ မြိုင်မြိုင်ကြီး တရားနာသွားဖြစ်ခဲ့ကြခြင်း ဖြစ်ပါသည်။

## မြေပြန့်ခရီးစဉ်နှင့် သက်ရှယ်တော်

ရှေးဦးစွာ သံဃာတော်များအပါအဝင် ပရိသတ်များက ဆရာတော်ကြီးကို မတ်ဘတ်ရပ် လက်အုပ်ချီ ကန်တော့ကြသည်၊ ကန်တော့ပြီးသောအခါ ဆရာတော်ကြီးက လူပရိသတ်များအား ငါး၂ါးသီလ ချီးမြှင့်တော်မူပါသည်၊ ပါဠိဂါထာတစ်ပုဒ်ရွတ်၍ အနက်ပေးကာ တရားစတင်ဟောကြားပါသည်၊ သတ္တဝါအားလုံး ကံဘုရားကိုယ်စီနှင့် ကံဘုရားတွေ ကိုယ်တိုင်ဖန်ကာ သံသရာကျင်လည်နေကြရပုံ တရားအချီဥဒါန်းမှာ ကံတရာကို ကိုယ်တိုင်ကြိုက်သလို ဖန်တီးသွားနေကြကြောင်း အခြေခံအဖြစ် ဟောကြားခြင်းဖြစ်သည်။

ဆက်လက်၍ 'ဘုန်ကြီး နယ်ခြားတောင်ပေါ်မှ ဆင်းလာလျှင် ကလေးမြို့၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းမြို့များမှစ၍ မိတ္ထီလာ၊ ရေနံချောင်း၊ မကွေး၊ အောင်လံ၊ မကွေးတိုင်းအတွင်းမြို့များ၊ ပြည်မြို့၊ ထို့နောက် ကြံခင်း၊ မြန်အောင်၊ ကနောင်၊ ဟင်္သာတမြို့၊ သောင်ကြီးရွာနှင့် ဓနုဖြူမြို့၊ ရော့ဂတီတိုင်း၊ ဆက်လက်၍ ရန်ကုန်၊ ပဲခူး၊ မွန်ပြည်နယ်၊ သထုံ၊ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ကျိုက္ခမိ စသောမြို့များ၊ ကရင်ပြည်နယ်၊ ဖားအံမြို့၊ တနင်္သာရီတိုင်းအတွင်း ထားဝယ်မြို့၊ မြိတ်ကျွန်းနှင့် ကော့သောင်မြို့စသည်ဖြင့် တိုင်းနှင့်ပြည်နယ်မြို့ရွာအများသို့ ခရီးလှည့်လည်လာခဲ့ကြောင်း၊ ယခုခရီးစဉ်စတင်ပြီး မိမိအသက်ထိုအချိန်တွင် ၇၅–နှစ် ရှိပြီဖြစ်ကြောင်း၊ မြေလျှောက်ဓမ္မကထိကအဖြစ် တောင်တန်း နယ်ခြား၌ သာသနာပြုနေခဲ့သည်မှာ နှစ်ပေါင်း (၅၀) ကျော်ပြီဖြစ်ကြောင်း' ဟောပြောသဖြင့် ဤစာရေးသူအရှင်သည် ဆရာတော်ကြီးကို စူးစိုက်စွာ အကဲခတ်၍ ကြည့်မိသည်။

## သက်ရှယ်ကြီးသော်လည်း မအိုသေးပါ

အများသော အဘိုးအိုတို့ကဲ့သို့ တုန်တုန်ချည့်ချည့်မဟုတ်၊ ခါးကိုင်းနားထိုင်းခြင်းလည်း မရှိသေးပါ၊ မျက်မှန်လည်း မတပ်ရသေးပါ၊ အသားအရေတို့ကလည်း စိုပြည်ကြည်လင်ဆဲ၊ အသံကလည်းမာဆဲ ကြားနေရသည်။

သည်တော့ 'တောကြီးတောင်ကြီးထဲတွင် အစားဆင်းရဲ အနေဆင်းရဲ နေရပါလျက် ဤမျှ ကျန်းမာရေးဒေါင်ဒေါင် မြည်နေသည်မှာ နတ်ဆေးဂမုန်း အစွမ်း ပါကောင်းပါမည်ဖြစ်သော်လည်း ငင်စစ်မှာ မေတ္တာစိတ်သာလျှောက်ပြီး ဖြစ် ပေလိမ့်မည်'ဟု ဤအရှင်စဉ်းစားနေမိဆဲမှာပင် ဆရာတော်ကြီးက ဆက်လက်၍—

'ချင်းတွေက မိမိကို အံ့သြနေကြကြောင်း၊ ဘုန်းကြီးသခင်ကြီးဟာ တို့ ကျောင်းသားငယ်ဘဝ၊ မူလတန်းသင်တုန်းကလည်း တောင်ရိုးပေါ် ခြေကျင် လျှောက်နေခဲ့တယ်၊ နောက်အလယ်တန်းကျောင်း, အထက်တန်းကျောင်း ရောက် ကြပြီးကျောင်းထွက်၊ အလုပ်အကိုင်နှင့် အိမ်ထောင်သည် ဘဝရောက်တော့လည်း ဒီလိုပဲ၊ တို့အမိဖာဘတွေလည်း သေကုန်ကြပြီ၊ တို့လည်းပင်စင်ရလို့ အိုခဲ့ကြပြီ၊ ဘုန်းကြီးသခင်ကြီးတော့ တောင်ရိုးလျှောက်နေတုန်း၊ ရုပ်သွင်ကလည်း သည်ပုံစံ အတိုင်းပဲ၊ သူ့မှာ အိုဘယ်လို့မရှိဘူး၊ ကေန္တ သည်သခင်ကြီးဟာ လူရိုးရိုးတော့ မဟုတ်တော့ဘူး၊ လူထက်ဝက် နတ်ထက်ဝက် ဖြစ်နေပြီထင်တယ်'ဟု ချင်းတွေက ပြောကြကြောင်း အမိန့်ရှိတော်မူ၏။

ဆက်လက်၍ 'အမှန်မှာ သူတို့ထင်ကြသလို မဟုတ်ပါဘူး၊ ဘုန်းကြီး၏ ပင်ကိုနေနည်းမှာ စိတ်ကိုအေးအေးထားတယ်၊ စိတ်အာရုံ ရှင်းရှင်းထားနေတယ်၊ တိရစ္ဆာန်တို့ အသားမစားကြောင်း၊ ခရီးများများသွားကြောင်း၊ စိတ်အာရုံကို မေတ္တာကရုဏာဖြင့် သတ္တလောကခြုံ၍ ဖြန့်ပွားနေကြောင်း၊ ထို့ကြောင့် သူတို့ အထင်ရောက်လောက်အောင် ကျန်းမာနေကြောင်း' အမိန့်ရှိပါသည်။

စကားဆက်လက်၍ 'နယ်ခြားတောင်တန်းသားများသည် ဗုဒ္ဓဘာသာဝင် မဖြစ်ကြသေးပါ၊ နိုင်ငံခြားဘာသာပြုဆရာတို့၏ တပည့်လက်သား ဖြစ်နေကြသူ တို့က များနေကြောင်း၊ နိုင်ငံခြားဆရာတို့က သူတို့၏ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံ များမှလာ၍ မြန်မာနိုင်ငံ အစွန်အဖျားတောတောင်ဒေသများသို့ လာရောက်ကြ ပြီး သူတို့၏ဘာသာရေးအတွက် ငြင်ပန်းဆင်းရဲခံပြီး သာသနာပြုနေကြပါလျက် မြန်မာပြည်သား ပုဂ္ဂိုလ်တော်များက ယခုအချိန်အထိ အားမထုတ် ကြသေး ကြောင်း၊ တကယ်စိတ်ကောင်းစေတနာနှင့် ကြိုးစားချင်ကြတဲ့ ပုဂ္ဂိုလ်များပေါ် ပေါက်လာစေချင်ပါကြောင်း' အမိန့်ရှိပါသည်။

ထိုနောက်ဆက်လက်၍ 'သတ္တိဗျတ္တိရှိရခြင်း၊ ခရီးများများ သွားနိုင်ခြင်း အဆင်းရဲခံနိုင်ခြင်း၊ ဘာသာစကား တတ်ကျွမ်းရခြင်း၊ ထကြွလုံ့လ ဝီရိယရှိရခြင်း သည်းခံနိုင်မှုပြည့်ဝခြင်း၊ မေတ္တာကရုဏာ စိတ်ထားနေတတ်ခြင်း'ဟူသောတောင်တန်း၊

သာသနာပြု ပုဂ္ဂိုလ်များ၏ လိုအပ်သော အရည်အချင်းများကို ထုတ်ဖော်ညွှန်ပြတော်မူပါသည်။

## လူလောကကို ဘယ်လိုကျင်လည်နေကြမလဲ

ဆရာတော်ကြီးက 'လူလောကကို ဘယ်လို ကျင်လည်ကြမလဲ'ဟူသော ခေါင်းစဉ်ဖြင့် ဆက်လက်ဟောကြားရာတွင် စိတ်ရင်းစေတနာက ကံကိုဖန်တီးကြောင်း၊ စိတ်သည်မကောင်းမှု၌သာ မွေ့လျော်နေတတ်သဖြင့် စိတ်သွားတိုင်းကိုယ်မပါကြဖို့ လိုကြောင်း၊ ချင်းတွေကို တရားဟောတဲ့အခါ 'သူတစ်ပါးကိုလက်ကျိုးဖြစ်အောင်လုပ်လျှင် တစ်နေ့တွင် မိမိလက်ကျိုးဖြစ်ရမယ်၊ သူတစ်ပါးကို ခြေကျိုးဖြစ်အောင်လုပ်လျှင် နောင်တစ်နေ့တွင် မိမိ ခြေကျိုးဖြစ်ရမယ်၊ သူတစ်ပါးကို မျက်စိကန်းအောင်လုပ်မိလျှင် နောင်တစ်နေ့တွင် မိမိ မျက်စိကန်းသူဖြစ်ရမယ်' စသော ကိုယ်ချင်းစာတရားကို သူတို့နားလည်အောင်ဟောပေးရသည်၊ ဤနေရာတွင် ဆရာတော်ကြီးက ချင်းဒကာတို့အား ချင်းစကားနှင့် ဟောကြားပုံကိုပါ ရွတ်ဆိုပြပါသည်။

မြတ်စွာဘုရားရှင်၏ သိမ်မွေ့သော အနိစ္စသဘာဝ, ဒုက္ခ၏ သဘာဝ, အနတ္တ၏သဘာဝဖြစ်နေကြပုံကို သဘောတရားအနေဖြင့် သူတို့နားလည်လောက်အောင် လက်တွေ့သာဓကပုံစံတို့ကိုပြ၍ ဟောကြားပေးရကြောင်း စိတ်ဝင်စားဖွယ်ရာ အကျယ်ဟောပါသည်။

## မေတ္တာတရား အလွယ်ပွားနည်း

ဆရာတော်ကြီးက မေတ္တာတရား အလွယ်ပွားနည်းကို ဆရာတော်ကရှေ့မှတိုင်ပေး၍ ပရိသတ်ကနောက်မှလိုက်ဆိုရပါသည်၊ 'နတ်လူသတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ'ဟူ၍ မြန်မာလိုဖြစ်ပါသည်။

သံသရာတစ်ခွင်ကျင်လည်နေကြရာမှာ သက်သာစွာ ကျင်လည်တတ်နည်းကို ဟောကြားရာ၌ 'သံသရာဟူသည် စာသုံးစကားဖြင့် ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်ဖြစ်ခြင်းကိုဆိုတယ်၊ လူတိုင်းနားလည်အောင် အရပ်သုံးရွာသုံးစကားဖြင့် ပြောရလျှင် သံသရာဆိုတာ ဘဝတွေတပြောင်းပြန်ပြန် ဖြစ်တည်နေကြရခြင်းကို ပြောတယ်၊ တစ်ဘဝပြီးလျှင် နောက်တစ်ဘဝဆက်ကြရတယ်ပေါ့။

'ဘ၀ဆိုသည်ကလည်း ညည့်ခံပွဲအတွက် ဆောက်လုပ်အပ်သော ယာယီမဏ္ဍပ်ကဲ့သို့ ဖြစ်ဘိသတည်းဟု ဆိုကြတာပါ။ ယာယီမဏ္ဍပ်ဆိုသည် ညည့်ခံပွဲပြီးလျှင် ဖျက်သိမ်းပစ်လိုက်သလို လူတို့၏ဘ၀သည် မိမိတို့က အချိန်ပေးသလောက် နေကြရသည်၊ တစ်ဘ၀ ကုန်ဆုံးသောအခါ ရုပ်ခန္ဓာဟောင်းကို သင်္ချိုင်းကုန်းမှာ ပစ်ထားခဲ့ကြပြီး နောက်တစ်ဘ၀သို့ ခရီးဆက်ကြရတာပါ'

## မီးရထား ခရီးသည်တို့ကဲ့သို့

'ဘ၀ခရီးသည်တွေဟာ မီးရထားစီးခရီးသည်တွေနှင့် တူကြတယ်၊ ရထားပေါ်၌ အိပ်သွားသူလည်း တစ်ဘူတာပြီးတစ်ဘူတာ ရထားဆွဲရာ ပါသွားတာပဲ၊ တွေ့ချင်ရာတွေး၍ ငေးချင်ရာငေးလိုက်သွားသူလည်း ပါသွားတာပဲ၊ အဖော်အပေါင်းတွေနှင့် စကားတွေဖောင်နေအောင်ပြောရင်း လိုက်လာသူလည်း ရထားကြီး ဆွဲခေါ်ရာသို့ ပါသွားတာပဲ၊ ဘယ်ပုံစံနှင့်ဖြစ်စေ တစ်ဘူတာပြီးတစ်ဘူတာ ကျော်သွားနေကြရကြောင်း'

'သံသရာခရီးသည်တွေလည်းထိုနည်းအတူ ဘယ်ပုံစံနှင့် လုပ်ကိုင်စားသောက်နေထိုင်ကျင်လည်သူဖြစ်စေ ဘ၀ခရီးကတော့ အနားမရှိ၊ နံနက်မှညနေ နေ၀င်မှနေထွက် တစ်ရက်ပြီးတစ်ရက်ဆက်နေရင်းက လူတွေဟာ ငယ်ရာကကြီး ကြီးရာကအိုသွားနေကြရတာပါ၊ ရပ်တည်ခြင်းမရှိပုံမှာ ရထားစီးခရီးသည်နှင့် အတူတူပင်ဖြစ်ကြတယ်' စသည်ဖြင့် အကျယ်ဟောကြားတော်မူသည်။

ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် မန္တလေးမြို့၌ ရတနာပုံအမည်ရှိ မြန်မာသတင်းစာတစ်စောင် ထုတ်ခဲ့ဖူးသည်၊ အယ်ဒီတာချုပ်က မြန်မာစာပညာရှိကြီး ဘိုး၀ဇီရ ဖြစ်သည်၊ အဝေးရောက်မင်း ဦးအောင်ကြိုးက သူ့အတွက် သံဝေဂရဖွယ် စာတစ်ပုဒ်ရေးပေးရန် တောင်းပန်၍ ဘိုး၀ဇီရက သံဝေဂနိဗ္ဗိန္ဒ တေးထပ်တစ်ပုဒ် ရေးပေးဖူးသည်။

'ပဋိသန္ဓေဇာတိကြောင့်၊ ဇရာဗိုရိပ်လာ' စသောတေးထပ်ကို ရွတ်ဆို၍ အဓိပ္ပာယ်ကို ရှင်းလင်းဟောပြတော်မူပါသည်။

## မြန်မာပြည်သာသနာ ဘယ်ခါမှပတိမ်ကော

ဆရာတော်ကြီးက သာသနာရေးနှင့်ပတ်သက်၍ မြန်မာပြည်၏ အနာဂတ်သာသနာသည် ဘယ်တော့မှ မတိမ်ကောပါဟု ကြိုတင်ခန့်မှန်း၍ လက်ရှိအခြေအနေတွင် ပရိယတ္တိဘက်၌ ထွန်းလင်းနေပုံ၊ ပဋိပတ္တိဘက်၌ တောက်ပြောင်နေကြ

ပုံနှင့် အထက်မြန်မာပြည် ရွှေဘိုနယ်၌ ရေးခေတ်မှတည်ထားခဲ့ကြသော ရဟန္တာ ခေတ်တော်စေတီဟောင်းတော့ များစွာရှိနေကြပုံ၊ မြန်မာပြည်၌ ရဟန္တာပုဂ္ဂိုလ်များ ဘယ်အခါမှ မဆိတ်သုဉ်းနိုင်ပုံ စသည်ကိုလည်း ဟောကြားတော်မူပါသည်။

## အကောင်းဘက်ကိုသာ ကြည့်ရေးပုံ

စာပေအရေးအသားနှင့်ပတ်သက်၍လည်း ဆရာတော်ကြီးက မိန့်တော်မူ သည်မှာ 'စာရေးလျှင် ကောင်းတဲ့ဘက်ကချည်း ကြည့်ရေးတာပဲ' ဟူ၍ ဝေဖန်ကြ ကြောင်း၊ မိမိအနေဖြင့် အများနည်းတူ အတုလိုက်ကြမည်စိုး၍ မကောင်းသော ကြောင်းရာတွေကို မရေးလိုကြောင်း၊ လူလောက၌ ကောင်းကွက်ကြည့်တတ်လျှင် နေရာတိုင်း၌ တွေ့မြင်နိုင်ကြောင်း၊ ဥပမာ–မှန်စီရွှေချထားသော တရားဟော ပလ္လင်ကို ရှေ့ဘက်မှကြည့်လျှင် ချီးကျူးစရာတွေ့မြင်ရ၍ နောက်ဘက်မှ မလှပ သော အချင်းအရာကို ကဲ့ရယ်ပြုခြင်းမျိုးကို ရှောင်ကြောင်း၊ ချီးမွမ်းသင့်သော ရှေ့ဘက်ကိုသာကြည့်၍ ချီးကျူးရမည်ဖြစ်ကြောင်း' ရှင်းလင်းဟောကြားပါ သည်။

နိဂုံးချုပ်အနေဖြင့် သမထနှင့် ဝိပဿနာ ခွဲခြားနားလည်ကြရန် လက္ခဏာ ရေး သုံးပါးကို ဆင်ခြင်သုံးသပ်ပုံ သုံးသပ်နည်းများကို အကျယ်တဝင့်ဟောကြား ၍ ည ၈–နာရီ ၂၇–မိနစ်အချိန်တွင် တရားပွဲ ပြီးဆုံးသွားပါသည်။

## ဝိုင်းဝိုင်းလည်သော ပရိသတ်

တရားပွဲပြီးဆုံးသွားသည်နှင့် ဆရာတော်ကြီးထိုင်ရာ ဓမ္မာသနပလ္လင် ပတ်လည်တွင် ရဟန်းရှင်လူအများ ဝိုင်းဝိုင်းလည်နေကြပြန်သည်၊ သိလိုရာမေးကြ မြန်းကြ လျှောက်ထားကြနှင့် ဆရာတော်ကြီးသည်ပင် တရားပလ္လင်၏ ဝဲဘက်သို့ တစ်လှည့်စီ ငေးငဲ့ကာ ဖြေကြားနေရလေသည်။

ဤစာရေးသူအာရှင်လည်း ကြုံတုန်းကြုံခိုက်ဖြင့်၍ မှတ်တမ်းတင် စာအုပ် ကလေးကို ဆရာတော်ထံကမ်း၍ လက်မှတ်ထိုးပေးပါရန် ပန်ကြားလျှောက်ထား လက်မှတ်ယူပြီးလျှင် ဓာတ်ပုံတွဲရိုက်ခဲ့ပါသေးသည်။

## ဆောင်းပါးတွေ ကြာကြာကြီးဖတ်ရဦးမည်

တရားပွဲမှအပြန်တွင် ဆရာတော်ကြီး၏ကျန်းမာရေးသည် အလွန်ကောင်း လျက် ရှိပါသေး၏၊ ဒီလိုအခြေအနေကောင်းကို မြင်ရခြင်းဖြင့် တို့တတွေ 'ဆရာ

တော်ကြီး၏ ဆောင်းပါးတွေ အကြာကြီးဖတ်ကြရဦးမှာပဲ' ဟူ၍ မိမိတစ်ကိုယ်တည်း ကျေနပ်ဝမ်းမြောက်စွာ တွေးဆလာမိသည်။

တစ်ဖန် ဘောင်တန်းသာသနာပြုအလုပ်တာဝန်ကား ကြီးလေးလှတော့၏၊ ဤတာဝန်ကြီးကို နှစ်ပေါင်း (၅၀) ကျော်အချိန်တိုင်တိုင် တစ်ကိုယ်တည်း ကြိတ်ပုန်း ထမ်းဆောင်လာခဲ့သော ဤဆရာတော်ကြီးသည် အသက်အရွယ်တော်ကြီးရင့်ခဲ့ပြီး ယခုအချိန်အထိ ဆရာဘော်ကြီး၏ တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်နိုင်မည့် အာဇာနည်ပုဂ္ဂိုလ်များ ဟုတ္တိပတ္တိ မပေါ်သေးပါတကားဟု တွေးမိသောအခါ မိမိကိုယ်ကိုလည်း မကျေနပ်နိုင်ပါ၊ မည်သူ့အပေါ် အပြစ်ပုံချရမည်နည်း မသိနိုင်ဘဲ တို့ရဟန်းပုဂ္ဂိုလ်တွေ ဘယ်လဲ ဘာလဲ ဟူ၍သာ စိတ်ရှုပ်ထွေးစွာ မေးခွန်းထုတ်လာမိခဲ့ပါသည်။

မည်သို့ပင်ဆိုစေ အလေးလေးစည်သူ ဘုရင်အိုကြီးသည် တူးရှင်းတောင်ခြေတွင် သူပုန်ဟန်ဆောင်၍ သူ၏ မှူးမတ်စစ်သည်များကို လက်ရုံးရည် အစွမ်းပြလိုက်ရာ မှူးမတ်စစ်သည်များက 'ဤသူပုန်သည် လူသာမန်ဟုတ်မည်မထင်၊ နတ်ဖြစ်ဝံ့ရာ၏' ဟု တစ်သံတည်း ထွက်ဆိုခဲ့ကြဖူး၏။

ထိုနည်းအတူပင် ဤဆရာတော်ကြီးသည်လည်း အသက်အရွယ် ကြီးရင့်တော်မူစေကာမူ နယ်ခြားဘောင်တန်းကြီးများပေါ်တွင် တိုင်းရင်းသားများကို သာသနာပြုတော်မူရင်း သူ၏နှလုံးရည်ကို ပြသနေဆဲဖြစ်၏၊ အသက်ကြီးသော်လည်း လက်သိးမပြေသေးသည့် ဤအာဇာနည်ပုဂ္ဂိုလ်ကြီးသည် ရဟန်းသာမန်ဟုတ်မည်မထင်ပါ၊ ရင့်ကျက်နေပြီးသော ပါရမီရှင် ဗောဓိလောင်းလျာ ရဟန်းပုဂ္ဂိုလ်ကြီးတစ်ပါး ဖြစ်လေသလောဟူ၍ ဤစာရေးသူအရှင် တွေးတောမိပါသတည်း။

ဆရာတော်ကြီး ကျန်းမာ၍ ချမ်းသာစွာဖြင့် သာသနာပြုတော်မူရင်း စာပေဆောင်းပါးအများ ဆက်လက်ရေးတော်မူနိုင်ပါစေ....။

ရန်အောင် အရှင်ယုဇန

# ပရိသတ်တောင်းဆိုသော ကျန်းမာရေး ဆေးနည်းများ

နယ်ခြားတောင် ခြေကျင်ခရီးစဉ်ဆောင်းပါး ရေးနေစဉ် ပရိသတ်က ကျန်းမာရေးအတွက် မေးမြန်းစာတွေရောက်လာ၍ အားနာသဖြင့် ပြန်လည် ဖြေကြားရင်း တဘ်သမျှမှတ်သမျှဆေးနည်းပါ ရခါကြိုကြားထည့်ခဲ့ဖူးရာ ဆက် ၍ တောင်းကြပြန်သဖြင့် ဤအပိုင်းတွင် အနည်းငယ် ညွှန်ကြားပါမည်။

## နှင်းခူ, ပွေး, ဝဲနာ, ဒက်, ဂျွတ်နှင့် အနာစိမ်းပျောက် ဆေးနည်း

ဤအရှင်၏ စာဖတ်ပရိသတ်ထဲမှ ရောဂါသည်အများက စာရေးမေးကြ၍ ဒိဋ္ဌပျောက်ကင်း စိတ်ချရသော နှင်းခူစိုနှင့် နှင်းခူခြောက်, ဝဲစိုဝဲခြောက်, ပွေးနာ, ဂျွတ်နာ, ဒက်နာ, ပြည်တစိုစိုအနာစိမ်းနှင့် ကလေးငယ်အချို့ ဖြစ်ပေါ်တတ် သော နို့ပွေးရောဂါမျိုးအတွက် လက်တွေ့ပျောက်ကင်းနိုင်သော ဆေးနည်း ကောင်းကို ဤတွင်ညွှန်ပြပါမည်။

**ဆေးမည်နှင့် ဖော်စပ်နည်း။** ။ဆေးနည်းကား မခက်ပါ၊ နိုင်ငံခြားထွက် ဆေး မည် မဟုတ်၍ ငွေကုန်ကျစရာ မရှိပါ၊ ကြက် များ၏ အစာအိတ်အတွင်း၌ရှိသော 'အကာ-အမြှေး' ကို ရသမျှစုဆောင်းယူပါ၊ ၎င်းကို ခြောက်အောင် တစ္စ္နင့်ထိုး၍ နေလှန်းပေးပါ၊ ခြောက်လျှင် သွင်ပြား ငယ်ပေါ်တင်၍ ပြာချပါ၊ ပြာမဖြစ်သော်လည်း ညည်းနေအောင်ကျွမ်းသွားလျှင် တော်လောက်ပြီ၊ သံဆုံနှင့် အမှုန့်ထောင်းပါ၊ ၎င်းဆေးမှုန့်ကို အုန်းဆီနှင့်ဖျော်၍ လိုရာ၌ လိမ်းပေးရသည်။ (ဆေးမည်နှင့်ဖော်စပ်နည်း ဤမျှဖြစ်၏)။

ကြက်အကာဟု ခေါ်လေ့ရှိကြသော်လည်း လူအချို့က ကြက်ချေးအိတ် အကာဟူ၍ပြည့်စုံအောင် ခေါ်ပြောကြသည်၊ ကြက်၏ဝမ်းထဲမှရသော အစာအိတ် ကို ခွဲထုတ်၊ အစာများ ဖယ်ထုတ်စစ်လိုက်ပြီး အတွင်းခံ အကာပါးအမြှေးကို ယူရမည်-ဟု နားလည်ပါ၊ ဆေးမည်မှာ ၎င်းသာ အဓိကဖြစ်သည်။

**ပျောက်ကင်းသောရောဂါများ။** ။နှင်းခူ အစိုအခြောက်, ဝဲစိုဝဲခြောက်, ကလေး များ ကျောင်းသား ငယ်များ၏ ခေါင်း၌ ပေါက်တတ်သော ဒက်နာ, ယောကျ်ားအချို့၏ ကပ်ပယ်အိတ်၌ ဖြစ်ပေါ်တတ် သော ယားတတ်သည့် ဂျွတ်နာရောဂါ၊ ကလေးအချို့၌ ဖြစ်ပေါ်တတ်သော နို့ပွေးဟု ခေါ်ကြသည့် ပွေးရောဂါမျိုးကို ပျောက်ကင်း၏၊ ထို့ပြင် အနာစက်

တုခေါ်လေ့ရှိကြသည့် ပြည်တည်စိုစိုနှင့် မပျောက်နိုင်သော အနာစိမ်း၊ အနာစို ရောဂါများ၊ ဖက်ခွက်နာမျိုးနှင့် (ကွေ့နာ) ဟူ၍ ပြောလေ့ရှိကြသော အဆီ တဝင်းဝင်းနှင့် ပျောက်ခဲသော အနာစိုရောဂါများကိုပါ အားလုံးပျောက်ကင်း စေနိုင်သည်။

ဖန်ဆေးပြီးမှ ဆေးလိမ်းရမည်။ ။ဆေးလိမ်းနည်းမှာ အနာများကို ဆေး မလိမ်းမီ ဖန်ရေနှင့်ဆေးပေးရမည်၊ မာလကာ ခေါက်ဖြစ်စေ၊ တမာခေါက်ဖြစ်စေ၊ ဆီးခေါက်ဖြစ်စေ၊ ကြောင်လျှာခေါက် ဖြစ်စေ တစ်မျိုးမျိုးရရာအခေါက်ကို ရေနှင့်ပြုတ်၍ ၎င်းပြုတ်ရေနှင့်ဆေးပေးပါ၊ အကယ်၍သစ်ခေါက်မရနိုင်လျှင် အဆိုပါအရွက် တစ်မျိုးမျိုးပြုတ်ရေဖြင့် ဆေး ပေးပါ၊ အခေါက်–အရွက် တစ်မျိုးမျိုးမှ မရနိုင်သော ဒေသဖြစ်ပါက ရေနွေး ဖြင့်ဆေးပေးပါ၊ ဖန်ရေမဆေးဘဲ ဆေးမလိမ်းပါနှင့်၊ ဖန်ရေဆေးပြီးခါမှ အထက်ဖော်ပြပါ ဆေးမှုန့်ကို အုန်းဆီနှင့်ဖျော်၍ ကြက်တောင်ဖြင့် သုတ်လိမ်း ပေးပါ၊ တစ်ခါလိမ်းရုံနှင့် ပျောက်ကင်းသွားနိုင်သည်၊ အနာကြီး၍ဖြစ်စေ ကြာ လွန်းနေ၍ဖြစ်စေ တစ်ကြိမ်လိမ်းနှင့်မပျောက်သေးလျှင် သုံးကြိမ်ဆက်၍ လိမ်း ပေးပါ၊ တစ်နေ့တစ်ကြိမ် သုံးရက်ဆက်၍ ဖော်ပြပါ အနာမျိုးအားလုံး လူ၏ကိုယ် ခန္ဓာပေါ်မှ ပျောက်ကင်းသွားကြမည်၊ အံ့ဖွယ်ရာ ဒိဋ္ဌပျောက်ကင်းသွားကြပုံကို လက်တွေ့သိကြရပါလိမ့်မည်။

အောင်လံ (မြေထဲမြို့) မင်းလမ်း၊ ကန်းကြီးရပ်၊ ဦးဇော်ဝမ်းထံမှ ရ သော အဆိုပါဆေးနည်းကို ဤအရှင်လက်တွေ့ စမ်းသပ်ပြီးဖြစ်၍ အနာရောဂါ သည် ဒုက္ခဝေဒနာခံစားနေကြရသော ပရိသတ်အား သနားသဖြင့် နည်းပေးခြင်း ဖြစ်သည်။

## မှဲ့ပျောက်ဆေးနည်း

မှဲ့သည် ရောဂါဆိုးမဟုတ်ပါ၊ သို့ရာတွင် မျက်နှာပြင်ပေါ်၌ဖြစ်စေ၊လည် ကုတ်ပေါ်လည်ပင်းပေါ်၌ဖြစ်စေ၊ လက်ဖမိုးပေါ်၌ဖြစ်စေ၊ လူမြင်ကွင်းနေရာ၌ ရှိနေလျှင် ကြည့်၍မကောင်းပါ၊ ကြည့်မကောင်း၍ မှဲ့ကို ဆေးရုံသွားပြလျှင် ဆရာဝန်တို့က လောင်ဆီနှင့်တို့ပြီး အနာဖြစ်စေကာမှ ဆေးကုသပေးကြသည် ဆို၏၊ အဆင်မသင့်လျှင် လွယ်လွယ်နှင့်မပျောက်၊ အနာရင်းနေတတ်ကြသည်၊ ဤအရှင်၏ နည်းကား အနာမဖြစ်ရပါ၊ ၇–ရက်အတွင်း လူမသိ သက်သောင့် သက်သာ ပျောက်ကင်းသွားစေသည်။

လူတို့၏ကိုယ်ခန္ဓာသည် အရေထူနှင့် အရေပါးနှစ်လွှာဖုံးလျက်ရှိနေရာ မှဲ့ဟူသည်အရေထူ၏အပြင်ဘက် အရေးပါး၏အတွင်း၌ ယားစေတတ်သော ပြည်လိုလိုဆီကြည်ချည်စတင်တည်ရာမှ ဖြစ်ပေါ်လာသော သွေးခဲအခြောက်ဖြစ်သည်၊ အမြင်မှာ အမည်းရောင်ဖြစ်နေသည်။

**မှဲ့သတ်နည်း။** ။နည်းမှာလွယ်ကူပါသည်၊ သတ်လိုသော မှဲ့ပေါ်တစ်နေရာ၌ အပ်ဖြင့်သွေးစို့ရုံ အပေါက်ငယ်လုပ်ပါ၊ ပြီးလျှင် သရက်ရွက်အညှာချွေ၍ အညှာထိပ်နှင့်တို့၍ပေးပါ၊ သရက်ရွက်အညှာထိပ်၌ အစေးနည်းနည်းပါမြဲဖြစ်သည်၊ ထပ်ကာ ကြာကြာကလေး တို့၍ကပ်ထားရသည်၊ ဖောက်ထားရာမှ အစေးဓာတ်ဝင်ရောက်သွားရန်ဖြစ်သည်၊ အကယ်၍ မှဲ့လုံးကြီးနေပါက သရက်ရွက်အညှာတစ်ရွက်နှင့်မလုံလောက်ပါ၊သုံးရွက်လေးရွက်ခန့် ချွေ၍ဆက်ကာ နာနာတို့ပေးရမည်၊ တစ်ကြိမ်သာလုပ်ရမည်၊ နေ့စဉ်လုပ်ရန်မလိုပါ။ သရက်ရွက်ညှာထိပ်နှင့်တို့ထားပြီးနောက် ၆-ရက်ကြာလျှင် အဆိုပါမှဲ့ကို ညှစ်ပစ်လိုက်ပါ၊ မှဲ့ဖြစ်နေသော သွေးခဲက ချဉ်၍အရည်ဖြစ်ပြီး အပ်နှင့်ထိုးထားသော အပေါက်မှ မနာမကျင် သွားတိုက်ဆေးဗူးငယ် ညှစ်သကဲ့သို့ လွယ်လွယ်ထွက်လာမည်၊ ထို့နောက် ပျောက်ကင်းသွားပုံ အံ့ဩဖွယ်ရာ တွေ့မြင်ရပါမည်။

မှဲ့ငယ်လျှင် တစ်ကြိမ်နှင့်တစ်သက်လုံး ပျောက်သည်၊ မှဲ့ကြီးလျှင် ထပ်၍ပြည်တည် လာတတ်သည်၊ သို့ရာတွင် သရက်ရွက်ညှာထိပ်နှင့် အထက်ပါနည်းအတိုင်း တို့ပေးပြီးညှစ်ပစ်ပေးသွားပါ၊ သုံးကြိမ်လေးကြိမ်လောက် ထပ်ကာ ပြုလုပ်ပေးသွားပါ၊ ခုံညင်းလောက်ကြီးသော မှဲ့ဖြစ်ပါစေ၊ တစ်သက်လုံး ပျောက်ကင်းသွားပုံ လက်တွေ့သိကြရပါမည်။

သတိပြုရန်မှာ သရက်ပွင့်တံအညှာ, သရက်သီးခိုင်အညှာတို့နှင့် မတို့ပါနှင့်၊ ၎င်းတို့က အစေးပါကြသော်လည်း မကောင်းပါ၊ ရောဂါမပျောက်ခပါ၊ သရက်ရွက်ညှာ၏ထိပ်နှင့်သာ ပုံသေတို့ပေးရမည်ဟု မှတ်ပါ။

## ကြွက်နို့သတ်နည်း

ကြွက်နို့သည် အဖိုအမဟူ၍ နှစ်မျိုးရှိ၏၊ အဖိုသည် စတင်ဖြစ်ပေါ်လာကတည်းက တစ်လုံးတည်းဖြစ်သည်၊ တိုးပွားလာခြင်း မရှိပါ၊ သို့ရာတွင် ၎င်းတစ်လုံးတည်းက လူ၏ကိုယ်ခန္ဓာပေါ်၌ ကျောက်တိုင် စိုက်ထူထားသကဲ့သို့ တစ်သက်လုံးသေသည်အထိ ပျောက်ကွယ်သွားခြင်းမရှိဘဲ အမြဲအစွဲ တည်နေတတ်သည်၊ ကြွက်နို့အမဆိုသည်မှာ စဘင်ဖြစ်ပေါ်လာစဉ်က တစ်လုံးတည်းဖြစ်သော်

လည်း မကြာခင် အဆွယ်အပွားတွေနှင့် တိုးပွားလာလေ့ရှိကြရာ နှစ်လုံးမှစ၍ အရေအတွက်များစွာ ပေါ်ပေါက်လာတတ်သည်၊ ခြေဖမိုးတစ်ဖက်မှ အခြားတစ်ဖက်သို့ကူးစက်၍ ခြေသလုံး၊ ဒူး၊ ပေါင်အထိ ကြည့်မကောင်းအောင် တိုးပွားနေကြပုံကို လူအချို့၌ ရံခါ မြင်ဖူးကြပေလိမ့်မည်။

တစ်လုံးသတ်လျှင် အားလုံးသေ၏။ ။သို့ရာတွင် မည်မျှပင်များပြားနေစေကာမူ ရှေးခေတ် ဗမာနည်းကား လွယ်ပါ၏၊ 'တစ်ယောက်ကောင်းက တစ်သောင်းမိုလ်ခြေ ညက်ညက်ကျေ၏'ဟူသောရာဇဝင်စကားပုံကဲ့သို့ တစ်လုံးသတ်လျှင် အားလုံးသေကြ၏။

ကြွက်နို့သတ်နည်းကောင်း။ ။မည်မျှပင်များပြားနေစေကာမူ 'အစဆုံးပေါ်ပေါက်လာသော ကြွက်နို့ဟာ ဘယ်အလုံးဖြစ်သလဲ'ဟု မေးပါ၊ ကာယကံရှင်ကသိကြပါသည်၊ 'ဒီဟာပဲ'ဟူ၍ ညွှန်ပြလျှင် ထိုကြွက်နို့တစ်လုံးတည်းကိုသာ အပ်ငယ်ဖြင့် ထုတ်ချင်းပေါက်အောင် ဂန့်လန့်ထိုးဖောက်ပေးပါ၊ နာကျင်ခြင်း မရှိပါ၊ အမိပွာယ်က အပေါက်လိုချင်၍ဖြစ်သည်၊ ထို အပေါက်ငယ် အတွင်း၌ကြောင်၏နှုတ်ခမ်းမွေးတစ်ပင်ကို ဖြတ်ယူ၍ထိုးသွင်းထားပါ၊ ၆-ရက်ကြာအောင် ထိုးသွင်းထားရမည်၊ အကယ်၍ကျွတ်ကျသွားလျှင် ကြောင်နှုတ်ခမ်းမွေး တစ်ပင်အသားထိုး သွင်းပေးထားပါ၊ ဤနည်းဖြင့် ၆-ရက်အတွင်း ကျွတ်ကျသွားတိုင်း အစားထိုး၍ ပေးသွားရမည်။

၆-ရက်ကြာပြီး၍ ၇-ရက်မြောက်သောအခါ မိမိ၏ခန္ဓာကိုယ်ပေါ်၌ရှိသမျှသော ကြွက်နို့အားလုံးကို လက်ဝါးဖြင့် ပွတ်သပ်ချလိုက်ပါ၊ ခြောက်နေကြပြီ ဖြစ်၍ အားလုံးအလွယ်သာ မနာမကျင် ကွာကျသွားပုံကို အံ့ဩဖွယ်ရာ လက်တွေ့သိကြရပါမည်၊ ထိုသူ၏ကိုယ်ခန္ဓာပေါ်၌ တစ်သက်လုံး ဘယ်သောအခါမှ ကြွက်နို့ပေါ်လာခြင်း မရှိတော့ပါ၊ ကြွက်ကို ကြောင်နိုင်သည်ဟု မှတ်ပါ။

ဤနည်းကောင်းကို ဘယ်ဆေးကျမ်းတွင်မှ တွေ့ဖူးကြမည် မဟုတ်ပါ၊ ဘယ်တိုင်းပြည်က ဆေးကျမ်းမှ ရေးသားဖူးခြင်းမရှိကြ၍ ဘယ်တိုင်းပြည်က ဘာလူမျိုးမှ ကြားဖူးကြမည် မဟုတ်ပါ၊ မြန်မာတို့၏ ရှေးဟောင်းလျှို့ဝှက်ပညာရပ်အများကြီးရှိနေသည့်ကြားထဲမှ အသေးအဖွဲ့တစ်မျိုးသာ နမူနာအဖြစ် ဖော်ထုတ်ပြခြင်း ဖြစ်သတည်း။

## ဒူလာလိပ်ခေါင်းပျောက် ဆေးနည်း

လူအချို့၌ဖြစ်တတ်ကြသော လိပ်ခေါင်းရောဂါနှင့်စပ်လျဉ်း၍ ဤအရှင်ထံသို့ ရောဂါသည်အချို့ စာရေး၍ ဆေးနည်းရှိပါသလားဟု မေးကြသည်၊ သူတို့

ခံစားနေကြရသော ရောဂါအခြေအနေကို ဖော်ပြကြသည်၊ ကုသမှုခံယူခဲ့ရပုံကြောင်းရာစုံ အတိုချုပ်ကိုလည်း ဖော်ပြကာလျှောက်ကြ၏၊ ဆရာဝန်ကုသနည်းက လိပ်ခေါင်းကို ဖြတ်တောက်ပစ်ကြကြောင်း၊ ဗိန္ဒောဆရာတို့က လိမ်းဆေးပေး၍ စားဆေးလည်း စားစေကြကြောင်း၊ သို့ရာတွင် ခေတ္တသာ အခြေအနေကောင်းသလိုရှိပြီး ကောင်းစွာပျောက်ကင်းခြင်းမရှိပါ၊ ထပ်ကာ ဖြစ်ပေါ်ခံစားနေရ၍ စိတ်အားလျော့နေကြောင်းဟူ၍ သူတို့၏စာများ ဖတ်ရ၏။

ဤအရှင်နည်းကား မဖြတ်ရပါ၊ လိမ်းဆေးတစ်မျိုးသာ လိမ်းပေးရုံနှင့် ချက်ချင်းသက်သာပြီး ၃-ရက်အတွင်းလုံးဝပျောက်ကင်းစေ၏၊ လက်တွေ့ဆေးနည်းဖြစ်သည်၊ ဥပမာ-ကျောင်းဆရာတစ်ယောက်မှာ လိပ်ခေါင်းရောဂါ ဆိုးဝါးစွာ ခံစားနေရ၍ အော်ညည်းနေရစဉ် ဤဆေးကိုလိမ်းစေရာ ချက်ချင်းသက်သာ၍ နေသာထိုင်သာဖြစ်လာသည်၊ ၃-ရက်အတွင်း လုံးဝပျောက်ကင်းသွားလေသည်။

**ဆေးမည်နှင့် လိမ်းနည်း။** ။ဆေးကား နတ်ဆေးဂမုန်းဖြစ်သည်၊ ၎င်းပင်ရိုးကို ရေနှင့်သွေး၍လိမ်းပါ၊ အကယ်၍ အပင်ရိုးဖြစ်စေ၊ အမြစ်ဖြစ်စေ မရဘဲ ထောင်းပြီးအမှုန့်ဖြစ်နေလျှင် ၎င်းအမှုန့်ကို ရေနည်းနည်းနှင့်ဖျော်၍ အနာပေါ်၌ သုတ်လိမ်းပေးပါ၊ တစ်နေ့လျှင် ၃-ကြိမ်လိမ်းပါ၊ ၃-ရက်ဆက်၍ လိမ်းပေးပြီးလျှင် ထိုရောဂါမှ တစ်သက်တာပတ်လုံး ပျောက်ကင်းသွားလိမ့်မည်၊ မျက်လှည့်ပြသကဲ့သို့ အံ့ဩဖွယ်ရာ ရောဂါပျောက်ကင်းသွားပုံကို လက်တွေ့သိရပါလိမ့်မည်။

**ဆီးထောင့်နှင့် ဆီးကိုက်ရောဂါ။** ။မြောက်ဥက္ကလာပမြို့တစ်နေရာ အဘိုးကြီးတစ်ဦးက ဆီးကိုက်ရောဂါခံစားနေရပုံကို နွေရာသီတွင် ပို၍ဆိုးကြောင်း စာရေး၍ ဆေးနည်းတောင်းဖူး၏၊ စစ်ကိုင်းမြို့နယ်တောကျေးလက်ရွာကြီးတစ်ရွာ၌ နေထိုင်သော အစိုးရဝန်ထမ်း ပင်စင်စားကြီးတစ်ဦးက သူ့မှာ ဆီးထောင့်ရောဂါဖြစ်နေကြောင်း၊ ဆီးသွားသောအခါ ဖြောင့်ဖြောင့်စီးထွက်ကြခြင်းမရှိ၍ ဒုက္ခကြီးစွာခံစားနေရပုံ ကြောင်းရာစုံရေး၍ ရောဂါပျောက်ဆေးနည်း တောင်းဖူး၏။

အဆိုပါအားကိုးလိုသူ ၂-ဦးတို့၏ ရောဂါသည် ဆီးမကောင်းရောဂါ မဟုတ်ပါ၊ ဆီးရောဂါအစစ်အမှန် မဟုတ်ပါ၊ ဆီးကိုက်သည်ဟူ၍ မရှိပါ၊ ကိုက်ခြင်းသည် သွေးပြည်၏သဘောဖြစ်၏၊ ဆီးတွင်ပြည်မပါ၍ မကိုက်နိုင်ပါ၊ ဆီးပူခြင်း, အောင့်ခြင်း, အေးခြင်း, နည်းခြင်း, များခြင်း, ကျန်ခြင်း, ချုပ်ခြင်း, ခန်းခြင်းသဘောသာ ဖြစ်တတ်သည်၊ ကိုက်ခဲခြင်းသဘော မရှိပါ၊ ဆီးရည်သည်

ဆီးအိတ်အတွင်း၌ ခေတ္တမျှရပ်တည်၍ လျှော ချင်လာလျှင် ထုတ်ပစ်ရမြဲဖြစ်သည်၊ ကိုက်ခြင်းသည် ဆီးကမဟုတ်နိုင်ပါ၊ ဆီးသွားလမ်းကျင်ချောင်းအတွင်း၌ အနာ ငယ် တစ်ခုံတစ်ရာရှိနေခြင်း ဖြစ်ပါလိမ့်မည်၊ ထိုအနာငယ်က ကိုက်ခဲခြင်း ဖြစ်တန် ရာသည်၊ ဆေးရုံသွား၍ ဓာတ်မှန်ရိုက်ကြည့်လျှင် သိသာနိုင်ပါမည်။

'ဆီးထောင့်ခြင်း' ဆိုသည်ကို ပြောမည်၊ ဆီးသည် ရေဖြစ်၍ ထောင့်နေ ရန် အကြောင်းမရှိပါ၊ ဆီးထွက်ကျရာလမ်းကြောင်းအတွင်း၌ အဖုငယ်ကလေး တစ်ခုခုသော်လည်းကောင်း၊ ကျောက်သော်လည်းကောင်း ရှိနေခြင်း ဖြစ်ရမည်၊ ၎င်းတို့က ခုံတားဆီးနေခြင်း ဖြစ်သည်၊ ဥပမာ–ကျဉ်းသောရေစီးကြောင်း အတွင်း၌ ကျောက်ခဲစသည် တစ်စုံတစ်ရာက ခုံနေလျှင် ရေလွယ်ကူစွာ စီးဆင်း နိုင်ခြင်း မရှိသကဲ့သို့ ဖြစ်ပါလိမ့်မည်၊ အဆိုပါရောဂါသည် ၂–ဦးတို့အား နုတ် ဆေးဂမုန်းကို ရေနှင့်သွေး၍ လိမ်းပေးကြရန် ညွှန်ကြားလိုက်သည်၊ လုံးပြီး အခြောက်ဖြစ်စေ အမြစ်ဖြစ်စေ ရရာနုတ်ဆေးဂမုန်းကို ရေနှင့်သွေးပြီး လိင်ချောင်း ပတ်လည်၌ အပြင်မှ လိမ်းပေးရမည်၊ နေ့စဉ် တစ်နေ့လျှင် ၃–ကြိမ် မှန်မှန် လိမ်းပေးပါက သက်သာပျောက်ကင်းပါမည်။

**အကြောတစ်ထောင် ဆီးဆေးပင်။** ။အကြောတစ်ထောင်ဆီးဆေးပင်မျိုးသည် မြက်ပင်များအကြား၌ ပေါက်လေ့ရှိကြ သော ပေါင်းပင်ငယ်မျိုး ဖြစ်သည်၊ ရေခြောက်သော လယ်မြေ, ခြံမြေ, ယာခင်း မြေနှင့် လူနေအိမ်ပတ်ဝန်းကျင် တဲပတ်ဝန်းကျင်မြေပေါ်၌ ပေါက်လေ့ရှိကြ သည်၊ မြန်မာပြည်တွင် တိုင်းနှင့်ပြည်နယ်ဒေသတိုင်း၌ မိုးတွင်းရာသီအခါ ပေါက်လေ့ရှိကြသည်၊ ဆောင်းရာသီအတွင်း ရှာဖွေ၍ တွေ့နိုင်သည်၊ နွေရာသီ၌ လည်း မြေစိုသောဒေသ၌ ရှင်သန်နေကြဆဲ ရှိတတ်သည်၊ ထိုဆေးပင်မျိုးကို သိသူများကြ၍ ထပ်ဆင့်မေးမြန်းကြည့်လျှင် သိသူများက အလွယ်ပြောပြကြပါ လိမ့်မည်။

**ထန်းလျက်နှင့် သုံးခွက်တစ်ခွက်တင်။** ။အဆိုပါအကြောတစ်ထောင် ဆီးဆေး ပင်ကို နုတ်ယူ၍ ရေနှင့်ကျိုချက်ပါ၊ ထန်းလျက် ချိုလောက်ရုံထည့်၍ သုံးခွက်လျှင် တစ်ခွက်တင်ကျအောင် ကျိုချက်ပြီး သောက်ပါ၊ ကျောက်တည်ရောဂါ ပျောက်၏၊ ကျောက်ကို ကျေသွားစေသည်၊ ကျင်ချောင်းတွင်း၌ရှိသော အနာအဖုငယ်များကို ပျောက်ကင်းသွားစေသည်၊ လက်တွေ့ဆေးနည်းကောင်း ဖြစ်၏။

## ယောကျ်ားတို့အတွက် ကျန်းမာရေးဆေးနည်းများ

ဤတွင် ယောကျ်ားတို့အတွက် ကျန်းမာရေးကိုညွှန်ကြားပါမည်၊ ကျန်းမာရေး ချို့တဲ့နေရှာကြသော အဘိုးကြီးတွေအချို့က သူတို့၏ကျန်းမာရေး ဘယ်ပုံဘယ်နည်း ချို့ယွင်းနေကြပုံ အကြောင်းရာစုံကို စာရှည်ကြီးတွေရေးသား၍ ဤအရှင်ထံသို့ပို့ကြသည်၊ ဘယ်ပုံဘယ်နည်းပြုပြင်သင့်ကြောင်းနှင့် ဘယ်လိုဆေးဝါးဖြင့် ကုစားရမည်နည်း ဟူ၍လည်း မေးလျှောက်ကြ၍ ပြန်လည်ဖြေကြားပေးမည့် ညွှန်ကြားစာကို အားကိုးကြီးစွာနှင့် အသနားခံ တောင်းဆိုတတ်ကြသည်။

သူတို့၏ လျှောက်စာကို အခြေအနေအလိုက် တစ်ဦးချင်းထံသို့ ပြန်ကြားခဲ့ပါသည်၊ သို့ရာတွင် ဟိုမှသည်မှ တစ်ယောက်ပြီးတစ်ယောက် ဆိုသလို အလားတူစာတွေက ထပ်ကာလာနေကြ၍ မပြီးပြတ်နိုင်အောင် ဖြစ်နေသည်၊ ကြာသော့ ဖြေကြားနေရသူအဖို့ငြီးငွေ့လာသည်၊ တစ်ခါတည်းအပြီး ဆောင်းပါးတွင် ထည့်ရေးလိုက်ခြင်းက ခရီးရောက်၍ ပြီးမြောက်လိမ့်မည်၊ စာဖတ်ပရိသတ်အများလည်း ဗဟုသုတရကြ၍ သားစဉ်မြေးဆက် အဆင့်ဆင့် ပြောကြားပေးသွားနိုင်မည်ဟု တွေးဆ၍ ထိုအတိုင်းပင်ရေးမည်ဟု ကြံရွယ်ချက်ထား၏၊ သို့သော် စာဖတ်သူတို့က စောင့်မျှော်နေကြသလောက် ကလောင်ရှင်ကား ရေးချင်စိတ်အားနည်း၍ မရေးဖြစ်နိုင်ပါ၊ အချိန်တွေသာမျော၍ နှစ်တွေသာ ကြာညောင်းလာခဲ့သည်။

**ရေးစရာတွေကား များစွာပင်။** ။ရေးမည်ဆိုက စာပေဗဟုသုတနှင့် အကြားအမြင် အတွေ့အကြုံ သက်ကြီးစကား သက်ငယ်ကြား အဆင့်ဆင့် ကြားသိရဖူးသော ဗဟုသုတများကို ပေါင်းစပ်၍ အတော်ကြီးပြည့်စုံအောင် ရေးနိုင်ပါသည်၊ ရောဂါသည် သက်ရွယ်ကြီးအများက ဤအရှင်၏ ညွှန်ကြားချက်ကိုသာထူးခြားသည် ထိရောက်သည်ဟူ၍ အားကိုးကြီးစွာလိုလားကြသည်၊ သူတို့အမြင်က ဤအရှင်ကို 'ထင်ရှားထက်မြက်သော သမားမျိုးရိုးမှ ဆင်းသက်လာသည့်ပုဂ္ဂိုလ်ကြီးမို့ ဗဟုသုတကြွယ်ဝသည်' ဟူ၍ လည်းကောင်း၊ မန္တလေး ရတနာပုံမင်းတုန်းမင်းတရားကြီး၏ နန်းတွင်းသမားတော်ကြီး ဦးအုန်း၏ မြေးအရင်းဖြစ်သည်ဟူ၍ လည်းကောင်း အထင်ကြီးကြသည်ဆို၏၊ ယင်းသို့ဆိုပြန်တော့လည်း ဤအရှင်က မငြင်းသာပါ။

**ယောကျ်ားတို့အတွက်။** ။ယောကျ်ားတို့အတွက်ကျန်းမာရေးဆိုသည်မှာ အခြားသူတို့အတွက်မပါ၊ ယောကျ်ားတို့သာ ဖြစ်လေ့ဖြစ်ထရှိကြသော ရောဂါတစ်မျိုးနှစ်မျိုးအတွက် မေးမြန်းထားကြသောကြောင့် ထို

ကြောင်းရာ၏ အဖြေဖြစ်သည်၊ နောင်တစ်ချိန်တွင် ညွှန်ကြားချက်အဖြေသဘော မျိုး ဆောင်းပါးရေးရန် ကြံရွယ်ထားကြောင်း ပြန်ကြားစာအချို့တွင် ရေးထည့် လိုက်ဖူး၏၊ မရေးဖြစ်နိုင်ပါ၊ အသက်အရွယ်ကလည်း တစ်နှစ်ပြီးတစ်နှစ် တိုး၍ ကြီးရင့်ခဲ့ပြီမို့ ကြာလေ ပို၍ပင် ရေးချင်စိတ် ကုန်ခန်းလာလေလေ ဖြစ်တော့ မည်၊ ထို့ကြောင့် 'လူမှာကတိ မင်းမှာသစ္စာ' ဆိုသည့်အတိုင်း ဒုက္ခဝေဒနာ ခံစားနေကြရသော ရောဂါရှင်တို့အား သနားသဖြင့် ရေးဖြစ်အောင် ယခုပင် ကြိုးစား၍ ရေးသားညွှန်ကြားလိုက်ပါမည်၊ အဆိုပါရောဂါမျိုးကား (လူ တစ်ထောင်လျှင် တစ်ယောက်နှုန်းသာ) ဖြစ်တတ်ကြသော ပန်းသေပန်းညှိုး ရောဂါ ဖြစ်သည်။

ရောဂါဖြစ်နေသူက အမြန်ပျောက်ချင်ကြမြဲ။ ။ရန်ကုန်မြို့အရှေ့ပိုင်း လေးတပ် တိုက်ကြီး အပေါ်ဆုံးထပ်၌နေ သူ အသက် ၇၀-ကျော် အဘိုးကြီးတစ်ဦး၏ လျှောက်လွှာ စာမျက်နှာ ၄-ရွက် အပြည့်ရေး၍ပါသောစာတွင် လိုရင်းချုပ်လျှင် 'ပန်းသေရောဂါဖြစ်နေသည်မှာ ၆-နှစ် ကျော်နေပြီဖြစ်ပါကြောင်း၊ အရည်လုံးဝမခန်းသေးသည်ကိုထောက်လျှင် လုံးဝသေနေပြီ မဆိုနိုင်သေးဟု ထင်ပါကြောင်း' စသည်ဖြစ်၏။

ထိုနည်းအတူ ကသာခရိုင်အတွင်းရှိ မြို့နယ်တစ်မြို့မှ အသက် ၇၅-နှစ်ရှိ အဘိုးကြီးတစ်ဦး၏ လျှောက်လွှာ ၃-မျက်နှာကျော် ရေး၍ပို့လိုက်သောစာကို ချုံးကြည့်လျှင် 'ပန်းသေရောဂါဖြစ်နေသည်မှာ ၃-နှစ် ကျော်ခဲ့ပါပြီ၊ သားသမီး များ သိမှာ ရှက်နိုး၍ ဘယ်သူ့ကိုမှ ဖွင့်မပြောကြောင်း' စသည်နှင့်၊ သူ့မှာ ထို ရောဂါဖြင့်နေပုံ အကြောင်းရာစုံ ရေးစာတွင်ပါ၏။

ထိုနည်းအတူ တောင်ငူမြို့မှ အငြိမ်းစားအရာရှိကြီးတစ်ဦး၏ ပေးစာတွင် 'သူ၏ သွေးသွားကိုက်ခဲခြင်း၊ စားသောက်မကောင်းခြင်း၊ အိပ်မပျော်ခြင်း၊ အားနည်းခြင်း ရောဂါအားလုံးထက် အရေးကြီးဆုံးမှာ ပန်းသေနေသောရောဂါ ဖြစ်ပါကြောင်း' စသည် ရေးစာတွင် ပါ၏။

ထို့ပြင် မန္တလေးမြို့မှ အသက် ၄၀-ကျော် အရွယ်ကောင်းတုန်း အစိုးရ ဝန်ထမ်း အရေးပါသူတစ်ဦးက သန်တုန်းမြန်တုန်း သက်လတ်ပိုင်းဖြစ်လျက် ပန်းသေနေရပုံ၊ ထို့ကြောင့် ဘာမှ လုပ်ချင်ကိုင်ချင်စိတ် ခြောက်ခန်းနေပုံ အစုံ ရေး၍ပို့ရာ၏၊ ထိုနည်းတူ မန္တလေးမြို့မှ အစိုးရဝန်ထမ်း အဆင့်မြင့်ကြီး ၄-ဦး နှင့် ပင်စင်ယူပြီး အသက် ၆၀-ကျော် အရာရှိကြီး ၂-ဦးတို့ထံမှ လျှောက်ထား စာများသည် ရောဂါဖြစ်နေကြပုံ သဘာဝအတူတူ ဖြစ်ကြ၏။

ပဲခူးမြို့နယ် ဦးပေါဝရှာဉ်နေသူ ဖိုးဆရာကြီးတစ်ဦးထံမှစာတွင် 'သူသည် ဖိုဝါသနာကြီး၍ ဖိုအမြဲထိုးကြောင်း၊ ဗွဲကြီး၍ နေ့လနှစ်ရှည် ဖိုကို အမြဲစိတ်ဝင်စားပြီး ထိုးနေသော်လည်း သူ၏ကျန်းမာရေးအခြေအနေမှာ အနေအထားမပျက် ပါဘဲလျက် ပန်းညိုးနေခဲ့သည်မှာ အချိန်ကြာနေပြီဖြစ်ကြောင်း၊ သူဗဟုသုတရှိ၍ နံနက်အိပ်ရာမှထခါနီးတွင် စမ်းသပ်ကြည့်မိတိုင်း ဘယ်အခါမှ တင်းမာခြင်း အလျဉ်းမရှိကြောင်း၊ အမြဲတမ်း ပျော့နေပုံတွေ့ရ၍ သေချိန်နီးပြီလောဟု စိုးရိမ်စိတ် ဝင်မိကြောင်း' စသည် ရေးပါ၏။

အဆိုပါရောဂါရှင်တို့အသီးသီးထံမှ သူတို့စာ၏ တင်ပြချက် အခြေအနေအလျောက် စာအတိုချုပ်ရေး၍ ပြန်ကြားခဲ့ပြီးဖြစ်၏၊ သို့ရာတွင် လုံလောက်ခြင်း မရှိသေးပါ၊ အမည်ဖော်မပြလိုသော ရန်ကုန်မြို့မှ စာရေးဆရာကြီးနှစ်ဦးက အမည်မဖော်လိုသူဟု ရေးပါသည်၊ တရားသမားလည်းဖြစ် တရားပြဆရာကြီးလည်း ဖြစ်နေသူ အဘိုးကြီးထံမှစာတွင် ပန်းညိုးနေပုံက နေ့ရက်လတွေကြာနေ၍ စိုးရိမ်စိတ်ဝင်လာရသည်ဟု ရေးပါ၏၊ ထိုနည်းဆင်ဆင် ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့မှ အသက် ၅၀–အရွယ်လူကြီး ဂုဏ်သရေရှိနှစ်ဦးထံမှ လျှောက်စာများလည်း အထက်ပါစာနှင့် တူနေကြ၏။

ဤသို့သောနည်းဖြင့် မဆုံးနိုင်ပါ၊ နောက်ဆက်တွဲ လာလတ္တံ့ရှိသော ယောကျ်ားတို့အတွက် သီးသန့်ဖြစ်တတ်ကြသော ရိုးရာရောဂါဟုဆိုရမည်၊ အဆိုပါရောဂါသည်အားလုံးတို့၏ သဘာဝ, သဘောသွားလက္ခဏာ အလားတူပုံကို နားရှင်းစွာသိရ၏၊ ထိုထိုယောကျ်ားအချို့၌ ဖြစ်တတ်ကြသော ရောဂါကြောင်းရာ စာအများကိုကြည့်ပြီးလျှင် 'ဧဝံ တထာ အနာဂတေပိ ဘဝိဿန္တိ' ထိုနည်းတူပင် နောင်အနာဂတ်ကာလ၌လည်း ဖြစ်ပေါ်လာနေကြဦးမည်မှာ ကေန်မလွဲပေတည်းဟု မှန်းဆ၍ မြော်မြင်လိုက်မိသည်။

လက္ခဏာလိုရင်းချုပ်။ ။စတင်ဖြစ်ရပ် အခြေအနေအားဖြင့် ခြားနားနေကြသော်လည်း 'ဆားဆိုတာ ငန်တာချည်းပါပဲ' ဟူသကဲ့သို့ လိုရင်းချုပ်မှာ သေကြတာနှင့် ညှိုးနွမ်းနေကြတာ အတူတူပင်ဖြစ်၏၊ ဘာကြောင့်ပင်ဖြစ်စေ အားလုံးအကျုံးဝင်အောင် ကြီးသူငယ်သူ အိုသူပျိုသူ ယောကျ်ားအားလုံးအတွက် လိုရင်းချုပ်ကို စုပေါင်းအဖြေ ရေးပြပါမည်၊ သို့မှ နောင်ခေတ်အဆက်ဆက်၌ ရှိနေကြဦးမည့် ယောကျ်ားအားလုံး နားလည်ကြရမည်၊ နားလည်ထားကြလျှင် တွေ့ကြုံခံစားကြရသူများ အဆင့်ဆင့်နည်းပေးသွားနိုင်ကြ၍ ဤဆောင်းပါးက အားလုံးအတွက် ဖြေကြားပြီး ဖြစ်သွားပါမည်။

## ပန်းသေနှင့် ပန်းညှိုး

ပန်းသေနှင့်ပန်းညှိုးရောဂါသည် တခြားစီဖြစ်ကြောင်း ဦးစွာနားလည်ကြရမည်၊ အချို့သော တိုင်းရင်းဆေးဆရာများနှင့် ဆရာဝန်အချို့က ပန်းညှိုးရောဂါဦးစွာဖြစ်ပြီးလျှင် နောက်ပိုင်းတွင် ပန်းသေသွားတတ်ကြောင်း ပြောတတ်ကြသည် ဆို၏၊ သို့ရာတွင် သူတို့ပြောတိုင်း ကြောက်ရန်မရှိပါ၊ ထိုစကား ပုံသေပုံမှန်မဟုတ်ကြောင်း နားလည်ကြပါ၊ ရာနှုန်းသုံးဆယ်ခန့်သာ (လူ ၁၀-ယောက်တွင် ၃-ယောက်ခန့်သာ) ဖြစ်တတ်ကြသည်၊ ပန်းညှိုးသူတိုင်း ပန်းသေဖြစ်သွားလေ့မရှိကြောင်း နားလည်ထားပါ၊ ညှိုးပြီးနောက် ပြန်လန်းလာသူတွေ များစွာရှိကြသည်။

**ပန်းသေလျှင် လူသေသည်။** ။ပန်းသေနှင့် ပန်းညှိုး ခြားနားချက်ကို ရှင်းရှင်းရေးပြမည်၊ 'ပန်းသေလျှင် လူသေ၏၊ ပန်းညှိုးလျှင် လူညှိုး၏'၊ ဤပုံစံကား မှုသေမှတ်ပါ၊ ပန်းညှိုးခြင်းကြောင့် လူမသေနိုင်ပါ၊ ယောကျ်ားမှန်သမျှ လူကြီးဖြစ်စေ လူငယ်ဖြစ်စေ အမှန်ပန်းသေနေပြီဆိုလျှင် ထိုသူမကြာတော့ပါ၊ သေသွားရတော့မည် မုချဖြစ်သည်။

ရှေးခေတ်ဆေးဆရာကျော် သမားတော်ကြီးတို့၏ အဆိုအမိန့်အရ ပန်းသေနေသော ယောကျ်ားတစ်ယောက်သည် အလွန်ဆုံးတစ်နှစ်သာ အသက်ရှည်နိုင်သည်ဟု အတတ်ပြောရိုးပြောစဉ် ရှိကြသည်၊ သို့သော် တစ်နှစ်မကြာနိုင်ပါ၊ တစ်နှစ်တိတိ ကြာကြာနေရသူ အလွန်ရှားပါသည်။

**ရှစ်လဲနှင့်နှစ်လသာ။** ။အစားအသောက်မပျက် အလုပ်အကိုင်မပျက် သွားလာလှုပ်ရှားနေနိုင်သော ယောကျ်ားတစ်ယောက်သည် ပန်းသေနေလျှင် ထိုသူသည်ပန်းသေရောဂါ စတင်ဖြစ်ချိန်မှစ၍ ရက်လကိုရေတွက်ပါက ရှစ်လအတွင်း သေသွားတတ်ကြသည်မှတ်ပါ၊ ရှစ်လမှကျော်လွန်၍ ကိုးလရောက်အောင် အသက်ရှင်နေသူကို ဤအရှင်ကြားဖူး နားဝလေ့လာမှတ်သားမိသမျှတွင် မကြားရဖူးပါ၊ နာတာရှည်စသည် ရောဂါတစ်မျိုးမျိုး ခံစားနေရသောလူနာ၌ ပန်းသေနေလျှင် ထိုရောဂါကို ဦးစားပေးကုစားရမည်ဟု ရှေးခေတ်သမားကျော်ကြီးတို့က ညွှန်ကြားလေ့ရှိကြသည်၊ အကြောင်းမှာ အခြားရောဂါထက် ပန်းသေနေသောကြောင့် အသေမြန်နိုင်၍ ဖြစ်သည်။

ယောကျ်ားတဝမှာ ပန်းသေခြင်းသည် သစ်ပင်ငယ်များ၏ ရေသောက်မြစ်ပုပ်ဆွေးသွားခြင်းကဲ့သို့ ဆက်လက်ရှင်သန်နေခြင်းငှာ အားမရှိတော့ပါ၊ အားကုန်ခန်းသွားပြီဟု မှတ်ရမည်တဲ့၊ ရံခါ အိပ်ရာပေါ်လဲ၍ ရံခါ သွားလာ

လှုပ်ရှားနေနိုင်သေးသော လူနာ၌ ပန်းသေနေလျှင် ထိုသူ၏ သက်တမ်းသည် အလွန်ဆုံး ၅-လကျော် ၆-လအထိသာ အသက်ရှည်နိုင်သည်၊ ၆-လမှမကျော်နိုင်တော့ပါ၊ ၆-လအတွင်းသေသွားမည်မှာ သေချာသည်တဲ့။

အိပ်ရာပေါ်လဲနေပြီဖြစ်သောလူနာ၌ အကယ်၍ပန်းသေနေပြီဆိုလျှင် ထိုသူ၏အသက်သည် အလွန်ဆုံး ၂-လ သာနေရတော့မည်၊ ဆေးဝါးဓာတ်စာကောင်း ပြုစုထောက်ပံ့ခြင်း ကောင်းမှုကြောင့် ကံကောင်းလှပါမှ ၃-လအထိ ခန့်မျှ ရှည်နိုင်ကြသေးသည်ဆို၏၊ ဘာနှာကားပြောကြလျှင် တကယ်ပန်းသေနေပြီးသော လူနာ၏သက်တမ်းမှာ ၃-လအထိ မရှည်နိုင်တော့ပါ၊ ၂-လအတွင်း သေသွားလေ့ရှိကြကြောင်း မှတ်တမ်းပြုကြသည်။

**သေမည်ရှင်မည် သိရန်။** ။ထို့ကြောင့် တကယ်တတ်ကျွမ်းနားလည်ကြသော ရှေးခေတ် မြန်မာသမားတော်ကြီးတို့သည် သေမလား ရှင်မလား စိုးရိမ်နေရသော လူနာတစ်ဦးကို တာဝန်ပေးအပ်၍ ထိရောက်အောင် ကိုင်တွယ်ကုစားပေးရမည်ဆိုလျှင် လူနာ၏ရောဂါလက္ခဏာ ရှာဖွေအကဲခတ်ရာတွင် ပန်းသေနေပြီလော-ဟူသည်ကို လှည့်မကြည့်ဘဲ အခြားရုပ်လက္ခဏာအခြေအနေဖြင့် အကဲခတ်လေ့လာရိုး ရှိကြသည်၊ တတ်ကျွမ်းပြီးသော ရှေးခေတ်ဆေးဆရာကြီးများက ရုပ်လက္ခဏာ အကဲခတ်ရုံဖြင့် အမှန်ဖြစ်ရပ်ကို အထင်းသား သိနိုင်ကြသည် ဆို၏၊ လူနာကို ဆေးကုသပေးနေရင်း ရက်အနည်းငယ်ကြာ၍ ရင်းနှီးကြပြီးခါမှ မဟုတ်သာသည့်အဆုံးတွင် လူနာ၏အခြေအနေ အကဲခတ်သည့်အနေဖြင့် ရှေ့ပန်းကို သေ-မသေ ကြည့်ရှုစစ်ဆေးတတ်ကြသည်၊ သေနေကြောင်း အမှန်သိရပြီဆိုလျှင် မျှော်လင့်ချက်အား နည်းပြီဆို၏၊ သို့သော် ဆေးဝါးဓာတ်စာတို့ဖြင့် စွမ်းနိုင်သမျှ ၇-ရက်ခန့် ကုစားကြည့်တတ်ကြသည်။

ရှေးရှေးသမားတို့ထုံးစံမှာ ၇-ရက်အတွင်း ကောင်းမွန်လာမည့် ထူးခြားချက် အရိပ်လက္ခဏာမပြလျှင် မရနိုင်တော့ဟု ယတိပြတ်နားလည်ကာ လက်လျှော့သွားတတ်ကြသည်၊ 'အခြားဆရာခေါ်ကြပါ'ဟု လူနာရှင်အား ကျေနပ်စေရန် ခွင့်ပေးခဲ့ပြီး လက်လွှတ်သွားလေ့ ရှိကြသည်၊ ဤကား ပန်းသေလျှင် လူသေရိုးဓမ္မတာဖြစ်ကြောင်း အကျဉ်းချုပ်သိစေခြင်းအဖြေ ဖြစ်သတည်း။

**ပန်းညှိုးလျှင် လူညှိုး၏။** ။ပန်းညှိုးနေလျှင် လူပါညှိုး၏၊ ဥပမာပြမည်၊ ရေသောက်မြစ်ချို့ယွင်းနေသော သစ်ပင်ငယ်သည် ရှင်လန်းခြင်း မရှိ၊ ညှိုးနွမ်းသွားသကဲ့သို့ ပန်းညှိုးရောဂါဖြစ်နေသော ယောက်ျားသည်လည်း (ကြီးသူငယ်သူ၊ ပျိုသူအိုသူအားလုံး) စိတ်ဓာတ်ရော ကိုယ်ခန္ဓာပါ

ညှိုးနွမ်းနေမြဲ ဖြစ်သည်၊ အခြားသူများကဲ့သို့ ရွှင်လန်းခြင်း, အားတက်ခြင်း, ဝပ်းမြောက်ကြည်သာခြင်း မရှိပါ၊ စိတ်ပါလက်ပါရယ်မောခြင်း မရှိပါ၊ သူများနှင့် ရောနှောနေစဉ် အများရယ်ကြသော်လည်း မချိသွားဖြဲ စိတ်မပါသော အမူအရာ ထင်ရှားပေါ်နေတတ်သည်၊ ပန်းညှိုးရောဂါဖြစ်နေသူသည် စိတ်ဓာတ်နှင့် သူ၏ကိုယ်ခန္ဓာပါ အားလုံးညှိုးနွမ်းနေမြဲ ဖြစ်သည်။

**ပျော်ရွှင်တက်ကြွစိတ် မရှိ။** ။လုပ်ရိုးလုပ်စဉ် ပရိယေသန စားဝတ်နေရေး အလုပ်များကို မလွဲသာ၍ ရုံးတာဝန် ကျောင်းတာဝန် ရပ်ကွက်တာဝန် အိမ်တာဝန်များကို လုပ်ကိုင်မြဲလုပ်ကိုင်ပါ၏၊ ပုံမှန်လုပ်ဆောင်နေရသော်လည်း လုပ်ချင်ကိုင်ချင်စိတ် မရှိပါ၊ အားတိုက်အင်တိုက် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းလည်း မရှိတော့ပါ၊ သူ၏ကိုယ်ခန္ဓာအတွင်း၌ ယခင်ရှိခဲ့ဖူးသော အားမာန်စွမ်းအင်တို့သည် အားလုံးကုန် ပျော့ခွေလျော့ကျ၍ ညှိုးနွမ်းကုန်ကြပြီ ဖြစ်သည်။

ကုန်ကုန်ပြောရလျှင် နေမြဲတိုင်းအိမ်၌နေ၍ အိပ်သူဇနီး သားသမီးတို့နှင့်လည်းကောင်း, မိဘဆွေမျိုးသားချင်းတို့နှင့်လည်းကောင်း, ပတ်ဝန်းကျင် လုပ်ဖော်ကိုင်ဖက် ရုံးသူရုံးသား ကျောင်းသူကျောင်းသား အလုပ်ရုံမှ အပေါင်းအသင်းများနှင့် လည်းကောင်း, ရင်းရင်းနှီးနှီး စကားပြောချင်စိတ်လည်း မရှိ၊ ချစ်ခင်စိတ်ပါညှိုးနွမ်း၍ ပျောက်ကွယ်သွားတတ်ကြသည်၊ ဘာအကြောင်းကိုမျှ စိတ်ဝင်စားခြင်းမရှိသလို ဆွေးနွေးပြောဆိုနေချင်စိတ်လည်း မရှိတော့ပါ။

**အသက်ရှိသေးသော လူသေကဲ့သို့။** ။ဥပမာအားဖြင့် မသေခင်အခိုက်အတန့်ဆိုသလို နေမြဲတိုင်း အပေါင်းအဖော်တို့နှင့် အလိုက်အထိုက် အခြေမပျက် အတူနေထိုင်လျက်ရှိသော်လည်း ဘယ်သူ့အတွက်ကိုမျှ လိုလိုလားလား ချစ်ခင်စိတ် နှစ်သက်မြတ်နိုးစိတ် မရှိတော့ပါ၊ သူ၏အတွင်းစိတ်နှလုံးအာရုံ၌ ပီတိသောမနဿနှင့်စပ်သော အားတက်လှိုက်လှဲမှု ဖဿဝေဒနာနှင့်စပ်သော အာရုံခံစားမှု သဘာဝအားလုံး ပျော့ခွေကျဆင်းသွားခဲ့ပြီ ဖြစ်သည်၊ သဘောအားဖြင့် အသက်ရှိသေးသော လူသေတစ်မျိုးဟု ဆိုရပါမည်၊ အဆိုပါရောဂါမျိုးကို တွေ့မြင်ကြဖူးသူတွေ ရှိကြပါလိမ့်မည်၊ ဤကားယောကျ်ားတို့တွင် ရေသောက်မြစ်သဏ္ဌာန်ဖြစ်သော ရွှေပန်းက ညှိုးနေပြီဆိုလျှင် လူ့ရောစိတ်ပါ ညှိုးကျသွားလေ့ရှိတတ်ကြောင်း အကျဉ်းချုပ်စကားရပ်တည်း၊ သိရှိထားသင့်ရာကို အတိုချုပ်ရေးပြရခြင်းဖြစ်၍ ကြားဖူးကြုံဖူးသော သာဓက

ပုံစံဝတ္ထုဖြစ်ရပ်ကြောင်းရာတွေကို ဖော်မပြနိုင်တော့ပါ၊ ရေးနိုင်လျှင် ဝတ္ထုကြောင်းတွေ များစွာရှိ၏။

**မိမိကိုယ်တိုင် ဘာရောဂါမှန်းမသိကြ။** ။ရောဂါသည်အများထံမှ ပေးစာတို့တွင် ရေးသားဖော်ပြ ဆွေးနွေးချက်တို့ကို ထောက်ရှု၍ သူတို့ကိုယ်တိုင် ခံစားနေရသောရောဂါဟာ ဘာဖြစ်နေကြောင်း ဘာရောဂါမှန်း ခွဲခြားမသိကြပုံဖြစ်ရပ်ကို သနားဖို့ကောင်းနေသည်၊ အထက်၌ ရှင်းရှင်းခွဲခြားပြခဲ့ပြီး၍ 'သေနေခြင်းလော၊ ညှိုးနေခြင်းလော' ဝေဒနာရှင်ကိုယ်တိုင် မိမိဘာဖြစ်နေကြောင်း နားလည်လောက်ပါပြီ။

## စိတ်မရှိခြင်း လေးမျိုး

ရောဂါသည်အချို့၏ပေးစာတွင် 'ဒီလိုဖြစ်နေချိန်မှစ၍ စိတ်မရှိတော့ဘူး' ဟူ၍ ရေးသားပါရှိ၏၊ ကာမဂုဏ်စိတ်, ရာဂစိတ်ကို ဆိုလိုဟန်ရှိသည်၊ သူ၏ပြောလိုချက် သဘောသွားအရဆိုလျှင် ပန်းညှိုးချက် အားကောင်းနေ၍ဖြစ်ကြောင်းကို အထက်ပါ ဖြေကြားဆွေးနွေးချက်တို့နှင့် ကိုက်ညီပါလိမ့်မည်။

တစ်နည်းအားဖြင့် လူတိုင်းနားလည်အောင်ပြောရလျှင် စိတ်မရှိခြင်းသည် ၄-မျိုးရှိကြောင်း နားလည်ရမည်၊ 'ကိုယ်ခန္ဓာအတွင်း၌ သွေးအားနည်းလွန်းနေ၍ တစ်ကြောင်း၊ နာမ်ခန္ဓာဖြစ်သော စိတ်ဓာတ်အာရုံ ညှိုးနွမ်းနေခြင်း, စိုးရိမ်ပူပန်သောက ကြောင့်ကြမှု လှုပ်းမိုးခြင်း အားကောင်းနေ၍တစ်ကြောင်း၊ ပန်းညှိုး ပန်းသေဖြစ်နေ၍ တစ်ကြောင်းနှင့် 'အခြားတစ်မျိုးမှာ တရားနှင့် ပျော်မွေ့နေထိုင်ကြသော တရားရှင်ပုဂ္ဂိုလ်မြတ်တို့၏ သန္တာန်၌ သမထ-ဝိပဿနာစိတ်ကိန်းအောင်းနေစဉ် တရားအမြင်ပေါက်မှုဘက်မှ အားကောင်းနေ၍တစ်ကြောင်း ဖြစ်သည်။

**တရားရှင်ဆရာတော်ကြီးများ ။ စိတ်အာရုံ** ။တရားနှင့်သာ ပုံမှန်ပျော်မွေ့၍ နေတော်မူကြသည့် သက်ရှယ်တော်ကြီး ဝါတော်ကြီး ဆရာတော်ကြီးများသည် 'မိမိ၏ရုပ်ခန္ဓာကို စက်ဆုပ်ဖွယ်ရာ အသုဘကမ္မဋ္ဌာန်းဖြင့် အမြင်ပေါက်အောင် ရှုဆင်ခြင်နေကြ၍ လည်းကောင်း၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို နိဗ္ဗိန္ဒာဉာဏ်ဖြင့် သိမ်းဆည်းကာ ငြီးငွေ့ကြစေ၍လည်းကောင်း၊ အို-နာ-သေရေး ဒုက္ခဘေးကို ရှောင်လွှဲမရသည့် လေးသောဝန်အဖြစ် သိမြင်တော်မူနေကြ၍လည်းကောင်း၊ တဝဲလည်လည် မထွက်နိုင်သေးသော သံသရာဝဋ်ဒုက္ခ ဘဝထိုထို ကျင်လည်ပြေးလွှားနေရသော ဒုက္ခတို့ကို ငြီးငွေ့လှု

သောကြောင့် ထိုဒုက္ခဘိုမှ လွတ်မြောက်ရေးတစ်ခုတည်းကိုသာ တောင့်တနေကြ၍ လည်းကောင်း ပုထုဇဉ်လူသာမန်တို့ကဲ့သို့ ကာမဂုဏ်အာရုံစိတ်ဆိုသည် မရှိကြပါ၊ မရှိရုံမျှမက ကာမဂုဏ်အငွေ့သန်းသောစကားမျိုး ပြောဆိုသံကိုပင် မကြားချင်အောင် ကင်းစင်နေတတ်ကြသည်၊ အနာဂါမ်ရဟန္တာပုဂ္ဂိုလ် မဖြစ်ကြသေးသော်လည်း အနာဂါမ်ရဟန္တာတို့နှင့်မခြား စိတ်ဓာတ်အနေအထားဖြင့် တူညီစွာ လွတ်လပ်သန့်ရှင်း နေတတ်ကြမြဲ ဖြစ်သည်။

**အရည်ခန်းခြင်း အဓိကမဟုတ်။** ။ဤတွင် နားရှင်းအောင်ရေးပြစရာအကြောင်းတစ်ခု ပါဝင်သည်၊ ဆေးဂါဝေဒနာ ခံစားနေကြရသော အဘိုးကြီးအချို့ထံမှ ပေးစာများတွင် အရည်ခန်းခြင်းနှင့် မခန်းခြင်းကို အလေးထား၍ အကဲဖြတ်နေကြပုံ ခန့်မှန်းချက် တင်ပြသောစာရှည်ကြီးကို ဖတ်ရ၏၊ ထိုအကြောင်းသည် အဓိကမဟုတ်ကြောင်း ဖြေကြားပါမည်။

အဆိုပါရောဂါနှင့်စပ်လျဉ်း၍ ဖြေကြားရလျှင် ယောကျ်ားတို့၏ ရွှေပန်းမှာ ပုံမှန် လန်းခြင်းမလန်းခြင်းသာ အဓိကဖြစ်ကြောင်း နားလည်ထားကြရမည် ဆိုသည်၊ အရည်ခန်းခြင်း မခန်းခြင်းကြောင်းရာ၌ နောက် ဖြေကြားသွားမည်။

'ယောကျ်ားတို့ပန်း နံနက်ထ, လန်းရမည်' ဟူ၍ ရှေးဟောင်းဆေးကျမ်းတို့၌ အဆိုပြုချက် ရှိပါ၏၊ ကျန်းမာနေသောယောကျ်ားသည် မည်သူမဆို နံနက်အဘွင် ခေတ္တခဏသက်ဖြစ်စေ လန်းသောလက္ခဏာ ပြရမြဲဖြစ်သည် ဆို၏၊ ထိုလက္ခဏာဖြင့် အကဲဖြတ်လေ့ရှိကြသော ရှေးကသုံးစံကို အိန္ဒိယလူမျိုးတို့သည် အထူးအလေးထားကြကြောင်း တဲဆင့်စကား ကြားသိရဖူး၏၊ မြန်မာပြည်၌လည်း ရှေးခေတ်လူကြီးတို့က သတိပြုရိုး ရှိခဲ့ကြသည်။

**ရှေးခေတ်က ပုံပြင်တစ်ခု။** ။ဤအကြောင်းနှင့်စပ်လျဉ်း၍ ရှေးခေတ်က ပုံပြင်တစ်ခု ပြောစဉ်ရှိခဲ့ဖူး၏၊ ရှေးအခါက တောရွာတစ်ရွာ၌ သားမြေးအထောက်အခံ မရှိသော အဘိုးကြီးနှင့် အမယ်ကြီးဇနီးမောင်နှံတို့ အိမ်ငယ်တစ်လုံးနှင့် နေထိုင်လာခဲ့ကြရာ အဘိုးကြီးက ပို၍အိုမင်းလာသောအခါ ချောင်းတဟွတ်ဟွတ်နှင့် ကျန်းမာရေးကလည်းမကောင်း ဖြစ်နေသောကြောင့် အမယ်ကြီးက စိုးရိမ်ပူပန်စိတ်ဝင်နေတတ်သည်၊ 'သူသာ အလျင်သေဆုံးသွားရင် ငါတစ်ယောက်တည်း ဘယ်လိုမှ နေထိုင်ဖြစ်တော့မှာ မဟုတ်ဘူး၊ သေရမှာချင်းအတူတူ ကျုပ်ကသာ အလျင်သေချင်ပါတယ်တော်၊ အလျင်သေပါရစေ' ဟူ၍ စိတ်ထဲဆုတောင်းနေမိတတ်သည်ဆို၏။

ကြားဖူးနား၀ ဗဟုသုတရှိသောအမယ်ကြီးဖြစ်၍ နံနက် အိပ်ရာမှထခါနီး အချိန်တိုင်လျှင် အဘိုးကြီးကို ကြင်နာစွာ ခြေသလုံး၊ ဒူးပေါင် ဆုပ်နယ်ပေး သလိုလိုနှင့် မသိမသာ အဘိုးကြီး၏ ကိုယ်ခန္ဓာပေါ်တစ်နေရာ၌ စမ်းသပ်ကြည့် လေ့ ရှိသည်ဆို၏၊ 'ယောကျ်ားတို့ပန်း နံနက်ထ လန်းရမည်' အဆိုရှိနေသည်မို့ 'မလန်းလျှင် သေချိန်တော့နီးပြီဆိုတယ်' ဟူ၍ သူ၏စိတ်ထဲက တွက်ဆနေသည်။

တစ်နံနက်တွင် အခါတိုင်းနေ့နှင့်မတူ စမ်းသပ်၍မမိအောင် ထူးနေ၍ စိုးရိမ်ကြီး အမယ်ကြီးလက်က မိမိရရ ဆုပ်ကိုင်လိုက်မိသည်၊ ထိုအခါ အဘိုးကြီး က 'အမယ်ကြီးက ဘယ်လာစမ်းနေရတာလဲ' ဟု အသံထွက်မေးလိုက်သည်၊ 'မောင် ကျန်းမာရေးမှကောင်းရဲ့လားလို့ စိုးရိမ်မိလို့ စမ်းကြည့်ရတာပါ၊ မောင် အသက် ရှည် စေချင်တယ်၊ အဲဒါလန်းနေရင် လူမသေနိုင်ဘူးလို့ ပြောကြလို့ပါမောင်ရယ်' ဟူ၍ ပြန်လည်ဖြေကြားသောဟူ၏။

**နာရီချိန်သီးနှင့် စာထေရာတည်း။** ။ယောကျ်ားတို့အတွက် ကျန်းမာရေးနှင့် ပြည့်စုံနေသူ ဟုတ်သည် မဟုတ်သည်ကို 'သူ' က ပုံမှန်ပြနေသော ချိန်သီးဖြစ်သည်တဲ့၊ တိုင်ကပ်နာရီကြီးများကို ကြည့်ပါ၊ ချိန်သီး ပုံမှန်သွားနေလျှင် နာရီကောင်းသည်၊ ဘာမျှမဖြစ်ဘူး၊ ချိန်သီးရပ်နေ လျှင် သံပတ်ကုန်နေ၍ ဖြစ်ရမည်၊ သို့မဟုတ် စက်ပျက်နေ၍ ဖြစ်ရမည်၊ ထိုနှစ်မျိုး တွင် တစ်ခုခုချို့ယွင်းနေခြင်းကို သိအောင်စစ်ဆေးကြည့်ရှုပြီး ပြုပြင်ပေးကြရ သည်။

ထိုနည်းအတူ ယောကျ်ားတို့၏ကျန်းမာရေးကို ပုံမှန်ပြဆိုပြောပြပေးနေ သော ချိန်သီးကိုလည်း ပုံမှန်လန်းဆန်းခြင်းမရှိမူ၍ ရပ်တန့်နေပုံသိရလျှင် အမှတ်မဲ့ မနေသင့်၊ သတိပြုရမည်တဲ့၊ ခေတ်ဒလေးပါးစက်ကိရိယာက ချို့ယွင်းနေသလား၊ သံပတ်နှင့်တူသော သွေးလှည့်လည်ပုံက ချို့ယွင်းနေသလား၊ တစ်ခုခုချို့ယွင်း နေပြီဟု သိရမည်ဟုဆိုလိုသည်၊ တစ်နည်းအားဖြင့် ယောကျ်ားတို့၏ကျန်းမာရေး တွင် အရေးကြီးသောအစိတ်အပိုင်း ချို့ယွင်းစပြုနေသည်ကို နားလည်ရမည်၊ နားလည်အောင် လေ့လာစစ်ဆေးရမည်၊ နားလည်၍ ဆေးဝါးဓာတ်စာတို့ဖြင့် အချိန်မနှောင်းခင် ပြုပြင်ပေးကြရတော့မည်ဟု ရှေးခေတ်သမားကြီးတို့က ညွှန် ကြားကြသည်။

## လန်းခြင်းအကြောင်း (၅) မျိုး

'လန်းခြင်း' ဆိုသည်ကို ရပ်သုံးရွာသုံးစကားဖြင့် တောင့်ခြင်း၊ တင်းခြင်း၊ မာကြောခြင်း၊ ကြီးထွားခြင်း၊ ရှည်ထွက်ခြင်း၊ ရှင်လန်းခြင်း၊ မာန်ထခြင်း၊

တက်ကြွခြင်း၊ လူအများပြောရိုး ဝေါဟာရစကားလုံးများနှင့် ထပ်တူဖြစ်သည်။ ယခုဖော်ပြပါ အကြောင်းအရာတို့သည် ကျန်းမာရေးအတွက် နားရှင်းရှင်းသိကြစေရန် အဓိကထား ရေးပြနေခြင်းဖြစ်ကြောင်း နားလည်ပါ။

ဝိနည်းပါဠိတော်၌လာသောစကားကို မှတ်ဖို့ကောင်း၍ ဖော်ပြမည်၊ ယောကျ်ားတို့ပန်း လန်းခြင်းသည် တစ်မျိုးတည်းသောရောဂါကြောင့် မဟုတ်ပါ၊ ဝိနည်းပါဠိတော်၌ တင်းခြင်း၊ မာနေခြင်းသည် အကြောင်း ၅ မျိုးရှိပုံ ဖော်ပြပါရှိ၏၊ 'ဆီးကြောင့်တစ်ကြောင်း၊ ဝမ်းကြောင့်တစ်ကြောင်း၊ လေကြောင့်တစ်ကြောင်း၊ သွေးလျှောက်ပိုးကြောင့်တစ်ကြောင်း၊ ရာဂကြောင့်တစ်ကြောင်း' ဟူ၍ ကျန်းမာနေသော ယောကျ်ားအားလုံး အဆိုပါ ၅ မျိုးတွင် တစ်မျိုးကြောင့်ဖြစ်စေ သုံးမျိုးလေးမျိုးကြောင့်ဖြစ်စေ ငါးမျိုးစုံကြောင့်ဖြစ်စေ နေ့အခါ တစ်ချိန်ချိန်တွင် တင်းမာခြင်းလက္ခဏာ ပြမြဲဖြစ်ရမည်ဆို၏၊ ယင်းသို့ တင်းမာခြင်းလုံးဝမပြုလျှင် ညှိုးနေပြီ၊ ညှိုးပြုနေပြီဟု ပိပိဘာဘာ နားလည်ကြရမည်တဲ့။ ရှေးခေတ်မြန်မာဆေးကျမ်းများနှင့် ရှေးခေတ် အိန္ဒိယဆေးကျမ်းဟောင်းတို့က အထက်အဆိုပါစကားရပ်ကို တညီတည်းညွှန်ပြကြသည်၊ ကြိုတင်နားလည်ထားကြရန်မှာ သက်ရွယ်ကြီးလာသူ ယောကျ်ားအတော်များများသည် အရည် (သုက်) ခန်းတတ်ကြမြဲဖြစ်သည်၊ ခန်းသည်ဆိုရာမှာ ထွက်ကျခြင်းမရှိပါဆိုခြင်းဖြစ်သည်၊ပျိုရွယ်သူနှင့်မတူကြပုံကို အရည်ခန်းတတ်ကြသည်ဟု ဆိုသည်။

ဤသဘောသည် အိုသောသူချည်းသာမဟုတ်ပါ၊ လူအချို့မှာ အသက် ၄၀ ကျော် လူလတ်ပိုင်းအရွယ်ကိုပင် ကျန်းမာရေးချို့တဲ့ခြင်း စသည်ကြောင့် အရည်မထွက်၊ ခန်းနေလေ့ရှိကြောင်း၊ ထိုနည်းတူ အရက်သောက်သူများလည်း အရည်မထွက်တော့ဘဲ၊ ချုပ်နေတတ်ကြောင်း ဆရာဝန်မှတ်တမ်းများက ပြဆို၏။

**လန်းနေလျှင် ကျန်းမာသည်မှတ်ပါ။**

။သို့ရာတွင် အရည်ခန်းခြင်း၊ ချုပ်ခြင်း၊ မထွက်ခြင်းသည် လိုရင်း မဟုတ်ပါ၊ ကျန်းမာရေး အသက်ရှည်ရေးကို မထိခိုက်စေပါ၊အသက်ရှည်မြဲရှည်နေနိုင်သည် မှတ်ပါ၊လန်းခြင်းသာအဓိကဖြစ်ကြောင်း၊ ကျန်းမာ၍ ယောကျ်ားပန်းလန်းနေသူသည် အသက်တစ်ရာကျော်တိုင်အောင် ပျော်ရွှင်စိတ်ရှိ၍ ပျော်ချင်စိတ်ကိန်း၍ ပုထုဇဉ်လူတို့ဓလေ့ထုံးစံအလျောက် ဆက်ဆံနေလေ့ရှိကြကြောင်း၊ပုရိသလက္ခဏာနှင့် စပ်လျဉ်း၍ သုတေသနပြုရေးသားထားသော နိုင်ငံခြား ဆောင်းပါးတစ်စောင်တွင် ကိုးကားချက်ပုံစံဝတ္ထုဖြစ်ရပ်အများနှင့်တကွ တိကျစွာဖော်ပြထား၏။

## နတ်ဆန်သောလူ (နတ်နှင့်တူသူ)

ရှေးတစ်ချိန်က အထက်မြန်မာပြည်ဒေသ၌ ဆေးပညာအတတ်တွင် အလွန် ကျွမ်းကျင်ကြသော မြန်မာသမားတော်ကြီးတွေ ထင်ရှားခဲ့ကြသည်၊ ရဟန်းပုဂ္ဂိုလ်များဘက်၌လည်း လောကီလောကုတ် စွယ်စုံပညာရှိဖြစ်တော်မူကြသော ပုဂ္ဂိုလ်ကျော်ဆရာတော်ကြီးတွေ နေရာကြီးကြား၌ ထင်ရှားခဲ့ကြဖူး၏၊ တစ်ခါက မြန်မာဆေးဆရာလောကတွင် နာမည်ကျော်ဘစ်ဦးဖြစ်နေသော ဆရာကြီး ဦးထွန်းနီက လောကီလောကုတ် စွယ်စုံပညာရှိအဖြစ် ပတ်ဝန်းကျင်နယ်တစ်ဝှမ်း၌ ထင်ရှားသော (ရွှေဘိုခရိုင် ဒီပဲယင်းတောင်လက်မှ) ဆရာတော်ကြီး တစ်ပါးထံသို့ ချဉ်းကပ်၍ ပညာသားပါသော မေးခွန်းအချို့ကို လျှောက်သည်။

ဆရာတော်ကြီးက ဝန်မလေးပါ၊ မေးသမျှကို အချိန်မဆိုင်း လွယ်လွယ် ပင် ပြန်လည် ဖြေကြားတော်မူရင်း ဆရာကြီး ဦးထွန်းနီနှင့် အပြန်အလှန် ဆွေးနွေး ပြောဆိုကြပုံ မှတ်သားလောက်အောင် ဤအရှင် ပျို့ရွယ်စဉ်က ကြားသိခဲ့ရဖူး၏၊ ကြီးလာ၍ စာပေကျွမ်းဂန်တွေ သင်ကြားရချိန်တွင် ပညာအမြင် ပို၍ ကျယ်ပြန့်သောကြောင့် ကျေးဇူးကြီးဘိသည်။

**လူဆန်သောနတ်။** ။အဆိုပါဆွေးနွေးချက်များတွင် 'နတ်ဆန်သော လူထူး လူမြတ်တွေ လူ့လောက၌ ရှိကြတယ်၊ ထိုနည်းတူပင် လူဆန်သော နတ်များလည်း ရှိကြတယ်' ဆိုသောအချက် ပါဝင်၏။

နတ်ဆန်သော လူဆိုတာ လူ့လော မြေပြင်ပေါ်၌ ရှိနေကြတယ်၊ 'ရှေးအခါက တို့အညာဒေသမှာ သမားတော်ကြီး ဘကြီးမိုးနှင့် ဘကြီးဖြိုးဆိုတာ နတ်ဆန်သော လူကောင်းကြီးတွေရယ်လို့ တစ်ဆင့်စကား ပြောဆိုကြသံ ကြားခဲ့ရဖူးတယ်၊ လူထူးလူမြတ်ကြီးတွေလို့ ဆိုကြရမှာပေါ့၊ သူတို့က ပါရစ္ဆာနှ် အသွေးအသားကို မစားကြဘူး၊ နွားနို့သာ သောက်ကြတယ်၊ ကိုယ်ကျင့်သီလနှင့် နေကြတယ်၊ မြောက်ကျွန်းသားများကဲ့သို့ ငါးပါးသီလကို ပုံမှန် လုံခြုံကြတယ်၊ အနေအထိုင် လေးနက် သန့်ရှင်းကြတယ်၊ စကားဖျင်း စကားပေါ့ ပြောဆိုလေ့ မရှိကြဘူး၊ ပတ်ဝန်းကျင် လူ့လောကကို မေတ္တာနှင့် ဆက်ဆံကြတယ်၊ ဒေါသ မာနကင်းသော အနာဂါမ်ပုဂ္ဂိုလ်, ဘုရားရှင် လက်ထက်တော်က သောတာပန် တည်ပြီး ဥပါသကာကြီးတို့နှင့် အခြင်းအရာအားလုံး တူကြတယ်၊ ဒါကြောင့် လူအများက သူတို့ကို ရိုသေလေးစားကြတယ်၊ သူတို့ကလည်း ပတ်ဝန်းကျင် အားလုံးကို လေးစားစွာ ဆက်ဆံလေ့ ရှိကြတယ်' ဟူ၍ ဆရာတော်ကြီးက စကားလေးလေး ဖြေဆိုမိန့်ကြားရာ စိတ်ဝင်စားဖွယ် ကောင်းလှ၍ မနီးမဝေး

၌ ထိုင်ကာ ဤအရှင် သာမဏေငယ် ဘဝတုန်းက စကားဆိုးအောင် နားထောင်ခွင့် ကြုံကြိုက်ခဲ့ဖူး၏။

**အထက်နတ်နှင့် အောက်နတ်။ ခြားနားချက်**

။ဆရာကြီး ဦးထွန်းနီ ဆိုသူကား အရပ်အမောင်း မြင့်မြင့် ရောင်ထုံးနှင့် ထိုးကွင်းမင်ကြောင်တွေနှင့် ခေါင်းပေါင်းဖြူခွေ ထိုးပေါင်းလေ့ရှိသော ရွှေဘိုနယ်သား ရှေးခေတ်က လူထွားကြီးဖြစ်သည်၊ သူသည် ဆေးပညာ သာမက အတော်ကြီးကို စွယ်စုံပညာရှင်ကြီး တစ်ယောက်ဖြစ်ကြောင်း ချီးမွမ်း ပြောဆိုလေ့ ရှိကြ၏၊ တစ်ချိန်က သူနှင့်ရင်းနှီးသော တပည့်ကြီးငယ် လူကြီး အချို့တို့နှင့် ဝိုင်းဖွဲ့ထိုင်ကြရင်း အချင်းချင်း အထွေထွေ ဆွေနွေးပြချက်များမှ လူတို့အတွက် မှတ်သားလောက်သော ဗဟုသုတထူးတွေ ပါရှိ၍ နားထောင်ရ သူတို့က ချီးကျူးကြ ကျေးဇူးတင်ကြရသည်၊ ဤတွင် သိသင့်ရလောက် ဆိုလို ချက် အကျဉ်းချုပ်ကို ရေးပြမည်။

နတ်သည် အထက်နတ်နှင့်အောက်နတ် ၂-မျိုးရှိကြသည်၊ စတုမဟာရာဇ် တာဝတိံသာ စသောအထက်ကောင်းကင် နတ်ဘုံခြောက်ထပ်၌ ကံအကျိုးပေး အလျောက်ဖြစ်နေကြသောနတ်များကို အထက်နတ်ဟု ခေါ်ကြသည်၊ လူတို့နေ ထိုင်ရာ ပထဝီမြေပေါ်၌ ကံအကျိုးပေးအလျောက် ဖြစ်တည်ကျင်လည်နေရှာကြ သောနတ်များကို အောက်နတ်ဟု ခေါ်ဆိုကြသည်။ အထက်နတ်တို့သည် ဝိသဘာဂချင်းဆက်ဆံလို၍ ဖိုမဆက်ဆံကြသောအခါ လှုပ်ရှားခြင်းမရှိကြ၊ ကိုယ် ချင်းပူးကပ်၍ ဖောဋ္ဌဗ္ဗအာရုံကို ဒုလိုရှိကြသလောက် နေ့လုံးပေါက် ညလုံး ပေါက် အချိန်ကြာကြာ အာရုံခံစား၍ ပျော်မွေ့နေကြမြဲဖြစ်ကြသည်၊ သူတို့ ပေါင်းသင်းခြင်းကြောင့် ဘယ်အခါမှ အရည်ထွက်ကျခြင်း မရှိကြပါ၊ ဤ ကား အထက်ဘုံစံနတ်သားနတ်သမီးအားလုံးတို့၏ ပုံသေသဘာဝဖြစ်သည်။

ဤတွင် နတ်ဆန်သောလူအကြောင်း ပြောမည်၊ ထိုနည်းအတူ နတ်ဆန် သောလူကြီးများသည် ဝိသဘာဂနှင့် ပုထုဇဉ်သဘာဝအလျောက် ဝိသဘာဂနှင့် ဆက်ဆံ ပျော်မွေ့ကြသော်လည်း အထက်ဘုံစံနတ်တို့ကဲ့သို့ပင် လှုပ်ရှားခြင်းမပြု ကြ၊ အရည်ထွက်ကျခြင်းမရှိကြ၍ သူတို့နှင့်ဆက်ဆံသူအားလုံး သန္ဓေတည်ခြင်း မရှိကြပါဟုဆို၏၊ မြန်မာပြည်၌ ရှေးအခါက နတ်ဆန်သော လူအချို့ရှိကြရာ ဆေးဆရာကြီး ဘကြီးမိုးနှင့်ဘကြီးဖြိုးတို့ ၂-ဦးကို လူသိများခဲ့ကြသည်၊ ယခု မျက်မှောက်ခေတ်တွင်လည်း နေရာကြိုးကြား၌ ရှိမြဲရှိနေကြမည်ဟု ခန့်မှန်းကြ ၏။ မြန်မာပြည်၌ အများအားဖြင့် အသက် ၅၀-ပတ်ဝန်းကျင်မှစ၍ သက်ရှယ်

ကြီးခါမှ နတ်ဆန်သွားတတ်ကြသည်၊ သူတို့၏ဖောဋ္ဌဗ္ဗအတွေ့ကိုလည်း ထူးခြားကြောင်း အတွေ့ရသူများက စွဲနေတတ်ကြသည်ဆို၏။

နတ်ဆန်သောလူကြီးသည် ငါးပါးသီလလုံခြုံ၍ ကိုယ်ကျင့်တရားကောင်းကြသည်၊ အနေအထိုင်ရိုးသားကြသည်၊ ဒါန, သီလ, ဘာဝနာတရားကို မြတ်နိုးတတ်သည်၊ ထို့ကြောင့် လူ့သူတော်များဖြစ်ကြောင်း နားလည်ခဲ့ကြရပြီး အပြန်အားဖြင့် အနေအထိုင်မကောင်းသူ, တံငါမုဆိုးလုပ်သူ, သတ္တဝါတို့ အသက်သတ်သူ, အသောက်သမား, ဖဲသမား, ဂေစားသမားမျိုး၌အကျုံးဝင်သူ လူသာမန်အားလုံးတွင် နတ်ဆန်သူမရှိနိုင်ကြောင်း သိကြရာ၏။

**လူနှင့်တူညီသော နတ်, ဘီးလူး, ပြိတ္တာများ**

။ ။ပထဝီမြေပြင်ပေါ်၌ ကမ္ဘာဝစရအတိတ်ကံကြောင့် ဖြစ်တည်နေကြရသော ရုက္ခစိုးနတ်, ဘုမ္မစိုးနတ်များနှင့် ပေတဂတိဝင် နတ်တစ်ပိုင်းပြိတ္တာတစ်ပိုင်း နတ်ပြိတ္တာများ, နတ်တစ်ပိုင်း ဘီလူးတစ်ပိုင်းဖြစ်နေကြသော နတ်ဘီးလူးများသည် လူတို့နှင့်တူကြ၏၊ တူကြ၍ လူပုထုဇဉ်တို့ကဲ့သို့ ဖိုမဆက်ဆံကြသည်၊ ဆက်ဆံရာတွင် လှုပ်ရှားကြသည်၊ အရည်ထွက်ကျခြင်းရှိကြသည်၊ ထို့ကြောင့် သန္ဓေတည်ခြင်း, ကိုယ်ဝန်ဆောင်ခြင်း, သားမြေးမွေးဖွားခြင်း ရှိကြသည်၊ ဘုရားဟောဝိနည်းပါဠိတော်၌ လူပတ်ဝန်းကျင်၌ နေထိုင်ကြသော နတ်, ဘီလူး, ပြိတ္တာတို့၏ လူဆန်ကြပုံ၊ သားမြေးတွေနှင့်နေကြပုံ အကြောင်းတိုက်ဆိုင်ရာတွင် ပါရှိကြသည်။

ဤကား လူအများသိချင်နေကြသော သိထိုက်သောအမှန်ဖြစ်ရပ်ကို ဆရာကြီး ဦးထွန်းနီစသူတို့၏ ပြောပြဆွေးနွေးချက်များမှ လူထဲက ထူးခြားသော လူအချို့ရှိတတ်ကြောင်း ယောကျ်ားတို့နှင့်စပ်လျဉ်းသော သိမှတ်ဖွယ်ရာများပါတည်း။

## ယောကျ်ားအားလုံး တူညီကြမဲ့

'လန်းခြင်း'နှင့် စပ်လျဉ်း၍ မသိနားမလည်သူတို့က ဝိဝါဒကွဲပြားစွာ တွေးဆတတ်ကြသည်၊ လူအချို့က အနောက်တိုင်းပုဂ္ဂိုလ်များနှင့် ရဟန္တာပုဂ္ဂိုလ်တို့မှာ ပန်းလန်းခြင်းမရှိကြ၊ သေနေကြသကဲ့သို့ ပုံမှန်ပျော့ခွေနေကြမဲ့ဟု အထင်နှင့် ပြောဆိုလေ့ရှိကြသည်၊ မဟုတ်ပါ၊ မှားယွင်းစွာ အတွေးခေါင်နေကြခြင်းသာ ဖြစ်သည်၊ ပန်းသေခြင်းကတခြား, အာသဝေါဘရားလေးပါး ကုန်ခန်းခြင်းက တခြား ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်ကြောင်းနားလည်ကြပါ၊ ကျန်းမာရေး

နှင့် ပြည့်စုံနေကြသော ယောကျ်ားအားလုံး အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်ပါ မကျန် လန်းချိန်တန်က လန်းကြမြဲဖြစ်သည်။

ထိုအကြောင်းနှင့်စပ်လျဉ်း၍ ဝိနည်းပါဠိတော်၌ ဖြစ်ရပ်စုံ ဝိနိတဝတ္ထု ပေါင်း များစွာ လာရှိသည်၊ ပုံစံအဖြစ် ထုတ်ပြမည်။

ရဟန္တာပုဂ္ဂိုလ်တစ်ပါး ဆွမ်းခံပြန်၍ ဆွမ်းစားခြင်းကိစ္စပြီးလျှင် သူနေမြဲ တောအတွင်းရှိ ကျောင်းသခ်မ်းဝယ်အတွင်း၌ ခေတ္တကျိန်းစက်၍ အိပ်ပျော်နေစဉ် နွားကျောင်းသူမတစ်ဦးက လာ၍ရှိခိုးသည်၊ အိပ်ပျော်နေခိုက် လေကြောင့် ရှေ့ပန်းတင်းနေပုံကို ထိုသူမနောက်က သက်န်းလှန်ကြည့်ပြီး တပ်မက်သော ရာဂ စိတ်ကြောင့် မတော်မလျော်ပြုမူခြင်းလုပ်သည်၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်၍ ဘာအတွေ့မှ မရှိသဖြင့် အိပ်ပျော်မြဲ၊ ဘာမျှမသိလိုက်၊ သူမက ကိစ္စပြီး၍ ပန်းနိုင်များနှင့် အုပ်ကာ ပူဇော်ထားခဲ့ပုံ မြင်ရမှသိရသည်။

ထိုအကြောင်း သံသယရှိ၍ မြတ်စွာဘုရားအားလျှောက်ထားရာ သာယာမှု မရှိသော ရဟန္တာဖြစ်၍ အာပတ်မသင့်၊ နေ့ခင်းကျိန်းစက်ကြလျှင် ကျောင်းတံခါး ပိတ်ထားကြရမည်ဟု သိက္ခာပုဒ် ပညတ်တော်မူလိုက်သည်။

## လန်းခြင်း (၄) မျိုး

ကျန်းမာသောယောကျ်ားအားလုံး လန်းကြမြဲဆိုသည်ကို အနာဂါမ် ရဟန္တာမကျန် တူညီကြကြောင်း သိခဲ့ကြပြီ၊ သို့ရာတွင် အနာဂါမ်နှင့် ရဟန္တာ ပုဂ္ဂိုလ်တို့မှာ တင်းမာခြင်း (၅) မျိုးတွင် ရာဂကြောင့် တင်းမာခြင်း မရှိကြပါ၊ ကျန်လေးမျိုးကြောင့်သာ လန်းကြသည်၊ ခြွင်းချက်ကိုပြောရလျှင် ပုထုဇဉ် ဖြစ် သော်လည်း တရားနှင့်ပျော်မွေ့နေလေ့ရှိကြသော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်အများ တို့သည်လည်း အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့နှင့် မခြားပါ၊ ရာဂကြောင့် တင်းမာ ခြင်း မရှိကြဟူ၍ မှတ်ကြပါမည်။

အားလုံးခြုံ၍ပြောရလျှင် တင်းမာခြင်းသည် ရာဂကြောင့် အဖြစ်နည်း၏၊ ပျို့ရွယ်သူများသာ ရာဂကြောင့်ဖြစ်တတ်သော်လည်း လူကြီးများကား ကျန် ၄-မျိုးကြောင့်သာ လန်းခြင်းများသည်၊ ပုထုဇဉ် လူသာမန်များပင် ရာဂကြောင့် တင်းမာခြင်းက သုံးပုံတွင် တစ်ပုံသာ ရှိတတ်ကြသည်။

ရှေးဟောင်းဆေးကျမ်းများ အဆိုအရ နံပြကထလန်းခြင်း၊ သဘာဝ သည့် ဆီးကြောင့်အဖြစ်များ၍ လူအချို့လောက်သာ ဝမ်းကြောင့်၊ လေကြောင့်၊ ဥစ္စာလိင်ပိုးကြောင့်၊ ရာဂကြောင့် လန်းတတ်ကြောင်း ရှေးခေတ် ဆေးဆရာကြီး

များက ပွင့်လင်းစွာ မိန့်ဆိုခဲ့ကြသည်၊ ဤမျှရေးပြလျှင် နားလည်လောက်ကြပါပြီ၊ ညှိုးနေသူများက လန်းအောင် မည်သို့ ပြုပြင်ရမည်နည်းဟု မေးကြ၍ ကြားဖူးနားဝရှိသမျှ ဖြေကြားပါမည်။

**ခွဲခြားသိရန် စမ်းသပ်ကြည့်နည်း။** ။ရောဂါသည်တို့၏ ပေးစာအချို့တွင် 'သေနေသည်၊ ညှိုးနေသည်ဟု ခွဲခြားသိရန် စမ်းသပ်ကြည့်နည်း ရှိပါသလား'ဟူ၍ မေးချက်ပါ၏၊ ရောဂါသည်ကိုယ်တိုင်က 'သေနေတယ်၊ ညှိုးနေတယ်'ဟု ခွဲခြား၍ မသိနိုင်လျှင် စမ်းသပ်ကြည့်နည်းသည် လူမျိုးအလိုက် ဒေသအလိုက် နိုင်ငံအလိုက် နည်းပေါင်းအများရှိကြောင်း သိရ၏။

**အိန္ဒိယလူမျိုးတို့နည်း။** ။အိန္ဒိယနိုင်ငံသား ကုလားလူမျိုးတို့၏ နည်းမှာ လက်ဖြင့် ကိုင်တွယ်ကာ လှုပ်ရှားပေးစေကြသည်၊ မကြာမကြာ လှုပ်ရှားပေးခြင်းဖြင့် လန်းလာလျှင် (သို့မဟုတ်) လန်းစပြုသော လက္ခဏာပြလျှင် သေခြင်းမဟုတ် ညှိုးနေခြင်းသာဖြစ်ကြောင်း နားလည်ရမည်တဲ့။

**မြန်မာတို့နည်း။** ။ရှေးခေတ်က မြန်မာလူကြီးတို့၏ နည်းမှာ နံနက် အိပ်ရာမှ ထခါနီး အချိန်ပိုင်းတွင် ပက်လက်လှန်အိပ်၍ ညာဘက် ခြေသလုံးကို ဘယ်ဘက်ခြေသလုံးပေါ် တင်ထားပြီး အပေါ်ကတင်ထားသော ညာခြေသလုံးကို လှုပ်ရှားပေးနေရမည်တဲ့၊ ထိုနည်းတူ ဘယ်ခြေသလုံးကို ညာခြေသလုံးပေါ်တင်၍ အပေါ်တင်ဘယ်ခြေသလုံးကို လှုပ်ရှားပေးကြသည်။

အကျိုးမှာ ထိုသို့ လှုပ်ပေးနေခြင်းဖြင့် ထုံထိုင်းနေသော ဒူလာပါဒရက်ကြောခေါ် ခြေသလုံး အပြင်ကြော၊ အတွင်းကြောတွေ လျော့လာတတ်သည်၊ ယောကျ်ားတို့မှာ ဒူလာပါဒရက်ကြော တင်းနေခြင်း မရှိလျှင် အခြားသော အကြောများ ဆိုင်းခြင်း၊ ထိုင်းခြင်း မရှိနိုင်ပါ၊ သဘာဝအကြောများ ပုံမှန်အတိုင်း ရှိနေမည်၊ ထိုအခါ အကြောပေါင်းဆုံရာ အကြောဆုံ ဗဟိုဖြစ်သော ယောကျ်ားပန်းမှာ ညှိုးနေခြင်း၊ သေနေခြင်း ရောဂါလက္ခဏာပါ အခြေပြောင်း၍ ကောင်းမွန်လန်းဆန်းလာတတ်သည် ဆို၏၊ ထိုနည်း ပြုလုပ်ပေးသော်လည်း လန်းဆန်းခြင်း မရှိလျှင် ညှိုးရုံမဟုတ်ပါ၊ မပေါ့နှင့်၊ သေနေခြင်း ဖြစ်သည်ဟု နားလည်ရမည် ဆို၏၊ ဤကား ရှေးခေတ်မြန်မာတို့ စမ်းသပ်နည်းတည်း။

## ဆေးဖြင့် ကုစားနည်း

အဆိုပါရောဂါအတွက် ဆေးဖြင့် ပြုပြင်ခြင်း၊ ဆေးဖြင့် ကုစားခြင်းနည်းသည် တိုင်းပြည်အလိုက် လူမျိုးအလိုက် ခြားနားချက် အများရှိကြောင်း

သိရ၏၊ ခေတ်မီနိုင်ငံအများ၌ ခေတ်မီ ကိရိယာများဖြင့် ပြုပြင်ပေးကြသည်၊ ခေတ်မီလိပ်းဆေး, စားဆေးများဖြင့် ပြုပြင်ပေးကြသည် ဆို၏၊ ဥပမာ–ဂျာမနီနိုင်ငံ စသည်တို့၌ လေမှုတ်ကိရိယာ တစ်မျိုးဖြင့် လေမှုတ်၍ နှိပ် ပေးကြပြီး လိပ်းဆေး, စားဆေးများပါ တွဲဖက်၍ ကုစားပေးကြရာ အတော်အသင့် အောင်မြင်ကြကြောင်း ဆောင်းပါးများတွင် ဖတ်ရဖူး၏၊ ထိုနည်းအတူပင် ပြင်သစ်, အင်္ဂလန်, အမေရိကန် စသော ခေတ်မီနိုင်ငံ အများတို့၌မူ ဆရာဝန်များက ခေတ်မီကိရိယာအမျိုးမျိုး, ခေတ်ပေါ်ဆေးဝါး အမျိုးမျိုး တို့ဖြင့် ပြုပြင်ကုသပေးကြရာ အောင်မြင်ကြသည် ဆို၏။

**ရှေးရိုးဆေးနည်းများ။** ။ရှေးရိုးနည်းများတွင် လူမျိုးလိုက်၍ ဆေးနည်းများလည်း ခြားနားချက်ရှိကြသည်၊ကုလားလူမျိုး အချို့တို့သည် ပန်းနာပန်းညှိုး ရောဂါဖြစ်လျှင် ဆိတ်၏ဒူးဆစ်ကို ပါးပါးလှီး၍ ထောပတ်နှင့် ကြော်ချက်ပြီး ကျွေးလေ့ရှိကြသည်၊ ပျောက်ကင်းကြသည်ဆို၏။

ရှေးခေတ်မြန်မာလူမျိုးတို့၏ ဆေးနည်းမှာ သိဒ်နို့ရည်တွင် ပျားရည်ထက်ဝက်ရောစပ်၍ ကျိုချက်ပြီး ဟင်းသောက်ကြွေ ဇွန်းနှင့် နံနက် တစ်ဇွန်း, ညတစ်ဇွန်းကျ သောက်စေကြသည်၊ လက်တွေ့ပျောက်ကင်းကြောင်း လူပြောများကြသည်၊ လူအချို့ကား ဥသျှစ်သီးမှည့်ကို ပျားရည်နှင့် ဖျော်စပ်စားကြသည်၊ သူငယ်စားငှက်ပျောသီးမှည့်ဖြစ်စေ, ဖီးကြမ်းငှက်ပျောသီးမှည့်ဖြစ်စေ ပျားရည်နှင့်ရောနယ်ပြီး စားကြသည်လည်းရှိ၏၊ စတုမဓုကို စားကြသူများလည်း ရှိကြ၏၊ ထို့ပြင်ဘယဆေးမည်များဖြင့် ဆေးနည်းတိုအမျိုးမျိုး ဖော်စပ်စားကြ သူများလည်း ကြားရဖူး၏၊ လူပြောသူပြော ဆေးနည်းတိုအမျိုးမျိုး ဖော်စပ်စားကြသူများလည်း ကြားရဖူး၏၊ လူပြောသူပြော ဆေးနည်းတို အမျိုးပေါင်းတွေအများရှိနေကြောင်း ဒေသအလိုက်လူမျိုးအလိုက်ရှိကြသည်။

ယိုးဒယားနယ်ဘက်ရှိလူများမှာ သူတို့မြေပေါ်၌ ပေါက်လေ့ရှိကြသော 'ဆောင်ဘောက်ကူးဂမုန်းပင်'၏ဥကို ရေနှင့်သွေး၍ လိပ်းပေးလေ့ရှိကြသည်၊ ထိုဂမုန်ဉသည် ပင်ကိုယ်မသန်မစွမ်းဖြစ်နေသူ, ယောင်းနေသူနှင့် သေနေသူတိုင်ကြီးထွားလာစေနိုင်စွမ်းရှိ၍ ပန်းနာပန်းညှိုးရောဂါအတွက် အထက်မြက်ဆုံးဆေးပင်ဖြစ်ကြောင်း တစ်ဆင့်စကားကြားရဖူး၏။

**ဂမုန်းသဿာစင်ဥ။** ။အဆိုပါဂမုန်းနှင့် အလားတူသောဆေးပင် မြန်မာပြည်တွင် ချင်းတောင်ပေါ်၌ အများပေါက်လျက် ရှိသည်၊ 'သဿာစင်ဂမုန်း'၊ဂမုန်းပင်၏ ဥများကို ပါးပါးလှီးထုထောင်းပြီး နွားနို့သုံး

ခွက်တစ်ခွက်တင် ကျိုချက်ရှိသောက်လျှင် ငယ်နေသူ ကြီးထွားလာကြသည်၊ သေခါနီးနေသူများ လန်းကြသည်၊ များများသောက်မိလျှင် ဇရတ်ကျည်ပွေ့လောက်ကြီးထွားလာတတ်ကြပုံ ယောကျ်ားအချင်းချင်း ပျော်စရာစကားဝိုင်းဖွဲ့ရှိဟားတိုက်ရယ်မောရင်း ဂမုန်းသဃ်ာစင်ဥကို လက်တွေ့သုံးကြည့်ဖူး သူတို့က တစ်ဆင့် ပြောပြတတ်ကြသည်၊ ဤဆေးအကြောင်းဤမျှဆိုလျှင် တော်လောက်ပြီ၊ မိမိဘာသာ စုံစမ်းရှာဖွေ၍ စားသုံးနေတတ်ကြလေပြီ။

**မျက်မှောက်ခေတ်လူတွေပြုနေကြပုံ။** ။မျက်မှောက်ခေတ်တွင် ဆရာဝန်အားကိုးပြုလွယ်ကြသည်၊ ဆရာဝန်များက အားဆေးအမျိုးမျိုးကို ထိုးပေးလေ့ရှိကြရာမှာ ရသည်လည်းရှိ၏၊ မရသည်လည်းရှိ၏၊ ပုံမှန်ကောင်းလာသည့် မဆိုသာ၍ တကယ်အားမကိုးလောက်ဟု ဆိုကြ၏၊ လူအချို့ကား ဂလူးကို့စ်ခေါ် ဆေးသကြားကို ဖျော်သောက်ခြင်းပြုကြသည်။

ခေတ်မီသူတို့ကား ဂျာမနီလိမ်းဆေး၊ ပြင်သစ်လိမ်းဆေးစသည်ကို ဝယ်ယူလိမ်းပေးကြသည်ဆို၏၊ သို့သော်ထိုလိမ်းဆေးတို့ကား ခေတ္တမျှသာ ကောင်းမယောင်ရှိတတ်ပြီး နေရာမကျလှဟု လက်တွေ့သုံးပြီးသူတို့က စိတ်ပျက်ကြသည်။

**နတ်ဆေးဂမုန်းသာ စိတ်ချရဆုံး။** ။ဤအရှင်ထံသို့ ချဉ်းကပ် ရောက်လာကြသော ချင်းအမျိုးသားထဲမှ အဆိုပါရောဂါသည်များကို အခြေအနေမေးမြန်းပြီး နတ်ဆေးဂမုန်းကို ထောပတ်၊ ပျားရည်နှင့်အချို့ကဖျော်စပ်၍ နေ (၇)ရက်လှန်းပြီးစားစေရာ အားလုံးငယ်မူ အတိုင်းပုံ မှန်ကောင်းလာကြကြောင်း၊ ညှိုးခြင်းသေခြင်း မဖြစ်တော့ကြောင်း၊ ကျေးဇူးတင်ပါကြောင်း ပြန်ကြားပြောဆိုကြ၏။

ထိုကြောင့် အဆိုပါရောဂါမျိုးအတွက် မြန်မာပြည်တွင် နောက်ဆုံးပေါ် ခေတ်အမီဆုံးဆေးမှာ နတ်ဆေးဂမုန်းသည် ထက်မြက်သော လက်တွေ့ဆေးထူး ဖြစ်ကြောင်းသိရလေသည်။

**ကူးစက်သောရောဂါမျိုးမဟုတ်။** ။အဆိုပါ ယောကျ်ားအချို့၌သာဖြစ်တတ်သော ရောဂါမျိုးသည် ကူးစက်ပြန့်ပွားတတ်သောယောကျ်ားရောဂါမဟုတ်ပါ၊ (လူပျိုနာကာလသားရောဂါ) မဟုတ်ပါ၊ တောကျေးလက်ရွာများတွင် အနေအထိုင်အစားအသောက် ရိုးသားကြ၍ မြန်မာပြည်အညာပိုင်း ဒေသတို့၌ ပန်းသေပန်းညှိုးရောဂါဖြစ်သူမရှိကြပါ၊ တစ်

ရှာလုံးခြုံ၍ စစ်ဆေးမေးမြန်းကြည့်လျှင် ဘိုးစဉ် ဘောင်ဆက် တိုင်အောင်ပင် တစ်ယောက်မျှ ဖြစ်ဖူးသူ မရှိကြောင်း ပြောပြကြသည်။

အားလုံးခြုံ၍ ပြောရလျှင် အညာဒေသ တောကျေးလက်ရွာတို့၌ နေထိုင်ကြသော ယောကျ်ားတို့သည် အနေအထိုင်ရိုးသားကြ၍ လူတစ်ရာလျှင်တစ်ယောက်မျှ၊ လူတစ်ထောင်တွင်လည်း တစ်ယောက်မျှဖြစ်ဖူး သူမရှိကြောင်းသိရ၏။

ယောကျ်ားအားလုံးကိုခြုံ၍ ပြောရလျှင် ဘယ်တိုင်းပြည်က ဘာလူမျိုးဖြစ်စေ လူဘစ်သောင်းတွင် တစ်ယောက်နှုန်းဖြစ်တတ်သည်ဟု ပုံမှန်မတွက်ဆနိုင်သလို လူဘစ်သိန်းတွင်လည်း ၅-ယောက်နှုန်းဘောင် ဖြစ်လေ့ရှိသော ရောဂါမျိုးမဟုတ်ပါ၊ ထို့ကြောင့် 'ငါတို့ကိုယ်တိုင် ဖြစ်လေမည်လော'ဟု တွေးတောစိုးရိမ်ရန်မရှိပါ။

**ရောဂါဖြစ်တတ်သော အကြောင်းရင်း။** ။အတွေ့အကြုံများသော ဆရာဝန်တို့၏ ရေးသားချက်မှတ်တမ်းငယ်စာအုပ်တွင် ဖတ်ရဖူးသည်မှာ ငယ်ရွယ်စဉ်က မကောင်းသော အပေါင်းအဖော်တို့၏ သင်ပြမှုကြောင့် လက်ဆော့လေ့ရှိသူများသာ ကြီးသောအခါ ပန်းသေပန်းညှိုးရောဂါ ဖြစ်တတ်သည်၊ ပျိုရွယ်စဉ် အိမ်ထောင်ကျပြီးစအချိန်တွင် အသုံးများသူ၊ အကြိမ်များလွန်းသူတို့သာ ဖြစ်တတ်သည်၊ ထိုနည်းတူ တစ်ချိန်ချိန်က အသက် ၂၀-ကျော်၊ ၃၀-ရွယ်၊ ၄၀-ရွယ်၊ အသက် ၅၀-ကျော်အတွင်း အတွေ့အာရုံခံစားမှု အပျော်ကျူးသူများသာလျှင် အဆိုပါရောဂါဖြစ်လေ့ရှိကြောင်း အဆိုရှိကြ၏။

လိုရင်းချုပ်နားလည်ထားကြရန်မှာ အကြောအားနှင့် သွေးအားနည်းလွန်းသူ အနည်းငယ်လောက်သာ ဖြစ်တတ်သည်၊ ကာလသားရောဂါဖြစ်ဖူးသူ၊ အချို့လောက်သာ ဖြစ်တတ်၍ ကြောက်စရာမရှိပါ၊ သို့ရာတွင် ညှိုးနေသည်၊ သေနေသည်ထင်ရလျှင် ပေါ့ဆစွာနေရန်မထိုက်ကြောင်း နားလည်ကြရာ၏ အကြောင်းမှာ ယောကျ်ားတို့၏သဘာဝသည် ပန်းညှိုးလျှင် လူရောစိတ်ရော ညှိုးတတ်၍ ပန်းသေလျှင် လူပါသေသွားတတ်သောကြောင့် ဖြစ်သတည်း၊ ဤတွင် ယောကျ်ားတို့အတွက် ကျန်းမာရေးညွှန်းတမ်း ပြီး၏။

## သွားနာ, သွားကိုက်, သွားဖုံးရောင်ရောဂါပျောက် ဆေးနည်း

လူအတော်များများသည် သွားနာခြင်း၊ သွားကိုက်ခြင်း၊ နဲ့ခြင်း၊ သွားဖုံးရောင်ခြင်း မကြာခဏ ဖြစ်တတ်ကြသည်၊ ထိုရောဂါအတွက် ဆေးနည်းတို့တွေ့က

လည်း ပေါ်များလှဘိ၏၊ ဖော်စပ်ရောင်းချနေကြသော ဆေးများကလည်း ခေတ်မီနည်းရော ရှေးခေတ်နည်းပါ အများရောင်းချနေကြ၏။

သို့ရာတွင် ဝယ်ယူသုံးစွဲကြည့်သောအခါ ချက်ချင်းလက်ငင်း ယူပစ်လိုက်သကဲ့သို့ ပျောက်ကင်းသွားသောဆေးဟူ၍ တစ်နိုင်ငံလုံး ကျော်ကြားသွားလောက်အောင် မတွေ့ဖူးသေးပါ၊ အဆင်သင့်သောအခါ ပျောက်ကင်းသွားတတ်၍ အဆင်မသင့်သောအခါ မထူးခြားသည့်ဆေးတို့က များနေကြသည်။

## လက်တွေ့ဆေးနည်း

ဤအရှင်၏ ကိုယ်တွေ့ကို ရေးပြမည်၊ ဤအရှင်သည် တောင်ပေါ်၌ ပြောင်းဖူးပေါ်ချိန်ရောက်လျှင် ပြောင်းဖူးပြုတ် မီးဖုတ်တွေ ဆက်တိုက်စားမိသောအခါ နှစ်စဉ် ပုံမှန်ကဲ့သို့ သွားနာခြင်း သွားဖုံးရောင်ခြင်းဒုက္ခ ခံစားရတတ်သည်။

ဤအရှင်၏ ပြုပြင်ပေးမြဲ လက်သုံးဆေးနည်းတိုမှာ ရေနွေးပူပူတွင် ဆား အနည်းငယ်ထည့်၍ ငုံပေးခြင်းဖြစ်သည်၊ တစ်ကြိမ်လျှင် ၆–ခါလောက် ထပ်ဆင့် ငုံပေးရသည်၊ ခံတွင်းမှ ရေနွေးအေးစပြုလျှင် ထွေးပစ်လိုက်ပြီး ဆက်တိုက် ၆–ခါ ငုံပေးခြင်း ဖြစ်သည်၊ သွားနာခြင်း, သွားဖုံးရောင်ခြင်းကို လတ်တလောတော့ သက်သာသွားစေသည်။

## အကောင်းဆုံးဆေးနည်း ဆား

ထို့အပြင် ဤအရှင်သုံးနေကျ ဆေးတစ်မျိုးရှိသေး၏၊ ထူးဆန်းသောအရာ မဟုတ်ပါ၊ ဟင်းခပ်ဆားကို နာနေသောသွားများပေါ်၌ လက်ညှိုးဖြင့် သွားတိုက်သကဲ့သို့ ပွတ်တိုက်ပေးပြီး အတန်ငယ်ကြာအောင် ဆားနည်းနည်းကို ငုံထားပါ၊ ညအိပ်ရာဝင်ခါနီး ဆားနည်းနည်းနှင့်တိုက်၍ ငုံရင်းအိပ်ပါ၊ နာခြင်း၊ ကိုက်ခြင်း နဲ့ခြင်း သွားဖုံးရောင်ခြင်း နံနက်အိပ်ရာမှထသောအခါ ကောင်းနေပုံ တွေ့ရမည်၊ နေ့စဉ် နံနက်ထတွင် ဆားနည်းနည်း သွားပေါ်၌ပွတ်တိုက်၍ တစ်နာရီခန့် ဖြစ်စေ၊ နာရီဝက်ခန့်ဖြစ်စေ ငုံသွားပေးပါက တစ်သက်လုံး သွားရောဂါကင်းကြောင်း လက်တွေ့သိကြရပါလိမ့်မည်။

## နတ်ဆေးဂမုန်း သွားနာပျောက်ဆေး

ဤအရှင်သုံးနေကျ အခြားဆေးတစ်မျိုးကား နတ်ဆေးဂမုန်းကို ဝါး၍ ငုံထားခြင်း ဖြစ်သည်၊ နတ်ဆေးဂမုန်းလှီးပြီး အခြောက်ကို ကွမ်းသီးဝါးသကဲ့

သို့ဝါးရင်း ငုံထားပါ၊ ညအိပ်ရာဝင်ခါနီး ဝါးရင်း ငုံ၍အိပ်သွားပါ၊ နံနက်ထ တွင် သွားနာပျောက်နေပုံ၊ နုံနေသောသွား ခိုင်နေပုံ၊ သွားဖုံးရောင်ခြင်းမရှိတော့ပုံ လက်တွေ့သိရပါလိမ့်မည်။

အထူးသတိပြုရန်မှာ–သွားနာ, သွားကိုက်, သွားနုံ, သွားဖုံးရောင်နေစဉ် အချိုစားခြင်း, အချိုရည်သောက်ခြင်းမပြုရန် ရှောင်နေရမည်၊ သွားနာရောဂါ ကို ပို၍ဆိုးစေသောကြောင့် ဖြစ်သည်၊ သွားရောဂါအတွက် ဗမာတို့လက်သုံး ဆေး နည်းတို့တွေ များစွာရှိ၏၊ သို့သော် လိုရင်းအကောင်းဆုံးကို ရေးပြပြီး၍ ဤမျှ ဆိုလျှင် လုံလောက်ပါပြီ။

## ရေဖျဉ်းရောဂါပျောက်ဆေးနည်း

ဤအရှင်ထံသို့ ရေဖျဉ်းရောဂါသည်များထံမှ တောင်းပန်စာများ အကြိမ် ကြိမ် ရောက်လာဖူး၏၊ 'ဘယ်ပုံဘယ်နည်း ပျောက်ကင်းစေနိုင်ပါသလဲ၊ ဆေး နည်းရှိလျှင် ညွှန်ကြားပေးတော်မူပါဘုရား' ဟူ၍ ချပ်ဝေးမှ စာရေးတောင်းဆို ကြသည်။

အချို့က ခရီးကြုံခိုက် ဤအရှင်ထံသို့ဝင်ရောက်၍ တစ်ဆင့်မှာကြားလိုက်သူ ရောဂါသည်အတွက် လူကိုယ်တိုင်ဝင်ရောက်၍ မေးမြန်းလျှောက်ထား တောင်းဆို ကာ ရေးမှတ်ယူသွားကြသည်၊ အမှန်မှာ ဤအရှင်သည် ဆေးဆရာမဟုတ်ပါ၊ ဆေးကုသပေးဖူးခြင်းလည်း မရှိပါ၊ ဝါသနာလည်း မရှိပါ၊ ရောဂါသည်များ အား သနားသော စိတ်ရင်းစေတနာကြောင့် တတ်သမျှမှတ်သမျှ ကလောင်ဖြင့် ရေးသားညွှန်ကြားပေးနေသော ပုဂ္ဂိုလ်သာ ဖြစ်၏။

သို့သော် ထိုထိုတောင်းဆိုကြသူတို့အား ဝေနီးအားလုံးကို ဆေးနည်းနှင့် ပြုပြင်နည်းပါ ရေးပေးခဲ့ရဖူးပေါင်း များလှလေပြီ၊ ထို့ကြောင့် စာဖတ်ပရိသတ် များအားလည်း နည်းရထားကြစေရန် စေတနာကောင်းဖြင့် ဤတွင် ညွှန်ကြား ပေးပါမည်။

ဆေးရုံမှဆရာဝန်တို့ ကုသနည်းနှင့်မတူပါ၊ လုံးဝခြားနား၏၊ဆရာဝန်ဆိုသူ တို့ ကုသနည်းကား ရေဖျဉ်းရောဂါသည်ကို ဝမ်းဗိုက်ခွဲ၍ရေထုတ်ပြီး ပြန်ချုပ် ပေးခြင်း ဖြစ်သည်ဆို၏။

သို့သော် တစ်နှစ်ကျော်လျှင် ဝမ်းဗိုက်ဖောင်း၍ ပြန်ဖြစ်လာတတ်ကြပြန် သည် ဆို၏၊ တစ်ဖန် ဒုတိယအကြိမ်ခွဲ၍ ထုတ်ပေးရပြန်သည်၊ ခဏတ္တ ကောင်း သလို ရှိသော်လည်း တစ်ဖန် ပြန်ဖြစ်လာတတ်သည်၊ ထိုအခါ ဆရာဝန်တို့ သုံးကြိမ်

မြောက် မခွဲရဲကြတော့ချေ၊ အကြောင်းမှာ သုံးကြိမ်ခွဲလျှင် သေသွားတတ်ကြသော ကြောင့် ဖြစ်သည်ဆို၏။

ရန်ကုန်မြို့ ပြည်လမ်း၌နေသူ နာမည်ကျော် ဒကာကြီးတစ်ဦး ထိုရောဂါ ခံစားနေရရှာ၍ သူ၏ဖြစ်ပုံနှင့် ဆရာဝန်တို့ကုထုံးကို ပြောပြဖူး၏၊ နောက်ထပ် မခွဲတော့ဘဲ ဆေးကုသပေးခြင်း မခံယူတော့ဘဲ နေသွားပြန်ရာလည်း ဖြေးဖြေး ရောဂါဖြင့် မကြာခင် သေသွားကြရမြဲ ကျိန်းသေကဲ့သို့ ဖြစ်နေသည်ဆို၏၊ ကြောက်စရာရောဂါမျိုးဟူ၍ လူအများက ပြောစမှတ် ပြုထားကြသည်၊ မြန်မာ သမားတော်တို့ကလည်း နိုင်နင်းအောင် ကုသပေးခြင်း မတတ်နိုင်ကြလေရော့လား ဟူ၍ တွေးဆမိသည်။

ဤအရှင်၏နည်းမှာ မခက်ခဲပါ၊ စရိတ်ကုန်ကျများသော ဆေးနည်းမျိုး လည်း မဟုတ်ပါ၊ ဗိုက်ခွဲ ရေထုတ်ပစ်ရန် မလိုပါ၊ ထိုရောဂါကြောင့် လူမသေရ တော့ပါ၊ စိတ်ချရသောနည်း ဖြစ်သည်။

## ဆေးနည်းနှင့် ပေါ်စပ်စားသုံးနည်း

ကျောက်ချဉ်၊ ယမ်းစိမ်း၊ ဒုတ္ထာ-ဆေးမယ် ဤသုံးမျိုးသာဖြစ်၏၊ ၎င်း သုံးမျိုးကို အလေးချိန်ဆတူယူ၍ 'တေဇောဒကဆေးရည်' ဖြစ်အောင် ချက်ယူရ သည်၊ ချက်နည်း မခက်ပါ၊ ဤတွင်ညွှန်ကြားမည်။

### ချက်နည်း

ဥပမာ-အလေးချိန် ၂-ကျပ်သားစီယူ၍ ရေ,လက်ဖက်ရည်အဖန်ရေသောက် ပန်းကန်နှင့် နှစ်လုံးထည့်ပါ ၎င်းကို အရည်ချက်သကဲ့သို့ ပေါင်းတင်၍ ချက်ပြီး ချေးရည် (တေဇောဒက) ကို ခံယူရခြင်းဖြစ်သည်၊ လူတိုင်းနားလည်ကြပါမည်၊ တေဇောဒကဆေးရည်ကို ပုလင်းတွင် ထည့်၍ထားပါ။

## ပေါ်စပ်နည်း

၎င်းဆေးရည်ကို ပျားရည်တွင်ထည့်၍ နေလှန်းပေးရသည်၊ အချိုးအစားမှာ ပျားရည် ပုလင်းကြီးတစ်ပုလင်းတွင် တေဇောဒကဆေးရည် ဟင်းသောက်ဇွန်း နှင့် တစ်ဇွန်းထည့်ပြီး ပုလင်းကို ကြာကြာကိုင်၍ လှုပ်ပေးနေပါ၊ ထို့နောက် ပုလင်းကိုပိတ်၍ နေပူ၌ ၃-ရက် လှန်းပေးပါ၊ ၃ ရက်လှန်းပြီးလျှင် စားသုံးရန် အဆင်သင့် ဖြစ်ခဲ့ပါပြီ။

## စားသုံးနည်း

ရေဖျဉ်းရောဂါ ပျောက်ကင်းချမ်းသာရန်အတွက် နံနက်ပိုင်းတွင်တစ်ကြိမ်၊ ညဦး ပိုင်းတွင်တစ်ကြိမ်၊ ၎င်းပျားရည်ကို ဟင်းသောက်ကြွေဇွန်း နှင့် တစ်ဇွန်းကျ သောက်ပေးပါ၊ ပြီးလျှင် ရေနွေးအဖန်ရည်ကို ဝ ဂ ကြီးသောက်ပေးပါ၊ ရေအေး မသောက်ပါနှင့်၊ ဤနည်းအတိုင်း ရောဂါအခြေအနေ ကောင်းလာသည့်တိုင် အောင် အချိန်ရက်ကြာကြာ ဆက်တိုက်သောက်ပေးသွားရပါမည်၊ ရေဖျဉ်းစွဲနေ သော ဝမ်းဗိုက်ဖောင်းဖောင်းကြီးသည် တဖြည်းဖြည်း လျှော့ဆင်းသွားလိမ့်မည်၊ ဤကား ဆေးနည်းနှင့် ဆေးစားသုံးနည်းအပိုင်းတည်း။

## ကိုယ်ခန္ဓာပြုပြင်ပေးနည်း

ရေဖျဉ်းရောဂါကို ဆေးတစ်မျိုးတည်းစားရုံဖြင့် မလုံလောက်ပါ၊ ကိုယ် ခန္ဓာ ပြုပြင်ပေးနည်းပါ တွဲဖက်ရသည်၊ ကိုယ်ခန္ဓာပြုပြင်ပေးခြင်း လေ့ကျင့်နည်း မှာ မခက်ပါ။

## လေ့ကျင့်နည်း

ရေဖျဉ်းစွာ အိပ်ရာပေါ်၌ ပက်လက်အနေအထားဖြင့် ခြေလက်ကို ဇန့်စန့် ထား၍ အိပ်ပါ၊ ထို့နောက် ဖောင်းနေသောဝမ်းဗိုက်ကို ပျောက်ကွယ်၍ ပိန်ချပ် သွားသည်အထိ တဖြည်းဖြည်းချင်း ရှိုက်ပေးပါ၊ တစ်ချိန်ထက် လေ့ကျင့်မှု အရှိန်ကောင်းလာလျှင် ရင်ဘတ်သည် ကျောရိုး၌ ကပ်နေသည်အထိ ပိန်ကျသွား အောင် နိုင်နင်းစွာ ရှိုက်၍ပေးသွားပါ။

ဤနည်းအတိုင်း တစ်ကြိမ်တွင် ၁၀–ခါထက်မနည်း လေ့ကျင့်ပေးရပါ မည်၊ ရံခါတွင် အနေမှန်လိုက်၊ တစ်ဖန် ရှိုက်ပေးလိုက်ဖြင့် ၁၀–ခါအထိ လေ့ ကျင့် ပေးရမည်ဟု ဆိုလိုသည်၊ တစ်နေ့လျှင် အနည်းဆုံး ၃–ကြိမ် လေ့ကျင့်ပေး ပါ၊ နံနက်ပိုင်း အိပ်ရာမှထမီတစ်ကြိမ်၊ နေ့ပိုင်းတစ်ကြိမ်၊ ညအိပ်ရာဝင်ပြီးလျှင် တစ်ကြိမ် ဖြစ်သည်။

ဤလေ့ကျင့်နည်း အောင်မြင်မှုရပြီးလျှင် ရေဖျဉ်းရောဂါကြောင့် သေရ မည့် နယ်မှ ကျော်လွှန်ခဲ့ပြီဟူ၍ မှတ်ပါ၊ ထို့နောက် ဆက်ရမည်၊ ဒုတိယအဆင့် မှာ မတ်မတ်ရပ်၍ အထက်ပါနည်းအတိုင်း တစ်နေ့တွင် ၃–ကြိမ် လေ့ကျင့်ပေး ပါ၊ မတ်တတ်ရပ်ပြီး လေ့ကျင့်ခြင်း အောင်မြင်ခဲ့ပြီးလျှင် နောက်ဆက်တွဲ လေ့ ကျင့်နည်းမှာ ထိုင်နေရင်း လည်းကောင်း၊ အိပ်ရာပေါ်မှာ ဘယ်စောင်းညာစောင်း

အိပ်နေရင်း၌လည်းကောင်း အထက်ပါနည်းတူ လေ့ကျင့်ပေးသွားပါ၊ ဝန်လေးစရာမရှိပါ၊ အညောင်းအညာ ပြေသလိုပါ။

ဤပုံဤနည်း ညွှန်ကြားချက်အတိုင်း ဘေဇေဒကပျားရည်ဆေးကို နေ့စဉ်မှန်မှန် သောက်သုံး၍ ကိုယ်ခန္ဓာ ပြုပြင်ပေးနည်းကိုလည်း နေ့စဉ်မှန်မှန် လေ့ကျင့်ပေးသွားပါက 'ရေဖျဉ်းရောဂါကြောင့် 'မိမိမသေနိုင်တော့ဘူး၊ ငါမသေရတော့ဘူး' ဟူ၍ ဝမ်းမြောက်ဝမ်းသာ မှတ်ယူပါ၊ ဝမ်းဗိုက်ဖောင်းနေခြင်း မရှိတော့လျှင် တေဇောဒကပျားရည်ဆေး သောက်သုံးနေခြင်း ရပ်နားထားပါ၊ ဤအရှင်၏ နည်းကောင်းနည်းမှန်ကို လိုက်နာကြသော ရေဖျဉ်းရောဂါရှင်အများသည် သေဘေးမှ လွတ်မြောက်သွားခဲ့ကြလေပြီ ရေဖျဉ်းရောဂါဖြင့် မသေကြရတော့ပါ။

## မျက်မည်းနှင့် မျက်ခြောက်ရောဂါ

ယောကျ်ားများတွင် ပန်းသေပန်းညှိုးရောဂါ ဖြစ်နေ၍ နေထိုင်မကောင်း စားသောက်မကောင်း၊ နေ၍မပျော်၊ ထိုင်၍မပျော်၊ ဘာအလုပ်မှ မလုပ်ချင် မကိုင်ချင်စိတ် ဖြစ်နေပြီး ဝေးကာထိုင်ကာ ဖတ်တတ်ရောဂါဖြစ်၍ သေသွားတတ်သူများကို ရှေးခေတ် သမားတော်ကြီးများက 'မျက်မည်းရောဂါနှင့် သေတယ်' ဟူ၍ နားခံသာအောင် ပြောလေ့ ရှိကြသည်။

ထိုနည်းအတူ အမျိုးသမီးများ၌လည်း ပန်းသေပန်းညှိုး ဖြစ်လေ့ ရှိတတ်ကြရာ နားလည်တတ်ကျွမ်းသော ရှေးခေတ် ဆေးဆရာကြီးများက ရောဂါလက္ခဏာ လေ့လာ၍ ရောဂါမှန် သိရပြီးလျှင် 'မျက်ခြောက်ရောဂါ' ဟူ၍ ပြောလေ့ ရှိကြသည်၊ တမှိုင်မှိုင်နှင့် နေထိုင်မကောင်း၊ စားသောက်မကောင်း၊ မစားချင် မသောက်ချင်နှင့် စိတ္တဇရောဂါဆန်ဆန်ဖြစ်၍ သေသွားတတ်ကြသည် ဆို၏၊ ရှေးခေတ် ဆရာကြီးတို့၏ ကုထုံးမှာ မျက်ခြောက်ရောဂါ ဖြစ်ပုံနေပြီဟု အမှန် သိရပြီဆိုလျှင် 'သေမသွားစေချင်လျှင် မြန်မြန် ယောကျ်ား ပေးစားလိုက်ကြပါ၊ ဆေးဝါးဖြင့် အားမကိုးကြနှင့်' ဟူ၍ ညွှန်ကြားလေ့ ရှိကြသည်၊ ယောကျ်ား ပေးစားလိုက်လျှင် ထိုရောဂါကြောင့် မသေရတော့ဘူး ဟူ၍ လိုက်နာရစ်ကြရန် မှာတမ်း ပြုထားခဲ့ကြသည် ဆို၏၊ ဘယ်ဆေးမှ မပါသော ရှေးခေတ် သမားတော်ကြီးတို့၏ ထိရောက်သော ကုထုံးဟူ၍လည်း ပြောခဲ့ ရှိကြသည်။

## ကိုယ်ဖောကိုယ်ရောင် ရောဂါပျောက်ဆေးနည်း

ရှေးခေတ် ဝါရင့်ပြီး မြန်မာ့ဆေးဆရာကြီး အများဟိုက ကိုယ်ဖောကိုယ် ရောင်ခြင်း ရောဂါကို လိမ်းဆေးအမျိုးမျိုးနှင့် စပ်းသပ်၍ လိမ်းစေရန် ညွှန်ကြားကြ၏၊ မအောင်မြင်လျှင် ခါတ်စာကျွေး၍ ကုသလေ့ ရှိကြသည်။

ဤတွင် အမျိုးမျိုး ကြားသိခဲ့ဖူးသော လိပ်ဆေးအမျိုးပေါင်း များစွာကို ရေး၍မပြတော့ပါ၊ လက်တွေ့အဖြစ် မိတ်ချရသော နည်းကောင်း တစ်ခုတည်းကိုသာ ဖော်ပြမည်။

ကိုယ်တွေ့ကိုပြောမည်၊ ဤအရှင်သည် ၁၃၄၈–ခုနှစ်တွင် ခရီးရှည်ထွက်၍ တနင်္သာရီတိုင်းမှ အပြန်ခရီး ရန်ကုန်မြို့ ရောက်ပြီးလျှင် ပြင်းစွာဖျားခြင်းကြောင့် ရှေ့ခရီး ဆက်မသွားနိုင်တော့ပါ၊ ရန်ကုန်မြို့ ဗိုလ်တထောင်နှင့် သံဃာ့ဆေးရုံကြီးသို့ တက်၍ တစ်လကျော်ကြာအောင် ကုသမှုခံယူခဲ့ရ၏၊ အဖျားငြိမ်ပြီဟု ဆေးရုံမှ ဆင်းခဲ့ရသော်လည်း ကျန်းမာရေး မကောင်းသေးပါ၊ အားအင်အလွန် ဆုတ်ယုတ်နေသည်၊ မတ်တတ်ရပ်လျှင် ကြာကြာမရပ်နိုင်ပါ၊ ထိုင်ရသည်၊ ထိုင်ပြီးလျှင် မိမိဘာသာ မထနိုင်ပါ၊ သူတစ်ပါး ကူညီပေးမှ ထနိုင်သည်၊ အဝါအဟာရ စားနေရစေကာမူ ဘာစား၍မျှ အရသာ ပေါ်လွင်ခြင်း ထင်ရှားမရှိပါ။

## ခြေထောက်တွေ ဖောရောင်ခြင်း

ထိုပြင် အဖျားကြီးကြီး ဖျားနာခြင်း ခံရပြီးလျှင် နောက်ဆက်တွဲအနေဖြင့် ခြေထောက်တွေ ဖောရောင်လာသည်၊ ဆေးရုံမှဆင်းလျှင် ဇမ်းချောင်းမှ တူမကြီး ဒေါ်ရင်ရင်သိန်းနှင့် မြေး–ကိုနေဝင်းတို့အိမ် အပေါ်ထပ်၌ ကျောင်းအမှတ်ဖြင့် ခေတ္တချပ်ဆိုင်းနေ၍ ရှေ့ခရီးဆက်ထွက်ရန် စီစဉ်ရသည်၊ ထိုအချိန်တွင် တူများမြေးများက သူတို့ကြားဖူးသော လိပ်ဆေးများ ရှာဖွေ၍ ခြေဖမိုး ဖောရောင်နေခြင်းကို လိမ်းပေးကြ၏၊ သက်သာလာမည်ဟု မျှော်မှန်းကြသည်၊ ဓမ္မဗျူဟာစာစောင်ပိုင်ရှင် ဒေါ်သူဇာတို့ မိသားစုကလည်း ဆေးဝါးများ၊ ကျန်းမာရေး စာတ်စာများ နေ့စဉ် ပို့သူ၍ ပြုစုပေးရှာကြပါ၏။

## ဖောရောင်ရောဂါ လိမ်ဆေးအမျိုးမျိုး

အချိန်ကား နွေရာသီ တပေါင်းလကုန်၍ တန်ခူးလရောက်ခဲ့ပြီ၊ ကြာကြာရပ်ဆိုင်း မနေအားသောကြောင့် အများအကြံပေးချက်အရ မီးရထားဖြင့် ခရီးထွက်ခဲ့သည်၊ မိတ္ထီလာမြို့ ရောက်သောအခါ မိတ္ထီလာမြို့ ထီးသုံးဆင့်ဘုရားကြီး ဂေါပကအဖွဲ့မှ ဒကာတို့က သူတို့ကြားသိဖူးသော လိပ်ဆေးအမျိုးမျိုးနှင့် ကြင်နာစွာ လိမ်းပေးရှာကြပါ၏။

ပန္တလေးမြို့ကို ဖြတ်သန်း၍ ရွှေဘိုနယ်သို့ အမြန်ရောက်လိုသဖြင့် ခရီးဆက်ထွက်ခဲ့သည်၊ ဇာတိ ငွေတွင်းကုန်းရွာသို့ ရောက်သွားလျှင် သူတို့ကြားဖူး သိဖူးတွေ

ဖောရောင်ရောဂါ ပျောက်စေသော တောဆေးမြစ်တွေ ပေါများပါတိ၏၊ ဟိုမှ သည်မှ ရှာဖွေတူးဖော်၍ ယူလာကြပြီး တူများ မြေးများက အရေးယူကာ ရေနွေးငွေ့သွေးကာ လိမ်းပေးကြသည်။

မုံရွာမြို့ ရွှေဂူတိုက် ဦးဇောတိကထံ ရောက်သွားပြန်တော့လည်း ရှောက်ခါး ဆေးမြစ် စသည်တို့နှင့် လိမ်းပေးကြပြန်၏၊ လေယာဉ်ဖြင့် ခရီးဆက်ရန် မန္တလေး မြို့သို့ ရောက်သွားပြန်လျှင် ဒကာကြီး ဦးကံဆက်တို့ မိသားစု၏ မြသီတာဆေးတိုက် အပေါ်ထပ်၌ ကျောင်းအမှတ်အဖြစ် ခေတ္တတည်းခိုရာတွင် မန္တလေး၏ ကြွယ်ဝ လှသော ဗဟုသုတဖြင့် လိမ်းဆေးတွေ တစ်မျိုးပြီးတစ်မျိုး ပြောင်းကာလှယ်ကာ လိမ်းပေးကြ ပြန်ပါ၏။

လေယာဉ်ပျံဖြင့် မန္တလေးမြို့မှ ကလေးမြို့သို့ ခရီးထွက်လာခဲ့ရာ ကလေးမြို့ လျှပ်စစ် ဗိုလ်တဲရိပ်သာ တည်းခိုစခန်း၌ ကျောင်းအမှတ် သိတင်းသုံးပါဟု တောင်းပန်ကြ၍ ခေတ္တဘည်းခိုနေစဉ်တွင် သူတို့ဒေသ၌ရှိသော ဆေးမျိုးတွေ၊ ဆေးမြစ်တွေနှင့် လိမ်းပေးကြ၍ အားမရကြသဖြင့် စုတ်ထိုး ဆေးဆရာကလည်း သူ၏လက်စွမ်းပြကာ သူ၏ဆေးနှင့် စုတ်ထိုး၍ ကုသပေးလိုက် ပါသေး၏။

## တောင်ပေါ် တောရကျောင်း

ခရီးသွားရင်း မကျန်းမာသော်လည်း ရောက်ရာ မြို့ရွာအများ၌ တရား ဟောကြား ပေးရမြဲ ဖြစ်ရာ ကလေးမြို့၌ သုံးည လူသုပရိသတ်ကြီးအား တရား ပွဲကြီး ကျင်းပကြ၍ ဟောကြား ပေးခဲ့ရ၏၊ ဟောကြားသမျှ အသံသွင်းယူလိုက် ကြသည်၊ ကလေးမြို့မှ ခရီးဆက်၍ ခရီးစဉ် အဆုံးဖြစ်သော ချင်းတောင်ပေါ် မိမိ၏ နေထိုင်မြဲ ခန္တီနံ့ဘောင်ကြီး တောရကျောင်းသို့ ရောက်ပြန်တော့လည်း တောဆေးမြစ်, တောင်ဆေးမြစ်စုံစုံနှင့် လိမ်း၍ ပေးကြပြန်၏။

ထိုအချိန်တွင် ဤအရှင်ထံသို့ ရောက်ဖူးအောင်ဟူ၍ ခေတ္တဘက်ရောက် လာကြသော ဦးပဥ္စင်းတွေ၊ တူတွေ၊ မြေးတွေ ရှိနေကြခိုက်ဖြစ်ရာ သူတို့က ကြိုးစား၍လိမ်းပေးကြ၏၊ သူတို့ကို ကျေးဇူးတင်ရပါ၏၊ သို့ရာတွင် အဆိုပါ လိမ်းဆေးတို့ကြောင့် ရောဂါမှာ ပျောက်ကင်းသွားခြင်းမရှိပါ၊ အခြေအနေ စောင့်ကြည့်နေခဲ့ရာ ခြေဖမိုးမှ ခြေသလုံး၊ ဒူး၊ ပေါင်အထိ ယခင်ထက်ပို၍ ဖောရောင်လာနေပုံ တွေ့မြင်နေရ၏၊ နေရထိုင်ရ လေးလံခြင်းထူးကဲလာသည်။

## ယောကျ်ားခြေထောက် မိန်းမမျက်နှာ

ကိုယ်ခန္ဓာဖောရောင်ခြင်းနှင့်စပ်လျဉ်း၍ ရှေးခေတ်သမားကျော်ကြီးများ၏ မှတ်တမ်းစကားတွင် ‘ယောကျ်ားတို့ ကိုယ်ခန္ဓာ၌ ခြေထောက်မှ စတင်၍ တစ်ကိုယ်လုံး ဖောရောင်ခြင်းကို ကြောက်ရတယ်၊ သေတတ်တယ်၊ မိန်းမတို့ ကိုယ်ခန္ဓာ၌ မျက်နှာမှစတင်၍ တစ်ကိုယ်လုံးဖောရောင်ခြင်းကို ကြောက်ရတယ်’ ဟူ၍အဆိုရှိ၏၊ ထိုကြောင့် မတောက်တစ်ခေါက်ဆိုသလို တွေးဆမိသည်။

မိမိမှာ ခြေဖမိုးကစတင်ဖောရောင်ခြင်းကြောင့် ‘ငါ သေချိန်ရောက်ခဲ့ပြီလော’ဟူ၍ တစ်ခါတစ်ရံ တွေးဆမိသည်၊ စိုးရိမ်ကြီးစိတ်မရှိပါ၊ အကြောင်းမှာ မိမိအမှန်သေရမည့် အချိန်ရောက်သောအခါ ‘မသေမီ ၁၀-နှစ်မှ ကြိုတင်၍ သိနိုင်စွမ်းတစ်နည်းနည်း ရရှိပါစေသတည်း’ဟူ၍ ဆုတောင်းခြင်းနှင့်တကွ သစ္စာ မိဋ္ဌာန်ချက် လေးလေးနက်နက် ပြုထားပြီးဖြစ်၏၊ ထင်စုံတင်ရာ အရိပ်နိမိတ်မပြ၊ အိပ်မက်မြင်ခြင်းလည်းမရှိ၊ ကမ္မဋ္ဌာန်းအာရုံတွင်လည်း မပေါ်ဖူးပါ၊ ထို့ကြောင့် ‘ငါမသေနိုင်သေးပါဘူး’ဟူ၍ မိမိစိတ်အားရုံကို နှစ်သိမ့်မှုပြုစေပြီး စိတ်ရှင်းရှင်း ထားနေလိုက်သည်၊ ဤကား ရောဂါဝေဒနာ ပြင်းစွာခံစားနေကြရသော ဘဝတူ ဂိလာန ပုဂ္ဂိုလ်တို့အား နည်းပေးခြင်းပါတည်း။

## ပဲစဉ်းငုံပြုတ်၍စား၊ အကောင်းဆုံးလက်တွေ့ဆေး

ကံကောင်းချင်တော့ ခြေသလုံး၊ ဒူးပေါင်တွေ ဖောရောင်၍ နှစ်လ ကျော်ကြာပြီးသောအခါ ပဲစဉ်းငုံ ၂ ပြည်သားရောက်လာ၏၊ ဇာတိ ရွာမှ တပည့်ကျောင်းထိုင်ဘုန်းကြီးဦးတိက္ခဓီရကြုံ၍ ကလေးငမြို့ ရွှေမုဋ္ဌောကျောင်းမှ ဆွမ်းစားကျောင်းဘုန်းကြီး ဦးဇဋိလကလှူလိုက်၍ ယူဆောင်ခဲ့သည်ဆို၏၊ လူပြောများကြ၍ ပဲစဉ်းငုံအလုံးလိုက်နွေစဉ် နို့ဆီဘာစဘူးကျ ပြုတ်ပေးကြ၏၊ အစပ်းသဘောစားလာခဲ့ရာ တစ်ပြည်သားနီးကုန်လျှင် ပေါင်မှစ၍ ဒူးဆစ်အထိ ဖောရောင်ခြင်းလျော့သွားပုံ တွေ့မြင်ရ၏၊ စားနည်းမှာထူးတေ့ခြင်းမရှိပါ၊ ပဲလုံး ဟင်းကဲ့သို့ဆားနှင့်ဆီခပ်၍ချက်ပေးကြရာ စား၍ကောင်းသောကြောင့် နေ့ဆက် ရက်ဆက်စားလာခဲ့သည်၊ ပဲ ၂ ပြည်သားကုန်လျှင် လုံးဝ ပျောက်ကင်းသွားပုံ တွေ့မြင်ရ၏၊ ခြေဖမိုးပါ ဖောရောင်ခြင်းမရှိတော့ပါ၊ အံ့ဩစရာကဲ့သို့ပင် ဖြစ်သည်။

ထို့ကြောင့် စာဖတ်ပရိသတ်အား နည်းပေးပါသည်၊ ခြေထောက်စသည် ကိုယ်ခန္ဓာဖောရောင်ခဲ့လျှင် ခရီးမရောက်ရာတွေ ဘာမှလုပ်မနေကြနှင့်၊ ပဲစဉ်းငုံ

အလုံးကိုသာ နေ့စဉ် နို့ဆီဘူးခန့်ပြုတ်၍ စားနေပါ၊ လုံးဝ ပျောက်ကင်းမည် မှတ်ပါ၊ သတိပြုရန်– ဖောရောင် ရောဂါရှိသူအားလုံး အသားစိမ်း ဟင်းစားခြင်း လုံးဝရှောင်ရမည်မှတ်ပါ။

## တစ်ကိုယ်လုံးဖောရောင်သူ ပျောက်၏

အလွန်အကျွံ တစ်ကိုယ်လုံးဖောရောင်နေသူတစ်ဦး ပျောက်ကင်းသွားပုံ လက်တွေ့မြင်ရဖူး၏၊ လွန်ခဲ့သော သုံးနှစ်ကျော်က ဤအရှင်၏ ရွှေဘိုနယ်၊ ငွေတွင်းကုန်းရွာ၌ တူအရင်းဦးဂုဏ်ညွှန့်၏ ဇနီးအသက် (၄၀)ရွယ် ဒေါ်အေးရှင်သည်ကိုယ်ဖောရောင် ရောဂါဖြစ်ခဲ့ရာ သေပြီးအသုဘရုပ်ကောင်ကြီး ပုပ်ပွရောင်နေသကဲ့သို့ ကြည့်ရှုစရာမရှိအောင်ပင် ဆိုးဝါးနေသည်၊ ဦးဂုဏ်ညွှန့်က ဆေးဆရာတွေခေါ်ယူ၍ ကုသစေ၏၊ ဆေးထိုးအပ်ကိုင်သူရော ဗိန္ဒောဆရာပေါက်စတွေရောသူတို့တတ်သမျှဖြင့် ငွေယူ၍ကုသပေးကြ၏၊ သို့ရာတွင် သက်သာခြင်း မရှိပါ၊ တစ်နေ့တစ်ခြားပို၍သာ ဖောရောင်ခြင်း ကြီးမားလာနေပုံ မြင်ကြရ၏၊ အသက်ရှင်ဦးမည်ဟု ဘယ်သူမှမထင်ကြတော့ပါ။

## သေကံမရောက် သက်မပျောက်

'သေကံမရောက်၊ သက်မပျောက်'ဟူသကဲ့သို့ နောက်ဆုံးတွင် ပဲစဉ်းငုံ အလုံးကို ရေနှင့်ပြုတ်၍ ကျွေးစမ်းကြည့်သည်၊ ရေးလူကြီးတို့ညွှန်ကြားချက်အရ ပဲပြုတ်ရေကို သောက်စေသည်၊ ပဲပြုတ်နှင့် ရေချိုးပေးသည်၊ ထိုအခါသိသာအောင် တစ်နေ့တခြား သက်သာလာသည်၊ ပဲတစ်ပြည်သားမကုန်ခင် မသားကြီး ပုပ်ပွနေသကဲ့သို့ အခြေဆိုးမှ လွတ်မြောက်လာပုံ တွေ့မြင်ကြ၏။

ထိုအခါတွင် 'မသေတော့ပါဘူး' ဟူ၍ ဦးဂုဏ်ညွှန့်တို့ သားအဖက အားတက်လာကြပြီး ပဲစဉ်ငုံအလုံးကိုပြုတ်၍ နေ့စဉ်ဆက်ကာ ကျွေးလာခဲ့ကြရာ ပဲ ၂ ပြည်သားခန့်ကုန်လျှင် ဖောရောင်ခြင်း အားလုံး ပျောက်ကင်းသွား၏၊ ယခင် သေလူကောင်းဘဝကို ပြန်လည်ရောက်ရှိလာသည်၊ ယနေ့တိုင်အသက်ရှင်လျက် ကျန်းမာစွာရှိနေသည်၊ နောက်ထပ် ဖောရောင်ခြင်းမရှိတော့ပါ။

ထို့ကြောင့် ကိုယ်ဖောကိုယ်ရောင်ဖြစ်နေလျှင် ပဲစဉ်းငုံပြုတ်ကို ရက်ဆက် စားပေးပါက အကောင်းဆုံးဆေးဖြစ်၍ မသေတော့ဘူးမှတ်ပါ၊ **အထူးသတိပြုရန်မှာ– ကိုယ်ဖောရောင်ခြင်း ရောဂါဖြစ်နေလျှင် အသားစိမ်းဟင်း မစားရပါ၊ အသားစိမ်းဟင်းမျိုးစားလျှင် ရောဂါကိုးပြီး သေသွားတတ်ကြသည်၊** ကြက်သား

ဟင်းစားလျှင် ၃၅-ရက်တွင်သေမည်၊ အလွန်ဆုံး ၄၇-ရက်သာ အသက်ရှင်နိုင်သည်ဟု ရှေးခေတ်သမားကျော်ကြီးတို့က မှာတမ်းပြုခဲ့ကြ၏၊ မယုံကြည်၍ စားကြသူတွေ သေသွားကြသည်ချည်းပင်။

## ပန်းနာရင်ကျပ် တစ်သက်လုံးပျောက်ဆေး

ပန်းနာရင်ကျပ် ရောဂါရှိသူများအတွက် တစ်သက်လုံး ပျောက်ကင်းစေသော ဆေးနည်းကောင်း ပေးလိုက်မည်၊ မိတ္ထီလာမြို့မှ အဘိုးကြီးတင်ဦး နှစ်ကြာကြာ ပန်းနာရင်ကျပ်ရောဂါဖြစ်နေခဲ့ရာ လူပြောများ၍ ပဲစဉ်းငုံ အလုံးလိုက်တစ်နေ့ နို့ဆီဘူးတစ်လုံးကျ ပြုတ်၍ သားခပ်ပြီး အာဟာရသဘောဖြင့် နေ့စဉ်စားနေခဲ့သည်၊ စားနေရင်း နေရထိုင်ရသက်သာလာပုံ ခံစားရသည်။

ထို့ကြောင့် အားတက်၍ နေ့စဉ်ပုံမှန်စားနေခဲ့ရာ ၃-လကြာလျှင် လုံးဝပျောက်ကင်းသွားပုံ လက်တွေ့ဖြစ်ကြောင်း ရောဂါပျောက်သူ၏တူ ကျောင်းဆရာကြီး ဦးတင်ဝင်းက ပြောသည်။

စားသုံးနည်း လွယ်ပါ၏၊ ပဲစဉ်းငုံ အလုံးလိုက် ရေနှင့်နပ်အောင်ပြုတ်ပြီး ဆားခပ်၍ ပဲလုံးဟင်းကဲ့သို့ အရေအဖတ် စားခြင်းဖြစ်သည်၊ နေ့စဉ် နို့ဆီဘူး တစ်လုံးကျ စားနေပါ၊ ၃-လကြာလျှင် ပန်းနာရင်ကျပ် လုံးဝပျောက်ကင်း၏ မှတ်ပါ၊ အခြား ဘာဆေးမှ ထိုးရန်စားရန်မလိုကြောင်း နားလည်ပါ။

## နတ်ဆေးဂမုန်း

လက်တွေ့ဆေးကောင်းတစ်ခုကို ပြောဦးမည်၊ နတ်ဆေးဂမုန်းစား၍ တစ်သက်လုံး စိတ်ချရအောင် ပျောက်ကင်းသွားကြသူတွေ ရှိ၏။

ပန်းနာရင်ကျပ်ရောဂါကို နတ်ဆေးဂမုန်း အမှုန့်ထောင်းပြီး ပျားရည်တစ်ပုလင်းလျှင် ဆေးမှုန့် ၂-ကျပ်သားနှင့် ရောစပ်မွှေ၍ နေ ၃-ရက် လှန်းပါ၊ ထောပတ် ၂၀-ကျပ်သားရောထည့်ပြီး နာနာမွှေ၍ နေ ၄-ရက် ဆက်လှန်းပါ၊ ပေါင်း ၇-ရက် လှန်းပြီးလျှင် ဟင်းသောက်ကြွေဇွန်းနှင့် ည-နံနက် တစ်ဇွန်းကျ တစ်နေ့တွင် ၂-ကြိမ်စား၍ ရေနွေး အဖန်ရည်သောက်ပေးပါ၊ ပန်းနာရင်ကျပ်ရောဂါ ပျောက်၏၊ ဒူလာမီးယပ်ရောဂါပါ ကင်း၏၊ ဆောင်းညာကိုက်ခဲခြင်း မရှိပါ၊ လူ၏ခန္ဓာကိုယ်ပါ ဝဖြိုးလာပုံ တွေ့ရမည်။

## တစ်သက်လုံးပျောက်ဆေး ရှိ၏

ပန်းနာရင်ကျပ်ရောဂါနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ မြန်မာ့အသံ ရေဒီယိုမှ ၁၃၄၈-ခု၊ တော်သလင်းလဆုတ် ၅-ရက်၊ စနေနေ့ ညနေပိုင်းအချိန်တွင်

ဒေါက်တာအောင်ခင်ဆင့်နှင့် မြန်မာ့အသံကိုယ်စားလှယ်တစ်ဦး မေးဖြေဆွေးနွေးခန်း ပြောကြပုံ ကြားလိုက်ရ၏။

'တစ်သက်လုံးပျောက်ကင်းသွားအောင် ကုသ၍မရနိုင်ဘူးလား' ဟု မေးရာ ဒေါက်တာအောင်ခင်ဆင့်က 'မရနိုင်ဘူး' ဟူ၍ ဖြေကြားသွားကြောင်း ကြားရသူတို့ စိတ်ပျက်ကြရသည်၊ ထိုစကား မမှန်ပါ၊ တစ်သက်လုံး ရောဂါပျောက်ကင်းချမ်းသာနေကြသူတွေ များစွာရှိနေသည်ကို သတိမထားမိသောကြောင့် ဖြေမှားခြင်း ဖြစ်ပါမည်။

## ပေါ့တီးပေါ့ဆ မပြောသင့်

လွန်ခဲ့သော နှစ်ပေါင်း ၃၀-ကျော်က သင့်ဘဝမဂ္ဂဇင်းတွင် အမေးအဖြေ ဖတ်ခဲ့ရဖူး၏၊ တောကျေးလက်သားတစ်ဦးက 'ယောကျ်ားဖောင်စီး၊ မိန်းမမီးနေ ရယ်လို့ ဆိုရိုးစကားပုံရှိခဲ့ရာ ယောကျ်ားတို့မှာ ဖောင်မစီးချင်၍ ဖြစ်သော်လည်း မိန်းမများမှာ မီးမနေချင်၍ မရနိုင်ပါ၊ ကျုပ်တို့တောရွာ၌ ဆေးပေးခန်းဆိုတာ မရှိ၊ သားဖွားဆရာမဆိုတာလည်း မရှိကြလို့ တစ်ခါတစ်ရံ မီးမဖွားနိုင်တဲ့ အခက်အခဲတွေကြရာ အားကိုးရာမရှိ၊ မရှုမလှနှင့် သေသွားတတ်ကြပါတယ်၊ နောင်ခါ မသေကြရအောင် အလွယ်ဖွားနိုင်တဲ့ဆေးရှိလျှင် ညွှန်ကြားပေးပါ၊ သို့မဟုတ် အလွယ်ဖွားနိုင်တဲ့နည်းရှိလျှင် ညွှန်ကြားပါ' ဟု တောင်းဆို၏။

ထိုအချိန်က ထိုမဂ္ဂဇင်းတွင် တာဝန်ယူဖြေကြားပေးနေသော ဆရာဝန်အမည်ခံသူက 'အလွယ်ဖွားနိုင်သောဆေးမျိုး ကမ္ဘာပေါ်တွင် ဘယ်နိုင်ငံမှမရှိပါ၊ အလွယ်ဖွားနိုင်တဲ့နည်းရယ်လို့လည်း ဘယ်တိုင်းပြည်မှ မရှိကြပါ၊ ရန်ကုန်မြို့ ဒပ်ဖရင်ဆေးရုံကြီး၌ပင် မဖွားနိုင်ကြ၍ နှစ်စဉ် ၂၀၀-ကျော်လောက် သေဆုံးကြရတယ်' ဟူ၍ ဖြေကြားထား၏။

အားကိုးကြီးစွာနှင့်မေးရှာသော တောကျေးလက်သားအဖို့ ထိုအဖြေကို ဖတ်ရသောအခါ စိတ်မောသွားပေလိမ့်မည်၊ ဗဟုသုတကြွယ်ဝကြသော အညာဒေသမှ ရှေးခေတ်မိအဘိုးကြီးတို့က 'ဒီလူနှယ် ဆရာဝန်အမည်ခံကာ လူတတ်လုပ်နေသော်လည်း ဗဟုသုတ ဘာမှမရှိကြသူတွေထဲက အပြောသမားဖြစ်ရမယ်' ဟူ၍ မှတ်ချက်ချကြ၏။

## အလွယ်ဖွားနိုင်သောနည်း ရှိ၏

မြန်မာပြည်တွင် ရှေးရှေးခေတ်မှစ၍ အလွယ်ဖွားနိုင်သော ဇမာနည်းမှန်မူသေရှိ၏၊ 'ဘိုးဘိုးဝါနီ' ရေမန်းကိုတိုက်လျှင် အားလုံးဖွားနိုင်သည်၊ မဖွားနိုင်သူ

တစ်ယောက်မျှမရှိပါ၊ ပေါ်ကွင်း၌ သေနေပြီးကလေးပင် အလွယ်ဖွားနိုင်သည်၊ အချင်းမကျသူလည်း ကျအောင် လာ၍ထုတ်ကြပါ၊ လျှို့ဝှက်နည်းကောင်းပါ။

လွန်ခဲ့သော နှစ်အတော်ကြာက မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများအဖွဲ့ ချင်းတောင်ပေါ် ရောက်လာကြစဉ် ဤအရှင်ထံ ဝင်ရောက်ဖူးမြော်ကြ၍ စကားဦးသန်းရာမေးကြသဖြင့် အဆိုပါ အလွယ်ဖွားနည်းကောင်း လျှို့ဝှက်ပညာကို ဇီဝိတဒါနအဖြစ် သင်ပြပေးလိုက်ဖူး၏၊ အလိုရှိသူတို့ တစ်ဆင့် သင်ယူနိုင်ကြမည် ထင်ပါသည်။

## အသိဉာဏ် တစ်ထွာလောက်ကယ်နှင့်

စကားကို ပြောသင့်မပြောသင့် မြော်မြင်ဉာဏ်မရှိ၊ နေရာတကာ မဆင်မခြင် ပြောတယ်တတ်သော နောက်ပေါက်အချို့က ဒေါက်တာအမည်ခံ၍ ဆေးဆရာဖြစ်နေကြချိန် ဆုတ်ကပ်ဝပ်ကြီးပေမို့ မြိတ်မြို့မှ ဘုရားငါးဆူကျောင်းတိုက် သက်တော် ၇၀-ကျော်ရှိ ဆရာတော်ကြီး ဦးပညောဘာသ တွေ့ မကျန်းမမာ ဖြစ်စဉ် ကုသပေးရသော ဆေးဆရာ ဒေါက်တာက 'ပျံလွန်တော့မယ်၊ လေးလသာ အသက်ရှည်တော့မယ်'ဟု ဘုရားဟောသကဲ့သို့ ယတိပြတ်စကား ရဲရဲပြော၍ မှာဖူး၏။

သူတော်ကောင်းစိတ်ဓာတ်ခံ ရင့်ပြီးသော ဆရာတော်ကြီးသည် 'ဖြစ်သမျှ အကြောင်း အကောင်းချည်း' ဟူ၍ နှလုံးပိုက်ကာ ထိုဒေါက်တာ၏စကားကြောင့် သူအမြဲ သီတင်းသုံးနေသော ကျောင်းတိုက်ကို ရဟန်းတပည့်ကြီးတစ်ပါးအား လွှဲအပ်ခဲ့ပြီး တောရကျောင်းတစ်ခုသို့ ဝင်သွားသည်၊ 'ငါမသေခင် လပိုင်းအတွင်း ပါရမီမြင့်အောင် တရားနှင့်ပျော်မွေ့၍ အမြတ်ထုတ်သွားတော့မယ်' ဟူ၍ ဆုံးဖြတ်ကာ တောရကျောင်း၌ သီတင်းသုံးနေပုံ ဤအရှင်ရောက်သွားသောအခါ ၁၃၄၇-ခု၊ ပြာသိုလဆုတ် (၁၃) ရက်နေ့တွင် ဤအရှင်အား တက်ထကြွန်းကျန်း တင်စုံနှင့် လာရောက်ကန်တော့၍ တွေ့ခဲ့ရ၏၊ ကျန်းမာရေးကောင်းလျက် ရှိနေသည်။

တစ်ခါက အဆိုပါအကြောင်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့၌ ညှော်ပရိသတ်စုံနှင့် စကားဦးသန်းရာ ဆွေးနွေးမိကြရာတွင် ပိပိရှရှ၌ထိုင်လျက်ရှိသော ဝါရင့် ဆရာဝန်ကြီးတစ်ဦးက 'ဟုတ်တယ်ဘုရား၊ စမ်းပြီးတော့ ဒီမှာဘက်တွင် ဆေးကျောင်းတက်၍ ဆရာဝန်အမည်ခံနိုင်ခွင့်ရနေကြတဲ့ ဒေါက်တာပေါက်စလေးတွေ က ပြောလွယ်ကြတယ်၊ မိမဆုံးမ ဖမဆုံးမ ကလေးတွေလို စည်းလွတ်ကမ်းလွတ်

ထင်ရာပြောဘတ်ကြတယ် ဘုရား၊ အားလုံးရယ်လို့တော့ မဆိုလိုပါ’ ဟူ၍ လျှောက်ပူး၏။

ထိုပရိသတ်တွင် စိတ်ဝင်စားစွာ ပါဝင်စကားဆွေးနွေးလျက် ဤအရှင်၏ အနီး၌ ထိုင်နေသော သက်ရှယ်တော်ကြီး အညာမြေလတ်သား မန္တလေး ဆရာ ဘော်ကြီးတစ်ပါးက အမိန့်ရှိသည်မှာ ‘အသိဉာဏ်တစ်ထွာလောက်ကယ်နှင့်၊ ညှာ မသောက် ပြောဘတ်လှပါ’ ဆိုသည့် လယ်တီဆရာတော်ဘုရားကြီး၏ တွန်းဦးနှင့် ထွန်းလှတို့အား ဆုံးမခဲ့သည့်စာချိုးဟာ ဒီခေတ်တွင် ထင်ရာနှုတ်ပြောနေတတ်ကြ တဲ့ ဒေါက်ဘာချာတောတွေအတွက်ပါ ရေးခဲ့တာလည်း ဖြစ်နိုင်တယ်။

ဆုဘ်ကပ်ခေတ်ကာလကြီးအတွင်း ငါတို့ လူ့ဘဝရနေကြတဲ့ ဒီအချိန်မှာ ချာတိတ်တို့၊ ချာတောတို့၊ ချာတူးတို့၊ နောက်ပေါက် တာတေလန်ကောင်လေး တွေက ဒေါက်တာအမည်ခံယူ၊ ကျန်းမာရေးဆရာလုပ်နေကြတာ သူဟ္ဂိစိတ်က မဆင်မခြင်စကား ပေါ့တီးပေါ့ဆပင် ပြောကြတယ်၊ စည်းလွတ်ကမ်းလွတ် လွယ်လွယ်ပြောလေ့ရှိကြတဲ့ စစ်ပြီးခေတ် လူလောကဆိုဘာ နားလည်ကြရမယ်၊ သူတို့က စကားတစ်ခွန်းကို တန်ဖိုးမထားလို့ ပြောချင်ရာပြောကြပါစေ၊ ပြောတိုင်း မယုံကြဖို့က လူထုတာဝန်ပေါ့’ဟူ၍ လေးလေးနက်နက် အမိန့်ရှိတော်မူသည်။

ထိုစကား မှန်ပါသည်၊ မြိတ်မြို့မှ ဆရာတော်ကြီးသည် လေးလမကပါ၊ ၂-နှစ် ကျော်ခဲ့ပြီ၊ ပျံလွန်ခြင်းမရှိပါ၊ ယခု ဤစာအုပ်ဖတ်ရချိန် ၁၃၅၀-ခုနှစ် တိုင်အောင် ကျန်းမာတော်မူလျက် တရားနှင့်ပျော်မွေ့၍ ပါရမီဖြည့်ကျင့်နေဆဲ ရှိပါသည်။



# အပိုင်း (၃)

# စေတနာသည် ပဓာန

‘လူလောကတွင် လူချင်းခြားတယ်၊ ပုဂ္ဂိုလ်ချင်းခြားကြတယ်ဆိုတာ စိတ်ရင်းခြားကွာလို့ စေတနာခြားကွာလို့သာဖြစ်ရတယ်’

တစ်ခါတုန်းက သက်ရှယ်တော်ကြီး ကမ္မဋ္ဌာန်းအလုပ်၌ ဝါရင့်နေပြီးသော ဆရာတော်ကြီးတစ်ပါးက အမိန့်ရှိခဲ့ပုံကို ကြားနာရဖူး၏၊ ထိုစကားမှန်ကန်ပုံ ဤတွင်ဖော်ပြမည်၊ လွန်လေပြီးသောကာလမှ အကြောင်းများဖြင့်၏၊ အများစု၏လုပ်အားကို အမှီပြုရသော လုပ်ငန်းဟူလေသမျှတိုင်းမှာ စိတ်ရင်းနှင့်စေတနာတွေ ခြားနားကြပုံကို တွေ့ကြုံရ၊ မြင်ကြရ၊ ကြားသိကြရမြဲဖြစ်ရာ လူလောကကြီးတစ်ရပ်လုံးအတွင်း မလွဲသာမရှောင်သာသော ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာတစ်ခုဟူ၍ ဆိုရမည်ထင်၏။

အစပိုင်းပထမတွင် စိတ်ရင်းရော စေတနာရော တူကြီးတူကြသည်ထင်ရပြီး အလုပ်တာဝန်ဆောင်ရွက်ရင်း အချိန်အနည်းငယ်ကြာလာသောအခါ ခြားနားလာကြသည်၊ ခြားနားသော စိတ်ရင်းခံအကြောင်းကြောင့် စေ့ဆော်မှု၏ စေတနာက ဇာတိရုပ်ပေါ်လာလေ့ရှိကြသည်၊ ဤသဘာဝသည် လူဖြစ်စေ ရဟန်းသာမဏေဖြစ်စေ ပုထုဇဉ်မှန်သမျှ တစ်သဘောတည်း ဖြစ်ကြသည်။

## ကြိုတင်ချီးမွမ်း၍မဖြစ်

ကိုယ်တွေ့ကိုပြောရလျှင် လွန်ခဲ့သော အချိန်ကအကြောင်းများ ဖြစ်သည်၊ တောင်တန်းနယ်များ၌ သာသနာပြုကြရန် (သာသနာပြု ရဟန်း ပုဂ္ဂိုလ်များ) အလိုရှိကြောင်း သတင်းစာမှ ကြေညာလိုက်လျှင် ရဟန်းပုဂ္ဂိုလ်ငယ်တွေ ထိုမှဤမှ လက်မှတ်ထိုးသူတွေ ပေါ်ထွက်လာတတ်ကြ၏။ ‘မဟော်ကြပေသား၊ စေတနာကောင်း တူညီကြပါပေတယ်’ဟူ၍ ကူညီဖော်ရသည်ကို ကျေးဇူးတင်စွာဖြင့် ဝမ်းသာချီးကျူး ဖြစ်ကြရသည်၊ စာရင်းသွင်းလက်မှတ်ထိုး၍ အားပေးလာကြသော ထိုပုဂ္ဂိုလ်များကို ‘တူညီသောစေတနာရှင်တွေ’ဟူ၍ယူဆကာ ဝမ်းမြောက်ရန်ဖြစ်ပါ၏၊ သို့ရာတွင် ဆိုင်ရာသင့်တော်ရာ အလုပ်တာဝန်ကို ဆောင်ရွက်ကြရန် တောင်တန်းသို့ပို့လွှတ်၍ အသီးသီး နေရာချထားပေးလိုက်ပြီးလေလျှင် မကြာမြင့်သော အချိန်ပိုင်းအတွင်း၌ စိတ်ရင်းမဖြောင့်ပုံ၊ စေတနာမတူညီချက် ဇာတိရုပ်တွေပေါ်လာတတ်ကြလေသည်။

## တစ်ထောင်တန်သာသနာပြု ဝေါဟာရ

အထူးသဖြင့် တောင်တန်းနယ်သာသနာပြုရဟန်းပုဂ္ဂိုလ်များ၏ လောက၌ ကြေးဝါးသာသနာပြုခေတ်ဟူ၍ အချင်းချင်း ပြောလျောင်သော အချိန်ပေါ်လာဖူး၏၊ ဦးပဥ္စင်းတွေအပြောများကြသည်မှာ (တစ်ထောင်တန် တစ်ထောင်စား သာသနာပြု) ဟူ၍ ဝေါဟာရ တွင်လာသောအချိန်တွင် အခြေအနေ ရှုပ်ထွေးလာပုံကို ဤအရှင်သတိပြုကြည့်ခဲ့သည်၊ ဆိုလိုသည်မှာ (ခရီးစရိတ်အလွတ်) တစ်နှစ်လျှင် ငွေတစ်ထောင်ကျစားနပ်ရိက္ခာအတွက် ငုံ့ကုန်အဖွဲ့မှ ခွဲဘပ်ချပေးလှူ၍ ဟိုတောင်သည်တောင်သို့ ပို့လွှတ်ကြပြီ သာသနာပြုစေခြင်းကို တစ်ထောင်တန်သာသနာပြုခေတ်ဟူ၍ ဘဝတူအချင်းချင်း ပြောဆိုတတ်ကြသည့်စကား ဖြစ်သည်။

ထိုအချိန်မှစတင်၍ ဤမှာဘက်က လပိုင်း တစ်လျှောက်လုံး စိတ်ရင်း မဖြောင့်မှုအရင်းခံကြောင့် စေတနာထွေပြားလာကြပုံတွေ အမျိုးပေါင်းစုံ အောင်ဇာတိပြလာကြပုံ သရုပ်ဆောင်ကြပုံဘား ဟိုကတစ်မျိုး သည်ကတစ်မျိုး ထူထပ်လွန်းဘိသည်ဆိုရမည်တင်၏။

## တကယ်အလုပ်သမားကို အားပေးလိုသူ

တစ်ချိန်တွင် အရေးပါသော ဒကာကြီးတွေ ဤအရှင်ထံသို့ရောက်လာကြ၏၊ ဝန်ကြီးချုပ်နှင့်ဟသ်ာတ ဦး မြစသော လက်ရွေးစဉ်အဖွဲ့အုပ်စု ဖြစ်သည်၊ 'ဘောကြီးတောင်ကြီးတွေပေါ်၌ တစ်ပါးတည်း ခြေကျင်လျှောက်ပြီး တကယ်ကိုယ်ထိလက်ရောက်ဆင်းရဲခံ၍ သာသနာပြုနေသူ, ပင်ပန်းခံကြိုးစားနေသူ အစစ်အမှန်မှာ ဆရာတော်ဖြစ်ပါတယ်၊ နိုင်ငံတော်အစိုးရငွေကို တောင်းယူပြီး သုံးစွဲနေကြသူတို့က တစ်ခြားဖြစ်နေပါတယ်၊ တကယ့်အလုပ်သမားကိုသာ ထောက်ပံ့လိုပါတယ်' ဟူ၍ ဝန်ကြီးချုပ်စသူတို့က တောင်းပန်ကြ၏၊ လက်ခံရန်နှင့် ရန်ကုန်မှအဖွဲ့ကိုလည်း မီးရထားခေါင်းတွဲအဖြစ် လက်တွဲ၍ခေါ်ဆောင်သွားရန် တိုက်တွန်းကြ၏။

သူတို့၏ တောင်းပန်မှုကြောင့် အားနာပါးနာတွဲခေါ် လုပ်ဆောင်ရင်း ထိုတစ်ထောင်တန် လောကတွင်းသို့ မလွဲသာ၍ ၄-နှစ်ဝင်ရောက်ပြီး လက်ခံယူလိုက်ရဖူး၏၊ ထိုလောကတွင်းဝင်ကြည့်သောအခါ တကယ်အလုပ်သမား ရှား၏၊ အုတ်အရောရော ကျောက်အရောရော ပုဂ္ဂိုလ်သောင်းပြောင်းတွေ စိတ်ပျက်မိသောကြောင့်တစ်ကြောင်း၊ ဗဟိုဌာနဌ်နေသူတို့က ပုဂ္ဂိုလ်၏တန်ဖိုးကို အလေး

မထား၊ အားမပေးလိုကြ၊ ချီးရန်နှိပ်ရန်သာ အားထုတ်မှုတွေကို တွေ့ရှိခံရားရပုံကြောင့်တစ်ကြောင်း လက်တွေ့၍အလုပ်မဖြစ်နိုင်အောင်ငြီးငွေ့သောကြောင့် ပစ်ကြောင်း၊ ၄-နှစ်မှ နောက်ကာလတွင် ထိုရိက္ခာကိုလည်း လက်မခံ၊ ထိုအဖွဲ့ကိုလည်း သံယောဇဉ်ဖြတ်လိုက်သည်မှာ တစ်သက်လုံး ယနေ့တိုင်ဖြစ်သည်၊ ပုဂ္ဂိုလ်ကြီးတို့၏ စိတ်သဘာဝမှာ စေတနာခြားလွန်းလျှင် ရှောင်ကြသည်။

## စိတ်သောကမဖြစ်အောင်နေနည်း

အဆိုပါ နေနည်းအတိုင်း ဤအရှင်က တစ်ဖွဲ့လုံးကို ရှောင်လိုက်သောအခါ ချင်းတောင်ကြီးတစ်တောင်လုံး၊ တောင်ပိုင်းရော မြောက်ပိုင်းရော ကြားမကောင်းအောင် စိတ်ရင်းစေတနာတွေ လွတ်လပ်စွာ ဇာတိပြကြလေတော့သည်၊ ရှေးအခါက ထိုသမိုင်းတွေ ကြားသိလျက် ၁၃-နှစ်တိုင်တိုင် ငုံ့နေခဲ့သည်၊ ယခုအခါ ( ၁၃၂၉-ခုနှစ်တွင် ) ချင်းတောင်ရောက်လာကြသော ဓားများဆရာကြီးတွေက ထိုသမိုင်းတွေ တင်ပြရေးသားကြ၍ စာအုပ်ထွက်ပြီး နေကြသောကြောင့်တစ်ကြောင်း၊ ချင်းတောင်းပေါ်ရှိ နယ်ဖက်စစ်ဖက်အုပ်ချုပ်ရေး၊ လုံခြုံရေးဖက်မှ အစိုးရဝန်ထမ်းကြီးငယ်တို့က မျက်မြင်နှင့်တစ်ဆင့်ကြား သာသနာပြုပုဂ္ဂိုလ်ငယ်အချို့၏ဖြစ်ရပ်တွေကို ပြောမဆုံးဖြစ်နေကြသောကြောင့်တစ်ကြောင်း မနေသာသောအချိန်ပိုင်းသို့ ရောက်လာ၍စေတနာကောင်းဖြင့် ရိုးသားစွာတင်ပြရသည်၊ ထိုပုဂ္ဂိုလ်ငယ်တို့အား ထိန်းကွပ်အုပ်ချုပ်ရန် မိမိအနေဖြင့် တာဝန်မရှိတော့ပါ၊ အဆိုပါ တစ်ထောင်ပါးလောကအဖွဲ့နှင့် ရှောင်ကွင်းခဲ့ပြီး ဖြစ်သောကြောင့် စိတ်သောကလည်းမဖြစ်ရပါ၊ ဤအရာသည်ပင် ကောင်းသောချမ်းသာမှုတစ်ရပ် ခံစားရချက်ဖြစ်သည်၊ စိတ်သောကဟူ၍ ဘာမျှမဖြစ်ရအောင် နေနည်းကောင်းဟု ဆိုရပါမည်၊ ပွင့်လင်းသောခေတ် ရောက်၍ပေလော၊ သူတို့ သာသနာပြုပုဂ္ဂိုလ်အချင်းချင်း ပြောဆိုနေကြပုံက 'သူလည်း တစ်ထောင်တန် ကြေးစားသာသနာပြု၊ ကိုယ်လည်း တစ်ထောင်တန် ကြေးစားသာသနာပြု၊ ဘယ်သူကမှ ပါဝါပြနေစရာ မလိုပါဘူး'တဲ့၊ ထိုကြေးကြော်သံ ကြားရသောအခါ 'ငါးတို့လောကထဲက ဦးစွာရှောင်ကွင်းခဲ့ခြင်းသည် ငါ့အဖို့ မြတ်လေခြင်း' ဟူ၍ ဝမ်းမြောက်မဆုံး ရှိဘိသည်။

## ရုပ်-နာမ်-ခန္ဓာနှင့် စိတ်စေတနာ

သူတို့အတွက် မိမိမှာ တာဝန်မရှိသော်လည်း 'သာသနာပြုကိုယ်တော်ကြ' ဟူ၍ လုံးတင်ခြင်းခံလိုက်ရသော အရာရှိကြီးတစ်ဦး၏ လျှောက်သွားချက်ကိုတော့

ဒကာ် အောင့်သက်သက်ကြီး ခံစားရလလိုပါ၊ သို့ရာတွင် ဤအရှင်က အညှံ့မခံ ပြန်ဖြေလိုက်သည်၊ 'ဒကာကြီးရဲ့ နယ်ဘက်၌ဖြစ်စေ၊ ရဲဘက်စစ်ဘက်၌ဖြစ်စေ မင်းမှုလမ်းလောကကြီးတွင် တော်သူရှိတယ်၊ ရှော်သူရှိတယ်၊ ကောင်းသူရှိတယ်၊ ဆိုးသူရှိတယ်၊ တောင်တန်းသာသနာပြုပုဂ္ဂိုလ်ကြီးငယ်လောကတွင်လည်း ထို့အတူ ဖြစ်ရပေမယ်၊ ဦးပဉ္စင်းတွေဆိုရသော်လည်း လူထဲကထွက်၍ သင်္ကန်းဝတ်နေကြ သူတွေပင်၊ သင်္ကန်းချွတ်လိုက်လျှင် ပုထုဇဉ်မှန်သမျှ လူသာမန်ဖြစ်သွားကြမယ်၊ ထို့ကြောင့် လူဝတ်လဲပြီး ချင်းတောင်ပေါ်၌ အိမ်ထောင်ပြုနေကြသူတွေ၊ ကချင်နယ်၊ ယောနယ်ဆင်းပြီး အိမ်ထောင်ပြုနေကြသူတွေကို ဦးပဉ္စင်းတွေ မပြောနိုင်တော့ဘူးမဟုတ်လား ဒကာကြီး'

ဤအရာအားလုံးသည် တရားသဘာဝကျသော အကြောင်းရင်းကို လိုက် ကြည့်လျှင် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာနှင့် စိတ်စေတနာသာ ဖြစ်သည်၊ စိတ်ရင်းစေတနာ မကောင်းလျှင် လူသော် ရဟန်းသော် အတူတူပါ၊ ဘယ်ဌာန ဘယ်လောက၌ တည်သော ပုဂ္ဂိုလ်ဖြစ်စေ မကောင်းနိုင်ဟူ၍ ဖြေရှင်းပြလိုက်ရ၏။

## မှုလဝန်ခံချက်နှင့် လုပ်ရာတခြား

မယဉ်ကျေးသောဒေသသို့ ယဉ်ကျေးမှုသင်ပြပေးရန် သာသနာပြုတက်လာ ခဲ့ကြပြီး အချင်းချင်းအမှုပွေ့ကြပုံ ကြားရချက်ကတော့ စိတ်ပျက်ဖို့ကောင်းလှ သည်၊ ချင်းတောင်ပေါ် မြို့တစ်မြို့၌ချထားသော ခေါင်းဆောင်ပုဂ္ဂိုလ်နှင့် အခြား တစ်မြို့၌ချထားသော ခေါင်းဆောင်ပုဂ္ဂိုလ်တို့၊ တာဝန်ယူ တက်လာခဲ့ကြစဉ်က သာသနာပြု၊ လုပ်ကြတော့ မဆိုင်ရာတလွဲ၊ မှုမမှန်သောစိတ်ရင်းစေတနာ မဖြောင့် သူမှန်လျှင် ပစ္စည်းနှင့်စပ်လာသောအခါ ပတ်ဝန်းကျင်က လုံးဝမမျှော်လင့်သော ဇာတ်ရှုပ်တွေ ထွက်ပေါ်လာတတ်ကြသည်မှာ ရှေးခေတ်တို့၌လည်း လူသမိုင်း ရဟန်းသမိုင်းတွေ ရှိခဲ့ကြဖူး၏။

## ပုဂံခေတ်၌ ဖြစ်ရပ်သမိုင်း

ပုဂံပြည်၌ ရှေးကဖြစ်ရပ်ကို ပြောမည်၊ သက္ကရာဇ် ၅၅၃–ခုနှစ်တွင် နရပတိစည်သူမင်းလက်ထက်၌ သာသနာပြုအရှင် သောဏထေရ်နှင့် အဆက်အနွယ် ဖြစ်သော အရှင်ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်ကျွန်းသို့ ဘုရားဖူးကြွသွားလေရာ ပုဂံမှ ပုသိမ်သို့အကြွ လမ်းခရီးအတွင်း (ဆပဒရွာသား) သာမဏေတစ်ပါးကို နောက်ပါတပည့်အဖြစ် လိုက်ခွင့်ပြု၍ လိုက်ပါသွားလေသည်၊ သီဟိုဠ်သို့ ရောက် ကြပြီးလျှင် သီဟိုဠ်မထေရ်တို့နှင့် ဆွေးနွေးကြရာ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်

က စေလွှတ်သော အရှင်သောဏ အရှင်ဥတ္တရမထေရ်တို့၏ အနွယ်ဟု သိကြသည်၊ ထိုအခါ အနွယ်တူချင်း ကျေနပ်နှစ်သိမ့်စွာ တစ်ပေါင်းတည်းပြု၍ နောက်ပါ သာမဏေကို ရဟန်းတက်ပေးကြသည်၊ ဆရာတော် အရှင်ဥတ္တရာဇီဝ မြန်မာပြည်သို့ ပြန်ကြွလေလျှင် တပည့်ရဟန်းငယ်သည် (၁၀) ဝါတိတိ ပါဠိစာပေကျမ်းဂန် သင်ယူရန် နေရစ်လေသည်၊ ထိုရဟန်းငယ်သည် ဘွဲ့အမည်ထင်ရှားမပေါ်၊ ဆပဒ ရွာသားဖြစ်၍ ပခုက္ကူမြို့၌ ဆရာတော် ဦးပန်းကြီးဟူ၍ ခေါ်တွင်နေကြဘိသို့ (အရှင်ဆပဒ) ဟူ၍ ခေါ်တွင်ကြသည်၊ အဆိုပါ အရှင်ဆပဒသည် မြန်မာပြည်သို့ ပြန်မည်စီစဉ်သောအခါ 'ငါ၏ဆရာတော် ယခုအချိန်၌ ရှိမည်မရှိမည် မသိနိုင်၊ ငါနှင့် ဆရာတူ သီဟိုဠ်သားရဟန်းလည်း ရှိပါမည်လော' ဟူ၍ တွေးကြံပြီးလျှင် ကံတူစေရန်အတွက် ရှင်သိဝလိ, ရှင်တာမလိန္ဒ, ရှင်အာနန္ဒာ, ရှင်ရာဟုလာ, ဘွဲ့အမည်ရှိကြသော သီဟိုဠ်သား ရဟန်းလေးပါးကိုပင့်ဆောင်၍ အတူလာခဲ့ကြသည်။

## ဘုရင်ကြည်ညို၍ ပွဲခံရာမှ

ပုဂံပြည်ရောက်ပြီးနောက်တွင် နရပတိစည်သူမင်းက အလွန်ကြည်ညိုလှသောကြောင့် ချီးမြှောက်လို၍ နန်းတွင်းပင့်ဖိတ်ပြီး အငြိမ့်ပွဲခံကာ ဖြေဖျော်စေလျက် အလှူပွဲကြီး ပြုလုပ်လေသည်၊ အငြိမ့်ပွဲကိုကြည့်မြင်နေကြရသော သီဟိုဠ်ရဟန်းပျိုလေးပါးတို့တွင် ရှင်ရာဟုလာသည် မြန်မာအငြိမ့်ကို အလွန်နှစ်သက်ပြီး နန်းတွင်းမှ ကျောင်းသို့ပြန်ရောက်လျှင် ရဟန်းဘဝနှင့် မနေနိုင်လောက်အောင် ဇာခြေပျက်လေသည်၊ သူ 'ဒီအဝတ်နှင့် မနေလိုတော့ဘူး၊ လူဝတ်လဲပါတော့မယ်' ဟူ၍ အဖော်များကို လျှောက်ထားလေတော့သည်၊ အရှင်ဆပဒစသော ပုဂ္ဂိုလ်တို့က တားကြပါ၏၊ တရားချကြပါ၏၊ သို့သော်လည်း တားမနိုင်ဆီးမရသော အခြေရောက်၍ နောက်ဆုံးတွင် အပေါင်းအဖော်များက အရုပ်မဆိုးအောင် နားလည်မှုယူကာ ညွှန်ကြားကြရသည်၊ 'တကယ်လူဝတ်လဲတော့မယ်ဖြစ်လျှင် ဒီပုဂံမှာ မလဲပါနှင့်၊ ပုသိမ်မှ သင်္ဘောနှင့်လိုက်သွားပြီး မလ္လာယုကျွန်းရောက်ခါမှ လူဝတ်လဲပါ' ဟူ၍ အကြံပေးတိုက်တွန်းကြရသည်၊

## အကြောင်းတစ်ခုတည်းမဟုတ်

'အကျိုးတစ်ခု ဖြစ်ပေါ်လာခြင်းသည် အကြောင်းတစ်ခုတည်း မဟုတ်နိုင်' ဟူသော စကားအတိုင်းပါ၊ ထိုသီဟိုဠ်ရဟန်းငယ် အရှင်ရာဟုလာသည် ပုဂံမြို့သူ

အငြိမ့်သမ၏ ဟန်ပန်အမူအရာ အမြင်အာရုံကို စွဲမက်နေမှုဘစ်ခုတည်းကြောင့် မဟုတ်ပါ၊ သူသည် ပုဂံသား ရဟန်းတစ်ပါးကို ပါဠိတော်နှင့် အဋ္ဌကထာ ကျမ်းကို သင်ပြပေး၍ ထိုရဟန်းက ကျေးဇူးဆပ်သောအားဖြင့် ပတ္တမြား ကျောက်မျက်ရတနာတွေ သပိတ်နှင့်တစ်လုံးအပြည့် ကန်တော့ထားသောအလှူတွေ လက်ခံရရှိထားသောကြောင့် လူဝတ်လဲရန်အကြံ မြန်ဆန်ခြင်းဖြစ်လေသည်၊ ပုဂံ၌ လူဝတ်လဲခဲ့လျှင် ကျန်ပုဂ္ဂိုလ်တွေလည်း ထိုနည်းရင်း သွားကြပဲမှဟူ၍ အထင် သေးခံကြရမည်၊ ပုဂံပြည်သား ဒကာဒကာ်တွေက သီဟိုဠ်ရဟန်းတို့အပေါ် အကြည်ညို ပျက်ကြမည်ကြောင့် အဖော်များက တားကြရသည်၊ မရသည့်အခြေတွင် မျက်စိ ကွယ်ရာသို့ တွန်းပို့လိုက်ကြရခြင်း ဖြစ်သည်။

မြောက်ပိုင်း ချင်းတောင်ပေါ်၌ သာသနာပြု ဦးခွင်းငယ်တွေကိုလည်း ဤအရှင်တစ်ပါးတည်း ဦးစီးခေါင်းဆောင်၍ အုပ်ချုပ်နေစဉ်က နိုင်နင်းစွာ ဆုံးမသြဝါဒပေး၍ ထားနိုင်ခဲ့သည်၊ တစ်ပါးမျှ လူဝတ်လဲခြင်းမရှိကြပါ၊ အကင်း ပါးစွာ မိမိရှောင်သွားပြီးသောနောက်ပိုင်းတွင် အကွပ်မရှိသောကြမ်းပြင်၊ မင်း မရှိသောတိုင်းပြည်ပမာ လူဝတ်လဲကြ၊ စီးပွားရေးအမှုတွေ ပွေကြပုံမှာ ပြောင်း ဆန်နေကြတော့သည်။

## ဘုရင်ကဆင်လှူသောကြောင့် ဂိုဏ်းကွဲကြပုံ

သီဟိုဠ်သား ရဟန်းသုံးပါးကို နရပတိစည်သူမင်းက ကြည်ညိုလှ၍ တစ်ပါး လျှင် ဆင်ပေါက်ဝဲစိစီးကျစီ ကန်တော့လှူဒါန်းကြလေရာ ရှင်သီဝလီနှင့် ရှင်တာ- မလိန္ဒတို့နှစ်ပါးက အလှူခံယူပြီးလျှင် သူတို့ရထားသောဆင်နှစ်ကောင်ကို တောထဲ သွား၍ ဘေးမဲ့လွှတ်လိုက်ကြလေသည်၊ သူတော်ကောင်းစိတ်မြဲသောပုဂ္ဂိုလ်များဟု ချီးကျူးခြင်း ခံယူကြရ၏၊ ရှင်အာနန္ဒာက သူ့အတွက်ရသောဆင်ကို ပုသိမ်သို့ ယူသွားပြီး သီဟိုဠ်ရှိ သူ၏ဆွေမျိုးများထံသို့ ပေးပို့လိုက်လေသည်၊ ထိုအကြောင်း ကို ရှင်သိဝလီနှင့် ရှင်တာမလိန္ဒတို့ သိရှိကြသောအခါ 'ရဟန်းဟူသည် သူတော် ကောင်း ဖြစ်တယ်၊ သူတော်ကောင်းဆိုတာ မိမိ သူတစ်ပါးချမ်းသာခွင့်အတွက် ကျင့်ကြံကြသူတွေဖြစ်ပါလျက် အဘယ်ကြောင့် ကျင့်ဝတ်နှင့်မညီ ရှိရသနည်း' ဟူ၍ ပြစ်တင်စကား ပြောဆိုကြသည်၊ ရှင်အာနန္ဒာကလည်း ငြိမ်၍ နားမထောင် ပါ၊ 'ဉာတကာနဉ္စ သင်္ဂဟော ဘုရားဟောရှိလို့သာ ပြုတာပါ' ဟူ၍ ငြင်းဆိုကာ မလိုက်နာပါ၊ ထို့ကြောင့် ဂိုဏ်းကွဲသွားကြ၏။

## ပစ္စည်းအလှူခံ၍ ကွဲကြပြန်၏

ထို့နောက် တပည့်တွေကိုယ်စီနှင့် ပွားစီး၍နေကြချိန်တွင် အရှင်တာမလိန္ဒက သူ၏တပည့်လက်သား အညံ့အဖျင်းတို့အား ချီးမြှောက်စေလို၍ 'ဘယ်တပည့်က ပညာအရည်အချင်းရှိတယ်၊ ပစ္စည်းထောက်ပံ့ကြဖို့သာလိုတယ်' ဟူ၍ စသည်ဖြင့် လှူဒကာတို့ရှေ့၌ ပြောဆိုလေ့ရှိရာ ရှင်သီဝလိက မနှစ်သက်ပေ၊ မနှစ်သက်သော ကြောင့် 'ငါ့ရှင် ဝစီဝိညတ်ဖြင့်ပြောလျှင် မအပ်ဘူး၊ မကောင်းပါဘူး' ဟူ၍ ပွင့်လင်းစွာ ပြောဆိုတားမြစ်သည်၊ သို့ရာတွင် ရှင်တာမလိန္ဒက မလိုက်နာပါ၊ 'ဘုရားပညတ်တော်မူတာက မိမိကိုယ်ရေးကိုယ်တာအတွက်သာ တားမြစ်တော်မူခြင်းပါ' ဟူ၍ ငြင်းပယ်သည်၊ ငြင်းပယ်ပြီး လုပ်မြဲလုပ်နေသည်၊ ထို့ကြောင့် ရှင်သီဝလိနှင့် ဂိုဏ်းကွဲကြပြန်ရာ သီဟိုဠ်သား ရဟန်းသုံးပါးသည် ပစ္စည်းအကြောင်းခံကြောင့် ပုဂံပြည် မြန်မာပြည်၌ သုံးဂိုဏ်းကွဲသွားကြလေတော့သည်။

## ပစ္စည်းကြောင့် သမိုင်းရှော်ဖြစ်ကြရ

ထိုပုဂ္ဂိုလ်များသည် ရဟန်းမည်ကာမျှမဟုတ်ကြပါ၊ ပါဠိတော် အဋ္ဌကထာကို ချပို့နိုင်စွမ်းသည်အထိ ပရိယတ္တိနှင့်ပြည့်စုံကြသည်၊ ဘုရင်ကြည်ညိုလောက်အောင် အနေအထိုင်လွန်စွာ ကောင်းကြသည်ဆို၏၊ နောက်ပိုင်းတွင် ဘာမဟုတ်သောပစ္စည်းနှင့် စပ်လျဉ်းပြီး စေတနာစေ့ဆော်မှု ဇာတိရုပ် ပေါ်လွင်ချက်တို့ကြောင့် ဘုရင့်နေပြည်တော် ပုဂံမြို့ကြီးတွင် သီဟိုဠ်သား ရဟန်းတို့အတွက်ဃမိုင်းရှော်ကြီး ဖြစ်ကျန်ရစ်ကြရသည်၊ အရှင်ဆပဒပင့်ခေါ်ခဲ့စဉ်က နောင်ခါ ဤသို့ဖြစ်လာကြလိမ့်မည်ဟု တွေးဆမြော်မြင်နိုင်မည် မဟုတ်ပါ၊ သူတို့အချင်းချင်းလည်း ကြိုတင်မျှော်လင့်ချက် ရှိကြမည်မဟုတ်ပါ၊ အကယ်၍ပတ္တမြား ကျောက်မျက်ရတနာတွေ မရခဲ့လျှင် ဘုရင်က ဆင်မလှူခဲ့လျှင် ဤသမိုင်းဖြစ်ပေါ်လာချင်မှ လာပေမည်။

## ဖြစ်ရပ်သည်သမိုင်း

လူတို့၏ လုပ်ဆောင်ချက်ကြောင့် အောင်မြင်မှု ဆုတ်ယုတ်မှု ဖြစ်ရပ်အားလုံးသည် သမိုင်းချည်းဖြစ်လေရာ ထင်ရှားသော ရာဇဝင် သမိုင်းမှန်သမျှ ဖုံးကွယ်မရနိုင်သကဲ့သို့ ဘုရားဟောနိပါတ်တော်များသည် ဘဝ ပေါင်းများစွာမှ ဖြစ်ရပ်အမှန်များဖြစ်ကြ၏၊ မြန်မာပြည်၏ ဘုရင်မင်းအဆက်ဆက်တို့ ကြောင်းရာကို မှတ်တမ်းတင် ရေးသားထားကြသော မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဦးကုလားရာဇဝင်တို့သည် ဖြစ်ရပ်အမှန်သမိုင်းများ ဖြစ်ကြသည်။

## နာဂတောင်နှင့်ချင်းတောင်

နှောင်းခေတ်သမိုင်းလေ့လာသူများအတွက် ဤတွင်အမှန်ကို ပြောရမည်ဆိုလျှင် နာဂတောင်နှင့် မြောက်ပိုင်းချင်းတောင်သို့ ခေါင်ခေါင်ဖျားဖျားတက်၍ ဦးစွာသာသနာပြုသည့် ဤအရှင် စစ္စဘီး ပုဂ္ဂိုလ်ဖြစ်သည်၊ တောင်ပိုင်းချင်းတောင်၌ ဤအရှင်အလျင်က တက်ရောက်သာသနာပြုသူ ကိုးကြားရှိခဲ့၍ ဗုဒ္ဓသာသနာကိုးကြား ရောက်နေပြီးတော့ရှုသည်၊ နာဂသျှုတြ တောင်တန်းကြီးနှင့် ချင်းတောင်မြောက်ပိုင်းနှင့် အလယ်ပိုင်းချင်းတောင် နတ်ရှိုင်းရာ ဒေသများသို့ မြန်မာပြည်၏ တိုင်းရင်းဗုဒ္ဓဘာသာကို သိမြင်ကြစေရန် စစ္စဘီးတက်ရောက်၍ စတင်သာသနာပြုခဲ့သူသည် ဤအရှင်သာ ဖြစ်၏၊ မြန်မာပြည်တွင်း ဖြစ်လျက် တိုင်းရင်းဗုဒ္ဓဘာသာ မရောက်သေးသော်လည်း နိုင်ငံခြားဘာသာတော့ကား ရောက်ကြပြီးဖြစ်သည်၊ ပိမိသည်နိုင်ငံခြားဘာသာပြုဆရာတို့သာကြီးစိုး၍ ခြယ်လှယ်နေနေကြသော ဒေသများအတွင်းသို့ ဘုန်းကြီးတစ်ပါးတည်း ရဲဝံ့စွာ ဖောက်ထွင်းတိုးဝင်လာခဲ့သူဖြစ်သည်။

ထိုအချိန်တွင် ချင်းတောင်ပေါ်၌ မြန်မာလူမျိုးအစိုးရဝန်ထမ်း ရှားပါးလှသည်၊ မြောက်ပိုင်းချင်းတောင်နယ်ခြားအရေးပိုင်ကြီးဦးသိမ်းမောင်တစ်ယောက်သာတွေ့ရ၏၊ နာဂသျှုတြတောင်တန်း၌ ဗမာလူမျိုးဝန်ထမ်းမတွေ့ရပါ၊ အရေးပိုင်ဝန်လောက် အင်္ဂလိပ်လူမျိုးများ ခန့်ထားလျက် အုပ်ချုပ်စေကြသည်၊ ချင်းတောင်၌လည်း နယ်ပိုင်ဝန်ထောက်အားလုံး အင်္ဂလိပ်လူမျိုးချည်းသာ ဖြစ်ကြသည်၊ ဆေးရုံ ဝန်ထမ်းအားလုံး ဘင်္ဂါလီနှင့် ပန်ချာပီလူမျိုးများ, လမ်းဖက်၌ ပန်ချာပီများကိုတွေ့ရ၏။

အဆိုပါအခြေအနေကြောင့် ဤအရှင် စွန့်စား တက်ရောက်သွားသော အခါ ဒေသအားလုံး၌ နေထိုင်ရာကျောင်းမရှိပါ၊ စားစရာဆွမ်းမရှိပါ၊ ထိုအခြေကစခဲ့ရသည်၊ အခြေမှန်ကိုသိကြသော နယ်ခြားအရာရှိ လူကြီးများက ‘ဆရာတော်က ရွှေဘိုသားဖြစ်၍ဟင်သယ်၊ တကယ့်ကို သတ္တိကောင်းသော အာဇာနည် ပုဂ္ဂိုလ်ထူးကြီးပါ’ ဟူ၍ ချီးကျူးပြောဆိုခဲ့ကြဖူး၏၊ ထိုစကားမှန်ကန်ကြောင်း ကိုယ်ချင်းစာနာကြည့်ကြသော ရဟန်းပုဂ္ဂိုလ်တိုင်းက ဝန်ခံကြသည်။

## သစ်ကောင်းတစ်ပင်ကြောင့် တောတစ်ခွင်လုံးကြိုင်

နောက်ကြောင်းသမိုင်းအမှန်ကို ပြန်၍ကြည့်ပါလျှင် ယခု ဤစာရေးသော အချိန်တွင် ဤအရှင်သည် သက်တော် (၈၀) တွင်း ရောက်ခဲ့ပြီ၊ အသက် (၄၀)

မပြည့်သေးခင် သန့်တုန်းမြန့်တုန်း အရွယ်ကောင်းတုန်းအချိန်ဖြစ်၏၊ နေစရာကျောင်းမရှိ၊ စားစရာ ဆွမ်းမရှိသော အခြေအနေမှစတင်၍ ဆင်းရဲခြင်း၊ ပင်ပန်းခြင်း အမျိုးမျိုးခံခဲ့သည်၊ စိတ်မပျက်ပါ၊ ဘယ်သူ့ကိုမျှအပြစ်မတင်ပါ၊ 'ယောက်ျားမြတ်တို့ ကြိုးစားခြင်းကား အချည်းနှီးမဖြစ်နိုင်' ဟူသော ဥဒါန်းစကားအတိုင်းပါ မိမိ၏ လက်တွေ့အဖြစ်မှန်ကို ပြောရလျှင် မိုးတစ်ပါးတည်းတီထွင်ကြိုးပမ်းခဲ့သော အချိန်ကာလတစ်လျှောက်လုံးတွင် များစွာ အောင်မြင်မှုရရှိခဲ့သည်၊ မိမိ၏တပည့်ရင်း ရဟန်း ၄-၅ ပါးကို ခေါ်ဆောင်၍ အနုမနားကြိုးစားနေခဲ့ရာ နှစ်စဉ် ဗုဒ္ဓဘာသာဝင်ဦးရေ တိုးတက်လျက်ရှိသည်၊

မြန်မာပြည် လွတ်လပ်ရေးရပြီးချိန်တွင် ချင်းတောင်ပေါ်၌ မြန်မာလူမျိုးအစိုးရဝန်ထမ်း အနည်းငယ် နေရာကြိုကြား၌ ရှိလာကြသည်၊ ထို့ကြောင့်တောင်ပေါ်ရှိ မျက်မြင်မင်းမှုထမ်းများက မေးမြောက်ကြသည်၊ ကျေနပ်အားရကြ၍ လေးစားကြည်ညိုကြသည်၊ သူတို့မှတစ်ဆင့် လက်လှမ်းမီရာ ကျေနပ်အားရစကား ကြည်ညိုဖွယ်ရာ သတင်းပေးကြပြောကြသည်၊ နှစ်စဉ် ချင်းလူငယ်များကို ရှင်ပြုပွဲလုပ်၍ သင်္ကန်းဝတ်ပေးကြရာ ချင်းလူငယ် သာမဏေတွေ နှစ်စဉ်ပွားများ တိုးတက်လာခဲ့ရာ အချို့ကို ရဟန်းပြုပေးခဲ့သည်။

## ဥယျာဉ်ခင်း ပိုးကျ၍ပျက်သလို

ဦးပဥ္စင်းတွေ သူတို့အချင်းချင်း ပြောဆိုနေကြသော စကားအတိုင်းပြောရလျှင် သာသနာပြု လောကအတွင်းရေး၌ ဘာတွေဖြစ်ပျက်နေကြသည်ကို အပြင်သံဃာများကတော့ အမှန်ကို သိကြမည်မဟုတ်ပါ၊ မသိကြခြင်းသာ စိတ်ရှင်းပါမည်၊ သိလျှင်မကောင်းပါ၊ တစ်ထောင်စားခေတ်ရောက်ပြီး၍ နှစ်များများမကြာခင် အချိန်တွင် တောင်တန်း သာသနာပြု လုပ်ငန်းအရပ်ရပ်၌ ဤအရှင် ကြိုတင်လျှာထား မျှော်မှန်းထားသလို လုပ်ဆောင်၍ မရတော့ပါ၊ မိမိမှာ တောတောင်ထဲ၌ အချိန်ရှိသမျှ သွားလာလှုပ်ရှား ကျင်လည်နေရ၍ ဘာမျှ အတွင်းရေးရော အပြင်ရေးရောမသိပါ။

တစ်နေ့တွင် ဤအရှင် ရန်ကုန်ရောက်နေခိုက် အမှုဆောင်အစည်းအဝေးပွဲတစ်ခုသို့ တက်ရောက်ပြီး နားထောင်မိကာမှ အချင်းချင်း မညီညွတ်ကြပုံ ဖြစ်ရပ်အစုံကို မကြားချင်ဘဲလျက် ကြားသိရတော့သည်၊ ထိုအချိန်တွင် တောင်တန်းအဖွဲ့၌ လူဘက်တွင် ဟသ်ာတဦးမြက ဥက္ကဋ္ဌ၊ သီရိပံချိ ဦးသန်းစိန်က အတွင်းရေးမှူးဖြစ်၏၊ ရဟန်းဘက်တွင် ဗဟန်း စေဋ္ဌဝန်က ဥက္ကဋ္ဌဖြစ်၍ အတွင်းရေးမှူး

ကား မူလက ရဟန်းပုံ ဦးဇာဂရဖြစ်၏၊ နောင်ခါ ထိုသူ လူဝတ်လဲသွား၍ ကြည့်မြင်ပိုင် သာဂရတိုက်မှ ဦးဝိသုဒ္ဓဖြစ်၏၊ နောက်တွင် ဦးဝိသုဒ္ဓ မရှိပြန်၍ ဦးပဏ္ဍိစ္စ (မော်လမြိုင်ကျောင်း) အစားဝင်နေပုံ တွေ့ရ၏၊ ဘာဖြစ်ကြသည်ကို မပြောလိုပါ၊ သိလည်းမသိချင်ပါ၊ အလုပ်သမားသည် မိမိအလုပ်တွင်ရန်သာ အဓိကထား၍ ပုံမှန်လုပ်ဆောင်နေရမည်ကို နားလည်ထားပြီးဖြစ်သည်၊ ထို့ကြောင့် ဒကာချင်းဖြစ်သော ဟင်္သာတ ဦးမြ ဤအရှင်အား တိုးတိုးလျှောက်သည်။

'ဆရာတော် ဒီအမှုဆောင်အဖွဲ့ စည်းဝေးပွဲကို တက်ရောက် နားမထောင်ချင်ပါနဲ့တော့၊ ဘာပြောပြော သူတို့ပြောချင်ရာပြောကြပါစေ၊ ပြောသံဆိုသံတွေ ကြားနေရလျှင် ဆရာတော်စိတ်ပျက်မယ်၊ ဆရာတော်ရဲ့ စိတ်ရင်းစေတနာကို တပည့်တော်အသိဆုံးပါ၊ တောင်ပေါ်တက်ရောက်ပြီး ကိုယ်ထိ လက်ရောက် သာသနာပြုမှာက ဆရာတော်တစ်ပါးတည်းသာ ပုံသေရှိတာပါ၊ စည်းဝေးပွဲတွင် ပြောဆိုနေကြတဲ့ ပုဂ္ဂိုလ်တွေက ဆင်းရဲမခံချင်ကြပါဘူး၊ ဘယ်တောင်ပေါ်မှ တက်ရောက် သာသနာပြုကြမှာ မဟုတ်ပါဘူးဘုရား၊ ဆရာတော် ဒီအဖွဲ့မှ ရှောင်ချင်လည်း ရှောင်တော်မူပါ၊ သာသနာပြုအလုပ်ကိုတော့ စွန့်တော်မမူပါရန်နှင့် နိုင်ငံခြားသို့ ကြွသွားတော်မမူပါရန် တောင်းပန်ပါတယ်၊ ဒီအဖွဲ့ရဲ့ ထောက်ပံ့ကြေးကို လက်မခံချင်တော့လျှင် ဆရာတော် တစ်ပါးအတွက် တပည့်တော်က ထောက်ပံ့နေသွားပါမယ်၊ ဆရာတော်စိတ်ချမ်းသာရာ တောတောင်၌ သီတင်းသုံးတော်မူပါ၊ တပည့်တော်ကိုတော့ဖြင့် သံယောဇဉ် ဖြတ်တော်မမူပါနှင့်၊ တပည့်တော်က ဆရာတော်ရဲ့ စိတ်ရင်းစေတနာနှင့် ဝီရိယစွမ်း၊ သည်းခံ၍ ဆင်းရဲခံနိုင်စွမ်းနှင့် သတ္တိဗျတ္တိကို အလွန်ကြည်ညိုပါတယ်ဘုရား၊ တပည့်တော်လည်း ဆရာတော်ရှောင်သွားပြီးလျှင် ဒီအဖွဲ့မှနုတ်ထွက်သွားရန် ဆုံးဖြတ်ထားပြီးပါ၊ ဆရာတော်သိကြားပြီးအတိုင်း ဘာမှလုပ်မဖြစ်တဲ့အခြေ ရောက်နေပါပြီဘုရား'တဲ့။

## ငါလိမ္မာပြမည်

ထိုအချိန်တွင် တောင်တန်းအဖွဲ့တစ်ခုတည်းသာ သူတစ်လူ ငါတစ်မင်း မညီမညွတ် ဖြစ်နေကြခြင်းမဟုတ်ပါ၊ နိုင်ငံတော်အုပ်ချုပ်၍ မင်းလုပ်နေကြသူတို့ လောကတွင်လည်း ပြည်နယ်ခွဲထွက်ရန် တောင်းဆိုနေကြသံတွေကလည်း ဆူညံနေကြချိန်ဖြစ်၏၊ မိမိမြော်မြင်ထားသလို တောင်တန်းအရပ်ရပ် သာသနာပြုသွားရန် ဆက်လက်ခရီးနှင်ဖို့ဆိုတာ နားမဝင်ကြရုံသာမက စိတ်အေးလက်အေး နှစ်ပေါင်းကြာ မြင့်စွာ ရှေးဝံသာနု ခေတ်ကြီးကာလမှပင် စတင်ကြိုးစားလာခဲ့သော

ဘုန်းကြီးအရှင်ကို မူလသာသနာပြု ပုဂ္ဂိုလ်ကြီးကိုပါမချန် ကြံဖန်ဒေါသထွက်အောင် အနှောင့်အယှက်ပေးခြင်း ပြုကြသည့် စကားသံတွေ ကြားပြေလာ၏။ ထိုအခါ ဘုန်းကြီးအရှင် စိတ်နှလုံးတွင် ကိုယ်တင်ကြံရွယ်ချက်ထားပြီး ကောစာရိနေသွားမည့်အကြောင်းကို ဘယ်သူမျှ မသိကြပါ။

အဆိုပါအဖွဲ့တွင် အခြေအနေကျေကို ထောက်၍ ထက်မြက်အောင် ဆက်လက်လုပ်ဆောင်သွားရန် အခြေအနေက အချိန်မပေးသောကြောင့် 'ငါလိမ္မာပြသွားမည်'ဟူသော ဝါဒကို ကျင့်သုံးပြီး ထိုအဖွဲ့မှ တစ်သက်လုံး လွတ်ကင်းအောင် ခွာခဲ့သည်၊ တောင်တန်းအရပ်ရပ်၌ ရှိနေကြဆဲ သာသနာပြု ဦးပဉ္ဇင်းများကိုလည်း ခေါင်းဆောင်အုပ်ချုပ်၍ နှစ်စဉ် တစ်နှစ်တစ်ကြိမ်ကျ ကိုယ်တိုင်သွားရောက် ကြည့်ရှုချင်း ဆုံးမဩဝါဒပေး၍ ဘာတွေလုပ်ကြရန် ညွှန်ကြားမြဲတာဝန်ပါ မယူတော့ပါ၊ ထိုအခါ 'လုပ်ချင်ရာလုပ်ကြတော့' ဟူ၍ လက်ပိုက်ကြည့်နေခြင်းကဲ့သို့ မိမိ၏ လုပ်ဆောင်မြဲ အလုပ်ကိုသာ လုပ်ဆောင်နေခဲ့ရာ ၁၃-နှစ် ကြာသွား၏။

## အောင်မြင်ပြီးတွေ ပျောက်ပျက်ကုန်ကြ

ထိုအချိန်ကာလအတွင်း မိမိ ဆင်းရဲကြီးစွာ ခံ၍ ကြိုးစားချက်ကြောင့် အောင်မြင်ထားပြီးသော ဗုဒ္ဓဘာသာဝင်တွေ တဖြုတ်ဖြုတ်နှင့် ပျောက်ကွယ်ကုန်ကြ၏၊ အဆိုပါ ၁၀-နှစ်ကာလ အတွင်း၌ပင် လေ့လာကြည့်မိရာ သုညအထိ ကျဆုံးသွားခြင်း ဖြစ်သည်။ နောက်ထပ် ၃-နှစ်ဆက်၍ စောင့်ကြည့်နေခဲ့ရာ ၁၃-နှစ် တိုင်သောအခါ သာသနာပြု အမည်ခံနေကြသော ဦးပဉ္ဇင်းတွေပါ ပျောက်ကွယ်သွားကြ၍ တော ကျေးလက်ရွာများ၌ သာသနာပြုဌာန ဖွင့်၍ တည်ထောင်ထားပြီး ဘုန်းကြီးကျောင်းတွေပါ အများအားဖြင့် ပျက်ကုန်ကြကြောင်း ကြားသိရ၏၊ ချင်းတောင်ကြီး တစ်တောင်လုံးအတွက် တောင်တန်းသာသနာပြု အဖွဲ့အနေဖြင့် ဘယ်နည်းနှင့်မျှ ပိုင်နိုင်အောင် မပြုနိုင်တော့သလို နာမည်ကောင်းလည်း မရနိုင်တော့ပါ၊ ထိုအချိန် ထိုခေတ်အတွင်း တောင်တန်းသာသနာပြုအလုပ်၏ အခြေအနေကို ကြည့်ကြလျှင် ဥယျာဉ်ခြံကောင်းကြီး တစ်ခု၌ ပိုးကျ၍ ပျက်စီးသွားသည့်နှယ် ကြည့်မြင်၍ မကောင်းသလို ဖြစ်သွား၏၊ ချင်းတောင်ပေါ် တက်ရောက်လာကြသော ချင်းတောင်၏ အကြောင်းစုံ လေ့လာရေး သမိုင်းဆရာတို့က ထိုအချိန်တွင် နှစ်စဉ် ဒ.ဖွဲ့ကြီး အဖွဲ့ငယ်တွေနှင့် လုံးချင်းစာရေးဆရာတွေက တဖွဲ့ဖွဲ့ တက်ရောက်လာနေကြရာ ထိုအချိန်ကာလ၏ ချင်းတောင်

သာသနာပြုကြပုံ သမိုင်းရှော်ကြီးကိုတော့ လေ့လာသူတိုင်း စိတ်ပျက်ကြပေလိမ့်မည် ထင်၏။

## ကျောက်တောင်ကြီး လေပုန်တိုင်းကြောင့် မပြိုနိုင်

သို့ရာတွင် လေမုန်တိုင်းကြီး ရပ်စဲသွားသော်အခါ ကျောက်သားအတိပြီးသော ကျောက်တောင်ကြီးသည် မူမပျက်၊ နေရာမရွေ့ မတ်မတ်ကြီး ရပ်တည်နေသည်ကို တွေ့မြင်ကြရသကဲ့သို့ ဤအရှင်ကိုကား စွန့်စား ခြင်းကို မြတ်နိုးသော ပုဂ္ဂိုလ်အဖြစ် တောင်တန်းနယ်ခြား၌ ထာဝစဉ် သာသနာပြုရင်းတရားနှင့် ပျော်မွေ့လျက် ပုံမှန်ရှိနေသည်ကို တွေ့မြင်ရလိမ့်မည်တည်း။

ထိုအချိန်က ထိုအဖွဲ့မှ ပို့လွှတ်၍ ဤအရှင်အား စင်ပြိုင်ရန် ချထားသော ဦးပဥ္စင်း ဒါနည်း ငယ် ရှိဖူး၏၊ မတည်မြဲကြပါ၊ လူထွက်လဲပြီး အိမ်ထောင်ပြုသွားကြသည်၊ ဤအရှင်၏ နောက်ပါ တပည့်ခံသူ အချို့လည်း တောင်တန်းဒေသတွင် စိတ်မငြိမ်သူ အချို့က လူထွက်လဲ အိမ်ထောင်ပြုကြနှင့် ထိုနည်းရင်း ရောဂါကပ်ကြီးထဲ ပါသွားကြ၏၊ စိတ်ရင်းမှန်သူ တပည့်အချို့သာ ဤအရှင် ရှောင်ခွာသွားပြီးလျှင် တောင်ပေါ်၌ နေကြတော့ပါ၊ သူတို့၏ ဇာတိရွာပြန်၍ ကျောင်းထိုင်နေသွားကြရာ ယခုအခါ အသက် ၆၀–ကျော် ဘုန်းကြီးအိုဘဝ ရောက်ကုန်ကြပြီး တရားအားထုတ်လျက် ရှိကြကြောင်း စာပေးကြ၍ သိရ၏။

## စေတနာသန့်ရှင်း၍ သမိုင်းဝင် ကောင်း၏

အဆိုပါ တစ်ထောင်တန် သာသနာပြုခေတ် ဗရုတ်သုတ်ခတွေ ကောင်းစားနေချိန်တွင် ဤအရှင်သည် ငါးပြားတစ်စေ့မျှ မလိုချင်ပါ၊ လုံးဝ မလိုချင်စိတ်ကြောင့် ထိုဗရုဘ်သုတ်ခ လောကနှင့် ဝေးစွာရှောင်ရှားပြီး ဆင်းရဲကာလုပ်ငန်းမပျက် သာသနာပြုရင်း ကိုယ်ပိုင်တရားမြဲအောင် ပျော်မွေ့နေခဲ့သည်၊ ကျေးဇူးရှိပါ၏၊ ယခုအခါ သမိုင်းဝင် လေ့လာရေး ခေတ်တစ်ခုသို့ ရောက်လာသော အချိန်တွင် ကောင်းကျိုးထင်ရှား ရလေပြီ၊ 'ငါ၏ သန့်ရှင်းသော ဖြူစင်ထက်မြက်သော စေတနာကောင်းသည် အဘယ်လျှင် တိမ်ကောနိုင်မည်နည်း၊ သမိုင်းဝင်ကောင်း ဖြစ်ရလေပြီ'ဟူ၍ ကျေနပ်စွာ နှစ်သိမ့်မဆုံး ရှိဘိသည်။

ချင်းတောင်ပေါ်ရောက် စစ်ဖက် နယ်ဖက် ပညာရေးဖက် စသည်တို့၌ အစိုးရ ဝန်ထမ်းကြီးငယ်တို့က ကြိုးစားမှုလည်း မရှိကြ၊ စွန့်စားမှုလည်း မရှိကြသော လက်ရှိသာသနာပြု ပုဂ္ဂိုလ်အနည်းငယ်တို့ကို ကြည့်မြင်ရ၍ အားမရကြပုံကို

ပြောကြ၏၊ လွန်ခဲ့သောတစ်ချိန်မှ သမိုင်းရှော်ကြီးကို ကြားသိကြသူတို့က စိတ်ပျက်ကြ၏၊ ရှေးက အောင်မြင်ခဲ့ဖူးသော အခြေကောင်းကဲ့သို့ ပြန်ရောက်ဖို့ အချိန်မျိုးကား မျှော်လင့်ချက် မရှိသလောက် ဖြစ်နေကြပြီဟု ညည်းတွား ပြောကြားနေကြသူများလည်း ရှိ၏၊ အကြောင်းသိ ဆရာတော်ကြီး များကတော့ 'ဆရာတော် ဦးဥတ္တမသာရကြီးတစ်ပါးတည်းခေါင်းဆောင်၍ သာသနာပြု နေစဉ်က ချင်းတောင်, ကချင်တောင်,နာဂတောင် စသည့် တောင်တန်းအားလုံး၌ အောင်မြင်နေခဲ့သည်၊ ရန်ကုန်အဖွဲ့က ဝင်ရောက်ဆုပ်ကိုင်ကြ၍ အားလုံးပျက် သွားပြီ ဟူ၍ စကားစင်းလွန်းအောင် တရားပွဲများ၌ပင် မိန့်ကြားကြကြောင်း ကြားသိရ၏။

## ရှေ့ခရီးအတွက် နည်းကောင်း ညွှန်ကြားမည်

တောင်တန်းနယ် သာသနာပြုရေးနှင့် စပ်၍ ရှေ့ခရီးကို ဤပုံဤနည်း ဆက်သွား၍ မဖြစ်နိုင်ပါ၊ ခရီးမဘွင်သော အလုပ်များတွေ တော်အောင် လျော် အောင် ပြီးစလွယ် လုပ်ခဲ့ကြပုံတွေကို သိမြင်ခဲ့ကြပြီး ထိရောက်အောင် ပင်ပန်း မခံချင်သူကို တွဲဖက်၍ တောင်တန်းအဖွဲ့ တွင်းသွင်းခြင်း, အကျိုးဆောင် စသော အခိကနေရာ၌ ထားခြင်းကိုလည်း မပြုထိုက်ပုံ နောက်ကြောင်းဖြစ်ရပ်ကိုကြည့်၍ သိကြရပေမည်။

ယနေ့အချိန်သည် အစီရင်ခံစာ တင်ပြရုံဖြင့် မပြီး၊ အဖွဲ့မှ ပို့လွှတ်ထား သော ပုဂ္ဂိုလ်များ ဘောင်ပေါ်ရောက်ပြီး ဘာလုပ်နေကြသလဲ၊ အလုပ်တာဝန် လုပ်ဆောင်သူ ဟုတ်မှန်၏လော၊ ပတ်ဝန်းကျင် လောကနှင့် အဆင်ပြေ၏လော၊ အဆင်မပြေ ဖြစ်နေသလော၊ ရိုးသားဘည်ကြည်စွာ နေထိုင်သူမှ ဟုတ်ပါ၏လော၊ နေရေး စားရေး အဆင်ပြေပါ၏လော၊ ဘာတွေ ခက်ခဲမှု ရှိနေသေးသနည်း၊ အောင်မြင်မှုရှိ၏လော စသည်ကို သိရန် နောက်မှ နှစ်စဉ် သူတို့၏ နေရာ အရောက် လိုက်ကြည့်ရမည့် အခြေအနေ ရောက်နေသည်ကလည်း နားလည်ထား ကြရပေမည်၊ ယင်းသို့ထိရောက်အောင် နှစ်စဉ်လိုက်၍ အခြေမှန် ကြည့်သူမရှိ လျှင် ကျေးဇူး ရှိမရှိ၊ နေရာကျသည် မကျသည်၊ နေရာနှင့်ပုဂ္ဂိုလ် သင့်လျော် သည် မလျော်သည် စသည်ကို ဘာမျှ သိကြမည် မဟုတ်ပါ။

## ဤအရှင်၏ဦးဆောင်လုပ်နန်းတွေ တည်ပေးခဲ့စဉ်က

တောင်ဘန်းအရပ်ရပ်သို့ စစ္စာဦးတောတိုး၍ သာသနာပြု ကျောင်းတွေ စတင်ချထားစဉ် အချိန်ပိုင်းကာလတွင် နှစ်စဉ်တစ်နှစ်လျှင်တစ်ကြိမ်ကျ ဝါကျွတ်

မိုးကုန်ပြီးလျှင် တစ်ပါးတည်း ခရီးထွက်သည်၊ တောတောင်နယ်ခြား အရပ်ရပ် သာသနာပြု ကျောင်းအားလုံးကို ဆရောက်သွား၍ ကြည့်ရှုစစ်ဆေးသည်၊ ထို့ကြောင့် ထိုအချိန်ပိုင်းတွင် အားလုံးအဆင်ပြေသည်၊ ခရီးတွင်သည်၊ သာသနာပြု လုပ်ငန်းတွေ အောင်မြင်သည်၊ ကြားမြင်ရသူတို့ ကြည်ညိုအားရဖွယ် ဖြစ်သည်။

## လူစားထိုး၍မရ

ဤအရှင် ထိုအဖွဲ့မှ ရှောင်ရှားလိုက်ပြီးလျှင် တောရိုင်းတိုး၍ နေရာသစ် ရှာဖွေသူမရှိ၊ တောင်ရိုးပေါ် ခြေကျင်လျှောက်သူ မရှိတော့ပါ၊ ထို့ကြောင့် သာသနာပြုကျောင်း အသီးသီးသို့အရောက်သွား၍ လိုက်လံကြည့်သူ မရှိတော့ပါ၊ အခြေမှန်မှာ သူတို့အဖွဲ့တွင် အကျိုးဆောင်ကို လူစားထိုး၍ ရလွယ်သော ကြောင့် တစ်ပါးမရှိလျှင် နောက်တစ်ပါးကို အစားထိုးနိုင်ကြသည်၊ လူစားဝင် ချင်သူ ပေါကြသည်၊ တောင်တန်းတွေပေါ် ခြေကျင်လျှောက်၍ တောတောင် နယ်ခြားသို့ နေရာကွက်စေ့အောင် သွားချင်သူမရှိကြ၊ ဆင်းရဲခံသွားနိုင်သူလည်း မရှိကြတော့ပါ။

ဤအရှင်လုပ်ဆောင်ခဲ့သော လုပ်ငန်းဟူသမျှတွင် ဆက်လက်ဆောင်ရွက် ရန်လူစားထိုးဖို့ အရည်အချင်းပြည့်သူ မရနိုင်သောကြောင့်ဖြစ်၏၊ သူဌေးကြီး ဆာဦးသွင်က ထိုအချိန်တွင် သက်ဆိုင်ရာပုဂ္ဂိုလ်တို့အား 'ဆရာတော်ဦးဥတ္တမသာရ ဒီအဖွဲ့က ရှောင်ထွက်သွားတာ အတော်ကို အရုပ်ဆိုးကုန်ကြပြီ၊ ကိုယ်တော်တို့က ဘာတွေပြောဆို လိုက်ကြတယ် မသိဘူး၊ ချော့လို့ တောင်းပန်လို့ရမယ့် ပုဂ္ဂိုလ် မဟုတ်ပေဘူး၊ စေတနာကောင်းနှင့် အလုပ်ကောင်းသလောက် စိတ်နေစိတ်ထား ကလည်း ထက်မြက်ဟန်တူဘယ်၊ ပြတ်သားတယ်၊ သူ့ကိုရှောင့်ယှက်လျှင် ချိုးနှိမ် လျှင် ပြန်လှန်စကားမပြောဘူး၊ မကြိုက်သူတို့အပါးမှ ရှောင်ခွာသွားတတ်သော ပုဂ္ဂိုလ်ဆိုတာ နားလည်ဖို့လိုတယ်၊ ဘယ်လိုပြန်ပင့်လို့မှ ရတော့မယ် မထင်ဘူး' ဟူ၍ တိုးဘိုးကြိတ်ပြောဆိုလျှောက်သည်ဆို၏၊ တစ်ဆင့်စကားကြားရသည်။

## ဘုရားကြီးဆရာတော်၏ မိန့်ကြားချက်

ဒုတိယကမ္ဘာစစ်ကြီးအပြီး ခေတ်ကာလ ငြိမ်စပြုချိန်တွင် ဤအရှင်သည် ရန်ကုန်မြို့ ကမာရွတ်ကိုယ်ပိုင်ကျောင်း၌ တပည့်ရဟန်းသာမဏေတို့အား စာချပို့ ပေးနေချိန်ဖြစ်သည်၊ တစ်နေ့တွင် သိက္ခမ်းဟောင်း ချပ်သင်းဦးကုဏ္ဍလ ဤ အရှင်ထံသို့ ရောက်လာပြီး တောင်တန်းသာသနာပြုဖို့နည်း ပြောကြားပေးရန်

တောင်းပန်စကားဆိုသည်၊ ရန်ကုန်မြို့ ဗဟန်းတရုတ်ပိဋကတ်တိုက်၌ အဖွဲ့တည်ရာ လုပ်၍ တောင်တန်းသို့ သာသနာပြုကြရန် ဆာဦးသွင်၏ လျှောက်ထားချက် အရ သူတို့ကလက်ခံ၍ စိုင်းပြင်းနေကြချိန်ဖြစ်သည်၊ အကြားအမြင် ဗဟုသုတ ရှိသော ချုပ်သင်းဦးကုဏ္ဍလက သွားရောက်အကြံဉာဏ်ပေးသည်၊ ‘တောင်တန်း သို့ သာသနာပြုဖို့ စိတ်ကူးနှင့်မှန်းဆလုပ်လို့မရဘူး၊ ဆရာတော် ဦးဥတ္တမသာရ ဖြစ်စေ ပုသိမ်ဦးဝိမလဖြစ်စေ၊ ကိုယ်တိုင် သာသနာပြုနေကြတဲ့ ပုဂ္ဂိုလ်တစ်ပါး ပါးနှင့်တိုင်ပင်အကူအညီယူ လုပ်ကြမှဖြစ်မယ်’ဟူ၍ လျှောက်သည်။

ထိုအခါ ပုသိမ် ဦးဝိမလ ရန်ကုန်၌မရှိဘူး၊ ဆရာတော် ဦးဥတ္တမသာရ ယခုဝါတွင်း ရန်ကုန် ကမာရွတ်၌ ရှိကြောင်းသိရတယ်၊ သံဃာစည်းဝေးပွဲကြီး တစ်ခုတွင် တွေ့မြင်ခဲ့ရတယ်’ဟူ၍ ထပ်ဆင့်ပြောပြချက်ကြောင့် ဦးကုဏ္ဍလအား ဤအရှင်ကို ရအောင်ပင့်ပေးရန် တောင်းပန်ကြသည်ဆို၏၊ ဤအရှင်က ‘ဥပုသ် နေ့ စာပါနားရက်တွင် လာခဲ့မယ်’ဟု ဦးကုဏ္ဍလအား ဝကားကတိပြုလိုက်ပြီး တစ်ခုသောဥပုသ်နေ့တွင် တရုတ်ပိဋကတ်တိုက်သို့သွားခဲ့သည်၊ ထိုအချိန်က ယာယီ ဖွဲ့ထားသော ဗဟန်း ဝေဠုဝန် ဦးခေမာစာရက ဥက္ကဋ္ဌ၊ ရတနာပုံ ဦးဇာဂရ က အကျိုးဆောင်၊ ချုပ်သင်းဦးကုဏ္ဍလက ကူညီသူ တွဲဖက်အကျိုးဆောင်အဖြစ် တောင်တန်းသို့ တက်ရောက်သာသနာပြုရန် အကြံဉာဏ်တောင်းဆိုကြ၍ ဤအရှင်က တိုတိုလိုရင်း ပြောပြခဲ့သည်။

ထိုနောက် ‘အမှုဆောင်စည်းဝေးပွဲသို့ ကြွရောက်ပြောကြားပေးပါဦး’ ဟူ၍ တောင်းပန်ကြ၍ သုံးကြိမ်သွားရောက်ပြီး သိသင့်ရာကို ပြောပြလျှောက်ထား ပါသည်၊ တစ်ကြိမ်တွင် လူဒကာများပါ ထိုင်နေကြပုံ တွေ့ရ၏၊ သူတို့မေးကြ၍ ဘယ်တောင်၌ စတင်သင့်သည်၊ ဘယ်ပုံ တောင်တန်းသို့တက်ရမည် စသည်ကို ညွှန် ကြားခဲ့ပါ၏၊ သူတို့ပြောဆိုကြပုံ အခြေအနေကို ကြည့်ရမြင်ရသည်မှာ အားရစရာ မရှိပါ၊ ထို့ကြောင့် နောက်တစ်ရက်တွင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက်သို့သွား၍ ဘုရားကြီးဆရာတော် ဦးကောဏ္ဍညထံ အကျိုးအကြောင်း ကို ရိုသေစွာ တင်ပြလျှောက်ထားရာ ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရာမတိုက် ဆရာ တော်ကြီး၏ ဆရာတူတပည့်ချင်း ရင်းနှီးပြီးဖြစ်သောကြောင့် ငယ်ကပေါင်း တပည့်ရင်းကဲ့သို့ ရင်းနှီးစွာပင် ဤသို့ အမိန့်ရှိတော်မူလိုက်သည်၊

‘မောင်ဥတ္တမသာရ တောင်တန်းသာသနာပြုအလုပ်က မင်းကိုယ်တိုင် စတင် ထွင်လာခဲ့တဲ့ မင်းရဲ့အလုပ်ပါ၊ သူတစ်ပါးကခိုင်းလို့ လုပ်ရမယ့်အလုပ်လည်း မဟုတ်ပါဘူး၊ ရန်ကုန်ဘုန်းကြီးတွေရဲ့အလုပ် မဟုတ်ပါဘူး၊ ဘယ်သူမှ နားလည်

ကြမှာလည်း မဟုတ်ပါဘူး၊ တောင်တန်းသာသနာပြုလုပ်ငန်း စခဲ့တာက မင်းကိုယ်ပိုင် အမြင်နဲ့ စတင်တီထွင်လာခဲ့တာ မင်းပဲ ဆက်လုပ်သွားရမှာပဲ၊ ရန်ကုန်ဘုန်းကြီးတွေက ပြောရုံသာ ပြောကြမှာ လုပ်မှာမဟုတ်ဘူး၊ သူတို့က စည်းဝေးပွဲခေါ်ရင် လာထိုင်ကြမယ်၊ စကားတွေပြောကြမယ်၊ ပြီးရင် ကိုယ့်ကျောင်း ကိုယ်ပြန်အိပ်ကြတယ်၊ တောင်တန်းသာသနာပြုတယ်ဆိုတာ လွယ်ကူတာမှ မဟုတ်ဘဲ၊ အနေဆင်းရဲ၊ အသွားဆင်းရဲ၊ အစားဆင်းရဲ ခံနိုင်ရမယ်၊ ရန်ကုန်ဘုန်းကြီးတွေက ကားစီးရင် ငါကြမယ်၊ ဆွမ်းပင့်ကျွေးရင် လိုက်စားကြမယ်၊ ဘယ်ပုဂ္ဂိုလ်မှ မင်းလိုသင်းရဲခံပြီး တောင်ပေါ် ခြေကျင်လျှောက် သာသနာပြုကြမှာ မဟုတ်ဘူး၊ လိုရင်းက မင်းကြိုးစားရင် တောင်ပေါ် သာသနာရောက်လိမ့်မယ်၊ ဒီကပုဂ္ဂိုလ်တွေက ဂုဏ်းထိုင်စကား ဝိုင်းဖွဲ့ပြောနေကြရုံနှင့် အချိန်ကုန်ကြမယ်၊ သူတို့ကို မင်းနှင့်အဘူလိုက်မယ်ထင်ပြီး တုမနေနှင့်၊ မင်းလိုဆင်းရဲခံချင်သူ ထွက်ပေါ်လာမှာမဟုတ်ဘူး၊ ဒါပဲ လိုရင်းချုပ် မှာသွားပေတော့' ဟူ၍ စကားတိုတိုရှင်းရှင်း အမိန့်ရှိလိုက်သည်၊ ထိုမိန့်ဆိုချက်ကို မေဒိုင်ယာရီဘွင် နေ့စွဲနှင့် ရေးမှတ်ထားသည်။

## ဆရာတော်ဦးဩဘာသ လာတွေ့စဉ်က

လွန်ခဲ့သော ၁၃၄၀-ခုနှစ်တွင် ခရီးရှည်ကြီး ထွက်ရာ တနင်္သာရီတိုင်းမှ ရန်ကုန်မြို့သို့ ရောက်ပြီးလျှင် အပြင်းဖျား၍ ရှေ့သို့ ခရီးမဆက်နိုင်၊ ရန်ကုန်မြို့ ဗိဝဘဒါနှ သံဃာ့ဆေးရုံကြီး၌ တစ်လကျော်ကြာအောင် တက်ရောက်ပြီး ကုသမှုခံယူနေရ၏၊ ထိုအချိန်တွင် ရန်ကုန်မြို့ သရက်တော ကျောင်းတိုက်မှ ရှေးကသိကျွမ်းဟောင်း ခင်မင်ရင်းနှီးပြီးသော ဆရာတော် ဦးဩဘာသ ဤအရှင်ထံသို့ ကြွရောက်လာ၏၊ ဆရာတော်၏လက်တွင် ကိုင်ဆောင်လာသော ယပ်တောင်ပေါ်၌ (အဂ္ဂမဟာပဏ္ဍိတ)ဟူသော စာတမ်းရေးထားပုံကို အမှတ်မထင် မြင်လိုက်မိသည်။

'တောင်တန်း သာသနာပြု အဖွဲ့က ဥက္ကဋ္ဌတင်ထားလို့ လက်ခံထားရတယ်၊ ဘာလုပ်ရမှန်းလဲ မသိဘူး၊ ဒီကိစ္စအတွက် ဆွေးနွေးချင်လို့ လာခဲ့တာ' ဟူ၍ ဤအရှင်၏ အိပ်ရာနံဘေး၌ ခေတ္တရပ်၍ အမိန့်ရှိသည်၊ 'တပည့်တော် စကားမပြောနိုင်သေးဘူးဘုရား' ဟူ၍ အိပ်ရာထဲမှ လေသံသဲ့သဲ့ဖြင့် လျှောက်လိုက်ရသည်၊ ထိုအချိန်တွင် ဤအရှင်သည် ကျန်းမာရေးအခြေအနေ အတော်ကြီး အားနည်းနေခိုက် ဖြစ်သည်၊ ဆွမ်းမစားနိုင်ပါ၊ ရက်အတော် ကြာခဲ့ပြီ၊ ဆန်ပြုတ်အရည် ကျဲကျဲသာ သောက်၍နေရသည်၊ အိပ်ရာပေါ်မှ ထိုင်ခြင်း ထခြင်းကိုပင် သူတစ်ပါးက ထူပေးရသည်။

'တောင်တန်းဆရာတော်နှင့် လုပ်ငန်းအတွက် ဆွေးနွေး အကြံတောင်းချင်လို့လာခဲ့ဘာ စကားပြောဖို့ အခွင့်မသာပါဘူးကွာ' ဟူ၍ ဤအရှင်ထံ လူမမာမေးရန် လာကြသော ဒကာအချို့အား ညည်းတွား ပြောဆိုသွားကြောင်း တစ်ဆင့် ပြောဆိုကြ၏၊ ထိုနောက် မတွေ့ကြရပါ။

## တောင်ရိုးလျှောက် ပုဂ္ဂိုလ်မရှိချိန်

တောင်တန်း သာသနာပြု အလုပ်သည် နှစ်စဉ် တောတောင်နယ်ခြားကန္တာရတို့သို့ ကိုယ်ထိလက်ရောက် သွားလာလှုပ်ရှား၍ တကယ်ထိရောက် စေ့စပ်အောင် စေတနာကောင်းကောင်းနှင့် တာဝန် ထမ်းဆောင်စေချင်သော ပုဂ္ဂိုလ်လောင်း တစ်ပါးလောက်တော့ ရှိမှဖြစ်သည်၊ ဤအရှင် ထိုအဖွဲ့ကို နှုတ်ခွာ၍ ရှောင်ခဲ့လေလျှင် ထိုအဖွဲ့အတွက် တောင်တန်းပေါ် တက်ရောက်၍ သာသနာပြုဌာန, သာသနာပြု ကျောင်းတွေကို ကြည့်ရှုသူမရှိတော့ချေ၊ အမှုဆောင်စည်းဝေးပွဲသာ ၇-ရက် ပုံမှန်လုပ်နေကြသည်၊ ဘုရားကြီး ဆရာတော် ဦးကောဏ္ဍညမိန့်ဆိုချက်အတိုင်း စည်းဝေးပွဲ ထိုင်ကြပြီး ကိုယ့်ကျောင်း ကိုယ်ပြန်အိပ်ကြမယ်ဆိုတာထက် ပို၍ ထူးခြား မလာကြပါ။

စင်ပြိုးခေတ် ဤမှာဘက်တွင် လူ့လောကရော ရဟန်းငယ်များ၏ လောကရော ခေတ်မငြိမ် ကာလကြီးဖြစ်သည်၊ ဘာအလုပ်ဖြစ်စေ ဝေါရောဝေါရောနှင့် ထွေးရှုပ်သော စိတ်ဓာတ်ခံ ပါသူတွေက ပါဝင်ကြမြဲ ဖြစ်သည်၊ ခေတ်မငြိမ်လောကကြီးအတွင်းမှ ရဟန်းဘဝ ရောက်လာကြသော ဦးပဉ္စင်းငယ်များတွင် ခေတ်မီမီ အကင်းပါးသူတွေ ပါဝင်လာတတ်ကြသည်၊ 'တစ်နှစ်လျှင် တစ်ထောင်ကျ ရိက္ခာပေးပြီး တောင်တန်းတွေပေါ် စေလွှတ်နေကြတယ်၊ ဒေသန္တရ ဗဟုသုတလည်း ရအောင် တောင်ဘန်းတွေပေါ် ရောက်ဖူးအောင် စာရင်းသွင်း လက်မှတ်ထိုးကြမယ်' ဟူ၍ အကြံပြုလာ သတင်းစာ၌ ကြော်ငြာချက် တွေ့ရလျှင် စာရင်းသွင်း လက်မှတ်ထိုးကြသည်။

ထိုစာရင်း သွင်းထားကြပုံကို ကြည့်ပြီး 'နေရာကျပြီ၊ ငါတို့လိုချင်တာ လွယ်လွယ်နှင့် ဆန္ဒပြည့်ပေပြီ၊ သူတို့ကို နေရာများများ၌ ချထားရန် တောင်တန်းအနှံ့သို့ အကွက်စေ့အောင် ပို့နိုင်တော့မယ်' ဟူ၍ ဝမ်းမြောက်စွာ အကြံယူလျက် စီမံကိန်းချ တွက်ခြေကိုက်အောင် ခွဲတမ်းချကာ စာရင်းသွင်းသူတွေကို ခေါ်ယူသည်၊ ပြစ်နိုင်သမျှ အခြေအနေကြည့်၍ ချင်းတောင် မြောက်ပိုင်း တောင်ပိုင်း ပလက်ဝနယ်၊ နာဂတောင်၊ ကချင်တောင်၊ ကယားပြည်နယ်တို့ကို အသီးသီး

ဘယ်နယ်အတွက် ဘယ်နှစ်ပါး ခွဲဘမ်းချ၍ ရန်ကုန်မြို့မှ ပို့လွှတ်လိုက်ကြသည်၊ ထိုစီမံကိန်းအတိုင်း အစပိုင်းတွင် တစ်ကြိမ်လောက်တော့ အပို့ခံကြရသော သာသနာပြု ဦးပဥ္စင်းတော့က ရိုးသားကြပါ၏၊ ညွှန်ကြားရာ တောင်တွေပေါ် ရောက်အောင် သွားကြပါ၏၊ ခွဲဘမ်းချရာ သာသနာပြုရမည့် ဒေသနေရာသို့ ရောက်ကြပြီးလျှင် ဘာလုပ်ရမည် မသိ၊ ဘယ်လိုနေထိုင်ရမည် မသိ၊ ဘယ်လိုစား သောက်ရမည် မသိ၊ အလေ့ပြု ရှိခိုးသူပင် မတွေ့ရ၊ ဗုဒ္ဓဘာသာထွန်းကားသော လူမျိုးတို့ဒေသ မဟုတ်သောကြောင့် ရောက်ပြီး နောက်ရက်မှစ၍ ဆွမ်းစားစရာ မရှိပုံမှအစ ဦးစွာ ကြုံကြရတော့သည်၊ ထိုအခါ စိတ်ပျက်သည်၊ အကြံအိုက်၍ စိတ်ဓာတ်ကျဆင်းသည်။

## ထိုနည်းရင်း ဘဝတူတွေ

အခြားဒေသ အများ၌လည်း ထိုနည်းရင်း ပုံစံတူ တွေ့ကြုံကြရ၍ နေရေး စားရေး အဆင်မပြေသော ဒုက္ခမှုတွေ နည်းအမျိုးမျိုးဖြင့် ကိုယ်စီကြုံတွေ့ကြ ရ၏၊ ထိုအခါ သူတို့၏ မူလစိတ်ထားရင်းကလည်း 'ဘာပဲကြုံရကြုံရ သာသနာ ပြုလိုက်မယ့်'ဟူ၍ ခိုင်မြဲသော စေတနာကောင်း မပါ၊ အစမ်းသဘော ဒေသန္တရ ဗဟုသုတနှင့် တောင်ပေါ် ရောက်ဖူးအောင် လိုက်သွားမယ်၊ ဟိုကျမှ မီးစဉ် ကြည့်ကပြမယ်၊ အခွင့်သာလျှင် နေမယ်၊ မသာလျှင် ပြန်ဆုတ်ကြမယ်'ဟူသော၊ ကိုတင်ကြံရွယ်ချက် ပါခဲ့ပြီး ဖြစ်ကြ၍ ညွှန်ကြားလိုက်သော ဌာနခွဲ မကြာပါ (၇) ရက်ခန့် ချီတုံချတုံနှင့် နေထိုင်ပြီး ပြန်ဆင်းကြသည်၊ ထိုနည်းတူ ၁၀ ရက် နေပြီး ပြန်ဆင်းကြသည်၊ အချို့ကား ၃-ညအိပ်ပြီး တောင်ပေါ်မှ ဆင်းပြေး သွားကြသည်။

## သူ့ထက်သူ လူ့ဟမ်းကောင်း လုပ်ပြကြပုံ

ထိုနောက်နှစ်များတွင် ရန်ကုန်မြို့ တောင်တန်းအဖွဲ့မှ လွှတ်လိုက်ကြသော သာသနာပြုမည်ဟု ပဋိညာဉ်ခံ ပုဂ္ဂိုလ်များသည် မီးရထားစီး၍ ခရီးထွက်ကြ ခဲ့ကြပါ၏၊ နာဂတောင်, ချင်းတောင်, ကချင်တောင်သို့ ညွှန်ကြား ချက် အသီးသီး ကိုယ်စီယူဆောင် ပါခဲ့ကြ၏၊ နာဂတောင်သို့ တာဝန်ပေး ခံရသူတို့က ချင်းတွင်း မြစ် ရေနည်း၍ သင်္ဘောလမ်းကျပ်ချိန် ဖြစ်၍ ကလေးဝမြို့ ဆိပ်ကမ်းရောက်လျှင် သူတို့စီးခဲ့သော သင်္ဘော လမ်းဆုံး၏၊ အထက်သို့ အစိုးရ သင်္ဘောငယ်များသာ ရှိပါ တက်ဆင်းရှိသည်၊ ပုံသေမူ့နှုန်း ရက်မှန်မရှိပါ၊ ထိုအခါ 'ငါတို့အတွက် လမ်းဆုံးပြီ၊ ဘယ်သွားရမှန်းလဲ မသိတော့ဘူး' ဟူ၍ သူတို့စီးလာခဲ့သော သင်္ဘော

နှင့် ပြန်လိုက်သွားကြသည်၊ မြောက်ပိုင်း ချင်းတောင်သို့ ပို့လွှတ်ခြင်း ခံရသော အုပ်စုက မုံရွာမြို့ ရောက်ကြလျှင် ဘယ်သွားရမှန်း မသိတော့ဘူး၊ လမ်းပြပေးသူ လည်း မပါခဲ့ဘူး၊ ကိုင်း–ဒီမှ ပြန်ကြစို့ရဲ့' ဟူ၍ စိတ်တူသဘောတူ ပြန်သွားကြ၏၊ ထိုနည်းတူ ကချင်တောင်တန်းသို့ ပို့လွှတ်ခံရသော အုပ်စုက မန္တလေးမြို့ ဘူတာကြီးသို့ ရောက်ကြလျှင် 'ရှေ့ခရီး ငါတို့မသွားတတ်ဘူး၊ လိုက်ပို့ပေးသူမှ မရှိဘဲ၊ ဒီကနေ ပြန်ကြစို့ရဲ့'ဟူ၍ စိတ်တူဆန္ဒတူ လိုရာသို့ ပြန်သွားကြ၏၊ ထို နောက်နှစ်များတွင် သာသနာပြုလိုက်မည့် ပုဂ္ဂိုလ်များကို လက်ခံ၍ ရန်ကုန်မြို့အဖွဲ့မှ ယခင်နှစ်များကဲ့သို့ ညွှန်ကြားချက်နှင့် ဘောင်တန်းအာသီးသီးသို့ ခွဲဝေ၍ ခရီးပို့လွှတ်ကြပြန်ရာတွင် ရန်ကုန်ဘူတာကြီးမှ မီးရထားစီး၍ အိပ်ရာလိပ် ကိုယ်စီနှင့် လှမြင် သူမြင်ခံ လိုက်ပါခဲ့ကြ၏၊ ပဲခူးမြို့ ဘူတာရောက်သောအခါ ယခင်နှစ်မှ ပုဂ္ဂိုလ်တွေကဲ့သို့ ဘယ်သွားရမှန်း မသိကြလို့ ခရီးဝေး ရောက်ပြီးကာမှ ဒုက္ခခံ ပြန်ခဲ့ကြရတယ်လို့ ပြောကြတယ်၊ သူတို့လို မဖြစ်ကြရအောင် လိုက်ပို့ပေးသူမှ မရှိဘဲ၊ ဒီကပဲ ပြန်ကြစို့ရဲ့'ဟူ၍ အားလုံးသဘောတူ ပဲခူးမြို့ ဘူတာမှ ပြန်ဆုတ် သွားကြကုန်၏။

## နောက်ကလူ ဉာဏ်သာ၏

ထိုနောက်နှစ်များ စာရင်းသွင်းကြသူများကို လက်ခံ၍ တောင်တန်းသို့ ခရီးထွက်ကြမည့် နေ့တွင် (တစ်နှစ် တစ်ထောင်ကျ ရိက္ခာအတွက် ၅၀ဝိ–သာ ကြိုတင်ပေးပြီး လွှတ်ကြသည်) တာဝန်ကျရာ ဌာနသို့ ရောက်ကာစ အခက်အခဲ မရှိကြရန်အတွက် ၅၀ဝိ–ကျပ်စီ အသီးသီး ပေးလှူ၍ အဖွဲ့ချုပ်တည်ရာဌာနမှ ကားကြီးနှင့်တင်ပြီး ရန်ကုန်ဘူတာကြီးသို့ လိုက်ပို့ပေးကြ၏၊ အိပ်ရာလိပ်တွေ ကိုယ်စီနှင့် ဘူတာကြီးအတွင်း၌ ရထားထွက်ချိန် စောင့်ကျန်ရစ်ကြသည်၊ လိုက်ပို့ သူများက မစောင့်ကြတော့ဘဲ ပြန်သွားကြသည်၊ ထိုအခါ ခရီးထွက်ကြမည့် ဟန်ပန်နှင့် သာသနာပြု ပဋိညာဉ်ခံ သူတော်မြတ် အားလုံးသည် စိတ်တူ အကြံ တူ ဉာဏ်တူ မီးရထားလက်မှတ် မယူကြ၊ ရထားထွက်ချိန် မစောင့်ကြ၊ ရန်ကုန် ဘူတာကြီးမှ မိမိတို့ အလိုရှိရာ ကျောင်းကန်နှင့် ဒေသသို့ သာသနာပြုရန် ကြွသွား ကြလေ၏၊ မန္တလေးရောက်အောင်မသွား၊ ပဲခူးဘူတာထိအောင် မလိုက်၊ 'ငါတို့ကို သွားကြရော့လဟယ်ဆိုတဲ့ နည်းနဲ့ သေချင်သေ၊ ရှင်ချင်ရှင် မျက်နှာလွှဲခဲ့စေ သဘောမျိုး လွှတ်ကြတာ၊ ငါတို့ မသွားတတ်မယ့်အတူတူ ကိုယ့်ကျောင်း ကိုယ်ပြန်သွားကြမယ်'ဟူ၍ ဆုံးဖြတ်ကြသည် ဆို၏။

## တောင်ရိုးလျှောက်ပုဂ္ဂိုလ်ကျော် မရှိသော်လည်း မဖြုံ

'တောင်ရိုးလျှောက်နေဟဲ့ ပုဂ္ဂိုလ်ကျော် ရှောင်ခွာသွားသော်လည်း အရေးမဟုတ်၊ ငါတို့လည်း သာသနာပြုနည်း တတ်ပါတယ်၊ တစ်နှစ်တစ်ထောင်ကျရိုက္ခာပေးလွှတ်နေလျှင် သာသနာပြုရန်လိုက်ချင်ကြတဲ့ ဦးပဉ္ဇင်းတွေ လိုသလောက်ရပါတယ်၊ နှစ်စဉ် ဤပုံဤနည်းလွှတ်သွားနေကြလျှင် တောင်တန်းတွေပေါ်၌သာသနာပြုရဟန်းတွေ ကြာလေများလေ ဖြစ်သွားမယ်၊ ဘယ်တောင်ဘယ်နယ်တို့၌ သာသနာပြုပုဂ္ဂိုလ်စေလွှတ်ပြီး စာရင်းအရေအတွက် စာရင်းလုပ်ကာ အထက်သို့ တင်ပြလိုက်လျှင် ပြီးတာပဲ' ဟူ၍ တွက်ကိန်းကောင်းကောင်း အကွက်မြင်ထားသော အကျိုးဆောင်ချုပ် အရှင်မြတ်၏စိတ်တွက်သည် လက်တွေ့ပိုင်း၌ဘယ်မျှ အကျိုးပြီးပါသနည်း၊ အဆိုပါ အခြေမှန် ကြောင်းရာများကို သိကြရသော ရန်ကုန် ရဟန်းပုဂ္ဂိုလ်တို့က အချင်းချင်း ပြောဆိုနေခဲ့ကြပြီး ဖြစ်ပါသည်၊ သားငါးထူး မဆိုသာပါ၊ နောင်အခါတွင် မျက်နှာလွဲပို့လွှတ်၍ စိတ်ချရန်မဖြစ်ကြောင်း သိထားကြရန်နှင့် ရှေ့ခရီးဆက်ရန် နည်းပေးသည့်အနေဖြင့် အခြေမှန် ဖော်ပြခြင်း ဖြစ်ပါသတည်း။

## ညီလာခံခေတ် ရောက်ပြန်တော့

တောင်တန်းသာသနာပြုအဖွဲ့တွင် ရဟန်းပုဂ္ဂိုလ်များနှင့် လူဒကာများပါပူးတွဲလုပ်ဆောင်နေကြရလေရာ အခြေအနေအကြောင်းကြောင်းအလျောက် ဥက္ကဋ္ဌနှင့် အကျိုးဆောင်တို့ ပြောင်းကြရသည်၊ အထက်၌ပြခဲ့သော သမိုင်းရှော်ကြီးကိုရန်ကုန် ရဟန်းသံဃာလောက၌ ကြားသိနေကြပြီးဖြစ်၍ ရယ်စရာပုံပြင်များကဲ့သို့ ပွင့်လင်းစွာ ပြောဆိုခဲ့ကြသည်၊ ဤအရှင်သည်ပင် မကြားချင်မနေရသကဲ့သို့အကြိမ်ကြိမ် ပြောသံကြားခဲ့ရဖူး၏၊ အဆိုပါ သမိုင်းကြောင်း သာသနာပြုလိုက်ချင်သည်ဟု စာရင်းသွင်းသော ပုဂ္ဂိုလ်များကို တောင်ပေါ်အရောက်ပို့ကြမှဖြစ်မည်ဟု နားလည်ထားကြရန် ဖြစ်သည်၊ ၎င်းရာတွင် သာသနာပြုပုဂ္ဂိုလ်များကရင်းဘို တွေ့ကြုံနေရသော ခက်ခဲမှုပြဿနာတစ်မျိုးမျိုး စာရေး၍ပို့ကြလျှင် အဖွဲ့အမှုဆောင်အဖွဲ့မှ ထိုထိုအစီရင်ခံစာတွေကိုကြည့်၍ 'တို့အဖွဲ့ အမှုဆောင်တွေကမြို့ကြီးပေါ်၌ စုထိုင်စကားပြောရုံဖြင့် မပြီးဘူး၊ တစ်နှစ်လျှင် တစ်ကြိမ်လောက်အကျိုးဆောင်က သွားရောက်ကာ သာသနာပြုပုဂ္ဂိုလ်တွေနှင့်တွေ့ပြီး မေးမြန်းဖြေကြားကြမှ ဖြစ်လိမ့်မည်' ဟူ၍ အကြံပြုကြသည်၊ ထိုအကြံပြုချက်အတိုင်းနှစ်စဉ် တစ်နှစ်တစ်ကြိမ် ချင်းတောင်, ကချင်တောင်, နာဂတောင် စသည်သို့

လေယာဉ်ပျံစီး၍သွားကြသည်၊ လေယာဉ်မှဆင်းလျှင် ဂျစ်ကားငှားစီးပြီး ကားသွား၍ ဖြစ်သော တစ်နေရာ၌ သာသနာပြုပုဂ္ဂိုလ်တို့ကို စုပေါင်းလာစေသည်၊ အစိုးရ ဌာနများ၌ သုံးနှုန်းသောစကားကိုယူ၍ 'ညီလာခံပွဲ'ဟု အမည်ပေးကာ မျက်နှာစုံညီ ဆွေးနွေးကြသည်၊ မေး၍ဖြေကြသည်၊ လိုရာတင်ပြကြသည်၊ အချို့သော ပုဂ္ဂိုလ်တို့က ကျောင်းမိုးမလုံကြောင်း၊ လေမလုံကြောင်းစသော ကိုယ်တွေ့ အခက်အခဲများကို တင်ပြကြ၊ လိုရာတောင်းဆိုကြသည်၊ ထိုတင်ပြချက် တောင်းဆိုချက်တွေ ကြားရလျှင် စိတ်ပျက်သည်၊ စိတ်တိုသည်၊ ထို့ကြောင့် သူတို့အား ငေါက်ငမ်းကြိမ်းမောင်းခဲ့ပြီး စုဝေးရာဌာနမှ မရှိရေ ရှိရေနှင့် ကြိုးစားချက်ပြုတ်၍ ကပ်သောဆွမ်းကိုစားကာ ဂျစ်ကားစီး ပြန်ဆင်းကြပြီး လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်သွားကြသည်။

အဆိုပါလုပ်နည်းလုပ်ဟန်သမိုင်းကို တောင်ပေါ်၌နေကြရသော ဦးပဉ္စင်းများနှင့် တောင်ပေါ်ရှိ အစိုးရဝန်ထမ်းကြီးငယ်တို့၏ မျက်မြင်နှင့်ကိုယ်တွေ့များ ပြောပြနေရစ်ကြသော 'ညီလာခံခေတ်' သာသနာပြုအဖွဲ့မှ လုပ်နည်းမှုသမိုင်းပါတဲ့၊ ထို့ကြောင့် အဆိုပါညီလာခံစီမံကိန်းနှင့် အလုပ်ကြီးထင်နေကြသော အချိန်တစ်လျှောက်လုံး ဘယ်ဌာန ဘယ်ကျောင်း၌ အဆင်ပြေသည် မပြေသည်၊ အချိုးကျသည် မကျသည်၊ အကြောင်းမှန်ကို ဌာနချုပ်ကိုင်တွယ်နေကြသော ပုဂ္ဂိုလ်တို့ မသိကြပါ၊ မမြင်ကြပါ၊ နေရာရောက်အောင် လိုက်ကြည့်သူမရှိ၊ ဆင်းရဲမခံချင်၊ လေယာဉ်ပျံစီး၍ ဂျစ်ကားပေါ်မှဆင်းပြီး ခြေဖြင့်မသွားချင်သူတို့ချည်း စုနေကြလျှင် အကျိုးမပြီးနိုင်ပါ၊ သာသနာပြုကျောင်းတိုင်းသို့ ရောက်အောင် တစ်ညတန်သည်အိပ်၍ လေ့လာကြပါမှ အခြေအနေ ကောင်းသည် ဆိုးသည်၊ အနေအထိုင် တည်တံ့သည်၊ ပတ်ဝန်းကျင် လူလောကနှင့် အဆင်ပြေသည် မပြေသည်ဆိုသည်ကို အမှန်သိကြရမည်၊ တော်သူကို အားပေးရမည်၊ ဆက်ထားရမည်၊ ရှော်သူကို ထုတ်ပယ်ရမည်ကိုလည်း ထိရောက်အောင် ကိုင်တွယ်နိုင်စွမ်း မရှိကြပါ၊ ထို့ကြောင့် လက်တွေ့အလုပ်သမားဖြစ်ကြသော သာသနာပြု ပုဂ္ဂိုလ်ကောင်းများအိုင်းမှ အဖွဲ့ကို စိတ်ပျက်ကြသည်၊ စိတ်ပျက်ကြ၍ တော်သော ပုဂ္ဂိုလ်များက တဖြုတ်ဖြုတ်နှင့် ပြန်ဆင်းကြကုန်သည်မှာ များလှပြီ၊ တောင်တိုင်း၌ နေရာကြိုးကြားလောက်သာ ဘုန်းကြီးကျန်ရစ်သည်၊ ဤကား တောင်တန်းသို့ သာသနာပြုအဖွဲ့ဖြင့် သာသနာ ဆက်လက်ပြုလုပ်ကြလျှင် အကျိုးမရှိ၊ ခရီးမရောက်သော 'ညီလာခံစီမံကိန်း'ကို သင်ခန်းစာယူကြရန် တင်ပြခြင်းပါတည်း။

## ကြည့်သူမရှိ ပစ်ထားသောခေတ်

သတ္တလောကကြီးသည် မှုမှန်တည်ငြိမ်နေခြင်း မရှိနိုင်၊ တရွေ့ရွေ့ ပြောင်းလဲနေလေ့ရှိသကဲ့သို့ တောင်တန်းအဖွဲ့ကလည်း မှုမှန်ရပ်တည်မနေနိုင်ပါ၊ ပြောင်းလဲလာခဲ့ကြရသည်၊ ရဟန်းဘက်၌ အကျိုးဆောင်နှင့် ဥက္ကဋ္ဌတို့သည် ယခင်ပုဂ္ဂိုလ်တွေ မရှိကြသည်မှာ အကြိမ်ကြိမ် ပြောင်းလဲခဲ့ကြရပြီ၊ လူဒကာတို့ဘက်၌လည်း ထိုနည်းရင်း လူဟောင်းတွေမရှိကြတော့၍ လူသစ်တွေ အစားထိုး လာခဲ့ကြရသည်မှာ မဆိုးနိုင်တော့ပါ၊ တောင်တန်း အသီးသီး၌ သာသနာပြုရန် ချထားသော ပုဂ္ဂိုလ်များဘက်ကိုကြည့်လျှင် မြေပြန့်ဘက်သို့ဆင်းကြ၍ အနည်းငယ်သာ ကျန်၏၊ အဘယ်မျှ နည်းပါးသနည်းဆိုလျှင် မြောက်ပိုင်း ချင်းတောင် ဖလမ်းမြို့နယ်တစ်ခုကို ဥပမာပြ၍ ပြောမည်။

ဟိုရှေးယခင် ဤအရှင်တစ်ပါးတည်းခေါင်းဆောင်၍ သာသနာပြုနေခဲ့စဉ်က ဖလမ်းမြို့နယ်၌ သာသနာပြု (၈)ဌာနဖွင့်၍ ဘုန်းကြီးကျောင်း (၈)ကျောင်း ရှိသည်၊ ရဟန်းသာမဏေ (၁၆) ပါး ရှိသည်၊ ရံခါ (၂၀) ကျော် ရှိခဲ့သည်၊ တီးတိန်နယ်၌ သာသနာပြု (၅) ဌာန ရှိခဲ့သည်၊ ယခုအခါ ဤအရှင် အမြဲနေသော တောရကျောင်းမှလွဲလျှင် ဖလမ်းမြို့ပေါ်၌ တစ်ကျောင်းတည်းသာ ကျန်၏၊ ထိုတစ်ကျောင်း၌ပင် ဘုန်းကြီး အမြဲမရှိပါ၊ တစ်ခါတစ်ရံ ၂–နှစ်ကြာအောင်ပင် ဘုန်းကြီး ပြတ်လပ်နေခဲ့ဖူး၏၊ သာသနာပြုပုဂ္ဂိုလ်တွေ ရှားပါးနေကြပုံပြောရလျှင် မြောက်ပိုင်းချင်းတောင်တွင် တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ တွန်းဇန် ၅–မြို့နယ်အတွင်း၌ တစ်ခါတစ်ရံ ဤအရှင်တစ်ပါးတည်းသာရှိကြောင်း အစိုးရဝန်ထမ်းဒကာတွေ့လျှောက်၍ သိရဖူး၏၊ ဤမျှအထိ နည်းပါးနေသော်လည်း တောင်တန်းအဖွဲ့မှပုဂ္ဂိုလ် တစ်စုံတစ်ယောက်မျှ လာရောက်ကြည့်ရှုခြင်း မရှိသည်မှာ ၁၀–နှစ်ခန့်ကြာပြီဟု ပြောဆိုသံကြားရ၏။

## ဆန်ခါတင် ကျန်ပါသေး၏

သို့ရာတွင် မျက်မြင်ကိုပြောရလျှင် ဘုရားစူးလွှတ်ရံဆိုရမလောက် ဆန်ခါတင်သာကျန်သော ကျောင်းရှိပါ၏၊ ဖလမ်းမြို့၌တစ်ကျောင်း၊ တီးတိန်မြို့၌ တစ်ကျောင်း၊ ဟားခါးမြို့၌ နှစ်ကျောင်းကျန်ပါသေး၏၊ ဘုန်းကြီးတော့ အမြဲမရှိကြပါ၊ ရံခါမြေပြန့်ဆင်းကြသည်၊ ရံခါပြန်တက်လာကြသည်၊ ထိုပုဂ္ဂိုလ်လက်ကျန်ကလေးကို တောင်တန်းအဖွဲ့မှလာရောက်ကြည့်ရှုခြင်း ညွှန်ကြားခြင်းမရှိတော့ပါ၊ လေယာဉ်စီးရန်စရိတ် မရှိကြသောကြောင့်ထင်သည်၊ ပြောသံကြားရ၏၊ ဤကား

ဘောင်ပေါ်ရှိ လက်လှမ်းမီရာ သာသနာပြုကျောင်းများနှင့် သာသနာပြုပုဂ္ဂိုလ်တို့၏ အခြေအနေတွေမြင်ရပုံ ကိုယ်တွေ့ပြောပြချက်ပါတည်း။

## ရှေ့ခရီးအတွက်

'တောင်တန်းသာသနာပြုလုပ်ငန်းတစ်ခုလုံး သမိုင်းရှော်ကြီးဖြစ်နေကြသည် ကားကြာလေပြီ၊ ရှေ့ခရီးအတွက် ဤပုံဤနည်း သမိုင်းရှော်ကြီးမဖြစ်ကြရလေအောင် လက်ဆင့်ကူး၍ ခရီးဆက်ကြမည့် ပုဂ္ဂိုလ်များအတွက် သိထားကြရန် ဆရာတော်က ရေးပြသင့်ပါတယ်၊ တောင်တန်းသာသနာပြုလုပ်ငန်း၏ ကြောင်းရာစုံကို ဆရာတော်ကြီးတစ်ပါးသာ အစပိုင်းအခြေအနေမှစ၍ အသိအမြင်ဆုံးဖြစ်ပါတယ်၊ ဆရာတော်၏ညွှန်ကြားချက်ကိုကြည့်ပြီး နှောင်းကာလတစ်လျှောက်လုံးခရီးဆက်ကြရမှာဖြစ်ပါတယ် ဘုရား' ဟူ၍ရန်ကုန်သာသနာရေးဌာနမှ အရေးပါသော ဝန်ထမ်းအကြာကြီးတစ်ဦးက လျှောက်ထားတောင်းပန်ချက်အရ အဆိုပါကြောင်းရာအကျဉ်းချုပ်ကို ရေးပြခြင်းဖြစ်သည်။

## ရိုးသားပွင့်လင်းသော စကား

'လက်ရှိတောင်တန်းအဖွဲ့က ဥက္ကဋ္ဌတင်၍ လက်ခံထားရတယ်၊ ဘာလုပ်ရမှန်းလဲ မသိပါဘူး'ဟူ၍ ဆရာတော် ဦးဩဘာသ၏ ရိုးသားပွင့်လင်းစွာ အမိန့်ရှိသွားသောစကားကို နှစ်သက်လှပါ၏၊ ရိုးသား၍ ပွင့်လင်းသော ပုဂ္ဂိုလ်သည် ဖြောင့်စင်းသော စိတ်ထားရှိတတ်ကြသည်၊ တောင်တန်း သာသနာပြု လုပ်ငန်း၏ လက်ရှိအခြေအနေက ဘယ်ပုံရှိနေကြောင်းနှင့် နောက်ကြောင်းမှ ဘာတွေ ချို့ယွင်းခဲ့ကြကြောင်း သိရှိလျှင် ရှေ့ရေးဘယ်ပုံလုပ်ဆောင် သင့်ကြောင်း စသည်ကို ဆွေးနွေးလို၍ ဤအရှင်ထံ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ကြွရောက်လာခြင်းဖြစ်၏၊ အလွန်ဖျား၍ စကားမပြောနိုင်ချိန်နှင့် ကြုံသဖြင့် အကျိုးမပြီး ပြန်ကြွသွားရသည်၊ ဤအရှင်၏ နေမြဲဒေသနှင့် အလွန်ဝေးကွာ လှသောကြောင့် ပုဂ္ဂိုလ်ချင်းတွေ့ဆုံကြရန် မလွယ်ပါ၊ ထို့ကြောင့်သိကျွမ်းဟောင်းရင်းနှီးပြီးသော ဆရာတော်ကြီးဦးဩဘာသအား ဆွေးနွေး၍အကြံပြုချက် သိသင့်ရာရာ အကျိုးအကြောင်း အတော်စုံစုံပြီး အထက်ပါသမိုင်းများဖြင့် လုပ်ငန်းစဉ်ရှေ့ခရီးဆက်နိုင်မည်ထင်ပါကြောင်း လျှောက်ထားပါသည်ဘုရား။

## ရှေ့ခရီးဆက်ကြရန်နည်း

နောက်ကြောင်း သမိုင်းရှော်ခဲ့ပုံ သိရပြီးလျှင် ဤပုံစံအတိုင်းခရီးဆက်၍ မဖြစ်နိုင်ပါ၊ ယနေ့အချိန်ကာလသည် အစီရင်ခံစာတင်ပြ၍ စုရုံးထိုင်စကားပြော

နေကြရုံဖြင့် အကျိုးမပြီးပါ၊ နောက်က လိုက်ကြည့်နိုင်မှ အခြေမှန် အနေမှန် သိရ၍ အကျိုးပြီးပါမည်၊ သာသနာပြုလိုက်မည် ဝန်ခံချက်ယူ၍ တောင်ပေါ်တစ်နေရာ၌ချထားပြီး ပုဂ္ဂိုလ်ဟောင်းသစ်အားလုံးကိုလည်း သင့်တော်လျှင် ဆက်၍ထားပါ၊ မသင့်တော်ပုံတွေ့ရမြင်ရလျှင် ဖယ်ရပါမည်၊ ပွင့်လင်းစွာ ပြောဆို၍ ကျောသားရင်သားမခြား ပြတ်သားစွာ လုပ်ဆောင်ရမည့်ခေတ်ပါတည်း၊ စေတနာမှုမမှန်သူတွေ့ရလျှင် သာသနာပြု ပုဂ္ဂိုလ်လောကအတွင်းသို့ ဝင်ရောက် မပါရှိစေရန်ကိုလည်း သတိရှိရှိ ရှာဖွေ၍ပြုပြင်ပေးသွားကြပါမှ သင့်တော့မည်၊ တာရှည်ကောင်းမည် ဖြစ်ပါသည်။ ဥပမာ - ငါးနှစ်စီမံကိန်းနည်းဖြစ်စေ မူချ၍ စမ်းသပ်သည့်အနေဖြင့် လက်တွေ့လုပ်ဆောင်ကြလျှင် ကောင်းမည် ထင်ပါသည်။

သာသနာပြုပုဂ္ဂိုလ်များဘက်၌ 'ကြေးစား သာသနာပြု'ဟူသော ဝေါဟာရစကားရိုင်းအပြောခံရခြင်းလည်း ပျောက်ပါစေ၊ စေတနာကောင်းသန့်သန့်နှင့် တကယ်သာသနာပြုပုဂ္ဂိုလ် မှုမှန် လက်ရွေးစင်လောက်သာ ထားရမည်၊ မကောင်းသူတွေထားခြင်းဖြင့် မရှိတာက မြတ်သေး၏၊ ရိုးရိုးနှင့်တည်ငြိမ်သော ပုဂ္ဂိုလ်လောက်သာ နည်းနည်းနှင့် ကျဲကျဲဝိုင်းအနေမျိုး မူသေချာစီစဉ် ပေးကြမှ တာရှည်ကောင်းပါမည်၊ လူကြည်ညိုလည်းဖြစ်ပါမည်၊ သာသနာပြု လုပ်ငန်းလည်း တာရှည်တည်ပါမည်၊ ဤကား သာသနာပြု ပုဂ္ဂိုလ်များ ဘက်အတွက် ဆိုခြင်းဖြစ်ပါသည်၊ အဖွဲ့တွင်ဝင်ရောက်တာဝန်ယူ၍ ကိုင်တွယ်လုပ်ဆောင် ကြရမည့် ပုဂ္ဂိုလ်များဘက်၌လည်း အရည်အချင်းရှိသူကို ရွေးကောက်၍ ထားကြမှ ဖြစ်ပါမည်၊ ဥက္ကဋ္ဌအကျိုးဆောင်စသည်ကို လက်ခံယူထားပြီး ဘာမျှမလုပ်တတ် ဘာမျှမလုပ်ချင်သော ပုဂ္ဂိုလ်မျိုးကို တင်ထားမိလျှင် ခေတ္တစောင့်ကြည့်ပြီးလျှင် နေရာမကျပါက ဖယ်ကြရပါမည်၊ ထို့ကြောင့်တောင်တန်းသာသနာပြုလုပ်ကြရာတွင် ရာဇဝင်ရှော်ကြီးကဲ့သို့ သမိုင်းရှော်ကြီး ဖြစ်ခဲ့သောအပိုင်းမှာ ရှက်စရာမဟုတ်ပါ၊ အခြေအနေနှင့် ခေတ်သမယပယောဂတို့နှင့် ရောထွေးပါသွားခြင်းဟုယူဆ၍ ပြေကြရပါမည်။

## အဖွဲ့၌ထိုင်သူ အရည်အချင်းရှိမှ

အဖွဲ့၌ထိုင်၍ ကိုင်ကွယ်စီမံညွှန်ကြားပေးရသူသည် တကယ်အရည်အချင်းရှိမှဖြစ်ပါမည်၊ ဥပမာ- စစ်မြေပြင်သို့ မရောက်ဖူးသူ သေနတ်မှ မကိုင်ဖူးသူကို ဗိုလ်သင်တန်းပြခိုင်း၍ ဖြစ်ပါမည်လော'ဟူသော မေးခွန်းကဲ့သို့ ရဟန်းအချင်းချင်းဘုန်းကြီးအချင်းချင်း ကဲ့ရဲ့ပြစ်တင် စကားပြောဆိုခြင်း ကင်းလွတ်အောင်

အမြင်ကြည်ဖို့လိုပါမည်၊ ကိုယ်တိုင်တောထဲ တောင်ထဲတက်ရောက်၍ စေတနာ ကောင်းနှင့်ကိုယ်ထိလက်ရောက် နှစ်ပတ်လည်ရုံလောက်ဖြစ်စေ သာသနာပြု ဖူးသောပုဂ္ဂိုလ်တစ်ပါးပါးက စီမံအုပ်ချုပ်ကြလျှင် ကောင်းပါမည်၊ သို့မှ အမြင် အသိပိုင်နိုင်ပါမည်။

ထို့ပြင် တောင်တန်းအများပေါ်၌ ဤအရှင်ကဲ့သို့ ဌာနအားလုံးကို အကွက်စေ့အောင် ခြေကျင်လျှောက်၍ လိုက်လံကြည့်ရှုသော ပုဂ္ဂိုလ်တစ်ပါးပါး ရှိရမည်၊ တောင်ရိုးလျှောက်သော ဝီရိယသမား ပုဂ္ဂိုလ်တစ်ပါးမျှမရှိလျှင် လုံးဝ မဖြစ်ပါ၊ ထို့ပြင် သာသနာပြုပုဂ္ဂိုလ်များကို 'သွားကြရော့လဟယ်' သဘော မျိုး မလွှတ်သင့်ပါ၊ မသွားတတ်သူကို လိုက်ပို့ပေးရမည်၊ မိမိတို့အဖွဲ့မှ ပို့လွှတ် ထားပြီး ပုဂ္ဂိုလ်တွေ တောင်ပေါ်၌ ရှိကြသေး၏လော၊ ဆင်းသွားကြကုန်ပြီ လော၊ သေပြီ-ရှင်သည်မသိ ဆိုရမလို လုံးဝမကြည့်ဘဲ ပစ်ထားကြမည်ဆိုလျှင် ဘာမျှမလုပ်ဘဲ နေကြခြင်းကပင် အပြစ်ကင်းပါမည်။

လိုရင်းမှာ သာသနာပြုအလုပ်သည် အပျော်မဟုတ်ပါ၊ လူကြား၍ ကောင်းရုံအလုပ်မျိုး မဟုတ်ပါ၊ ကလေးကစားသလို ပေါ့ဆဆလုပ်ရမည့် ပြီးစလွယ်အလုပ်မျိုး မဟုတ်ပါ၊ ထိထိမိမိနှင့် ခရီးရောက်အောင် သာသနာပြု ပုဂ္ဂိုလ်ဘက်၌လည်း အရည်အချင်းရှိသူလောက်သာ ရွေးကောက်ပို့ပါ၊ စေလွှတ် သူ အဖွဲ့တိုင်းဘက်၌လည်း အရည်အချင်းရှိသူနှင့် တကယ်စေတနာထက်သူကိုသာ ရွေးကောက်ဖွဲ့စည်းလုပ်ဆောင်ကြမှ ပြီးမြောက်မည်ဖြစ်ပါကြောင်း စေတနာ ကောင်းဖြင့် အကြံပေးပါကြောင်း။



# အိုလိုက်ကြဦးစို့နော်

'အိုကြတယ်ဆိုတာ ထူးဆန်းတာ မဟုတ်ပါဘူး၊ အိုချိန်ရောက်တော့ သတ္တဝါအားလုံး အိုကြတာချည်းပါ'

တစ်ခါတုန်းက ဤအရှင် ခရီးဝေးထွက်ရာမှအပြန် ကလေးမြို့ရောက်၍ နေသာကျောင်း၌ ခေတ္တတည်းခိုနေစဉ် အသက် ၈၀-ကျော်ကြီးမှ ရဟန်းပြုလာသော ဦးပဥ္စင်းကြီးက သူအိုခဲ့ပြီဟု မကြာမကြာပြော၍ ဤအရှင်က အိုခြင်းနှင့်စပ်၍ တရားစကား ပြောခဲ့ရဖူး၏။

'လူ့ဘဝရောက်နေခိုက်တွင် ပျော်မြူးမှုလောက်သာ အကောင်းထင်နေတတ်ကြတဲ့ လူရွယ်လူလတ်အချို့တို့၏ဘဝထက် တရားအသိ တရားအမြင်နှင့် စိတ်တည်ငြိမ်အောင်နေတတ်၍ ချမ်းမြေ့ကြည်လင်မှု ခံစားတတ်သော လူအိုဘဝ ရောက်နေရခြင်းက လူဖြစ်ရကျိုး နပ်သည်၊ အမြတ်ထွက်သည်'ဟု ဆိုရပါမည်၊ အိုခြင်းသဘောသည် မထူးဆန်းပါ၊ ဝမ်းနည်းစရာမဟုတ်ပါ၊ သက်ရှိသတ္တဝါတိုင်း ပျိုရာမှ အိုလာကြရမြဲ ဖြစ်သည်၊ အချိန်ကြာလာသောအခါ ဟောင်းလာကြမြဲ ဖြစ်သည်၊ သို့ရာတွင် လူလောကကိုကြည့်၍ပြောရလျှင် အိုခြင်းအပိုင်း၌ ခြားနားချက်တော့ ရှိကြသည်။

## အိုချိန်၌ ချမ်းသာဆင်းရဲ၏တရားခံ

လူအချို့သည် အိုသောအချိန်ပိုင်း၌ ချမ်းသာကြသည်၊ လူအချို့က အိုသောအချိန်ပိုင်း၌ ဆင်းရဲကြသည်၊ လူအချို့သည် ကျန်းမာစွာနှင့် အိုမှန်းမသိသာအောင် အိုလာကြ၍ ပင်ပန်းခြင်းမရှိကြ၊ လူအချို့သည် မကျန်းမမာ ဒုက္ခဝေဒနာခံစားရင်း အိုလာကြ၍ ပင်ပန်းစွာနှင့် လူအိုဘဝ ရောက်ကြသည်၊ ဤခြားနားချက်တို့၏ တရားခံသည် ဘယ်ကလာသနည်း၊ အဆိုပါ ချမ်းသာခြင်း ဆင်းရဲခြင်း၏ တရားခံသည် သူတစ်ပါးကြောင့် မဟုတ်ပါ၊ သူတို့ကိုယ်တိုင် ဖန်တီးခဲ့ကြခြင်း ဖြစ်သည်၊ ဤတွင် ရှင်းပြမည်၊ သူတို့၏ နောက်ကြောင်းဘဝမှ ပါခဲ့သော အတိတ်ကံနှင့် လက်ရှိပစ္စုပ္ပန်ဘဝ၌ဖန်သော ကံတို့က အကြောင်းပြုသော အကျိုးပေးခြင်းများ ဖြစ်ကြသည်။

လူတို့ဘဝ၌ ကျင်လည်နေကြရာတွင် ကံ-ဉာဏ်-ဝီရိယ သုံးပါးက ပြဋ္ဌာန်းလျက် ရှိကြသည်၊ ကံတရားသက်သက်အပေါ် ပုံချပြီး ကံယုံမင်းသားလုပ်နေ၍ မဖြစ်ပါ၊ ဉာဏ်နှင့်ဝီရိယပါ ပြုပြင်ဖန်တီး၍ နေထိုင်သွားတတ်ကြရန် လိုပါသည်၊

ဥပမာ–ရောဂါဝေဒနာ တစ်စုံတစ်ရာဖြစ်လျှင် မရောဂါပျောက်စေကြောင်း ဆေးဝါး ဓာတ်စာဖြင့် ပြုပြင်ပေးကြရန် စသည်ဖြစ်၏၊ လူအိုပိုင်းရောက်လာသော အချိန်၌ ဆင်းရဲနေသူနှင့် ချမ်းသာနေသူ ခြားနားခြင်းသည် အဓိကမှာ မိမိတို့ ကိုယ်တိုင် ဖန်လာခဲ့ကြသော ကံတရားသာ မူလအကြောင်းရင်း ဖြစ်သည်၊ အတိတ်ဘဝတို့က မိမိတို့ကိုယ်တိုင် စိတ်ကောင်းရှိ၍ စေတနာကောင်းထား၍ သူတစ်ပါး ချမ်းသာစေကြောင်း၊ လူကြီးလူအိုတွေ ချမ်းသာစေကြောင်း ပြုလုပ်ခဲ့ဖူးသော ဆောင်ရွက်ပေးခဲ့ဖူးသော ကံဟောင်းက အကျိုးပေး၍ အိုချိန်၌ ချမ်းသာကြသည်။

ဤဘဝတွင် မအိုမီကာလ ပျိုရွယ်သောဘဝ ရှေ့ပိုင်းအချိန်တုန်းက စိတ်ကောင်းထား၍ သူတစ်ပါးအား ချမ်းသာစေကြောင်း လူကြီးလူအိုတို့အား ရိုသေလေးစားခြင်း၊ ဂါရဝနိဝါတပြုခြင်း၊ မိမိကိုယ်ရေးအတွက် မဆင်းရဲစေရန် ကံ-ဉာဏ်-ဝီရိယ သုံးကာ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းထားတတ်ခြင်း၊ ကျန်းမာအောင်နေတတ်ခြင်းစသော သတိ ဝီရိယစွမ်းအားတို့ကြောင့် တတိယအရွယ် ၅၀-၆၀-၇၀ အသက်ပိုင်းမှ စတုတ္ထအရွယ် ၇၅–နှစ်မှ ၈၀-၉၀ ရွယ် တစ်ရာကျော်တိုင်အောင်သောကာလ လူအိုပိုင်းရောက်သောအခါ နေရေးထိုင်ရေး စားသောက်ရေး၊ ကျန်းမာရေးပါ ပြည့်စုံ၍ ချမ်းသာမှု ခံစားကြရသည်။

## လူအိုပိုင်း ဆင်းရဲကြရသူ

အိုချိန်၌ ချမ်းသာကျန်းမာကြသူတို့သည် အထက်၌ဆိုခဲ့၍သိရပြီ၊ ဆင်းရဲသူတို့ကား အဆိုပါ ကောင်းကျိုးပြုကံကို ထက်အောက်ပြန် ကံဖန်မှုကြောင့် ဆိုရမည်၊ နားလည်ကြရန်မှာ ရှေးအတိတ်ဘဝဟောင်းမှ ချမ်းသာစေကြောင်းကံကို မဖန်ခဲ့ဖူးသည့်ပြင် ဤဘဝတွင်လည်း မအိုမီရှေ့ပိုင်း ပျိုရွယ်စဉ် သန်တုန်းမြန်တုန်း အချိန်ရနေစဉ်ကာလက စိတ်ကောင်းထက်မြက်မှုမရှိခြင်း, စေတနာကောင်း ထား၍ သူတစ်ပါးကောင်းကျိုး မဆောင်ခဲ့ဘဲ လူကြီးလူအိုတို့ကို ရိုသေမှုမထား လေးစားမှုဂါရဝ နိဝါတ မရှိခြင်း၊ ချမ်းသာပါစေ, ကျန်းမာပါစေဟု ပြုစုလုပ်ကျွေးခဲ့ဖူးခြင်း မရှိခဲ့ကြ၊ သူတို့သည် အိုခါအိုချိန်ဘဝ၌ ဆင်းရဲကြရသည်၊ မအိုမီရှေ့ပိုင်းက မိမိတို့ကိုယ်တိုင် စိတ်ကောင်းစေတနာထား၍ ပြုလုပ်ရမည်ကို မသိခြင်း, မေ့လျော့ခြင်းကြောင့် ချို့တဲ့ခဲ့ကြသော ကံ ဉာဏ် ဝီရိယစွမ်းအားသုံးပါးကြောင့် အိုခါ၌ ကောင်းကျိုးချမ်းသာဖြစ်ပေါ်ရန် အကြောင်းကံမရှိ ဖြစ်ကြသည်၊ ကလေးဘဝမှစ၍ မအိုမီအချိန်များအတွင်း၌ ကာယကံ, ဝစီကံ, မနောကံ ချို့တဲ့မှုတို့ကြောင့်လည်း လူအိုပိုင်းဘဝသို့ ရောက်လာသောအခါ လူ

အချို့က ဆင်းရဲခြင်းဒုက္ခနှင့် ကြုံကြရသည်၊ လူအချို့က အကုသိုလ်ကံတော်ဝင် အကျိုးပေး၍ ဝဋ်ခိုက်ခြင်းခံကြရ၊ ကြုံကြရသည်၊ အိုခါမှ လေဖြတ်ခံရခြင်း၊ ခြေလက် နာ‘မျက်စိ မသန်ခြင်း ဖြစ်နေခြင်းတို့သည် ဝဋ်ချိန်က မိမိကိုယ်တိုင် ပြုလုပ်မှားခဲ့ဖူးသော ပါဏာတိပါတ ကံဟောင်းကြောင့် ဖြစ်ကြရသည်ဟူ၍ နားလည် ကြရမည်၊ အတိတ်ဘဝတို့က ပြုမှားခဲ့သော ကံဟောင်းကို လှမ်းမျှော်၍ မမြင်နိုင်သော်လည်း ဤဘဝအတွင်း၌ မိမိတို့ပြုမူချက်ကိုတော့ ပြန်လည်၍ လှမ်း မျှော် မြင်နိုင်စွမ်းကြပါမည်၊ ‘ငါဘာတွေ ကောင်းကျိုးဆိုးကျိုးအတွက် လုပ်ခဲ့ဖူး ပါသနည်း’ ဟူ၍ ပြန်လည်မျှော်ကြည့်လျှင် ရေးရေးအချို့နှင့် ထင်ထင်ရှားရှား အချို့ ပေါ်လာလိမ့်မည်။

## ကံကောင်းသော သူအို

လူအချို့မှာ ကျန်းမာရေး ကံကောင်းကြသည်၊ သက်ရှယ်အားဖြင့် လူအို ပိုင်း ဘဝသို့ ရောက်နေကြသော်လည်း သွားနိုင်လာနိုင် လုပ်နိုင်ကိုင်နိုင်စွမ်းအား အပြည့်ရှိနေကြသည်၊ စားကောင်းအိပ်ပျော်ခြင်း ပုံမှန်ရှိကြ၍ ဘယ်ဘက်မှ အားအင်မဆုတ်ယုတ် ပုံသေကျန်းမာလျက် သန်စွမ်းလျက်၊ အိုလာမှန်းပင် ထူး ခြားအောင် မသိသာသော လူအိုများ ရှိကြ၏၊ ‘နွားပျိုသန်လှ နွားအိုပေါင်ကျိုး သလောက်’ ဟူ၍ ဆိုနိုင်လောက်သော လူစားမျိုးဖြစ်သည်၊ ထိုသူတို့သည် ရှေး အတိတ်ကံဟောင်း၏ ထောက်ပံ့ချက်နှင့် လက်ရှိဘဝတွင် မအိုမီ ရှေ့ပိုင်းအချိန် က လက်တွေ့ စိတ်ကောင်းစေတနာကောင်းသုံးချက် ညီခဲ့သူများဖြစ်ကြသည်ဟု နားလည်ကြရမည်၊ လူအချို့မှာတော့ လူရွယ်ပိုင်း လူလတ်ပိုင်းဘဝတစ်လျှောက် တွင် ကျန်းမာခဲ့ကြသော်လည်း လူအိုပိုင်းကာလ၌ မကျန်းမာကြတော့ချေ ရောဂါတစ်မျိုးက နာနာကြီး ဖိစီးခြင်း ခံကြရသည်၊ အချို့မှာ တစ်မျိုးမကပါ ရောဂါထွေပြားစွာ ဝိုင်းအုံ၍ ဖိစီးခြင်း ခံကြရသည်၊ သူတို့၏ကိုယ်ခန္ဓာ ရုပ်တရား ကြီး ချို့တဲ့မှုကြောင့် စိတ်ရောကိုယ်ပါ မချမ်းမသာ ဝေဒနာကြီးစွာ ခံယူနေ ကြရသည်။

## ဘယ်သူမပြု မိမိမှု

ယင်းသို့ ကိုယ်လည်းမချမ်းသာ စိတ်လည်းမချမ်းသာ ခံစားရင်း ရက်တွေ ညောင်း လတွေဟောင်း နှစ်တွေပြောင်း၍ အချိန်ရှည်ကြာ အိုလာရှာသည်၊ ထိုကဲ့သို့ ဒုက္ခကြီးစွာ ခံစားနေရင်း၌ လတိုင်း နေ့ည်ဖှာ ငါ ... ခုလို ဒုက္ခကြီးစွာခံစား

ခံစားနေရခြင်း၏ အကြောင်းရင်း တရားခံမှာ ဘယ်သူကမှ လာရောက်ဒုက္ခမပေး၊ ရှေးလွန်ခဲ့ပြီးသောတစ်ချိန်ချိန်ဆီက ငါကိုယ်တိုင်ပြုခဲ့ဖူးသော ပါဏာတိပါတကံ၏ လက်ချက်ဖြစ်ရမည်၊ ဘုရားရှင်လက်ထက်တော်က ပူတိဂတ္တတိဿမထေရ်ကြီး၏ ကိုယ်ခန္ဓာပေါ်၌ အနာများစွာ အလိုလိုဖြစ်ပေါ်လာ၍ ဒုက္ခကြီးစွာ ခံစားရမှု ခဲ့သည် သူကိုယ်တိုင်ပြုလုပ်ဖူးသော ကြက်တွေ ငှက်တွေကို သနားညှာတာမှုမရှိ၊ ကိုယ်ချင်းစာတရားမထား၊ ရက်စက်စွာ သတ်ဖြတ်ခဲ့ဖူးသော ပါဏာတိပါတကံကြောင့် ဖြစ်ရပုံကိုသာ ငါနားလည်ရပေတော့မည်’ ဟူ၍ ယထာဘူတကျစွာ နှလုံးသွင်းရမည်။

## စိတ်ချမ်းသာအောင်နေနည်း

ဤတွင် စိတ်ချမ်းသာအောင်နေနည်းကိုပြောမည်၊ ထိုသို့ ကိုယ်မကျန်းမမာ၍ စိတ်မချမ်းသာ ဖြစ်နေစဉ်အချိန်တွင် အတိတ်ကံဖြင့်၍ ချမ်းသာအောင် နေတတ်လျှင် ဖြစ်နိုင်သောနည်းရှိ၏၊ ကိုယ်ခန္ဓာရုပ်တရားကြီးက မကျန်းမမာဖြစ်၍ နေစေကာမူ စိတ်ကိုချမ်းသာအောင် ပြုပြင်ယူ၍ရသော နည်းမှန်ဖြစ်သည်၊ စိတ်ချမ်းသာလာလျှင် ကိုယ်မကျန်းမာခြင်း (ဒုက္ခဝေဒနာ) မေ့နေတတ်သည်။

‘ဤရုပ်ခန္ဓာသည် မတည်ပါ၊ မမြဲပါ၊ တစ်နေ့နေ့တွင် စွန့်ပစ်၍ ထားခဲ့ရမည့် အသုဘကြီးသာပါ၊ စင်စစ်မှာ ငါပိုင်မဟုတ်ပါ၊ စိတ်အလိုသို့မလိုက်သော အနတ္တသဘောသာတည်း’ ဟူ၍ ဟုတ်တိုင်းမှန်ရာ တရားကောင်းတစ်ခုခုကို မြဲမြဲစွာ နှလုံးသွင်းနေပါ၊ ရုပ်တရားအပေါ်၌ ကပ်ငြိမှုကင်းသော အမြင်မှန် ရောက်အောင်ကြည့်ပါ၊ ဤနည်းကို စတင်လေ့ကျင့်ယူပါ၊ ထပ်ပြန်တလဲလဲ ဆင်ခြင်နေရန်လိုပါသည်။

## လက်တွေ့သိရန် လေ့လာကြည့်ပါ

မည်သူမဆို အထက်ပါနည်းကို လေးလေးစားစား နှလုံးသွင်း နေသွားလျှင် ရက်များမကြာခင် အမြင်မှန်ပေါက်လာပါမည်၊ ထိုအခါ လက်တွေ့ အကျိုးတရားကား ကိုယ်ခန္ဓာရုပ်ကြီး၌ ဘယ်လိုပင် ရောဂါဖိစီး၍ နာကျင်နေစေကာမူ စိတ်အာရုံ၌ ခံစားရချက် မပင်ပန်းပါ၊ အမြဲချမ်းသာ ကြည်လင်နေပါမည်၊ စိတ်ချမ်းသာမှု ပိုင်ပိုင်ရလာလျှင် ‘အောင်ပြီ–သွက်ရပ်ပေါက်ပြီ’ ဟူ၍ မှတ်ပါ၊ ထိုအခါမှ နောင်တွင် အိပ်ရေးထိုင်ရင်း နှလုံးသွင်းတတ်ပြီး အလိုလို စိတ်အာရုံပျော်မွေ့၍ အရာခပ်သိမ်း နှစ်သိမ့်နိုင်လာပုံ တွေ့ရပါမည်၊ မယုံလျှင်

လက်တွေ့သိရန် စမ်းသပ်ကြည့်ကြပါ၊ သိရပါမည်၊ ဤအရှင်သည် ငှက်ဖျား ဒဏ်ကြောင့် အိပ်ရာပေါ်၌ အချိန်ကြာကြာ လဲနေရစဉ် လက်တွေ့စမ်းသပ်၍ အောင်မြင်ခဲ့ဖူး၏၊ ထို့ကြောင့် ထွက်ရပ်ဒေပါက်သလောက် ဝမ်းမြောက်ကျေနပ် ခဲ့ရပြီး ဖြစ်သည်။

## မဟာစည်ဆရာတော်နှင့် ပြန်တွေ့ကြစဉ်အခါ

အိုခြင်းနှင့်စပ်လျဉ်း၍ လွန်ခဲ့သော ၁၃၃၆-ခုနှစ် ဝါပို့တွဲလပြည့်ကျော် ၁၂-ရက် တနင်္ဂနွေနေ့က မြောက်ပိုင်းချင်းတောင် ဖလမ်းမြို့၌ ကမ္မဋ္ဌာနာစရိယ နာမည်ကျော် မဟာစည်ဆရာတော်နှင့် တစ်ကြိမ်ပြန်လည်တွေ့ကြရာတွင် အသီး သီး အိုလာခဲ့ကြပြီးဖြစ်သော ကိုယ်ခန္ဓာရုပ်သွင်များကို အပြန်အလှန် ကြည့်၍ ရုတ်တရက် မမှတ်မိကြပုံ အကြောင်းပြုပြီး ဤဆောင်းပါး ရေးဖြစ်ခြင်းဖြစ်သည်။

'မဟာစည်ဆရာတော် ကြွလာမည်'ဟူ၍ နေ့ရက်ကို ချိန်းချက်၍ ဤအရှင် အား ဖလမ်းမြို့သို့ ဆက်လက် ကြွရောက်လာရန် ပင့်ကြသည်၊ စာပို့၍တစ်ကြိမ် လူကြုံနှင့် စကားပါး၍ နှစ်ကြိမ် ပို့ပြီး စိတ်ချရန် ဟူ၍ ဖလမ်းမြို့ ဗုဒ္ဓဘာသာ အဖွဲ့၏ ဥက္ကဋ္ဌကိုယ်စား ဦးကျော်သူကိုလွှတ်၍ တစ်ကြိမ်ပင့်ကြသည်၊ ထို့ကြောင့် လာခဲ့မည် ဝန်ခံ ကတိပြုလိုက်သည်။

အဆိုပါနေ့ နံနက်ပိုင်းတွင် မိမိနေမြဲ ခန္တီန်တောင်ကြီး တောရကျောင်းမှ အဖော်မပါ တစ်ပါးတည်း ခြေကျင်လျှောက်ခဲ့သည်၊ ၈ မိုင်ဝေးကွာသော ခရီး ကို မြန်မြန်သွားလိုပါမှ လမ်းခရီး တစ်လျှောက်အတွင်း ချင်း တပည့်ဒကာ ခရီး သွားနေကြသူတို့နှင့် အကြိမ်ကြိမ်တွေ့သွားနေရ၍၊ မေးမြန်းနှုတ်ဆက် နေချင်ကြ သူတွေ များနေသောကြောင့် ခရီးမတွင်နိုင်ပါ။

'အလျင်လိုကာမှ အနှေးဖြစ်ရသလို လမ်းခရီးတစ်လျှောက်လုံး ဤအရှင် ကို ဆီးကြိုနှုတ်ဆက်ချင်သူတွေက ခလုတ်တိုက် နေကြချက်ကြောင့် မွန်းလတ်ပိုင်း ၁၁ နာရီနှင့် အချိန်မှ ဖလမ်းမြို့တွင်း ဝင်ရောက်နိုင်သည်၊ တပည့်ရင်း ၉ တန်း ကျောင်းသား ခိုဘင်လင်နှင့်တွေ့၍ မိမိသွားလိုသော ပရိသတ် ညွှန့်ခံပွဲရှိရာ မြို့လယ် အောင်ချမ်းသာ ဆုတောင်းပြည့် ဘုရားကြီး ဓမ္မာရုံသို့ လမ်းပြကာ လိုက်ပို့ပေး ရှာသည်၊ ဤအရှင် ရောက်သွားချိန်သည် ဆရာတော်နှင့် သံဃာတော်များက ဆွမ်းစားပြီးကြ၍ လက်ဖက်ရည်ပွဲ၌ ထိုင်လျက် ရှိကြသည်၊ လူပရိသတ်အား ထမင်းကျွေးနေခိုက် ဖြစ်သည်၊ မြို့ခံဘုန်းကြီး ဦးကောဏ္ဍညက 'ဟိုကြွပါ' ဟူ၍ ဆရာတော်ကြီး တစ်ပါးတည်း ထိုင်လျက်ရှိရာသို့ လက်ညှိုးညွှန်၍ ဆရာတော်ရှေ့ ဝင်ထိုင်ရှိခိုး ဦးချသည်။

မိမိရှိခိုးသောအခါ မဟာစည် ဆရာတော်က မမှတ်မိ၍ 'ဘယ်သူလဲ' ဟုမေးသည်၊ မြို့ခံ ဘုန်းကြီးတစ်ပါးက ကြားဝင်၍ ဖြေကြားလျှောက်ပေးမှ 'ဩော်-ဦးဥတ္တမသာရကြီးလား၊ အတော်ကြီးနေမှကိုး၊ မတွေ့ကြရတာကလည်း အနှစ် ၂၀ ကျော်လောက် ကြာနေကြတော့ ရုတ်တရက် မမှတ်မိတော့ဘူး' ဟူ၍ အမိန့်ရှိသည်၊ 'အတော်ကြီးနေမှကိုး' ဆိုသည်မှာ စကားသံယဉ်အောင် သုံးခြင်း ဖြစ်သည်၊ 'အတော်အိုနေပြီ' ဟု ပြောလိုခြင်း ဖြစ်ကြောင်း မိမိနားလည်သည်၊ အပြန်အလှန်ဟူ၍ ဆိုရမည် ထင်၏၊ ဤအရှင်၏မျက်စိအမြင်မှာလည်း ဤဆရာတော် ကြွလာမည်ဟု ကြိုတင် သိမထားလျှင် သို့မဟုတ် အမှတ်မထင် တစ်နေရာ၌ တွေ့ရလျှင် ရုတ်တရက်မှာဖြင့် မဟာစည် ဆရာတော်ဟူ၍ မှတ်မိမည် မဟုတ်ပါ၊ ရုပ်သွင်တို့က မူအားဖြင့် မပြောင်းသော်လည်း ရှေးတစ်ချိန်က မြင်နေကျရုပ်သွင်မှ ကျော်လွန်၍ အိုရုပ်လွှမ်းနေရှာပြီကို သတိထား ကြည့်မိသည်။

ဦးချ ရှိခိုးပြီး၍ နေရာရွှေ့ထိုင်ပြီးလျှင် 'ဆွမ်းစားခဲ့ရပြီလား' ဟူ၍ မေးရှာသည်၊ မစားခဲ့ရသေးကြောင်း လျှောက်ရာ သူစားလျက်ရှိသော လက်ဖက်ရည် မုန့်စုံတင်ထားသော စားပွဲ၌ ဤအရှင်ကို ရှေ့တိုင်းထိုင်စေပြီး ဒကာများလှူကပ်သော ဆွမ်းပန်းကန်ပြားကို လက်တစ်ဖက်ကကိုင်ကာ ခရီးပန်း၍ မောမောဆာဆာနှင့် ဟင်းမပါ မုန့်စုံစုံဖြင့် ရောထွေးကာ မြန်မြန်ကြီး စားလိုက်သည်၊ မဟာစည် ဆရာတော်သည် သက်သတ်လွတ် စားနေပြီမို့ ဤအရှင်နှင့် သဘောတူကြသည်၊ 'ဟောဒါက ပဲမုန့်ကြော်၊ ဟိုဟာက အာလူးကြော်၊ ဒီဟာက ဂျင်းသုတ်၊ စားလို့ကောင်းတယ်' ဟု တိုးတိုးသာသာ ပြောရင်း ဤအရှင်၏ ရှေ့သို့ စားသောက်ဖွယ်များကို တစ်မျိုးပြီးတစ်မျိုး ကြင်နာစွာ ချပေးရှာသည်၊ ဤအရှင်က အားရပါးရ စားသည်၊ ဆွမ်းစားပြီးလျှင် လက်ဖက်ရည်အချို၊ နွားနို့နှင့် မုန့်မျိုးစုံကို စားသောက်ရင်း မတွေ့ကြရသည်မှာ ကြာခဲ့ပြီမို့ ကံအားလျော်စွာ တစ်ကြိမ်ပြန်လည် တွေ့ကြရခိုက်တွင် အချင်းချင်း ကျေနပ်နှစ်ခြိုက်စွာ စကားလက်ဆုံ ကျကြသည်။

'တပည့်ဘော်မှာ အသက်ကြီးလာသော်လည်း ခြေကျင်ခရီး ကောင်းကောင်းသွားလာ နိုင်သေးဘယ်ဘုရား၊ ဆံပင်လည်း မဖြူသေးပါ၊ သွားလည်း မကျိုးသေးဘူးဘုရား၊ မျက်စိလည်း မမှုန်ပါ၊ စာကြည့်မျက်မှန်တော့ ဒီဂရီ ၁၅၀-တပ်ရပါတယ်' ဟူ၍ လျှောက်ရာ မဟာစည် ဆရာတော်က ဤအရှင်၏ ခေါင်းကို နီးကပ်စွာကြည့်ရှုရင်းသူ၏ရုပ်ခန္ဓာအခြေအနေကို အမိန့်ရှိသည်။

'တပည့်တော်မှာ ဆံဖြူရုံမကဘူး၊ မျက်ခုံးမွေးပါဖြူနေတယ်၊ သွားတော့ တစ်ချောင်း ကျိုးပါသေးတယ်၊ မျက်စိမှာ နှစ်ဖက်စလုံးခွဲကုထားရလို့ အခု

မျက်မှန်ဟာ ဒီဂရီ ၇၀၀-နှင့် ၈၀၀- တပ်ထားရတယ်၊ အချို့မှာ ဒီဂရီ တစ်ထောင်ကျော်တောင် တပ်နေကြရဘာနှင့်စာလျှင် တော်ပါသေးတယ်’ဟူ၍ ပြုံးယောင်ယောင်နှင့် ရိုးသားပွင့်လင်းစွာ သူ့ ကိုယ်သူအားပေးစကား အမိန့်ရှိရှာသည်။

မဟာစည်ဆရာတော်နှင့် ဤအရှင်သည် သက်ရွယ်များများ မကွာကြပါ၊ ထိုအချိန်က ဆရာတော်အသက် ၇၁နှစ်ရှိပြီဆို၏၊ အိုပိုင်းရုပ်သွင်နှင့် ကိုယ်ခန္ဓာ ဖြိုးနေပုံကို ဖူးမြင်ရသည်၊ မျက်မှန်ထူထူ အမြဲတပ်၍ ဘောင်ဝေ့အမြဲလက်စွဲနေရရှာပုံကိုလည်း မြင်တွေ့နေရ၏၊ အသံမှာ မူ ပျိုရွယ်သံအတိုင်းရှိနေသည်၊

## ဇာတိရပ်နယ် ရွှေဘိုဒီပဲယင်း

ဆရာတော်၏ ဇာတိရပ်ရွာနှင့် ဤအရှင်၏ ဇာတိရပ်ရွာသည် မဝေးကြသလို ရှေးနှစ်ပေါင်းကြာမြင့်စွာကပင် ရင်းနှီးခင်မင်လာခဲ့ကြသည်၊ နှစ်ပေါင်း ၂၀-ကျော် မတွေ့ကြဘဲနေခဲ့ကြပြီးမှ ယခု တစ်ကြိမ်ပြန်လည် တွေ့ကြရသောအခါ လူ့ရောကိုယ်ပါ သက်ကြီးရွယ်အိုပိုင်း ဘဝရောက်ခဲ့ကြလေပြီ၊ သက်ရွယ်အားဖြင့် ၆-နှစ်ကွာသောကြောင့် ထိုအချိန်တွင် ဤအရှင်က ၆၅-နှစ်ဖြစ်သည်၊ ဇာတိရပ်ရွာချင်း မိုင် ၂၀-ကျော်ကွာကြရာ ရွှေဘို ဒီပဲယင်းနယ်တူ ဖြစ်ကြ၏၊ မဟာစည်ဆရာတော်က ဆိတ်ခွန်ရွာဇာတိဖြစ်၍ ဤအရှင်က ဒီပဲယင်းတောင်လက် ငွေတွင်းကုန်းဇာတိဖြစ်သည်။

ဤအရှင်က မိမိရေး ‘ကိုယ်တွေ့မှတ်တမ်းများ’ စာတစ်အုပ်နှင့် ‘မျက်စိဆေးဂါသက်သာစေရန် စွဲမြဲစွာသုံးတော်မူပါ’ဟု လျှောက်၍ နတ်ဆေးဂမုန်းတစ်ထုပ် လှူဒါန်းကန်တော့လိုက်သည်၊ တစ်ဖန် ဆရာတော်က ဤအရှင်အားသူရေးသော စာ ၃-အုပ်နှင့် သက်နုံးတစ်စုံ၊ ဖိနပ် ၂-ရံ၊ နဝကမ္မဝတ္ထု ၅၀/-ထောက်ပံ့သွားလေသည်၊ ထိုဟစ်နေ့နှင့်တစ်ည ဆရာတော်ဟောကြားသောတရား ၂- ကြိမ်ကြားနာခဲ့ရ၏၊ အိုခါမှတစ်ကြိမ်ပြန်တွေ့ ကြခိုက်တွင် ဆွမ်းလက်ဆုံစား၍ ရင်းနှီးစွာစကားပြောကြရသည်ကို အချင်းချင်းကျေနပ်နှစ်သိမ့်ခဲ့ကြရသည်၊ မဟာစည်ဆရာတော်နှင့် ဤအရှင်သည် လုပ်ငန်းဘာဝန်ခြားနားကြ၍ ဘဝကျင်လည်မှုခြားနားကြောင်း စသည်ကို စကားအပြန်အလှန်လက်ဆုံကျကာ ဆွေးနွေးခဲ့ကြပုံများကို ပြန်လည်ကာကြားယောင်ရင်း အပြန်ခရီးကိုလည်း မိမိဘစ်ပါးတည်း ၈-မိုင်ခရီ ကို ခြေကျင်ပြန်လာခဲ့ရာ အိုခြင်းသဘာဝ၏ လက်တွေ့အခြေအနေကို ထင်းထင်းကြီး မြင်လာနေသည်။

မဟာစည်ဆရာတော်ကြီးကို ထိုတစ်ကြိမ်တွေ့ဆုံခဲ့ကြပြီးနောက်တွင် ပုဂ္ဂိုလ်ချင်းမတွေ့ခဲ့ကြရတော့ပါ၊ ဤအရှင် ရန်ကုန်မြို့ ခေတ္တရောက်ခိုက် မဟာစည်ရိပ်သာသို့ဝင်ခဲ့ပါ၏၊ ဆရာတော် ခရီးထွက်နေခိုက်ဖြစ်၍ မတွေ့ရပါ၊ ဘုန်းကြီးဦးသုဇာတနှင့် စစ်ကိုင်းရွှေစေတီ ဆရာတော်ကိုသာ တွေ့ခဲ့ရ၏၊ လှူဒါန်းပါခဲ့သော နတ်ဒဆေးဂမုန်းထုပ်ကိုလည်း ထိုဆရာတော်နှစ်ပါးက လိုချင်သည် အမိန့်ရှိကြ၍ လှူထားခဲ့ပါသည်၊ ထိုနောက် ၇-နှစ်ကြာပြီးသောအခါ မဟာစည် ဆရာတော်ကြီးပျံလွန်ကြောင်း ရေဒီယိုသတင်းတွင်ကြားလိုက်ရ၏၊ သက်တော် ၇၈-နှစ်တွင် ပျံလွန်သွားခြင်းဖြစ်ရာ ယနေ့ဤစာအုပ်စာမူများကို စုပေါင်းရေးနေချိန်တွင် ဤအရှင်၏သက်ရှည်သည် ၇၈-နှစ်တွင်းရောက်ခဲ့ပြီး၊ ဖလမ်းမြို့၌ ထိုတစ်ကြိမ်တွေ့ဆုံကြရခြင်းသည် ဤဘဝတွင် နောက်ဆုံးနှုတ်ဆက်ရခြင်းဖြစ်သွား၏။

## ခင်မင်ကြသော ဆရာတော်အိုများ

'လူ့ဘဝတွင် အိုချိန်ရောက်တော့ အိုလာကြမြဲပါ'ဟူ၍ သူတော်ကောင်းဘဝ၌ ပျော်မွေ့နေလာခဲ့ကြသော ရဟန်းပုဂ္ဂိုလ်တို့သည် အချင်းချင်း သတိပေးစကားပြော ဆိုလေ့ရှိကြ၏၊ မဟာစည်ဆရာတော်နှင့် မတွေ့ဆုံရခင် အိုခြင်းသဘောကိုမြင်လာစေရန် ကြိုတင်၍ အခြေခံရထားသကဲ့သို့ ကြုံရပုံက ၁၃၃၆-ခုနှစ်၏ ဆောင်းရာသီအတွင်း ခင်မင်ရင်းနှီးခဲ့ကြသော ငယ်ပေါင်းကြီးဖော် သက်ရှယ်ကြီးဆရာတော်များထံမှ သူတို့အိုမင်းလာခဲ့ကြပုံနှင့်စပ်လျဉ်း၍ (ဇရာဒုက္ခ) သဘာဝများကို လွမ်းသံနှောကာစာရေး၍ ပို့လိုက်ကြသည်။

မုံရွာမြို့ ရွှေသိမ်တော်ကြီးကျောင်းတိုက် ပဓာနတိုက်အုပ် နာယကဆရာတော်ကြီးဦးဣန္ဒာစာရထံမှ ၁၃၃၆-ခု တပို့တွဲလဆန်း ၁၂-ရက်နေ့စွဲဖြင့် ရေးပို့သောစာတွင် ရှေးဖြစ်ဟောင်းကို အောက်မေ့ဖွယ်ရာ ရေးပါလာ၏၊ ထိုစာ၏ အဆုံးပိုင်း၌ အိုမင်းမစွမ်းနှင့် ကျန်းမာလျက်ရှိပါသည်၊ ငယ်ကပေါင်းအချင်းချင်းပြန်လည်သတိရခြင်းက ပို၍ တန်ဖိုးရှိပါသည်၊ ယခုလာမည့် တပေါင်းလမှ ကျော်လျှင် တပည့်တော် အသက် ၇၀-ပြည့်ပါတော့မည်၊ ၇၀-ပြည့် မွေးနေ့ပွဲအတွက် သံဃာတော်များအား အနုန်းဆွမ်းကပ်လှူရန် ကြံရွယ်ထားပါသည်၊ ကြွနိုင်လျှင် အနုန်းဆွမ်းဘုဉ်းပေးရန်ကြွခဲ့ပါ၊ အကူအညီလိုရာကိုလည်း ကောင်းတော်မူပါ၊ တတ်နိုင်ရာက ကူညီပေးပါရစေ'စသည်ဖြင့် ရေးပါ၏။

အဆိုပါ ဆရာတော်ကြီးသည် ဤအရှင်နှင့် ငယ်ရွယ်စဉ် သာမဏေဘဝ ရဟန်းငယ် ဘဝတုန်းဆီက မုံရွာမြို့ ရွှေသိမ်တော် ကျောင်းတိုက်၌ ခင်မင်ရင်းနှီးစွာ အတူနေခဲ့ကြသော ငယ်ကပေါင်း ဖြစ်ကြသည်၊ အနေဝေး၍ ပုဂ္ဂိုလ်ချင်း

မတွေ့ကြရပါ၊ လူ့အိုပိုင်း ဘဝရောက်ကာမှ သတိရကြောင်း လွမ်းသံနှောသော ပေးစာကို ဖတ်ရသည်၊ ထိုအခါ အရသာတစ်မျိုး လိုလို စိတ်အာရုံတွင် ခံစားပြီး သတိ သံဝေဂလည်း ဖြစ်ရသည်၊ စိတ်ထဲက ပြုံးမိလိုက်သေး၏၊ သူ၏စာတွင် အသက် ၇၀ ရွယ်လောက်နှင့် အိုမင်းမစွမ်းဟူသော စကားသုံးထားပုံကိုတော့ စိတ်အား လျော့လွန်းသည်ထင်၍ မကြိုက်ပါ၊ အမေရိကန်ပြည်၌ အသက် ၉၀ ကျော် အဘိုးကြီးတွေက စိတ်လက် ပျော်ပျော်ရွှင်ရွှင်နှင့် နေ့စဉ် ကျောင်းတက်၍ လူငယ်များအား စာသင်ပြပေးနေကြပုံ၊ဆိုဗီယက် ရုရှားပြည်၌ အသက် ၁၆၀ ကျော် အဘိုးအိုကြီးတွေက ယာခင်းလုပ်၍ နွားကျောင်းနေကြပုံများကို အားကျမိသည်၊ ဗမာပြည်၌လည်း ကရင်ပြည်နယ်တွင် ကမမောင်း ရွာ၌နေသူ ဗမာလူမျိုး ဦးတောင်ကြီးသည် အသက် ၁၇၀ ကျော်သည့်တိုင်အောင် ထင်းခုတ်၍ နွားကျောင်းလျက် မညည်းမညူ စိတ်အေးချမ်းသာ နေထိုင်လျက် ရှိနေဆဲတို့ကို အားကျ အတုယူဖို့ ကောင်းပါသည်၊ ကျန်းမာရေး ကောင်း၍ဖြစ်ကြောင်း နားလည်ကြရပါမည်၊ သို့ရာတွင် မိတ်ဆွေ ငယ်ကပေါင်း ဆရာတော်ကြီး ဦးဣန္ဒာစာရ သည် သူ့နည်းနှင့်သူ့ဟန်ကတော့ သတိလက်မလွှတ်ပါ၊ ရှေးတမလွန် ခရီးကို မျှော်ကြည့်ပြီး ဖြစ်သည်၊ ခရီးမထွက်ခင် ကြိုတင်ပြင်ဆင်သကဲ့သို့ သတိ မမေ့သော အလုပ်ကို သိရ၏၊ လွန်ခဲ့သော တစ်ချိန်က စစ်ကိုင်းတောင်ရိုး ကြွရောက်၍ တရားအားထုတ် ပြီးခဲ့ပြီဟု သိရခြင်း ဖြစ်သည်။

ထိုအလုပ် ပြီးခဲ့ချိန်မှစ၍ မုံရွာမြို့ နေမြဲ သိမ်တော်ကြီးတိုက် ပြန်ရောက်လျှင် သူတစ်ပါးတည်းနေ၍ တရားနှင့်သာ အမြဲပျော်မွေ့ကြောင်း သိရသဖြင့် ချီးကျူးရသည်၊ ဝမ်းမြောက်ရသည်၊ သူခရေးသော ဈာန်မဂ်ဖိုလ်သို့ ရောက်စေခြင်းငှာ ကျွမ်းကျင်လိမ္မာစေကြောင်း နည်းပေးသော 'အပ္ပနာ ကောသလ္လ ဆယ်ပါး' ကျမ်းစာအုပ်ငယ် ပေးပို့၍ ဖတ်ရခြင်းကြောင့် ကျေနပ်နေခဲ့ပြီး ဖြစ်ပါသည်။

## ပါရမီဖြည့်ဖက် ဆရာတော်ကြီး ဦးဉာဏ

ထို မုံရွာဆရာတော်၏ စာမှရောက်ခင်တွင် ကလေးဝမြို့ ရွှေမုဋ္ဌောကျောင်း ဆရာတော်ကြီး ဦးဉာဏထံမှ ၁၃၃၆ ခုနှစ် ပြာသိုလဆန်း ၃ ရက် နေ့စွဲနှင့် ပေးစာကို ဖတ်ထားရပြီး ဖြစ်သည်၊ ထိုစာတွင် ဤသို့ ရေးပါ၏။

'တောင်တန်း သာသနာပြု ဆရာတော်ထံ အသိပေး၍ ဤစာကို ရေးပါသည်၊ တပည့်တော်မှာ ကျန်းမာရေး အတော်ကြီး ချို့တဲ့နေ၍ ယခုစာရေးချိန်မှာ ဆေးဝါးနှင့် ခတ်စာများကိုသာ မှီဝဲစားသောက် နေရပါသည်၊ သူများ

တကာ ပြောကြသည်မှာတော့ တစ်နေ့ရွှေ တစ်နေ့ငွေလို့ ဆိုရိုးရှိကြသော်လည်း တပည့်တော်မှာတော့ တစ်နာရီရွှေ တစ်နာရီငွေ ဆိုရမလို ဖြစ်နေပါ၏ဘုရား'။

'ခံစားနေရတဲ့ ဝေဒနာတွေကတော့ ကိုယ်ရှောင်တာရယ်၊ သလိပ်ကျပ်ပြီး မောတာရယ်၊ ခေါင်းထဲက ရိပ်တိတ်ကြီး ခံစားနေရတာရယ် ကိုယ်ခန္ဓာက လှုပ်ရှားလို့ မခိုင်တာရယ်၊ ကြိုးတံတားပေါ်၌ လမ်းလျှောက်နေရသလို ယိမ်းယိုင်ကြီး ဖြစ်နေပြီး လမ်းသွားမဖြစ်တာရယ်တို့ကို တစ်ပေါင်းတည်း ခံစားနေရပါသည် ဘုရား၊ တောင်ဝှေးကို အားထားနေရတဲ့ ဘဝပါ၊ တောင်ဝှေးလွှတ်သွားလျှင် စိတ်မချရတော့ဘူး'

'အရှင်ဘုရားမှာတော့ ကံကောင်းလှပါတယ်၊ကျန်းမာရေး အလွန်ကောင်း၍ တောကြီး တောင်ကြီး ချောက်ကမ်းပါးကြီးတွေပေါ်မှာ သွားလာ နေနိုင်စွမ်းတာကို အားကျမိပါသည်၊ ဝမ်းမြောက်ခြင်းလည်း ဖြစ်ရပါ၏၊ တကယ်ပင် ရှေးကံဟောင်း ကံကောင်းထူးသူ ဖြစ်ပါသည်၊ အမြဲသတိရ၍ ချီးကျူးလျက်ပါ၊ သာသနာပြုလုပ်ငန်း အစဉ်တစိုက် ဆောင်ရွက်နိုင်ပါစေ၊ အရှင်ဘုရားအား ကြည်ညို၍ သက်န်းတစ်စုံနှင့် ဖိနပ်ဘစ်ရံ အကောင်းစားကို ဦးဇဋိလအား ရွေးစေပြီး ဤစာနှင့် တစ်ချိန်တည်း စာတိုက်မှ ပို့လှူလိုက်ပါသည် ဘုရား' စသည် ရေး၍ ပါ၏။

အဆိုပါဆရာတော်ကြီးသည် ဒုတိယကမ္ဘာစစ်ကြီး မြန်မာပြည်ပေါ်၌ ပြီးဆုံးကာစ အချိန်မှစ၍ ဤအရှင်၏ ချင်းတောင်နှင့် နာဂတောင် သာသနာပြုရေး လုပ်ငန်းကို အထူး အားရ ကျေနပ်စွာနှင့် အထူးအားပေးတော်မူခဲ့သော အမြော်အမြင်ရှိ စေတနာကောင်း ဆရာတော်ကြီးတစ်ပါး ဖြစ်သည်၊ ဤအရှင်ထံသို့ စာရေးပြီး နောက်နှစ်ရောက်လျှင် သက်တော် ၇၈ နှစ်တွင် ပျံလွန်တော်မူသွားကြောင်း သတင်းရောက်လာသည်၊ ထိုဆရာတော်ကြီး၏ ဈာပနပွဲကို ဤအရှင် သွားရောက်၍ ဆောင်ရွက်ခွင့် ရပါသည်။

## ဟုန်းမလင်းဆရာတော်ကြီး ဦးရာဇိန္ဒ

ထိုနည်းအတူ အထက်ချင်းတွင်း ဟုန်းမလင်းမြို့နယ်၊ မှန်ကင်း ကျောင်း ဆရာတော်ကြီး ဦးရာဇိန္ဒထံမှ ၁၃၃၆ ခု တပို့တွဲလဆန်း ၁ ရက် နေ့စွဲနှင့် ဤအရှင်ထံသို့ ပေးစာတွင်လည်း သူကိုယ်တိုင် အိုခင်းမစွမ်း ဖြစ်ရပုံအကြောင်း ရေး၍ ပါလာ၏။

'တပည့်တော်မှာ အရှင်ဘုရားကဲ့သို့ သွားလာ လှုပ်ရှားနိုင်ခြင်း မရှိတော့ပါ၊ အိုမင်း၍ မစွမ်းခြင်း မသန်ခြင်းဆိုတဲ့ ဇရာဒုဗ္ဗလ သဘောက ထင်ရှား ပေါ်

လာခဲ့ပြီး တစ်မိုင်လောက် ခရီးတောင် လမ်းမလျှောက်နိုင်တော့ဘူး၊ ထိုင်းမှိုင်းခြင်း လေးလံခြင်းနှင့်တကွ အားအင်လည်း ဆုတ်ယုတ်၍ ချည့်နဲ့ခဲ့ပြီ ဘုရား'

'အရှင်ဘုရားသာ ယခုအတိုင်း' ကျန်းကျန်းမာမာနှင့် သက်တော်ရှည်ပါစေ၊ လက်ဖက်ထုပ်တစ်ထုပ် ပို့လှူလိုက်ပါသည်' စသည် အကော်ရှည်ရှည် ရေးလိုက်ပါ၏၊ ဤဆရာတော်ကြီး စာရေး၍ ပေးချိန်သည် သက်တော် ၈၂ နှစ် ရှိနေပြီ၊ ပျိုရွယ်စဉ် တစ်ချိန်ဆီက မြန်မာပြည်ကြီး တိုင်းတစ်ပါး၏ လက်အောက်ရောက်၍ ကျွန်သားပေါက် ဖြစ်နေရခြင်း ဘဝမှ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသော ရဟန်းပုဂ္ဂိုလ်များတွင် တစ်ပါးအပါအဝင် ဝံသာနု ဘုန်းကြီးဟောင်းကြီး ဖြစ်သည်၊ ဤအရှင်နှင့် ရန်ကုန်-ကမာရွတ်၌ စတင်တွေ့ရှိ၍ ခင်မင်ခဲ့ကြရာမှ စိတ်ဓာတ်ချင်း တူညီကြ၍ နာဂတောင်ပေါ် ဗုဒ္ဓသာသနာ ရောက်အောင် ကြိုးစားပြုကြရာတွင် အထူးအားပေးခြင်း, ကူညီခြင်း, အကြံဉာဏ် ပေးခြင်းဖြင့် သာသနာပြု ပါရမီဖြည့်ဖက် ကျေးဇူးရှင်ကြီး တစ်ပါးဖြစ်ခဲ့ကြသည်၊ ပုဂ္ဂိုလ်ချင်း ခင်မင်မှု အားကောင်းကြသည်။

ထိုဆရာတော်ကြီးသည် အိုခါမှ လေဖြတ်၍ ကိုယ်တစ်ခြမ်း သေသွားရာ တပည့်တစ်ပါးက အနီးအပါးမှ ထူပေးခြင်းစသည်ပြုစုပေးနေကြရသည်၊ ၂နှစ်ကြာအောင် မထနိုင်ဖြစ်သွားရှာ၏၊ သို့ရာတွင် ၂-နှစ်ကြာပြီးသောအခါ ပြန်လည်ကျန်းမာရေးကောင်း၍ သွားနိုင်လာနိုင်ဖြစ်လာသည်၊ သက်တော် ၈၆နှစ်တွင်းရောက်ပြီးခါမှ တရားနှလုံးသွင်းရင်း တိတ်ဆိတ်ငြိမ်းချမ်းစွာ ဝိညာဉ်ချုပ်သွားရာ အနီးအပါး၌ စောင့်ကြပ်ပြုစုနေသော တပည့်ရဟန်းငယ်ကပင် ဘယ်အချိန်ပျံလွန်သွားကြောင်း မသိရဟုဆို၏၊ ကေန်ကောင်းရာဂတိဘဝသို့ ရောက်သွားမည်ဟု ခန့်မှန်းနိုင်သည်၊

## ဆရာတော်ကြီး ၂-ပါး အာသန္နကံ

ဟုန်းမလင်းမှန်ကင်းကျောင်း ဆရာတော်ကြီး ဦးရာဇိန္ဒနှင့် ကလေးဝမြို့ ရွှေမုဋ္ဌောကျောင်းဆရာတော်ကြီး ဦးဉာဏတို့ ၂-ပါးသည် သက်တူရွယ်တူနှစ်တူ ဖြစ်ကြကြောင်း၊ မွေးဖွားသောလသာ ၅-လခန့် ကလေးဝ ဆရာတော်ကကြီးကြောင်း ဟုန်းမလင်းဆရာတော်ကြီးက ပြောပြဖူး၏၊ သူတို့ ၂-ပါးနှင့် ဤအရှင်သည် အတိတ်ကံပါရမီ ဖြည့်ဖက်အကြောင်းခံ ပါခဲ့ကြဟန်တူ၏၊ ခင်မင်ခြင်း ရင်းနှီးခြင်းအားကောင်းကြသည်၊ အကြိမ်များစွာအချိန်ရရထိုင်၍ စကားဦးသန်းရာကြောင်းရာမျိုးစုံတွေ့ပြော၍ စကားလက်ဆုံကျခဲ့ကြသည်။

သူတို့အိမင်း မစွမ်းဖြစ်ခဲ့ကြပြီဟု ကျန်းမာရေးချို့ယွင်းနေပုံကို စာရေး၍ ဤအရှင်ထံသို့ပို့ကြသောအခါ တမလွန်တစ်ဖက်စွန်း ရောက်နေကြပြီဟုသိ၍ သူတော်ကောင်းတို့ ထုံးစံ ဘဝတစ်ပါးမကူးမီ အာသန္နကံကောင်းရန် သတိပေးထိုက်သည်ဟု အကြံရသည်၊ ထို့ကြောင့် ကလေးဝဆရာတော်ကြီးထံသို့ ဦးစွာစာရေးပို့လိုက်သည်၊ 'အိမင်းခဲ့ကြပြီ၊ ဘဝ၏ဆည်းဆာအချိန်ရောက်ပြီဟု သိမြင်ပြီးလည်းဖြစ်ပါသည်ဘုရား၊ ပျို့ရွယ်စဉ်အချိန်က မန္တလေးမြို့ ဝိသုဒ္ဓါတိုက်ကြီး၌ စာပေကျမ်းဂန်တွေသင်ကြားလာခဲ့ပြီးလည်း ဖြစ်ပါသည်၊ တရားသံဝေဂ အသိအမြင်၊ အကြား၊ အတွေ့အကြုံ၊ ဗဟုသုတတွေလည်းရရှိပြီး ဖြစ်ပါတယ်၊ ယခုလိုအချိန်အခါတွင် မိမိ၏ ကိုယ်ရေးကိုယ်တာ တမလွန် ဘဝကောင်းရာ သုဂတိအရေးသာဦးစားပေး၍ နေတော်မူပါ၊ အာနာပါနဖြစ်စေ ဗုဒ္ဓါနုဿတိဖြစ်စေ တစ်ခုခုကို စိတ်အာရုံဝင်စားရာ နှလုံးသွင်းနေတော်မူပါ'ဟူ၍ ၂-ကြိမ်ခန့်ရေးပို့အကြံပေးခဲ့ဖူး၏။

ဆရာတော်ထံမှ ပြန်ကြားစာတစ်ကြိမ် ရောက်လာသည်မှာ အားရစရာမရှိပါ၊ ယခုအချိန်တွင် ရောဂါထွေပြားပြီး ဒုက္ခဝေဒနာ ခံစားနေရချက်အချိန်ကြာခဲ့၍ စိတ်အာရုံမငြိမ်တော့ပါ၊ အရှင်ဘုရားအကြံပေးသည်ကိုတော့ ကျေးဇူးတင်ပါသည်၊ တပည့်တော်စိတ်အာရုံကို သမာဓိရအောင်ဖမ်း၍မမိနိုင်ပါ၊ လူမမာမေးကြသူတွေကလည်း ထူထပ်လွန်းနေပါတယ်'ဟူ၍ ရေးပါ၏။ ပျံလွန်ခါနီးဘယ်ပုံ ဝိညာဉ်ချုပ်သွားကြောင်းသိလို၍ ဒကာကြီးဦးဘမြိုင်ထံသို့ စာရေးမေးကြည့်ရာ၊ သူ့ကိုပင်တမ်းတမေးမြန်းရင်းချုပ်သွားကြောင်း ပြန်ကြားစာတွင် ရေးပါသည်၊ ပတ်ဝန်းကျင်လူ့ဘဝတစ်ခုခုသို့ ပြန်ရောက်ဖို့များသည်ဟု ယူဆရမည်ထင်ပါ၏။ ဟုန်းမလင်းဆရာတော်ကြီး ဦးရာဇိန္ဒထံသို့လည်း ထိုနည်းတူပင် ဘဝကူးအာသန္နကံကောင်းရန် အကြံပေးတိုက်တွန်းစာရေးပို့ပါသည်၊ 'ကမ္မဋ္ဌာန်းအာရုံတစ်ခုခုမှ ဆွဲကိုင်၍မရပါလျှင် သရဏဂုံကိုသာ စိတ်ထဲမှ ထပ်ပြန်တလဲလဲရွတ်ဆိုနေပါဘုရား၊ အထက်နတ်ဘုံသို့ ရောက်မည် ကေန်ဖြစ်ပါတယ်'ဟူ၍ အကြံပေးချက်ရေးထည့်လိုက်သည်၊ ထို့ကြောင့်ထင်၏၊ တုံးဟဲဦးပညာဝံသထံသို့ ဘယ်ပုံဝိညာဉ်ချုပ်သွားကြောင်း သိရသမျှရေးပို့ရန် တောင်းဆိုရာ အလွန်ညင်သာစွာချုပ်သွားပုံရေးပါသည်၊ ဘယ်သူမျှ မသိလိုက်ကြကြောင်း ပြန်ကြားလာသည်၊ ရောဂါနှိပ်စက်ခြင်း ဝေဒနာခံစားရင်း ဝိညာဉ်ချုပ်ခြင်း မဟုတ်ကြောင်းသိရ၍ အနည်းဆုံးစတုမဟာရာဇ်နှင့် တာဝတိံသာနတ်ဘုံဘဝတော့ ရောက်သွားနိုင်သည်ဟု ခန့်မှန်းသိရပါမည်၊ ထို့ကြောင့်စိတ်ကျေနပ်မိပါသည်။

## အိုခြင်းသို့ တစ်လိုင်းတည်းညွှတ်ကြပုံ

ဤအရှင်၏စိတ်ထဲက ဤဆရာတော်ကြီးတွေ ကျန်းမာစွာသက်တော်ရှည်ခြင်းကို ဇလိုရှိပါ၏၊ သို့ရာတွင် မအိုပါစေနှင့်၊ မနာပါစေနှင့်၊ မသေပါစေနှင့်ဟူ၍ ဆုတောင်း၍ရနိုင်ကောင်းသော ကိစ္စမဟုတ်ပါ၊ ဟောစည် ဆရာတော်ကြီးနှင့်တွေ့ဆုံကြရမှ အိုမင်းမစွမ်းဟူသော ပြောဆိုရိုးစကားနှင့် ဖြစ်တတ်သော သဘာဝကို အထူးမြင်လာမိသည်၊ ဝါးရုံတောကြီးကိုလေတိုက်သောအခါ တစ်ဖက်သို့တိမ်းညွှတ်၍ယိမ်းနွဲ့ကာသွားကြပုံကို ကြည့်မြင်နေရသကဲ့သို့ ထိုဆရာတော်ကြီးများက အိုချိန်ရောက်၍ ရှေ့မှအို၍ သွားနေကြရာ ဤအရှင်ကလည်း သူတို့နောက်မှ မလိုက်၍မရပါ၊ ထက်ကြပ်မကွာအိုလိုက်သွားနေရပုံကိုဟပ်၍ သဘောတရားအမြင်ပွန် ဆင်ခြင်နေမိသည်။

## ထကြွသွားလာခြင်းအကျိုး

လူတို့ကိုယ်ခန္ဓာ၏သဘာဝသည် ပျို့ရွယ်ချိန်မှစ၍ ဘဝတစ်လျှောက်လုံး၌ သွားလာ လှုပ်ရှားနေလေ့ရှိသူများသည် အိုပိုင်းကာလရောက်သော်လည်း ကိုယ်ခန္ဓာရပ်တည်မှု ခိုင်မာသည်၊ သွားလာလှုပ်ရှားရာတွင် အားရှိနေတတ်ကြသည်၊ ဘဝနောက်ကြောင်းမှ အထိုင်များသူ၊ ကိုယ်သက်သာမှုခံယူနေတတ်သူ သူတစ်ပါး၏အပြုအစုအယုအယကိုသာ ခံယူနေချင်တတ်သူ၊ ခံယူနေလာခဲ့ကြသူများက လူအိုပိုင်းရောက်ကြသောအခါ သူတို့၏ရုပ်ခန္ဓာက စိတ်ကြီးဝင်နေသူကဲ့သို့ တစ်မျိုးဖြစ်လာသည်၊ သူ့ဘာသာ အားပြုနိုင်စွမ်းမရှိကြပါ။

## ခရီးသွားလာနေခြင်း၏အကျိုး

စစ်ကြီးမဖြစ်မီတစ်ချိန်က ဤအရှင်သည် တောင်ပိုင်းချင်းတောင်မှအပြန် ယောနယ်အတွင်း ပုံတောင်ပုံညာပေါ်၌ ခြေလျင်ခရီးသွားနေစဉ် ဦးဖိုးဦးဆိုသူ အသက် ၈၃-နှစ်ရှိပြီဖြစ်သော အဘိုးကြီးတစ်ယောက်ကို စိတ်အားတက်ဖွယ်ရာ တွေ့ရဖူး၏၊ ဦးဖိုးဦးသည် အဖော်မပါ၊ တစ်ယောက်တည်း ပုံညာတောင်ရိုးပေါ်၌ ခြေကျင်ခရီးသွားနေပုံ ရင်ဆိုင်တွေ့၍ ခေတ္တရပ်ပြီး စကားပြောကြရာ 'တပည့်တော် တစ်နေ့လျှင် ခြေကျင်ခရီးမြန်မာလိုအခေါ် ခရီးတစ်သောင်းသွားနိုင်ပါတယ် ဘုရား'တဲ့၊ ထို ဒကာကြီးပြောပုံကိုထောက်၍ အသက် ၇၀-ကျော်တွေက ပသွားမလာနိုင်ကြဘူးဆိုတာ ဘဝ နောက်ခံလှုပ်ရှားမှု မရှိကြ၍ဖြစ်နိုင်သည်ဟု ကံဉာဏ်ဝီရိယချိုယွင်းချက်သဘောကို တွက်ဆမိသည်၊ ဒကာကြီးဦးဖိုးဦး

သည် ဘဝတစ်လျှောက်လုံး ခရီးသွားလာနေခဲ့သူဖြစ်၍ သူ၏ ရုပ်ခန္ဓာကအရှိန်ရနေခြင်းဖြစ်သည်၊ ဤအရှင်သည်လည်း အဆိုပါ ဒကာကြီးဦးဖိုးဦးကဲ့သို့ မိမိအသက် ယခု ၇၀-နှစ်မှ ၈၀-ကျော် တိုင်အောင် ခရီးသွားလာ နေနိုင်မည်ဟု ယုံကြည်မိပါသည်။

## တရားနှလုံးသွင်းရင်း အိုလိုက်ကြဦးစို့နော်

အဝေး-အနီးလှမ်းမျှော်၍ ကြည့်မိလျှင် ငယ်ပေါင်းကြီးဖော် ဆရာတော်တွေ အိုခဲ့ကြလေပြီ၊ ပြန်ပျိုချင်၍ မရနိုင်ကြတော့ပါ၊ ပါရမီဖြည့်ဖက်များအတူသာသနာတွင်းကာလ လူ့ဘဝရကြခိုက်အခါကြီး အချိန်ကောင်းမှာ အဓိပ္ပာယ်ရှိရှိနှင့်'ကိုင်း- အိုလိုက်ကြဦးစို့နော်'ဟူ၍သာ အားပေးလိုပါသည်၊ ကျွန်းပင်၊ အင်ကြင်းပင်၊ ပျဉ်းကတိုးပင် စသောသစ်ကောင်းမျိုးတို့သည် ကြီးရင့်လေအနှစ်ပြည့်လာလေဖြစ်ကြဘိသို့ လူ့လောကတွင်လည်း ပညာရှိသူတော်ကောင်းတို့မည်သည် အသက်ကြီးရင့်လာလေ တရားအမြင် အနှစ်ပြည့်ဝလာကြလေဖြစ်ကြောင်း ရှေး၌အစဉ်အလာရှိခဲ့ကြသောကြောင့် ဝမ်းနည်းဖွယ်ရာမဟုတ်ပါ၊ စိတ်ခတ်ကျစရာမဟုတ်ပါ။

ဤအရှင်အနေဖြင့် အိုလာရခြင်းကို နှစ်သက်သည်၊ ကြည်နူးဝမ်းသာဖြစ်ရသည်၊ အကြောင်းမှာ ငယ်စဉ်ဘဝတုန်းကလို ပေါ့သောသော စိတ်နှလုံးမထား၊ 'လိုအင်ဆန္ဒမထွေပြား၊ လောဘ-ဒေါသ-မာန စိတ်မထား၊ ထို့ကြောင့် ဘာဝနာအလုပ်၌ သမာဓိအားကောင်းသည်၊ သမာဓိအားကောင်း၍ စိတ်ကြည်သည်၊ ထို့ကြောင့် ရည်မှန်းချက် ထိုဆန္ဒအတွက် တစ်ဖြောင့်တည်းခိုင်မာနေသည်၊ ထို့ပြင် မိမိ ကြာမြင့်စွာက ဆုတောင်းခြင်းနှင့်တကွ ပါရမီဖြည့်ရေး ဦးတည်ချက်လည်း စိတ်ချရပြီဖြစ်သောကြောင့် အသက်ကြီးရင့်၍ တစ်နေ့တစ်ခြား အိုလာနေခြင်းကိုပင် အထူးကျေနပ်မိပါသတည်း။

လူ့ဘဝရခိုက် ပါရမီဖြည့်နေကြသော သူတော်ကောင်း မိတ်ဆွေများကို အကြံပေးလိုသည်မှာ 'မိမိတို့ ဦးတည်ချက်အခြေခိုင်သူအားလုံး အိုရမည်၊ နာရမည်၊ သေရမည်ကို ဘယ်သူမဆို ကြောက်ကြမည် မဟုတ်ပါ၊ တမလွန်ခရီးအတွက် သေချာပြီး စိတ်ချရပြီးဖြစ်၍ နှစ်သိမ့်ကျေနပ်နေကြရမည်ဟု ယုံကြည်ပါသည်၊ နှစ်သိမ့်မှုမရှိသေးလျှင် တမလွန်ခရီးဆက်အတွက် စိတ်မချရသေး၍ဖြစ်ကြောင်း နားလည်ပါ၊ တမလွန်၏ ဟို ဘက်ဘဝအတွက် ကံမသေချာသေးသူသည် သေရမှာကြောက်ကြသည်။

## သေရမှာမကြောက်သော ပုဂ္ဂိုလ်မျိုး

လက်ရှိလူ့ဘဝမှ သေရမည်ကြောက်သူသည် အကြောင်း ၂-မျိုးကြောင့် ဖြစ်သည်ဟူ၍မှတ်ရပါမည်၊ နောင်တမလွန်ဘဝအတွက် ဘယ်ဂတိလားရမည်ဟု မသေချာမရေရာခြင်းနှင့် လက်ရှိဘဝတွင် စွဲလမ်းမှု သံယောဇဉ်ဘစ်ခုခုကို တွယ်တာ စိတ်ရှိနေခြင်းကြောင့်ဖြစ်သည်၊ နောင်တမလွန်ဘဝအတွက် ဒါနကြောင့်ဖြစ်စေ သီလကြောင့်ဖြစ်စေ ဘာဝနာကြောင့်ဖြစ်စေ မုချ နတ်ဘုံ ဘဝရောက်ရမည်ဟု သိမြင်ထားလျှင် ယုံကြည်ချက်ရှိထားလျှင် လက်ရှိဘဝ၌ တွယ်တာမှုလည်း မထားကြပါ၊ တမလွန်ဘဝတွက် လားရမည့်ဂတိကိုလည်း သေချာပြီးဖြစ်သော ကြောင့် သေရမည်မကြောက်ကြတော့ပါ။

ထို့တွက် ဘာဝနာအလုပ်ဖြင့် လက်တွေ့အောင်မြင်နေသူ့, ခရီးရောက် နေပြီဟု ယုံကြည်အားထားလောက် သူများဖြစ်လျှင် မိမိ လုပ်ငန်းကို ဆက်၍ ကြိုးစားရမည်၊ ဤဘဝတွင် မဂ်ဖိုလ်မရသေးသော်လည်း နောင်ဘဝတွင် အဆင် သင့်အလွယ်နှင့် နိဗ္ဗာန်မြင်နိုင်ကြောင်း နားလည်စွာဝမ်းမြောက်၍ သေရမည် မကြောက်ကြပါ။



# မိမိကိုယ်ကို အားကိုးပြုပါ

'မိမိကိုယ်ကို အားကိုးပြုနေတတ်သူသည် အရာရာ၌ လွတ်လပ်သည်၊ စိတ်ဓာတ်အားခိုင်၍ လောကဓံကို ခံနိုင်စွမ်းရှိသည်။'

'အာဇာနည်ယောကျ်ားမြတ်တို့၏ စိတ်ထားနည်းဖြစ်သည်၊ အထက်တန်းစား လူကောင်းတို့၏ လမ်းစဉ်ဖြစ်သည်'

## လူတို့၏ စိတ်သဘာဝ

လူတို့၏ စိတ်သဘာဝသည် သူတစ်ပါးကို အားကိုးပြုစရှိလျှင် သူတစ်ပါးကိုသာ ထင်စားနေတတ်၏၊ မိမိကိုယ်ကို အားမပြုချင်တော့ချေ၊ ထိုစိတ်ထားပုံ လက်ခံထားမိလျှင် အချိန်ကြာကြာ ခိုင်မာလာမည်၊ ခိုင်ရာမှ ထိုစိတ်ဓာတ် အမြဲကိန်းနေသူသည် အရာရာ၌ တိုးတက်မလာ၊ ညှိုးဖျင်းနေတတ်၏၊ ဘယ်နေရာမှ မစွန့်စားချင်သူ ဖြစ်မှန်းမသိ ဖြစ်လာသည်။

လက်တွေ့ဥပမာပြမည်၊ ဤအရှင်သည် နှစ်ပေါင်းကြာမြင့်စွာ တောတောင်နယ်ခြား ကန္တာရ အရပ်ရပ်၌ တစ်ပါးတည်း လှည့်လည်နေလာခဲ့၍ မိမိ၏ ခေါင်းကို မိမိဘာသာ ရိတ်လာမြဲဖြစ်၏၊ မကြာမီနှစ်တွင် ဤအရှင်၏ထံ၌ ခေါင်းရိတ်တတ်သော တပ်ကြပ်ကြီးတစ်ဦး လာရောက်နေထိုင်၍ တရားအားထုတ်နေရာ သူက 'ခွင့်ပြုလျှင် ဆရာတော်ကြီးခေါင်းကို တပည့်တော် ရိတ်ပေးပါရစေ' ဟု လျှောက်၏၊ ခွင့်ပြုလိုက်သည်၊ ထိုအချိန်မှစ၍ ညင်သာစွာ ခေါင်းရိတ်ပေးခြင်း ခံယူလာခဲ့ရာ နှစ်သိမ့်ကျေနပ်နေမိသည်၊ တစ်ခါတစ်ရံ ထိုဒကာ ခေတ္တ ခရီးသွားနေခိုက်တွင် ခေါင်းရိတ်ချိန်တန်လျှင် မိမိဘာသာ မရိတ်လိုပါ၊ ထိုသူပြန်လာမည့် အချိန်ကိုစောင့်၍ နေမိတတ်သည်၊ ကိုယ်တိုင် ခေါင်းရိတ်ရခြင်းကို ဝန်လေးသကဲ့သို့ စိတ်ထင်နေမိလျက်သား ဖြစ်လာပုံ လက်တွေ့ကြုံရ၏။

အဆိုပါတပ်ကြပ်ကြီး ပင်စင်စားသည် ဤအရှင်ကို ရိုသေလေးစား ဝတ်ပြုလို၍လည်းဖြစ်သည်၊ မိမိခေါင်းမှ ရိတ်ချ၍ရသမျှသော ဆံပင်တိုများကို အားလုံး စုဆောင်းယူကာ ပုလင်းငယ်များတွင်ထည့်၍ သိမ်းဆည်းနေပုံ မြင်ရ၏၊ 'ဘာလုပ်ဖို့လဲ' ဟုမေးရာ 'သွားလေရာ ဘေးကင်းရန်ကင်းအတွက် ယူဆောင်၍ ကာကွယ်ထားဖို့ပါ' ဟူ၍ ဖြေ၏၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် သူ၏ကြံရွယ်ချက်ကို သိလာရသည်၊ မိမိက မတားမြစ်ပါ၊ သူ၏ ခင်မင်သော မိတ်ဆွေအချို့ကိုလည်း လက်ဆောင်ပေး၍ ယူဆောင်ခရီးသွားကြရာ 'တစ်ကယ် ဘေးရန်ကင်းကြောင်း လက်တွေ့သိနေကြရတယ်' ဟူ၍ ပြောကြပြီး တောင်းဆိုနေကြသည်ဆို၏။

## သံယောဇဉ်တွယ်စာကို မကြိုက်

တစ်နေ့သ၌ ဤအရှင်ထံသို့ ရောက်လာနေကျ စာအများတွင် သံယောဇဉ် ငြိကပ်သံပါသော ပေးစာတစ်စောင် ပါလာ၏၊ ဇာတိရပ်မြေမှ အစ်ကိုရင်း ဖြစ်သူ အသက် (၇၆) နှစ်ရှိ (ယခု ဤစာမူရေးချိန်တွင် အသက် ၈၀-ကျော် ဖြစ်သည်) အဘိုးကြီး ဦးဘဘင်ထံမှ စာဖြစ်သည်၊ အဘိုးကြီး၏စာတွင် ရေး သားချက်မှာ သာမန်ဖတ်ကြည့်လျှင် ရိုးရိုးလေး လူအများရေးသား၍ ပေး တတ်ကြသော ပေးစာမျိုးဟုထင်နိုင်၏၊ ဤအရှင်အနေဖြင့် ဆိုလိုရင်းသဘော မိအောင် ဖတ်ကြည့်မိသောအခါ နက်နဲချက်ပါနေပုံကို တွေ့ရ၏၊ လိုရင်း ကောက်နုတ်ပြသည်။

'ဆရာတော်က သံယောဇဉ်ပြတ်သွားပြီလို့ တပည့်တော်စိတ်ထဲမှာ တွေး တော၍ ထင်မြင်နေမိပါသည်၊ အသက်အရွယ်တွေကလည်း ကြီးရင့်ကုန်ကြတော့ ဆရာတော်ကို ဒီဘဝတော့ဖြင့် တွေ့ထိုက်ပါမှ တွေ့ကြရတော့မယ်လို့ ထင်ပါ တယ်၊ ဒီအချိန်မှာ၍ လမ်းခွဲသွားပြီလို့ဆိုတာ နားလည်ပြီး တပည့်တော်စိတ်ထဲ မှာ အမြဲတန်း အောက်မေ့လို့ချည်း နေမိပါတော့တယ်၊ ယခင်ကထက် ပို၍ လွမ်းစိတ်ဝင်နေပါတယ်'

'ဆရာတော်မှာတော့ စိတ်ထားရင့်ကျက်နေပြီမို့ သံယောဇဉ်ဖြတ်၍ လမ်း ခွဲသွားသော်လည်း နောင်အခါတွင် ဘဝသံသရာတစ်ကွေ့၌ တွေ့ဘန်တွေ့ကောင်း ပါရဲ့၊ တွေ့ရပါစေ၊ နီးတန်နီးကပ်သောဘဝသို့ ရောက်ရပါစေလို့ ဆုတောင်းရင်း ဆရာတော်က သင်ပြပေးထားခဲ့သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနှင့် အာနာပါန ရှုပွားခြင်း ဘာဝနာအလုပ်ကို လေးလေးစားစားလိုက်နာ၍ အားထုတ်လျက်ပါ ဘုရား'

'အချိန်ကုန်လွန်ခဲ့သမျှ ပုံမှန်အားထုတ်နေခဲ့ရာ တာဝန်ကျေပြီးစီးအောင် ညွှန်ကြားခဲ့သလို ဆောင်ရွက်ခဲ့ပါပြီ၊ ယခုလည်း ဆောင်ရွက်လျက်ရှိနေပါသည်၊ ရှေ့ဆက်လက်၍ လျှောက်ကြရဦးမည့် ဘဝသံသရာခရီးတွင် တစ်နေရာရာ၌ ဘဝ တစ်ခုခုနှင့် နီးကပ်ပါရစေ၊ ဆုံဆည်းခွင့် ကြုံပါရစေ' ဟူ၍ အဓိဋ္ဌာန်ချက်နှင့် ဆုတောင်းရင်း တရားနှလုံးသွင်းမှုကို အထူးကြိုးစားအားထုတ်လျက် ရှိနေပါသည် ဘုရား' တဲ့။

၁၃၄၅-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉-ရက်နေ့တွင် ရောက်လာသောစာ ဖြစ်၏၊ သူ၏စာကို ဖတ်ကြည့်ပြီးလျှင် ပုထုဇဉ်အနုစားတို့၏ စိတ်အာရုံ ထားတတ် ကြပုံ သဘာဝကို သနားစရာ အဘိုးကြီးတစ်ယောက်အဖြစ် ရှုမြင်နိုင်သည်ဟု

ထင်ပါ၏၊ ရာဂ, လောဘ, ဒေါသ မခေါင်းပါးကြသေးသော ပုထုဇဉ်လူသား တို့၏ စိတ်သဘာဝသည် ရှောင်သူကိုမှ ရှာချင်တတ်ကြသည်၊ ကွေ့ကွင်းနေသူကို မှ တွေ့ဆုံလွမ်းတတ်ကြသည်၊ အနေဝေးနေသူကိုမှ တွေ့ချင်မြင်ချင်တတ်ကြ သည်။

ပုထုဇဉ်အနုစားအချင်းချင်း စိတ်အလိုဆန္ဒအားဖြင့် 'သနားထိုက်သော ငါ၏အစ်ကိုကြီး စိတ်ပင်ပန်းနေရှာတော့မယ်၊ မသေခင် တစ်ကြိမ်တစ်ခါလောက် ဖြစ်စေ သွား၍တွေ့ပေးဦးမှ တော်လိမ့်မယ်' ဟူ၍ အကြံပြု နှလုံးသွင်းထားလိုက် ပါသည်၊ သို့သော် ဘဝသံသရာဝဋ်ဒုက္ခမှ လွတ်ကင်းရန် ကြိုးစားနေကြသော ပုထုဇဉ်ချင်း တူစေဦး၊ ဘဝနောက်ခံပါရမီနှင့် စိတ်ထားပုံ မြင့်နေပြီ'သူတို့က တော့ ကြိုက်ကြမည် မဟုတ်ပါ၊ ဤအရှင်ကိုယ်တိုင်ကပင် ထိုစာနှင့် ထိုအရေး အသားမျိုးကို မကြိုက်ပါ။

## ရှေးကသူတော်ကောင်းတို့ ထုံးစံ

သူတော်မလေ့ဖြင့် ပျော်မွေ့၍နေကြသော ရှေးအခါက ရသေ့ရဟန်း သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တို့သည် နောက်ကြောင်းမှ သံယောဇဉ်တွယ်တာ နေသူများကို မကြိုက်ကြပါ၊ သံယောဇဉ်တွယ်သံနှောသော စကားပြောနေကြ သူများ ဖြစ်စေ သံယောဇဉ်တွယ်သံစကားပါသော စာရေး၍ ပေးနေကြသူများ ကို ဖြစ်စေ မနှစ်သက်ကြပါ၊ သူတို့အား နောက်မှလိုက်၍ နှောင့်ယှက်နေကြ သော ဆူးငြောင့်ခလုတ်တွေဟူ၍ သိမြင်ယူဆတတ်ကြ၏၊ အမှန် သဘာဝမှာ တရားနှင့် ပျော်မွေ့နေလေ့ရှိသူအတွက် နှောင့်ယှက်မှု ဖြစ်ပါသည်။

အဘိုးကြီး ဦးဘတင်၏စာတွင် 'ဆရာတော်က သံယောဇဉ်ဖြတ်သွားပြီး လမ်းခွဲသွားပြီလို့ ထင်မြင်ယူဆပါတယ်' ဟူသော စာကြောင်း၏ သဘောအဓိပ္ပာယ် ဝါကျမှာ သူ၏ဘက်မှတွေးဆလျှင် ပုထုဇဉ်လူသားတစ်ဦးအနေဖြင့် ကြေကွဲ ဖွယ်ရာ စိတ်ဝင်စား၍ နေနိုင်ပါမည်၊ သူကလည်း အိုခဲ့ပြီ၊ ဘုန်းကြီးကလည်း အိုခဲ့ပြီ၊ အနာကလည်း အလွန်ဝေးကွာကြ၏၊ ထို့ကြောင့် သူ့အနေဖြင့် ဘုန်းကြီးရှိရာသို့ရောက်အောင် လာနိုင်ဖွယ်ရာ အစွမ်းမရှိတော့ပါ၊ ဘုန်းကြီးက လည်း သူတို့ထံသို့ ရောက်မလာသည်က ကြာခဲ့ပြီ၊ မလာတော့ဘူးဟူ၍ပင် သူ့ စိတ်တွင် တွက်ထားတော့သည်၊ ဘဝကျင်လည်မှုချင်း ခြားကြသကဲ့သို့ ဘဝကို စိတ်ကြိုက်ရာ ဖန်တီးယူကြပုံကလည်း ခြားကြ၏၊ ဘဝဖန်တီးယူထားကြပုံချင်း ခြားကြသောကြောင့် ကံနှင့် ပါရမီချင်းကား ပို၍ပင် ခြားကွာနေကြသေး၏၊ ထပ်တူညီတူနေစေရန် လက်ရှိ သူ၏အနေဖြင့် ဘယ်လိုမှ လိုက်နိုင်စွမ်းမရှိတော့ပါ။

## မသေကြသေးလျှင် တွေ့ကြကောင်းပါရဲ့

သက်ရှင်ကလည်း သူ၏ ယနေ့အချိန်သည် ဘဝ၏ဆည်းဆာပိုင်းသို့ ရောက်နေပေပြီ၊ ဘန်းကြီး ဇာတိရွာမှ ခရီးထွက်ခါနီးဆဲဆဲ၌ 'ကြွပေဦးတော့ ဘုရား၊ နောက်တစ်ခေါက် ဆရာတော်ကြွလာသောအခါ တပည့်တော်တို့ မသေမပျောက် ရှိကြသေးလျှင် တွေ့ကြရပါဦးမယ်' ဟူ၍ မျက်ရည်ယိုရွဲနှင့် နှုတ်ဆက်လိုက်ကြသော အစ်ကြီးဒေါ်ယု ယခု မရှိတော့ပါ၊ အသက် (၉၀) ကျော်တွင် ကွယ်လွန်ခဲ့ပြီ၊ အစ်ကိုဝမ်းကွဲ ဦးဘိုးရီသည်လည်း အသက် (၉၀) ကျော်တွင်ပင် အစ်မကြီးနှင့် မရှေးမနှောင်း ကွယ်လွန်သွားကြောင်း ကြားသိရ၏၊ လှမ်းမျှော်၍ကြည့်လျှင် ဘယ်သူမှ မရှိကြတော့ပါ၊ မွေးဖော် ၈-ယောက်ရှိရာတွင် ကလေးဘဝ၌ ၂-ယောက် ကွယ်လွန်ကြ၏၊ လူကြီးအဖြစ် ၆-ယောက်ရှိရာတွင်လည်း ၄-ယောက် ကွယ်လွန်ကြပြီ၊ ဤအရှင်နှင့် အစ်ကိုဦးဘတင်၊ ညီအစ်ကိုချင်း နှစ်ဦးတည်းသာ ကျန်ရှိနေကြသည်၊ သေရမည့်အချိန်ကား နီး၍နီး၍ လာနေပြီ၊ ရံခါ ကျန်းမာရေးက မကောင်းချင်ပါ၊ 'မတော်တဆ ယခုနေအခါ သေသွားရလျှင် ငါ၏ညီ ဆရာတော်နှင့် တွေ့ရတော့မှာ မဟုတ်ဘူး၊ ဘဝခရီးလမ်းခွဲခါနီး နှုတ်ဆက်ကြသကဲ့သို့ မသေရသေးခင်တစ်ကြိမ်လောက်တော့ တွေ့ချင် နှုတ်ဆက်ချင်ပါသေးရဲ့'။

'ဆရာတော်က ပြန်ကြွမလာလျှင် မသေခင် တွေ့ချမြင်ရ နှုတ်ဆက်ရတော့မှာ မဟုတ်ပါဘူး'ဟူ၍လည်း အဘိုးကြီး တစ်ယောက်အနေဖြင့် တွေး၍ဆွေး၍တမ်းတ၍ လွမ်းစိတ်တဝေဝေနေမည်ကို သိပါ၏၊ ပတ်ဝန်းကျင်ဆွေမျိုးသားချင်းများကို ကြည့်မိပြန်လျှင် သူ့ ထက်ကြီးသော အစ်ကို အစ်မရယ်လို့ မရှိကြတော့ပါ၊ သူ၏အောက်သို့ ကြည့်လျှင်လည်း အရင်းနှီးဆုံးညီဖြစ်သူ 'ဤအရှင်တစ်ပါးတည်းသာရှိရာ ဝေးလံသောဒေသ၌နေ၍ တွေ့လွယ်နိုင်သည် မြင်လွယ်နိုင်သည်မဟုတ်သောကြောင့် ဂျီစီဂျီကွဲနှင့် လူ့ဘဝ၏ဆည်းဆာ အချိန်တွင် လွမ်းတတ်ဆွေးတတ်သူဖြစ်ကြပါက လွမ်းရှာကြပေမည်။

သို့ရာတွင် ဤအရှင်ဘက်မှနေ၍ ကြည့်လျှင် သူ့မှာ သား(၃) ယောက်နှင့်သမီး (၁)ယောက်ရှိသည်၊ သားများက အိမ်ထောင်ခွဲဖြစ်ကြ၍ သမီး အိမ်ထောင်သည်နှင့်အတူနေရာ ဇနီးအမယ်ကြီး, သမီးနှင့်သမက်ပါ မြေးများရှိကြ၍ တစ်ယောက်တည်း သမားမဟုတ်ပါ၊ ဥပုသ်သီလမှန်မှန်စောင့်၍ တရားဘာဝနာ နှလုံးသွင်း၍နေနိုင်သည် ဟူ၍မြင်၏။

## သံယောဇဉ်တွယ်တာမှုကို မကြိုက်ပါ

ဤတွင် လူချင်းညီအစ်ကိုရင်းဖြစ်ကြသော်လည်း စိတ်ထားနှလုံးသွင်းမတူကြပုံကို ပြောမည်၊ အစ်ကိုအဘိုးကြီးက နီးကပ်သောသံယောဇဉ်တွေနှင့်နေထိုင်ရင်း ညီဘုန်းကြီးကိုလွမ်းနေသော်လည်း ဤအရှင်ဘက်မှ စိတ်ဆန္ဒကို ပြောရလျှင် သံယောဇဉ်ဘွယ်တာမှုကြီးတတ်သူကိုမကြိုက်ပါ၊ လူလောက၌ နောက်မှတွယ်တာနေကြသော အနီးကပ် သံယောဇဉ်တွေကို ငဲ့ညှာထောက်ထား၍ နေကြလျှင် ဘုရားတောင် ပွင့်ချိန်၌ပွင့်နိုင်မည်မဟုတ်ပါ၊ ထို့ကြောင့် ဤအရှင်သည် ဆွေမျိုးရင်းချာတော်သူကိုဖြစ်စေ၊ မတော်သူကိုဖြစ်စေ ငြိကပ်လွန်းသော သံယောဇဉ်တွယ်တာခြင်းကို ရှေးပျို့ရွယ်စဉ်ကလည်း လက်မခံခဲ့ပါ၊ အသက်ကြီးရင့်လာချိန်တွင် သာ၍လက်မခံချင်ပါ၊ သံယောဇဉ်တွယ်သံပါသော စကားကိုပြောခြင်း, သံယောဇဉ် တွယ်တာလွန်း သံပါသောစာရေးသား ပို့ခြင်းမျိုးကိုလည်း မနှစ်သက်ပါ၊ အကြောင်းမှာ တိတ်ဆိတ်အေးချမ်းသော တောတောင်ကြီး၌ စိတ်ရှင်းရှင်းထား၍ ဘဝတည်းဟူသော သံသရာဒုက္ခမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်နေစဉ် အချိန်အခါမှာ စိတ်အာရုံ ခံစားချက်တွင် အနှောင့်အယှက်မဖြစ်စေလိုသောကြောင့် မနှစ်သက်ခြင်းဖြစ်သည်။

## သူခင်လျှင် ကိုယ်မင်ပါ၏

မည်သူ့ကိုမဆို ဤအရှင်ကို သူတို့ကခင်လျှင် မိမိကမင်ပါ၏၊ တွယ်တာလွန်းသော သံယောဇဉ်စိတ် မထားချင်ပါ၊ 'သံသရာခရီးသည်အချင်းချင်း ခေတ္တခဏမျှ တွေ့ကြ ကြုံကြ ဆုံကြရခြင်းသာဖြစ်တယ်၊ အမှန်မှာ ကိုယ့်ဝန်ကိုယ်ထမ်း၍ ကိုယ့်လမ်းကိုယ်သာ လျှောက်နေကြရခြင်း ဖြစ်ကြတယ်'ဟူ၍ ရှင်းရှင်းမြင်ထားပြီးဖြစ်သည်။

ဤအရှင်၏ စိတ်ထားပုံမှုမှန်မှာ အရင်းအခြာ အဝေးအနီး မခြားပါ၊ အားလုံးကို မေတ္တာစိတ်ညီမျှစွာထားသည်၊ ပို့လွှတ်သည်၊ ဖြန့်ကျက်သည်၊အစ်ကိုရင်းအဘိုးကြီးအား စိတ်ချမ်းသာမှုဖြစ်စေရန် စာပြန်လိုက်ပါ၏။ 'သံယောဇဉ်မဖြတ်ပါ၊ လမ်းခွဲမသွားသေးပါ၊ အကြောင်းညီညွတ်သောအခါ ဇာတိရပ် ရွာသို့လာ၍ နွေရာသီအတွက် ရေတွင်းရေကန်များကို ကြည့်ရှုပြုပြင်ပေးရန် ကြံရွယ်ချက်ရှိပါသည်'ဟူ၍ တိုတိုရေးလိုက်သည်၊ ဆက်လက်၍ မိမိကိုယ်ကို မိမိစိတ်က အားကိုးပြုနေတတ်ရန် နည်းလမ်းကိုပါညွှန်ကြားလိုက်သည်။

## စိတ်ကိုရင့်ကျက်အောင် လေ့လာမှု

သူ၏စာကိုခြုံကြည့်လျှင် စိတ်နှလုံးထားပုံ နုသေးကြောင်း ပေါ်လွင်၏၊ နုခြင်းသည် စိတ်ကိုရင့်ကျက်အောင် လေ့လာမှုနည်းသောကြောင့် ဖြစ်သည်၊ သီလ-သမာဓိ-ပညာသုံးမျိုးတွင် တစ်မျိုးမျိုးကိုအားကိုးပြုနေတတ်အောင် စိတ်ရှင်းရှင်းထား၍ ကိုယ်ပိုင်ဉာဏ် နိုင်နိုင်နင်းနင်းမရှိသေးကြောင်း ခန့်မှန်း၍သိနိုင်သည်၊ တစ်နည်းပြောရလျှင် ပါရမီခါတ်ခံ အတော်နုသေးသူဖြစ်၍ မိမိ၏ကိုယ်နှင့်မိမိ၏စိတ်ကို အားမကိုးနိုင်ရှာသေးကြောင်း ထုတ်ဖော်ပြောနေခြင်းဖြစ်သည်၊ ထို့ကြောင့် ဤအရှင်ကိုသာ အမှီပြုလိုစိတ်၊ အားကိုးလိုစိတ် အားသန်နေခြင်းဖြစ်သည်။

## အသိရှင်းမှ အမြင်ရှင်း၏

ဤတွင် စာဖတ်ပရိသတ်များအား နည်းပေးပါမည်၊ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်စေနိုင်သောနည်းလမ်းသည် လိုရင်းချုပ်ပြောရလျှင် လွယ်ပါသည်။

## အဓိသီလ အဓိစိတ္တ အဓိပညာ

ပထမတွင် အဓိသီလ, အဓိစိတ္တ, အဓိပညာဟူသော သိက္ခာသုံးပါးတွင် ဦးစွာမိမိစိတ်နှလုံး၌ ရှင်းရှင်းသိထားရန် လို၏၊ ရှင်းရှင်း သိထားပြီးနောက် လိုက်နာရန်မှာ ကာယကံ-ကိုယ်ဖြင့် သောင်းကျန်းမှု, ဝစီကံ-နှုတ်ဖြင့်သောင်းကျန်းမှု မရှိအောင်နေပါ၊ ဤကား ပထမထိန်းရမည့်အလုပ်ဖြစ်သည်၊ ကာယကံ-သောင်းကျန်းမှု, ဝစီကံ သောင်းကျန်းမှုမရှိလျှင် အဓိသီလသိက္ခာ တစ်ပါးလုံခြုံပြီဟု မှတ်ပါ၊ နားလည်ပါ။

မိမိ၌ ကိုယ်အမူအကျင့်အားဖြင့် သောင်းကျန်းမှုမရှိ၍ ကာယကံ လုံခြုံနေလျှင် 'ငါယခုအခါ အဓိသီလနှင့်ပြည့်စုံနေပြီ' ဟူ၍ နားလည်ရမည်၊ သိနေရမည်၊ သိပြီးလျှင် ဝမ်းမြောက်စိတ် ဖြစ်လာမည်၊ နေရထိုင်ရ အလိုလိုပျော်မွေ့လာပုံ ခံစားရမည်၊ ဤကား ဦးစွာလက်တွေ့ အကျိုးရခြင်းဟူ၍ နားလည်ရမည်။

ထိုအဓိသီလနှင့်ပြည့်စုံမှု တစ်နေ့တစ်ခြား အားကောင်းလာ၍ စိတ်အာရုံအားဖြင့် သောင်းကျန်းမှုမရှိတော့ဘူး၊ စိတ်အနေအထား တည်ကြည်ငြိမ်သက်နေပြီဆိုလျှင် စိတ်ခံစားချက် ကြည်လင်နေမည်၊ ကြည်လင်၍ အေးချမ်းလာလိမ့်မည်၊ (စိတ်၏သဘာဝ အလိုလို ဖြစ်တတ်လာပုံ သိရန်ပြောခြင်းပါ)၊ ထို

အချင်းအရာကို 'သမာဓိရနေပြီ'ဟု သိရမည်၊ ထိုသမာဓိကို 'အဓိစိတ္တ'ခေါ်ဆိုသည်ဟုမှတ်ပါ၊ 'မိမိ ဒုတိယအဆင့် ရောက်ခဲ့ပြီ' ဟူ၍ နားလည်ပါ။

## အမြင်ရှင်းတော့ အလုပ်ပိုင်၏

ဆက်လက်၍ တတိယအဆင့်အနေဖြင့် သတိထားရန်မှာ မိမိ၏ရုပ်ခန္ဓာကို 'ရုပ်' ဟူ၍ သိထားပါ၊ သိနေပါ၊ မိမိ၏စိတ်'နာမ်' ဟူ၍ သိထားပါ၊ သိနေပါ၊ ဤအပိုင်းသည် အဓိစိတ္တပိုင်းမှဆင့်၍ တက်လာရမည့် အဓိပညာ ပိုင်းဖြစ်သည်၊ နားရှင်းအောင်ဆက်ပြောပါမည်။

အဆိုပါ ဒုတိယအဆင့်ဖြစ်သော အဓိစိတ္တပိုင်း အားကောင်းမှုအချိန်ကြာလာလေလျှင် တိုးတက်လာပုံက ရုပ်-နာမ် ဖြစ်ပျက်မှုကို သိပလိမ့်မည်၊ အသိရော အမြင်ပါ ရှင်းလာလိမ့်မည်၊ ရုပ်တရား၏ ဖောက်ပြန်နေပုံသဘာဝကို နာမ် 'စိတ်'က သိနေလိမ့်မည်၊ မိမိ၏ရုပ်တရားကြီး အမြဲဖောက်ပြန် ရွေ့လျားနေပုံကို မိမိ၏စိတ် 'နာမ်' က မျက်ခြည်မပြတ် လိုက်၍ ချောင်းကြည့်နေဘိသို့ ဖြစ်လာလိမ့်မည်။

ထိုကဲ့သို့ ရုပ်ကို နာမ်က သိနေပြီဆိုလျှင် ကမ္ဘာ့ဒွန်းဘာဝနာ အလုပ်လောက၌ လူပြောများနေပြီးဖြစ်သော 'ဖြစ်-ပျက်' ကိုသိ၍ မြင်၍လာလိမ့်မည်၊ ဖြစ်နှင့်ပျက်ကို သိမြင်နေလျှင် 'ငါ ဖြစ်-ပျက်' ကို သိမြင်နေပြီဟူ၍ မိမိဘာသာ နားလည်ရမည်။

ဤကဲ့သို့ 'ဖြစ်မှု-ပျက်မှု' သိမြင်နေခြင်းစိတ်အာရုံအမြင် သဘာဝကို (တစ်နည်း) ဖြစ်ပျက်သဘာဝ၌ သိမြင်နေသောဉာဏ်ကို 'အဓိပညာ' ဟု ခေါ်ဆိုခြင်းဖြစ်သည်။

## နိဗ္ဗာန် လက်တစ်ကမ်းကွာ

ဤကဲ့သို့ ရုပ်တရား၏ အခါမလပ် တရစပ်ဖြစ်၍ ပျက်၍နေပုံကို ရှင်းလင်းစွာ သိမြင်နေမှု အချိန်အားကောင်းနေပြီဆိုလျှင် 'အစဉ်မပြတ် သိ၍မြင်၍နေပြီဆိုလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မိမိအဓိဋ္ဌာန်ရှိသလောက် စိတ်အကြံ ပြီးမြောက်တော့မည်မှာ လက်တစ်ကမ်းသာ အလှမ်းကွာတော့သည်' ဟူ၍ မှတ်ပါ၊ ယုံကြည်စွာ စမ်းကြည့်ကြပါ။

ဤညွှန်ကြားချက်ကား 'ဘဝနှင့်သံသရာဝဋ်ဒုက္ခကို တကယ်ရွံမုန်း ငြီးငွေ့နေကြ၍ အမြန် လွတ်မြောက်လိုသူတို့အတွက် တကယ် လွတ်မြောက်နိုင်သော

လမ်းစဉ်ပါတည်း၊ 'သေလက်စမဆုံးနိုင်သော ဘဝတွေကို အဆုံးသတ်ချင်လှပါပြီ' ဟူ၍ ပြောဆိုနေကြသော သံဝေဂရှင်တို့အတွက် လွယ်ကူသော နိဗ္ဗာန်သွားနိုင်ရေး လမ်းစဉ်ကို အတိုချုပ်၍ လိုရင်း ညွှန်ပြပေးခြင်း ဖြစ်သတည်း။

## မိမိကိုယ်သာ အားကိုးပြုနေပါ

ဤအရှင်ကိုသာ သံယောဇဉ်ကြီးပြီး အားကိုးပြုနေချင်လွန်းသော အစ်ကိုရင်းဖြစ်သူ အဘိုးကြီး ဦးဘတင်ထံသို့ အမြင်မှန်ရစေရန်နှင့် တွယ်တာမှု လမ်းပြောင်းသွားစေရန်အတွက် အထက်ပါ နိဗ္ဗာန်သို့ အမြန် ရောက်စေနိုင်သော လမ်းတိုနည်းကောင်းနှင့် အောက်ပါ မိမိကိုယ်သာ တရားအလုပ်ဖြင့် အားကိုးပြုနေသွားရန် ညွှန်ကြားစာပို့လိုက်သည်။

'အတ္တာဟိ အတ္တနော နာထော၊ သော ဟိ နာထော ပရော သိယာ'၊ အတ္တာဟိ – မိမိသည်သာလျှင်၊ အတ္တနော – မိမိ၏၊ နာထော – ကိုးကွယ်ရာသည်၊ သိယာ–ဖြစ်ရာ၏၊ ပရော–တစ်ပါးသော၊ ကောဟိ–အဘယ်သူက၊ နာထော–ကိုးကွယ်ရာသည်၊ သိယာ–ဖြစ်နိုင်ပါအံ့နည်း–'တဲ့။

မြတ်စွာဘုရားရှင်က ဓမ္မပဒ ပါဠိတော်၌ ဘဝသံသရာ ဝဋ္ဋဒုက္ခမှ လွတ်မြောက်စေရေးအလုပ်ဆိုတာ မိမိ၏ကိုယ်သာ မိမိအားကိုးပြုရမယ်လို့ တိုက်တွန်းဟောကြားတော်မူခဲ့ဘယ်။ နည်းလမ်းမှာ ဘုရားကို မြတ်မြတ်နိုးနိုး ကြည်ညိုပါ၊ ယုံကြည်ပါ၊ အားထားပါ၊ မှီခိုပါ၊ မြတ်နိုးပါ၊ တရားကျင့်ရေး အလုပ်ကိုသာ မြဲမြဲစွဲအားထုတ်နေပါ၊ ငါ၏အားကိုးရာသည် တရားသာဖြစ်တယ်လို့ နားလည်ထားပါ၊ ဒါ အမှန်ဆုံးဖြစ်တယ်နော်။

ဘုန်းကြီးက အစ်ကိုဆရာတင်ကို လမ်းညွှန်ပြပေးရုံသာ တတ်နိုင်တယ်၊ ညွှန်ပြပေးသောလမ်းအတိုင်းလိုက်သွားရမှာက ငါ့တာဝန်ဖြစ်တယ်၊ ဘုန်းကြီးက လှေကားကိုထောင်ပေးသူပါ၊ထောင်ပေးသော လှေကားပေါ် တက်သွားရမှာက မိမိသာဖြစ်တယ်လို့ မှတ်ပါ၊ နားလည်ပါ။

အမှန်စင်စစ် ခရီးလမ်းဆက်၍ လျှောက်ရမည့်တာဝန်သည် ဘယ်သူကိုမှ အားကိုးပြုနေရမည် မဟုတ်ပါ၊ နိဗ္ဗာန်ခရီးဖြစ်စေ၊ သံသရာခရီးဖြစ်စေ ကိုယ့်တာဝန်ကိုယ်ထမ်း၍သာ ကိုယ်ပိုင်ဖြစ်သော ကံတရားလမ်းအတိုင်း လျှောက်ကရမှာချည်းဖြစ်ကြ၏၊ သား, သမီး, မြေးနှင့် ဇနီး, လင်, မိဘ, ဘိုးဘွား, ဆွေမျိုးမိတ်သင်္ဂဟများကို အားကိုးပြုနေရမှာ မဟုတ်ပါဘူး၊ မိမိ၏ ကိုယ်၌သာ မိမိက အားကိုးပြု သွားကြရမှာ ဖြစ်ကြောင်း တို့–သူ–ငါ အားလုံး ရှင်းရှင်းနားလည်ထားကြရန် ညွှန်ကြားလိုပါသည်။

## အကောင်းဆုံးနည်းလမ်း

ဒီလိုလုပ်ပါ၊ အင်ကိုဆရာတင်အား အကောင်းဆုံးညွှန်ကြားမယ်၊ ဘဝနှင့် သံသရာဒုက္ခမှ မြန်မြန်လွတ်မြောက်စေရန် ပကတိသာဝကဆုကို တောင်းဆိုပါ၊ ဘာပြုပြု ကုသိုလ်ပြုတိုင်း ဤကောင်းမှုကြောင့် ပကတိသာဝကဗောဓိဉာဏ်ကို ရပါစေသတည်းဟူ၍ဆိုကာ ဆုတောင်းယူပါ။

ယခုအခါတွင် ရဟန္တာဖြစ်နိုင်သော ခေတ်ကောင်း အချိန်ကောင်းကြီးဖြစ်တယ်၊ အနည်းဆုံး ငါးပါးသီလကို မြတ်မြတ်နိုးနိုးမြဲပါ၊ လုံခြုံပါ၊ မြဲပြီး၍ သီလဌတည်ပြီးလျှင် စိတ်ထဲက 'ငါလိုရာကြံသမျှ ပြီးမြောက်တော့မည်' ဟူ၍ အလိုလို သိမြင်လာလိမ့်မည်၊ 'ဒီအမြင်' မှန်ကန်တယ်'ဟု စိတ်ချပြီးယုံကြည်နေပါ။

## အာနာပါနဖြင့် ထွက်ရပ်ပေါက်နည်း

အာနာပါန- ထွက်လေဝင်လေ ကမ္မဋ္ဌာန်းအလုပ်ကို ပွားသိရန်မှာ မိမိ၏ နှာသီးဖျားနှာဝ၌ အာရုံစိုက်၍ 'ထွက်လေ- ထိတိုင်းသိ'ဟု စိတ်ထဲကမှတ်ပါ၊ 'ဝင်လေ- ထိတိုင်းသိ'ဟု စိတ်ထဲကမှတ်ပါ၊ ဤသို့ ထွက်လေဝင်လေ ထိတိုင်း အသိမြဲမြဲပိုင်နေလျှင် ကောင်းပြီဟု မှတ်ပါ။

'အသိကို အဆက်မပြတ်အောင် အခြား အာရုံမဝင်စေဘဲ တစ်သိတည်းသိနေခြင်းသမာဓိအလုပ်၌ နေ့လုံးပေါက် ညလုံးပေါက်သိနေစွမ်းရှိအောင် အားထုတ်နိုင်ပြီဆိုလျှင် ဘဝနှင့်ဝဋ်ဒုက္ခမှ လွတ်မြောက်နိုင်တော့မည်'ဟူ၍ မှတ်ပါ။ ထိုအခါ ဘယ်သူ့ကိုမှ တွယ်တာနေချင်စိတ်မရှိ ဖြစ်လာပုံ လက်တွေ့သိရပါမည်၊ ဘယ်သူ့ကိုမှ အားကိုးနေရန်မလိုကြောင်း၊ တရားကိုသာ စွဲစွဲမြဲမြဲ အားစိုက်ခွန်စိုက် ထုတ်ချင်းပေါက်အောင်မြင်ဖို့သာ စိတ်ဆန္ဒမှ လိုချင်ကြောင်းဖြစ်ပေါ်သိမြင်လာလိမ့်မည်၊ လက်တွေ့အားထုတ် ကြည့်ကြပါက သိကြရမည်၊ ယိုအမြင်သည် လမ်းမှန်ဖြစ်သည်။

## သက္ကာယဒိဋ္ဌိကွာပုံ

ဤတွင် နှစ်သက်ဖွယ်လိုရင်းချုပ်ကို ပြောမည်၊ အာနာပါန ကမ္မဋ္ဌာန်းဘာဝနာ အလုပ်ဝင်ရာ၌ 'ထွက်လေ-ဝင်လေ ဝါယောရုပ်ကိုသာ စိတ်အာရုံကပ်၍ နာမ်-စိတ်က ထက်ကြပ်မကွာသိ၍နေခြင်းအရှိန်တွင် အားကောင်းကောင်းအဆက်မပြတ်အောင် ဇောစိတ်သန့်ချက် ကောင်းနေခြင်းသည် အလုပ်မှန်၏၊ ပစ္စုပ္ပန်တည့်တည့်၌ အာရုံရပ်တည့်နေခြင်းဖြစ်သည်။

ထိုအချိန်အခါမျိုး၌ 'ပုဂ္ဂိုလ်-သတ္တဝါ၊ ယောကျ်ား-မိန်းမ၊ ငါ-သူ တစ်ပါးမရှိ'ဟူ၍ ပြောဆိုနေကြတာ တကယ်မှန်နေပြီး, ဘုရားရှင်ဟောကြား တော်မူချက် ယခုတကယ် မှန်နေပါကလား'ဟူ၍ လက်တွေ့ကျကျ သဘာဝကို မိမိ၏စိတ်အာရုံထဲမှာ အလိုလိုသိမြင်လာနေပါလိမ့်မယ်၊ 'သက္ကာယဒိဋ္ဌိဟူ၍ခေါ် ကြသော ငါစွဲ-အတ္တစွဲတွေ ကင်းကွာသွားခြင်းဖြစ်တယ်'ဟူ၍ ပိုင်စွာသိခြင်း၊ မြင်ခြင်းရှင်းလာပါမည်။

## ဝိပဿနာ သုံးမျိုး ပေါ်လာပုံ

ဤတွင် သမထနှင့်ဝိပဿနာ မကွဲသူများအတွက် တိုတိုနှင့်လိုရင်းကို ရှင်းပြမည်။

(၁) မိမိ၏စိတ်အာရုံ၌ ဖြစ်ပျက်ကို ပိုင်စွာထင်နေခြင်း၊ မြင်နေခြင်း၊ သိနေခြင်းသည် အနိစ္စဝိပဿနာကို ပိုင်စွာမြင်နေခြင်းဖြစ်သည်၊ (မမြဲပုံ ရှုမြင်ခြင်း အနိစ္စဝိပဿနာ)ဟူ၍ မှတ်ပါ။

(၂) မမြဲသော အနိစ္စဝိပဿနာကို ကြိမ်ဖန်ဖန်ရှုကြည့်၍ ဆင်ခြင်၍ ပိုင်စွာမြင်နေလျှင် ဆင်းရဲသော ဒုက္ခအကြောင်းရှုကြည့်ခြင်း 'ဒုက္ခဝိပဿနာ'ကို တစ်ဆက်တည်းမြင်လာမည်၊ မမြဲခြင်းသည် ဆင်းရဲခြင်းပင်ဟူ၍မြင်မည်၊ ဆင်းရဲခြင်း အကြောင်းအကျိုးတွေကား နေရာတကာ ရှုမြင်မဆုံးနိုင်ပါ၊ အနိစ္စဝိပဿနာကိုလည်း နေရာတကာ၌မမြဲပုံ သဘောတရားတွေ ကြည့်၍မဆုံးတွေ့ရမည်၊ ဒုက္ခဝိပဿနာကိုလည်း ထိုနည်းတူ ကြည့်တတ်မြင်တတ်လာကြပါမည်။

(၃) အနတ္တဝိပဿနာကို ပြောမည်၊ မမြဲသော အနိစ္စ၏သဘောကို ရှုမြင်တတ်၍ ဆင်းရဲသော ဒုက္ခ၏သဘော လက္ခဏာကိုလည်း ရှုမြင်တတ်နေလျှင် အနတ္တဝိပဿနာကိုလည်း တစ်ဆက်တည်းမြင်လွယ်သည်။

'အနတ္တသည် အစိုးမရခြင်းလက္ခဏာဖြစ်၏၊ ဘာကိုအစိုးမရသနည်း ဟူ၍ မေးလျှင် မိမိ၏ခန္ဓာကိုယ်မှစ၍ ဘာကိုမှ အစိုးရခြင်းမရှိပုံကို တစ်သိကြီး တွေ့မြင်ရပါမည်၊ မိမိ၏ကိုယ်ခန္ဓာရုပ်ကိုပင် အစိုးမရ၍ အိုချင်ဘဲနှင့်အိုကြရ၊ မနာချင်ဘဲနှင့် နာကြရ၊ မသေချင်ဘဲနှင့် သေကြရပုံတွေကို ကြည့်၍မဆုံး မြင်၍မဆုံး သတ္တလောကကြီးတွင် ရှိနေကြ၏၊ ထိုအရာအားလုံး အစိုးမရခြင်း သဘော လက္ခဏာတွေပင်ဖြစ်သည်၊ ထို့ကြောင့် အနတ္တဝိပဿနာကို ရှုကြည့်ရန်ကိစ္စက ပို၍ မြင်လွယ် ထင်လွယ်ကြပါမည်၊ လူအချို့က အနတ္တဝိပဿနာကို သဘောပေါက် ချင်ကြဘူး-ဟူ၍ တရားပြဆရာအချို့က ပြောဟောသံ ကြားရဖူး၏ မဟုတ်ပါ လား၊ ပြောဟောသူကိုယ်တိုင်က ပိုင်စွာသိမြင်ပြီးဖြစ်လျှင် အားလုံးလွယ်ပါသည် ဟူ၍ မှတ်ကြပါ။

'ကိုင်း– ဤမျှဆိုလျှင် ဝိပဿနာသုံးမျိုး၌ ပိုင်စွာရှုကြည့်ပုံ၊ ဆင်ခြင်ပုံ နည်းအတိုချုပ် လုံလောက်ပါပြီ၊ နားရှင်းလောက်ပါပြီ။'

အထူးသတိပေးလိုသည်မှာ 'ကမ္မဋ္ဌာန်းဘာဝနာအားထုတ် နှလုံးသွင်းနေခြင်းအလုပ်ကို ရပ်မထားရဘူး၊ အရှိန်ရနေခိုက် အတွင်ဆက်တိုက် လိုက်နေပါ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတွေ ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ ချုပ်ငြိမ်း၍ ချုပ်ငြိမ်း၍ သွားနေပုံကို ပိုင်ပိုင်နိုင်နိုင် ထင်မြင်နေအောင် တစ်ဆက်တည်း ရှုကြည့်သွားကြပါ၊ ဤညွှန်ကြားချက်ကို ဝမ်းမြောက်စွာလိုက်နာ၍ တစ်ဖြောင့်တည်း အားထုတ်သွားကြလျှင် 'သံသရာဝဋ်ဒုက္ခမှ အမြန်လွတ်မြောက်ရာလမ်းမှန်ကို ငါတို့ရောက်နေကြပြီ' ဟူ၍ မိမိတို့စိတ်အာရုံတွင် အလိုလိုထင်ရှားအောင် အမြင် ပေါ်ပေါက်လာပါလိမ့်မည်၊ လိုရင်းကား အစ်ကိုဆရာတင် ဒါပါပဲ။

## လူ့ဘဝ၌ကျင်လည်နေရခိုက်တွင် မေတ္တာဘာဝနာဖြင့်ပျော်နေကြပါ

လက်ရှိ လူ၏ဘဝ၌ ခေတ္တကျင်လည်နေရခိုက်တွင် ကိုယ်ရွှေစိတ်ရော ချမ်းမြေ့၍ ပျော်ရွှင်ကြည်လင်နေစေရန်အတွက် ဘုန်းကြီး၏လက်တွေ့ကို ညွှန်ကြားပေးမည်၊ မေတ္တာဘာဝနာကိုသာ နေ့ရောညရော အခါမလပ် ပွားများနေသွားကြပါ၊ လက်တွေ့ချမ်းသာရပုံ သိလာကြပါမည်၊ ပွားများနည်းကား ဤသို့တည်း။

'နတ်-လူ-ဗြဟ္မာ သတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ် ၂-ဖြာ ချမ်းသာကြပါစေ'

'သတ္တလောကကြီးတစ်ခုလုံး ကိုယ်စိတ် ၂–ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ' ဟူ၍ လွယ်လွယ် မြန်မာစကားပြေဖြင့် စိတ်နှလုံးထဲမှ လှိုက်လှဲစွာ ပွားများနေပါ၊ မိမိ၏ ကိုယ်ရောစိတ်ရော ချမ်းသာမှု ရနေပုံကို လက်တွေ့သိကြရပါမည်။

ဤနည်းသည် အားလုံးအတွက် ခရီးရောက်၍ လိုရာဆန္ဒ ပြီးမြောက်နိုင်ပါသည်၊ လိုရင်းချုပ် ဤမျှဆိုလျှင် လုံလောက်ပါပြီ၊ ယုံကြည်စွာ လိုက်နာ၍ လက်တွေ့အားထုတ်ဖို့သာ အဓိကဖြစ်သည်။

စာဖတ်ပရိသတ်ထဲမှ ဒကာကြီးအချို့တို့က 'တရားဘာဝနာ ပွားများနေတတ်ရန် အလုပ်စခန်းဝင်၍ ပိုင်နိုင်စွာ လက်တွေ့ အားထုတ်နေတတ်ကြရန် ဆောင်းပါးရေး၍ ညွှန်ကြားပေးတော်မူပါ' ဟူ၍ တောင်းဆိုကြ၏၊ အဘိုးကြီးဆရာဦးဘဘင်ကို ဦးတည်ပြီး ပရိသတ်အားလုံးအတွက်ပါ တစ်ခါတည်း အပြီးရေးသား ညွှန်ကြားလိုက်ပါသတည်း။ ❀

# အသုဘ ဟု ပိုင်စွာမြင်လျှင်(၁)

'အသုဘရှုတယ်လို့ ပြောကြတယ်၊ အချို့ကလည်း အသုဘကမ္မဋ္ဌာန်း စီးဖြန်းကြတယ်၊ ပွားများကြတယ်လို့လည်း ပြောသံကြားရဖူးတယ်၊ ရှုဆင်ခြင်နည်းကို ဆရာစဉ်ဆက်တို့က အမိန့်မရှိကြ၍ မှတ်သားလောက်အောင် မကြားနာရဖူးပါ၊ အဲဒါကြောင့် အသုဘရှုနည်း စီးဖြန်းနည်းသိရအောင် ဆရာတော်ဘုရားအား ဝန်မလေးပါက ဆောင်းပါးရေး၍ ညွှန်ကြားပေးလျှင် ကောင်းမှာပဲဘုရား၊ ခရီးကြုံခိုက် တပည့်တော်က တောင်းပန်ပါတယ်။

အသိမိတ်ဆွေဟောင်း ဇာတိမင်းကွင်းနယ်သား ဒေးဒရဲမြို့နယ် လော့ရွာကြီးတစ်ရွာ၌ ကျောင်းထိုင်ခဲ့ပြီးနောက် ကျိုက်ထိုနယ် တစ်ခုသောတောင်ပေါ်၌ တရားထိုင်ဖူးသော ဦးတေဇသုနေမ–က လျှောက်သွား၏။

'ကောင်းပြီ–ဝန်မလေးပါဘူး၊ စိတ်ဝင်စားပါတယ်၊ ရေးဖြစ်အောင် ရေးပါမယ်၊ စိတ်ချပါ'ဟူ၍ စကားကတိပြုလိုက်သည်။

## အမြင်ပေါက်လွယ်သော အကြောင်းနောက်ခံ

ဤအရှင်သည် အသုဘကမ္မဋ္ဌာန်းကို နှလုံးသွင်းမိလျှင် အမြင်ပေါက်လွယ်တတ်သည်၊ အဘယ်ကြောင့်နည်းဟု အကြောင်းကိုရှာသော် ကြုံကြိုက်၍ တွေ့ဆုံရဖူးသော အသုဘရုပ်အလောင်းများကို လက်တွေ့အမြစ် ကြည့်ရှု၍ ကမ္မဋ္ဌာန်းရုပ်ထင်အောင် ဆင်ခြင်နှလုံးသွင်းလေ့ ရှိဖူးသောကြောင့်ဖြစ်သည်။

'လူတို့၏ ရုပ်ခန္ဓာသည် အသက်ဝိညာဉ် ကင်းပြတ်သွားသော အခါ ဘာမျှနှစ်သက်ဖွယ်မရှိ၊ ရုပ်ကြွင်း အသုဘအလောင်းကောင်အဖြစ် ကျန်ရစ်ကြသည်ချည်းသာတည်း' ဟူ၍ အကြိမ်များစွာ ဆင်ခြင်ခဲ့ဖူးသောကြောင့်လည်း အမြင်ပေါက်လွယ်ခြင်းဖြစ်သည်။

ရှေးခေတ်မှ သူတော်ကောင်းတို့၏ မလေ့ထုံးစံကောင်းကျိုးအတွက် ဖြစ်လျှင် စိတ်အာရုံကို အလေ့အထုံဖြစ်အောင် လုပ်ပေးကြသည်၊ တစ်ချိန်က မမေ့နိုင်လောက်အောင် သံဝေဂယူခြင်းထားဖူးလျှင် နောင်အခါမြင်၍ လွယ်သည်၊ အကြောင်းတစ်စုံတစ်ခုကို အကြောင်းပြု၍ စိတ်လွှတ်ပေးရုံနှင့် ရှေးကတွေ့မြင်ခဲ့ဖူးသော ဖြစ်ရပ်မြင်ကွင်းကို ကွင်းကွင်းကွက်ကွက် ထင်မြင်လာတတ်သည်။

ဤကား စိတ်အာရုံသဘာဝတည်း၊ ခြံမှ ဖွင့်ထုတ်လွှတ်လိုက်သော နွားများသည် စားဖူးသောသွားနေကျ မြက်ခင်းလွင်ပြင်စားကျက်သို့ အလွယ်သွားလေ့ရှိကြသကဲ့သို့ စိတ်သည် အာရုံကျက်စားဖူးရာသို့ အလွယ်ရောက်သွားတတ်သော သဘောရှိသည်။

ဤအရှင်သည် ပျိုရွယ်စဉ် စာသင်သားဘဝတုန်းဆီက သံဃာတွေများပြားသော စာသင်တိုက်ကြီးတွင်၌ နှစ်ကြာကြာနေထိုင်လာခဲ့ရာ အသုံပါနှပ်ကာလတို့အတွင်း ပျံလွန်သွားကြသော သီတင်းသုံးဖော်အချို့တို့၏ လတ်လတ်လာလာ ရုပ်အလောင်းကောင်များကို ကြီးကြပ်၍ မီးသင်္ဂြိုဟ်ခြင်းပြုခဲ့ရဖူး၏။

ရုပ်အလောင်းကို သုသာန်ပို့ပြီးနောက် အခြားသံဃာတော်များကျောင်းသို့ ပြန်ကြသွားကြသော်လည်း သူများနည်းတူ ပြန်၍မသွားပါ၊ ရုပ်အလောင်းမီးကင်ရှို့ခြင်းအန္တိမစျာပနကိစ္စကို ပြာကျသည့်အထိ ဆောင်ရွက်ပေးရန် ကျန်နေခဲ့သည်ကများ၏။

ဤကဲ့သို့ စျာပန ပြာချရခြင်းကိစ္စမျိုးဆိုတာ ကြုံကြိုက်ခိုက် ဆောင်ရွက်ပေးရခြင်းအလုပ်ကို ထေရုပဒါန်ပါဠိတော်၌ တောမုဆိုးတစ်ယောက် တောလည်နေစဉ် ပစ္စေကဗုဒ္ဓါတစ်ပါး ကျောက်ဂူကြီးအတွင်း၌ တစ်ပါးတည်း သီတင်းသုံးနေစဉ် ပရိနိဗ္ဗာန် ပြုသွားခိုက်ကြုံကြိုက်၍ တစ်ဦးတည်း ရုပ်အလောင်းထမ်းယူပြီး တောထဲမှ ထင်းခြောက်တွေနှင့် မီးသင်္ဂြိုဟ်ပေးလှူခဲ့ဖူး၍ ကမ္ဘာပေါင်းများစွာ အပါယ်မလား၊ လူ့ဘုံနတ်ဘုံ၌သာ စုန်ဆန်၍ အမြတ်စိတ်ထားမြတ်သောတရားနှလုံးသွင်းလျက်သာ ချမ်းသာစွာ ကျင်လည်လာခဲ့ရပုံကြောင်းရာကို ကြားခဲ့ရဖူး၏၊ ထို့ကြောင့် ပစ္စေကဗုဒ္ဓါ မကြုံကြိုက်ရသော်လည်း ရဟန်းပုဂ္ဂိုလ်တစ်ပါး၏ ရုပ်အလောင်း ကြုံကြိုက်၍ စျာပနကိစ္စ ဆောင်ရွက်ပေးချင်စိတ် ထက်သန်မှုရှိသည်။

ထို့ပြင် အတိတ်ဘဝတို့မှ လုပ်ဆောင်ခဲ့ဖူးသောစေတနာကြောင့် ဝါသနာအဆက်ပါခဲ့ဟန်တူပါသည်၊ ရဟန်းပုဂ္ဂိုလ်အချင်းချင်း၏ ရုပ်ခန္ဓာစျာပနအတွက် ပြာချပေးရခြင်းအလုပ်ကို နှစ်သက်လေ့ရှိသည်၊ ရွံရှာခြင်းကင်း၏၊ စက်ဆုပ်ဖွယ်ဟူ၍ မမြင်ပါ၊ ရွံရှာစက်ဆုပ်မှု လုံးဝမရှိ၊ စေတနာထက်သန်သည်၊ 'ကောင်းမျိုးပေးမည့် ကုသိုလ်ထူးအလုပ်ကောင်း' ဟူ၍ မြင်နေသည်။

တစ်နည်းအားဖြင့် ဘဝတူ သီတင်းသုံးဖော်အချင်းချင်း ပြုစုလိုက်သော ဝတ္တရားအလျောက် နောက်ဆုံးပြုစုထိုက်၍ ကြုံကြိုက်ရခြင်းဟူ၍ သဘောထားကာ ပြုစုဆောင်ရွက်ပေးလို စိတ်ရှိသည်၊ ထိုသို့ဆောင်ရွက် ပေးလိုက်ရပြီးလျှင်

တာဝန်ကျေပြီဟု ကျေနပ်အားရခြင်း, ဝမ်းသာကြည်နူးခြင်း ခံစားရသည်၊ ထို့ကြောင့် တိုက်ဆိုင်၍ တွေ့ကြုံ၍ အခွင့်သင့်လေတိုင်း ဆောင်ရွက်ပေးခဲ့သည်မှာ များလှပြီဖြစ်သည်။

## စေတနာအလျောက် လက်ငင်းရသောအကျိုး

စေတနာအလျောက် ဤအရှင် လက်ငင်းအကျိုးရပုံကို ဤတွင်ပြောရဦးမည်။ ပခုက္ကူမြို့ မဟာဝိသုတာရာမ (ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်လုံးကို ပါဠိတော်နှင့် အဋ္ဌကထာ ဋီကာတို့ပါတွဲဖက်၍ အမြဲပို့ချလျက်ရှိသော ရှေးပါဠိတက္ကသိုလ်ကြီးဖြစ်သော) စာသင်တိုက်ကြီး၌ ၄-နှစ်ကြာနေခဲ့စဉ်အတွင်းက ဈေးကျောင်း၌ သီတင်းသုံးသော စက်ကွင်းမင်းလှုနယ်သား (ဇာတိရွာမသိ) ဥပမိရုပ်ကောင်းကောင်း ဝဝဖြိုးဖြိုး မိတ်ဆွေကြီးဦးစန္ဒောသည် သုံးလေးရက်အပြင်းဖျားတဲ့ပြီး ပျံလွန်သွား၍ ပခုက္ကူမြို့ ခန်ဘောသုသာန်၌ (သံဃာတော် အများကစည်ကားသိုက်မြိုက်စွာ အခမ်းအနားဖြင့် ပို့ဆောင်၍ သရဏဂုံဘင်ပြီးနောက်) မီးသင်္ဂြိုဟ်ပေးခဲ့ရဖူး၏၊ ထိုမြင်ကွင်းကို မှတ်မှတ်ရရကြီး တစ်သက်ပန်ကောင်းမျိုးဖြစ်၍ ကျန်ရစ်သည်၊ မိမိ စိတ်တွင် သံဝေဂအစွဲမြဲဆုံးနှင့် တရားအမြင်ပေါက်စေရန်အကြောင်းတိုက်ဆိုင်ခြင်းဟူ၍ ယုံကြည်လျက် ကောင်းမျိုးဘက်မှ တွက်ဆမြင်နေသည်။

## လက်တွေ့အသုဘရှုနည်း

ဤတွင် အသုဘရှုပုံ လက်တွေ့ဖြစ်ရပ်နှင့် ကောင်းကျိုးမြင်ပုံကို ပြောပြမည်၊ ဗုဒ္ဓဘာသာ ထွန်းကားသော မြန်မာပြည်တစ်ဝန်း၌ အသုဘပွဲသို့ ကြွရန်အတွက် ဘုန်းကြီးပင့်စာကို 'အသုဘရှုကြွတော်မူပါ ဘုရား'ဟူ၍ စာရေးလေ့ထုံးစံရှိလာခဲ့သည်၊ ဘုန်းကြီးပြန် ဈာပနပွဲအတွက် ပင့်စာကိုလည်း ထိုနည်းရင်း အသုဘရှုတော်မူကြရန် ပင့်လျှောက်ပါသည်ဟူ၍ ရေးရိုးထုံးစံရှိလာခဲ့ကြ၏၊ သို့ရာတွင် လက်တွေ့မှာ အသုဘကို တကယ်ကြည့်၍ သံဝေဂဖြစ်အောင်ရှုကြည့်ခြင်း မရှိကြပါ။

ဤအရှင်အသုဘရှုခဲ့ပုံကို ပြောရဦးမည်၊ အဆိုပါ မိတ်ဆွေကောင်းကြီး ဦးစန္ဒော၏ အန္တိမဈာပနပွဲတွင် ကောင်းကျိုးမြင်ပုံကား မပုပ်သေးသော လတ်လတ်လော့လော ဘုန်းကြီးတစ်ပါး၏ ရုပ်အလောင်းကို မီးတင်ရှို့ထားပြီး မနီးမဝေးမှ ရပ်ကြည့်နေစဉ်တစ်ခဏအတွင်း လူ၏ရုပ်ခန္ဓာသည် အလွန် လျင်

မြန်စွာ ဖောက်ပြန်ပြောင်းလဲသွားပုံကို လက်တွေ့မြင်နေရခြင်းဖြစ်သည်၊ ဖောက်ပြန်ချက်မြန်ဆန်ပုံသဘာဝကို ကြည့်နေရင်းဤအရှင်၏ စိတ်နှလုံးထဲက လှိုက်လှိုက်လှဲလှဲကြီး သံဝေဂဖြစ်လာသည်၊ သံဝေဂစိတ်နှင့်ယှဉ်တွဲလျက် 'ငါ့ယခု အသုဘတရား အမြင်ပေါက်နေပြီ၊ အသုဘကမ္မဋ္ဌာန်းပေါက်ခြင်းပဲ'ဟူ၍ ပိုင်နိုင်စွာမှတ်ယူထားလိုက်သည်၊ ရုပ်ခန္ဓာ၌ ခင်မင်တွယ်တာချင်စိတ် လုံးဝ မရှိတော့ပါ၊ ဤကား စေတနာကောင်းကြောင်း လက်ငင်းအကျိုးရ လိုက်ခြင်းပါတည်း။

## အဂ္ဂိဈာပန သဘာဝ သိကြရန်

လူလောက၏ ဈာပနသုံးမျိုးတွင် မီးသင်္ဂြိုဟ်ခြင်း အဂ္ဂိဈာပနနှင့် စပ်လျဉ်း၍ နည်းပေးမည်၊ ဘယ်အရာမဆို နည်းသိထားလျှင် လွယ်၏၊ လတ်လတ်လောလော ရုပ်အလောင်းကို မီးတင်ရှို့လျှင် အလောင်လွယ်ဆုံး ဖြစ်ကြောင်း လက်တွေ့သိထားပြီးသူတို့က ပြောစဉ်အဆိုရှိကြသည်။

ဈာပန ပြာချပုံ အစီအစဉ်မှာ ရုပ်အလောင်းကို ခေါင်းသေတ္တာမှ ထုတ်၍ ထင်းပုံပေါ်တင်၊ လှမ်းခြုံထားသော အဝတ်သက်န်းများပေါ် ရေနံဆီရွှဲရွှဲဖျန်း၍ အပေါ်မှ ထင်းပြုတ်တွေကို လိုသလောက် ဖုံးပေးပါ၊ ထိုနောက် ရုပ်အလောင်း၏ အောက်ခံထင်းပုံတွင် လောင်စာထည့်၍ မီးစွဲအောင် ရှို့ပေးခြင်း ဖြစ်သည်။

ဤနေရာတွင် ဘေး ၂-ချက်, ခြေရင်းခေါင်းရင်းနှင့် အလယ်ဗဟို တစ်ချက်တည်း တစ်ကြိမ်တည်း မီးသုံးချက်ပြိုင်တူ ရှို့ရသည်ဟူ၍ အယူရှိသူ ပါခဲ့လျှင် ကြိုက်သလို ရှို့နိုင်သည်၊ လောကီလောကုတ် ဘယ်ကျမ်းထွက်ကမှ ခိုင်လုံသော အကျိုးအပြစ် အထောက်အထား ပြဆိုချက် မရှိ၍ မိမိအနေဖြင့် အယူမရှိပါ၊ ကြိုက်သလို ရှို့ကြသည်၊ မီးလောင်ပြာကျဖို့သာ ပဓာနပါ၊ ဘာတွေညာတွေ ပြောချင်သူက ပြောကြသော်လည်း အတွေးခေါင်ရန် မလိုပါ၊ ရုပ်ခန္ဓာအလောင်းကောင် မီးကောင်းစွာ လောင်ကျွမ်းဖို့သာ လိုရင်းအဓိကအလုပ်ဖြစ်သည်။

## အသုဘရှု ကောင်းသောအချိန်ပိုင်း

မီးကောင်းစွာ လောင်နေစဉ် ဤအရှင်သည် လောင်ကျွမ်းတက်ပုံ သဘာဝကို ဂရုစိုက်ကြည့်သည်၊ မီးတင်ရှို့လိုက်သောအခါ ရှေးဦးစွာ ရေနံဆီ ဖျန်းထားသော အဝတ်သက်န်းများကို စွဲလောင်သည်၊ အဝတ်များ လောင်ပြီးသောအခါ ရုပ်အလောင်းသည် မီးမြိုက်ခံနေရ၍ မည်းမည်းကြီး ဖြစ်လာသည်၊ ထိုအချိန်တွင် မီးအားကောင်းကောင်းဖြစ်အောင် ပြုပြင်၍ ရှို့ပေးလိုက်ကြသောအခါ ဝဖြိုးသော ပုဂ္ဂိုလ်ကြီး ဖြစ်သောကြောင့် ကိုယ်ခန္ဓာအတွင်းမှ အဆီများ ထွက်ကျ

လာပြီး သူ့အဆီနှင့်သူ တရှဲရှဲတဖြန်းဖြန်း မြည်ကာ မီးတောက်မီးဟုန်း ခုန်၍ ခုန်၍ တက်လာတတ်သည်၊ မီးတောက်မီးဟုန်း အလွန်အားကောင်းစွာ လောင်ကျွမ်းနေချိန် ဖြစ်သည်။

မီးလောင်ချက် အလွန်အားကောင်းနေပုံကို ကြည့်ရှုနေကြစဉ် ဦးစန္ဒော၏ ရုပ်ခန္ဓာမှ အရေပြားများကွာကျပြီး ဖြူဖွေးသောအသားဆိုင်များ ဟိုတစ်ကွက် သည်တစ်ကွက် ပြောက်တိပြောက်ကျား ပေါ်ထွက်လာသည်၊ ဘုန်းကြီးတစ်ပါး၏ ခန္ဓာကိုယ်ကြီး မီးလောင်ကျွမ်းနေပုံ တင်ဆက်တည်း စိုက်ကြည့်နေကြစဉ် မကြာခင် အချိန်ပိုင်းမှာပင် အသားတွေအားလုံး လောင်ကျွမ်းသွားပြီးနောက် အရိုးများသာ ကျန်တော့သည်၊ ထိုအခါ ကြာကြာမကြည့်ရပါ၊ တစ်ခဏ အတွင်း အပိုင်းပိုင်း ပြုတ်ကျသွားကြသည်။

အခပေးခိုင်းသဖြင့် တာဝန်ယူ ဆောင်ရွက်နေကြသော စဏ္ဍာလ သုံး ယောက်က ပြုတ်ကြသွားသောအရိုးများကို တစူးဝါးဖြင့် ရွှေ့ပြောင်း စုပုံ ပေးလိုက်လျှင် ဦးစန္ဒော၏ ရုပ်အလောင်းကောင်ကြီး ပျောက်ကွယ်သွားရှာလေ ပြီး အရိုးစုမျှသာ မီးပုံထဲ၌မြင်နေရသည်၊ နောက်ဆုံးတွင် မဖြစ်စလောက်သော အရိုးပိုင်းကလေးများမှလွဲ၍ အားလုံး ပြာကျသွားလေတော့သည်။

ထိုစဉ်က ဤအရှင်ကဲ့သို့ စေတနာတူညီ၍ စောင့်ကြပ်စီမံဆောင်ရွက်ပေး ရခြင်းကို စိတ်ဝင်စားသော အရပ်မြင့်မြင့် (လန်ဘားဝါးလားကြီး) ဦးပညာ- သီဟနှင့်အတူ ဘဝခြားသွားသူ မိတ်ဆွေကြီးဦးစန္ဒော၏ ကြွင်းကျန်နေရစ်သော ရုပ်အလောင်းကို ပိုင်နိုင်စွာ စေ့စေ့ကြည့်နေခဲ့ကြသည်ကို ယနေ့တိုင်အောင် သတိပြုမိတိုင်း မြင်ယောင်နေဆဲဖြစ်သည်၊ ထိုအချိန်ကား တကယ် အသုဘ ရှုခြင်းဖြစ်သတည်း။

## မျက်မြင်သံဝေဂ

'လူတို့ရဲ့ ကိုယ်ခန္ဓာဆိုတာ ဝိညာဉ်ကင်းပြတ်သွားတဲ့အခါ ဘာမျှ အသုံး မကျတော့ပါကလား' ဟူသည်ကို မိမိစိတ်အာရုံတွင် ပိုင်ပိုင်နိုင်နိုင် အမြင်ရလာ သည်။

'ဝိညာဉ် တင်းလင်းရှိနေခိုက်၌သာ သွားလာလှုပ်ရှားလျက် လူရယ်လို့ အမှတ်ပြုနေကြရခြင်းပါ၊ ခေတ်လေးပါးပေါင်းစုပြီး ဖြစ်တည်နေကြတဲ့ ရုပ်ခန္ဓာ အားလုံးဟာ ဘိဇ္ဇနသဘောချည်းသာပါ၊ လွန်ဆန်လို့မရနိုင်ကြဘူး၊ ဖရိုဖရဲ ပြိုကွဲပျက်စီးသွားရခြင်းသာ အဆုံးရှိကြတယ်ဆိုတာ ယခုငါ၏ရှေ့တွင် ဦးစန္ဒော

ကို လက်တွေ့မြင်နေရပြီမဟုတ် 'လော' ဟူ၍ မိမိကိုယ်ကိုဆုံးမသလို စိတ်ထဲက ပြောဆိုရင်း ထိတ်လန့်သလို ကြက်သီးများထလာသည်၊ သံဝေဂရခြင်းလည်း အတော်ပြင်းစွာ ဖြစ်ပေါ်လာသည်။

## သံဝေဂ အမြင်ဉာဏ်

ဆက်လက်၍ 'မိခင်ဝမ်းမှ ဖွားမြောက်ပြီးနောက် အမိနို့ရည်ဖြင့် ကြီးပွားလာခဲ့သော ဦးစန္ဒော၏ ရုပ်ခန္ဓာ နှစ်ခါလည်ကျော် နို့ခွဲချိန်မှစ၍ ထမင်း, ဟင်း, ဆန်ပြုတ်, မုန့်ခဲဖွယ် ဘောဇဉ်နှင့် သစ်သီး ကြီးငယ်တို့ကြောင့် ကြီးထွားလာခဲ့ရသော ဦးစန္ဒော၏ ရုပ်ခန္ဓာသည် ယမန်နေ့ကွင် ဝိညာဉ် ကင်းပြတ်သွား၍ အသုဘကောင် ဖြစ်နေခဲ့ရာ ဤယနေ့တွင် ပျက်စီးယိုယွင်းပျောက်သွားမည့် ရှာမရပြီ' ဟူ၍ တရားအမြင်ဖြင့် စိတ်ထဲကညည်းတွားရင်း 'ငါတို့၏ ရုပ်ခန္ဓာသည်လည်း ဤပုံဤနည်းအတိုင်း ဖြစ်ကြရမည်သာတည်း' ဟူ၍လည်း ဆင်ခြင်လိုက်မိသည်၊ ဤကား စစ္စဦး အသုဘ ရှုခြင်း အပိုင်းတည်း။

## တစ်ကြိမ်အမြင် ပေါက်ထားလျှင်

ဤသို့ပင်လျှင် အခြားမြို့ စာသင်တိုက်တို့၌ လှည့်လည်၍ နေခဲ့ရစဉ် အခါ၌လည်း သီတင်းသုံးဖော်တို့ ပျံလွန်၍ ကူညီဆောင်ရွက် ပေးခဲ့ရသည်မှာ အကြိမ်ကြိမ်ကြုံခဲ့ရ၏၊ တွေ့ကြုံ၍ ရှုမြင်ရသမျှ ဈာပနများကို တစ်ချိန်၌ ပိုင်နိုင်စွာ ရှုမြင်ထားလျှင် ကောင်း၏၊ ရှုမြင်ထားဖူးသော ကျေးဇူးကြောင့် ဤအရှင်သည် အသုဘတရားကို ထင်မြင်လွယ်သည်၊ စိတ်ဝင်စား၍ နှလုံးသွင်းကာမျှနှင့် တုန်လှုပ်အောင် သံဝေဂ ဖြစ်ပေါ်လာတတ်သည်။

ထို့နောက် စာသင်သားဘဝမှ လွန်ခဲ့သော စစ်ကြီးကာလ အတွင်း၌ကား အသုဘတွေ ပေါများလွန်း၍ ရှုလို့မဆုံးနိုင်စရာ ဖြစ်လာသည်၊ ရဟန်းပုဂ္ဂိုလ်များရော လူတွေရော ဖြစ်ရပ်ကြောင်းရာ အမျိုးမျိုးနှင့် နေရာဒေသ အမျိုးမျိုး၌ အသုဘမျိုးစုံအောင် ကြုံရတွေ့ရသည်၊ ဤအရှင်သည် ထိုထို အသုဘအများကို အခွင့်အခါသင့်လျှင် တွေ့မြင်ရသမျှ တစ်ခုမကျန် မဟုတ်သော်လည်း အသုဘစိမ်း, ဝိညာဉ်တည်နေဆဲ ရုပ်ခန္ဓာနှင့် မှည့်ပြီး ကြွေပြီး အသုဘ, ဝိညာဉ်ချုပ်သွားပြီး ရုပ်ခန္ဓာများဟူ၍ အမြဲ ရှုနေတတ်သည်၊ မြင်အောင် ကြည့်နေတတ်သည်၊ ထို့ကြောင့် သံဝေဂဆိုသို့ စိတ်အာရုံ ခပ်လွယ်လွယ် ညွတ်ပေးလေတိုင်း 'အသုဘကြီး' ဟူ၍ နက်နက်နဲနဲ ထင်မြင်လာတော့သည်။

## မိမိကိုယ်ခန္ဓာ၌ အသုဘမြင်အောင် ရှုရမည်

ဤအရှင်သည် မိမိ၏ ရုပ်ခန္ဓာကို အသုဘဟု မြင်အောင်ထင်အောင် ကြည့်၍ ဆင်ခြင် နှလုံးသွင်းနေလေ့ ရှိသည်၊ ဤကဲ့သို့ ရှုကြည့် ဆင်ခြင် နေလာခဲ့သော အချိန်ကာလကား နှစ်ပရိစ္ဆေဒတွေ အတော်ကြာညောင်း ခဲ့လေပြီ၊ အချိန်ကာလ ကြာညောင်းခဲ့သောကြောင့် အလေ့အထုံကောင်းစွာ ရလာသည်၊ အထုံရလာ၍ နေရထိုင်ရ ပေါ့ပါးသည်၊ ခန္ဓာကိုယ်ရုပ်နှင့် စပ်လျဉ်း၍ ဝန်လေးဖွယ်ရာဟု ကြံဆနေခြင်း ပူပန်နေခြင်း မရှိတော့သလောက် ချောင်ချိသည်၊ ဖျားနာခြင်း စသော ရောဂါ တစ်စုံတစ်ခုကြောင့် စိုးရိမ်ခြင်း, ပူပန်ခြင်း, စိတ်ဆာရုံမချမ်းမြေ့ခြင်း ဖြစ်ပေါ်မလာပါ၊ 'ဤရုပ်ခန္ဓာဟာ ငါပိုင်ဥစ္စာ မဟုတ်ပါ၊ အသုဘကြီးသာတည်း၊ တစ်နေ့နေ့တွင် စွန့်ပစ်ထားခဲ့ရမှာပါ'ဟူ၍ အမြင်ပိုင်နေပြီ ဖြစ်သည်။

ဤအသိ ဤအမြင် အထုံရလာခြင်းသည် သူတစ်ပါး၏ အသုဘကို လက်တွေ့ အမြင်ပိုင်အောင် ထင်စား ရှုကြည့်ထားပြီး မိမိ၏ ကိုယ်ခန္ဓာကို 'တကယ် အသုဘကြီး အစစ်အမှန်ဖြစ်ပုံ'ကို ဉာဏ်ဖြင့်မြင်အောင် နှလုံးသွင်းကာ အကြိမ်ကြိမ်အထပ်ထပ် ရှုကြည့် ဆင်ခြင်လာခဲ့သောကြောင့် ဖြစ်သည်။

ဤအသိဤအမြင် အထုံရလာခြင်းသည် သူတစ်ပါး၏အသုဘကို လက်တွေ့ အမြင်ပိုင်အောင် ထင်စားရှုကြည့်ထားပြီး မိမိ၏ကိုယ်ခန္ဓာကို 'တကယ်အသုဘကြီး အစစ်အမှန်ဖြစ်ပုံ'ကို ဉာဏ်ဖြင့်မြင်အောင် နှလုံးသွင်းကာ အကြိမ်ကြိမ် အထပ်ထပ် ရှုကြည့်ဆင်ခြင်လာခဲ့သောကြောင့်ဖြစ်သည်။

## ကျမ်းဂန်နည်းနှင့် ရှေးဆရာတော်များနည်း

အသုဘကမ္မဋ္ဌာန်း အမြင်ပေါက်အောင် ရှုကြရာတွင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပြဆိုထားချက် စသောကျမ်းဂန်နည်းနှင့် အာစရိယဝါဒ ရှေးရှေးဆရာတော်ကြီး အစဉ်အဆက်တို့၏ လက်တွေ့ရှုဆင်ခြင်နည်း ဟူ၍ မူရင်းမူဟောင်း လမ်းကြောင်းကြီးများရှိခဲ့သည်၊ ဘယ်နည်းဖြစ်စေ မိမိတို့ကြိုက်ရာ ယူနိုင်ကြသည်၊ သဘောသွားမှာ အတူတူပင်ဖြစ်သည်၊ လမ်းဆုံးတော့ ရွာတွေ့ကြသော နည်းချည်းသာပါ။

ဤအရှင်၏ ဆန္ဒသဘောကိုပြောရလျှင် ဘယ်နည်းမျှမမှားပါ၊ တူရာလိုရင်းကိုကောက်ယူပြောကြလျှင် 'မိမိ၏ကိုယ်ခန္ဓာရုပ်ကောင်ကို နှစ်လက်ဖွယ်ရာမဟုတ်သော အသုဘကြီး' ဟူ၍ ဉာဏ်အမြင်ပိုင်မှုရရှိနေအောင် လုပ်ရသော ကမ္မဋ္ဌာန်း

ကောင်းဖြစ်သည်၊ 'မိမိ၏ရုပ်ခန္ဓာ၌ (အသုဘကြီး)ဟု တကယ် ထင်ထင်ရှားရှား သိမြင်နေသော အခြေရောက်ဖို့သာ လိုရင်းဖြစ်သည်မှတ်ပါ။

## ကမ္မဋ္ဌာန်းနှင့်ဓုတင် တခြားစီ

သတိပြုရန်မှာ လူအချို့က သုသာန်ဓုတင်ဆောက်တည်ခြင်းကို အသုဘ ကမ္မဋ္ဌာန်း (၁၀) မျိုးတွင် တစ်မျိုးပါဝင်သည်ဟူ၍ လည်းကောင်း၊ ကမ္မဋ္ဌာန်း ရှုပွါးခြင်းသဘော ဖြစ်တယ်ဟူ၍လည်းကောင်း ထင်မှတ်ပြောဆိုတတ်ကြသည်၊ 'လူ၏ရုပ်ခန္ဓာကို အသုဘဟုမြင်အောင်ရှုသော ကမ္မဋ္ဌာန်းအလုပ်နှင့် သုသာန်ဓုတင် ဆောက်တည်ခြင်းအကျင့်ကို မရောထွေးစေရပါ၊ ကမ္မဋ္ဌာန်း နှင့် ဓုတင် အကျင့် တခြားစီဖြစ်ကြောင်း ရှင်းစွာနားလည်ထားကြရပေမည်။

## မိမိကိုယ်၌ အသုဘရှုကြည့်နည်း

ကျမ်းဂန်နည်းနှင့် ရှေးဆရာတော်ကြီးတို့၏ နည်းများကို ရဟန်းပုဂ္ဂိုလ် တို့က သိပြီးသူ များကြမည်ဖြစ်သောကြောင့် ဤဆောင်းပါးတွင် ဖော်မပြတော့ ပါ၊ ဤအရှင်၏ ကိုယ်တွေ့နည်းကိုသာပြောပါမည်၊ နည်းကားလွယ်ပါ၏။

ရှုကြည့်နည်းမှာ နေ့အခါဖြစ်စေ၊ ညအခါဖြစ်စေ အိပ်ရာပေါ်၌ ခြေဆန့် လက်ဆန့်၍ ပက်လက်လျောင်းနေခိုက်အခါ မိမိ၏ခန္ဓာကိုယ်တစ်ပြင်လုံးကို မြင် အောင် စိတ်အာရုံဖြင့် ခြုံငုံပြီးကြည့်သည်၊ မျက်စိဖွင့်၍ကြည့်လိုမူ ကြည့်နိုင်သည်၊ လိုရင်းက စိတ်အာရုံဖြင့် ကြည့်ရမည်၊ ကြည့်နေရင်းအချိန်ပိုင်းတွင် 'ဤရုပ်ခန္ဓာ သည် နှစ်သက်ဖွယ်မရှိသော အသုဘကြီးတည်း၊ ဝိညာဉ်ချုပ်သွားသောအခါ ဥတုဇရုပ်ကလာပ်အလောင်းကောင်ကြီးအဖြစ် ကျန်နေမှစ်မည်သာတည်း' ဟူ၍ စိတ်ထဲက ရွတ်ဆိုနှလုံးသွင်းနေသည်၊ စင်စစ် အသုဘရုပ်ကောင်ကြီးဖြစ်ပုံကို ဉာဏ်အမြင်တွင် ထင်ပေါ်လာအောင် ထပ်ကာထပ်ကာ ရွတ်ဆိုဆင်ခြင်နေရသည်။

ရှေးဦးစွာမှာ 'အသုဘသဒ္ဒါ မဟာင့်တယ်ခြင်းဟောသောအနက်ကို မယူ သေးမူ၍' ဝိညာဉ်ချုပ်က လူသေရုပ်အလောင်းကောင်ကြီး ဖြစ်သွားပုံကိုသာ သဘောပိုင်စေရမည်၊ ဤကဲ့သို့ စိတ်အာရုံအမြင်ရနေလျှင် မှီငြိမှတ်ပါ၊ လိုရင်း သဘော အချုပ်မှာ ဤအတိုင်းဖြစ်သည်၊ မတင့်တယ်ခြင်းသဘောတရားက အလိုလို သိမြင်လာလိမ့်မည်။

## ရုပ်ခန္ဓာ၌ တွယ်တာမှုမရှိတော့လျှင်

ဤအရှင်သည် အဘိတ်ဘဝတို့က တရားဓာတ်ခံပါရမီဟောင်းရှိလာခဲ့သော ကြောင့် ထင်ရ၏၊ မိမိ၏ ရုပ်ခန္ဓာကို အသုဘရုပ်ကောင်ကြီးအဖြစ် ရှုကြည့်မိလျှင်

ခက်ခဲခြင်းမရှိပါ၊ နှောင့်နှေးခြင်း, ကြန့်ကြာခြင်း မရှိပါ။ အလွယ်ထင်မြင်လာတတ်သည်။

ပထမတွင် အိပ်နေရင်း စတင်ဆင်ခြင်၍ လေ့လာသည်၊ ဤအဆင့် အမြင်ပေါက်အောင် ယူပြီးမှ နောင်အခါတွင် ရပ်နေဆဲ ထိုင်နေဆဲ သွားနေဆဲ ဣရိယာပုတ်တို့၌လည်း ဆင်ခြင်သည်၊ အရှိန်ရနေပြီဖြစ်သောကြောင့် အချိန်မရွေး ရှုကြည့်လေတိုင်း ဣရိယာပုတ်တိုင်း ချက်ချင်း အလွယ်ထင်မြင်လာသည်၊ အောင်မြင်နေပြီကို သိရသည်။

ထိုအခါ ရရှိသောအကျိုးတရားကား မိမိ၏ကိုယ် ရုပ်ခန္ဓာနှင့်စပ်လျဉ်း၍ ဘာမျှ နှစ်သက်မှုမရှိတော့ပါ၊ နှစ်သက်မှုမရှိသောကြောင့် တွယ်တာမှုလည်းမရှိတော့ပါ၊ တွယ်တာမှုမရှိလေမှဖြင့် စွန့်ပစ်ထားခဲ့ရန် အဘယ်မှာ ဝန်လေးတော့မည်နည်း။

## ငါစွဲအတ္တဒိဋ္ဌိ အလိုလိုကင်းကွာပုံ

အဆိုပါနည်းအတိုင်း နံနက်စောစောတွင် အိပ်ရာမှမထသေးမီ တစ်ကြိမ်၊ မိမိ၏ ကိုယ်ခန္ဓာကြီးကို စိတ်အာရုံမျက်စိဖြင့်ကြည့်၍ အမြင်ပိုင်အောင် ရှုဆင်ခြင်သည်၊ အသုဘရုပ်ကောင်ကြီးဖြစ်နေပုံကို ရုပ်လုံးထင်ထင် ပေါ်လာသည်၊ ဉာဏ်အမြင်တွင် အလင်းရောင် ထိုးပြပေးနေသကဲ့သို့ တကယ်ပိုင်နိုင်စွာ မြင်နေတတ်သည်။

ထိုနောက် ထိုင်နေစဉ်ရှုကြည့်ရာ အလွယ်ပင်မြင်သည်၊ ထင်သည်၊ ရပ်နေစဉ်၌ လည်းကောင်း၊ သွားနေစဉ်၌ လည်းကောင်း ရှုဆင်ခြင်ကြည့်ရာ အလွယ်ထင်မြင်သည်၊ ဣရိယာပုတ်လေးပါးလုံး ဤအမြင် ပေါက်နေပြီဖြစ်သောအခါ 'ငါ့ကိုယ်' ဟူသော သက္ကာယစွဲ မရှိတော့ပါ။ ငါစွဲအတ္တဒိဋ္ဌိ အလိုလို ကင်းကွာသွားလေသည်။

တစ်ဆက်တည်းမှာပင် မိမိပိုင်နေသော ကိုယ်ခန္ဓာမဟုတ်ကြောင်းကိုလည်း ပိုင်စွာ ရှင်းလင်းမြင်နေ၍ အနတ္တဝိပဿနာအမြင်ပါ ပေါက်သွားသည်၊ မမြဲသော အနိစ္စ ဝိပဿနာအမြင်ကိုကား ရှေးဦးစွာကပင် ပါသွားပြီး ဖြစ်သည်။

ဤတရားအမြင် လက်ဆုပ်လက်ကိုင် အပိုင်ရထားပြီးလျှင် ဤဘဝ၌ နိဗ္ဗာန်မရောက်သေးသော်လည်း အပါယ်လေးပါးမှ မုချကေန် လွတ်တော့မည်မှတ်ပါ။

အသုဘရှုသည်ဆိုရာတွင် မိမိ၏ ခန္ဓာရုပ်ကောင်ကိုသာ အသုဘရုပ်ကောင်အဖြစ် ထင်မြင်အောင်ရှုရသည်၊ သူတစ်ပါး၏အသုဘကို ရှုခြင်းအလုပ်ကား ဥပမာတင်စားရန်အတွက်သာဖြစ်ကြောင်း နားလည်ကြရာသတည်း။ ❀

# အသုဘဟု ပိုင်စွာမြင်လျှင် (၂)

## အသုဘထူးတစ်ခု မြင်တွေ့ရပုံ

'ရတနာရှိရာ ရတနာဆိုက်တယ်' ဆိုတဲ့ စကားပုံနှင့်ညီလေမလား မပြောတတ်၊ အသုဘကမ္မဋ္ဌာန်း အမြဲမြင်အောင် ဆင်ခြင်နေလေ့ရှိသော ဤအရှင်ထံသို့ နံနက် မွန်းလတ်ပိုင်း ကျောင်းဆရာကလေးတစ်ယောက် လာရောက်၍ ဒီအနီးအနားၐွ် အသုဘထူးတစ်ခုရှိကြောင်း သတင်းပေးသွား၏၊ 'အသုဘထူး' ဆိုသောကြောင့် အချိန်မဆိုင်း ချက်ချင်း သွားကြည့်လိုက်သည်။

အချိန်မှာ ၁၃၃၅-ခု၊ တပို့တွဲလဆုတ် (၄) ရက်၊ တနင်္ဂနွေနေ့နံနက်ကဖြစ်သည်၊ ဤအရှင် အမြဲနေသောတောင်၏ တောင်ဘက်အောက်ခြေ တောင်နိမ့်ပိုင်း၌ အစိုးရစိုက်ပျိုးရေးဥယျာဉ်ခြံတစ်ခု၌ ခြံအလုပ်သမားများနေသော အစိုးရအဆောက်အအုံ အိမ်ငယ်အတော်များများ ရှိသည်၊ တောင်ကမ်းပါးစွန်းမှ လှမ်းမျှော်ကြည့်လျှင် အပေါ်စီးကကြည့်ရ၍ အနီးကလေးကဲ့သို့ မြင်ရသည်၊လှမ်း၍ အော်ခေါ်လျှင်လည်း ကြားနိုင်သည်၊ အသုဘထူးသည် ထိုအလုပ်သမားများနေကြသော ရပ်ကွက်အတွင်း၌ ဖြစ်၏။

သူတို့နေသော အိမ်ငယ်ကိုပါသိရ၍ ဤအရှင်နေသော တောရကျောင်းတည်ရှိရာ တောင်မြင့်ကြီး၏ ကမ်းပါးစွန်းမှ ခြေကြောင်းလမ်းကလေးအတိုင်း ကွေ့ကောက်၍ ဆင်းရ၏၊ စမ်းချောင်းကြီးတစ်ခုကို ဖြတ်ကူးရ၏၊ ထို့နောက် တောတန်းကလေးအကြား ဆင်ခြေလျှော တောင်နံရံမြေ ခပ်ပြေပြေလမ်းကလေးကို လိုက်သွားပြီးနောက် ရှေ့တွင် ကန့်လန့်ဆီးနေသော ကားလမ်းမကြီးတစ်ခုကို ဖြတ်ကျော်ပြီးလျှင် လူအများစုပြုံရှိနေရာသို့ ရောက်သွားသည်၊ သေသူသည် ဟားခါးမြို့နယ်မှ ချွန်ကျုံးရွာသူ အသက် ၂၂-နှစ်ခန့် စိုက်ပျိုးရေးခြံအုပ်နည်းပြ (ဆရာနီခါး) ၏ ဇနီး (ဝှပ်ထိုင်) ဆိုသူ ဖြစ်သည်။

ထိုခြံအနီးအပါး၌ ရွာကြီးမရှိပါ၊ဖလမ်းမြို့နှင့်ရှင်မိုင်ဝေးကွာသည်၊ရှေ့ဘက် တစ်မိုင်ခန့်အလွန် လုံပီးစိုက်ပျိုးရေးအထက်တန်းကျောင်း ရှိသည်၊ ကျောင်းသားမများပါ၊ အနောက်ဘက်၌ လုံရန်းဂေါ်ရခါးရွာကလေးရှိသည်၊ ထိုပတ်ဝန်းကျင်မှ ရှိစုမဲ့စု ချင်းလူမျိုးများနှင့် ဂေါ်ရခါးများ စုံပြုံရောက်နေကြသည်။

လူမှုရေးထုံးစံအရ တင်းယောက်တစ်လက်နှင့် လူအချို့က ခေါင်းစပ်နေကြသည်၊ လူအချို့က သုသာန်သို့ထမ်းပို့ရန် ထမ်းစင်လုပ်နေကြသည်၊ လူအချို့က ညွှေသည်များအားတိုက်ရန် အိုးကြီးနှင့် လက်ဖက်ရည် ကျိုချက်နေကြသည်၊ ဝေယျာဝစ္စ လုပ်စရာရှိသမျှ ကူညီဆောင်ရွက်လျက် ရှိကြသည်၊ လူအချို့မှာ ဘာအလုပ်မျှ လုပ်စရာမရှိသော်လည်း မသာပို့ရန် လာရောက်ထိုင်နေကြသည်။

## မသာအိမ်ပေါ်၌ မြင်ကွင်း

ဤအရှင်သည် ကာယကံရှင်ဖြစ်သော ဆရာနီခါးကို ဘုန်းကြီးလာကြောင်း ပြောစေရာ လူရွယ်တစ်ယောက်က အပြေးသွား၍ ခေါ်ယူလာသည်၊ ကာယကံရှင်က လေးလေးစားစား ကြိုဆိုသည်၊ စကားအနည်းငယ်ပြောဆိုကြပြီး အသုဘရှိရာ သူနေသောအိမ်ပေါ်သို့ ဖိတ်ခေါ်၍ သွားကြသည်။

အိမ်ပေါ်၌ မိန်းမကြီးတွေချည်းပြွတ်သိပ်အောင် ထိုင်နေကြရာ စကားမပြောကြ၊ တိတ်ဆိတ်လျက် သေသူနှင့် တစ်အိမ်တည်း အတူနေခဲ့ဖူးသော ရုံးမင်းစေ၏ဇနီး (ချင်းပန်ချာပီကပြားမ) တစ်ယောက်က 'ကနောင်နူ-ညီမလေးရဲ့' ဟူ၍ အသံထွက်ဆိုမြည်ကာ ငိုယိုလျက်ရှိသည်၊ 'ဘုန်းကြီးသခင်ကြီး ကြွလာတယ်၊ လမ်းဖယ်ပေးကြပါ' ဟူ၍ ယောကျာ်းကြီးတစ်ဦးက အော်ပြောလိုက်လျှင် အားလုံး အရှိအသေဖြင့် သွက်လက်စွာ ဖယ်ပေးရှာကြသည်၊ အသုဘပြင်ထားရာ အနီးသို့ သွားရောက်၍ ရပ်ကြည့်သည်။

အသုဘကား ဤအရှင်၏အမြင်မှာ အဟုတ်ကိုထူးပါသည်၊ သေသူ (ဝှပ်ထိုင်) သည် ယောကျာ်း ဆရာခါနီးက သူ့အားဝယ်ပေးထားသော ကောင်းမွန်လှပသည့် အဝတ်တန်ဆာများကို အပြည့်အစုံ ဝတ်ဆင်ထားသည်၊ မြင်ရပုံမှာ ပရိသတ်အလယ်၌ အခုထွက်တော့မည့် ဒေဝြီမ့်မင်းသမီးတမျှ မိတ်ကပ်ပေါင်ဒါတွေ ဖွေးနေအောင်လိမ်းထားပြီး နှုတ်ခမ်းဆိုးဆေးပါ ဆိုးထားသည်၊ လှပသစ်လွင်သော နိုင်လွန်ပဝါကလေးကို ခေါင်းပေါ်သိုင်းခြုံကာ မေးအောက်၌ ခွေထိုးကလေးစည်းလျက် ပရိသတ်အလယ်တွင် မခို့တရို့ကလေး ဟန်ပါပါ အိပ်စက်ပြနေသကဲ့သို့ ရှိဘိသည်။

ထိုအနီး၌ထိုင်၍ငိုနေသူ၏ ပုံဟန်ကား ရုပ်ရှင်ထဲက သရုပ်ဆောင်ငိုပြနေသူနှင့်တူသည်ဆိုရမည်ထင်၏၊ တစ်နည်းအားဖြင့် ငိုသူမရှိသောမသာဖြစ်၍ ငိုသူရှိပါစေသဘောမျိုးနှင့် အားနာပါးနာ ညွှတ်သည်မသာကို တစ်စုံတစ်ယောက်က ဝင်၍ ငိုပြနေပုံနှင့်တူဘိ၏၊ အသက်ဝင်ခြင်းမရှိပါ၊ ခြောက်ကပ်ကပ်နှင့် ကြားရသူ မြင်ရသူအားလုံးကပင် ဟန်လုပ်ငိုနေတာပါဟူ၍ သိကြမည်ထင်ရ၏။

## ဟိုသူသည်သူတွေက ပြောဆိုပြကြသံ

ဤအရှင်သည် ချင်းစကားတတ်၍ ချင်းလူမျိုးတို့ပြောဆိုကြသောစကားသံတွေကို နားလည်၏၊ အပြန်အလှန်စကားပြောကြလျှင် သူတို့က ချင်းစကားနှင့်သာ ပြောလေ့ရှိကြသည်၊ သေသူကို ပြောဆိုကြရာတွင် 'စနေနေ့ညနေ

မှောင်ရီပြီးသော ညဦးပိုင်းအချိန်တွင် ကွယ်လွန်သွားသည်၊ သူ၏ မိဘများရှိရာ မိုင်(၂၀)ကျော်ဝေးသော ဟားခါးနယ်မှ (ချွန်ကျုံး)ရွာသို့ ကျောင်းသားများက ညချင်းပေါက် သွားရောက်သတင်းပေးကြ၍ ယခု အမြန်လိုက်ပါလာနေကြပြီဖြစ်ကြောင်း၊ သူတို့ဆိုက်ရောက်လာလျှင် ယနေ့မွန်းလွဲပိုင်းအချိန် မြေမြှုပ်သင်္ဂြိုဟ်ကြမည်ဖြစ်ကြောင်းသိရ၏။

ဘယ်ပုံဘယ်နည်းသေသွားကြောင်းကိုလည်း ဆရာနီခါးက ပြောပြသည်၊ ထို့ပြင် နောက်ဆက်တွဲ သတင်းများလည်း ဟိုသူသည်သူတို့က တစ်ယောက်တစ်မျိုးပြောပြကြလေရာ (အသုဘထူး)ဟု ဆိုလောက်အောင် သတင်းစုံကြားခဲ့၏၊ ဗုဒ္ဓဘာသာလူမျိုးတို့နေကြသော ရပ်ကွက်ဖြစ်လျှင် ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါးက အလွန်ရင်းနှီးသော ဆွေမျိုးရင်းခြာမဟုတ်လျှင် အသုဘာမေးရန်သွားရောက်လေ့ ထုံးစံမရှိကြပါ၊ ဤချင်းဒကာတို့သည် ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြပါ၊ တစ်ရွာတည်း သားတွေလည်း မဟုတ်ကြပါ၊ နယ်စုံရွာစုံမှ ပုံကျတွေ့လူမျိုးစုံတွေ ဖြစ်ကြသည်၊ ဗုဒ္ဓဘာသာဝင် မဟုတ်ကြသော်လည်း ဤအရှင်နေသော တောရကျောင်းနှင့် နေရာချင်းနီးသောကြောင့် ရင်းနှီးပြီး ခင်မင်နေကြသည်၊ ဆရာဒကာဖြစ်နေကြရသည်။

ဗုဒ္ဓဘာသာဝင် တပည့်ဒကာအနေမျိုးဖြင့် ကိုးကွယ်နေကြခြင်း မဟုတ်သော်လည်း ဤအရှင်ကို မှီခိုထိုက်သော ပုဂ္ဂိုလ်ကြီးတစ်ပါးအနေဖြင့် အားကိုးကြသည်၊ ရိုသေလေးစားချစ်ခင်ကြသည်၊ ဘုန်းကြီးက သူတို့အားထားရာ မှီခိုရာ ဆရာအဖြစ်မျိုး ရောက်နေသည်၊ သို့သော် နိုင်ငံခြားဘာသာယူထားကြ၍ ရှိခိုးခြင်းမရှိ၊ ဆက်ဆံမှု ခြားကြသည်။

ဤနေရာမျိုးတွင် ဤအရှင်က သဘောတရားကို နားလည်ပါသည်၊ တိုင်းရင်းဗုဒ္ဓဘာသာယဉ်ကျေးမှု မရောက်သေးသော မြန်မာတို့၏ ယဉ်ကျေးမှုမပြည့်စုံနိုင်သေးသော ဒေသအလျောက် လူမှုဆက်ဆံရေး ယဉ်ကျေးမှုအရ သနား၍ ငဲ့ညှာထောက်ထားသည့် အနေဖြင့် ဘုန်းကြီးက နားလည်မှုယူကာ သွားရောက်ကြည့်ရှုမေးမြန်းခြင်း ဖြစ်သည်၊ ကာယကံရှင် ဆရာနီခါးကိုလည်း စိတ်ပြေလက်ပျောက်နေသော ထိုင်သာဖြစ်စေရန် အထိုက်အလျောက် တရားစကားဖြင့်နှစ်သိမ့်စေခဲ့သည်။

ဤကား လူအများမြင်နိုင်သော ကာယဝိညတ်, ဝစီဝိညတ်ပိုင်းတည်း၊ ထို့ပြင် လူအများမမြင်နိုင်သော အတွင်းငုပ်သည့် အချက်ရှိသည်၊ ၎င်းအချက်ကား အသုဘထူးဖြစ်ပုံကို အသုဘရှိုးရှိုးနှင့် နှိုင်းယှဉ်ကြည့်ရှုရန်လာခြင်းဖြစ်သည်။

## ကြိုတင်ပြင်ဆင်ခဲ့ပုံ

အသုဘထူးဟူ၍ ပြောကျန်ရစ်လောက်အောင် ကြိုတင်ပြုမူပုံမှစ၍ ထူးပါသိတောင်း၊ မနေ့က နံနက်စာထမင်း သူကိုယ်တိုင် စိတ်ကြိုက်ချက်စားသည်၊ ပြီးလျှင် လှပအောင် ဖြီးလိမ်းဝတ်စားဆင်ယင်၍ ရှစ်မိုင်ဝေးသော ဖလမ်းမြို့သို့ ခြေကျင်သွားသည်၊ အသွားအပြန် (၁၆) မိုင် ခရီးမှ ရယ်ကာပြုံးကာမမောမပန်းပြန်းခဲ့သည်၊ ဖလမ်းမြို့၌ ခင်မင်ရင်းနှီးသောသူ၏ မိတ်ဆွေအများကို တစ်အိမ်ဝင်တစ်အိမ်ထွက် ရယ်ကာပြုံးကာနှင့် လှည့်လည်နှုတ်ဆက်သည်၊ နှုတ်ဆက်စကားအားရအောင်ပြော၍ အပြန်ခရီးတွင်လည်း တွေ့ဆုံရသောမိတ်ဆွေများကို ကြော့ကြော့မော့မော့ဟန်ပန်နှင့် ရယ်ကာပြုံးကာ နှုတ်ဆက်သည်။

အိမ်ပြန်မရောက်သေးခင် အနီးအပါးအိမ်များသို့ သွားရောက်၍နှုတ်ဆက်လိုက်သေးသည်၊ နှုတ်ဆက်ခြင်းကိစ္စ အားလုံးကျေနပ်ပြီးဆုံး၍ အိမ်ပြန်ရောက်လျှင် ညစာအတွက် ထမင်းဟင်းချက်သည်၊ လက်ဖက်ရည်ကျိုသည်၊ ပြီးလျှင် ရေချိုးသည်၊ သူမ၏ကိုယ်ကိုလှပအောင်ဖီးလိမ်းပြင်ဆင်သည်၊ မျက်နှာကိုမိတ်ကပ်ပေါင်ဒါတွေ ဖွေးဖွေးဖြူနေအောင် လိမ်းခြယ်သည်၊ နှုတ်ခမ်းနီဆိုးသည်၊ သူ၏စိတ်ကြိုက် အလှပဆုံးအဖိုးတန်ဆုံး အဝတ်သစ်များကို ရွေးချယ်ဝတ်ဆင်သည်၊ မှန်ကြည့်သည်၊ အားလုံးကျေနပ်အောင်ပြင်ဆင်ပြီးခါမှ သေသွားခြင်း ဖြစ်သည်။

ရိုးရိုးအနာမျိုး (၈၇)ပါးကြောင့် သေခြင်းတော့မဟုတ်ပါ၊ ကြွက်သတ်ဆေးမှုန့်ကို သူ့ဘာသာသူသောက်၍ သေသွားခြင်းဖြစ်သည်ဆို၏၊ သေချင်လျှင် လွယ်လွယ်သေနိုင်သော ခေတ်မီနည်းကို သူမကြားသိထားပြီး ဖြစ်ဟန်တူသည်။

နောက်ဆက်တွဲသတင်းတစ်ခုတွင် သူမ၏ယောကျ်ား (နီခါး) စားရန် ချက်ထားပြီး ထမင်းဟင်းနှင့် လက်ဖက်ရည်အချို့များတွင် ကြွက်သတ်ဆေးမှုန့်တွေ အပြည့်ခတ်ထားခဲ့သည်၊ ဆန်အိုးတွင်လည်း ဖြူးထည့်ထားခဲ့သည်၊ဆီတွင်ဆားတွင်ကော်ဖီမှုန့်ဘူးတွင်လည်း သေနိုင်သောဆေးမှုန့်တွေ အကွက်စေ့အောင် ထည့်ထားပစ်ခဲ့သည် ဆို၏။

### ခေတ်ပေါ် သေမင်းတွေ

ဖော်ပြပါ ဤသူမကဲ့သို့ သူ့ကိုယ်သူ သေစေရန် ကြွက်သတ်ဆေးသောက်၍ သေသွားဖူးသူ ဘာသာရေးတရားဟောသူဆရာတစ်ဦး ကြားရဖူး၏၊ အဆိုပါ စိုက်ပျိုးရေးဥယျာဉ်နှင့် ၂-မိုင်ကျော်ကွာ အရှေ့ဘက်တောင်စွယ် ကမ်းပါးယံပေါ်၌ လှမ်းမျှော်ကြည့်လျှင် အနီးကလေးကဲ့သို့မြင်ရသော 'မှန်ပီးရွာ' ရှိသည်၊

လွန်ခဲ့သော ၄-နှစ်ကျော်က အဆိုပါရွာတွင် သေသွားဖူးသော လူတစ်ယောက် အကြောင်းကို သူတို့အားလုံး ကြားသိထားကြပြီး ဖြစ်သည်။

ဖြစ်ရပ်ကား အဆိုပါ မှန်းပီရွာသား အသက် ၄၀-ရွယ် သားသမီး သုံးယောက်၏ဖခင်အိမ်ထောင်ရှင် လခစား နိုင်ငံခြားဘာသာရေးတရားဟောဆရာ (မန်စဲဝူး) ဆိုသူ ဖြစ်သည်၊ မန်စဲဝူး တရားဟောဆရာအလုပ်တာဝန်ဖြင့် ရွာအများသို့ လှည့်လည်ကာ ဘာသာရေးတရားဟောလာခဲ့ပြီးနောက် စိတ်ဖောက်ပြန်သလို ဖြစ်ကာ အိမ်ပြန်ရောက်လာသည်၊ စောဒကတက်၍ မေးမြန်းကြသူတွေကြောင့် စိတ်ရှုပ်လာသည် ဆို၏။

တစ်ခုသော တနင်္ဂနွေနေ့၏ မွန်းလတ်ပိုင်းအချိန်တွင် ဘာသာရေးဝတ်ပြုကျောင်းမှ အိမ်ပြန်ရောက်လျှင် ကျမ်းစာအုပ်တစ်ခုကို စူးစိုက်ကြည့်နေသည်၊ သူ၏ဇနီးနှင့် ကလေးငယ်များ တခြားအိမ်သွားနေကြ၍မရှိခိုက်တွင် ကျမ်းစာအုပ်ကြည့်နေရင်းက စိတ်အကြံတစ်ခုဝင်ကာ ကြွက်သတ်ဆေးမှုန့်ကို ဇွန်းနှင့်ကော်ယူသောက်ထည့်ပြီး သေမည်ဟု မည်သူမျှမသိလိုက်ကြဘဲ လတ်တလော သေသွားလေသည်၊ ဆေးမှုန့်ကိုသောက်မည့်ဆဲဆဲတွင် သူ၏အနီး၌ရှိသော(၁၀)နှစ်ရွယ်သားကလေးတစ်ယောက်က 'အဖေ-အဲဒါတွေမသောက်ပါနဲ့၊သေသွားလိမ့်မယ်' ဟူ၍ စိုးရိမ်ကြီးစွာနှင့် တားမြစ်ရှာပါသေး၏၊ သေထိုက်သူဖြစ်နေ၍ မရချေ၊ 'ကိစ္စမရှိပါဘူး၊ ငါ့ဝမ်းထဲမှာ သန်ကောင်တွေများနေလို့ ငါ့စိတ် မကြည်လင်ဖြစ်နေတယ်၊ သူတို့သေကြပါစေ' ဟူ၍ ပြောပြောဆိုဆိုနှင့် သောက်ချလိုက်ပြီး ပါးစပ်ထဲက အမြှုပ်တွေထွက်လာကာ ချက်ချင်း သဲကျသွားသည်၊ ထိုအခိုက် သားကလေးက အော်ငိုရင်း (ကနူး) အမေဟု ခေါ်ဆိုသံကြား၍ သူ့ဇနီး အမြန်ပြေးရောက်လာတော့ စကားမေး၍ မရတော့ပါ၊ ရွာလူအများ စုပြုံရောက်လာကြလျှင် သေပြီးသွားလေပြီ။

## သေမင်း၏စစ်အခြံအရံတွေ

ဓမ္မပဒပါဠိတော်၌ 'မဟာသေနေန-များသော စစ်သည်အခြံအရံရှိသော၊ တေန မစ္စုနာ- ထိုသေမင်းနှင့်၊ နော-ငါတို့အား၊ သင်္ကေတ-အချိန်းအချက်စကားဆက်သွယ်၍ထားခြင်းသည်၊ န ဟိ-န ဧဝ ဟောတိ၊ မရှိသည်သာလျှင်တည်း' ဟူ၍ ဆိုထား၏။

ယခုခေတ်ကာလတွင် ကြွက်သတ်ဆေးတွေ လွတ်လွတ်လပ်လပ်ကြီး ဖြန့်ဝေပေးထားကြလေရာ ကြမ္မာငင်ချင်သူတို့အဖို့ မိမိ ကိုယ်တိုင်သတ်သေရန်လွယ်နေကြသည်၊ 'ကြွက်သတ်ဆေးက လူတို့၏သေမင်းဖြစ်နေသောကြောင့် များသောစစ်အခြံအရံရှိသော သေမင်းသည် သူပါတည်း' ဟူ၍ နားလည်ထားကြရပေမည်။

ကြွက်သတ်ဆေး အဖြူနှင့် အမည်းနှစ်မျိုး ရှိရာတွင် အမည်းမျိုးသည် အပြင်းထန်ဆုံးဖြစ်၍ သောက်မိလျှင် ဆေးကုစားမရတော့ဟု ပြောကြ၏၊ သို့ရာတွင် လူအားလုံးအတွက် ကြောက်လန့်စရာ မဟုတ်ပါ၊ မိမိကိုယ်ကို တစ်နည်းနည်းဖြင့် သတ်သေသွားကြ သူများသည် ရှေးအတိတ်ဘဝတို့က သူတစ်ပါးကို သေစေခဲ့ဖူးသော ကံဟောင်းကြောင့် ဝဋ်ကြွေးဆိုက်ခံကြရခြင်း ဖြစ်သည်၊ ရှေးတစ်ချိန်ချိန်ဆီက မိမိက နွားသတ်၊ ကျွဲသတ်၊ ဝက်သတ်၊ ကြက်သတ်၊ ဆိတ်သတ်၊ ဖားသတ်ခြင်းစသော ပါဏာတိပါတ ကံဟောင်းတို့ကြောင့်ဖြစ်သည်။

## ကံဟောင်း၏လက်ချက်

လက္ခဏာပညာဖြင့်ကြည့်တတ်လျှင် သူ့ကိုယ်သူ သတ်သေရမည့် သူသည် မွေးလာကတည်းကပင် သူ၏ လက်ဖဝါးပြင်၌ အမှတ်အသား လက္ခဏာလမ်းကြောင်းထင်ရှားပါရှိပြီး ဖြစ်သည်၊ ထိုကဲ့သို့သော ဝဋ်ကြွေးဆိုက်ရမည့် သူသည် လူတစ်ထောင်တွင် တစ်ယောက်မရှိပါ၊ တစ်သောင်းတွင် တစ်ယောက် မရှိပါ၊ လူတစ်သိန်းတွင်လည်း တစ်ယောက်မရှိနိုင်ပါ။

'သူပြုခဲ့သောမကောင်းမှုကံသည် သူ၏ထံသို့ပြန်ဆိုက်ခြင်းဖြစ်ရာ ကြိုးကွင်းထောင်၍ သတ်ခဲ့ဖူးသူက ဆွဲကြိုးချ သေချင်လာတတ်သည်၊ အဆိပ်ခတ်သတ်ခဲ့ဖူးသူက အဆိပ်သောက် သေချင်တတ်သည်၊ လက်နက်တင်စုံတစ်ရာဖြင့် သတ်ခဲ့ဖူးသူက လက်နက်ဖြင့် သက်သေချင်တတ်ကြမြဲဖြစ်သည်၊ 'ဝဋ်နှင့်ကြမ္မာ မလွတ်သာ' ဆိုသောစကားသည် သူပြုထားပြီးကံ သူသာခံရမြဲဟူ၍ ပြောခြင်းဖြစ်သည်။

ထိုသို့သော ဝဋ်ကြမ္မာဆိုးကို ကြောက်ကြလျှင် သူတစ်ပါးကိုသေကြောင်း မကြံကြနှင့်၊ 'နွားသတ်၊ ကျွဲသတ်၊ ဝက်သတ်၊ ကြက်သတ်စသော တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း, ညှဉ်းဆဲခြင်းအမှုဆိုးကို ငါကိုယ်တိုင်မလုပ်၊ သူတစ်ပါးလည်းမခိုင်းစေ၊ ငါတော့ ဒီနေ့မှစ၍ လွတ်အောင်ရှောင်ကွင်းမည်'ဟူ၍ မိဋ္ဌာန်ချက်ထားကာရှောင်ကြရာသည်။

ဝုပ်ထိုင် နှင့် မန်စဝူး'တို့သည် ဝဋ်ကြွေးဆိုက်ခြင်းကြောင့် သေချင်စိတ်ဖြစ်ကြရခြင်းကို နားလည်နိုင်၏၊ အသုဘထူးဖြစ်ရသော (ဝုပ်ထိုင်)သည် ကြွက်သတ်ဆေးသောက်ပြီးလျှင် အန်ချလိုက်၍ ချက်ချင်းမသေပါ၊ ဗိုက်ထဲကနာသည်ဟု ပြောဆိုချင်း အိမ်တွင်းအိမ်ပြင်၌ သွားလာလှုပ်ရှားနေနိုင်သေးသည်၊ သူအန်ချလိုက်သောအန်ဖတ်ကို ကြက် ၄-ကောင်က ကောက်စားကြရာ ၄-ကောင်စလုံးသေသွားကြသည်၊ တစ်ဖန် ကြက်သေကိုစားမိသော ကြောင်တစ်ကောင်လည်းသေသွားသည်ဆို၏၊ ညှိမျှဆိုးသော ဆေးပါတည်း၊ ထိုအရာတို့ကိုထောက်

ထား၍ စိုက်ပျိုးရေးနည်းပြဆရာနီခါးသည် သူ့ဇနီးက သူ့အတွက်ပြင်ပြင်ထားခဲ့သော ထမင်းဟင်း, လက်ဖက်ရည်, ဆန်, ဆီ စသည်အားလုံး မြေအောက်တွင်း၌ သွန်ချဖျောက်ဖျက် လိုက်သောဟူ၏၊ ဤကား စကားအလျဉ်းသင့်၍ လူအများအား သတိသားထိုက်သောကြောင့် ဖော်ပြခြင်းဖြစ်သည်။

## ရုပ်လောကနှင့်နာမ်လောက

လူတစ်ကိုယ်တွင် လောကကြောင်းနှင့် ခွတ်ခွဲ၍ ကြည့်တတ်လျှင် ရုပ်လောကနှင့် နာမ်လောကဟူ၍ လမ်းကြောင်းကြီး ၂-ခု ပေါ်ထွက်လာသည်၊ လူ၏ကိုယ်ခန္ဓာဟု ခေါ်ဆိုနေကြသော ရုပ်ဒြပ်ကြီးတစ်ခုလုံးသည် ရုပ်လောကဖြစ်သည်။

ဤခန္ဓာကိုယ်၌ ယှဉ်တွဲဖြစ်ပေါ်နေသော မမြင်ရသည့် စိတ်နှင့်စေတသိက်များသည် နာမ်လောကဖြစ်သည်၊ ကျမ်းဂန်သုံးစကားဖြင့် 'ရုပ်နာမ်'ဟု ခေါ်ဆိုကြ၏။

လူတစ်ကိုယ်တွင် လောကနှစ်ခုပေါင်းစပ်ထားခြင်းဖြစ်လေရာ နာမ်လောကသည် ကောင်းကျိုးနှင့်ဆိုးကျိုး ၂-တန်ကိုဖန်ဆင်းနေသူ ဖြစ်သည်၊ လူတိုင်း၏ နာမ်လောကသည် ဦးဆောင်နေသူ၊ ဖန်တီးနေသူ၊ အရာရာကို စေခိုင်းနေသူ အာဏာရှင်ဆရာကြီးဖြစ်သည်။ ရုပ်လောကသည် စိတ်ခိုင်းရာကို လုပ်ဆောင်ပေးနေရသော နောက်လိုက်အစေခံကျေးကျွန် ဖြစ်သည်၊ နာမ်လောက၏ စေစားရာအရာခပ်သိမ်းကို လိုက်နာလုပ်ဆောင် ပေးနေရသော ကျေးကျွန်ဖြစ်ပုံကို အမြင်ရှင်းစွာကြည့်တတ်ရမည်။

## နွားနှင့်လှည်းပမာ

တစ်နည်းအားဖြင့် နာမ်လောကသည် နွားနှင့်တူ၍ ရုပ်လောကသည် လှည်းနှင့်တူ၏၊ လှည်းသည် အသက်မရှိ၊ အသက်ရှိသော နွားကဆွဲဆောင်သွားရာသို့ လိုက်ပါရမြဲ ဖြစ်သည်၊ ထိုပုံစံနည်းတူပင် ရုပ်လောကသည် အဝိညာဏကသစ်သားလှည်းနှင့်တူ၏၊ နာမ်လောကသည် အသက်ရှိသောနွားနှင့်တူ၍ လိုရာဆွဲယူရုန်းဆောင်သွားကြသည်။

## လူတို့၏ဘဝဆိုသည်မှာ

ဤလောကနှစ်ခု ယှဉ်တွဲ၍ ပေါင်းစပ်နေခိုက်၌သာ လူတစ်ကိုယ်ဖြစ်နေသည်၊ ခွဲခွာသွားကြလျှင် လူမဟုတ်တော့ချေ၊ လောကနှစ်ခုတွင် တစ်ခုခုက ချို့

ယွင်းပျက်စီးသွားခဲ့လျှင် ကျန်တစ်ခုဘည်းရပ်တည်မနေနိုင်ပါ၊ ရပ်တည်မနေနိုင်၍ ပျက်စီးပြီး ပျောက်လွင့်သွားကြမဲဖြစ်၏၊ ကိုယ်ခန္ဓာအတွင်း ရောဂါတစ်စုံတစ်ခု ဝင်ရောက်လာ၍ ရောဂါထွက်သွားအောင် ကျန်းမာလာအောင် ပြုပြင်ပေးရခြင်းသည် ရုပ်လောက မချို့ယွင်းစေရန် တာရှည်တည်တံ့နေစေရန်အတွက် ဖြစ်သည်။

လူ၏တစ်ဘဝတာကို ခြုံ၍ကြည့်လိုက်လျှင် အဆိုပါလောကနှစ်ခု ပေါင်းစပ်၍ဖြစ်တည် နေခိုက်အတောအတွင်းသာ တစ်ဘဝဖြစ်သည်ကို မြင်ကြရပါလိမ့်မည်၊ လောကနှစ်ခု ကင်းကွာသွားသောအခါ ဘဝတစ်ခု အဆုံးသတ်လိုက်ကြရသည်။

## နွားတစ်ကောင်တပ် လှည်းမောင်းသွားပုံပမာ

အဆိုပါလောကနှစ်ခု၏ သဘောတရားကို အခြေခံနားလည် ထားကြရပေမည်၊ အခြေခံကို ပိုင်စွာနားလည်ထားလျှင် 'ငါတို့၏ ရုပ်လောက တစ်ခုကို ငါတို့၏ နာမ်လောကတစ်ခုက အရာရာဦးဆောင် ဖန်တီးနေတာကိုး' ဟူ၍ ပုံမှန်သဘောတရားကို ရှင်းစွာနားလည်လာလိမ့်မည်။

ဤဆောင်းပါးသည် လူအကြောင်းကို ဦးတည်ရေးခြင်းဖြစ်၍ လူတစ်မျိုးတည်းသာ ခေတ်ခွဲပြသွားပါမည်၊ တို-သူ-ငါအားလုံး လောကနှစ်ခု ပေါင်းစပ်နေကြသူချည်းဖြစ်ကြလေရာ (ဘာနှင့်တူသနည်းဆိုလျှင်) ဥပမာအားဖြင့် နွားတစ်ကောင်တည်း တပ်ထားသောလှည်းကို မောင်းနှင်သွားနေကြသူတို့နှင့်တူလေသည်၊ နာမ်လောကသည် နွား၊ ရုပ်လောကသည် သစ်သားလှည်းနှင့်တူပုံကို ထင်မြင်လာအောင်နှိုင်းယှဉ်၍ကြည့်ပါ၊ စိတ်အာရုံတွင် ရှင်းရှင်းမြင်လာလိမ့်မည်။

## နွားတစ်ကောင်တည်းတပ်သောလှည်း

ဤအရှင်သည် တိုင်းနှင့်ပြည်နယ်အနှံ့သို့ ခရီးလှည့်လည် လာခဲ့ရာ နွားတစ်ကောင်တည်းလှည်းတပ်၍ ဝန်ဆောင်ကာ ခရီးသွားနေပုံကို ကချင်တောင်တန်းနယ်၌ ပူဆလင်ကုလားသားအဖတို့ ခရီးသွားနေကြပုံ စတင်တွေ့မြင်ရ၏။

ထို့နောက် မွန်ပြည်နယ် မော်လမြိုင်မြို့အတွင်း ရေစည်တိုက်နေပုံမြင်ရ၏၊ ထားဝယ်မြို့အတွင်း၌ နွားတစ်ကောင် တပ်သောလှည်းကိုအသုံးပြု၍ ရေတိုက်ရောင်းနေကြသော ရေသည်တွေကို အများဆုံးတွေ့မြင်ခဲ့ရသည်၊ ဤတွင် လူတစ်ကိုယ်၏ပုံဟန်ကို နွားတစ်ကောင်တပ်၍ ရေတိုက်ရောင်းချနေကြသောခေတ်မီရေသည်တွေနှင့်တူကြပုံ ဟပ်၍ကြည့်မိသည်။

## လောက ၂-ခုပိုင်ရှင်များ

တစ်နည်းအားဖြင့် တို-သူ-ငါ အားလုံးတို့သည် အဆိုပါလောကကြီး ၂-ခုကို ပိုင်ဆိုင်နေသူများ ဖြစ်ကြသည်၊ တစ်နည်းအားဖြင့် လောက ၂-ခု ပေါင်းစပ်၍ ထိန်းကျောင်းနေကြရသော နွားကျောင်းသားများ ဖြစ်ကြသည်၊ မိမိပိုင်သော လှည်းနှင့်နွားကို စနစ်ကျအောင် ကောင်းစွာမွေးမြူထိန်းသိမ်း၍ အသုံးချတတ်ရန်လိုသကဲ့သို့ တို-သူ-ငါ လူအားလုံးက ကိုယ်စီပိုင်လျက်ရှိကြသော လောက ၂-ခုကိုလည်း ကောင်းစွာထိန်းသိမ်းမွေးမြူ၍ စနစ်တကျ အသုံးချတတ်ကြရန် အထူးလိုပါသည်။

မိမိတို့ပိုင်နေကြသော လောက ၂-ခုတွင် ရုပ်လောကအတွက် တာဝန်မများဟူ၍ဆိုရပါမည်၊ ကျန်းမာအောင် ပြုပြင်နေတတ်ကြရန်နှင့် သန့်ရှင်းအောင် ပြုပြင်ပေးတတ်ကြရန်လောက်သာ ဂရုပြုနေသွားလျှင် ဖြစ်၏၊ ဤတာဝန် ၂-ခုကို မမေ့မလျော့ မပေါ့ဆလျှင် ရုပ်တည်သွားနိုင်ကြပါသည်။

အရေးကြီးသည်ကား ဦးစီးမန်နေဂျာဖြစ်သော ဒါရိုက်တာ စိတ်ဆရာဖြစ်သူက ဘဝအားလုံးအတွက် အရာရာတွင် ဦးဆောင်ညွှန်ကြားနေသူဖြစ်သော နာမ်လောကကိုသာ ဘဝတစ်လျောက်လုံးကောင်းကျိုးအတွက် လမ်းမမှားအောင် ပြုပြင်ပေးသွားတတ်ကြရန် အထူးလိုပါသည်၊ စိတ်ကိုပိုင်သူကား သတိတရားဖြစ်၏၊ အရာရာ သတိရှိရှိထားလျှင် မမှားပါ။

အသုဘထူးဖြစ်အောင်လုပ်သွားသော ချင်းမလေး ဝှပ်ထိုင်သည် သူမ၏ရုပ်သွင်ကိုသာ လှပစေရန် ဖြီးလိမ်းခြယ်သ ပြင်ဆင်တတ်ရှာသည်၊ အရေးကြီးသော သူ၏နာမ်လောကကို ကောင်းကျိုးပေးအောင်မထိန်းသိမ်းတတ်၊ ကြည်လင်ချမ်းမြေ့အောင် မဖန်တီးတတ်ရှာပါ၊ သူမ၏ရုပ်လောကကို သူမ၏နာမ်လောကသည်ပင် ဖျက်ဆီး၍ ချေမွပစ်သွားသည်၊ ထို့ပြင် သူမ၏ခင်ပွန်း လင်ယောကျ်ားကိုပါ သူမနှင့်အတူ လိုက်ပါသေရန် ကြံစည်အားထုတ်ခဲ့ပေသေး၏၊ သို့ရာတွင် သေကံမရောက်လျှင် သက်မပျောက်နိုင်၊ ထုံးစံအတိုင်း လက်ဖက်ရည်အချို့တွင် ကြွက်သတ်ဆေးခတ်၍ တိုက်သည်၊ ဆရာနီခါးကမသောက်၍ မသေခဲ့၊ ထိုမျှမက ထမင်းထဲရော ဟင်းထဲရော ခပ်ထားခဲ့သည်၊ ဆန်အိုးထဲကိုပါ ကြွက်သတ်ဆေးတွေ ထည့်ပြီး ရောစပ်မွှေထားခဲ့သေးသည် ဆို၏။

**သို့သော် သေကံမရှိသူမှာ ဘယ်လိုကြိုးစား၍မှ မအောင်မြင်နိုင်ပါ၊ လူတစ်ဦးကို အခြားသူက သေကြောင်း ကြံစည်အားထုတ်သော်လည်း ကြံစည်တိုင်း**

အောင်မြင်သည်မဟုတ်ပါ၊ အတိတ်ကံဝဋ်ကြွေးရှိသူသာ ကြုံစည်အားထုတ်၍ ရသည်၊ အတိတ်ကံဝဋ်ကြွေးမရှိသူကို အခါတစ်ရာ ကြံစည်ကြိုးစားသော်လည်း မရနိုင်ကြောင်း သိမှတ်ကြရာ၏။

ထိုသူမသည် အတိတ်ဘဝမှ ကံဟောင်းဝဋ်ကြွေးရှိ၍ သူ့ကိုယ်သူ သေအောင် ဖန်တီးပြီး သေသွားရခြင်းဖြစ်၏၊ ယခုဘဝ၌ သူမပြုလုပ်သော အကုသိုလ်ကံတော့က နောင်ဘဝများစွာတို့တွင် ဝဋ်ကြွေးပါသွားရာပေဦးမည်၊ အတိတ်ဘဝတို့မှလည်း ဤပုံပြုမှားခဲ့ဖူး၍ ယခုဘဝတွင် ဝဋ်ဆိုက်ရခြင်း ဖြစ်ပေမည်။

ဤဆောင်းပါးဖတ်ရသူများသည် ချင်းမလေးဝှပ်ထိုင်ကဲ့သို့ မမိုက်မှားကြရန် ကိုယ်ပိုင်နာမ်လောကကို ကောင်းမွန်ချမ်းမြေ့ကြည်လင်စွာ ဖန်တီးသွားတတ်ကြပါစေဟူ၍ ဖန်တီးသွားတတ်ကြရန် နည်းမှန်သင်ပြပေးခြင်း ဖြစ်သတည်း။



# အသုဘဟု ပိုင်စွာမြင်လျှင် (၃)

## အသုဘမြင်ကြလျက် မရှုကြပုံ

ဤခေတ်တွင် အသုဘတွေ မြို့ရွာဒေသတိုင်း၌ မကြာမကြာ တွေ့ကြ၏၊ မြင်ရ၏၊ တွေ့ကြုံရ၏၊ တွေ့ကြုံမြင်တွေ့နေကြလျက် အားလုံးကဲ့သို့ လူတွေက 'အသုဘ' ဟု မြင်အောင် ရှုလေ့မရှိကြပါ၊ မြို့ရော တောရွာရော တစ်ထေရာတည်း ဖြစ်ကြသည်။

မြို့ကြီးများ၌ (အသုဘရှုတရားနာ) ခေါင်းစဉ်တပ်လျက် ပုံရိုက်ပြီး ဖိတ်ကြားစာတွေ ပို့လေ့ရှိကြ၏၊ ဖိတ်စာရသူတို့က လူ့လောက လူမှုရေးဝတ္တရားအနေမျိုး ထုံးစံမပျက် အသုဘအိမ်သို့သွားကြပါ၏၊ တကယ် အသုဘရှုအလေ့အထ မရှိကြပါ၊ ရုပ်အလောင်းပြင်ဆင်ထားသော အသုဘခုတင်ကို ခပ်လှမ်းလှမ်းမှ ကြည့်၍ မသာမေးစကားလောက်သာ ပြောကြသည်။

'ဘုရားစူးလွတ်ရုံ အသုဘရှုသူ တစ်ယောက်တလေ ရှိကောင်းရှိလေမလား' မပြောတတ်ပါ၊ အများအားဖြင့် ဝမ်းနည်းခြင်းလောက်သာ သဘောထားကြသည်၊ မြို့ကြီးများ၌ ဝမ်းနည်းကြောင်းစကားကို အလေးထားကာ ထုံးစံကဲ့သို့ ပြောဆိုကြမြဲ ဖြစ်သည်၊ လူအချို့က အနောက်တိုင်းဆန်ဆန် ဝမ်းနည်းသော အထိမ်းအမှတ် သရုပ်ပြအနေဖြင့် အနက်ထည်ဝတ်စုံများကို ဝတ်ဆင်၍ အသုဘပို့ဆောင်ရန် လိုက်ကြသည်၊ ထိုမျှပြုမူပြရလျှင် တာဝန်ကျေပြီဟု ယူဆကာ ကျေနပ်နေကြသော လူတန်းစားများဟူ၍ ဆိုရပေမည်။

ရုပ်ဝေးမိတ်ဆွေများကလည်း 'ဝမ်းနည်းပါတယ်' ဆိုသော စာတိုစာရှည်တွေ ရေး၍ ပို့ကြသည်၊ ဝမ်းနည်းကြောင်း ကြေးနန်းရိုက်ပို့ကြသည်၊ 'လူ့လောကကြီးတစ်ခုလုံး' လူကြီး တစ်ဦး တစ်ယောက် သေလျှင် ဝမ်းနည်းပါကြောင်း ဟူသောစကားဖြင့် သံသရာပြင်ကျယ်၌ တစ်ပြုံကြီး ကျင်လည်နေကြတော့သည်။

ရဟန်းသံဃာများဘက်၌လည်း 'အသုဘရှုကြွတော်မူပါ' ဟူ၍ ပင့်စာအရကြွသွားကြရာတွင် ထုံးစံအတိုင်း 'နာရေးဒါနပြုခြင်း' ဟူ၍ နားလည်ယူဆကာ အလှူခံလိုက်ခြင်း ချီးမြှောက်ရုံလောက်သာ သဘောထားနေလေ့ ရှိကြသည်၊ ဤနည်း၊ဤပုံ ရေလျဉ်ကြောင်း၌ မျောလာခဲ့ကြသည်မှာ ကြာလှလေပြီ၊ ယနေ့တိုင် ထိုနည်းရင်းမှ ကျော်တက်ခြင်း မရှိကြသေးပါ၊ အသုဘအိမ်သို့ သွားရောက်ကြသော်လည်း အသုဘဟု မြင်အောင်ရှုသောပုဂ္ဂိုလ် အတော်ရှားလိမ့်မည် ထင်ရ၏၊ လုံးဝမရှိဟူ၍ မဆိုလိုပါ။

## နည်းရအောင် သင်ပြပေးရန်လိုသည်

မြန်မာပြည်သည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သောကြောင့် ဆရာကောင်း၏တပည့်များပီပီ သူ-ငါအားလုံး သံဝေဂယူတတ်ကြမည်ဆိုလျှင် လူလောကကြီးတစ်ခွင်၌ လူသေအသုဘတွေ အကြိမ်များစွာ တွေ့ကြုံခဲ့ကြရလေပြီ၊ မျက်မှောက်၌လည်း တွေ့ကြုံနေကြဆဲ၊ နောင်အခါ၌လည်း တွေ့ကြုံ၍ သွားနေကြရဦးမည်သာတည်း။

ဤပုံဤနည်းဖြင့်နေကြလျှင် ဘာလုပ်ကြမည်နည်း၊ ဗုဒ္ဓဘာသာလူမျိုးများ ပီပီ 'နည်းကောင်းမှူသေ'တစ်ခု လက်ကိုင်ထားကြရမည်၊ လူသေရုပ်အလောင်းများကို တွေ့မြင်ရလေသမျှ လက်မလွှတ်တမ်း အသုဘဟု တကယ်မြင်အောင် ရှုဆင်ခြင်တတ်ကြဖို့ အလေ့အကျင့် ထုံးစံကောင်းတစ်ခု လုပ်ထားကြရန် လိုပါသည်။

ဤလောကထဲ၌ထားမဖြစ်၍ ဇွန်ပင်လိုက်ကြရမည့် လူသေကောင်မှ ဒဲမြတ်ထုတ်ယူနည်းကား လွယ်ကူပါသည်၊ ကောင်းကျိုးဖြစ်ပေါ်လာအောင် ရုပ်နာမ်လောကကို စက်ဆုပ်ဖွယ်ရာအနေထား၍ နှလုံးသွင်းတတ်ကြရန်သာ ဖြစ်သည်၊ တစ်ဦးတစ်ယောက်က စတင်နည်းပြပေးလိုက်လျှင် အလွယ်နားလည်လာကြပေမည်၊ နောင်အခါ ထုံးစံဘစ်ခုအနေဖြင့် အတုလိုက်လာကြမည်။

စက်ဆုပ်ဖွယ်ရာအသုဘကြီးက တန်ဖိုးမဖြတ်နိုင်လောက်အောင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေနိုင်သော လွယ်လွယ်နည်းလမ်းကောင်းရှိကြောင်း သိစေလိုသည်၊ သိထားကြလျှင် တို့-သူ-ငါအားလုံး အမြတ်ထုတ်ယူတတ်ကြရန် နည်းပေးလိုသောကြောင့် ဤဆောင်းပါးကို ဆက်ရေးခြင်းဖြစ်သည်။

### ငါ အသုဘပိုင်ရှင်

မိမိစိတ်ထဲတွင် ပိုင်ပိုင်သိထားနေကြရန်မှာ 'အသုဘဆိုတာ တခြားသွားရှာနေရန် မလို၊ သူရောငါရော လူအားလုံး၌ရှိနေကြတဲ့ ရုပ်ခန္ဓာကြီးဟာ စင်စစ်စက်ဆုပ်ဖွယ်ရာ အသုဘကြီးသာတည်း၊ 'ဒါပဲ မဘင်္ဂတယ်တဲ့အသုဘ' ဟူ၍ ဉာဏ်အမြင်ပိုင်ရန် ဖြစ်သည်၊ နည်းမှာ မခက်ပါ၊ ဆက်၍ရှင်းပြမည်။

'ငါကိုယ်တိုင်က အသုဘရုပ်ခန္ဓာကြီးကို အသက်ဝင်၍ လှုပ်ရှားနေရတာပါ' ဟူသော သဘာဝကို မြင်အောင်ကြည့်ရှုပေးပါ၊ ဤနည်းတစ်ခုတည်းသာ စွဲစွဲမြဲမြဲ မှတ်ထားရန်ဖြစ်သည်၊ ရှည်ရှည်ဝေးဝေး စာတိုစာရှည်တွေ လိုက်ရှာနေရန် မလိုပါ။

'ငါ၏ ရုပ်ခန္ဓာကိုယ်ကို အသုဘကြီးဆိုတာ မြင်အောင်ကြည့်မယ်၊ တခြားသွားရှာနေရန် မလိုဘူး'ဟူ၍ သဘာဝအကျဆုံးအပိုင်းကို ထပ်ပြန်တလဲလဲသာ

ဆင်ခြင်နေပါ၊ ညဏ်အလင်းရောင် အမြင်ပေါက်လာအောင် ထပ်ကာ ဆင်ခြင်ကြည့်ဖန်းနေပါ၊ နှလုံးသွင်းဖန်များတော့ ပိုင်လာမည်၊ ရက်များများမကြာခင် 'ဩော်-ဟုတ်ပေသား' ဟူ၍ ထင်မြင်လာပြီး ကျေနပ်အားရစွာ ဝန်ခံလာမည်။

## လက်တွေ့ အသုဘရှုကြည့်နည်း

ဆက်၍ပြောမည်၊ အကယ်၍ ညဏ်အမြင်မချလွယ်သူနှင့် အမြင်မပိုင်သေးသူ ဖြစ်နေလျှင် သေလွန်ပြီးသော သူတစ်ပါး၏ ရုပ်ခန္ဓာကောင် အသုဘကို ပိုင်နိုင်စွာ မြင်နေအောင် ရှုကြည့်ပါ၊ ရှုကြည့်နေစဉ် ဤသို့နှလုံးသွင်းပါ။

'လူတို့ရဲ့ ကိုယ်ခန္ဓာရုပ်တရားဆိုတာ အသက်ဝိညာဉ် ချုပ်သွားပြီးသောအခါ ဘာမှ နှစ်သက်ဖွယ်ရာ မရှိတော့ပါကလား၊ စက်ဆုပ်ဖွယ်ရာ အပုပ်ကောင်ကြီးဘဝ ဖြစ်သွားရတာပဲ၊ လူတွေက ရွံရှာကြလို့ ဘယ်သူမှ အနားမကပ်ချင်ကြတော့ဘူး၊ တစ်ဖန်ပြန်၍ ကောင်းလာမှာလည်း မဟုတ်တော့ဘူး၊ တစ်နေ့ထက်တစ်နေ့ ပို၍ပုပ်ရိပြီး ဆွေးမြည့်သွားဖို့သာရှိတော့တယ်၊ ကြည့်နေဖို့လည်းမကောင်း၊ အိမ်ထဲ၌ကြာရှည်ထား၍မဖြစ်တော့တာကြောင့် သုသာန်ထုတ်ပြီး မြေမြှုပ်ပင်လိုက်ကြရတယ်၊ မီးရှို့ပစ်လိုက်ကြရတယ်၊ တကယ်စဉ်းစားကြည့်မိတော့ ငါတို့ရဲ့ ဒီရုပ်ခန္ဓာကောင်ကြီးဟာ ဘာမှ နှစ်သက်ဖွယ်ရာ မရှိပါကလား' ဟူ၍ သူတစ်ပါး၏ ရုပ်အလောင်းကောင်ကိုကြည့်နေရင်း သဘာဝတရားအမှန်ကို စိတ်ထဲက ဆင်ခြင်ရင်း ကမ္မဋ္ဌာန်းအလုပ်၏ အရသာကို တွေ့ရလိမ့်မည်။

အလွန်ထင်လွယ်မြင်လွယ်သော သဘာဝတရားမျိုးဖြစ်၍ ချက်ချင်း ထင်မြင်လာပုံ လက်တွေ့သိကြပါလိမ့်မည်၊ ထိုအခါ အချိန်ကောင်းဖြစ်နေပြီကို နားလည်ပါ၊ အချိန်ကောင်းရ၍ အခြေအနေက တရားပေါက်ရန် အခွင့်သာနေခိုက်တွင် 'ငါ၏ ကိုယ်ခန္ဓာရုပ်ကောင်လည်းပဲ ဒီအတိုင်း ဖြစ်ရမှာပါကောနပဲ၊ ဘာမှမခြားဘူး၊ အသက်ဝိညာဉ်ရှိနေခိုက်မို့ လူရာဝင်နေတာပါ၊ လူရာဝင်နေသော်လည်း စစ်စစ်မှာ လက်ရှိ အသုဘစိမ်းဘဝမှ ရွေ့လျောလျှင် (ကြွေကျပြီးအသုဘ) ဖြစ်သွားတဲ့အခါ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့က စွန့်ပစ်လိုက်ကြသောဘဝသို့ ရောက်သွားရမှာ ဧကန်မလွဲပါ' ဟူ၍ နှလုံးသွင်းရင်း ပိုင်နိုင်စွာ မြင်အောင်ကြည့်ပါ၊ ထင်မြင်နေအောင် ထပ်ကာကြည့်၍ ဆင်ခြင်နေပါ။

ဤသို့ ကြည့်ရှုဆင်ခြင်၍ သဘာဝဖြစ်ရပ် အသုဘရုပ်ကောင်ကြီး သရုပ်ဆောင်နေပုံကို ပိုင်နိုင်စွာသိနေပြီ၊ ထင်မြင်နေပြီဆိုလျှင် အသုဘကမ္မဋ္ဌာန်းရှုခြင်း အောင်ပြီဟု မှတ်ပါ၊ 'ငါအောင်ပြီ-ငါအောင်ပြီ' ဟူ၍ ဥဒါန်းကျူးလိုက ကျူးနိုင်သည်၊ အမှန်ပင် မိမိခရီးရောက်နေပြီဟု နားလည်ပါ။

ဗျာပန ၃–မျိုး မရှိသေးခင် ရှေးခေတ်ဆီက လူတို့သေပြီးလျှင်သင်္ချိုင်း မြေပြင်၌ ပစ်လှင့်၍ထားကြမြဲဖြစ်၏၊ (မြေမြှုပ်ခြင်း, မီးရှို့ခြင်း, ရေမျှောခြင်း) မပြုလုပ်ကြသော ခေတ်ဆီကဖြစ်သည်။ ယသသူဌေးသားသည် လွန်လေပြီးသော ရှေးအတိတ်ဘဝတစ်ခု၌ သုသာန်ပြင်မှ လူသေကောင်များကို ကြည့်ရှုခြင်း အမြင်ပေါက်ထား၍ ယခုဘဝ၌ နောက်ကြောင်းမှ အမြင်တရားက ပြန်ပေါ်ခြင်းဖြစ်သည်။

သူဌေးသားသည် အမျိုးသမီးတွေ အိပ်ပျော်နေကြစဉ် သုသာန်၌ပစ်လှင့်ထားသော လူသေအလောင်းကောင်တွေ နှင့်တူလေခြင်းဟု ဟပ်ကြည့်တတ်အောင် ရှေးအတိတ်ဘဝတို့ဆီက အကြိမ်ပေါင်းများစွာ တွေ့မြင်နေကျ ရှုကြည့်နေကျဖြစ်သောကြောင့် ထိတ်လန့်ခြင်းဖြစ်သည်။

## သံဝေဂအမြင်

ထိုနေ့ ထိုအချိန်တွင် သူမြင်နေရသည်ကား နေ့စဉ်မြင်နေကျကဲ့သို့ လူတွေ အိပ်ပျော်နေကြသည်ဟု မမြင်၊ နှစ်သက်ဖွယ်ရာမရှိ၊ ကြောက်မက်ဖွယ်ရာအတိ၊ စက်ဆုပ်ဖွယ်ရာ သုသာန်မြေပြင်မှ ရုပ်အလောင်းကောင်တွေနှင့် ထပ်တူမြင်နေခြင်းဖြစ်သည်၊ ဤအမြင်မှန်ကြောင့် ရုပ်ခန္ဓာ၌ ရွံကြောက်စရာဟု တရားအမြင် ထင်ရှားဖြစ်ပေါ်လာသည်။

တရားအမြင် ထင်လာလျှင် လူဘဝနှင့် လူတို့စည်းစိမ်ဆိုသော လောကီ အာရုံအရာခပ်သိမ်းကို အလွန်ငြီးငွေ့လာသည်၊ တစ်ခဏချင်းစွန့်ပစ်လိုက်ချင်စိတ် ဖြစ်ပေါ်လာသည်၊ သူ၏ စိတ်သန္တာန်သည် ရှေးအခါနှင့် လုံးဝခြားနားသော လျှင်မြန်စွာ အသွင်ပြောင်းလာသည်၊ ထို့ကြောင့် ငြိမ်းအေးချမ်းသာစေသော နိမိတ်တင်ကာ သမာဓိတရားဝင်လာသည်။

ထိုအခါယသ သူဌေးသားသည် လူလောကနှင့်လူစည်းစိမ်ကို နှစ်သက်မှု တွယ်တာမှု လုံးဝကင်းလာသည်၊ ဤပြာသာဒ်၌ ဤစံအိမ်၌ဆက်လက်၍မနေလို၊ သုသာန်ပြင်ဝယ် လူသေကောင်တွေ အလယ်၌ သူတစ်ယောက်တည်းရပ်တည် နေရသကဲ့သို့ ထင်လာသည်၊ တုန်လှုပ်အောင်ကြောက်ရွံ၍ စက်ဆုပ်ရွံရှာလာသည်၊ အလွန်ငြီးငွေ့လှသောကြောင့် 'အို–အချင်းတို့၊ လူလောကသည် ငါ့ကို နှိပ်စက်လေပြီတကား၊ ငါသည် နှိပ်စက်ခံနေရမှုန်းသိသော လူလောကကို စွန့် အပ်စွတကား'ဟူ၍ နှုတ်မှမြွက်ကာ ဥဒါန်းကျူးလိုက်မိတော့သည်၊ လူလောက ကို ရှောင်ခဲ့ပြီးကဲ့သို့ မှတ်ထင်နေသည်။

ဥဒါန်းကျူးပြီးလျှင် အချိန်မဆိုင်းပါ၊ ချက်ချင်းအိပ်ရာပေါ်မှ ဆင်းတဲ့ပြီး ရွှေဦးစွာ ရွှေခြေနင်းကို ကောက်ယူစီးသည်၊ ပြီးလျှင် အိမ်အပြင်ထွက်ရန် အိမ်တံခါးအနီးသို့ ချဉ်းကပ်သည်၊ နတ်များကအရန်သင့်ဖွင့်ပေး၍ အလွယ်အိမ်ပေါ်မှဆင်းသက်ကာ ထွက်လာခဲ့သည်၊ တစ်ဖန်မြို့အပြင်ဘက်ထွက်ရန် မြို့တံခါးအနီးသို့ချဉ်းကပ်သည်၊ နတ်များကအရန်သင့် ဖွင့်ပေးကြ၍ အလွယ်ထွက်လာခဲ့နိုင်ပြန်သည်၊ 'သူတော်ကောင်း နတ်ကောင်းမစောင့်မ'ဟူသော စကားပုံသည် ဤနေရာမျိုးဖြစ်သည်။

တစ်သက်လုံး မြေကြီးပေါ်မဆင်းဖူး၊ မနင်းဖူးသော သူဌေးသားသည် သံဝေဂစိတ်ဖြင့် ထက်မြက်လာသော ဤအခါမျိုးတွင် မြတ်သောယောကျ်ားတို့၏ စိတ်အားဖြစ်ပေါ်လာ၍ စွန့်စားချင်လာသည်၊ တိတ်တဆိတ် မှောင်မိုက်ထဲတွင်တစ်ကိုယ်တည်း ထွက်ခဲ့သည်ကိုကြည့်ပါ။

## မြတ်စွာဘုရားရှိရာ မိဂဒါဝုန်သို့

ထိုအချိန်တွင် မြတ်စွာဘုရားရှင်သည် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးကို ဟောကြားတော်မူပြီး၍ မိဂဒါဝုန်တော၌ ဝါကပ်တော်မူလျက်ရှိသည်၊ ယသသူဌေးသားသည် ထိုသတင်းကောင်းကို ကြားသိထားသောကြောင့် ဣသိပတနမိဂဒါဝုန်တောသို့ စိတ်ရည်မှန်းကာ ရှေးရှုလာခဲ့ခြင်းဖြစ်ရာ ဖြောင့်တန်းစွာ ဘုရားရှင်ထံသို့ ရောက်သွားလေသည်။

ဘုရားရှင်က ဆီးကြိုနှုတ်ဆက်၍ နှစ်သက်ဖွယ်သော တရားစကားကို တိုတိုဟောပြောရုံနှင့် သောတာပန်တည်သွားသည်၊ 'တပည့်တော်ကို ရဟန်းပြုပေးတော်မူပါဘုရား' ဟူ၍ တောင်းပန်သောအခါ မြတ်စွာဘုရားရှင်က 'ဧဟိဘိက္ခု'ခေါ်တော်မူ၍ ရဟန္တာဖြစ်သွားလေသည်။

သူဌေးသားအရှင်ယသသည် ထိတ်လန့်ခြင်းသံဝေဂဖြစ်၍ အချိန်မဆိုင်း တစ်ကိုယ်တည်းစွန့်ပြီး သကင်းကြားနှင့် ရော်ရမ်းသွားလေရာ ဘုရားရှင်ထံရောက်သွားပြီး လွယ်လွယ် ရဟန္တာဖြစ်သွားခြင်းသည် အတိတ်ကံစင်ကြယ်၍ ဖြစ်သည်၊ နတ်လူ တစ်စုံတစ်ယောက်ကမျှ တားဆီးနှောင့်ယှက်ခြင်းမရှိချေ၊ အကူအညီသာ ပေးကြသည်၊ လွယ်လွယ်နှင့် ဝဋ္ဋိဆင်းရဲအဆုံးသို့ ရောက်သွားခဲ့သည်၊

## ကျေးဇူးကောင်း ဆက်နွယ်ကြပုံ

နံနက်မိုးသောက်သောအခါ အရှင်ယသ၏မိခင် သူဌေးကတော်ကြီးက သားမရှိတော့ကြောင်း သူ့ဖခင်ကို အရေးတကြီးပြောသောအခါ သူဌေးကြီး

သည် မြင်းစီးတမန်လေးယောက် အရပ်လေးမျက်နှာသို့ အရေးတကြီး လိုက်၍ ရှာဖွေစေသည်၊ သူကိုယ်တိုင်က သား၏ခြေရာကိုတွေ့မြင်၍ ခြေရာခံလိုက်သွားလေရာ မိဂဒါဝုန်တော မြတ်စွာဘုရားထံသို့ ရောက်သွားလေသည်။

ကံကောင်းချင်တော့ လူ့လောကတွင် ထူးမြတ်လှသော မြတ်စွာဘုရားရှင်ကို ဖူးမြင်ရပြီး တရားနာရ၍ ပထမဆုံး 'တေဝါစိက သရဏဂုံ' တည်သော ဒါယကာ ဖြစ်သွားရသည်၊ သားရဟန်းကိုလည်းဖူးမြင်ရသည်၊ စကားအနည်းငယ်လျှောက်ထားပြီး နောက်ဆုံးတွင် ကျေနပ်ဝမ်းမြောက်စွာ သူ၏သားရဟန်းနှင့်တကွ မြတ်စွာဘုရားကို ထိုနေ့နံနက် သူ၏အိမ်သို့ကြွရောက်၍ ဆွမ်းအလှူခံတော်မူရန် ပင့်ဖိတ်ပြီး ပြန်သွားလေသည်။

မြတ်စွာဘုရားရှင်သည် အရှင်ယသရဟန်းကို နောက်ပါပြု၍ ကြွသွားပြီးလျှင် ဆွမ်းမစားမီ တရားဟောကြားပေးရာ အရှင်ယသ၏ မိခင်နှင့် ဇနီးဟောင်းပါ သောတာပန်တည်ကြပြီး သူဌေးကြီးကဲ့သို့ပင် ပထမဆုံး 'တေဝါစိကသရဏဂုံ' ဆောက်တည်ရသူများ ဖြစ်သွားကြလေသည်။

'သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့' ဟူသကဲ့သို့ သူဌေးကြီး ဇနီး-ခင်ပွန်းတို့သည် သားကောင်းတစ်ယောက်တည်းသာ ရှိကြသော်လည်း 'သားထူးသားမြတ်' ဖြစ်သောကြောင့် ကျေးဇူးများကြရသည်၊ သားအကြောင်းပြု၍ မိခင်ဘခင်နှင့် ချွေးမပါ တစ်နံနက်ခင်းအတွင်း ဝဋ်ဆင်းရဲ၏အဆုံးသို့ ရောက်ကြရန် လက်ကိုင်မိမိ ရကြလေပြီး မိသားစုအားလုံး ဝမ်းမြောက်မဆုံး ဖြစ်ကြပေလိမ့်မည်။

## မိတ်ဆွေလေးယောက် အတူလိုက်ရဟန်းပြုကြ

ထိုအခါ ရွှေတစ်ချိန်က ပါရမီဖြည့်ဖက်ဟောင်းဖြစ်ကြသော အရှင်ယသ၏ မိတ်ဆွေရင်းဖြစ်ကြတဲ့ ဝိမလ, သုဗာဟု, ပုဏ္ဏဇိ, ဂဝံပတိ အမည်ရှိ ဗာရာဏသီမြို့သား သူဌေးသားလေးယောက်တို့က သတင်းစကားကြားကြ၍ အကြံဖြစ်ကာ တိုင်ပင်ကြသည်၊ 'ငါတို့မိတ်ဆွေကောင်းကြီး ယသသူဌေးသားကတော့ မြတ်စွာဘုရားထံ ရောက်သွားပြီး ထူးခြားချက်တွေ လုပ်သွားသတဲ့၊ ဆံ မုတ်ဆိတ်တွေပယ်၊ ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်ဆင်မြန်းပြီး ရဟန်းပြုသွားပြီတဲ့၊ ရဟန်းပြုခြင်း အလုပ်ဟာ ယုတ်မာသည် မဖြစ်ကောင်းတန်ရာ၊ ကောင်းမြတ်သောအလုပ်ဖြစ်လိမ့်မည်၊ ငါတို့လည်း နည်းတူရဟန်းပြုကြကုန်စို့' ဟူ၍ တိုင်ပင်ကြသည်၊ တိုင်ပင်ကြပြီးလျှင် ခရီးထွက်ကြသည်။

မိတ်ဆွေလေးဦး မိဂဒါဝုန်တောသို့ လိုက်သွားကြပြီး အရှင်ယသရဟန်းကို ရှိခိုးခြင်းပြုကာ ဖူးတွေ့ကြသည်၊ အရှင်ယသရဟန်းက ဝမ်းမြောက်အားရစွာ သူ၏မိတ်ဆွေ သူဌေးသားလေးယောက်ကို ဘုရားရှင်ထံခေါ်ဆောင်ကာ အပ်နှင်း၍ ဆုံးမတော်မူရန် တောင်းပန်သည်၊ မြတ်စွာဘုရားရှင်က ထိုက်တန်သော တရားစကား တိုတိုဟောကြား ဆုံးမပေးလိုက်ရာ ပါရမီဖြည့်ထားပြီးသူတွေဖြစ်ကြ၍ လွယ်လွယ်ပင် သောတာပန် တည်သွားကြလေသည်။

ဆက်လက်၍ ရဟန်းပြုပေးရန် တောင်းပန်ကြသောအခါ မြတ်စွာဘုရားရှင်က သူတို့ကို အတိတ်ကံပါရမီရှင်များဟု မြင်တော်မူသဖြင့် 'ဧဟိဘိက္ခု' ခေါ်တော်မူ၍ သူဌေးသားလေးယောက် တစ်ပြိုင်တည်း ရဟန္တာဖြစ်သွားကြလေ၏၊ ထိုအချိန်မှနောက်တွင် အရှင်ဝိမလထေရ်, အရှင်သုဗာဟုထေရ်, အရှင်ပုဏ္ဏဇိထေရ်, အရှင်ဂဝံပတိထေရ်ဟူ၍ သာသနာဝင်သမိုင်းတွင် ထင်ရှားလာကြလေသည်။

## မိတ်ဆွေသူဌေးသားငါးကျိပ် ရဟန်းပြုကြ

'တစ်နွယ်ငင် တစ်စင်ပါ' ဟူသကဲ့သို့ ယသသူဌေးသားကို အကြောင်းပြု၍ နောက်ဆက်တွဲ အရှင်ယသ၏ အဆွေခင်ပွန်းဖြစ်ကြသော ဗာရာဏသီမြို့၊ တောလက်ကျေးရွာများ၌ နေထိုင်ကြသော တောသူဌေးသား ငါးကျိပ်တို့က သတင်းထူးသတင်းကောင်း ကြားကြပြန်သောအခါ အတုယူချင်စိတ် ဖြစ်ပေါ်လာကြ၏။

'ကိုင်း-ယသသူဌေးသား ရဟန်းပြုသွားရာ မိတ်ဆွေလေးဦး လိုက်ပါသွားကြပြီတဲ့၊ ငါတို့လည်း ရဟန်းပြုကြကုန်စို့၊ လူအဖြစ်၌ အိမ်ထောင်ထိန်းသိမ်းဝင့်ခံ၍ ရပ်တည်နေခြင်းဖြင့် ဘာအကျိုးရှိအံ့နည်း' ဟူ၍ အကြံဖြစ်ပေါ်ကြသည်၊ အကြံဖြစ်ပေါ်၍ အညီအညွတ်တိုင်ပင်ကြပြီးလျှင် အချိန်မဆိုင်း မိဂဒါဝုန်တောသို့ စိတ်အားထက်သန်စွာနှင့် လိုက်သွားကြသည်၊ မိတ်ဆွေကောင်းကြီး ယသသူဌေးသား ရဟန်းက ဝမ်းသာရွှင်ပျကြိုဆိုကာ မြတ်စွာဘုရားထံတော်သို့ ပို့ဆောင်သည်၊ ဆုံးမပေးတော်မူရန် တောင်းပန်၍ မြတ်စွာဘုရားရှင်က တရားဟောကြားပေးလိုက်ရာ အားလုံး သောတာပန်ဖြစ်သွားကြလေသည်။

ဆက်လက်၍ ရဟန်းပြုပေးတော်မူရန် တောင်းပန်ကြသောအခါ မြတ်စွာဘုရားက 'ဧဟိဘိက္ခု' ခေါ်တော်မူလိုက်ရာ အားလုံး ရဟန္တာပုဂ္ဂိုလ်တွေချည်း ဝမ်းမြောက်ဖွယ်ရာ ဖြစ်သွားကြလေသည်။

## မိဂဒါဝုန်တော၌ မြတ်စွာဘုရားရှင်၏ ပထမဆုံးဝါ

ပထမဝါ သံဃာတော်ခြောက်ကျိပ် ဝါကပ်တော်မူစဉ်အခါတွင် ပဥ္စဝဂ္ဂီ ငါးဦးတို့နှင့်တကွ အရှင်ယသအမှူးပြုသော သူဌေးသားငါးကျိပ်ငါးပါးတို့ပါ ပေါင်းသော် ဘုရားရှင်၏ တပည့်သံဃာတော် ခြောက်ကျိပ်ရှိလေသည်။

'သစ်ကောင်းတစ်ပင်ကြောင့် တောတစ်ခွင်လုံးကြိုင်ရသည်' ဟူသောစကား ပုံကဲ့သို့ အရှင်ယသသူဌေးသားတစ်ဦးက စတင်၍ သံဝေဂရခြင်းကို အကြောင်း ပြုကာ မိခင်ဖခင်နှင့် ဇနီးပါ သောတာပန်တည်ပြီး ဖြစ်ကြရသည်၊ ဆက်နွယ်၍ ငယ်ပေါင်းမိတ်ဆွေ သူဌေး၊သား ငါးကျိပ်ငါးယောက်တို့ကပါ သူတော်ကောင်း ဖြစ်နည်းကို အတုလိုက်ကြသောကြောင့် ဇေဟိဘိက္ခု ရဟန္တာပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြရသည်၊ လူ့လောကတွင် အချမ်းသာဆုံး ထွက်ရပ်ပေါက်သွားကြခြင်း ဖြစ်၏၊ ဘဝသံသရာဝဋ်ဒုက္ခအပေါင်းမှ စင်စင်ကြယ်ကြယ် လွတ်မြောက်သွားကြရ ခြင်း ဖြစ်လေသည်။

### ဘဝနောက်ခံ ကမ္မဋ္ဌာန်း

အဆိုပါပုဂ္ဂိုလ်မြတ်တို့ ဤပုံဤနည်းတိုက်ဆိုင်၍ ကျွတ်တမ်းဝင်နိုင်ကြခြင်း သည် ရှေးအတိတ်ဘဝပေါင်းစုံ ကမ္မဋ္ဌာန်းယူခြင်း တူညီမှုအကြောင်းခံရှိကြ၍ ဖြစ် သည်၊ တူညီသော ရှေးအတိတ်ကံအကြောင်းကား 'အသုဘကမ္မဋ္ဌာန်းတရား တစ်မျိုးတည်းကို ပိုင်နိုင်စွာ ထိရောက်အောင် စွဲမြဲထင်မြင်အောင် ရှုဆင်ခြင်၍ ပွားများအားထုတ်လာခဲ့ကြဖူးသော 'ဘာဝနာကောင်းမှုကံကြောင့်' ထိုအသုဘ အမြင်ပေါက်ခဲ့ဖူးသော တရားမှ အပေါင်းအဖော်တွေကို တစ်ပြုံကြီး ဝဋ်သုံးပါး မှ လွတ်မြောက်၍ သွားစေနိုင်ခြင်းအကျိုးကို ဖြစ်စေခြင်းပါတည်း။

ယသသူဌေးသားနှင့် မိတ်ဆွေအပေါင်းတို့၏ အတိတ်ဘဝတစ်ခုတွင် စိတ်တူသဘောတူ လူလောက၌ ကောင်းကျိုးဆောင်ခဲ့ကြပုံနှင့် ကမ္မဋ္ဌာန်းတစ်မျိုး ကို အကျိုးကျေးဇူးဖြစ်လောက်အောင် ရှုဆင်ခြင်ခဲ့ကြပုံအကြောင်း ရှေ့အပိုင်း (၄) တွင် ဆက်၍ကြည့်ပါ။

❀

# အသဘဟု ပိုင်စွာမြင်လျှင် (၄)

## သူဌေးသားများ အတိတ်ကံအကြောင်း

'ကောင်းကျိုးတရားရဖို့ဆိုတာ ပြုတတ်လျှင် လွယ်ပါတယ်'

'ဘဝတစ်ခု၌ တစ်ခုသော ကမ္မဋ္ဌာန်းတရားကို ထိရောက်အောင်အားထုတ်ပါ၊ သံသရာဘစ်လျှောက်လုံး ကောင်းကျိုးရရှိသွားနေတတ်တယ်'

ရှေးခေတ်တွင် စစ်ကိုင်းတောင်ရိုးမှ ကမ္မဋ္ဌာန်းနှင့်ပျော်မွေ့နေသော ဆရာတော်ကြီး တစ်ပါးက သူ၏တပည့်ရဟန်းများအား ဩဝါဒပေးတော်မူခဲ့ဖူး၏၊ ထိုစကားမှန်ပုံ ပြောပါမည်။

အဆိုပါရဲတော်ပါရမီရှင် ငါးကျိပ်ငါးယောက် (၅၅) ယောက်တို့သည် စိတ်တူသဘောတူ ညီညွတ်စွာတိုင်ပင်ကြ၍ စေတနာ့ဝန်ထမ်း လူမှုရေးအလုပ် တစ်ခု လုပ်ဆောင်ကြရန် အကြံပြုခြင်း ဖြစ်၏။

'လူလောက၌ တစ်နေ့တွင် လူများ သေလွန်ကြမြဲဖြစ်တယ်၊ အားကိုးရာမဲ့ ရောဂါတစ်မျိုးဖြင့် သေလွန်ရှာကြသူများ၏ ရုပ်ကြွင်းခန္ဓာကို မြို့အပြင်ရှာအပြင် ထုတ်ဆောင်၍ မီးရှို့သင်္ဂြိုဟ်ပေးကြရသော စေတနာ့ဝန်ထမ်းအလုပ် ဖြစ်သည်'

သူတို့လုပ်ဆောင်ကြပုံမှာ ထက်သန်သောစေတနာဖြင့် စေတနာရှင်းစွာထား၍ ကရုဏာကြီးစွာနှင့် အသင်းဖွဲ့၍ မနေမနား အကြောင်းပေါ်တိုင်း ဆောင်ရွက်ပေးကြသည်၊ သူတို့သည် တစ်နေ့ပြီးတစ်နေ့ အချိန်ကြာသလောက် လူသေရုပ်အလောင်းများစွာကို သင်္ဂြိုဟ်ခဲ့ရပြီးဖြစ်သည်။

## အလုပ်ထဲမှ အမြတ်ထွက်လာပုံ

တစ်နေ့သ၌ ကိုးကွယ်ရာမရှိသော လူတစ်ယောက်၏ ရုပ်အလောင်းကို တောသို့ထုတ်၍ မီးရှို့ပေးကြသည်၊ မီးရှို့ပေးကြရာတွင် အလုပ်ထဲမှ အမြတ်ထွက်လာပုံ တွေ့မြင်ကြရသည်။

စေတနာတူ ငါးကျိပ်ငါးယောက်တို့တွင် ငါးကျိပ်သားတို့က ရုပ်အလောင်းကို ရှာပြင်သို့ထမ်း၍ ထုတ်ဆောင် ပို့ကြသည်၊ ငါးယောက်သားတို့က မီးရှို့ခြင်း တာဝန် ယူကြသည်၊ထုတ်ဆောင်သမားတို့က ရုပ်အလောင်းကိုပို့ ခဲ့ပြီး ရွာသို့ပြန်သွားကြရာ လုလင်ငါးယောက်တို့က စောင့်ကြပ်၍ မီးရှို့ကျန်ရစ်ကြသည်၊ ထို ငါးယောက်သည် ပစ္ဆိမဘဝတွင် မြို့သူဌေးသားဖြစ်လာကြသော ယသ, ဝိမလ, သုဗာဟု, ပုဏ္ဏဇိ,ဂဝံပတိတို့ ဖြစ်လာကြသည်။

ထိုငါးယောက်တို့တွင် ရုပ်အလောင်းမီးကျွမ်းအောင် စောင့်ကြပ်ဆောင်ရွက်ရန် တစ်ယောက်စီ အလှည့်ကျ တာဝန်ယူလေ့ရှိကြရာ ထိုနေ့၌ ယသသူဌေးသား ဖြစ်လာမည့် လုလင်က တာဝန်ကျ၍ ကျန်လေးယောက်တို့က တစ်နေရာ၌ သွားရောက်ထိုင်နေကြသည်၊ တာဝန်ကျသောလုလင်က ကြည့်ရှုစောင့်ကြပ်၍ မီးတင်ရှို့လျက်နေစဉ် မီးထဲကရုပ်အလောင်းကို တစူးဝါးဖြင့် ထိုး၍လှန်လိုက်သောအခါ သံဝေဂဖြစ်စရာမြင်ကွင်း ပေါ်လာသည်။

ကြည့်၍မကောင်း မြင်၍မကောင်း မီးမြိုက်ထား၍ ဖူးရောင်ဖေးင်းပွပြီး စက်ဆုပ်ဖွယ်ရာ သန်ရည်တွေ အဗီးဗီးမြည်ကာ ထွက်ကျနေပုံ၊ ပျက်စီးချို့ယွင်းနေသော ရုပ်ခန္ဓာကြီး မတင့်မတယ် ရှုချင်ဖွယ်ရာမရှိပုံကို ကြည့်မြင်နေရခြင်း ဖြစ်သည်၊ 'ဪ–လူတို့၏ရုပ်ခန္ဓာဆိုသည်ကား အလွန်စက်ဆုပ်ဖွယ်ရာကောင်းသော အရာဝတ္ထုကြီးပါတကား' ဟူ၍ သဘာဝကျကျ အမြင်အသိတရား စိတ်အာရုံတွင် ဝင်လာသည်။

မီးပုံထဲ၌ မိမိလုပ်ဆောင်နေရသော အရာဝတ္ထုကို အလုပ်၏တာဝန်အရ ကြည့်နေရင်း အလောင်းကောင်ကြီးကို အလွန်စက်ဆုပ် ရွံရှာနေသည်၊ ရွံရှာလှသောကြောင့် 'ငါ၏ ဤကိုယ်ခန္ဓာလည်းပဲ ဤအတိုင်းသာပါပဲ၊ ဘာမှ မထူးခြားတကယ်မတင့်တယ်သော အသုဘကောင်ကြီးပင်တည်း' ဟူ၍ ချက်ချင်း ရုပ်ခန္ဓာ၌ အသုဘကမ္မဋ္ဌာန်းတရားကို အမြင်ပေါက်လာပေသည်။

ဤအရှင် စာသင်သားဘဝတုန်းက ပခုက္ကူမြို့ မဟာဝိသုတာရာမ ပိဋကတ်ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၌ နေခဲ့စဉ်က ပျံလွန်သွားသော မိတ်ဆွေကြီး ဦးစန္ဒော၏ရုပ်အလောင်းကို မီးသဂြိုဟ်၍ပေးနေရသောအခါကရုပ်ခန္ဓာ၌ အသုဘကမ္မဋ္ဌာန်းတရား အမြင်ပေါက်ခဲ့ခြင်းသည်လည်း ရှေးက ယသသူဌေးသားလောင်းလျာ အမြင်ပေါက်ခဲ့ပုံနှင့် တူညီလိမ့်မည်ဟု ယူဆနိုင်စရာ ရှိပါမည်။

## အသုဘတရား အမြင်ဝေငှ၍

'မိတ်ဆွေတို့ ဒီမှာလာကြပါ၊ တရားရစရာမြင်ကွင်းကောင်း ပေါ်နေတယ်၊ လာကြည့်ကြစမ်းပါ' ဟူ၍ အလှည့်ကျတာဝန်ယူ ဆောင်ရွက်နေဆဲလုလင်က တစ်နေရာ ခပ်လှမ်းလှမ်း၌ထိုင်နေကြသော စေတနာတူ ပါရမီဖြည့်ဖက်အဖော်လေးဦးတို့အား လှမ်း၍ခေါ်ယူကာ သူတွေ့မြင်နေရသော မီးပုံထဲမှ ရုပ်ခန္ဓာ၏ စက်ဆုပ်ဖွယ်ရာအကြောင်းကို ပြောပြလေရာ ထိုသူတို့သည် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြသည်၊ တရားခံတတ်ခံရှိပြီးသူများဖြစ်ကြ၍ ကြည့်ရှုနေစဉ်သူတို့လေးယောက် အကုန် အသုဘကမ္မဋ္ဌာန်း အမြင်ပေါက်သွားကြလေသည်။

ဤပစ္စုပ္ပန်ဘဝတွင် ယသသူဌေးသားဖြစ်လာမည့် လုလင်က ရုပ်အလောင်း မီးကျွမ်းအောင် ပြာချပြီး၍ ရွာသို့ပြန်ရောက်ကြလျှင် စေတနာတူ အပေါင်းအဖော် မိတ်ဆွေငါးကျိပ်တို့ကို ပြောပြသည်၊ သူ၏ မိဘနှစ်ဦးနှင့် သူ၏ဇနီးကိုပါ သူ တွေ့မြင်ခဲ့ရသော အကြောင်းအရာ, လူတို့၏ရုပ်ခန္ဓာသည် နှစ်သက်ဖွယ်ရာမရှိပုံ, အလွန်စက်ဆုပ်ဖွယ်ရာကောင်းပုံ တွေ့မြင်ခဲ့ရသမျှအလုံးစုံကို ပြောပြသည်၊ ကြားရသူ အားလုံးတို့ကလည်း တရားအမြင် စိတ်ဓာတ်ကူးကြ၍ သံဝေဂ ဖြစ်ပေါ်ကြလေ သည်၊ အသုဘကမ္မဋ္ဌာန်းကို လွယ်လွယ်အမြင်ပေါက်သွားကြခြင်း ဖြစ်သည်၊ ထို အချိန်မှစ၍ ထိုမိတ်ဆွေတစ်စုတို့သည် အသုဘကမ္မဋ္ဌာန်းကို အခါအခွင့်သင့် တိုင်း ဆင်ခြင်ပွားများ နေလာခဲ့ကြလေသည်။

## ကမ္မဋ္ဌာန်းနောက်ခံ ကျေးဇူးပြုပုံ

ယသသူဌေးသားသည် ထိုအတိတ်ဘဝတစ်ခု၌ အသုဘကမ္မဋ္ဌာန်း တစ်ခု တည်းကို ပိုင်နိုင်စွာ အမြင်ပေါက်ခဲ့ဖူးသော ကျေးဇူးတရားကြောင့် ဤဘဝ၌ ကောင်းကျိုးပြုသည်၊ သူ၏ နေအိမ်ဘုံဆောင်တိုက်ခန်းအတွင်း၌ အတုံးအရုံး အိပ် ပျော် နေကြသော အလုပ်အကျွေးပြုသူ အခြွေအရံမိန်းမများကို သုသာန်တစ်စ သင်္ချိုင်းဝ မြေပေါ်၌ပစ်ချထားကြသော လူသေကောင်များနှင့်မခြားနား တစ် သားတည်း ထင်မြင်လာခြင်းဖြစ်သည်။

ထိုအခိုက်တွင် ဖြည့်ဆည်းပူးလာခဲ့ပြီး ပါရမီကလည်းနှိုးဆော်၊ စိတ်အာရုံ စံစားချက်ကလည်း လောကီလူတို့ဘုံဘဝတွင် လူတွေနှင့် ရောနှောနေရမည်ကို အလွန်ငြီးငွေ့နေသည်၊ အခြေအနေကလည်း ဘဝလွတ်လပ်ရေးဘက်သို့ ပြေးထွက် ရန် အချိန်အခွင့်ပေးနေသောကြောင့် လောကီစည်းစိမ်ဟူ၍ ပြောဆိုနေကြသော လူတို့၏ ဒုက္ခအလယ်တွင် တစ်ခဏမျှ ရပ်ဆိုင်းမနေလိုတော့ချေ၊ အမြန်ဆုံး ရုန်းထွက်ချင်စိတ်သာ အားသန်လာနေသည်။

ထို့ကြောင့် 'ငါဟဲ့ယောကျ်ား' ဟူ၍ တစ်သက်တွင်တစ်ခါ စွန့်စားပြလိုက် ရခြင်းကို တကယ်ပင် လက်တွေ့စွန့်စားပြလိုက်ရာ ကောင်းစွာအောင်မြင်သွားလေ သည်၊ အတိတ်မှ အသုဘကမ္မဋ္ဌာန်းကို ထိရောက်အောင် ရှုမြင်ထားသောကျေးဇူး ကြောင့် သံသရာဝဋ်ဆင်းရဲ၌ အလွန်ပျင်းရိငြီးငွေ့ဖွယ်ရာ တပြောင်းပြန်ပြန် ကျင်လည်နေရခြင်းကို ဘဝထိုထို ဉဒဟိုအပေါင်းမှ ဝမ်းသာဖွယ်ရာ လွန်မြောက် သွားနိုင်ခြင်း ဖြစ်သည်။

အတိတ်ဘဝတစ်ခုက အသုဘကမ္မဋ္ဌာန်းကို အမြင်ပေါက်သော ပါရမီရှင် တစ်ဦး၏ ညွှန်ပြချက်ကို ကြားနာခဲ့ဖူးသော ကုသိုလ်ဘာဝနာ တရားဓာတ်ခံ ပါရမီဆက် ကျေးဇူးကြောင့် ခရီးပေါက်ကြ၏၊ အရှင်ယသမထေရ်၏ မိဘနှစ်ဦး နှင့် ဇနီးပေါ ငရွှေဆင်းရဲမှ အလွယ်လွတ်မြောက်နိုင်ကြသည်၊ ထိုနည်းအတူ စေတနာတူမိတ်ဆွေ မြို့သူဌေးသားလေးဦးနှင့် တောရွာသူဌေးသားငါးကျိပ်တို့ သည်လည်း ခရီးရောက်အောင် ပြီးမြောက်ကြသည်။

မိတ်ဆွေကောင်း (ယသသူဌေးသားလောင်းလျာ)ဖြစ်သူကပင် ရှေ့ဆောင် လမ်းပြခဲ့သည်၊ သူ၏ညွှန်ပြရာကို စိတ်ပါဝင်စား လိုက်နာခဲ့ကြဖူးသောကြောင့် ယခု ပစ္စုပ္ပန်ဘဝ၌လည်း အရှင်ယသသူဌေးသား၏ ဟုန်းပြုသွားခြင်းတည်း ဟူသော ရှေ့ဆောင်သွားရာနောက်ကို အားကျကာ ဝမ်းမြောက်စွာ အတုလိုက် ခဲ့ကြခြင်း သူတော်ကောင်းအလုပ်ကြောင့် သံသရာဝဋ်ဒုက္ခကြီးကို အဆုံးသတ် သွားနိုင်ကြခြင်း ဖြစ်လေသည်။

## မသာတစ်ခေါက် ကျောင်းဆယ်ခေါက်

'မသာတစ်ခေါက် ကျောင်းဆယ်ခေါက်' ဟူသော ရှေးစကားပုံ သည် အသိုပါ စေတနာ့ဝန်ဆောင် လူရွယ်ငါးကျိပ်ငါးယောက်တို့ကဲ့သို့ တွေ့ကြုံ ခိုက် အသုဘအမြင်စွဲအောင် ရှုဆင်ခြင်ထားခြင်းသဘောသွားကို ပြောဆိုခြင်း ဖြစ်သည်။

အဓိပ္ပာယ်မှာ အသုဘတစ်ခုကို အမြင်ပေါက်အောင် စွဲလမ်းနေအောင် ရှုကြည့်၍ ဆင်ခြင်ထားတတ်ပါမူ 'မသာအိမ်တစ်ခေါက် သွားလိုက်ခြင်းသည် ဘုန်းကြီးကျောင်းသို့ ဥပုသ်စောင့် တရားနာ ဆွမ်းပို့ ဆယ်ခေါက်သွားရသည်နှင့် ညီမျှသော အကျိုးရှိသည်၊ တစ်နည်းမှာ 'အကျိုးတရား ပိုများသေးသည်' ဟု ဆိုလိုသည်။

## အသုဘကမ္မဋ္ဌာန်း ဆယ်ပါး

ဗုဒ္ဓဘာသာလူမျိုးများသည် အသုဘကမ္မဋ္ဌာန်း (၁၀) မျိုးရှိကြောင်း ကြားဖူးကြသည်ဖြစ်၏၊ သို့ရာတွင် ယခုခေတ်တွင် လူအများတို့ လက်ချိုးရေတွက် ပြတတ်သူ အတော်ကြီးရှားမည် ထင်သည်၊ လုံးဝမရှိတော့ မဆိုလိုပါ၊ ရှိသော် လည်း စာသင်ကြားဖူးသော ဟုန်းပုဂ္ဂိုလ်များနှင့် ဗုဒ္ဓဘာသာစာပေ သင်ကြား ဖူးသော လူအချို့လောက်သာ ပြောပြတတ်ကြပါမည်၊ ထို့ကြောင့် လေ့လာ ကျက်မှတ်ထားလိုသူတို့အတွက် ဤတွင် ဖော်ပြပါမည်။

## အသုဘဆယ်ပါးပါဠိ

ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုပ္ဖကံ ဝိစ္ဆိဒ္ဒကံ ဝိက္ခာယိတကံ ဝိက္ခိတ္တကံ လောဟိတကံ ပုဠုဝကံ အဋ္ဌိကဉ္စေတိ ဣမေ ဒသ အသုဘာ နာမ။

ဤကား ပါဠိသက်သက်ကို ကျက်ထားကြရန် ရွတ်ဆိုနေကြရန်အတွက် ဖြစ်သည်။

လူသိများသော သင်္ဂြိုဟ်ကျမ်းလာအတိုင်း ရှေးက သာသနာပိုင် ဗားကရာ ဆရာတော်ဘုရားကြီး၏ အနက်ပြန်ဆိုထားချက်ကိုပါ အလွယ်နားလည်ကြရန် ဖော်ပြပါသည်—

(၁) **ဥဒ္ဓုမာတကဥ္စ** – သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌ လေဖြင့်ပြည့်သော သားရေအိတ်ကဲ့သို့ (လေဖောင်းနေသောသားရေအိတ်ကဲ့သို့) ဖူးဖူးရောင်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်လည်းကောင်း။

(၂) **ဝိနီလကဥ္စ** – အဖြူအနီစသည်နှင့်ရောလျက် များသောအားဖြင့် ညိုမည်းသောအဆင်းရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရာရှိသော အကောင်ပုပ် လည်းကောင်း။

(၃) **ဝိပုပ္ဖကဥ္စ** — ယိုစီးနေသော သွေးပြည်ရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ် ရှိသော အကောင်ပုပ်လည်းကောင်း။

(၄) **ဝိစ္ဆိဒ္ဒကဥ္စ** — အလယ်၌ နှစ်ပိုင်းပြတ်သည်ဖြစ်၍ စက်ဆုပ်ဖွယ် ရှိသော အကောင်ပုပ်လည်းကောင်း။

(၅) **ဝိက္ခာယိတကဥ္စ** – အိမ်ခွေး, တောခွေးစသည်တို့သည် အထူးထူး သော အခြင်းအရာအားဖြင့် ခဲစားအပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင် ပုပ် လည်းကောင်း။

(၆) **ဝိက္ခိတ္တကဥ္စ** – အိမ်ခွေး, တောခွေးတို့သည် အထူးထူးသော အခြင်းအရာဖြင့် ကိုက်ဖြတ်လျက် ထိုမှဤမှ ဖရိုဖရဲ ပစ်ထားအပ်သည်ဖြစ်၍ စက် ဆုပ်ဖွယ်ရှိသော အကောင်ပုပ်လည်းကောင်း။

(၇) **ဟတဝိက္ခိတ္တကဥ္စ** – မလိုသူတို့က ကျီးခြေသဏ္ဌာန် စသည်ဖြစ် အောင် ဓားလက်နက်ဖြင့်သတ်လျက် အထူးထူးသော အခြင်းအရာဖြင့် ပစ်လွှင့် အပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်လည်းကောင်း။

(၈) **လောဟိတကဥ္စ** – ယိုစီးသောသွေးရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ် ရှိသော အကောင်ပုပ်လည်းကောင်း။

(၉) ပုဠုဝကဥ္စ – ပိုးလောက်တို့ဖြင့် ပြည့်နေသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်လည်းကောင်း။

(၁၀) အဋ္ဌိကဥ္စ – အရိုးစုသာဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်လည်းကောင်း။

ဤခမ ဒသ–ဤဆယ်ပါးတို့သည်၊ အသုဘာ နာမ–အသုဘတို့မည်ကုန်၏။

အသုဘကမ္မဋ္ဌာန်းဆယ်ပါးဆိုသည်မှာ ဤဖော်ပြပါတို့ဖြစ်သည်၊ အားလုံး၏ ဆိုလိုချက် အကျဉ်းချုပ်ကား မိမိ၏ရုပ်ခန္ဓာကို အသုဘဟုမြင်အောင် မကြည့်တတ်သေးလျှင် (မကြည့်တတ်သေးသူတို့အတွက်) 'သူတစ်ပါး၏ရုပ်ခန္ဓာ ပျက်စီးယိုယွင်း၍ ဖြိုပျက်နေပုံကို ကြည့်စမ်းပါ' ဟူ၍ ပြောဆိုခြင်းဖြစ်သည်။

ကြည့်ရှုဆင်ခြင်နည်းပေးပုံမှာ လူတစ်ဦးတစ်ယောက်သေပြီးနောက် ရုပ်အလောင်းကောင်ကြီး၏ နှစ်သက်ဖွယ်မရှိပုံ၊ စက်ဆုပ်ဖွယ်ရာအတိ ဇာတိရုပ်ပေါ်လာပုံကို တစ်ဆင့်ပြီးတစ်ဆင့် အပိုင်းပိုင်းခန့်၍ ရှုကြည့်ဆင်ခြင်ပြခြင်းဖြစ်သည်။

'ဤအခြင်းအရာကိုမြင်အောင်ရှုကြည့်ကြပါ'ဟူ၍ လူတို့၏ ရုပ်ခန္ဓာသဘာဝကို တွယ်တာစရာ နှစ်သက်ဖွယ်ရာမရှိကြောင်း အမြင်ပေါက်ကြစေရန်ပေးသော ကမ္မဋ္ဌာန်း (၁၀) ပါး ဖြစ်သည်။

## ဋီကာကျော်နှင့် အဋ္ဌကထာ

သင်္ဂြိုဟ်၏အဖွင့်ဖြစ်သော ဋီကာကျော်ကိုလှန်ကြည့်ရာ အကျယ်ဖွင့်ခြင်းမရှိပါ၊ အကျဉ်းချုပ် လုံးကောက်အဓိပ္ပာယ်သာ ဖွင့်ဆိုသည်၊ ဗားကရာ ဆရာဘော်ဘုရားကြီး၏ နိဿယသည် ၎င်းဖွင့်ဆိုချက်အတိုင်း ရေးထားခြင်းဖြစ်သည်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင် ပြဆိုချက်များလည်း လိုရင်း အကျဉ်းချုပ်၍ဆိုထားသော သင်္ဂြိုဟ်ကျမ်းလာအတိုင်း သဘောသွားမှာ ထပ်တူသာဖြစ်သည်။

## အသုဘ (၁၀) ပါး အဓိပ္ပာယ်

ရှင်းရှင်းနားလည်ကြရန် လုံးကောက်အဓိပ္ပာယ်ကို ဆက်လက်၍ ဖော်ပြပါမည်။

(၁) ဥဒ္ဓုမာတကသည် သေလွန်ပြီးနောက် ဖူးဖူးရောင်ထနေသော ရုပ်အလောင်းကို ရှုဆင်ခြင်ပြခြင်း ဖြစ်သည်။

(၂) ဝိနီလကသည် သေလွန်ပြီးနောက် ရုပ်ခန္ဓာကြီးပုပ်ပွပြီး ဖြူရောင် နီရောင်နှင့် အများအားဖြင့် ညိုမည်းနေပုံ ရုပ်အလောင်းကောင်၏ ဖောက်ပြန်သော စက်ဆုပ်ဖွယ်ရာကို ရှုဆင်ခြင်ပြခြင်း ဖြစ်သည်။

(၃) ဝိပုဗ္ဗကသည် သေလွန်ပြီးနောက် ဖူးဖူးရောင်လျက် ပုပ်ပွကာ ဖြူနီညိုမည်းဖြစ်လာပြီး သွေးပြည်တွေယိုစီးကျနေသောရုပ်အလောင်းကောင်၏စက်ဆုပ်ဖွယ်ရာကို ရှုကြည့်ဆင်ခြင်ပြခြင်း ဖြစ်သည်။

(၄) ဝိစ္ဆိဒ္ဒကသည် နှစ်ပိုင်းပြတ်နေသော ရုပ်အလောင်းကောင် ဘာကြောင့် ပြတ်သည်ဖြစ်စေ ရုပ်အလောင်း ၂-ပိုင်းကြီးကို စက်ဆုပ်ဖွယ်ရာအဖြစ် ရှုကြည့်ဆင်ခြင်ပြခြင်း ဖြစ်သည်။

ဥဒ္ဓုမာတက, ဝိနီလက, ဝိပုဗ္ဗက- သုံးပါးက ရုပ်အလောင်းကောင်တစ်ခုတည်းကို သုံးဆင့် ရှုကြည့်ပြသည်၊ ဝိစ္ဆိဒ္ဒကမှာ ရုပ်အလောင်းကောင် တစ်ဆက်တည်း မဟုတ်ပါ၊ ပြတ်နေသည်။

(၅) ဝိက္ခာယိတကသည် အိမ်ခွေး, တောခွေး စသည်တို့က ကိုက်ဆွဲခြီယူကာ စားကြပြီးနောက် ပုံပျက်နေသော ရုပ်အလောင်းကို စက်ဆုပ်ဖွယ်ရာအဖြစ် ရှုကြည့်၍ ဆင်ခြင်ပြခြင်း ဖြစ်သည်။

(၆) ဝိက္ခိတ္တကသည် အိမ်ခွေး, တောခွေး စသည်တို့က ကိုက်ဆွဲခြီယူစားကြပြီးနောက် ပစ်ချင်ရာပစ်ထားခဲ့ကြ၍ ဖရိုဖရဲဖြစ်နေသော ရုပ်အလောင်းကောင်ကို စက်ဆုပ်ဖွယ်ရာအဖြစ် ရှုဆင်ခြင်ပြသည်၊ (ဤနှစ်ပါးသည် ရုပ်အလောင်းကို တိရစ္ဆာန်တို့ ကိုက်ဆွဲယူစားထားကြ၍ ဖြစ်ပျက်နေပုံသဘာဝ နှစ်ဆင့် ရှုကြည့်ဆင်ခြင်ပြခြင်း ဖြစ်သည်။)

(၇) ဟတဝိက္ခိတ္တကသည် အထက်ပါ အသုဘ (၆) မျိုးနှင့် ခြားနား၏၊ လူသတ်ခံရ၍သေသော ရုပ်အလောင်းဖြစ်သည်၊ မလိုသူတို့က အပိုင်းပိုင်းဖြတ်၍ သတ်ထားခဲ့သော ရုပ်အလောင်းကောင်ကို ရှုဆင်ခြင်ပြခြင်း ဖြစ်သည်။

'ကျီးခြေသဏ္ဍာန်' ဟူသော ရှေးခေတ်သုံးစကားသည် လူကိုသေအောင်သတ်ပြီးနောက် မကျေနပ်သေး၍ ဒေါသစိတ်ဖြင့် ငါးမွှန်းလကွဲသို့ မွှန်းထားခဲ့သော ရုပ်အလောင်းကောင်၏ ကြည့်မကောင်းရှုမကောင်း (အတိတ်ကံဝဋ်ကြွေးရှိ၍) ရက်စက်ခံထားရပုံကို ပြောဆိုပြထားခြင်း ဖြစ်သည်။

သေပြီးသော ရုပ်အလောင်းကိုလည်း မလိုသူက အထက်နည်းအတိုင်း ပြုမူထားခြင်းမျိုးလည်း ရှိနိုင်သည်၊ ဘာပဲဖြစ်စေ ကမ္မဋ္ဌာန်းရှုသော ယောဂါဝစရပုဂ္ဂိုလ်အနေဖြင့် အပိုင်းပိုင်းဖြတ်၍ ဟိုသည်လွှင့်ပစ်ထားခဲ့သော ရုပ်အလောင်း

ကောင်၏ ဖြစ်ပျက်နေဟန်၊ ကြည့်မကောင်းသောမြင်ကွင်းကို စက်ဆုပ်ဖွယ်ရာ အဖြစ် ရှုဆင်ခြင်ကြည့်ရန် ပြောပြထားခြင်း ဖြစ်သည်။

(၈) လောဟိတကသည် ဘာကြောင့်ဖြစ်စေ ရုပ်အလောင်းကောင်မှ သွေးသံရဲရဲ ယိုစီးကျနေ၍ ကြည့်မကောင်းရှုမကောင်း စက်ဆုပ်ဖွယ်ရာကို ရှုကြည့် ဆင်ခြင်ပြခြင်း ဖြစ်သည်။

အထက်ပါ ဝိပုဗ္ဗက အသုဘကမ္မဋ္ဌာန်းကဲ့သို့ ပုပ်ပွနေပြီး ယိုစီးကျသော သွေးပြည်မဟုတ်ကြောင်း သွေးစိမ့်ယိုထွက်ကျခြင်း အသုဘကိုရှုကြည့်ခြင်း ဖြစ် သည်။

(၉) ပုဠုဝကသည် ဘာကြောင့်သေသည်ဖြစ်စေ သေပြီးနောက်ကာလ ၌ ပုပ်ပွနေသော ရုပ်အလောင်းမှ ပိုးလောက်တွေ တဖွားဖွားဖြစ်နေ၍ အလွန် စက်ဆုပ်ဖွယ်ရာဖြစ်နေပုံကို ရှုကြည့်ဆင်ခြင်ရန်ပြခြင်း ဖြစ်သည်။

(၁၀) အဋ္ဌိကသည် အရိုးစုကို ရှုဆင်ခြင်ရသော ကမ္မဋ္ဌာန်းဖြစ်သည်၊ အထက်ပါ ၉-မျိုးသော အသုဘကမ္မဋ္ဌာန်းအပိုင်းကဏ္ဍတို့မှ ကျော်လွန်လာခဲ့၍ အရေအသား ကုန်ပျောက်ပြီးနောက် အရိုးချည်း ကျန်နေရစ်ချိန်အခါ၌ 'လူတို့၏ ရုပ်ခန္ဓာဆိုသည်ကား ဘာမှနှစ်သက်ဖွယ်ရာမရှိ၊ ဘယ်နေရာမှ တွယ်တာနေစရာ မရှိ၊ အရေအသား ဖယ်ထုတ်လိုက်သောအခါ စက်ဆုပ်ဖွယ်ရာ အရိုးစုသာတည်း' ဟူ၍ အရိုးစုကမ္မဋ္ဌာန်းကို ရှုဆင်ခြင်ကြည့်ကြရန် ပြဆိုထားချက်ဖြစ်သည်။

'အဋ္ဌိက' အရိုးစုကမ္မဋ္ဌာန်းသဘာဝသည် အရိုးတစ်ချောင်းတည်းဖြစ်သော် လည်း 'အဋ္ဌိကအရိုးစု' ဟူ၍ ရှုဆင်ခြင်ရ၏၊ အားလုံးခြုံ၍ စုပေါင်းချုပ်ပြီး ကြည့်လိုက်သော် ရုပ်အလောင်းကို ရှုကြည့်ဆင်ခြင်နည်း ၉-မျိုး ဖြစ်သည်၊ နောက်ဆုံးအရိုးစုကို ရှုကြည့်ဆင်ခြင်နည်းတစ်မျိုးဖြစ်၍ ပေါင်း-အသုဘကမ္မဋ္ဌာန်း (၁၀) မျိုး ပြည့်စုံပြီဖြစ်၏။

## အရှင်ယသ၏ အတိတ်မှုကမ္မဋ္ဌာန်း

အရှင်ယသမထေရ်၏ ရှေးအတိတ်ဘဝတစ်ခုမှ ရှုဆင်ခြင်ခဲ့သောကမ္မဋ္ဌာန်း သည် အဆိုပါအသုဘ (၁၀) ပါးတွင်အကျုံးဝင်သည်၊ မီးရှို့၍ လောင်ကျွမ်း နေဆဲ ရုပ်အလောင်း၏ မြင်တွေ့နေရချက်ကို သူတော်ကောင်းတို့နှလုံးသွင်းဖြင့် ဟူဘ်တိုင်းမှန်ရာ 'လူတို့၏ရုပ်ခန္ဓာကား အလွန်စက်ဆုပ်ဖွယ်ရာပါတကား' ဟူ၍ လိုရင်းတစ်မျိုးတည်းကိုသာ ပိုင်နိုင်စွာ ထိရောက်အောင် ထိတ်လန့်လာအောင် စွဲမြဲနေအောင် နှလုံးပိုက်ထားလိုက်ခြင်း ဖြစ်သည်။

ဧကော ခမ္ဘော’ ဟူသော ဒေသနာတော်အတိုင်း အသုဘကမ္မဋ္ဌာန်း (၁၀) မျိုးရှိသော်လည်း ဆယ်မျိုးစေ့စုံအောင် လိုက်နေရန်မလိုပါ၊ စိတ်အာရုံ၌ ထင်မြင်မှုစွဲလမ်း၍ သံဝေဂရနေရန် အမြင်ပေါက်ဘားဖို့သာလိုပါသည်၊ မိမိစိတ် အာရုံတွင် စက်ဆုပ်ဖွယ်ရာ ထိတ်လန့်ဖွယ်ရာအဖြစ် မြင်နေသောအရာဝတ္ထုသည် မိမိစိတ်အာရုံနှင့် လိုက်လျောကိုက်ညီသော ‘အပိုင်း’ ဖြစ်သည်ဟု မှတ်ယူထားရ ပါမည်၊ (ဥပမာ–အရှင်ယသမထေရ်၏ အတိတ်ဘဝတမ်ခုဌ် မီးရှို့နေစဉ် မြင် တွေ့ခဲ့ရခြင်းကဲ့သို့ ထိရောက်ဖို့သာ လိုရင်းဖြစ်သည်။)

## မိမိကိုယ်ခန္ဓာ၌ ထပ်တူရှုရန် တရားရှာကိုယ်မှာတွေ့

သူတစ်ပါး၏ အသုဘရုပ်အလောင်းကောင်ကိုမြင်ရ၍ စက်ဆုပ်ဖွယ်ရာကြီး တည်းဟူ၍ ပိုင်နိုင်စွာသိထားပြီးလျှင် ထိုအသုဘနှင့်နှိုင်းစာ၍ မိမိ၏ကိုယ်ခန္ဓာ၌ ထပ်တူမြင်လာအောင် ရှုကြည့်ဆင်ခြင်ယူရမည်၊ တစ်ကြိမ်ဖြင့် မထင်သေးလျှင် နှစ်ကြိမ်သုံးကြိမ် စသည်ထပ်ကာ စိတ်အာရုံစွဲကပ်၍ ရှုကြည့်ပေးပါ၊ အကြိမ် များလာသောအခါ အကျိုးရှိသာမည်၊ ထပ်တူဖြစ်ပုံ ထင်မြင်လာလိမ့်မည်။

ထိုအခါ အသုဘကမ္မဋ္ဌာန်း ရှုကြည့်ခြင်းအလုပ်၌ ပိုင်ပြီဟု ဝမ်းမြောက်ရ မည်၊ ‘တရားရှာ ကိုယ်မှာတွေ့သည်’ ဟူသော ဩဝါဒစကားကို ကျေနပ်စွာ လက်ခံလာလိမ့်မည်။

## ခြေလျှင်ခရီးသွားနေရင်း အသုဘစိမ်းတွေ ရှုမြင်ခဲ့ပုံ

လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလ တစ်ချိန်က ဤအရှင်သည် နေမြဲ တောရကျောင်းမှ ဖလမ်းမြို့၌ တစ်ပါးတည်း ခြေလျှင်ခရီးသွားနေရင်း မိမိ၏ ကိုယ်ခန္ဓာရုပ်ကို အသုဘဖြစ်ပုံ နှလုံးသွင်းဆင်ခြင်၍သွားနေစဉ် လမ်းခရီးတစ် လျှောက်၌ ရင်ဆိုင်တွေ့မြင်နေရသော ခရီးသွားများကို အမှတ်မထင်ကြည့်မိရာ အားလုံး အသုဘရုပ်ကောင်တွေချည်း မြင်နေသည်၊ လူပတင့်တယ်သူ တစ်ယောက် မျှ မမြင်၊ နှစ်သက်ဖွယ်ရာ လူဟူ၍လည်း တစ်ယောက်မျှမမြင်ရချေ၊ ‘ဤလူတွေ အားလုံး အသုဘစိမ်းတွေချည်းသာ’ ဟူ၍ အမြင်ပေါက်နေသည်၊ ယောကျ်ား မိန်းမ ကြီးငယ်အားလုံးကို ‘အသုဘစိမ်းတွေချည်း ဖြစ်ကြပုံ’ မြင်သွားနေရသည်။

## ဝဖြိုးသော အသုဘပိုင်ရှင်

တစ်နေရာကောင်ကွေ့၌ ရင်းနှီးဖူးသော ကျောင်းဆရာကြီးတစ်ယောက်က ဤအရှင်ကို လှမ်းမြင်ရ၍ ရှေ့မှကြိုတင်ကာရပ်ပြီး ရှိသေစွာနှုတ်ဆက်သည်၊ သူ၏

နာမည် 'မန်းလုဝိန်ခုပ်' ဆိုသူ ဖြစ်သည်၊ တစ်ကြိမ်တစ်ခါ ပြန်လည်တွေ့ကြုံရ၍ ဝမ်းသာအားရဟန် 'ဆရာမန်းလုဝိန်ခုပ်'က ရယ်ကာပြုံးကာ အမူအရာပြလျက် နေရှာပါ၏၊ ဤအရှင်ကား မပြုံးပါ၊ ဝတ်ကျေတမ်းကျေ ပြန်လည်နှုတ်ဆက် စကားပြောရင်း သူ၏ဝဖြိုးနေသော ရုပ်ခန္ဓာကြီးကိုကြည့်၍ 'တုတ်ခိုင်သော ဆသုဘပိုင်ရှင်' ဟူ၍ မြင်နေမိသည်။

ထို့နောက် ခရီးသွားနေရင်း ကောင်းကင်မှတိမ်ထုကြီး မြေကြီးခိုက် အောင် ကျဆင်းလာပြီး မသဲမကွဲ မှောင်ရီရီထဲတွင် မိုးသေး တဖွဲဖွဲကျနေ၍ ထီးဖွင့်ဆောင်းပြီးသွားနေရခိုက် တစ်နေရာအရောက်တွင် နောက်မှ ကားသံကြား သဖြင့် အလိုက်သိစွာ ဘေးဖယ်ရပ်ပေးလိုက်သည်၊ ကားသည် ဘုန်းကြီး အနီး အပါး၌ ရုတ်တရက်ရပ်လိုက်ပြီး ကားထဲမှ လူဝဝကြီးထစ်ယောက်ထွက်လာကာ ဤအရှင်ကိုတွေ့ရသဖြင့် ဝမ်းမြောက်သည့်အနေမျိုး ဟန်ပန်ပြကာ ရင်းနှီးစွာ နှုတ်ဆက်ပြန်သည်၊ လက်ရှိချင်းပြည်နယ်၌ တိုင်းမင်းကြီးအဖြစ် တာဝန်ထမ်း ဆောင်နေရသူ တောင်ပိုင်းချင်းတောင်မှ (မင်းတပ်) နယ်သား တပည့်ကြီး (ဦးနိန်လိမ်း) ဖြစ်သည်။

အလိုက်အထိုက် ပြန်လည်စကားပြောရင်း ဝလွန်းနေသော သူ၏ကိုယ် ထည် ဒြပ်ကြီးကို ကြည့်မြင်ရပြီး 'သူ၏အသုဘကြီး သူသယ်ဆောင်နေရချက်က အတော်လေးလံရှာလိမ့်မယ်' ဟူ၍ သနားစိတ်ဝင်လိုက်မိသည်။

## အသုဘစိမ်းတွေ အချင်းချင်းထမ်းပိုး၍

ထိုနေရာမှ ရှေ့သို့ခရီးဆက်သွားနေခိုက် အာသံပြည် နယ်ခြားလမ်းခွဲနှင့် ပေါင်းဆုံကာနီးအရောက်တွင် လူသံတွေ ဆူဆူညံညံကြား၍ ဒေနောက်ဘက် တောင်မြင့်ကြီးဆီသို့ လှမ်းမျှော်ကြည့်လိုက်ရာ လူဟုထင်ရသူတစ်ဦးကို ကုလားထိုင် ထမ်းစင်ဖြင့် ထမ်းကြလျက် လူအများက ရှေ့နောက်ခြံရံကာ စီတန်းကာ ဆင်း လာနေကြပုံကို တွေ့မြင်ရသည်၊ 'ဩော်-သူတို့ကား အသုဘစိမ်းတစ်ခုကို အသုဘ စိမ်း အများက ထမ်းပိုးလာရှာကြသူတွေပါကလား' ဟူ၍ မြင်မိပြန်သည်၊ ဇာထိလ် ရွာမှ လူနာကို ဖလမ်းမြို့ဆေးရုံသို့ ထမ်းပို့ကြောင်း မေးကြည့်၍သိရ၏။

## အသုဘတွေ သနပ်ခါးလိမ်းထားကြပုံ

ထိုလူအုပ်ကြီးလွန်သွားပြီးနောက် မကြာမီ အမျိုးသမီးများချည်း လူ တစ်အုပ် လာနေကြပုံ ရင်ဆိုင်တွေ့ရပြန်၏၊ သူတို့မျက်နှာပေါ်၌ ပြုံးဖွေးသော

အရာဝတ္ထုတွေ လိမ်းခြယ်လျက် ရယ်ကာပြုံးကာ စကားတွေရာ ပြောလာကြသည်၊ သူတို့တွင် ကြည့်ကောင်းသူဟူ၍ တစ်ယောက်မျှမမြင်ပါ၊ ‘အသုဘစိမ်းတွေ သနပ်ခါးလိမ်းထားကြပုံသာ’မြင်နေသည်၊ ထိုနေ့တွင် ဤခရီးတစ်လျှောက်ဤနည်းချည်း မြင်နေသည်၊ မိမိ၏ကိုယ်ခန္ဓာ၌ တကယ်ထင်မြင်နေပြီဖြစ်လျှင် သူတစ်ပါးကိုလည်း ‘အားလုံးအသုဘတွေချည်းသာ’ ဟူ၍ အလိုလိုမြင်နေတော့သည်။

## နေရင်းထိုင်ရင်း မိမိကိုယ်၌ အသုဘမြင်အောင်ရှု

ကျေးဇူးရှိအောင် အလုပ်စခန်းဝင်နည်းကိုပြောမည်၊ အချုပ်မှာ အခြားကမ္မဋ္ဌာန်းများကို အကြောင်းမညီညွတ်သေး၍ ဖြစ်စေ၊ စိတ်မဝင်စားသေး၍ ဖြစ်စေ အားမထုတ်နိုင်သေးလျှင် နေရင်းထိုင်ရင်း မိမိခန္ဓာ၌ အသုဘမြင်ရုံ ရှုနေတတ်လျှင် တော်ပြီ။

ဤဘဝ၌ တစ်ချိန်မှာလောက်တွင် ပိုင်နိုင်စွာမြင်ထားပါက ကျေနပ်စရာဖြစ်ပြီး အားကိုးစရာရပြီမှတ်ပါ၊ အခြားအချိန်များတွင် နှလုံးမသွင်းအား၍ မေ့ချင်မေ့လျော့နေစေဦးတော့ အခွင့်သာသောနောင်တစ်နေ့တွင်၊ သို့မဟုတ် နောင်ဘဝတစ်ခု၌ တစ်ချိန်ချိန်တွင် ယသသူဌေးသားကဲ့သို့ အကြောင်းတစ်ခုကြောင့် အလိုလို အမြင်ပေါက်လာရမည်မှာ ကေန်ဖြစ်သည်။

ထိုအမြင်နှင့် သံသရာဝဋ်မှ ထွက်မြောက်နိုင်ကြောင်း လမ်းစပြီဟူ၍ ဝမ်းမြောက်နေပါ၊ ထို့ပြင် တစ်စုံတစ်ရာ ရောဂါနှိပ်စက်ခြင်း ခံစားနေရသော်လည်း အသုဘကမ္မဋ္ဌာန်းမြင်နေပြီးရှိသူ၌ စိုးရိမ်ကြောင့်ကြမကြီးပါ၊ ကိုယ်ခန္ဓာရုပ်ဘရားနှင့် စပ်လာသမျှ ‘ငါပိုင်မဟုတ်ကြောင်း သိရှိထားပြီးဖြစ်သောကြောင့် အလွန်အကြူး ကြောက်ရွံ့နေလိမ့်မည်မဟုတ်ကြောင်း လက်တွေ့သိကြရပါမည်။

အဝိကအချက်မှာ ‘ဘောဘ ဝမှာ’ နေရင်းထိုင်ရင်း လုပ်ရင်းကိုင်ရင်း ကမ္မဋ္ဌာန်းတရားတစ်မျိုး လွယ်လွယ်နှင့် လက်ဆုပ်လက်ကိုင် ရရှိထားပါက သံသရာတစ်ခွင် ကျင်လည်ရာမှ ‘အားကိုးစရာအဖြစ်’၊ (မှီခိုရာ အားထားရာ မကြောက်တရား) အဖြစ် အိတ်ဆောင်ရေးသွား စိတ်ချရသော လက်မှတ်ကောင်းအဖြစ် အသုံးဝင်မည်၊ ကျေးဇူးပြုသွားမည်ဖြစ်ကြောင်း ညွှန်ကြားလိုက်ပါသတည်း။

# အာပတ်နှင့်တကွ စုတေလျှင်

## သံသယကင်းစေ

'ရဟန်းပုဂ္ဂိုလ်သည် အာပတ်နှင့်စုတေလျှင် ငရဲသော်လည်းကောင်း၊ တိရစ္ဆာန်သော် လည်းကောင်း ဖြစ်ဘတ်သည်ဟူ၍ ပြောရိုးဆိုစဥ်ပြုလာခဲ့ကြသောစကား, ရှေးခေတ်မှ ကျမ်းဂန်သံပါသည့်စကားသည် ပုံသေအမှန် ဖြစ်သလော'

ရဟန်းဟူ၍ဆိုလျှင် ငယ်ဖြူဖြစ်စေ၊ အရွယ်လွန်မှ ရဟန်းဘောင်ဝင်ခဲ့သော ကြီးဖြူဖြစ်စေ သဘောတူဖြစ်၏၊ ခေတ္တဝတ်သော ဒုလ္လဘဖြစ်စေ၊ ပျော်သမျှ နေသွားမည် ကြံရွယ်ချက်ထားသော ဒုလ္လဘဖြစ်စေ သဘောတူဖြစ်ကြသည် မှတ်ပါ။

'အာပတ်နှင့်တကွစုတေလျှင် သေလွန်ပြီးနောက်ဘဝတွင် တကယ်ပင် ငရဲနှင့် တိရစ္ဆာန်ဘဝသို့ ရောက်ကြရသလော'

အဆိုပါတွေးဆချက်ကို ဤဆောင်းပါးတွင် ပြည့်စုံအောင် ဆွေးနွေးတင်ပြမည်၊ ခိုင်မာသော ကျမ်းဂန်အထောက်အထားနှင့် ဆုံးဖြတ်ချက်ပေးသွားမည် ဖြစ်သည်။

ဤဆောင်းပါးသည် ရဟန်းပုဂ္ဂိုလ်တို့အား မိမိတို့ရရှိထားသော သူတော်ကောင်း ဘဝ၌ သံသယရှင်းစွာ သိမြင်ကြရမည်၊ စိတ်ရှင်းရှင်းထား၍ မြတ်သော ရဟန်းဘဝဖြင့် ပျော်မွေ့စွာနေနိုင်ကြောင်း အမြင်ရှင်းကြပါလိမ့်မည်။

## ဖတ်ချင်ကြ၍ ၂-ကြိမ်ထပ်ရေးရခြင်း

ရဟန်းပုဂ္ဂိုလ်များအတွက် အထူးသိမြင်သားကြရန် လိုအပ်သောကြောင်းရာ ဖြစ်သောကြောင့် ဤဆောင်းပါးကို လွန်ခဲ့သော ၁၃၃၅ – ခုနှစ်အတွင်းက စတင်ရေး၍ ဓမ္မဗျူဟာစာစောင်တွင် သုံးလဆက်၍ ထည့်သွင်းဖော်ပြလိုက်သည်၊ ရဟန်းစာဖတ်ပရိသတ်က အထူးကြိုက်နှစ်သက်ကြ၍ အရေးယူဖတ်ရှုကြ ဆွေးနွေးကြသည်၊ အချို့မှာ စာစောင်အဆက်ပြတ်နေကြသောကြောင့် ပြည့်စုံအောင် မဖတ်ကြရဟု ဆို၏၊ မပြေမလည်နှင့် မကျေမနပ်နှင့် အနေရအထိုင်ရ ခက်နေကြကြောင်း သတင်းပို့ကြ၍ သိရ၏။

ရဟန်းသံဃာ စာဖတ်ပရိသတ်အတွင်းမှ မထေရ်ကြီးများလည်း ဖြစ်တော်မူကြ၍ ဝိနည်းကံကိုလည်း အထူး လေးစားတော်မူကြသည့် အဆိုပါ ထိုထိုဆရာတော်ကြီးများ၏ တောင်းဆိုချက်ကြောင့် တစ်ကြိမ်ထပ်မံကာ ရေးသား

ရပြန်၏၊ ထိုအကြိမ်တွင် ပြုပြင်ဖြည့်စွက်ချက်ပါ၍ ပိုပြီးပြည့်စုံခြင်းကြောင့် ကျေးဇူးရှိပါသည်။

အထူးသဖြင့် ငါနည်းကံကို လေးစားတော်မူကြသော စာပေကျမ်းဂန်တတ် စာချဆရာတော်များနှင့် ကမ္မဋ္ဌာန်းဆရာတော်အချို့တို့ထံမှ စာရေးပေးပို့ကာ တောင်းပန်ကြပါသည်။

နည်းတူပင် ဘာသာရေးဆက်ဆံရေးနှင့် သံသရာကျင်လည်ရေးကို အရှည်မျှော်တွေးတော်မူရှာကြသော ပါရမီရှင်ပုဂ္ဂိုလ်များအတွင်းမှလည်း ဆရာတော်အတော်များများထံမှ တောင်းပန်လျှောက်ထားစာ ပို့ကြသည်၊ 'အာပတ်နှင့်ဘကွ စုတေလျှင်' ဆောင်းပါးကို ဖတ်ကြရပြီးသောအခါ ဤအရှင်ထံသို့အကြိမ်ကြိမ် စာရေးပို့ရှာကြသည်၊ အချို့စာများတွင် ဤအရှင်ကို ပုဂ္ဂိုလ်ချင်းတွေ့ဆုံ၍ အကျေအလည် အစုံအစေ့ ဆွေးနွေးရန် အထူးလိုလားနေကြပါကြောင်း ရေးပါ၏၊ ချင်းဘောင်နှင့် နယ်ခြားတောင်များမှလွဲလျှင် သွားလာ၍ အချိန်မရွေးဖြစ်နိုင်သော ပြည်မဘက် မြို့ရွာများသို့ ကြွ၍လာနိုင်ပါက ရန်ကုန်ဖြစ်စေ၊ မန္တလေးမြို့ဖြစ်စေ၊ ရွှေဘိုမြို့ဖြစ်စေ မည်သည့်မြို့ရွာ၌ဖြစ်စေ လာရောက်တွေ့လိုပါကြောင်း စာရေး၍ တောင်းဆိုချက်အများ ပါသည်။

## ကိုယ်တိုင်လာတွေ့ကြရာ

အဆိုပါ ကြိုတင်တောင်းဆိုချက်အတိုင်း လွန်ခဲ့သော ၁၃၃၉–ခုနှစ်၊ ဆောင်းရာသီအတွင်းက ဤအရှင် ရန်ကုန်မြို့သို့ရောက်သွားရာတွင် တစ်ဆင့်စကားသတင်းကြားကြသည် ဆို၏၊ သတင်းရလျှင်ရခြင်း ဤအရှင်ခေတ္တရှိနေသောနေရာကို စုံစမ်းပြီး အရအမိလိုက်လာကာ တွေ့ဆုံခွင့်တောင်းကြသည်။

သူတို့သည် နေ့အခါတွင် သတင်းရသော်လည်း ရန်ကုန်သို့ ရောက်နေကြောင်းသာ သဘင်းခိုင်လုံသည်၊ ဘယ်နေရာတည်းခိုကြောင်း အတိအကျ မသိကြပါ၊ သူတို့သည် စစ်ဘက်မှ စစ်မှုထမ်းများအကူအညီဖြင့် ညအချိန်ရောက်နေမှ ယနေ့ ဘယ်နေရာ၌ရှိကြောင်း တိကျသောသတင်း ရကြသည်ဆို၏၊ ဖုန်းဆက်မေး၍ ယနေ့ညဘွင် ဤနေရာ၌လာတွေ့လျှင် ဖြစ်နိုင်ပါသည်ဟု ခွင့်ပြုချက်စကားပြန်လျှင် အချိန်မဆိုင်း ချက်ချင်း ည (၇) နာရီအချိန်တွင် ကားနှင့်လာ၍တွေ့ဆုံကြသည်၊ လူဒကာများနှင့် ဆရာတော် ၂–ပါးဖြစ်ကြသည်။

ထိုအချိန်က ဤအရှင်သည် ရန်ကုန်မြို့အရှေ့ပိုင်း ဘိုကလေးဈေးလမ်း၊ လေးထပ်တိုက်ကြီးတစ်လုံး၏ အပေါ်ဆုံးထပ် သူဌေးကြီးတစ်ဦး၏ အိမ်ခန်း၌ ထိုတစ်ည သူတို့၏နေအိမ်တွင် ပရိတ်ရွတ်ပေးရန် ပင့်ဖိတ်ချက်ကို ကြိုတင်လက်ခံပြီး

ဖြစ်၍ ရောက်နေရခြင်း ဖြစ်သည်၊ ကျောင်းအမှတ်ဖြင့် တစ်ည သိတင်းသုံး၍ တရားလည်း နာကြားလိုပါသည်၊ နောက်ရက်နံနက်ဆွမ်းကို ကပ်ပါရစေဟု တောင်းပန်သည်၊ ညချမ်းအခါ ဗဟုသုတ ဘဝခရီးတာအတွက် သိထားသင့်ရာ တရားစကားပါ ဟောကြားပေးလို၍ သည်းခံပြီး ခွင့်ပြုခြင်းဖြစ်သည်။

အိမ်ရှင်မိသားစုရှေ့တွင် အဆိုပါဆရာတော် ၂-ပါးနှင့် သူတို့၏ ဒကာများပါ ဤအရှင်ကို မတွေ့မမြင်ဖူးကြခင် တွေ့ချင်နေရှာကြသောကြောင့် ယခုလို ကြုံကြိုက်၍ တွေ့ဆုံခွင့်ရခိုက်တွင် သိလိုရာ မေးဆိုခွင့် ပြုပါသည်၊ (အာပတ်နှင့် တက္ကစုံတလျှင်) ဆောင်းပါးတွင်ပါသော အချက်အလက် ကြောင်းရာအချို့ကို သူတို့ မသဲကွဲ၊ စိတ်အာရုံတွင် သံသယရှိနေရာ အချက်အလက်စကားခွန်းထုတ်၍ မေးကြသည်၊ ရင်းနှီးစွာ ပွင့်လင်းသောအဖြေကို ကြားကြရ၍ ကျေနပ်တော်မူကြသည်၊ တစ်သက်ပန် ကျေးဇူးတင်ပါကြောင်း လျှောက်သွားကြသည်။

သို့ရာတွင် ရပ်ဝေးမှ တွေ့ဆုံခွင့်မရကြသော ရဟန်းပုဂ္ဂိုလ်ကြီးငယ် အတော်များများ ရှိကြပေဦးမည်၊ ထိုပုဂ္ဂိုလ်များအတွက် ကျေလည်စွာ သံသယရှင်းကြရန် အတွက် ဤဆောင်းပါးကို ဒုတိယတစ်ကြိမ်ရေး၍ ဗုဒ္ဓမဂ်လာကာစာစောင်မှ ပြန်လည်တင်ဆက် ဖော်ပြပေးရပါသေးသည်။

## ဤဆောင်းပါး ရေးရခြင်းအကြောင်း

စာမူဖြစ်ပေါ်လာရန် ဖြစ်ပေါ်လာသောအကြောင်း ရှိ၏၊ ဤအရှင်ထံသို့ လွန်ခဲ့သော ၁၃၃၄-ခုနှစ် နွေရာသီတွင် ရေးလည်ပုဂ္ဂိုလ် ရဟန်းတစ်ပါး ရောက်လာပြီး (၉) ရက်ကြာ နေသွားသည်၊ ထိုပုဂ္ဂိုလ်နှင့် စကားစပ်မိရာပြောကြရာမှ သတင်းထူးတစ်ခု လျှောက်သွား၍ ကြားသိလိုက်ရ၏၊ ထိုပုဂ္ဂိုလ်သည် ဝေးလံသော မုန်ကုန်ရွှေမြို့တော်ကြီးမှ အထူးကြိုးစား၍ လာရောက်တွေ့ဆုံပြီး စကားဆွေးနွေးခြင်း ဖြစ်သည်၊ ဤအရှင်ထံမှ ဗဟုသုတအထွေထွေကို မေးမြန်းကာ လေ့လာယူသွားသော ပုဂ္ဂိုလ်တစ်ပါး ဖြစ်သည်။

## မမြင်အပ်သော အတိတ်က

မြန်မာပြည်၏ ကြီးမားသောမြို့တော်ကြီး၌ နာမည်ကျော်ကြား ဘုန်းကံကြီးမားသော ဆရာတော်ကြီးတစ်ပါးသည် အခြားဘုန်းကံကြီးမား နာမည်ကျော်ကြားနေသော ဓမ္မကထိကတစ်ပါး၏နှစ်ပတ်လည် မွေးနေ့ပွဲကြီးတွင် ပရိသတ်အား တရားဟောကြားပေးရန် ရင်းနှီးသော ဘဝတူချင်းအနေဖြင့် တာဝန်ပေးကာ တောင်းပန်သည်ကို ကျေနပ်ဝမ်းသာ လက်ခံသည်။

ပရိသတ်အလယ် တရားပလ္လင်ပေါ်၌ထိုင်မိလျှင် ပရိသတ်က ရှိခိုး၍ ကန်တော့ခန်းရွတ်ဆိုကာ ကန်တော့ကြသည်၊ ထိုဆရာတော်က ပရိသတ်အား ဆုပေး ရွတ်ဆိုသည်၊ တရားမဟောရသေးခင် သီလမပေးရသေးမီ အဆိုပါ ဓမ္မကထိကဆရာတော်သည် တရားပလ္လင်ပေါ်၌ထိုင်လျက် အသက်ပျောက်၍ ပျံလွန်သွားရှာလေသည်၊ ပျံလွန်ရပုံ ထူးခြားလေခြင်း။

အခြား ဆရာတော်တစ်ပါးသည်လည်း နာမည်ကျော်ကြား ဘုန်းကံကြီး မား၍ မြို့တော်ကြီး၌ ငွေဖိတ်သူပေါများလျက်ရှိရာ တစ်နေ့တွင် အဆိုပါဆရာ တော်သည် အလှူပွဲတစ်ခုမှပင့်၍ ဆွမ်းစားကြွသွားပြီးနောက် သူ၏နေမြဲကျောင်း သို့ ပြန်ရောက်လျှင် ချက်ချင်းအစာတွေအန်ချပြီး ပျံလွန်သွားရှာသည်၊ ပျံလွန် ပြီးလျှင် ရုပ်ကြွင်းခန္ဓာသည် ချက်ချင်းမည်းသွားသည်ကို တွေ့မြင်ကြရသည်ဆို၏။

## ပျံလွန်ပြီး နောက်ဆက်တွဲသတင်း

သတ္တဝါတို့သည် မမြင်အပ်သော အတိတ်ကံပါရှိကတ်ကြမြဲ ဖြစ်သကဲ့သို့ လက်ရှိဘဝမှ နောက်ဆက်ရသော ဝဋ်မလွန်ဘဝ၌ ဘာဖြစ်ရမည်ကိုလည်း မမြင် နိုင်သူက များကြ၏၊ အဆိုပါဆရာတော် ၂-ပါး ပျံလွန်သွားပြီး နောက်ပိုင်း တွင် ကောလာဟလသတင်းတွေ နောက်ဆက်တွဲ ပြောဆိုနေကြသည်မှာကား– 'ပြိတ္တာဖြစ်နေလို့မကျွတ်ဘူးတဲ့၊ သူ့ကျောင်းတိုက်အတွင်း၌ လှုပ်ရှားသွားလာပြ နေပုံ မြင်တွေ့နေကြရသတဲ့၊ ပြိတ္တာမဟုတ်ဘူး၊ ဘာဖြစ်နေသတဲ့၊ ဘီလူးတစ်ပိုင်း တစ်စုံတစ်ရာ သတ္တဝါကြီး တစ်ပိုင်းဖြစ်နေတာ အထင်အရှားပဲတဲ့' ဟူသော သတင်းစကားတွေ ထွက်ပေါ်ကျန်နေရစ်ကြသေး၏။

ထို့ပြင် အစွံ့ကြောင့်မကျွတ်တာနေမှာ၊ ကိုယ်ပိုင်ကားတစ်စီးလည်း ရှိ၊ ရရှိထားတဲ့ ပစ္စည်းလာဘ်လာဘတွေကလည်း ရရသမျှအားလုံးစုထားတာတဲ့၊ဘယ် ပုဂ္ဂိုလ်မှ ပေးကမ်းလှူဒါန်းခြင်းမရှိဘူးတဲ့၊ ဘာကုသိုလ်မှ ပြုလုပ်သွားခြင်းလည်း မရှိဘူးတဲ့၊ သူ့ပစ္စည်းတွေ တွယ်တာစွဲလမ်းမှုကြောင့် သူနေထိုင်သွားတဲ့ကျောင်း တိုက်ဘာထဲက မထွက်နိုင်၊ မကျွတ်နိုင်ဖြစ်နေရှာကာနေမှာ'ဟူ၍လည်း ကရုဏာ သံနှောသလိုလို ကဲ့ရဲ့ပြစ်တင်သံလိုလိုနှင့် ဝေဖန်သံတွေကလည်း လူတွေပါးစပ် ကဆော ရဟန်းပုဂ္ဂိုလ်တွေ၏နှုတ်ကရော အတောမသတ်အောင် ပြောဆိုကျန်နေ ရစ်ကြသေးသည်ဆို၏။

## ကံမဖန် လူကဖန်သည်

ရှေးခေတ်စာပေကျမ်းဂန်တတ် ဆရာတော်ကြီးများက မိန့်ကြားလေ့ရှိခဲ့ ကြသော ဩဝါဒစကားများတွင် (ကံမဖန်)ဟူသော စကားထူး ပုံတင်သွားခဲ့ရ

ဖူး၏၊ ဖြစ်ရပ်ဘင်ခုထူးခြားပျင်'ကံကြောင့်လော၊ လူကစေတနာ မဖြောင့်သော ကြောင့်လော'ဟူသည်ကို ရှာဖွေလေ့လာကြည့်ရမယ်ဟူ၍ အမိန့်ရှိတတ်ကြသည်။

'မကျွတ်ဘူး'ဟူ၍ ပြောဆိုနေကြသော အဆိုပါ ဆရာတော်သည် ရှေး တစ်ချိန် ဤအရှင် ရန်ကုန်မြို့၌နေခဲ့စဉ်အခါ (အာမိသသမ္ဘောဂ) ဆက်ဆံ၍ သွမ်းလက်ဆုံစား၍ ရင်းနှီးသောဘုန်းကြီးချင်း မိတ်ဆွေဖြစ်ခဲ့ဖူး၏၊ ထို့ကြောင့် အထူးစိတ်ဝင်စားနေမိသည်။

## တူတော်မောင် ကိုသန်းအောင်

တစ်ဖန် ထို ၁၃၃၄ – ခုနှစ် နွေရာသီနောက်ပိုင်းတွင် ဤအရှင် အမြဲ နေထိုင်ရာ မြောက်ပိုင်းချင်းတောင်၊ ဖလမ်းမြို့နယ်၊ မြို့တောင်ဘက် (၈)မိုင် ကွာ လုံရန်းပေါ်ရခါးရွာအနီး ပေ (၇၀၀၀) ကျော်မြင့်သော တောင်ကြီး ပေါ်တောအုပ်အတွင်း၌ တည်ထားသော တောရကျောင်းငယ်သို့ လူဒကာ ညွှေ့သည်တစ်ဦး ရောက်လာပြန်၏၊ သူကား ဆွေမျိုး၊ ငယ်တပည့် တူတော်မောင် ရန်ကုန်မှ လာခဲ့ခြင်းဖြစ်သည်၊ ဤအရှင်ကို ကျေးဇူးဆပ်ရန် အလုပ်အကျွေးပြု လို၍ ရန်ကုန်မြို့ (၆)မိုင် မာလကာခြံ (၁၀)ရပ်ကွက် မမွာရုံလမ်း၊ အမှတ် (၅၈၄) အောင်မြန်မာစက်မှုလက်မှု ကိုယ်ပိုင်အလုပ်ရှိဖွင့်၍ ကိုယ်တိုင်လုပ်ကိုင် နေသူ၊ အနောက်ဂျာမနီ ဆောက်လုပ်ရေးကုမ္ပဏီ၏ လက်ထောက်အင်ဂျင်နီယာ ဟောင်း ငယ်ပာပည့်ရင်းကိုသန်းအောင် ဖြစ်သည်။ ဝတ်ကြီးဝတ်ငယ်ပြုစုလုပ် ကျွေး၍ ဤအရှင်ထံပါး တောရကျောင်းကလေး၌ တစ်လကြာခနထိုင် သွားစဉ် စိတ်ဝင်စားဖွယ်ရာ ကောင်းသော ရဟန်းပုဂ္ဂိုလ်ကြီးများ၏သတင်းစကားထူးခြား ချက်များကို ထပ်ဆင့်၍ ကြားရပြန်၏။

မြို့တော်ကြီးအတွင်း၌ နာမည်ကျော်ကြား ဘုန်းကံကြီးမားသော ဤ အရှင်နှင့်စစ်ကြီးခေတ်ကာလအတွင်းဆီက ရင်းနှီးသောမိတ်ဆွေကြီး ဓမ္မကထိက ရုံခါလုပ်သော ဆရာတော်တစ်ပါးသည် မွေးနေ့ပွဲကြီးတစ်ခု၌ ရဟန်းရှင်လူ ပရိသတ်အလယ်တွင် တရားဟောပြောရန် သီလပေးနေစဉ် တရားပလ္လင်ပေါ်၌ ရုတ်တရက် ပျံလွန်သွားကြောင်း အစချီသည်၊ ဆက်လက်၍ အလားတူစွာ နာမည်ကျော်ကြား ဘုန်းကံကြီးမားလှသည့် ဆရာတော်အချို့ (ဘွဲ့အမည်ပါ ပြော၏) မကြာမီနှစ်တွင် ပျံလွန်သွားကြကြောင်း၊ ပျံလွန်သွားပြီးနောက်ဆက် တွဲသတင်းဖြစ်နေရစ်ကြသည်မှာ မကျွတ်ရှာကြဘူးတဲ့၊ ဘယ်နေရာ၌ ကိုယ်ထင်ပြ နေတတ်ကြောင်း၊ ရုပ်ပုံမပြ စကားပြော၍ကြားရကြောင်း၊ ပြိတ္တာဖြစ်နေ

ကြောင်း၊ ဘီလူးဖြစ်နေကြောင်း၊ ရင်းနှီးသောငယ်ပေါင်း ဘုန်းကြီးတစ်ပါးက သနား၍ သပိတ်သွတ်ပြီး အမျှဝေပေးမယ် ပြောသောအခါ မရပေဘူး၊ ငါ မကျွတ်နိုင်သေးဘူးဟူ၍ ပြန်လည်ပြောဆိုကြောင်း စသည် သူကြားသိခဲ့ရသမျှ အရပ်စကားသံ အစုံအလင်တွေပါဝင်၏၊ အဆိုပါသဘင်းထူးများကိုအကြောင်း ပြု၍ရေးနေဆဲ ခရီးသွားဆောင်းပါးကို ခေတ္တရပ်ဘန့်ပြီး ကြားဖြတ်ဆောင်းပါး ရေးလိုက်ရခြင်းဖြစ်သည်၊ ဤကား ဤစာမူရေးဖြစ်ရခြင်း အကြောင်းပင်တည်း။

## ပျံ့နှင့် ပြန်အထူး

ပျံ-သည် ငှက်ပျံ၊ ကောင်းကင်ပျံ၊ ဈာန်ပျံကို ပြောသည်၊ ပြန်-သည် ဌာနပြန်၊ နေရင်းရပ်မြေဒေသပြန်ကို ပြောသည်၊ (ဝေါဟာရ) သတ်ပုံဖြစ်၏။

ဘုန်းကြီးတစ်ပါး အသက်ဝိညာဉ်ချုပ်သွားပြီးနောက် အကြောင်းအရာ စာပေရေးကြရာတွင် သတ်ပုံ ၂-မျိုးရှိသည်၊ ကိုက်ရာယူနိုင်ကြသည်၊ လူအချို့ ကအထက်ဘုံ ကောင်းကင်သို့ ပျံတက်သွားတယ်ဟူသော ဝေါဟာရစကား ထောက်၍ ပစောက်ကို (ယ) ပင့် သေးသေးတင်နှင့် ပျံလွန်သည်၊ ပျံလွန် သွားပြီ၊ ပျံလွန်သွားပြီ၊ ပျံတော်မူသည်၊ ဘုန်းကြီးပျံပွဲဟု ရေးကြ၏။

လူအချို့က သူတော်ကောင်းများသည် ဗြဟ္မာ့ဘုံမှကျရောက် လာကြသူ များရှိဘတ်ကြသည်၊ ထို့ကြောင့် လူ့ဘုံလူ့ဘဝ ခေတ္တရောက် လာခိုက်တွင် အိမ်ထောင် သားမွေးမပြုလိုကြ၍ သူတော်ကောင်းရဟန်းဘဝဖြင့် တစ်သက်လုံး ပျော်မွေ့နေထိုင်သွားပြီး တစ်ဘဝဆုံးလျှင် သူဟိုလာခဲ့ကြသော အထက်ဗြဟ္မာ ဘုံသို့ပြန်လည်၍ ကြွသွားကြသည်ဟူသော ဝေါဟာရစကားထောက်၍ (ပ-စောက် ရ-ရစ် န-သတ်)နှင့် ပြန်လည်သည်၊ ပြန်တော်မူသည်ဟူ၍ ရေးသား ခြင်းပြုကြ၏၊ ဤအရှင်သည် ဒုတိယနည်းကိုကြိုက်၍ 'ပြန်'နှင့် ရေးရိုးပြုသည်။

## ဘုန်းကြီးအိုကြီးတစ်ပါး၏ သတင်းထူး

ဤအရှင်သည် မြန်မာပြည်မဘက် ရွှေဘို-ဒိပဲယင်းနယ်အတွင်းသို့ လွန် ခဲ့သော ၁၃၃၂-ခုနှစ် ဆောင်းရာသီအချိန်တွင် ရှောင်လွှဲမရသော ဇာတိရွာမှ ဘုန်းကြီးပျံစျာပနပွဲကို တာဝန်ယူဆောင်ရွက်ပေးရန် ကိစ္စကြောင့် ခရီးထွက် သွားရသည်၊ ရပ်ရွာသို့မရောက်သည်မှာ ကြာလှပြီဖြစ်သောကြောင့် ဘုန်းကြီး ကျောင်းကြီးပေါ်တွင် မိမိရှေ့၌ လာရောက်ရှိခိုးကန်တော့ကြ၊ နှုတ်ဆက်ကြသော

ဆွေမျိုးသားချင်းတွေကို ဘယ်သူဘယ်ဝါဟူ၍ ရုတ်တရက်မှာ တစ်ယောက်မျှ ခွဲခြားမသိတော့ပါ။

ဤအရှင် ငွေတွင်းကုန်းရွာသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သတင်းကြားသိကြလျှင် ထိုရွာသတ်ဝန်းကျင်၌ရှိကြသော ကျောင်းထိုင်ဘုန်းကြီးအများ လာရောက်၍ တွေ့ဆုံနှုတ်ဆက်ကြသည်၊ ထိုနယ်သုံးပြောရိုးစကားဖြင့် လာရောက်ဖူးတွေ့ကန်တော့ကြသည်၊ သတိထားကြည့်မိရာ ထိုနယ်၌ ထိုအချိန်က ကျောင်းထိုင် ဘုန်းကြီးအောလုံး သက်ရှည်ကြီးတစ်ပါးမျှမရှိကြပုံ တွေ့မြင်ရ၏။

ကြွရောက်လာကြသော ပုဂ္ဂိုလ်များတွင် ပုဂ္ဂိုလ်ကြီးအချို့က အချိန်ကြာကြာထိုင်၍ စကားဆွေးနွေးလိုကြသဖြင့် သူတို့ဆန္ဒလိုက်လျောရ၏၊ အချို့ပုဂ္ဂိုလ်များက ဖူးတွေ့ကန်တော့ပြီး ထပြန်သွားကြသော်လည်း ကျောင်းချင်းမဝေးသောကြောင့် မကြာမကြာလာ၍ စကားဆွေးနွေးနေတတ်သူတို့လည်း ရှိကြသည်၊ နှစ်ပေါင်းကြာမြင့်ပြီးခါမှ တစ်ကြိမ်တစ်ခါမျှသာ ကြုံကြိုက်၍တွေ့ခွင့်ရကြသောကြောင့်ဟူ၍ လျှောက်ကြသည်။

တစ်နေ့တွင် အဆိုပါကျောင်းထိုင် ဘုန်းကြီးများနှင့် စကားဦးသန်းရာကြောင်းရာထွေထွေ စကားလက်ဆုံကျရာမှ သတင်းထူးတစ်ခုလျှောက်သွားကြ၍ ကြားလိုက်ရသည်၊ သတင်းမှာ မကြာသေးမီနှစ်အတွင်းက ယံဖြူဘုန်းကြီးအိုကြီးတစ်ပါး ပျံလွန်သွားရှာပုံဖြစ်သည်၊ သက်ရှယ်တော်ကြီး၍ အိုမင်းခါမှ သူ၏ဇာတိရပ်မြေဖြစ်သော (သူတို့ ကျောင်းအနီးရွာတစ်ရွာ)သို့ ပြန်လည် ကြွရောက်လာပြီး ပျံလွန်သွားကြောင်းဖြစ်၏၊ ဤမျှသည် သတင်းထူးမဟုတ်ပါ၊ အဆိုပါဆရာတော်အိုကြီးသည် စစ်ကိုင်းမြို့အနီး တောကျေးလက်ရွာ၌ နှစ်ပေါင်းအချိန်ကြာကြာ လီဘင်းသုံးနေထိုင်ခဲ့ရာတွင် နာမည်ထင်ရှား၍ ရပ်တစ်ပါး၌ အကျိုးပေးသော ကျောင်းထိုင်ဆရာတော်ကြီးတစ်ပါးဖြစ်သည်ဟု ဆိုရပါမည်။

## သေချိန်ပိုင်ပိုင် သိရောထင့်

အသွန်ကြီးအိုမင်းချိန်ရောက်သောအခါ 'ငါသေချိန်နီးပြီ'ဟူ၍ နှုတ်မြွက်ပြောဆိုကာ သူ၏ရပ်ခန္ဓာနှင့် သူ၏ အသက်အပိုင်း အခြားကို ပိုင်နိုင်စွာသိမြင်နေပြီးကဲ့သို့ သူသီဘင်းသုံးနေထိုင်သော ကျောင်းတိုက်တာကို ထိုရပ်ရွာအားအပြီးအပိုင်အားလုံးလွှဲအပ်ထားခဲ့ပြီးမှ လွတ်လွတ်လပ်လပ် ထိုကျောင်းမှထွက်ခွာလာခဲ့သည်၊ အရာခပ်သိမ်းကို သတိမလစ်စေဘဲ ရှင်းလင်းပြတ်သားစွာ သက်ဆိုင်ရာပုဂ္ဂိုလ်များကို စွန့်ချပေးအပ်၍ လှူဒါန်းထားခဲ့ခြင်း ဖြစ်သည်၊ လက်ရှိ

အာဝါသသံယောဇဉ်ကို စိတ်ရှင်းရှင်း အာလယဖြတ်ပြီးလျှင် သူ၏ မွေးရပ်မြေ ဇာတိရွာသို့ပြန်ကြွလာခဲ့သည်၊ ဇာတိရွာရောက်၍ တစ်မိုးတစ်ဝါ အနားယူခြင်း ကဲ့သို့နေထိုင်ပြီးကာမှ ဘုန်းကြီးကျောင်း၌ မဟုတ်ဘဲ သူ၏နှမအရင်း နေအိမ်၌ ခေတ္တနေထိုင်ရင်းပျံလွန်သွားခြင်း ဖြစ်သည်။

## ကြွေးဟူသမျှ ဘာကြွေးမှမရှိစေရ

ထိုဆရာတော်အိုကြီး၏ စိတ်ထားပုံထားနည်းသည် 'ကြွေးဟူသမျှ ဘာ ကြွေးမျှမကျန်ရစ်စေရ၊ ငါ၏ ဘဝတာအဘွင်း ကိုယ်ပိုင်ကံဘာရားကို သန့်ရှင်း စေပြီးမှ လက်ရှိဘဝကို အဆုံးသတ်သွားမယ်'ဟူ၍ စိတ်ဆန္ဒက ပိုင်ပိုင်ဆုံးဖြတ် ထားဟန်ဘူ၏၊ ကောင်းသောကြံရွယ်ချက်နှင့် ကောင်းသောကြိုတင်ပြင်ဆင်ချက် များဖြစ်၍ ချီးကျူးထိုက်ပါသည်၊ အတုယူစရာလည်းကောင်း၏၊ ဤအကြောင်း သည်လည်း သတင်းထူးမဟုတ်သေးပါ။

ထူးသည်ကား သူ့ကိုယ်သူ 'ယနေ့'သို့မဟုတ် 'နက်ဖြန်'တွင် ပျံလွန် တော့မည်ဟူ၍ ပိုင်စွာ သိထားပြီးသောအခါ ပျံလွန်ကာနီးဆဲဆဲတွင် သတိ ကောင်းစွာရနေသေးသော အချိန်ပိုင်းအတွင်း၌ ပရိသုဒ္ဓပြုသွားကြောင်း (သိက္ခာ ချသွားကြောင်း)ဟူသော သတင်းဖြစ်၏၊ ပွင့်လင်းစွာဖော်ပြပါမည်၊ ထိုဆရာ တော်ကြီးဘွဲ့ (ဦးမာလ၂)ဖြစ်၍ သူ၏ဇာတိရွာသည် (ရွာသစ်ရွာကြီး)ဖြစ်သည်။

## ပျံလွန်ခါနီး သိက္ခာချသောအလေ့အထ

ရှေးအခါဆီက မြန်မာပြည်တွင် ရွှေကျင်ဂိုဏ်း, သုဓမ္မာဂိုဏ်း ဟူ၍ ထင် ရှားစွာ သံဃာတော်များ၏ ဂိုဏ်းကြီး ၂ ဂိုဏ်းရှိခဲ့ရာတွင် တစ်ခုသောဂိုဏ်းမှ ပုဂ္ဂိုလ်ကြီးအချို့တို့သည် ပျံလွန်ခါနီးတွင် သိက္ခာချပြီးမှ ဝိညာဉ်ချုပ်သွားစေ လေ့ ရှိကြသော ထုံးတမ်းစဉ်လာတစ်ခု သံဃာလောက၌ ထင်ရှားရှိခဲ့ကြဖူး ကြောင်း ပြောစဉ်ရှိလေသည်။

မြန်မာပြည်တွင် ထင်ရှားသော အဆိုပါသံဃာဂိုဏ်းကြီး ၂-ခု ရှိရာတွင် တစ်ခုသောဂိုဏ်းကြီး၏ ဦးဆောင်နာယကဖြစ်ကြသော ဆရာတော်ကြီးအချို့သည် ပျံလွန်ခါနီးဆဲဆဲတွင် ပရိသုဒ္ဓ ပြုသွားလေ့ရှိကြကြောင်း၊ ထိုထိုဆရာတော်တို့ ပျံလွန်သွားပြီးနောက် ထေရုပ္ပတ္တိများကို ဤအရှင် ရှေးတစ်ချိန် စာသင်သားဘဝ စစ်ကိုင်းတောင်ရိုး၌ နေခဲ့စဉ်က ဖတ်ခဲ့ရဖူး၏၊ အဆိုပါ သိက္ခာချသွားကြသော ဓလေ့ထုံးတမ်းရှိခဲ့ကြပုံကို ပွင့်လင်းစွာ ရေးသားပါရှိသည်။

## ထုံးတမ်းစဉ်လာဆိုတာ

အလေ့အထထုံးစံနှင့် ထုံးတမ်းစဉ်လာဟူသည်မှာ သံဃာ အများ၏ ဂိုဏ်းဂဏ တစ်ခုခုမှ လေးစားခြင်း၊ အားထားခြင်း၊ မှီခိုခြင်းခံယူရသော စာပေ ကျမ်းဂန်တတ်လည်းဖြစ်သော ထိုဂိုဏ်း၏ဦးသျှောင် ဂိုဏ်းချုပ်နာယကဆရာတော် ကြီး တစ်ပါးပါးက ရှေ့ဦးစွာစတင်၍ ပြုလုပ်သွားသောကြောင့် ဖြစ်ရသည်။

သူတို့ဆရာပြုလုပ်သွားပုံကို ကပည့်စဉ်ဆက်က အတုလိုက်၍ လက်ခံနည်းယူ ကာ ဆက်လက်ကျင့်သုံးလာကြခြင်း ဖြစ်သည်၊ သူတို့ထက်ကြီးသော ပုဂ္ဂိုလ် တစ်ပါးပါးနည်းကို နောက်ဆက်တွဲ ကပ္ပည့်စဉ်ဆက်ပုဂ္ဂိုလ်အချို့ကပါ နည်းတူ ပြုလုပ်သွားနေကြလျှင် ထုံးတမ်းစဉ်လာ ဖြစ်လာရသည်၊ ထုံးစံထုံးတမ်းကို မဖျက် သိမ်းကြလျှင် ထုံးတမ်းမှုသေတစ်ရပ်ကဲ့သို့ ရပ်တည်ကာ ကျန်ရစ်နေမြဲ ဖြစ်သည်။

မြန်မာပြည်တွင် သက်ဦးဆံပိုင်ဘုရင်တို့ခေတ်မှသည် မင်းအဆက်ဆက် ခေတ်အမျိုးမျိုး ပြောင်းလဲလာခဲ့သော်လည်း အဆိုပါ ထုံးတမ်းလမ်းစဉ်ကို ယခု ခေတ် တိုင်အောင် နှစ်သက်နေကြသော ပုဂ္ဂိုလ်အချို့ ရှိကြသေး၏၊ နှစ်သက် နေကြသော ပုဂ္ဂိုလ်တို့က 'ဘဝကူးစင်ကြယ်သောနည်း' ဟူ၍ ယုံကြည်ကာ မစွန့် လိုကြ၊ လွယ်လွယ်ပင် အတုလိုက်နေကြဆဲရှိကြောင်း သိရ၏။

## အပါယ်လားမှာကြောက်၍တဲ့

ယုံကြည်လိုက်နာနေကြခြင်း၏အကြောင်းမှာ (သာပတ္တိကေန ဘိက္ခဝေ နိရိယံ ဝါ တိရစ္ဆာနယောနိ ဝါ) ဟူသော ပါဠိဒေသနာစကား အပိုဒ်ကို အထောက်အထားပြုကြခြင်း ဖြစ်သည်။

'ငါသေလွန်ပြီးနောက် တမလွန်ဘဝ၌ မတော်တဆ အပါယ်ဘုံသို့ ကျ ရောက်သွားလေမည်လော' ဟူ၍ အတွေးအဆလွန်ကာ ကြောက်တော်မူကြသော ကြောင့် ရှောင်တိမ်းကြခြင်းဖြစ်သည်၊ ရှောင်တိမ်းနိုင်ရန်အတွက် အားထုတ်ကာ အသွင်ပြောင်းခြင်းဖြစ်သည်၊ အဓိပ္ပာယ်လိုရင်းအချုပ်မှာ (အာသန္နကံစင်ကြယ် အောင်) ဖန်တီးယူခြင်း ဖြစ်သည်။

မှတ်ချက်။ ။အထက်ပါ (သာပတ္တိကေန ဘိက္ခဝေ နိရိယံ ဝါ တိရစ္ဆာန- ယောနိ ဝါ) ဟူသော ပါဠိကို မည်သည့်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၌ ပါရှိကြောင်း စာအုပ်အစုံရှိသော ပုဂ္ဂိုလ်များက ရှာဖွေ ကြည့်ရှုလေ့လာတော်မူကြပါ။

ဤအရှင်ရေးခဲ့သည်မှာ မန္တလေးမြို့၌နေခဲ့စဉ်က ရေးကူး ယူခဲ့သော မှတ်တမ်းစာအုပ်တွင် တွေ့ရှိချက်ကို ဖော်ပြခြင်း ဖြစ်သည်၊ မိမိထံ၌ ပါဠိတော်စာအုပ် မရှိသောကြောင့် ဖြစ်ပါသည်။

## အရေးကြီးသော အာသန္နက

'လူဘဝတွင် ဘာအရေးကြီးသလဲ' ဟူ၍ မေးလျှင် 'အာသန္နကံ အရေးကြီးတယ်' ဟူ၍ ဖြေကြားရပေလိမ့်မည်၊ အာသန္နကံသည် သေခါနီးကာလ၌ အဖန်တလဲလဲ အောက်မေ့အပ်သောကံ ဖြစ်သည်၊ တစ်နည်းအားဖြင့် 'သေခါနီး ကာလ၌ ပြုလုပ်အပ်သောကံ ဖြစ်သည်' ဟူ၍ မှတ်ပါ၊ ဤစကား လိုရင်း ဖြစ်၏။

မိမိ၏ ဖဝ်ဘဝတာအတွင်း အကောင်းဘက်ဖြစ်စေ၊ အဆိုးဘက်ဖြစ်စေ လက်ရှိဘ၏ နောက်ဆုံးခရီးဆက်ဖြစ်၍ အလွန်အရေးကြီး၏၊ ကောင်းရာဘဝ သို့သော် လည်းကောင်း၊ မကောင်းရာဘုံသို့သော် လည်းကောင်း တစ်ချက် တိမ်း လိုက်လျှင် စိတ်အာရုံ တစ်ခဏညွှတ်ခါမျှနှင့် တမလွန်ဘဝသို့ တစ်ဆက်တည်း ကူးရောက်သွားနိုင်သည်။

## မြွေဖြစ်သွားရသော မင်းကြီး

ကျမ်းဂန်အမြိတ်စွန်း ပြောရိုးဆိုစဉ်စကားအရပြောရလျှင် သာသနာဝင် နောက်ပိုင်းတွင် ကောင်းမှုကုသိုလ်တွေ များစွာပြုခဲ့ပြီးသော သီရိဓမ္မာသောက မင်းကြီးသည် သမိုင်းဝင်ကောင်းမှုရှင် ပုဂ္ဂိုလ်ထူးကြီးဖြစ်ပါလျက်(စပါးကြီးမြွေ) ဖြစ်သွားရရှာသည် ဆို၏၊ ထိုပြောစဉ်စကားမှန်ခဲ့လျှင် သီရိဓမ္မာသောကမင်းကြီး ၏ အပါယ်ဘဝလားရောက်ရပုံချိုးကို ထောက်ဆ၍ ကြောက်နိုင်ကြပေမည်။

ထိုမင်းကြီးသည် သေခါနီးကာလ၌ ညောင်စောင်း၌လျောင်းနေစဉ် အရှင်မြတ်တစ်ပါး ကြွရောက်လာသည်ကိုမြင်၍ တစ်စုံတစ်ရာပေးလှူလိုသောကြောင့် 'တစ်စုံတစ်ရာ အလှူယ်ရှိရာယူခဲ့ပါ' ဟု တောင်းဆိုသောအခါ ဘဏ္ဍာစိုးက ဘဏ္ဍာ တိုက်တွေ ပိတ်ထားပြီးပြီဟု လျှောက်ဆို၏၊ ထိုစကားကြားရလျှင် စိတ်မကြည် မလင် ဖြစ်သွားရရှာသည်၊ ယင်းသို့ 'စိတ်မကြည်မလင် ဖြစ်သွားရရှာသော အာသန္နကံလက်ချက်ကြောင့် ကောင်းရာဘဝမရောက်ဘဲ စပါးကြီးမြွေဖြစ်သွား ရရှာခြင်း ဖြစ်တယ်' ဟူ၍ ဆရာတော်စဉ်ဆက်တို့က မိန့်ဆိုချက်စကားကို နာကြား မှတ်သားရဖူး၏။

တင်ဖန် အပြန်အားဖြင့် ဝတ္ထုကောင်းရှားကြည့်လျှင် ဘဝနောက်ဆုံး အာသန္နကံပြုမှုချက် စိတ်ကူးဉာဏ်စီစဉ်ပုံ ပြုလုပ်ပုံကောင်း၍ အနိုက်အတံ့မျှပြုလုပ်သော ကောင်းမှုအစွမ်းကြောင့် သုဂတိဘုံဘဝသို့ ရောက်သွားရသော အင်္ဂုတ္တိုရ်ကျမ်းလာ အရှင်ဖဂ္ဂုဏမထေရ်၏ဝတ္ထုကို သိရသောအခါ အားကျဖို့ကောင်း၏။

ထိုနည်းအတူ သီဟိုဠ်ကျွန်းမှ အရှင်သောဏရဟန်း၏ဖခင် တောမုဆိုးဝတ္ထုသည် တစ်ဘဝလုံး တောမုဆိုးလုပ်နေခဲ့ရာ သားရဟန်းက တရားဟော၍မရပါ၊ နောက်ဆုံး သေခါနီးတွင် သူ၏ ပါဏာတိပါတကံကြောင့် ငရဲကျရောက်ဖို့ ဂတိနိမိတ်တွေ ထင်မြင်လာ၍ ကြောက်လန့်တကြားအော်ဟစ်ပြီး သားကို ကူညီပေးရန် တောင်းဆိုသောအခါ သားရဟန်းက စာပေကျမ်းဂန်တတ်၍ သိမြင်၏၊ တောပန်းတောင်ပန်းတွေကို ကျောင်းသားကိုရင်များအား ရှာဖွေယူဆောင်စေ၍ ဘုရားရှေ့၌ လှပစွာပြင်ဆင်ပြီးလျှင် 'ဒကာကြီး–ဒီမှာကြည့်၊ အဲဒါတွေ ဒကာကြီးအတွက် လှူဒါန်းတဲ့ ကုသိုလ်တွေဖြစ်တယ်၊ ဝမ်းမြောက်ပါ၊ စိတ်ကြည်လင်ပါ' ဟူ၍ သားသူတော်ကောင်း၏ ဝေခဏုပ္ပတ္တိဉာဏ်သုံး၍ ကုသိုလ်အာသန္နကံ ဖြစ်အောင် ပြောင်းပေးလိုက်ရာ တာဝတိံသာနတ်ဘုံသို့ ရောက်သွားလေသည်၊

ထို့ကြောင့် သူတော်ကောင်းတရားကို ကြားနာရဖန်များထား၍ ပညာရှိအသိအမြင်ဖြင့် ပြုပြင်ပေးတတ်ကြလျှင် ငရဲသို့ကျရောက်သွားတော့မည့်ဆဲဆဲ တစ်ဘဝလုံး အကုသိုလ်ကပ်နေခဲ့သော တောမုဆိုးကြီးကို လမ်းပြောင်းကာ နတ်ဘုံသို့ ပို့ပေးနိုင်အောင် စွမ်းဆောင်နိုင်ကြောင်းကို နားလည်ကြရာသည်။

အထက် အဆိုပါဝတ္ထု ၂–ခုကဲ့သို့ ကျမ်းဂန်များတွင် သာဓကပေါင်းများစွာ ရှိသည်၊ ကောင်းသောနည်းလမ်းသည် လူ့လောက၌ ရဟန်းရှင်လူအားလုံးအတွက် အတုယူလိုက်နာတတ်ကြရန် နည်းပေးခြင်း ဖြစ်ပါသည်။

## သေခါနီးတွင် စိတ်အာရုံပြုမှားလျှင်

သေခါနီးကာလ၌ အာသန္နကံအတွက် စိတ်က အာရုံပြုမှားသောကြောင့် ဖြစ်စေ၊ မကောင်းမှုဖြစ်ရပ်တွေ ကြုံဖူးသောကြောင်းရာတွေကို စိတ်အာရုံဝင်စားခြင်း မှားနေသောကြောင့်ဖြစ်စေ ဒုဂ္ဂတိဘုံဘဝသို့ လားရောက်သွားကြရသော ဝတ္ထုသာဓကတွေ ရှေးအတိတ်ခေတ်၌လည်း များစွာရှိခဲ့ဖူး၏၊ ယခု ပစ္စုပ္ပန်ခေတ်ကာလ၌လည်း များစွာရှိနေဆဲ ဖြစ်၏၊ ရှာဖွေလေ့လာကြည့်မိလျှင် မရေမတွက်နိုင်အောင် များပြားစွာရှိနေကြောင်း သိကြရပေမည်။

## သက်န်းစွဲ၍ သန်းဖြစ်ရပုံ

ငါတို့ ဂေါတမဘုရားရှင်လက်ထက်တော်တွင် နှမက ရက်လုပ်လှူထားသော မဝတ်ရုံရသေးသည့်သက်န်းကို စိတ်အာရုံစွဲလမ်းခြင်း ဖြစ်နေဆဲအချိန် ရုတ်ဘရက် ဝိညာဉ်ချုပ်သွားသောကြောင့် ရဟန်းငယ် အရှင်တိဿသည် ထိုသက်န်းခေါက် ပေါ်၌ ခေတ္တ အဝတ်သန်းဖြစ်သွားရပုံ ဝတ္ထုသည် ကိုယ်ကျင့်သိက္ခာကြောင့် မဟုတ်ပါ၊ အာပတ်ကြောင့်လည်း မဟုတ်ပါ၊ သေခါနီး အာရုံစွဲ အာသန္နကံ ကြောင့် ဖြစ်သည်၊

ထိုနည်းအတူ ကဿပမြတ်စွာဘုရားရှင်လက်ထက်တော်အခါက တောရကျောင်း၌ ပျော်မွေ့နေပြီးသော ရဟန်းတစ်ပါးသည် စုတေခါနီးဆဲဆဲတွင် တစ်ချိန်က မတော်တဆထိခိုက်၍ ကျိုးပဲ့သွားသော ပိန်းပင်ငယ်ကို သံသယဝင်ပြီး ထပ်ပြန်ဘသဲလဲ အာရုံ၌ထင်ကာ စိတ်အာရုံနှလုံးသွင်း မကြည်မလင် ဖြစ်နေမိသည်၊ ထိုစိတ်အာရုံမကြည်လင်ခြင်း နှလုံးသွင်းမှားမှု အာသန္နကံကြောင့် ဝိညာဉ်ချုပ်သွားလျှင် ဂင်္ဂါမြစ်အတွင်း၌ 'ဧရကပတ္တ နဂါးကြီး' ဖြစ်သွားရရှာသော ဘောရမထေရ်ကြီး ဝတ္ထုသည် ထင်ရှားလျက်ရှိ၏၊ အကြောင်းကား 'အာသန္နကံ' အာရုံပိုင်းအချိန် စိတ်မကြည်မှုကြောင့် ဖြစ်ရသည်။

## အရှင်တိဿနှင့် တောရမထေရ်

အဆိုပါ ရဟန်းပုဂ္ဂိုလ် ၂-ပါး တိရစ္ဆာန်ဖြစ်သွားရပုံကို တိုတိုရှင်းရှင်း ပြမည်၊ အာသန္နကံအချိန်ပိုင်း သက်န်း၌ စွဲလမ်းစိတ်ဝင်နေမှုကြောင့် အခိုက်အတန့် (သန်း)ဖြစ်သွားရရှာသော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်အတွင်းမှ အရှင်တိဿရဟန်းငယ်သည် အကျင့်သီလနှင့် ပြည့်စုံ၏၊ အနေအထိုင် ရိုးသားစွာ နေထိုင်သော ပုဂ္ဂိုလ်ဖြစ်၏၊ အာပတ်ကြောင့် တိရစ္ဆာန်ဖြစ်သွားရခြင်း မဟုတ်ပါ။

ကဿပ မြတ်စွာဘုရားလက်ထက်တော်အခါက (ဧရကပတ္တ) နဂါးကြီးဖြစ်သွားရရှာသော တောရမထေရ်ကြီးသည် သက်တော် နှစ်သောင်းကြာသောကာလပတ်လုံး တစ်ပါးတည်း တောရဆောက်တည်၍ အကျင့်သီလနှင့်ပြည့်စုံစွာ သီတင်းသုံးနေသော ပုဂ္ဂိုလ်မွန် ဖြစ်၏၊ ထိုရဟန်းပုဂ္ဂိုလ် ၂-ပါးသည် အာသန္နကံ အကောင်းယူရမည့် အချိန်ပိုင်းတွင် (အယောနိသောမနသိကာရ) စိတ်အာရုံက မသင့်တင့်သော အာရုံတစ်ချက် နှလုံးသွင်း တိမ်းမှားသွားမှုကြောင့် ဒုဂ္ဂတိဘုံ ဘဝသို့ ရောက်ကြရခြင်း ဖြစ်သည်။

## ရဟန်းကောင်းပုဂ္ဂိုလ်မြတ်တို့ ကြောက်စိတ်

မြန်မာပြည် ရဟန်းသံဃာလောကတွင် သာသနာ့ဝင်တစ်လျောက်ဟူ၍ ဆိုရမည်လောမသိ၊ အာပတ်နှင့်တကွ စုတေလျှင် ငရဲသို့လည်းကောင်း၊ တိရစ္ဆာန်ဘဝနှင့် ပြိတ္တာဘဝများသို့လည်းကောင်း ဖြစ်သွားနိုင်သည်ဟူသော အထက်အဆိုပါစကားရပ်ကိုထောက်၍ ကြောက်လန့်ရှိကြသည်၊ ကြောက်စိတ်ဝင်ကြသည်။

ကြောက်စိတ်ဝင်ကြသောအစဉ်အလာကြောင့်ပင်လျှင် 'အာပတ်ဖြင့် တစ်စုံတစ်ရာ ကုက္ကုစ္စ သံသယမရှိစေရအောင် စိတ်ရှင်းရှင်းထားပြီး မျက်မှောက်ဘဝကို အဆုံးသတ်သွားတော့မယ်' ဟူသော ရည်ရွယ်ချက်ဖြင့် အထက်ဖော်ပြပါ ငယ်ဖြူဆရာတော်ကြီးတင်ပါးက ယနေ့ သူ့လက်ရှိရုပ်ခန္ဓာ ဇွန့်တော့မည်ဟု ပိုင်စွာသိထားပြီးသောအခါ ပျံလွန်ခါနီးကာလ၌ ရေိသုဒ္ဓိပြု၍ စုတေစိတ် ချုပ်ငြိမ်းခြင်း ဖြစ်ရှာပေလိမ့်မည်။

ဤနည်း၊ ဤပုံ ရှေးတော်မှစတင်ခဲ့ကြသော ဓလေ့ထုံးစံသည် ရဟန်းသံဃာတော် အားလုံးနှင့် ဆက်စပ်နေသောကြောင့် အရေးကြီး၏၊ မှန်သောနည်းဟူ၍လည်းကောင်း၊ မှားသောနည်းဟူ၍လည်းကောင်း ရဟန်းတို့လောကတွင် အချင်းချင်း ဝေဖန်ပြောဆိုခြင်း အပြန်အလှန် ဆွေးနွေးခြင်းရှိခဲ့ကြ၏၊ အတိအကျ ပုံသေဆုံးဖြတ်ချက်မရကြဘဲ မြန်မာပြည် သာသနာလောကတစ်လျောက် အစဉ်တစိုက်ကြီး ဖြတ်သန်းလာခဲ့ကြပြီး ဖြစ်သည်၊ နောင်အခါလည်း ဝေဖန်နေကြရပေဦးမည်၊ အတုယူသင့်တယ်၊ မယူသင့်ဘူးဟူသော အဖြေမှန်ကိုရှာရန် လိုအပ်နေပေသည်၊

## စုတေခါနီး သိက္ခာချရန်မဟုတ်

ရှာရမည့်အဖြေကား စုတေခါနီးကာလ၌ သိက္ခာချသင့် မချသင့်အတွက် မဟုတ်ပါ၊ ၎င်း၏အကြောင်းရင်း မူလဘူတဖြစ်သော 'အာပတ်နှင့်တကွ စုတေလျှင် အပါယ်ပဋိသန္ဓေအကျိုးကို မုချပေးနိုင်သလော' ဟူသော အဖြေကို ရှာကြည့်ကြရန် ဖြစ်၏၊ ထိုအဖြေရှင်းလျှင် အားလုံးရှင်း၏၊ စုတေခါနီးကာလ၌ တောင်မြောက်လေးပါး အတွေးခေါင်းစေ့ ပူပင်သောကကြီးနေစရာမလို၊ ပူပန်သောကကြီးပြီး သိက္ခာချနေစရာမလိုကြောင်းပါ ရှင်းလင်းသွားပါလိမ့်မည်။

## မန္တလေးရတနာပုံခေတ် ဆရာတော်ကြီးများမိန့်ဆိုချက်

ဤအကြောင်းနှင့်စပ်လျဉ်း၍ ရှေးမန္တလေးရတနာပုံခေတ်က စာပေကျမ်းဂန်တတ် အကျော်အမော် ဆရာတော်ဘုရားကြီးများက ဆုံးဖြတ်တော်မူခဲ့ကြ

ပြီး ရှိ၏၊ ထိုဆရာတော်ဘုရားကြီးများ၏ မိန့်ဆိုချက် အဆုံးအဖြတ်မှတ်တမ်းများကို (ခိုင်လုံစွာသိရှိထားကြရန်) ဤနေရာတွင် ကိုးကား၍ ထုတ်ပြပါမည်။

ဤအရှင်ရဟန်းငယ်ဘဝ မန္တလေးမြို့၌ ပရိယတ္တိစာပေ သင်ယူနေခဲ့စဉ် (လေးနှစ်ကာလအတွင်း) စာအုပ်အဖြစ် ပုံနှိပ်ခြင်းမပြုရသေးသော (တိပိဋကဝိနိစ္ဆယကျမ်းများ၌လည်း မပါဝင်သော လက်ရေးမူ အဆုံးအဖြတ်မှတ်တမ်းများကို တွေ့ရ၍ ကြိုးစားပြီးရေးကူးခဲ့ရာ ဇိနတ္ထပကာသနီကျမ်းစာအုပ်ကြီးတစ်အုပ်စာလောက် ရခဲ့သည်၊ ၎င်းစာမူများကို ရေးကူးပြီး စုပေါင်း၍ သားရေအုပ် ချုပ်ယူလာခဲ့သည်။

## အာပတ်လွတ်သူ ဘုရားနှင့် ပစ္စေကဗုဒ္ဓါ ၂-ပါးသာ

နာမည်ကျော် သင်္ဂဇာဆရာတော်ဘုရားကြီးအား ပြည်မြို့မှ ဒကာတစ်ဦးက 'ရဟန်းပုဂ္ဂိုလ်တို့ အာပတ်အသင့် မခံထိုက်ပါဘူး' ဟူ၍ အပြစ်တင်ဝေဖန်သံနှင့် လျှောက်ဖူး၏၊ ထိုအခါ ဆရာတော်ကြီးက ပြန်လည်မိန့်ကြားခဲ့ဖူးသည်မှာ–

'ဒွေ ပုဂ္ဂလာ အနာပတ္တိ' ဟူသောပါဠိနှင့်အညီ ရဟန်းမှန်လျှင် အာပတ်သင့်ရသည်၊ မြတ်စွာဘုရားနှင့် ဘုရားငယ်ခေါ် ဆိုရသော ပစ္စေကဗုဒ္ဓါတို့ ၂-ပါးသာလျှင် ရဟန်းထက်လွန်မြတ်သော ပုဂ္ဂိုလ်ထူးဖြစ်သောကြောင့် အာပတ်မသင့်ခြင်း ဖြစ်ကြသည်။

ကြွင်းသောပုဂ္ဂိုလ်တို့မှာ အလွန်ဆုံးအားဖြင့် ရဟန္တာပုဂ္ဂိုလ်တို့ပင်လျှင် ရခါ အစိတ္တကအာပတ်မျိုးတော့ သင့်ကြရသေး၏၊ အာပတ်မသင့်လျှင်လည်း ရဟန်းမဟုတ်ပါ၊ အသင်ဒကာမှာ ရဟန်းမဟုတ်သောကြောင့် အာပတ်မသင့်ခြင်းဖြစ်သည်၊ အာပတ်သင့်သည်သာလျှင် ရဟန်းဖြစ်သည်ဟူ၍ ပြည်မြို့မှ ဒကာအား မိန့်ကြားသွားဖူး၏။

## အာပတ်သင့်ခဲ့သော်

မြတ်စွာဘုရားနှင့် ပစ္စေကဗုဒ္ဓါဘုရားငယ်တို့မှလွဲလျှင် ရဟန္တာပုဂ္ဂိုလ်ကြီးများပင် ရခါ အာပတ်သင့်ကြရမြဲဖြစ်လေသောကြောင့် အာပတ်ကိုတွေးကြောက်နေရန် မလိုပါ၊ အာပတ်တွေ သင့်ချင်သလောက် သင့်ပါစေ၊ နေချင်သလိုနေနိုင်သည် ဟူ၍ မဆိုလိုပါ၊ ကာယဝိညတ်, ဝစီဝိညတ် စောင့်စည်းထိန်းသိမ်းနေလျက်မှ သတိချွတ်ယွင်း၍ဖြစ်စေ မေ့လျော့၍ဖြစ်စေ မတော်တဆသင့်သွားခဲ့သော်–ဟူ၍ ဆိုလိုခြင်း ဖြစ်သည်။

အကယ်၍ သင့်ခဲ့သော် သင့်သောအာပတ်ကိုသာ မြတ်စွာဘုရားရှင်က မိန့်ဆိုညွှန်ကြားတော်မူချက်အတိုင်း ပြောပြခြင်း, ကုစားခြင်းပြုဖို့သာ မမေ့မလျော့ အားထုတ်ကြရပါမည်၊ မန္တလေးမြို့ ဆရာတော်ကြီးများ၏ အဆုံးအဖြတ်မှတ်တမ်းမှ လက်ရေးမူအချို့ကို အောက်တွင် ဆက်လက်ဖော်ပြပါမည်။

## ဒေသနာပကာသန ဝိနိစ္ဆယ

ဒေသနာကြားသောအရာ၌ 'သဥဿာဟ, နိရုဿာဟ' ဟူ၍ ကြားခြင်း ၂-ပါးရှိ၏၊ ထိုတွင်နောင်တစ်ဖန်လွန်ကျူးအံ့ဟူ၍ အသုဒ္ဓစိတ်ဖြင့်ကြားခြင်းသည် သဥဿာဟ ကြားခြင်းမည်၏၊ နောင်တစ်ဖန် မလွန်ကျူးတော့ပါအံ့ဟူ၍ သုဒ္ဓစိတ်ဖြင့် ကြားခြင်းသည် နိရုဿာဟ ကြားခြင်းမည်၏။

ထို၂-ပါးတွင် သဥဿာဟ ကြားခြင်းဖြင့် 'အာပတ်မှထ' ဟူသော စကားကို ဘိက္ခုနီမတို့၏ အဋ္ဌဝတ္ထုက ပါရာဇိကအာပတ်၏ ဝိသေသအစွမ်းဖြင့်သာ ဆိုအပ်၏၊ ဘိက္ခုနီမတို့၏ တစ်ပါးသောအာပတ်များကို လည်းကောင်း, ရဟန်းယောကျ်ားတို့၏ အလုံးစုံသောအာပတ်များကို လည်းကောင်း သာမညဌာန၏ အစွမ်းဖြင့် မဆိုအပ်ချေ၊ ထို့ကြောင့် ဝဇိရဗုဒ္ဓိ၌ 'ပုနပိ အာပဇ္ဇိဿာမိ' စသည်ဖြင့် ပြ၏၊ သာရတ္တ၌လည်း 'ဥဿာဟော နော စိတ္တေန' စသည်ဖြင့်ပြ၏-ဟူ၍ မန္တလေးမြို့ ကျီဝန်တိုက်ဆရာတော်ဘုရားကြီးက မိန့်ကြားဆုံးဖြတ်တော်မူသည်။

## အာပတ် ၂-မျိုး

အာပတ်သည် 'သစိတ္တကအာပတ်, အစိတ္တကအာပတ်' ဟူ၍ ၂-မျိုးရှိရာတွင် သစိတ္တကအာပတ်ကို ကုစားရမှာ ထိုထို (ဝီတိက္ကမခဏ) ၌ စောကောင်းသော ဇော ၇-ကြိမ်တို့တွင် ဒုတိယဘဝင်၌ အကျိုးပေးလတ္တံ့ဖြစ်သော သတ္တမဇော စေတနာတည်းဟူသော ဥပပဇ္ဇဝေဒနီယကံကိုသာ တားမြစ်နိုင်သည်၊ ကြွင်းသောကံများကို မတားနိုင်ချေ-ဟူ၍ ဝိနယဂဏ္ဌိတ္ထမှ အဆိုရှိထား၏။

## မိုင်းကိုင်ဆရာတော်ကြီး၏ အဆုံးအဖြတ်

မင်္ဂလတ္ထဒီပနီကျမ်း၌လည်း အကုသိုလ်ဖြစ်သော အာပတ်ကဖြစ်စေအပ်သော အကုသိုလ်ကံသည် ဒေသနာကံပြုသော်လည်း အလျဉ်းပင် မကျေပျောက်ကြောင်း မိန့်ဆိုထားချက်ပါ၏၊ ၎င်းအယူအဆတို့ကို မန္တလေး ရတနာပုံမြို့တော်၌

စာပေကျမ်းဂန်တတ်ကျွမ်း၍ ဝိနည်းအရာ နာမည်ကျော်ကြားထင်ရှားလှသော မိုင်းကိုင်ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ဤသို့ ဆုံးဖြတ်မိန့်ကြား တော် မူခဲ့လေသည်–

'အကယ်၍ ထိုဆရာတို့ဆိုတိုင်းပင်ယူရလျှင် ဒေသနာဂါမ်, ဝုဋ္ဌာနဂါမ်တို့ကို မြတ်စွာဘုရား ပညတ်တော်မူခြင်းသည် အကျိုးမရှိရာသို့ ရောက်လိမ့်မည်။

**ပညတ်ပုံကား** – ရဟန်းတို့သည် တစ်စုံတစ်ခုသော အာပတ်သင့်ခဲ့၍ ဘုရားရှင်ထံမှောက် လျှောက်ကြားရာတွင် ပါစိတ်ဒုက္ကဋ်စသော အာပတ်တို့ကို ထိုက်သည့်အားလျော်စွာ ပြေငြိမ်းကြောင်းဖြစ်သော ဒေသနာဂါမ်ကို ပညတ်ခွင့် ပြုတော်မူခဲ့၏။

မည်သည့်အာပတ်ကို အကြွင်းရှိစေ မည်သည့်အာပတ်ကို အကြွင်းမရှိစေ လင့် ဟူ၍ သာဝသေသ, အနာဝသေသ နှစ်ဌာနကို စူးစမ်းပညတ်သော ဝိနည်း ဒေသနာတော်၌သည် တစ်စုံတစ်ခုသောပါဠိ ကတ္တစိမျှမရှိပါ၊ ဒေသနာဂါမ် ဖြစ်လျှင် ၎င်းဒေသနာဂါမ်အလျောက်, ဝုဋ္ဌာနဂါမ်ဖြစ်လျှင် ဝုဋ္ဌာနဂါမ်အလျောက် ကုစားစေဟူ၍ အဘိအလင်း ခွင့်ပြုပညတ်တော်မူသော ဒေသနာရှိသည်' ဟူ၍ မိုင်းကိုင်ဆရာတော်ဘုရားကြီးက မိန့်ကြားဆုံးဖြတ်တော်မူခဲ့၏၊

## မိမိတို့ဘာသာ ဆုံးဖြတ်နိုင်

အာပတ်နှင့်တကွစုတေလျှင် လားရာဂတိမြဲခြင်း, မမြဲခြင်းနှင့်စပ်လျဉ်း၍ မန္တလေးရတနာပုံခေတ်တွင် နေလိုလလို ထင်ရှားတော်မူခဲ့ကြသော ဆရာတော် ကြီး ၂–ပါးတို့၏ ပြတ်သားစွာမိန့်ကြား ဆုံးဖြတ်တော်မူခဲ့ကြပုံမှာ စိတ်ဝင်စား ဖွယ်ရာလည်းကောင်း၏၊ မှတ်သားဖွယ်ရာလည်း ကောင်း၏၊ လိုက်နာဖွယ်ရာလည်း ကောင်း၏။

ထို့ကြောင့် စိတ်ထားရှင်းရှင်းထား၍ အသိအမြင်နားရှင်းရှင်းဖြင့် မိမိတို့ ဘဝ၏နိဂုံးကို မိမိတို့ စိတ်ကြိုက်သလိုသာ ဆုံးဖြတ်နိုင်ကြောင်းနှင့်နည်း လမ်း ကောင်းရစေကြောင်းအတွက်ပါ အောက်တွင်ကိုးကား ဖော်ပြချက်ပါရှိသည်။

## အာပတ်နှင့်တကွ စုတေလျှင်

'သာပတ္တိကေန ဘိက္ခဝေ နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ'ဟူသော သာရတ္ထဋီကာစကားကို အထောက်အထားပြု၍ အာပတ်နှင့်တကွစုတေလျှင် ငါ နှင့်တိရစ္ဆာန် ဤနှစ်တန် ကေန်မြဲ၏ဟူ၍ ကျီဝန်ဆရာတော်က အယူရှိတော်မူ၏။

မိုင်းကိုင်ဆရာတော်ဘုရားကြီးကမူ ယင်းသို့မှုချမဟုတ်ကြောင်း၊ ထိုစကားအတိုင်း ပုံသေမယူသင့်ကြောင်း အောက်ပါအကိုးအကားတို့ဖြင့် ပိုင်နိုင်ခိုင်လုံစွာ ဆုံးဖြတ်ချက်ပေးတော်မူသွားလေသည်။

ပုဂ္ဂလပညတ်ပါဠိတော်၌ 'ပုဂ္ဂိုလ်တို့တွင် အဘယ်ပုဂ္ဂိုလ်သည် သေသည်၏အခြားမဲ့၌ လားရာဂတိအမြဲရှိသနည်း'ဟူ၍ ပုစ္ဆာထုတ်တော်မူပြီးလျှင် 'ပဉ္စာနန္တရိယကံငါးပါးထိုက်သူနှင့် နိယတမိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်များ'ဟူ၍ ဖြေကြားတော်မူထားချက်ထင်ရှားရှိနေ၏။

ပရိဝါပါဠိတော်၌လည်း 'အဘယ်အာပတ်သည် မြဲသနည်း'ဟူ၍ မေးခွန်းထုတ်ပြီးလျှင် 'ပဉ္စာနန္တရိယာ နိယတာ၊ သေသာ အနိယတာ'တဲ့၊ ပဉ္စာနန္တရိယာ-အမိကိုသတ်ခြင်း, ဖခင်ကိုသတ်ခြင်း, ရဟန္တာပုဂ္ဂိုလ်ကိုသတ်ခြင်း, သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုလုပ်ခြင်း, သံဃာတော်ကို သင်းကွဲအောင်ခွဲခြမ်းခြင်းတည်းဟူသော ပဉ္စာနန္တရိယကံကျူးလွန်သူတို့သည်၊ နိယတာ-မြဲကုန်၏၊ သေသာ-ထိုကံကြီးထိုက်ခြင်း အပြစ်ငါးမျိုးမှ ကြွင်းသော (အာပတ်) အပြစ်တို့သည်၊ အနိယတာ-မမြဲကုန်။

အာပတ်ဟူသော စကားသည် လွန်ကျူးသောအပြစ်ကို ပြောခြင်းဖြစ်သည်၊ ဤကံကြီးငါးပါးကို ကျူးလွန်သူအားလုံး မည်သူမဆို လူမျိုးမရွေး ဘာသာမရွေး သေသည်၏အခြားမဲ့၌ မုချအပယ်သို့ကျရောက်ရမြဲဖြစ်၏၊ ရှောင်လွှဲ၍မရနိုင်တော့ပါ။

'ဝုဝဝိပါက - မြဲသော အကျိုးပေးရာကို စိစစ်ရာ၌လည်း ပဉ္စာနန္တရိယကံ၊ သံဃာပတ်(၈)ပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိတို့သည်မြဲ၏'ဟူ၍ ဟောကြားတော်မူချက်ရှိနေပြန်၏၊ ထို့ကြောင့် 'အာပတ်နှင့်တကွစုတေလျှင် အပါယ်ကျရမည်' ဟူသောစကားသည် ပုံသေမှုချမဟုတ်ကြောင်း သံသယရှင်းစွာ နားလည်ထားကြရာ၏၊ ဤမျှနှင့်ပင် စိတ်ချစရာလုံလောက်၏ဟူ၍ မှတ်နိုင်ပါပြီ။

## သူ့ကိုယ်သူ သတ်သေသော ရှင်ဆန္နရဟန်း

ဘုရားရှင်လက်ထက်တော်မှ ဖြစ်ရပ်ဝတ္ထုကြောင်းများကို ထုတ်ပြပါမည်၊ အထောက်အထား ဝတ္ထုကြောင်းများကို သိတော်မူကြရန် အာပတ်နှင့်တကွ စုတေ၍ အပါယ်သို့မလားသော ရှင်ဆန္နရဟန်းကြောင်းရာ ဦးစွာထုတ်ပြပါမည်၊ အထောက်အထား သာဓကများစွာ ရှိပါသည်၊ ရှာဖွေ၍ကြည့်ကြလျှင် ဤသို့ တွေ့ကြရပါမည်။

မြတ်စွာဘုရား လက်ထက်တော်အခါက တစ်ရံရောအခါ အရှင်ဆန္နမထေရ်သည် ရောဂါဝေဒနာ ခံစားနေရသည်ကြာပြီဖြစ်၏၊ သူခံစားနေရသော ဒုက္ခဝေဒနာကို စက်ဆုပ်ပြီး ဆက်လက်ခံစားနေရမည်ကို ငြီးငွေ့လှသောကြောင့် သူ၏ အသက်ဝိညာဉ်ကို သူ့ဘာသာ သူကိုယ်တိုင်သတ်၍ သေသွားဖူး၏။

သတ်ပြီးနောက်မသေမီ လောလောလတ်လတ်ဝိညာဉ်မချုပ်ခင် အကြားတွင် သူဘော်ကောင်းပုဂ္ဂိုလ်ဖြစ်သောကြောင့် သူ့စိတ်သူသတိကိုဖြစ်စေ၍ အနိစ္စဝိပဿနာ, ဒုက္ခဝိပဿနာ, အနတ္တဝိပဿနာကို လက်တွေ့ဖြင့် ရှုကြည့်ဆင်ခြင်ပွားများလိုက်ရာ တစ်ခဏချင်းအကျိုးပြီး၍ ခရီးရောက်သွား၏။

ထူးခြားချက်ကို သိမြင်ကြရန်မှာ ရဟန်းသည် မိမိကိုယ်ကိုသတ်ခြင်း မပြုရပါ၊ သတ်ခြင်းပြုလျှင် ဒုက္ကဋ်အာပတ်သင့်စေဟူ၍ သိက္ခာပုဒ် ပညတ်ထားချက်ရှိနေ၏၊ ထို့ကြောင့် အရှင်ဆန္နသည် သူ၏အသက်ကို သူကိုယ်တိုင်သတ်မိပြီးသောကြောင့် သင့်နေသော ဒုက္ကဋ်အာပတ်နှင့် တကွပင်လျှင် မဂ်ဖိုလ်ရပြီး အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သွားလေသည်၊ ရဟန္တာဖြစ်ပြီးခါမှ သူ့ကိုယ်သူသတ်ထားသော ဒဏ်ချက်ကြောင့် အချိန်မကြာ တစ်ဆက်တည်းမှာပင် ပရိနိဗ္ဗာန်ပြုသွားဖူးလေသည်၊ ထိုဝတ္ထုထင်ရှားချက် ရှိနေသောကြောင့်လည်း သံသယရှင်းနိုင်ကြပါသည်။

## ဒေဝဒတ်နောက်လိုက် ရဟန်းတွေ

ဝိနည်းပါဠိတော်၌ သံဃာတော်ကို သင်းကွဲအောင်ခွဲခြင်း မပြုလုပ်ရပါ၊ သံဃာတော်ကို သင်းကွဲအောင်ပြုလုပ်သောရဟန်း သို့မဟုတ် ပြုလုပ်သူ မည်သူမဆို လူဖြစ်စေ၊ ရဟန်းဖြစ်စေ ထိုသူ၏နောက်သို့လိုက်ပါသောရဟန်းကို 'ဘေဒါနုဝတ္တက' သင်းခွဲသူနောက်လိုက်ဟူ၍ ခေါ်ဆို၏။

ဘုရားရှင်လက်ထက်တော်အခါ၌ ဒေဝဒတ်သည် မြတ်စွာဘုရား၏သာသနာတွင်းသို့ ဝင်၍ ရဟန်းပြုသည်၊ အစပိုင်းတွင် အနေကောင်းသကဲ့သို့ လောကီစျာန်တောင် ရလိုက်သေးသည်၊ အချိန်အတန်ငယ်ကြာသောအခါ မြတ်စွာဘုရားကို ဆန့်ကျင်ဘက်လုပ်သည်၊ သံဃာတော်တွေကို အချင်းချင်း သင်းကွဲအောင် နည်းပရိယာယ်ဖြင့် သွေးဆောင်ဖျားယောင်း၍ ရဟန်းအချို့ ယောင်ယောင်မှားမှားနှင့် ဒေဝဒတ်နောက် လိုက်ပါသွားကြသည်၊ ဝိနည်းကံပညတ်ချက်မှာ ဘေဒါနုဝတ္တက ရဟန်းအား ထုလ္လစ္စည်း အာပတ်သင့်စေဟူ၍ ပညတ်ထားပြီး ဖြစ်သည်၊ ထို့ကြောင့် ဒေဝဒတ်နောက်သို့ လိုက်ပါမိသောရဟန်းအားလုံး ထုလ္လစ္စည်း အာပတ်ကိုယ်စီနှင့် ဖြစ်နေကြသည်။

ဤတွင် ဆုံးဖြတ်ချက်ကို သိရမည်၊ အဆိုပါ ဒေဝဒတ်၏ နောက်လိုက် အသင်းအပင်းပါဖြစ်ကြသော ဘေဒါနုဝတ္တက ပုဟန်းတို့သည်လည်း ဘေဒါနု-ဝတ္တက သံဃာတော် သင်းခွဲနောက်လိုက်တွေ ဖြစ်ကြသောကြောင့် သင့်ရသော ထုလ္လစဥ်းအာပတ်တို့နှင့်တကွပင်လျှင် မင်ဖိုလ်ရောက်ကြလေကုန်၏၊ ထိုဝတ္ထုများ ထင်ရှားချက်ရှိနေသောကြောင့် သံသယကင်းရှင်းနိုင်ကြပါသည်။

## အကြောင်းသတ္တိနှင့် အကျိုးဗျတ္တိ

ထိုထိုအကြောင်းသာစကေတို့ကို ထောက်ဆဆင်ခြင်၍ 'သာပတ္တိကေန ဘိက္ခဝေ' ဟူသော ဝါကျကိုဖွင့်ဆိုသော သာရတ္ထဋီကာစကား၌ အဓိပ္ပာယ် ကောက်ရမည်မှာ (အကြောင်းသတ္တိကိုသာ) စင်စစ်ယူရမည်၊ (အကျိုးတရား ဖြစ်သော ဗျတ္တိကိုကား) ယေဘုယျသာယူရမည်၊ မှတ်ထားကြလေ-ဟူ၍ မိုင်းကိုင် ဆရာတော်ဘုရားကြီးက မိန့်ကြားဆုံးဖြတ်တော်မူခဲ့လေသည်။

ဤသို့ဆုံးဖြတ်ချက်ကို ကြားနာမှတ်သားရသဖြင့် သံသယရှင်းလောက်ပါ ပြီ၊ ဤတွင် 'အကြောင်းသတ္တိကိုသာယူရမည်၊ အကျိုးဗျတ္တိကို ယေဘုယျသာ ယူရမည်' ဆိုသည်မှာ အာပတ်နှင့်တကွ စုတေလျှင် တိရစ္ဆာန်သို့ရောက်နိုင်သော သဘော ရှိ၏၊ သို့သော် ပုဂ္ဂိုလ်အားလုံးမဟုတ်ပါ၊ ရောက်ထိုက်သောသူ ရောက် ပါမည်၊ မရောက်ထိုက်သူ မရောက်ကြပါ-ဟူ၍ ဆိုလို၏။

## ၇-ကြိမ် ချွန်လျှော့သော အရှင်ဂေါဓိက

မြတ်စွာဘုရားရှင်လက်ထက်တော်က ဖြစ်ရပ်ဆန်းသော အရှင်ဂေါဓိက မထေရ် ပရိနိဗ္ဗာန်ပြုသွားပုံအကြောင်းကို အတိုချုပ် ဖော်ပြပါမည်။

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရားသီတင်းသုံးတော်မူ စဥ်အခါ အရှင်ဂေါဓိကမထေရ်သည် ဣသိဂိလိတောင်ယံနံပါးဝယ် ကာဠ အမည်ရှိသော ကျောက်ညိုဂူလိုဏ်၌နေ၍ မခမ့မလျော့ ပြင်းပြင်းထန်ထန် ကိလေသာတို့ကို လွန်စွာပူပန်စေတတ်သော အာတာပလုံ့လဖြင့်အားထုတ်၍နေ၏။

ယင်းသို့ ကိလေသာတို့ကို နိုင်နင်းအောင် လွန်စွာပူပင်စေတတ်သော လုံ့လ ဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ် ရှိသည်ဖြစ်၍ ချွန်ဝင်စားလျက်နေတော် မူသည်၊ ကိုအချိန်၌ မလိုလားအပ်သော ရောဂါအနှောင့်အယှက် တွေ့ကြုံရ သည်ကား သလိပ်-သည်းခြေ-လေတို့၏ ကိန်းအောင်းခိုလှုံရာဖြစ်သော ခန္ဓာကိုယ် တွင်း၌ အနာရောဂါ၏ နှောင့်ယှက်မှုအစွမ်းကြောင့် ၇-ကြိမ်တိုင်တိုင် ချွန်မှ လျှောကျရလေသည်။

## မသင့်သော နှလုံးသွင်း

ထောင့်ငါးရာကိုလေသာတွေ အမြန်လောင်ကျွမ်းသွားစေချင်၍ တရားကို ပြင်းစွာအားထုတ်ပါလျက် ချာန်ကိုတော့ရပါ၏၊ ရရှိပြီးချာန်ကိုလည်း ၇-ကြိမ်တိုင်အောင် လျှောကျခြင်းကို ဝမ်းနည်းသည်၊ စိတ်ပျက်အားလျော့ရသည်၊ စိတ်ပျက်ပြီး စိတ်ဓာတ်ကျဆင်းကာ 'မသင့်သော နှလုံးသွင်းခြင်း'ကို စိတ်ကူးဝင်လာသည်။

'ထပ်ပြန်တလဲလဲ ဈာန်မှလျှောကျရသောငါအား လားရာဂတိ မမြဲနိုင်တော့ပါ' ဟူ၍ တွေးတောပူပန်စိတ် ကြီးနေသည်၊ ရှေးဝိပါက်ကြောင့်ဖြစ်ပေမည်၊ မထိုက်မတန် သူ့ကိုယ်သူ သေဖို့ကြောင်းကြံစည်နေသည်၊ ကြံစည်ရာက သူ့ကိုယ်သူ သတ်သေသွားရန်သာ တကယ်အားထုတ်လေတော့သည်။

ညောင်စောင်း၌အိပ်လျက် ဆံရိတ်သောသင်တုန်းဓားဖြင့် သူ၏လည်တိုင်ကို ဖြတ်လိုက်တော့သည်၊ ထိုအချိန်တွင် ထူးဆန်းသောဖြစ်ရပ်တစ်ခု ပေါ်လာသည်၊ အရှင်ဂေါဓိကမထေရ်က သူ၏လည်ပင်းကို လှီးဖြတ်တော့မည်ဆဲဆဲ မဖြတ်ရသေးမီ အချိန်ပိုင်းအတွင်း မာရ်နတ်ကသိ၍ မြတ်စွာဘုရားရှင်အား လျှောက်ထားခြင်း ဖြစ်သည်။

မာရ်နတ်က အရှင်ဂေါဓိက၏ ကြံရွယ်ချက်ကိုသိ၍ မြတ်စွာဘုရားထံသို့ ချက်ချင်းသွားပြီး တားမြစ်ပေးရန် လျှောက်ထားလေသည်၊ မာရ်နတ်သားက မာင်ရှားသောအသွင်ဖြင့် မြတ်စွာဘုရားထံ လျှောက်ထားနေဆဲအချိန်ပိုင်းအတွင်း (ထိုခဏ၌)ပင် အရှင်ဂေါဓိကသည် ဓားလက်နက်ကိုင်ဆောင်နေပြီ ဖြစ်လေသည်။

## ဓမ္မပဒအဋ္ဌကထာ၌စကား

ထိုအကြောင်းကို ဓမ္မပဒအဋ္ဌကထာ၌ 'တသ္မိံ ခဏေ-ထိုခဏ၌ (မာရ်နတ်သားက ဘုရားထံ လျှောက်ထားနေဆဲ ထိုခဏ၌)၊ ထေရော-အရှင်ဂေါဓိကမထေရ်သည်၊ သတ္ထံ-ဓားလက်နက်ကို၊ ဟရိတံ-ဆောင်အပ်သည်၊ ဟောတိ-ဖြစ်လေ၏' ဟူ၍ ဆိုထား၏၊ ဓားဖြင့် သူ၏ပိညာဉ်ကို ဖြတ်လိုက်တော့သည်ဟု ဆိုလိုသည်၊ ဘုရားလက်ထက်ဘှင် ထူးသောပုဂ္ဂိုလ် ဖြစ်၏။

## ပရိနိဗ္ဗာန်ပြုသွားခြင်း

ထိုနောက် မာရ်နတ်သည် အရှင်ဂေါဓိက၏ဝိညာဉ် (သူ၏ နောက်ဘဝ ရုပ်နာမ်) ဘယ်ရောက်သွားသနည်းဟု သိလို၍ သူ၏နတ်တန်ခိုးစွမ်းဖြင့် အရပ်

ရှစ်မျက်နှာ၌ ရှာဖွေနေသေး၏၊ ရှာဖွေ၍မတွေ့ခါမှ မြတ်စွာဘုရားထံသို့ လုလင်အသွင်ဖြင့် ဘစ်ဖန်ပြန်လာ၍ လျှောက်ပြန်၏။

မြတ်စွာဘုရားရှင်က တပည့်ရဟန်းတို့အား 'ချစ်သားတို့-ဤမာရ်နတ်သည်ကား ဂေါဓိက၏ ဝိညာဉ်ဘည်ရာကို ရှာနေခြင်းဖြစ်တယ်' ဟူ၍ မိန့်တော်မူ၏၊ ရဟန်းတို့ကလည်း သိလို၍ မေးလျှောက်ပြန်သောကြောင့် 'ချစ်သားတို့-ဂေါဓိကအမျိုးသားကား ပရိနိဗ္ဗာန်ပြုသွားလေပါပြီ' ဟူ၍ မိန့်တော်မူလေသည်၊ ရဟန္တာဖြစ်ပြီးမှ ပရိနိဗ္ဗာန်ပြုပုံကို ရှေ့တွင်ဖော်ပြပါမည်။

## အရှင်ဆန္နထေရ်၏ ပရိနိဗ္ဗာန်ပြုရှာပုံ

ဤတွင်ဖော်ပြမည်၊ အရှင်ဆန္နသည် သိဒ္ဓတ္ထမင်းသား တောထွက်သွားစဉ်က ပါသော ဖွားဖက်တော် ဆန္နအမတ် နောက်တော်ပါ ဆန္နမဟုတ်ပါ၊ အမည်တူ အခြား ဆန္နရဟန်းဖြစ်ကြောင်း နားလည်ပါ၊ အရှင်ဆန္နမထေရ် ပရိနိဗ္ဗာန်ပြုသွားရပုံကို ရှင်းရှင်းသိကြရန် ဖော်ပြပါမည်၊ အရှင်ဂေါဓိကမထေရ် ပရိနိဗ္ဗာန်ပြုသွားပုံကဲ့သို့ အရှင်ဆန္နမထေရ် ပရိနိဗ္ဗာန်ပြုသွားပုံမှာ ပြုမူချက် တူညီနေကြသည်။

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူစဉ်အခါ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာစုန္ဒမထေရ် နှစ်ပါးသည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးလျက်ရှိရာ အနာရောဂါ ပြင်းစွာနှိပ်စက်ခြင်းခံနေရသော အရှင်ဆန္နထံသို့ လူနာမေး ရောက်သွားကြသည်။

'ငါ့ရှင်ခံစားနေရသော ရောဂါခြင်းရာအခြေအနေ မည်သို့ရှိပါသလဲ' ဟူ၍ ထုံးစံအတိုင်း မေးတော်မူကြသည်၊ ထိုအခါ အရှင်ဆန္နမထေရ်က-

'ငါ့ရှင် သာရိပုတ္တရာ-ငါခံစားနေရသော ဝေဒနာကား သက်သာသည် မရှိပါဘုရား၊ ရှေ့တိုးလို့ချည်းသာ ဆိုးရွားနေပါတယ်ဘုရား၊ ရောဂါပြင်းစွာ ခံစားနေရဘာကြောင့် ဓားလက်နက်ကို ဆောင်တော့မယ်၊ အသက်ရှည်ခြင်းကို အလိုမရှိတော့ပါဘုရား' ဟူ၍ ပွင့်လင်းစွာ လျှောက်ဆို၏။

ထိုစကားကြားရလျှင် အရှင်သာရိပုတ္တရာမထေရ်က 'ငါ့ရှင် ဤသို့မကြံပါလင့်၊ မသင့်တော်ပါ၊ ရောဂါနှင့်သင့်တော်မည့် ဆေးဝါးဓာတ် စာများ အလွယ်မရခဲ့သော် တပည့်တော်ရှာပေးပါမည်၊ ပြုစုလုပ်ကျွေးမည့် သူမရှိခဲ့သော်လည်း မစိုးရိမ်ပါလင့်၊ တပည့်တော်ကိုယ်တိုင်လာ၍ ပြုစုပေးပါမည်ဟူ၍ အားပေးစကားလျှောက်ပါသည်၊ မသင့်တော်သောစိတ်အကြံကိုလည်း ကြံစည်တော်မမူပါနှင့်ဟူ၍ တောင်းပန်ကာတားမြစ်ပါသေး၏။

သို့ရာတွင် အရှင်ဆန္နထေရ်ကား အကြံမလျှော့ပါ၊ 'ငါ့ရှင်သာရိပုတ္တရာ ငါ့အားလျှောက်ပတ်သော ဘောဇဉ်ဆေးဝါးအလုပ်အကျွေး ပြုသူတို့သည်ရှိပါကုန်၏၊ စင်စစ်မှာကား ခံစားနေရသောဝေဒနာမှာ ဆင်းရဲမှုပြင်းထန်လှပါတယ်ဘုရား'ဟူ၍ ပြန်လည်လျှောက်လေသည်။

မထေရ်နှစ်ပါးတို့ ပြန်ကြွသွားကြလေလျှင် အရှင်ဆန္နထေရ်သည် ဓားလက်နက်ကိုဆောင်လေတော့၏၊ အတိတ်ကံဟောင်း ဝဋ်ကြွေးပါခဲ့သောကြောင့်မလျော့သောအကြံကို အားထုတ်ချင်စိတ်ဖြစ်ပေါ်နေရှာရခြင်းဖြစ်ပေမည်၊ ဓားလက်နက်ကိုဆောင်သည်ဆိုရမှာ သူ၏လည်တိုင်ကို ဖြတ်လိုက်ခြင်းပင်ဖြစ်သည်၊ လက်လွန်ပြီးနောက်တွင် အရှင်သာရိပုတ္တရာက မြတ်စွာဘုရားရှင်အား လျှောက်လေသည်၊ 'ဓားလက်နက်ဖြင့် သူ၏ရုပ်ခန္ဓာကို သူပင်သတ်ဖြစ်သောအရှင်ဆန္န၏ လားရာဂတိ တမလွန်ဘဝကား အဘယ်သို့ ရောက်ပါသနည်းဘုရား'ဟူ၍ လျှောက်ထားရာ မြတ်စွာဘုရားရှင်က 'ဆန္နကား ပရိနိဗ္ဗာန်ပြုလေပြီ'ဟူ၍ မိန့်ကြားတော်မူလေသည်။

## သမသီသီရဟန္တာ ဥပရိပဏ္ဏာသအဋ္ဌကထာ

အထက်အဆိုပါအကြောင်းကို ပဏ္ဏာသသုံးကျမ်းတွင် ဥပရိပဏ္ဏာသအဋ္ဌကထာ ဆန္နောဝါဒသုတ်၌ 'အရဟတ္တံ ပတ္တော သမသီသီ ဟုတွာ ပရိနိဗ္ဗာယိ-တဲ့၊ အရဟတ္တံ-အရဟတ္တဖိုလ်သို့၊ ပတ္တော-ရောက်ပြီး၍၊ သမသီသီ-အရဟတ္တဖိုလ်ရောက်ပြီးလျှင် တစ်ခဏချင်းပရိနိဗ္ဗာန်ပြုရသော ရဟန္တာသည်၊ ဟုတွာ-ဖြစ်လျှင်၊ ပရိနိဗ္ဗာယိ-ပရိနိဗ္ဗာန်ပြုလေ၏'ဟူ၍ ဖွင့်ဆိုထား၏။

## အပူတပြင်းဖြစ်ရသော ရဟန္တာ

ရဟန္တာဖြစ်သွားရပုံခြင်းရာကား ဤသို့တည်း၊ 'အရှင်ဆန္နသည်ဓားလက်နက်ဖြင့်သူ၏ ရုပ်နာမ်ခန္ဓာကို သူကိုယ်တိုင်သတ်ပြီးသောခဏ၌ သေဘေးမှကြောက်သောစိတ်ဝင်လာသည်၊ ရှေ့ခရီးဆက်ရမည့် ဘဝလားရာဂတိနိမိတ်လည်း ထင်လာ၏၊ ထိုအခါမှ သူ့ကိုယ်သူ ရဟန်းကိစ္စမပြီးသေး၊ ပုထုဇဉ်အဖြစ်၌ ရှိနေသေးသောအကြောင်းမှန်ကိုသိရ၍ ထိတ်လန့်ခြင်းဖြစ်လာသည်။

ထိတ်လန့်ခြင်းပြင်းစွာဖြစ်လာပြီးလျှင် တိုတောင်းသောအချိန်ပိုင်းအတွင်း၌ အပူတပြင်းဝိပဿနာကို ဖြစ်စေရသည်၊ သံဝေဂစိတ်ဖြင့် ဝိပဿနာကို ဖြစ်စေလျက် အလောတကြီးသင်္ခါရတရားကို ပိုင်နိုင်စွာသိမ်းဆည်းနိုင်ပြီး လျင်သောအဟုန်ဖြင့် ဉာဏ်စဉ်တက်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားခြင်း ဖြစ်လေ၏။

တိုဘောင်းသောအချိန်ပိုင်းအတွင်း ရဟန္တာဖြစ်သွားနိုင်ခြင်း၏အကြောင်းမှာ ပစ္စာပိဘာဝိကလားလည်း ဖြစ်သည်၊ ပါရမီကလည်းရင့်နေပြီးဖြစ်သည်၊ အားထုတ်ထားသော တရားအာရုံကလည်း အခြေခံကောင်းနေပြီး ဖြစ်သည်၊ ထိုလိုလောက်သောအကြောင်းတို့ကြောင့် တစ်ခဏလေးအတွင်း သမသီသိရဟန္တာဖြစ်သွားနိုင်ခြင်းဖြစ်သည်၊ ရဟန္တာဖြစ်ပြီးလျှင် အချိန်မဆိုင်း တစ်ဆက်တည်းပင် ပရိနိဗ္ဗာန်ပြုသွားရခြင်းဖြစ်လေသည်။

ဤဆန္ဒထေရ်သည် ဥပရိပဏ္ဏာသဆန္နောဝါဒ သုတ်၌လာသော ဆန္နဖြစ်သည်၊ ဘုရားလောင်းတော် ထွက်တော်မူရာ နောက်တော်ပါဆန္နနှင့် အမည်တူခြင်းပါ။

## သမသီသိရဟန္တာ (၃) မျိုး

ဤတွင် စကားအလျဉ်းသင့်၍ သမသီသိရဟန္တာပုဂ္ဂိုလ်တို့၏ ရဟန္တာဖြစ်သွားကြရပုံ ခြားနားချက် (၃)မျိုးကို ဆက်လက်ဖော်ပြပါမည်။

ဣရိယာပထသမသီသိ, ရောဂသမသီသိ, ဇီဝိတသမသီသိ ဟူ၍ (၃)မျိုးကွဲပြား၍ ခြားနားချက်ရှိကြ၏။

(၁) ဣရိယာပထသမသီသိ ရဟန္တာအကြင်ပုဂ္ဂိုလ်သည် ရပ်ခြင်း, ထိုင်ခြင်းစသော ဣရိယာပုတ်တို့တွင် အမှတ်မထင်သော ဣရိယာပုတ်ဖြင့် ဖြစ်စေ၊ (သို့မဟုတ်) မိမိ အလိုရှိသော ဣရိယာပုတ်တစ်ခုဖြင့်ဖြစ်စေ၊ ဣရိယာပုတ်ကို ဆောက်တည်၍ 'ငါသည် ယခုဆောက်တည်နေဆဲ ဣရိယာပုတ်ကို မပျက်စေမူ၍သာလျှင် အရဟတ္တဖိုလ်သို့ရောက်စေအံ့'ဟူ၍ ဝိပဿနာပွားများအားထုတ်၏၊ မိမိစိတ်ဆန္ဒရှိနေသော အလိုအကြံနှင့်လျော်ညီစွာပင် အားထုတ်ချက်အတိုင်း ထိုယောဂါဝစရ ပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်သို့ရောက်ခြင်းသည် ဣရိယာပထသမသီသိရဟန္တာမည်၏။

တစ်နည်းမှာ- ဆောက်တည်ဆဲ ဣရိယာပုတ်ဖျက်ခြင်းသည် ဖျက်သည်နှင့်တစ်ပြိုင်နက်သာ အရဟတ္တဖိုလ်သို့ရောက်ခြင်းဖြစ်၍ ၎င်းသည်လည်း ဣရိယာပထသမသီသိ ရဟန္တာပင်ဖြစ်သည်။

(၂) ရောဂသမသီသိရဟန္တာ အကြင်ပုဂ္ဂိုလ်သည် မျက်စိရောဂါအစရှိသည်တို့တွင် တစ်စုံတစ်ခုသော အနာရောဂါဖြစ်၍နေခဲ့သော် 'ငါသည် ဤအနာရောဂါမှ မထမြောက်မီ၊ မပျောက်ကင်းမီပင် အရဟတ္တဖိုလ်သို့ ရောက်စေအံ့' ဟူ၍ ဝိပဿနာကို ပွားများအားထုတ်၏၊ ထိုစိတ်အကြံဆန္ဒနှင့် ကိုက်ညီစွာသာလျှင် အားထုတ်ချက်အတိုင်း အရဟတ္တဖိုလ်သို့ရောက်၏၊ ထိုယောဂါဝစရ

ပုဂ္ဂိုလ်၏ စိတ်ဆန္ဒကြံရွယ်ချက်အတိုင်း အရပာတ္တဖိုလ်သို့ရောက်ခြင်းသည် ရောဂ-သမသီသီရဟန္တာမည်၏။

**တစ်နည်း —** အနာရောဂါ ပျောက်ကင်းသွားခြင်းနှင့် တစ်ပြိုင်နက်ဖြစ်စေ၊ အနာရောဂါ ပျောက်ကင်းသွားပြီးခါမှဖြစ်စေ အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည်လည်း ရောဂသမသီသီရဟန္တာပင်မည်၏။

(၃) ဇီဝိတသမသီသီရဟန္တာ အကြင်ပုဂ္ဂိုလ်သည် အာသဝေါတရား၏ ကုန်ခြင်းနှင့် အသက်ကုန်ခြင်းသည် တစ်ပြိုင်နက်သာဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်တည်ခြင်းသည် ဇီဝိတသမသီသီရဟန္တာမည်၏။

အထက်၌ဖော်ပြခဲ့သော အရှင်ဂေါဓိကရဟန်းသည် အရှင်ဆန္န၏ရဟန္တာဖြစ်ခြင်းနှင့် အသက်ကုန်ခြင်း တစ်ပြိုင်နက်တူညီသကဲ့သို့ အာသဝေါကုန်ခြင်းနှင့် အသက်ကုန်ခြင်း တစ်ပြိုင်နက်ချင်းတူညီသည်၊ ထို့ကြောင့် အရှင်ဂေါဓိကနှင့် အရှင်ဆန္နထေရ်တို့ နှစ်ပါးသည် ဖြစ်ရပ်တူသော ဇီဝိတသမသီသီရဟန္တာ ပုဂ္ဂိုလ်မျိုးဖြစ်ကြသည်။

## ဇီဝိတသမသီသီသဘော ရှင်းပြချက်

စာပေသံပါပါပြောရလျှင် သိမ်မွေ့၍ နက်နဲနေသောကြောင့် စာဖတ်သူအများနားရှင်းကြရန် 'ဇီဝိတသမသီသီရဟန္တာ ဖြစ်သွားကြပုံသဘာဝကို တိုတိုအကျဉ်းချုပ်၍ရှင်းပြပါမည်။

ဇီဝိတသမသီသီဆိုရာ၌ 'ပဝတ္တိသီသ၊ ကိလေသသီသ'ဟူ၍ နှစ်မျိုးပြားသေး၏၊ ဇီဝိတိန္ဒြေခေါ်သော အသက်သည် ပဝတ္တိသီသမည်၏၊ အဝိဇ္ဇာသည် ကိလေသသီသမည်၏။

ရှင်းစွာနားလည်အောင် ပြောမည်၊ ထိုနှစ်ပါးတို့တွင် စုတိစိတ်သည် အသက်ကိုကုန်စေသည်၊ မဂ်စိတ်သည် အဝိဇ္ဇာကိုကုန်စေသည်။

အသက်ဇီဝိတိန္ဒြေကိုကုန်စေသောစိတ်ကား စုတိစိတ်၊ အဝိဇ္ဇာကိုကုန်စေသောစိတ်ကား မဂ်စိတ်ဖြစ်သည်၊ စုတိစိတ်နှင့်မဂ်စိတ်တခြားစီဖြစ်ကြသော်လည်း မရှေးမနှောင်း (၁၇) မျှသည်၏အဖြစ်ကြောင့် သမ-ညီမျှသည်ဟူ၍ ဆိုခြင်းကို နားလည်ရပါမည်။

စိတ်တို့၏သဘောကား လျင်သောဖြစ်ခြင်းရှိသည်၊ လျင်မြန်သော အဟုန်ရှိသည်၊ အာသဝေါတရား၏ကုန်ခြင်းနှင့် အသက်၏ကုန်ခြင်းသည် တစ်ပြိုင်နက်ညီမျှသောခဏကဲ့သို့ထင်ရ၏၊ ပို၍နားရှင်းကြစေရန် ဝိထိသဘောနှင့် ပြောပြပါ

မည်၊ အဝိဇ္ဇာကိုကုန်စေသော အရဟတ္တမဂ်ကျရောက်ပြီးလျှင် ထိုမဂ်၏အခြားမဲ့၌ ဘဝင်ကျရသည်၊ ထိုဘဝင်မှထ၍ ပစ္စဝေက္ခဏာဉာဏ်သို့ သက်ရောက်သည်၊ ထို ဉာဏ်၌တည်လျက် ဘဝင်သို့သက်ရောက်ပြီးခါမှ ပရိနိဗ္ဗာန်ပြုသွားခြင်းဖြစ်သည်၊ ဤမျှရေးပြလျှင် နားရှင်းတန်ကောင်းပါပြီ။

အချိန်အားဖြင့် ကြာနေသည်မဟုတ်ပါ၊ တစ်ခဏအတွင်း၌ပင် အဟုန် ပြင်းစွာဆက်တိုက်ဖြစ်သွားခြင်းပါတည်း၊ အနည်းဆုံး ဗုဒ္ဓဘာသာစာပေသင်္ဂြိုဟ် လောက် သင်ကြားဖူးသူများက သဘောမိကြပါလိမ့်မည်။

## အရှင်ဝက္ကလိထေရ် ပရိနိဗ္ဗာန်ပြုပုံ

ဤဖော်ပြမည့် ဝက္ကလိမထေရ်ကား မြတ်စွာဘုရား၏ ရုပ်အဆင်းတော် ကိုယ်ခန္ဓာကိုကြည့်ရှု၍ စွဲလမ်းပြီး တစ်ပါးသို့မသွားနိုင်၊ မသွားနိုင်၊ မကြည့်ရမနေ နိုင်၊ မမြင်ရ မနေနိုင်အောင် ကြည်ညိုပုံ ထူးခြားလှသောကြောင့် ဘုရားရှင်က တရားချ၍ မောင်းမဲလွှတ်ကာ နှင်ထုတ်ခဲ့ရဖူးသော နာမည်ကျော်ပုဂ္ဂိုလ်ထူးဖြစ် သည်။

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်အခါ အရှင်ဝက္ကလိမထေရ်သည် ဝါကျွတ်၍ မြတ်စွာဘုရားအား ဖူးမြင်ခြင်းငှာ သူဝါကပ်ရာ ကုသိဂိလိတောင်ယံကျောက်ညိုဂူဌာနမှ ခြေဖြင့်လာ ခဲ့ရာ ရာဇဂြိုဟ်မြို့ကြီးအတွင်း မြို့လယ်ထဲသို့ရောက်ဝင် ပြင်းစွာနာဖျားခြင်း ဖြစ် လာသည်။

နာဖျားပုံကား ခြေကိုမျှ မကြွနိုင်သော အခြေသို့ရောက်နေသောကြောင့် ညောင်စောင်းထပ်းစင်ဖြင့် အိုးထိန်းသည်တို့ နေရာဇရပ်သို့ တမင်ပို့ပေးကြရ သည်၊ မြတ်စွာဘုရား၏ ရုပ်ဆင်းခန္ဓာကို အလွန်ကြည့်ချင် မြင်ချင် ဖူးတွေ့ချင် လွန်းသောပုဂ္ဂိုလ်မှ ဤပုံဖြစ်ရခြင်းကား အတိတ်ကံခေသူဟူ၍ ဆိုကြရပေလိမ့် မည်။

အရှင်ဝက္ကလိက သူ၏အလုပ်အကျွေးပြုသူတို့ကို ဤသို့ပြော၏၊ 'ငါ့ရှင် တို့-ငါ၏ပြင်းစွာ နာသောအဖြစ်ကို မြတ်စွာဘုရားအား လျှောက်ကြပါချေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အစဉ်သနားသဖြင့် ရှင်ဝက္ကလိဖျား နာရာသို့ကြွလာတော်မူပါရန် လျှောက်ထားကြချေ'ဟူ၍မှာကြားကာ စေလွှတ် လိုက်၏။

အလုပ်အကျွေးတို့က မြတ်စွာဘုရားထံမှောက်သို့သွားရောက်၍ လျှောက် ကြလျှင် ဘုရားရှင်သည် သနားစောင့်ရှောက်သောအားဖြင့် လှယ်စာပင်ကြွရောက်

တော်မူလာသည်၊ ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူ၍ ဤသို့မေးတော်မူသည်။

'ချစ်သား ဝက္ကလိ-အသို့ပါနည်း၊ ခန္ဓာကျန်းမျှတပါ၏လော၊ ဆင်းရဲခြင်းဝေဒနာတို့သည် မတိုးမပွား ဆုတ်ရှားပါကုန်၏လော၊ ဆင်းရဲဝေဒနာတို့၏ မတိုးမပွား ဆုတ်ရှားခြင်းသည် ထင်ပါ၏လော' ဟူ၍ ရှေးခေတ်၌ သူနာမေးရိုးစဉ်စကားတို့ဖြင့် မေးတော်မူ၏။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်အား ခန္ဓာကျန်းမျှတသောအရာသည် အဘယ်မှာရှိအံ့နည်းဘုရား၊ တပည့်တော်၏ ကိုယ်ခန္ဓာအား ပြင်းစွာသောဝေဒနာတို့သည် မဆုတ်မရှား တိုးပွားပါကုန်၏ဘုရား၊ ထိုဆင်းရဲဝေဒနာတို့၏ မဆုတ်မရှား တိုးပွားခြင်းသည်သာ ထင်၍နေပါသည်ဘုရား' ဟူ၍ ပြန်ကြားလျှောက်ထားသည်။

ထိုအဖြေကိုကြားသိရလျှင် ဘုရားရှင်က စကားတစ်မျိုးဖြင့် မေးတော်မူပြန်၏၊ လူတို့ဘဝ၏ နိဂုံးပိုင်းအချိန်တွင် အရေးပါသော မေးခွန်းတော်ဖြစ်သည်။

'ဝက္ကလိ—အသို့နည်း၊ သင့်အား တစ်စုံတစ်ခုသော သံသယကုက္ကုစ္စသည် မရှိဘူး မဟုတ်လော၊ တစ်စုံတစ်ခုသော စိတ်ချမ်းသာခြင်း ဝိပ္ပဋိသာရသည် မရှိဘူး မဟုတ်လော' ဟူ၍ မေးတော်မူ၏။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်မှာ စင်စစ်အားဖြင့် ကုက္ကုစ္စများပါ၏ဘုရား၊ ဝိပ္ပဋိသာရကား အနည်းငယ်မဟုတ် မပြောပလောက်မျှသာ ရှိပါ၏ ဘုရား' ဟူ၍ လျှောက်သည်။

တစ်ဖန် မြတ်စွာဘုရားရှင်က လိုရင်းအချက်ကိုထုတ်ဆို၍ ပွင့်လင်းစွာဖြင့် 'ချစ်သား ဝက္ကလိ-သီလ၌ ကုက္ကုစ္စ အဘယ်၌ရှိသနည်း၊ သီလ၌ ဝိပ္ပဋိသာရ အဘယ်နေရာ၌ ရှိသနည်း' ဟူ၍ မေးတော်မူပြန်၏။

'တပည့်တော်သည် သီလ၌ ကုက္ကုစ္စ-ဝိပ္ပဋိသာရ မရှိပါဘုရား' ဟူ၍ ဖြေကြား၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်၏စိတ်မှာကား ကြာမြင့်စွာသော ကာလမှစ၍ ဘုရားရှင်ကို ဖူးမြင်ခြင်းငှာ အလိုရှိ၍နေပါ၏ ဘုရား၊ အကြင်မျှလောက်သော ကာလပတ်လုံး တပည့်တော်သည် မြတ်စွာဘုရားကိုဖူးမြင်ခြင်းငှာ ဆည်းကပ်ရာ၏၊ ထိုမျှလောက်သောကာလပတ်လုံး တပည့်တော်အား ဤခန္ဓာကိုယ်၌ အားခွန်ဗလမရှိသောအဖြစ်သို့ ရောက်ခဲ့ရပါသည်ဘုရား'

ထိုအခါ မြတ်စွာဘုရားရှင်က 'ချစ်သား ဝက္ကလိ– သင်သည် ကြည့်မြင်အပ်သော ငါဘုရား၏ကိုယ်ခန္ဓာရုပ် အကောင်ပုပ်ဖြင့် သင့်အား အကျိုးမရှိပါ'

'ချစ်သားဝက္ကလိ၊ အကြင်သူသည် ငါဘုရားကိုမြင်၏၊ ထိုသူသည် တရားကို မြင်၏၊ ဝက္ကလိ တရားကိုမြင်သောသူသည် ငါဘုရားကို မြင်ပါ၏ဟု မှတ်ပါ' ဟူ၍ ဟောကြားဆုံးမတော်မူ၏။

## သံယုတ်ပါဠိတော်

ဤအကြောင်းကို သံယုတ်ပါဠိတော်၌–

'အယံ ဝက္ကလိ တေ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ၊ ယော မံ ပဿတိ၊ သော ဓမ္မံ ပဿတိ၊ ဓမ္မံ ဟိ ပဿန္တော မံ ပဿတိ'

ဟူ၍ အထက်ပါစကားအတိုင်း ဟောကြားချက် ပါရှိလေသည်။

## ဝက္ကလိအား ဟောချတ်သောတရား

မြတ်စွာဘုရားရှင်သည် တစ်ဖန်ဆက်လက်၍ တရားအမြင် ရှင်းစေလိုသောကြောင့် 'ချစ်သား ဝက္ကလိ–ခန္ဓာငါးပါးသည် နိစ္စလော၊ အနိစ္စလော' ဟူ၍ မေးတော်မူရာ 'အနိစ္စပါဘုရား' ဟူ၍ ဖြေကြားလျှောက်သည်။

'အကြင်ခန္ဓာငါးပါးသည် အနိစ္စဖြစ်၏၊ ထိုအနိစ္စဖြစ်သော ခန္ဓာငါးပါးသည် ဒုက္ခလော၊ သုခလော' ဟူ၍ မေးတော်မူပြန်ရာ 'ဒုက္ခပါဘုရား' ဟူ၍ လျှောက်၏။

'အကြင်ခန္ဓာငါးပါးသည် အနိစ္စ, ဒုက္ခ, ဝိပရိနာမ ဖြစ်၏၊ ထိုခန္ဓာငါးပါးကို ဤခန္ဓာငါးပါးကား ငါ၏ဥစ္စာတည်း၊ ဤခန္ဓာငါးပါးသည် ငါဖြစ်၏၊ ဤခန္ဓာငါးပါးသည် ငါ၏ကိုယ်တည်းဟူ၍ ရှုမြင်ခြင်းငှာ သင့်ပါမည်လော' ဟူ၍ မေးတော်မူရာတွင် –

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မသင့်တော်ပါဘုရား' ဟူ၍ လျှောက်ထား ဖြေကြားလေသည်။

ထိုအခါ 'ဤအဘိုင်းသာမှတ်ပါ'ဟူ၍ အရှင်ဝက္ကလိမထေရ်အား တရားမြင်အောင် ညွှန်ပြဆိုဆုံးမတော်မူပြီးလျှင် မြတ်စွာဘုရားရှင်သည် ဝေနုဝန်မှထ၍ ဂိဇ္ဈကုဋ်တောင်သို့ ကြွသွားတော်မူလေ၏။

ဝက္ကလိမထေရ်သည် မြတ်စွာဘုရားရှင်ကြွသွားပြီးလျှင် မကြာမြင့်မီ သူ၏ အလုပ်အကျွေးတပည့်တို့ကိုခေါ်၍ 'ငါ့ကို ဣသိဂိလိတောင်ယံသို့ ပို့ကြ၊

ငါသို့သဘောရှိသောပုဂ္ဂိုလ်သည် မြို့ရွာတွင်း၌သေခြင်းငှာ မလျောက်ပတ်ပါဘူး' ဟူ၍ ပြောဆို၏၊ သူ့အား လုပ်ကျွေးပြုစုသူ တပည့်တို့က ဣသိဂိလိတောင်ယံ ကာဠမည်သော ကျောက်ညိုလိုဏ်ဂူတွင်းသို့ ပို့ဆောင်ပေးကြလေသည်။

## နတ်သားနှစ်ယောက် လျှောက်ပုံ

ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုနေ့နှင့် ထိုညဉ့်ပတ်လုံး ဂိဇ္ဈကုဋ်တောင်၌ နေတော်မူ၏၊ ထူးသည်ကား ထိုအခါ နတ်သားနှစ်ယောက်တို့သည် မြတ်စွာဘုရား ရှိတော်မူရာသို့ ညဉ့်ဦးယံလွန်၍ သန်းခေါင်ယံအခါ၌ လာကြပြီးလျှင် ဤသို့ လျှောက်ကြသည်။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဝက္ကလိသည် မဂ်ဖိုလ်အကျိုးငှာ အားထုတ်နေပါတယ်ဘုရား' ဟူ၍ လျှောက်၏။

အခြားနတ်သားတစ်ယောက်ကလည်း 'ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ အရှင်ဝက္ကလိသည် အရဟတ္တဖိုလ်ဟုဆိုအပ်သော ဝိမုတ္တိဖြင့် လွတ်သည်ဖြစ်၍ လွတ်ပါလိမ့်လတ္တံ့' ဟူ၍ လျှောက်ဆို၏၊ ထိုနတ်သားတို့က ထိုစကားကို လျှောက်ထားကြပြီးလျှင် ကွယ်ကြလေ၏။

## ဝက္ကလိ သင်ဘာမျှမကြောက်လင့်

ထိုညဉ့်လွန်မြောက်၍ နောက်ရက်မိုးသောက်လာလျှင် မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကိုခေါ်တော်မူ၍ 'တပည့်ရဟန်းတို့-သင်တို့သည် ဝက္ကလိထံသွား၍ ဤသို့ပြောကြကုန်လော့'၊ 'ငါ့ရှင်ဝက္ကလိ-နတ်သားနှစ်ယောက်တို့က မြတ်စွာဘုရားထံကို ဤသို့လျှောက်ထားကြတယ်၊ တစ်ယောက်က 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဝက္ကလိကား မဂ်ဖိုလ်အကျိုးငှာ စေ့ဆော်ကြိုးကုတ်နေပါတယ်တဲ့၊ အခြားနတ်သားတစ်ယောက်ကတော့ 'အရှင်ဝက္ကလိကား အရဟတ္တဖိုလ်ဟု ဆိုအပ်သော ဝိမုတ္တိဖြင့် လွတ်သည်ဖြစ်၍ လွတ်ပါလိမ့်လတ္တံ့' ဟူ၍လျှောက်၏၊ မြတ်စွာဘုရားရှင်က 'သင်ဝက္ကလိ-မကြောက်လင့်၊ သင့်အား မယုတ်မာသော သေရခြင်းသည် ဖြစ်ပါလတ္တံ့' ဟူ၍ မိန့်တော်မူသည်ဟုသာ ပြောကြလေကုန်' ဟူ၍ မှာကြားကာ စေခိုင်းတော်မူလိုက်၏။

ရဟန်းတို့သည် ဣသိဂိလိတောင်ယံ ကျောက်ညိုလိုဏ်ဂူသို့ သွားကြကုန်၍ 'ဘုရားရှင်၏ အမိန့်တော်ပြန်တမ်းကို ပြန်ကြားရန် လာကြရပါတယ်ဘုရား' ဟူ၍ လျှောက်ကြသည်၊ ထိုအခါ အရှင်ဝက္ကလိသည် အလုပ်အကျွေးပြုသူတို့ကိုခေါ်၍

'ငါ့ရှင်တို့-ငါ့ကို ညောင်စောင်းမှ ချကြပါကုန်' ငါသို့သဘောရှိသော သူတော်ကောင်းသည် မြင့်သော နေရာ၌နေ၍ သဗ္ဗညုဘုရားရှင်၏ အမိန့်တော်စကားကို အဘယ့်ကြောင့် နာကြားရအံ့နည်း' ဟူ၍ ဆို၏။

အလုပ်အကျွေးပြုသူတို့သည် အရှင်ဝက္ကလိဆိုကိုင်း ညောင်စောင်းမှ အောက်သို့ ပွေ့ချီ၍ ချပေးကြကုန်၏၊ ဘုရားရှင်က ခေလွှတ်သောရဟန်းတို့သည် ဘုရားရှင်၏ အမိန့်တော်မြတ်အတိုင်း အရှင်ဝက္ကလိအား ပြန်တမ်းစကားတော်ကို ပြောကြားကြကုန်၏။

ထိုအခါ အရှင်ဝက္ကလိမထေရ်က တစ်ကြိမ်ပြန်လည်၍ 'ငါ့ရှင်တို့ ယင်းသို့တပြီးကား ငါ၏စကားဖြင့် ဘုရားမြတ်စွာ၏ ခြေတော်အစုံကို ရှိသေစွာ ရှိခိုးကြပြီးလျှင် ဤစကားကို ငါ၏ကိုယ်စား လျှောက်ကြား၍ပေးကြပါကုန်' ဟူ၍ မှာကြားပြီးလျှင် လျှောက်ကြားနည်းပါ စိတ်ချစွာ သင်ကြားပေးလိုက်သည်။

'ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ တပည့်တော်သည် အရှင်မြတ်ဘုရားကြီး မိန့်ကြားတော်မူခဲ့သည့်အတိုင်း ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, ဝိပရိဏာမသဘောဖြင့် ယုံမှားမရှိပါဘုရား၊ ယုံမှားမရှိသည်ဖြစ်၍ တပ်ခြင်းဆန္ဒရာဂ မရှိတော့ပါဘုရား' ဟူ၍ လျှောက်ထားကြပါကုန်-ဟူ၍ မှာကြားလွှတ်လိုက်သည်၊ ထိုတပည့်ရဟန်းတို့သည် 'ကောင်းပါပြီ'ဟု ဝန်ခံ၍ ပြန်ကြွသွားကြလေ၏။

## မြန်မြန် နိဗ္ဗာန်ရောက်ချင်

ထူးသည်ကား ထိုအချိန်ပိုင်းအတွင်း အရှင်ဝက္ကလိမထေရ်သည် မြန်မြန်နိဗ္ဗာန်ဝင်ပြီး ငြိမ်းချင်စိတ် စောနေသောကြောင့် မြန်မြန်ပရိနိဗ္ဗာန်ပြုပြီး ဖြစ်ရန် ကြံစည်အားထုတ်မှု ဖြစ်ပေါ်လာသည်။

သံယုတ်ပါဠိတော် ဝက္ကလိသုတ်၌-

'အထ ခေါ အာယသ္မာ ဝက္ကလိ အစိရပက္ကန္တေသု တေသု ဘိက္ခူသု သတ္ထံ အာဟရတိ'

အထ ခေါ-ထိုအချိန်အခါ၌၊ အာယသ္မာ ဝက္ကလိ- အရှင်ဝက္ကလိထေရ်သည်၊ တေသု ဘိက္ခူသု-အမိန့်တော်ကို ပြန်ကြားရန်လာကြသော ထိုရဟန်းတို့သည်၊ အစိရ ပက္ကန္တေသု- ဖဲခွာသွားကြ၍မကြာမြင့်မီ၊ သတ္ထံ- ဓားလက်နက်ကို၊ အာဟရတိ-ဆောင်လေ၏'ဟူ၍ပါ ရှိ၏။

မြတ်စွာဘုရား၏ အမိန့်တော်စကားကို ပြောကြားရန်လာကြသောရဟန်းတို့ ပြန်လည် ထွက်ခွာသွားကြပြီးနောက်တွင် အချိန်ကြာကြာ မဆိုင်းတော့ပါ၊

သူ၏ရုပ်နာမ်ခန္ဓာငါးပါးကို မမြဲသောအနိစ္စတရား, ဆင်းရဲသော ဒုက္ခတရား, ဖောက်ပြန်တတ်သော ဝိပရိဏာမတရားသဘောဖြင့် ယုံမှားကင်းစွာထင်မြင်အောင် ရှုဆင်ခြင်၍ မိမိ၏ရုပ်နာမ်ခန္ဓာ၌ တပ်ခြင်းဆန္ဒရာဂ ကင်းစင်သွားခြင်းဖြစ်သို့ စိတ်တွင်အောင်မြင်စွာ လွတ်မြောက်သွားလေသည်။

ရုပ်နာမ်၌ တပ်ခြင်းဆန္ဒရာဂ ကင်းပြတ်သွားလေလျှင် ကြာရှည်ရပ်တည် နေရန်အလိုမရှိတော့ပါ၊ ရပ်တည်မနေလိုတော့၍ ဓားလက်နက်ဖြင့် သူကိုယ်တိုင် သူ၏ဝိညာဉ်ချုပ်စေရန် ခုတ်ဖြတ်ခြင်းပြုလိုက်သည်။

အမိန့်တော်စကားပို့ရဟန်းတို့သည် မြတ်စွာဘုရားထံတော် ရောက်သွား ကြပြီဖြစ်လျှင် အရှင်ဝက္ကလိမှာကြားလိုက်တိုင်း လျှောက်ထားကြသည်၊ သူတို့၏ နောက်ကွယ်၌ကျန်ရစ်ခဲ့သော အရှင်ဝက္ကလိသည် ထိုအချိန်၌ ဘာဖြစ်နေသည်ကို သူတို့မသိကြပါ၊ မြတ်စွာဘုရားရှင်သာ သိတော်မူပြီးဖြစ်သည်၊ ထို့ကြောင့် မြတ်စွာဘုရားရှင်က–

'ချစ်သားရဟန်းတို့ လာကြကုန်လော့၊ ဣကြင်အရပ်၌ ဝက္ကလိအမျိုး သားသည် ဓားလက်နက်ကိုဆောင်အပ်၏ (ဓားလက်နက်ဖြင့် လုပ်ကြံခြင်းပြု၏) ထိုအရပ်သို့သွားကြကုန်စို့'ဟူ၍ မိန့်တော်မူ၏။

ရဟန်းတို့သည် မြတ်စွာဘုရား၏စကားတော်ကို နာခံလျက်သွားကြလေ ကုန်၏၊ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် အပါအဝင် များစွာသောရဟန်း အပေါင်းတို့ခြံရံလျက် ကာဠသိဂိလိတောင်ယံ ကာဠကျောက်ညိုဂူသို့ ကြွရောက် တော်မူကြသည်၊ ဖြစ်ပျက်နေပုံခြင်းရာ အခြေအနေကို ကွယ်လွန်နေပုံ မြင်ကြ ရသောအခါ ရဟန်းတို့က 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား– ဝက္ကလိအမျိုး သား၏ လားရာဂတိ တမလွန်ဘဝကား အဘယ်ပါနည်း'ဟူ၍ လျှောက်ထား ကြကုန်၏။

'ချစ်သားရဟန်းတို့ ဝက္ကလိအမျိုးသားကား ပရိနိဗ္ဗာန်ပြုလေပြီ' ဟူ၍ မိန့်ကြားတော်မူ၏၊ ထိုအကြောင်းကို သံယုတ်ပါဠိတော်၌ 'ဝက္ကလိကုလပုတ္တော ပရိနိဗ္ဗုတောတိ'ဟူ၍ ပါရှိ၏။

## ရဟန်းထူးဝက္ကလိ

ဤ၌ အရှင်ဝက္ကလိမထေရ် ပရိနိဗ္ဗာန်ပြုသောကြောင်းရာတွင် သံဝေဂ ယူဖွယ်ပါ၏၊ သိမှတ်ဖွယ်လိုက်နာကျင့်သုံးဖွယ်တွေ ထူးခြားချက်များစွာပါရှိ၏၊ ထို့ကြောင့် ဒေသတော်ပြည့်စုံအောင် ဖော်ပြလိုက်ပါသည်။

ဘုရားရှင်လက်ထက်တော်အခါ၌ တပည့်သာဝကရဟန်း ပရိသတ်များစွာ ရှိသည်တို့တွင် အရှင်ဝက္ကလိရဟန်းကား ထူးခြားသောပုဂ္ဂိုလ်တစ်ပါး ဖြစ်သည် ဟုဆိုရပါမည်၊ ဘာတွေထူးခြားသနည်းဟု လေ့လာကြည့်လျှင်–

'မြတ်စွာဘုရားရှင်၏ရုပ်ဆင်းအသရေတော်ကိုကြည်ညိုချင်သောအာ ဘဇ္ဈသူတစ် ပါးနှင့်မတူအောင်ထူး၏၊ အမြဲတစေတစိမ့်စိမ့်ကြည့်ရှု၍သာ ကြည်ညို၍ နှစ်သိမ့်၍ ပီတိဖြစ်၍ နေလိုသည်၊ သူ၏စိတ်ဆန္ဒကား မြတ်စွာဘုရားရှင်၏ အနားမှ ဖဲခွါ၍ မနေလိုပါ၊ အမြဲကြည့်၍သာနေချင်သည်၊ ထိုစိတ်အားရုံခံစားချင်သော အာသာ ဆန္ဒကားပြင်းပြလွန်ကဲသည်၊ ထို့ကြောင့် မြတ်စွာဘုရားရှင်က–' 'ဝက္ကလိ–ငါ၏ ရုပ်ခန္ဓာအပုပ်ကောင်းကြီးကို ကြည့်ရှုနေခြင်း, စွဲလမ်းနေခြင်းဖြင့် ဘာအကျိုးရှိ လိမ့်မည်နည်း' ဟူ၍ တခြားသွားပြီး တရားအားထုတ်နေရန် မောင်းမဲနှင်ထုတ်ခံ ခဲ့ရသူဖြစ်သည်။

အမြင်မှား အစွဲမှား ကြည်ညိုပုံမှားနေသောကြောင့် 'တရားကိုမြင်သော သူဖြစ်၏၊ ထိုနည်းအတူ ငါဘုရားဂုဏ်ကိုမြင်သော သူသည် တရားကိုမြင်သူပင် ဖြစ်၏' ဟူ၍ အမြင်မှန်ရောက်ရှိအောင် ညွှန်ကြားဆိုဆုံးမတော်မူရ၏။

'ငါဘုရားကိုမြင်လျှင် တရားကိုမြင်၏' ဆိုရာတွင် ခန္ဓာကိုယ်ပဥ္စကဒြပ်ကို ပြောခြင်း မဟုတ်ပါ၊ ဂုဏ်ကျေးဇူးတော်, ဉာဏ်တော်, မဟာကရုဏာတော် စသော ဘုရားရှင်တို့၏ ကျေးဇူးဂုဏ်ကို ကြည့်မြင်တတ်သူဟူ၍ ဆိုခြင်းဖြစ်သည်။

## ဘဝနောက်ခံ ကံညှိ၍

အရှင်ဝက္ကလိရဟန်း၏ ဘဝနောက်ပိုင်း ခြားနားချက်များတွင် မြတ်စွာ ဘုရားရှင်ကို ဖူးမြင်ချင်လှသော ဇောကြီးကြီးနှင့် ကြိုးစား၍လာရှာပါ၏၊ သူ၏ ဘဝနောက်ခံ ကံတရားက ချို့ယွင်းသောကြောင့် လိုရာသို့မရောက်ရှာပါ၊ သူ၏ စိတ်ဆန္ဒက အလွန်ပြင်းပြနေက မြတ်စွာဘုရားရှိရာကျောင်းတော်သို့ ချောမော အောင် မရောက်နိုင်ရှာပါ၊ ရာဇဂြိုဟ်မြို့အဘွင်းရောက်ခါမှ ခြေတစ်လှမ်းမျှ မကြွချီ နိုင်လောက်အောင် သူ့ကိုယ်၌ ရောဂါဖြစ်လာပုံက ပြင်းပြင်းထန်ထန်နှင့် ဆိုးဆိုး ရွားရွားကြီး တစ်ခဏချင်း ဖြစ်ပေါ်လာရသည်။

မမျှော်လင့်မိသော ကံတရားနှောင့်ယှက်မှုနှင့် ကြုံတွေ့ရသည်ဟု ဆိုရပါ မည်၊ ရာဇဂြိုဟ်မြို့ကြီးအဘွင်း ဝင်ရောက်သာခါမှ မြို့လယ်လမ်းမ၌ ရပ်တန့်နေ ရန်လည်း မသင့်တော်၊ မဖြစ်နိုင်သည့်အဆုံး အိုးထိန်းသည်တို့၏အရပ်သို့ ထမ်း ဆောင်စေကာ ခေတ္တရပ်နား တည်းခိုလိုက်ရသည်။

သူ၏စိတ်ဆန္ဒ၌ အရေးကြီးဆုံးလိုရင်းမှာ ရုပ်ခန္ဓာအတွက် အရေးမကြီးပါ၊ သေချင်သေ ရှင်ချင်ရှင်၊ လောလောဆယ် မြတ်စွာဘုရားကို မဖူးမြင်ရသေးသမျှ ကာလပတ်လုံး သူ၏စိတ်အာရုံ မတည်ငြိမ်နိုင်ပါ၊ ဖူးမြင်ခွင့် ရနိုင်ပါမည်လား၊ သို့လောသို့လောပူပန်၍ စိတ်ယောက်ယက်ခတ်နေရသည်၊ မြတ်စွာဘုရားကို ဖူးမြင်ရမှသာလျှင် စိတ်ကျေနပ်အားရပြီး အေးငြိမ်းမှုရမည်ကို သိနေသောကြောင့် တာည့်အလုပ်အကျွေးများကို မြတ်စွာဘုရားထံတော်သို့ လွှတ်၍အသနားခံကာ ကြွရောက်ချီမြှင့်ပေးတော်မူပါမှန် ပစ်ဆင့်စကားဖြင့် လျှောက်ထား တောင်းပန်စေရရှာ၏၊ အမှန် သနားဖွယ်ကောင်းသော အခြေအနေဖြစ်နေသည်။

## သနားထိုက်သူကို ကယ်တော်မူခြင်း

မြတ်စွာဘုရားရှင်တို့သည် လောကသုံးခွင်ဝယ် အတုမရှိသော မဟာကရုဏာရှင် ဖြစ်တော်မူကြ၏၊ အရှင်ဝက္ကလိရဟန်း၏ ကံအရာ ချို့ယွင်းမှု အခြေအနေကြောင့် ဘုရားရှင် ဖူးမြင်လာသည်ကိုပင် အပြီးမရောက်ဖြစ်ရပုံ၊ သူ၏ဘဝ ရှီးဆွဲ၌ လမ်းကြောင်းက နောက်ပိုင်းရောက်နေပုံကို သိမြင်တော်မူပြီး ဖြစ်သည်။

ထို့ပြင် သူ၏အတိတ်ကံ မစင်ကြယ်မှုကြောင့် ဝက္ကလိသည် အနည်းငယ်သော ရက်ပိုင်းအတွင်း၌ ဘယ်ပုံဘယ်နည်းဖြင့် တစ်သံသရာလုံး၏ ဘဝဇာတ်သိမ်း ချုပ်ငြိမ်းသွားရမည်ကိုလည်း ဉာဏ်တော်ဖြင့် သိမြင်နေပြီးဖြစ်သည်၊ ထို့ကြောင့် သနားထိုက်သူအားကယ်တင်၍ နိဗ္ဗာန်အရောက်ပို့ပေးရန် ဆောင်ရွက်တော်မူခြင်း အနေဖြင့် တမန်ဖြင့်စေလွှတ်၍ ပင့်ဖိတ်ခြင်းကို လွယ်လင့်စွာပင် ကိုယ်တော်တိုင် ချက်ချင်း ကြွရောက်တော်မူလာခဲ့လေသည်။

ကြွရောက်လာပြီးလျှင် မျှော်လင့်ကြီးစွာနှင့် စောင့်နေရှာသော ရောဂါဝေဒနာ ခံစားနေရရှာသူ ဒုက္ခသည် ဝက္ကလိရဟန်းကို အနီးအပါး၌ထိုင်၍ ချိုမြိန်သော အသံဖြင့် ကြင်နာစွာ ရင်းနှီးချစ်ခင်စွာဖြင့် ကျန်းမာရေး, ချမ်းသာရေး နှင့် စပ်သော ရှေးရိုးစဉ်လာဖြင့် အစေ့အစပ်စကားတို့ကို မေးတော်မူ၏။

ဘုရားရှင်၏ မေတ္တာဓာတ်, ကရုဏာဓာတ်ကြီးမားစွာနှင့် စေတနာတော် အရင်းခံသော မေးမြန်းချက်စကားတော်ကို ကြားရသောအခါ ဝက္ကလိရဟန်း၏ စိတ်နှလုံးသားသည် အေးချမ်း၍ ကြည်လင်ခြင်း, ဝမ်းသာအားရခြင်း ဖြစ်ပေါ်လာသည်၊ ကျန်းမာရေး, ချမ်းသာရေးနှင့်စပ်၍ ဘုရားရှင်၏ မေးမြန်းခြင်းကို ဝက္ကလိရဟန်း၏ ပြန်လည်ဖြေကြားချက်နှင့် သူ့ရောဂါဝေဒနာ ခံစားနေရချက်ကို အကြောင်းရင်းခံ၍ ဘုရားရှင်တို့၏ နိဗ္ဗာန်သို့ စိတ်အာရုံ ရှေးရှုတော်မူပုံသည် မှတ်သားဖွယ်ရာဖြစ်၍ ကျန်ရစ်စေပါသည်။

## မေးပုံနှင့် ဖြေကြားပုံ

'ချစ်သားဝက္ကလိ-သင်၏ ဤခန္ဓာငါးပါးသည် နိစ္စလော၊ အနိစ္စလော' ဟူ၍ မေးတော်မူ၏၊ ဝက္ကလိရဟန်းက 'အနိစ္စပါဘုရား' ဟူ၍ ဖြေကြားလျှင် ဆက်လက်ပြီး ဘုရားရှင်က 'အနိစ္စဖြစ်သော ခန္ဓာငါးပါးသည် ဒုက္ခလော၊ သုခလော' ဟူ၍ မေးတော်မူပြန်၏၊ 'ဒုက္ခပါဘုရား' ဟူ၍ ဖြေကြားချက်ပေးသည်။

ဘုရားရှင်က တစ်ဖန်ဆက်၍ 'အနိစ္စ၊ ဒုက္ခ၊ ဝိပရိနာမဖြစ်သော ထိုခန္ဓာငါးပါးကို ဤခန္ဓာငါးပါးကား ငါ၏ဥစ္စာတည်း၊ ငါပိုင်၏၊ ငါဖြစ်၏၊ ဤခန္ဓာငါးပါးသည် ငါ၏ကိုယ်တည်း–ဟု ရှုခြင်းငှာ သင့်ပါမည်လော' ဟူ၍ မေးတော်မူ၏၊ ဝက္ကလိရဟန်းက 'မသင့်ပါဘုရား' ဟူ၍ ဖြေဆိုသည်၊ ထိုစကားပိုဒ်ကား ဘုရားရှင်ကကြားသိ၍ ရယူလိုသော နောက်ဆုံးလိုရင်းချုပ်အဆင့်ဖြစ်သည်။

ဘုရားရှင်က သနားစရာဖြစ်နေသော ဒုက္ခသည် ဝက္ကလိရဟန်းကို ကယ်တင်သည် ဆိုခြင်းမှာ အနတ္တဝိပဿနာကို သူ၏စိတ်အာရုံနှလုံးတွင်း၌ ပိုင်နိုင်စွာထင်စေပြီး ကြည်လင်စွာမြင်နေ၍ အရဟတ္တဖိုလ်ဝသို့ ရှေးရှုဘင်ပေးလိုက်သော နိဗ္ဗာန်သွားလမ်း ဖြောင့်စေသော သိမ်းသွင်းချက် ဖြစ်သည်။

## ဝိမုတ္တိသုခကို ဆွဲကိုင်နေရင်း

ဤတွင် မြတ်စွာဘုရားရှင်က မေးတော်မူ၍ ဝက္ကလိရဟန်းက ပြန်လည်ဖြေကြားချက်တို့သည် ယခုခေတ်၌ တရားဟောဆရာတို့မေး၍ တရားနာပရိသတ်က ဖြေကြားသကဲ့သို့ ပြီးပြီးပျောက်ပျောက် ပေါ့ဆစွာ ဝတ်ကျေတန်းကျေအသံမျှ မဟုတ်ပေ၊ နိဗ္ဗာန်ကို တကယ်အမြင်ပေါက်၍ ခန္ဓာငါးပါးကိုပယ်ခွာပြီးသူ၏ ဖြေခြင်းဖြစ်သည်၊ ခန္ဓာငါးပါးကို လွတ်လွတ်ပယ်ခွာပြီး၍ စိတ်အာရုံက ဝိမုတ္တိသုခကို လက်လှမ်းဆွဲကိုင်နေရင်း ကြည်လင်သောစိတ်နှင့်ပြန်ကြားသော ဖြေဆိုချက်ဖြစ်သည်။

## မြင်စေ ပိုင်စေအောင်

မြတ်စွာဘုရားရှင်က သနားရန်တိုက်နေသော ဝက္ကလိရဟန်းအား ထိုအဆင့်ကို မြင်စေ၍ ပိုင်စေပြီးလျှင် ကာယ်ဆောင်လာချက်အတိုင်း လိုရင်းသို့ရောက်ခဲ့ပြီးဖြစ်သည်၊ ထို့ကြောင့် 'ဤအတိုင်းမှတ်ပါ' ဟူ၍ အဆုံးသတ် ဩဝါဒပေးတော်မူခြင်း ဖြစ်သည်၊ အပြီးအဆုံးတိုင်၍ စိတ်ချရပြီဖြစ်လေလျှင် မြတ်စွာဘုရားရှင်သည် နေရာမှထ၍ ဂိဇ္ဈကုဋ်တောင်သို့ ကြွတော်မူလေသည်။

## အရဟတ္တဖိုလ် လက်တစ်ကမ်းသာလို

အရှင်ဝက္ကလိသည် သူတော်ကောင်းဖြစ်တော်မူသော ဘုရားရှင်ကို မှီခိုအားထားခွင့် ရရှိ၍ နိဗ္ဗာန်လမ်းကို မြင်နေရပြီး ဖြစ်၏၊ စွဲလမ်း၍ တွယ်တာနေစရာ မရှိသော ရုပ်နာမ် ခန္ဓာအပေါ်၌ တရားအမြင်ပေါက်ခဲ့ပြီး အရဟတ္တဖိုလ်သို့ ရောက်ရန် လက်တစ်ကမ်းသာလိုတော့သောအခြေ၌ ရှိနေ၏။

သူ၏ရုပ်ခန္ဓာကား ကျန်းမာရေးမကောင်းပါ၊ ရောဂါဝေဒနာကား ပြင်းစွာ ခံစားနေရဆဲ ဖြစ်၏၊ အချိန်ကို အရအမိ လုယူနေရသလို ရှိ၏၊ သူ၏ဘဝ၌ ရုပ်နာမ်ကို အချိန်မကြာတော့သော နေ့ပိုင်းရက်ပိုင်းအတွင်း နိဂုံးချုပ်၍ ဇာတ်သိမ်းသွားရတော့မည်ဟူ၍ ပိုင်နိုင်စွာသိထားလည်း ဖြစ်ဟန်တူ၏၊ ထို့ကြောင့်-

'ငါကဲ့သို့သောသူတော်ကောင်းပုဂ္ဂိုလ်တစ်ပါးက မြို့တွင်းရွာတွင်း၌သေရန် မလျောက်ပတ်ချေ'ဟူ၍ သူ၏တပည့် အလုပ်အကျွေးများအား ဣသိဂိလိတောင်ယံကျောက်ညိုဂူသို့ ပို့စေသည်၊ ထိုဂူသို့ရောက်ပြီး၍ တစ်ညလွန်မြောက် နောက်ရက်နံနက်မိုးသောက်လျှင် ဝက္ကလိရဟန်းအတွက် အထူးသတိထား၍ ကြိုးစား စောင့်ရှောက်တော် မူနေသော မြတ်စွာဘုရားရှင်က ဝကားထူး မိန့်မြွက်တော်မူသည်။

ထိုညတွင် နတ်သားနှစ်ယောက်က မြတ်စွာဘုရားထံလာရောက်၍ လျှောက်ထားချက်ကို တပည့်ရဟန်းတို့အား ထုတ်ဖော်ပြော၍ ဝက္ကလိရဟန်းထံသို့ သွားကြစေပြီး သတင်းစကား ပြောကြားစေတော်မူသည်၊ ထိုသို့ သွားရောက်ပြောကြားပေးစေခြင်းသည် နောက်ဆုံးအဆင့်၌ အပြီးရောက်စေသောအပိုင်းဖြစ်သည် ဆိုရပါမည်။

## စိတ်ဓာတ်ရှင်လန်း အားတက်စေရန်

အရှင်ဝက္ကလိရဟန်း၏ စိတ်ဓာတ်သည် နောက်သို့ ပြန်လည်ကျခြင်းမရှိစေရန် တစ်ဖြောင့်တည်း နိဗ္ဗာန်သို့ ရှေးရှုစေခြင်းနှင့် စိတ်ဓာတ် ကြည်လင်ရှင်လန်း၍ အားတက်လာစေခြင်း ဖြစ်သည်။

မြတ်စွာဘုရား၏ အမိန့်တော်ပြန်သော ထိုစကားကိုကြားသိရသောကြောင့် အရှင်ဝက္ကလိမထေရ်၏ စိတ်အစဉ်သည် ကြည်လင်အားတက်၍ ရှင်လန်းလာသည်၊ 'ငါ၏ ဤရုပ်ခန္ဓာနှင့် ဤဘဝသည် နောက်ဆုံးပင်တည်း၊ နောက်ထပ်တစ်ဖန် သံသရာမလည်ရတော့ပါဘူး' ဟူ၍ မှန်သောအသိ မှန်သောအမြင်ဖြင့် ယတိပြတ်ဆုံးဖြတ်နိုင်သည်။

အသိအမြင်မှန်ရ၍ ပြတ်သားစွာဆုံးဖြတ်နိုင်ပြီးလျှင် သူ၏ ရုပ်နာမ်ခန္ဓာ ငါးပါးကို စွဲလမ်းခြင်းကင်းစွာထား၍ နေသည်၊ စိတ်အာရုံကို နိဗ္ဗာန်သို့ ရှေးရှု တင်ထားသည်၊ ထိုကဲ့သို့ ဘဝနှင့် ရုပ်နာမ်ခန္ဓာကိုလွတ်သော စိတ်ထားနေရင်းပင် အတိတ်ကံဝဋ်ကြွေးရှိနေသဖြင့် သူ၏အသက်ဝိညာဉ်ကို သူ့ဘာသာသူဖြတ်လိုက်၍ နိဗ္ဗာန်ကူးသွားခြင်း ဖြစ်လေသည်။

## သီလဌ် ကုက္ကုစ္စ, ဝိပ္ပဋိသာရ မရှိပါ

ဤဝတ္ထုတွင် ရဟန်းပုဂ္ဂိုလ်တို့အဘို့ သိမှတ်ဖွယ်ရာအချက်တစ်ခုပါ၍ ရှင်းစွာ ဖော်ပြပါမည်၊ 'အရှင်ဝက္ကလိရဟန်း နာမကျန်းမှု ပြင်းစွာခံစားနေရစဉ် အခါ မြတ်စွာဘုရားရှင် ကြွရောက်တော်မူလာပြီးလျှင် 'ချစ်သားဝက္ကလိ-အသို့နည်း၊ သင့်အား တစ်စုံတစ်ခုသော ကုက္ကုစ္စ သံသယရှိသလော၊ တစ်စုံတစ်ခုသော ဝိပ္ပဋိသာရကော ရှိသလော' ဟူ၍ ဘုရားရှင်က မေးတော်မူရာတွင် 'ကုက္ကုစ္စများ ပါ၏ဘုရား၊ ဝိပ္ပဋိသာရ စိတ်မကြည်လင်မှု မချမ်းသာမှုဟူ၍ကား ပြောပလောက်အောင် မရှိပါဘုရား' ဟူ၍ ဖြေကြားသည်။

မြတ်စွာဘုရားရှင်က ထပ်ဆင့်၍ 'ဝက္ကလိ-သီလဌ် ကုက္ကုစ္စ, ဝိပ္ပဋိသာရ ရှိသလော' ဟူ၍ စကားခွန်းခွဲ၍ ရှင်းရှင်းမေးတော်မူပြန်၏။

အရှင်ဝက္ကလိရဟန်းက 'မရှိပါဘုရား၊ သီလဌ် ကုက္ကုစ္စများခြင်း မဟုတ်ပါ' ဟူ၍ ဖြေကြားလျှောက်ထားသည်၊ မြတ်စွာဘုရားရှင်က သိလိုသော လိုရင်းအချက်သည် ၎င်းအဖြေ ဖြစ်သည်။

သူ၏ ကုက္ကုစ္စများပါ၏ဆိုသည်မှာ ကြာမြင့်စွာသောကာလပတ်လုံး မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ အလိုရှိနေသည်၊ ကျန်းမာရေးမကောင်း၍ သူ၏ခြေဖြင့် သွားလာနိုင်သော ခွန်အားဗလစွမ်းအင် မရှိပါ၊ ထိုအခြေအနေမကောင်းမှုတွေကြောင့် 'မြတ်စွာဘုရားကို ဖူးခွင့်ရနိုင်ပါဦးမည်လော၊ သူ၏ပြင်းပြနေသော စိတ်အလိုဆန္ဒ ပြည့်ဝနိုင်ပါဦးမည်လော' ဟူ၍ အရှင်ဝက္ကလိ၏စိတ်ထဲ ဝေခွဲမရနိုင်အောင် ပူပင်ကြောင့်ကြမှု ကုက္ကုစ္စစိတ်တွေက နေ့စဉ် လုံးထွေးဖြစ်ပွားနေခြင်း ဖြစ်သည်။

## အာပတ်နှင့်တကွ စုတေလျှင် ဆိုသည်မှာ

ဤတွင် သတိပြုရန် အရေးကြီးဆုံးအချက်မှာ 'ဝက္ကလိ၊ သီလဌ်ကုက္ကုစ္စ ရှိသလော၊ ဝိပ္ပဋိသာရ ရှိသလော' ဟူသော ဘုရားရှင်၏ မေးချက်စကားတော်

ဖြစ်သည်။ (အာပတ်နှင့်တကွစုတေလျှင်) ဆိုသည်မှာ သီလ၌ ကုက္ကုစ္စရှိနေခြင်း ဝိပ္ပဋိသာရ ရှိနေခြင်း ဖြစ်သည်။

ရှင်းရှင်းအဓိပ္ပာယ်မှာ 'သီလဖြင့် မိမိကိုယ်ကို စွပ်စွဲခြင်းရှိသလော' ဟူ၍ မေးမြန်းခြင်း စကားဖြစ်သည်၊ 'မဟုတ်ပါဘုရား၊ မရှိပါ'ဟူ၍ ဝက္ကလိရဟန်းက ဖြေကြားလျှင် ရှင်းသွားပြီဖြစ်၏၊ အာပတ်မရှိကြောင်း သိသာနိုင်သည်။

## အတိတ်ကံဝဋ်ကြွေးပေထင့်

ရှေးခေတ်မှ သာသနာ့ဝင်သမိုင်းကို လေ့လာကြည့်လျှင် မြတ်စွာဘုရား ရှင်လက်ထက်တော်အခါ၌ 'အရှင်ဆန္နမထေရ်' အရှင်ဂေါဓိကမထေရ်နှင့် အရှင် ဝက္ကလိမထေရ် ဤရဟန်းသုံးပါးတို့သည် ပစ္ဆိမဘဝိကသားများ ဖြစ်ကြပါလျက် သူတို့၏ ရုပ်နာမ်ခန္ဓာ အသက်ဝိညာဉ်ကို သူတို့ကိုယ်တိုင်သတ်ဖြတ်၍ ပရိနိဗ္ဗာန် ပြုသွားကြရလေသည်။

ဘဝသံသရာကျင်လည်နေကြသော ဘဝခရီးစဉ်ဘွဲ့နောက်ဆုံးဘဝရောက် ကြပြီးဖြစ်၍ ဘုရားရှင် သက်တော်ထင်ရှားရှိနေသော သာသနာတွင်းအခါနှင့် လည်း ကြုံကြိုက်ကြရသောကြောင့် အရဟတ္တဖိုလ်သို့ ရောက်နိုင်ကြောင်းတရား အကျင့်ကိုလည်း ကျင့်ကြံပြီးအားထုတ်ပြီး သူများလည်းဖြစ်ကြ၏။

ဘဝသံသရာအဆုံးသတ်သောအချိန်ပိုင်း၌ ပြုမူသွားကြရပုံတို့သည် သနား စရာအပြင် ရဟန်းဘဝအနေဖြင့် အံ့သြဖွယ်ရာထူးခြားချက်အဖြစ်နှင့် သမိုင်းဝင် ကျန်ရစ်ခဲ့ကြလေသည်။

'ဘယ်မည်သောဘဝ၌ ဘယ်သို့သော ပါဏာတိပါတကံ ပြုခဲ့ဖူးကြ၍ ရှောင်မရနိုင်သော ဝဋ်ကြွေးတွေ ထိုက်ကြရလေသနည်း'ဟူ၍ မြန်မာပြည်တွင် စာပေကျမ်းဂန်တတ်ဆရာတော်များက တွေးတောခဲ့ကြဖူးလေသည်၊ ပါဠိတော် နှင့်အဋ္ဌကထာ, ဋီကာတို့၌ ထိုပုဂ္ဂိုလ်တို့၏ အတိတ်ကံဝဋ်ကြွေးအကြောင်း ဖွင့် ပြခြင်းမရှိကြပါ၊ မြတ်စွာဘုရားရှင်အား ဘယ်သူတစ်ဦးကမျှ မေးမြန်းလျှောက် ထားသူမရှိကြသောကြောင့် ဖွင့်ဆိုမိန့်ကြားတော်မူခြင်း မပြုခဲ့ပါ။

## ဝဂ္ဂုမုဒါမြစ်အနီးကျောင်း ရဟန်းငါးရာတိုက်

သို့ရာတွင် မှန်းဆ၍ ကြည့်ရလျှင် ဘုရားရှင် လက်ထက်တော်အခါ၌ ဝဂ္ဂုမုဒါမြစ်နားကျောင်း၌ ရဟန်းငါးရာတို့ နေထိုင်ကြသည်၊ မြတ်စွာဘုရားရှင် နှင့် အခြားရဟန်းပုဂ္ဂိုလ်များလည်း အတူသီတင်းသုံးလျက်ရှိနေကြသည်။

အဆိုပါ ရဟန်းငါးရာတို့သည် (လခွဲအတွင်း) အတိတ်ကံဟောင်း၏ ဝဋ်ကြွေး ဆိုက်ရောက်လာခြင်း ခံယူကြရတော့မည်ကို ဘုရားရှင်က သိမြင်တော် မူနေ၏၊ 'ငါဘုရား၏ သာသနာတော်တွင်း ဝင်ရောက်၍ ခိုလှုံနေကြသူများ ဖြစ်ကြပါလျက် အကျိုးမဲ့ မဖြစ်စေလိုပါ၊ သေပြီးနောက် တမလွန်ဘဝ၌ အပါယ်လေးပါးသို့ မလားရောက်ကြစေလိုပါ၊' ထို့ကြောင့် မီးမလောင်ခင်က ကြိုတင်တားရသကဲ့သို့ ထိုရဟန်း ငါးရာတို့၏ အပါယ်လေးပါးသို့ မလား ရောက်ကြစေရန် အသုဘ ကမ္မဋ္ဌာန်း တရားကို ကြိုတင်၍ ဟောကြားတော်မူသည်၊ အသုဘကမ္မဋ္ဌာန်း ထင်မြင်အောင် မိမိ၏ ကိုယ်ရုပ်ခန္ဓာကို အသုဘဟု ရှုထား၍ အားထုတ်နေကြရန် ဟောကြားတိုက်တွန်းတော် မူသည်။

ထိုရဟန်း ငါးရာတို့သည် အသုဘ ကမ္မဋ္ဌာန်းကို စိတ်ပါဝင်စားကြသည်၊ စိတ်ဝင်စားစွာ ပွားများအားထုတ်နေကြသည်၊ ကမ္မဋ္ဌာန်း အားထုတ်၍ နေကြရင်း မိမိတို့၏ ရုပ်ခန္ဓာကိုယ်၌ အသုဘကောင်ကြီး အဖြစ်ကို တိရောက်အောင် အမြင်ကိုယ်စီ ပေါ်လာနေကြသည် ဆို၏၊ ထိုအခါ သူတို့၏ ကိုယ်စီကိုယ်စီ စိတ်ထဲက ရုပ်ခန္ဓာကြီး ရှိနေရခြင်းကို ဒလိုမရှိ ကြတော့ပါ၊ ငြီးငွေ့လာကြသည်၊ စက်ဆုပ်ရွံရှာကြသည်၊ မိမိတို့၏ ရုပ်ခန္ဓာကိုယ်ကြီးကို ကိုယ်စီကိုယ်စီကြည့်၍ ကိုယ်စီ အလိုလိုပင် ရှက်နိုးလာကြသည်။

'နှစ်သက်ဖွယ်ရာ မရှိသော ကြည့်မြင်၍ မတင့်တယ်သော အသုဘ ရုပ်ကောင်ကြီးကို တာရှည်ပုပ်တည်နေခြင်းငှာ အလိုမရှိကြတော့ချေ၊ မြန်မြန် ဖျောက်ဖျက် ပစ်ကြရန် အကြံအစည် သူတို့အားလုံး၏ စိတ်၌ ကိုယ်စီ ဖြစ်လာနေကြသည် ဆို၏၊ ကုသိုလ်ကံ အကျိုးပေးရာတွင် အဖော်ရှိတတ်သကဲ့သို့ အကုသိုလ်ကံ၏ မကောင်းကျိုးပေးသောအခါ၌လည်း ကံအထ မြောက်စေရန် ကူညီသူ အဖော်ပါမြဲ ဖြစ်သည်။

## လူသတ်သမား မိဂလဏ္ဍိက

'အကျိုးတစ်ခု ဖြစ်ပေါ်လာရန်မှာ အကြောင်းတစ်ခုတည်း မဟုတ်ပါ၊ အကြောင်း ၂-ခုဖြစ်သည်၊ သို့မဟုတ် အကြောင်းခံချက် ၃-ခုထက် ပိုတတ်သည်' ဟု၍ ရှေးအခါက ပညာရှိကြီးတို့၏ ပြောဆိုရိုးစကား ရှိခဲ့သည်မှာ မှန်ပါ၏။

အဆိုပါ ရဟန်းငါးရာတို့သည် အတိတ်ဘဝဟောင်းတို့မှ မိမိတို့ ပြုလုပ်ခဲ့ကြပြီးသော သတ္တဝါတွေကို သတ်ဖြတ်ခဲ့ကြသော ပါဏာတိပါတ ကံဟောင်းတို့က အကျိုးပေးချိန် ရောက်လာနေပြီ၊ ဝဋ်ကြွေးခံကြရန် အလှည့်ကြုံနေချိန် အခါ

အခွင့်လည်း လမ်းဖွင့်ပေးနေပြီ၊ မြတ်စွာဘုရားရှင်က ဟောကြားဆုံးမ၍ သင်ပြပေးထားသော အသုဘ ကမ္မဋ္ဌာန်းတရား ထင်မြင်အောင် အားထုတ်ရှုကြည့်နေခဲ့ရာ တကယ်ထင်မြင် ပေါက်မြောက်နေကြဆဲ ဖြစ်သည်။

ထိုထိုအကြောင်းသုံးပါး ညီညွတ်မှုကြောင့် ဝဋ်ဆိုက်ခံကြရမည့် ရဟန်းတို့သည် အချို့က ဓားလက်နက်ဖြင့် မိမိ၏ ကိုယ်ခန္ဓာကို မကြောက်မရွံ့ ကိုယ်တိုင်သတ်ဖြတ်၍ သေသွားကြသည်၊ အချို့ရဟန်းတို့ကား စိတ်တူသဘောတူ ကျေနပ်စွာ အချင်းချင်း အသတ်ခိုင်းပြီး ကူညီသော သဘောဖြင့် ကျေးဇူးတင်စွာ အသတ်ခံ၍ သေကြသည်၊ အချို့သော ရဟန်းတို့ကား မိမိ၏ ကိုယ်ခန္ဓာ ရုပ်ကောင်ကြီး ကြာရှည် မတည်လိုကြ၍ ကိုယ်တိုင်လည်း မသတ်လို၊ ရဟန်းအချင်းချင်းကိုလည်း အားနာ၍ မခိုင်းလိုကြပါ၊ ထိုရဟန်းတို့အတွက် ထိုအချိန်ပိုင်းတွင် လူသတ်သမားကြီးတစ်ယောက် ထိုကျောင်းတိုက်ထဲ ရောက်လာသည်။

သူ၏နာမည်ကား မိဂလဏ္ဍိကဖြစ်သည်၊ ပါဠိသုံးစကားဖြင့် 'သမဏကုတ္တက' ဟူ၍ ခေါ်ဆိုသည်၊ (ရဟန်းရှင်ယောင် အသွင်ဆောင်၍နေသူ) ဟု ပြောဆိုခြင်းဖြစ်သည်၊ အမှန်မှာ သင်္ကန်းဝတ်၍ ကျောင်းတိုက်ထဲရောက်လာပြီး ဆွမ်းကျန်ဟင်းကျန်စား၍ နေသော်လည်း ရှင်သာမဏေလည်း မဟုတ်ပါ၊ ရဟန်းလည်း မဟုတ်ပါ၊ ထို့ကြောင့် နိဿယဆရာတော်ကြီးက 'ရဟန်းရှင်ယောင် အသွင်ဆောင်နေသူ' ဟူ၍ မြန်မာလို ပြန်ထားတော်မူခဲ့သည်။

အဘိတ်ကံဟောင်းဝဋ်ကြွေးဆိုက်၍ အသတ်ခံကာ သေချင်နေရှာကြသော ရဟန်းအများတို့သည် အဆိုပါလူသတ်သမားကြီး (မိဂလဏ္ဍိက) ကို အသတ်ခိုင်း၍ ကျေနပ်စွာ အသေခံသွားကြသည်၊ စိတ်ကြမ်းကိုယ်ကြမ်းနှင့် ရက်စက်မည့်အသွင် ရှိသော မိဂလဏ္ဍိကကြီးအား 'သည်သပိတ်ကို ယူရစ်ပါ၊ သည်သင်္ကန်းကို ယူရစ်ပါ' ဟူ၍ သင်္ကန်းပရိက္ခရာပေးပြီး သတ်ပေးရန် ခိုင်းကြသည်၊ ရက်စက်ကြမ်းကြုတ်မည့် ရုပ်သွင်နှင့် နွားသတ်ကုလား၏မျက်လုံးကဲ့သို့ မျက်ထောင့်နီနီနှင့် ပြူးကြောင်တောက်သော အကြည့်မျိုးဖြင့်ကြည့်၍ သတ်ခ သင်္ကန်း, သပိတ်, ပရိက္ခရာတွေယူ၍ ထက်စွာသော သန်လျက်ကြီးကိုင်ဆောင်ကာ တစ်ပါးပြီးတစ်ပါး ဆက်တိုက်ကြီး လည်ပင်းကို တစ်ချက်နှင့် အပြီးဖြတ်နိုင်အောင် အားထုတ်၍ သတ်ပေးနေခဲ့သည်။

## လူယုတ်မာကို နတ်ယုတ်မာမြှောက်

တစ်ချိန်တွင် မိဂလဏ္ဍိကကြီးသည် ရဟန်းတွေကိုသတ်ရပြီး မောပန်းနွမ်းနယ်ခြင်း ရှိလာသည်၊ စိတ်အာရုံခံစားချက်လည်း မကြည်မလင်ဖြစ်နေ၍

ဝဂ္ဂုမုဒါမြစ်တွင်းဆင်းကာ သွေးသံတွေလိမ်းကျံ၍ကြည့်မကောင်းသောသန်လျက်သွားကို ရေဆေးကြောနေသည်၊ ထိုအခါ သူ၏ရှေ့၌ ရေပြင်ခွဲ၍ နတ်သားတစ်ဦး ပေါ်လာသည်၊ 'အသင်သူတော်ကောင်း-သင်၏အလုပ်သည် ကောင်းသောအလုပ်ဖြစ်တယ်၊ လူ့ဘဝမှ လွတ်မြောက်လိုသူ ရဟန်းတွေကို သတ်ပေးနေရခြင်းသည် မြတ်တယ်၊ ကောင်းသောအလုပ်ဖြစ်တယ်၊ စိတ်အားမလျော့နှင့်၊ ဆက်လက်၍ ကြိုးစားပါ၊ မြတ်သောကောင်းကျိုး ဖြစ်ပါတယ်'ဟူ၍ ပြောဆိုပြီး ပျောက်ကွယ်သွားသည်၊ နတ်ကောင်းမဟုတ်ပါ၊ မာရ်နတ်၏အသင်းအပင်း နတ်ယုတ်မာက လာ၍ လူယုတ်ကြီးကို မကောင်းမှုပြုရအောင် အားပေးတိုက်တွန်းခြင်းဖြစ်သည်။

ထို့ကြောင့် လူသတ်သမားကြီး မိဂလဏ္ဍိကသည် စိတ်အားမာန်တက်ကြွလာကာ ကျောင်းတိုက်ကြီးထဲဝင်လာကာ သန်လျက်ကြီးတဝင်းဝင်းကိုင်ဆောင်လျက် 'ဘယ်သူ့ကိုသတ်ရမလဲ၊ ဘယ်သူအသတ်ခံချင်သလဲ၊ ထွက်ခဲ့ကြ' ဟူ၍ မာကြောအက်ကွဲသောအသံနက်ကြီးနှင့် မေးမြန်းရင်း တစ်ကျောင်းမှသည် တစ်ကျောင်းသို့ ကူးသည်၊ ဟစ်ခန်းဝင် ဘစ်ခန်းထွက်နှင့် သတ်ဖြတ်လိုသောဇောဖြင့် သူ၏ ကြမ်းကြုတ်ချင်သော အမူအရာတွေ လွှမ်းမိုးနေလေသည်၊ အတိတ်ကံဟောင်း ဝဋ်ကြွေးမကင်းသူ ရဟန်းတို့က မကြောက်မရွံ့မတ်ဘတ်ရပ်၍ ရဲဝံ့စွာ အသတ်ခံကြသည်၊ လူသတ်သမားကြီးကလည်း ငှက်ပျောပင်ကို တစ်ချက်တည်း ခုတ်နှင့်ဖြတ်သကဲ့သို့ ဝန်လေးခြင်းမရှိ၊ ရဟန်းတစ်ပါးကို သန်လျက်ဖြင့် တစ်ချက်တည်း ယည်တိုင်ဖြတ်ချပေးလေသည်၊ အတိတ်ကံဟောင်းဝဋ်ကြွေး မငုံကြသော ရဟန်းသာမဏေတို့ကတော့ ထိုလူသတ်သမားကြီးဝင်လာသည်ကို ကြောက်ရွံ့သောကြောင့် ပြေးကြရှောင်ရှားကြပြီး သေဘေးလွှတ်မည်ထင်ရာ ပုန်းအောင်းနေကြသည်၊ အသတ်ခံချင်သူကခံ၍ သတ်ပေးချင်သူကလည်း စိတ်ပါလက်ပါကြီး ရဲဝံ့စွာ နေ့ဆက်ရက်ဆက်ကြီး သတ်ပေးနေခဲ့သည်။

ထိုသို့သော နည်းဖြင့် ရက်ဆက်ကြီးသတ်ပေးနေခဲ့ရာ တစ်ဆယ့်ငါးရက်အကြာတွင် ရဟန်းငါးရာအားလုံး သတ်လိုက်ပြီးဖြစ်လေသည်၊ ကျောင်းတိုက်ကြီးအတွင်း သတ်ထား၍ သေနေကြရသော ရုပ်အလောင်းတွေမှာ အလောင်းချင်းထပ်နေအောင် ကြည့်မကောင်း မြင်မကောင်းပါ၊ မကြည့်ဝံ့ မရှုဝံ့စရာမြင်ကွင်းကား ထိုကျောင်းတိုက်ကြီးအတွင်း သွေးချောင်းစီးအောင် မိဂလဏ္ဍိကကြီးက စိတ်ပါလက်ပါ ရဲဝံ့စွာ သတ်ပေးလိုက်သည်။

## ရုပ်မြင်သံကြားမပေါ်သေး၍ တော်ရ၏

အဆိုပါဖြစ်ပျက်မှုကြီးကား အံ့ဩဖွယ်ရာဖြစ်သည်၊ ကြက်သီးထဖွယ်ရာ သမိုင်းထူးကြီးအဖြစ် လူလောက၌ ပြောမဆုံးအောင် ကျန်ရစ်ပေမည်။

သက်တော်ထင်ရှား မြတ်စွာဘုရားရှင်လက်ထက်တော်၌ ကြုံကြရ၍ ပို၍ အံ့ဩဖွယ်ရာလည်းဖြစ်ကြသည်၊ လူအချို့ကား ထိုကျောင်းတိုက်ထဲ၌ပင် 'မြတ်စွာဘုရား ကိုယ်တော်တိုင် ရှိနေပါလျက်နှင့် မဖြစ်သင့်ပါ၊ ကြက်သီးထဖွယ်ရာလည်း ဖြစ်တယ်၊ ကြောက်ဖွယ်ရာလည်း ဖြစ်ဘယ်' ဟူ၍ တွေးတောကြည့်ကြသူများလည်း ရှိ၏၊ ဝေဖန်စကားပြောကြသူများလည်း ရှိ၏။

## ဝိပါက်ကြမ္မာ မလွတ်သာ

ဤအကြောင်းနှင့်စပ်၍ ဤနေရာတွင် သတ္တဝါတို့၏ ရှောင်၍ မလွတ်နိုင်သော ကြမ္မာဝိပါက်ဆိုက်ခြင်း အကြောင်းပြောမည်၊ ပုထုဇဉ် လူသားတို့သည် ဆရာကောင်းကိုမမှီကြရ၍ မကောင်းမှုဒုစရိုက်တွေကို မိုက်မိုက်ကန်းကန်း လုပ်မိတတ်ကြ သူများလည်းရှိကြ၏။ သူတော်ကောင်းပုဂ္ဂိုလ်တို့နှင့် မတွေ့ကြုံကြရ၍ သူတော်တောင်းတရား စကားမကြားကြရ၊ သူတော်ကောင်း ပညာရှိပုဂ္ဂိုလ်တို့၏ ဆုံးမဩဝါဒစကားကောင်းကို နာကြားရခြင်း မရှိကြ၊ သူမိုက်တို့ ပြောစကား သာကြားနေကြရပြီး ပတ်ဝန်းကျင်မှ လူမိုက်တို့နှင့် မလွဲသာမရှောင်သာပေါင်း သင်းကြရသည်၊ သူမိုက်တို့နှင့်ရောနှောကာ သူတစ်ပါးဥစ္စာခိုးယူခြင်း, လုယက်ခြင်း, ဖျက်ဆီးခြင်းစသော မကောင်းမှုတွေကို လွန်ကျူးမိတတ်ကြသည်။

## ကြောက်ဖွယ်ရာ သတ္တဝါတွေသတ်ဖြတ်ခြင်း

ထိုနည်းအတူ လူမိုက်တို့နှင့် မလွဲသာမရှောင်သာပေါင်းမိကြရပြီး မလုပ်ထိုက်သည့် (ပါဏာတိပါတကံ) သတ္တဝါတို့၏အသက်ကို ရက်စက်စွာနှင့် သတ်ဖြတ်ခြင်းနှင့် ကြီးလေးသောဒုစရိုက်မှုတွေ ပြုလုပ်မှားတတ်ကြသည်။

မသိ၍ ပတ်ဝန်းကျင်အတုလိုက်၍ 'နောင်ဝါတင်ဖန် မိမိတို့ကို အသတ်အဖြတ်ခံရမြဲ ဖြစ်ရလိမ့်ဦးမည်' ဟူ၍ ပြောကြားသူလည်းမရှိ၊ သိတတ်မြင်တတ်သူလည်းမရှိသော လူမိုက်ပတ်ဝန်းကျင်ထဲ ကျရောက်နေကြရသူတို့ဘဝ၌ လွန်ကျူးခဲ့ဖူးသော ဒုစရိုက်ကံကြွေးတွေက ဘဝခြားခဲ့ကြသော်လည်း ရေဆေး၍မရပါ၊ အလှည့်ကြုံကြရဦးမည်သာဖြစ်သည်။

ဝဂ္ဂုမုဒါမြစ်ကမ်းအနီး ကျောင်း၌နေထိုင်ကြသော အဆိုပါရဟန်းငါးရာတို့သည် သူတို့ကိုယ်တိုင် မိုက်မဲစွာပြုလုပ်လွန်ကျူးခဲ့ကြဖူးသော်ကံ, သတ္တဝါတွေကို သတ်ဖြတ်ခဲ့ကြသော ဒုစရိုက်ကံကြွေးရှိနေကြ သူများဖြစ်ကြသည်၊ စိုက်ပျိုးထားသောသစ်ပင်သည် အချိန်တိုင်လျှင် သီးပွင့်၍ လာရသကဲ့သို့ မိမိတို့ပြုလုပ်ထားခဲ့ဖူးသော မကောင်းမှုကံ ဘို့သည် အကျိုးပေးချိန်တိုင်သောအခါ မိမိတို့ထံ ပြန်ရောက်လာကြမြဲဖြစ်သည်၊ ရှောင်လွှဲ၍မရသော ဝိပါက်ကံ ဆိုက်ရောက်လာခြင်းသဘောကို 'ကြမ္မာဝင်သည်၊ ကြမ္မာဆိုက်သည်'ဟူ၍ ပြောဆိုကြ၏၊ 'ဂြိုဟ်ဆိုးဝင်သည်' ဟူ၍လည်း ပြောတတ်ကြ၏၊ အဓိပ္ပာယ်အတူတူပင်ဖြစ်သည်။

## ဝဋ်ကြမ္မာ ဘုရားမတားနိုင်

အဆိုပါ ရဟန်းငါးရာတို့သည် ငဋ်ကြမ္မာဆိုက်ရောက်လာနေပြီကို ဘုရားရှင်က သိမြင်တော်မူပြီးဖြစ်၏၊ သူတို့ပြုထားကြပြီးသော အကုသိုလ်ကံကြွေးကို ဘုရားရှင်တား၍ မရနိုင်ပါ၊ သူတို့ကိုယ်တိုင် ခံယူကြရမည်၊ တားဆီး၍ မရနိုင်ကြောင်းသိမြင်တော်မူသောကြောင့်–

'လခွဲအတွင်း ငါ ဘုရားတစ်ပါးတည်းသာ ဆိတ်ငြိမ်ရာ၌ နေတော်မူမည်၊ ဆွမ်းပို့ယူသူဘစ်ပါးမှလွဲ၍ ငါ၏ထံသို့ မည်သူဘစ်ဦးတစ်ယောက်မျှ မဝင်ရ၊ မလာစေရ'ဟူ၍ ညီတော်အာနန္ဒာကို မိန့်ကြားကာ ပိတ်ပင်ထားလိုက်သည်၊ ထို့ကြောင့် မည်သူမျှ ဘုရားထံသို့ ဝင်ရောက်ဆည်းကပ်ခွင့်မရကြပါ၊ အကြောင်းမှာ ထိုရဟန်းတို့၏ ကံကြွေးကြမ္မာဆိုက်၍ သက်ဖြတ်ပွဲကြီး ကြုံနေဆဲအချိန်ကို တိုက်ရိုက်ကြည့်မြင်နေခြင်းငှာ မလျောက်ပတ်သောကြောင့်တမင်(မျက်ကွယ်ပြု) ရှောင်လွှဲ နေတော်မူခြင်းဖြစ်သည်၊ ကိုယ်ပြုသော မကောင်းမှုကံကိုယ်သာပြန်၍ ခံကြရမြဲဖြစ်ပုံကို ဤဖြစ်ရပ်များ အခြေအနေကို မြင်သောအားဖြင့် ရှင်းရှင်းနားလည်ကြရာ၏။

## သူတော်ကောင်းမှီရ၍ သက်သာကြ၏

သို့ရာတွင် ထိုရဟန်းငါးရာတို့သည် ဘုရားရှင်၏ ကျေးဇူးတော်ကြောင့် အသုဘကမ္မဋ္ဌာန်း အမြင်ပေါက်ထားပြီးဖြစ်သည်၊ ထို့ကြောင့် ဘုရားရှင်က သူ၏တပည့်ရဟန်းများ အကုသိုလ် ပါဏာတိပါတကံကြွေး ပါသူများအတွက် တစ်နည်းတစ်လမ်းဖြင့် စိတ်ချတော်မူထားပြီးဖြစ်သည်၊ တမလွန်ဘဝအတွက် စိတ်ချ-ပြီးဖြစ်အောင် နည်းမကောင်းလမ်းကောင်းပေး၍ သင်ကြားတတ်မြောက်

ထားပြီးဖြစ်သည်၊ ထို့ကြောင့် စိတ်ချလက်ချပင် မျက်ကွယ်ပြုတော်မူ၍ ၁၅-ရက်အတွင်း တစ်ပါးတည်းကိန်းတော်မူကာ နေတော်မူခြင်းဖြစ်သည်။

## သက္ကာယဒိဋ္ဌိ ကွာကြသောကြောင့်

သို့ရာတွင် ထိုရဟန်းငါးရာတို့သည် အတိတ်ကံဝဋ်ကြွေးကြောင့် ကြမ္မာဝင်၍ မိမိကိုယ်ကို သတ်သေကြရသော်လည်း လူသတ်သမားကို အသတ်ခိုင်းကြပြီး အားလုံးအသတ်ခံ၍သေကြရသော်လည်း နောင်တမလွန်ဘဝအတွက် အရှုံးမရှိကြပါ၊ သူတော်ကောင်းဖြစ်တော်မူသော မြတ်စွာဘုရားထံမှောက်ခိုလှုံ၍ ရဟန်းပြုလိုက်ကြသောကြောင့် အမြတ်ထွက်ကြပါသည်။

သူတော်ကောင်း ဖြစ်တော်မူသော မြတ်စွာဘုရားရှင်က အားကိုးရှာကြသောတပည့်ရဟန်းတို့အား ကျေးဇူးပြုတော်မူပါသည်၊ ပုဂ္ဂိုလ်အားလျော်သော အသုဘကမ္မဋ္ဌာန်းကိုပေး၍ ရှုပွားဆင်ခြင် အားထုတ်စေသောကြောင့် ကမ္မဋ္ဌာန်းအမြင်ပေါက်ကြသည်၊ အမြင်ပေါက်၍ သက္ကာယဒိဋ္ဌိကွာကြသည်၊ သက္ကာယကွာသောကြောင့် ငါစွဲအတ္တ ကင်းလွတ်ပြီးသူများဖြစ်ကြသည်၊ ထို့ကြောင့် ရဟန်းငါးရာအားလုံး အပါယ်လေးပါးသို့ လားရောက်သွားခြင်း တစ်ပါးမျှမရှိကြပါ။

## အရှုံးထဲမှ အမြတ်ထွက်ကြ၏

အဆိုပါ ရဟန်းငါးရာတို့တွင် အာသဝေါကုန်ခန်းပြီး ရဟန္တာပုဂ္ဂိုလ်အချို့ပါဝင်ကြသည်ဆို၏၊ အသုဘကမ္မဋ္ဌာန်းကို အပူတပြင်း ရှုမြင်အားထုတ်ကြစဉ် ပါရမီရင့်ပြီးခေတ်ခံရှိသူမှာ ဝိပဿနာဉာဏ်အမြင်ပေါက်ပြီး ရဟန္တာဖြစ်ကြခြင်းဖြစ်ပေမည်၊ အသတ်ခံ၍ သေကြရသော်လည်း ရဟန္တာဖြစ်နေပြီး ပုဂ္ဂိုလ်များက နောင်ဘဝမဆက်ရတော့ပါ၊ ပရိနိဗ္ဗာန်ပြုသွားကြသည်၊ သတ္တဝါတို့ကို သတ်ဖြတ်ခြင်း ပြုခဲ့ကြသော ကံဆိုးသည် ကြောက်ဖို့ကောင်း၏၊ ရဟန္တာဖြစ်သော်လည်း ကံကြွေးရှိသူမှာ ရှောင်၍မလွတ်နိုင်ကြပါ။

ထိုရဟန်းငါးရာတို့တွင် အနာဂါမ်တည်ပြီး ပုဂ္ဂိုလ်အချို့ ပါဝင်ကြသည်ဆို၏၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် အသတ်ခံ၍ သေကြရသော်လည်း နောင်ဘဝတွင် အထက်ဗြဟ္မာဘုံသို့ လားကြရသည်၊ အတိတ်ဘဝတို့က ဖြည့်ခဲ့ဖူးပြီး ပါရမီခံပါခဲ့သောကြောင့် အသုဘကမ္မဋ္ဌာန်းရှုပွားရာတွင် အနာဂါမိဖိုလ်ရောက်ကြခြင်းဖြစ်ကြပါမည်။

## သူတို့အတွက် ကောင်းကျိုးရစေလို၍

သောတာပန်, သကဒါဂါမ်နှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့ ပါဝင်ကြရာ အချို့က စျာန်အဆင့် ရောက်ရှိနေကြ၍ ဖြဟ္မာဘုံသို့ ကပ်ရောက်ကြသည်၊ အကြောင်း ထောက်ပံ့ စွမ်းအားလျော်စွာ နတ်ဘုံဗြောက်ထပ်သို့ ထိုက်သည်အားလျော်စွာ တက်ရောက်သွားကြလေသည်။

မြတ်စွာဘုရားရှင်က ထိုအမျိုးသားငါးရာတို့သည် ဝဋ်ကြွေးပါရှိကြသူတွေ ဖြစ်ကြောင်း သိမြင်တော်မူထားပြီး ဖြစ်သည်၊ 'ငါဘုရား သာသနာတော်သို့ ဝင်ရောက်လာခြင်းကို လက်ခံထားလျှင် တစ်ချိန်တွင် ကြားမကောင်း ကျော် မကောင်း မြင်မကောင်းအောင် လူသတ်ပွဲကြီး ဖြစ်ကြမည်၊ ကြုံတွေ့ရမည်' ကို လည်း သိမြင်တော်မူပြီး ဖြစ်သည်။

သို့သော် 'ငါဘုရားသာသနာတွင်း ဝင်ရောက်၍ ရဟန်းပြုကြလျှင် အသုဘ ကမ္မဋ္ဌာန်းတရား တစ်မျိုးတည်းနှင့် လူဖြစ်ရကျိုး နပ်ကြမည်၊ ရဟန်းပြုရကျိုး ရကြမည်၊ အကယ်၍ ရဟန်းပြုခွင့်မရသဖြင့် လူဘဝနှင့်နေကြလျှင် ပို၍ ဆိုးကျိုး ဖြစ်သွားရှာကြမည်ကိုသိ၍ သနားတော်မူသောကြောင့် ရဟန်းပြုခွင့် ပေးတော်မူ ခြင်း ဖြစ်သည်။

ဤသည်ကား မဟာကရုဏာရှင်တို့၏ အမြော်အမြင်နှင့် စောင့်ရှောက် ကယ်တင်ပေးတော်မူခြင်း ဖြစ်သည်။

### မိမိကိုယ်ကို သတ်သေချင်စိတ်၏ အတိတ်က

'ဘုရားရှင်လက်ထက်တော်အခါတွင် ဝဂ္ဂုမုဒါမြစ်အနီး ကျောင်းတိုက်၌ နေထိုင်ကြသော ရဟန်းငါးရာတို့သည် အဘယ်ကြောင့် မိမိတို့၏ကိုယ်ကို သတ်သေ ချင်စိတ် ရှိကြရပါသနည်း'

အဖြေကား-ထိုရဟန်းတို့သည် ရှေးတစ်ချိန်တွင် သူတို့က သူတစ်ပါးကို သတ်ခဲ့ကြဖူးသောကြောင့် ဝဋ်လည်ကြရခြင်းပါတည်း။

### အတုံ့အလှည့် ခံကြရမြဲ

ထိုရဟန်းငါးရာတို့သည် လွန်လေပြီးသောအတိတ်ကာလ တစ်ခုသော ဘဝတွင် တစ်ခုသောတောရွာကြီးတစ်ရွာ၌ လူဖြစ်ကြခိုက်အခါ စိတ်တူသဘော တူ တောတွင်းတိရစ္ဆာန်တွေကို ပစ်ခတ်ကြသည်၊ ကိုယ်ချင်းမစာနာကြ၊ သနား ငဲ့ညှာစိတ်မရှိကြ၊ လိုက်၍ဖမ်းဆီးပြီး သတ်ခဲ့ကြသည်၊ တောတိရစ္ဆာန်တွေကို ပစ်ခတ်၍ရသမျှ ဖမ်းဆီးကြရသမျှ စိတ်တူသဘောတူ သတ်ကြသည်၊ထိုရွာသား

တို့သည် သားသတ်သမဝါယမလုပ်ကြပြီးလျှင် တိရစ္ဆာန်တို့၏ ရုပ်ကြွင်းခန္ဓာကိုယ်ကောင်ကို ရှင်လန်းဝမ်းမြောက်စွာ သားမယားတို့နှင့်တကွ ချက်ပြုတ်ဖုတ်ကင်ကြော်လှော်၍စားကြသည်၊ သောက်ကြသည်၊ သမဝါယမအဖွဲ့သား ငါးရာတို့သည် စိတ်တူသဘောတူ ပျော်ရွှင်စွာလုပ်ခဲ့ကြသည်။

စားမကုန်သောအသားများကို ဇနီးမယားတို့က ရောင်းချကြသည်၊ သားသတ်သမရွာ၌ နေထိုင်ကြသော ယောကျာ်းတွေက တောတိရစ္ဆာန်တွေရှာဖွေ၍သတ်ကြသည်၊ ၎င်းတို့၏ဇနီးမယားတို့က သွေးသံရဲရဲနှင့် အသားရောင်းကြသည်၊ သူတို့ဘဝသည် ထိုပါဏာတိပါတကံအလုပ်ဖြင့် တစ်ဘဝလုံးအသက်မွေးဝမ်းကျောင်းနေကြသည်ဆို၏၊ ယခုခေတ်တွင်လည်း ထိုကဲ့သို့ပင် နွားသား, ဝက်သား, ဆိတ်သား, ကြက်သားတွေ ရောင်းချနေကြသူတို့ရှိနေကြပုံ မြို့ကြီးတိုင်း၌ မြင်တွေ့နေကြဆဲ ဖြစ်ကြသည်။

ထိုသူတို့သည် ထိုဘဝ၌ပြုလုပ်ခဲ့ကြသော ပါဏာတိပါတ ဒုစရိုက်ကံကြောင့် သေပြီးနောက်ဘဝ၌ ငရဲကြီးသို့ ကျကြ၍ နှစ်ကြာကြာငရဲအိုးတိုက်၌ခံကြရသည်၊ ငရဲမှလွတ်ခဲ့ကြ၍ လူ့ဘဝသို့ရောက်ကြရပြန်တော့လည်း အကြိမ်များစွာ သေခြင်းဆိုးနှင့်ကြုံ၍ သေကြရသည်၊ ကံကြွင်း၏အကျိုးဆက်ကြောင့် အဆိုပါရဟန်းငါးရာတို့သည် ရှောင်မရအောင် အချိန်ကတိုက်ဆိုင်လာ၍ ဘုရားရှင်၏ကျောင်းတိုက်ကြီးအတွင်း နေထိုင်ကြပါလျက် အားလုံးဖျားနာ၍ အေးဆေးစွာမသေကြရ၊ အသတ်ခံယူပြီး သေကြရခြင်းဖြစ်သည်။

## သူ့ကိုယ်သူသတ်သော သုံးပါး

အတိတ်ကမိမိပြုမှားခဲ့သော ကံဟောင်းကြောင့်ဝဋ်လည်ချိန်အလှည့်ကြုံ၍ အကျိုးပေးရန် ဆိုက်ရောက်လာခြင်းကို မည်သူတစ်စုံတစ်ယောက်မျှ ကြားဝင်တားမြစ်ခြင်းငှာ မတတ်နိုင်ကြပါ။

အဆိုပါရဟန်းငါးရာတို့ သူတို့က သူတစ်ပါးကို သတ်ဖြတ်ခဲ့ဖူးသောကံဟောင်းဝဋ်ကြွေးကြောင့် ကိုယ်တိုင်သတ်ခြင်း, အချင်းချင်းသတ်၍သေကြခြင်း, လူသတ်သမားကို အသက်ခိုင်း၍ အသေခံကြရခြင်း, ကံတရား၏ ဖြစ်တတ်သောသဘာဝကို ထောက်ဆကြည့်မြင်းအားဖြင့်–

အထက်၌ဖော်ပြခဲ့သော အရှင်ဂေါဓိကရဟန်း, အရှင်ဆန္နရဟန်းနှင့် အရှင်ဝက္ကလိရဟန်းတို့သုံးပါးသည် နည်းတူဖြစ်ကြပါမည်၊ အတိတ်က ပါဏာတိပါတကံပြုခဲ့မှု ဝဋ်ကြွေးကြောင့် သူတို့၏စိတ်ထဲက သတ်၍သေချင်စိတ်ဖြစ်ပေါ်လာခြင်း ဖြစ်တန်ရာသည်ဟု နားလည်ကြရပါမည်။

## အတိတ်ကံဝဠ်ကြွေး မကင်းကြသူတွေ

လူ့လောကတစ်ခွင်၌ သိထားကြရန် ဝဋ်ကြွေးဆိုက်သူတွေရှိတတ်ကြ၏၊ အတိတ်ကံဟောင်းဝဋ်ကြွေးမကင်းသူမှန်လျှင် ဝဋ်ကြွေးဆပ်ကြရမြဲဖြစ်သည်။

## ကြွေး (၃) မျိုး

(၁) စကားကတိပြုထားပြီးခါမှ ကတိမတည်သူများသည် စကားကြွေးတင်ရှိနေသူဖြစ်သည်၊ ထိုသူတို့သည် တစ်နေ့တွင် တစ်ချိန်တွင် စကားကြွေးကျေအောင် ပြန်လည်ဆပ်ကြရပေဦးမည်။

(၂) ပစ္စည်းဥစ္စာကြွေးယူထားသူတို့သည် တစ်နေ့တွင် တစ်ချိန်တွင်သူ၏ပစ္စည်းဥစ္စာငွေကြေးဖြစ်စေ၊ အခြားပစ္စည်းဖြစ်စေ ယူထားမိလျှင် ပြန်လည်ဆပ်ကြရမည်ဖြစ်၏၊ ရှောင်တိမ်းနေ၍မရပါ၊ ချေးငှား၍ယူသည်ဖြစ်စေ ခိုးဝှက်ယူသည်ဖြစ်စေ၊ လိမ်လည်လှည့်ဖျား၍ ယူသည်ဖြစ်စေ၊ အနိုင်အထက်တိုက်ခိုက်ယူသည်ဖြစ်စေ၊ အားလုံးပြန်လည်မပေးဘဲနေသမျှ သံသရာဝဋ်ကြွေး တင်နေခြင်းဖြစ်ကြသည်။

ထိုထိုကြွေးများကို မည်သည့်နည်းဖြင့် ရယူထားသည်ဖြစ်စေ ပွင့်လင်းစွာပြန်ဆပ်ရမည်၊မပေးလျှင် သံသရာကြွေးဖြစ်သွားပြီဟူ၍မှတ်ပါ၊ သံသရာကြွေးဖြစ်နေလျှင် သံသရာတစ်ခွင်၌ ထိုကြွေးရှင်၏အိမ်၌ နွားဖြစ်ရခြင်း, ကျွဲဖြစ်ရခြင်း, ဆင်-မြင်း စသည်ဖြစ်ရခြင်း, လူဘဝဖြစ်လျှင် ကျေးကျွန်အဖြစ်နှင့်ဝဋ်ခံရခြင်းမျိုးဖြင့် ပြန်လည်၍ ကြွေးဆပ်ရမြဲဖြစ်သည်။

(၃) သတ်ဖြတ်ခဲ့ဖူးသော ကြွေးရှင်ရှိနေသူကား ကြောက်ဖို့ကောင်း၏၊ ကြမ်းတမ်းစွာ ပြန်လည်၍ဆပ်ကြရပေတော့မည်။

မိမိပြုလုပ်ခဲ့စဉ်က ကြမ်းတမ်းရက်စက်စွာ သူတစ်ပါးကိုသတ်ခဲ့ဖူးသောကြောင့် မိမိကကြွေးပြန်လည်ဆပ်ရမည့်အခါတွင်လည်း မိမိပြုလုပ်ခဲ့ပြီးကံတရားနှင့်မခြား ညီစွာအသတ်ခံ၍သေရခြင်းဖြင့် ကြွေးဆပ်ကြရသည်၊ လူကိုသတ်သည်ဖြစ်စေ နွား, ကျွဲ, ဆိတ်, ဝက်,သိုး,ကြက်, ငှက် စသောတိရစ္ဆာန်ကို သတ်သည်ဖြစ်စေ အသတ်ခံပြီး သေရခြင်းတည်းဟူသော ကြွေးဟောင်းကိုပြန်လည်ပေးဆပ်ကြရမြဲဖြစ်သည်။

## အတိုးပေး၍ ဆပ်ကြရမြဲ

ကြွေးကိုဆပ်သောအခါ အတိုးပေးကြရမြဲဖြစ်သည်၊သံသရာကြွေးဟူသမျှအတိုးကြီးကြီး ပေးဆပ်ရရိုး ဓမ္မတာဖြစ်သည်၊ ဥပမာ- မိမိကတစ်ကြိမ်သာ

သူတစ်ပါးကိုသတ်ခဲ့ဖူးသော်လည်း မိမိကပြန်ဆပ်ရသောအခါ တစ်ကြိမ်တည်းနှင့် မပြေတော့ပါ၊ မရတော့ပါ၊ မကျေတော့ပါ။

အနည်းဆုံး ခုနစ်ဘဝသော်လည်းကောင်း, ဆယ်ဘဝသော်လည်းကောင်း, ဘဝသုံးဆယ်သော်လည်းကောင်း ဆပ်ကြရသည်၊ အချို့မှာ မိမိကပြုမူစဉ်က ဒေါသမာနကြီးစွာနှင့် ရက်စက်ကြမ်းကြုတ်မှုနှင့် သတ်ခဲ့ကြလျှင် ဘဝတစ်ရာတိုင်တိုင်သော် လည်းကောင်း, ဘဝငါးရာတိုင်အောင်သော် လည်းကောင်း အသတ်ခံရပြီး သေကြွေးဆပ်နေကြရသည်၊ ဘုရားဟောနိပါတ်တော်တို့၌ ထင်ရှားပါရှိသည်။

## ရဟန္တာပင် ရှောင်၍မလွတ်

အဆိုပါ သူတစ်ပါးကိုသတ်ခဲ့ဖူးသူတို့သည် သတိပြု၍ကြည့်ကြမည်ဆိုလျှင် ရာဇဝတ်ပြစ်ဒဏ်ပေး၍ အသတ်ခံရခြင်း, လူနှင့်လူချင်းသတ်၍ သေရခြင်း, အကြောင်းတစ်မျိုးမျိုးကြောင့် ပစ်သတ်ခံသေရခြင်း, မှားယွင်းပြီး ပစ်သတ်ခံရခြင်း, သူတစ်ပါးတို့နှင့်ရောနှောပြီး အသေခံရခြင်း စသည်ဖြင့် များစွာတွေ့မြင်ကြရဖူးပေမည်၊ မျက်မြင်ကိုယ်တွေ့ ကြုံကြရပေမည်၊ တစ်ဆင့်စကား ကြားရဖူးကြပေမည်၊ ထိုအရာခပ်သိမ်း သံသရာကြွေးရှိထားကြ၍ ကြွေးဆပ်ရခြင်းဖြစ်သည် မှတ်ပါ၊ ဤကား ကမ္မနိယာမ သဘာဝတည်း။

## မတော်တဆ ထိခိုက်သေရခြင်း

ထို့ပြင် လူသတ်၍မဟုတ်၊ ကျားကိုက်ခံသေရခြင်း, မြွေကိုက်ခံပြီးသေရခြင်း, ခွေးကိုက်၍သေရခြင်း, ခွေးရူးကိုက်၍ ခွေးရူးပြန်သေရခြင်း, သစ်ပင်လဲကျရာ ပိ၍ သေရခြင်း, ကမ်းပြိုရာ မြေပိ၍ သေရခြင်း, ကားမှောက်၍ မီးရထားမှောက်၍ သင်္ဘောမှောက်၍ သေရခြင်းစသော မတော်တဆထိခိုက်ပြီး သေကြရခြင်း အားလုံးသည် မိမိတို့ကိုယ်စီပြုလုပ်ခဲ့ကြဖူးသော ဝိပါကဝဋ်ကြွေး'ပါဏာတိပါတ ကံဟောင်း'၏ အကျိုးဆက်တွေ ခံနေကြရခြင်း ဖြစ်ကြသည်။

## ဝိပါကဝဋ်ကြွေး ပြေး၍မလွတ်

ပစ္ဆိမဘဝိကသားတို့ပင်လျှင်အတိတ်ကံဟောင်းကမိမိကသတ်ဖြတ်ခဲ့ဖူးသော ကြွေးရှိပါက ပေးဆပ်ရမြဲဖြစ်သည်၊ ရှောင်၍မလွတ်နိုင်ပါ၊ ပြေး၍မလွတ်နိုင်ကြပါ၊ နေစံ၍ ညခံကြရသော ဝိမာနိကပြိတ္တာတို့ကဲ့သို့ ဝိပါကဝဋ်ကြွေးရှိသူတိုင်း ပြန်လည်ခံရမည်သာတည်း။

မြတ်စွာဘုရားရှင်လက်ထက်တော်အခါတွင် တန်ခိုးအရာ ဧတဒဂ်ရရှိတော်မူသော လက်ဝဲရံ အဂ္ဂသာဝကကြီးဖြစ်တော်မူသော အရှင်မောဂ္ဂလ္လာန်မထေရ်သည် ရဟန္တာပုဂ္ဂိုလ်ကြီးဖြစ်ပါလျက် ဝဋ်ကြွေးရှိထားသောကြောင့် ပြေးရှောင်၍ မလွတ်ပါ၊ ခိုးသားငါးရာ၏ ရိုက်သတ်ခြင်းကိုခံရပြီးမှ ပရိနိဗ္ဗာန်ပြုသွားတော်မူရချက်မှာ သာသနာဝင်တွင် ထင်ရှားလှ၏။

ထို့ကြောင့် ဘဝသံသရာတစ်ခွင်ဝယ် ကျင်လည်နေကြရဆဲဖြစ်ကြကုန်သော ပုထုဇဉ် ရဟန်းရှင်လူအားလုံးတို့သည် ဝဋ်ကြွေးရှိသူမှန်သမျှ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကြွေးဆပ်ကြရဦးမည်သာတည်း၊ တစ်စုံတစ်ရာ အကြောင်းပြု၍ သေရခြင်း, သူတစ်ပါးကသတ်၍ သေရခြင်း, သေချင်စိတ်ရောဂါဖြစ်ပြီး မသေရ မနေနိုင်အောင် ဝဋ်ကြွေးဟောင်း၏ လှုံ့ဆော်ပေးနေမှုကြောင့် မိမိကိုယ်ကိုသေကြောင်းကြံခြင်း, ဇွဲကြိုးချသေခြင်း, အဆိပ်သောက်သေခြင်း, မြင့်ရာမှခုန်ချ၍သေခြင်း, ရေထဲဆင်း၍ သေခြင်း, လက်နက်တစ်စုံတစ်ရာဖြင့် မိမိကိုယ်တိုင်သတ်၍ သေခြင်း စသည်ဖြင့် လူလောကတစ်ခွင်၌ ဖြစ်ရပ်မျိုးပေါင်းများစွာ ကြားရသိရဖူး၏။

ရိုးရိုးဖျားနာ၍မဟုတ်ဘဲ ဥပစ္ဆေဒကကံ တစ်မျိုးမျိုးနှင့် သေကြရသူအားလုံးသည် လူဖြစ်စေ ရဟန်းဖြစ်စေ သူတို့၏အကြောင်းရင်းတရားခံမှာ သူတစ်ပါးလက်ချက် မဟုတ်ကြပါ၊ ရှေးတစ်ချိန်တစ်ခုသောဘဝတွင် သူတို့က သူတစ်ပါးအသက်ကို သတ်ခဲ့ကြသောကြောင့် ဝဋ်လည်ခြင်းဖြစ်သည်၊ ဝဋ်ဆိုက်ခြင်းဖြစ်သည်၊ ကြွေးရှိထားသောကြောင့် ကြမ္မာဝဋ်က မလွတ်ရခြင်းဖြစ်သည်။

ထိုသို့သော ဝဋ်ကြမ္မာဘေးမှ လွတ်ကင်းလိုကြလျှင်လွယ်ပါ၏၊ လွတ်ကင်းအောင် နေနည်း ပြောမည်၊ လူကိုမသတ်ပါနှင့်၊ လူမှကြွင်းသော နွား, ကျွဲ, ဆိတ်, ဝက်, ကြက်, ဘဲ စသော တိရစ္ဆာန် သတ္တဝါတွေကိုလည်း မသတ်ပါနှင့်၊ လွတ်အောင်ရှောင်ရှားပါ၊ မသတ်ရဘူးဆိုသည်မှာ မိမိကိုယ်တိုင် မသတ်ရပါ၊ သူတစ်ပါးကိုလည်း အသတ်မခိုင်းရပါ၊ သူတစ်ပါးတို့သတ်ကြသည်ကိုမြင်၍ ကြားသိ၍သော်လည်း နှစ်သက်သောစိတ် မဝင်စားရပါ၊ စင်စစ်မှာ တိရစ္ဆာန်တို့၏ အသွေးအသားကို စားခြင်းသည်ပင် မထိုက်တန်ပါ၊ စားရန် အမှန်မထိုက်ပါ၊ လူတို့စားဖို့ရန် သန့်ရှင်းသော အသီးအရွက်တွေ ရှိကြသည်၊ သတ္တဝါတို့၏ ရုပ်ကြွင်းခန္ဓာသည် ရွံရှာဖွယ်ကောင်း၏၊ အနာရောဂါကိုလည်း ဖြစ်စေသည်၊ ထို့ကြောင့် အသားစားခြင်းကိုပင် ရှောင်ကြဉ်သင့်ပါသည်။

ဤသို့ လွတ်ကင်းစွာနေသွားကြသူတို့သည် ဥပစ္ဆေဒကကံဆိုးမှ ဘဝတိုင်း လွတ်ကင်းကြပါလိမ့်မည်၊ ဤကား မှန်ကန်သောနည်းကို ညွှန်ကြားခြင်းပါတည်း၊

ဤ၌ ဆိုလိုရင်းအကြောင်းသည် (အာပတ်နှင့်တကွစုတေလျှင်) ၏ အဖြေများ ဖြစ်ကြသည်။

## ရဟန်းက ၇-ရက်သန်းဖြစ်ရသော အရှင်တိဿ

ဘုရားရှင်လက်ထက်တော်အခါက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီး အတွင်း၌ နေထိုင်သော အရှင်တိဿရဟန်းသည် ရိုးသားစွာနေထိုင်လေ့ရှိသော ပုဂ္ဂိုလ်ဖြစ်ပါလျက် ပျံလွန်ပြီးနောက် မမျှော်လင့်သော ဖြစ်ရပ်ထူးတစ်ခုအဖြစ် သမိုင်းကျန်ရစ်နေသည်၊ 'ရဟန်းတစ်ပါးက တမလွန်ဘဝ၌ သေးငယ်သော သန်းတစ်ကောင်ဖြစ်သွားရတယ်' ဟူသော သမိုင်းဖြစ်သည်။

အရှင်တိဿရဟန်း သန်းဖြစ်ရခြင်းသည် အာပတ်နှင့်စုတေသောကြောင့် မဟုတ်ပါ၊ သူတို့သည် မိဘများကွယ်လွန်ပြီးနောက် မောင်နှမနှစ်ယောက်တည်းသာ ကျန်ရစ်ကြရာ နှမက သူ၏မောင်ကို အလွန်ချစ်ခင်၍ ကြင်နာခြင်းရှိသည်၊ တစ်နေ့သ၌ မောင်ရဟန်း ဒေသစာရီလှည့်ရာတွင် တစ်နေရာမှလှူလိုက်၍ရခဲ့သော ဖျင်စသက်နံးလျာ ကြမ်းကြမ်းကြီးတစ်ခု အပြန်ခရီးမှယူမည်ဟု နှမထံ၌ ခေတ္တအပ်ထားခဲ့သည်၊ နှမက ရက်ကန်းပညာ တတ်ကျွမ်းသူဖြစ်သည်၊ 'ကြမ်းသောအဝတ်ကို မဝတ်ပါစေနှင့်' ဟူ၍ ထိုအဝတ်ပိုင်းကို ဓားဖြင့် နုတ်နုတ်စဉ်းပြီးလျှင် ချောသောဖျင်ဖြစ်အောင် ပြန်လုပ်သည်၊ ထိုနောက် သိမ်မွေ့နူးညံ့သော အဝတ်ထည်ကြီးဖြစ်အောင် ရက်လုပ်ထားပြီးလျှင် မောင်ရဟန်း ခရီးအပြန်ဝင်လာသော အခါ ပေးလှူလိုက်သည်။

ဒေသစာရီလှည့်ရာမှ ပြန်ရောက်သောညတွင် အရှင်တိဿသည် ခရီးပန်းလာပြီး အစာမကြေ လေပူထရောဂါကြောင့် ရုတ်တရက် ပျံလွန်သွားရှာသည်၊ ပျံလွန်ခါနီးဆဲဆဲတွင် 'ငါ၏နှမက ပြင်၍လှူလိုက်သောသင်္ကန်း မဝတ်ရသေးဘူး၊ နက်ဖြန်နံနက်မှ ဝတ်ရုံမယ်လို့' ဟူ၍ သင်္ကန်းသစ်အပေါ်၌ စိတ်အာရုံကပ်ငြိနေစဉ်ခဏ၌ ဝိညာဉ် ချုပ်သွားသောကြောင့် ထိုသင်္ကန်းခေါက်ပေါ် သွားရောက်ပြီး အဝတ်သန်း ဖြစ်သွားရသည်။

## သန်းဘဝမှ နတ်သားဖြစ်ရပြန်

သို့ရာတွင် မကြာပါ၊ ၇-ရက်လွန်လျှင် သန်းဘဝမှလွတ်မြောက်၍ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်သွားလေသည်၊ ပုထုဇဉ်ဘဝ၌ ရဟန်းရှင်လူမည်သူမဆို သေခါနီးဆဲဆဲခဏတွင် စွဲလမ်းစိတ်ရှိနေလျှင် ထိုကဲ့သို့ပင် ယောင်မှားစွာ မရေရာသောဘဝမျိုး၌ ဖြစ်တတ်ကြသည်။

ရှေးအခါက ဗာရာဏသီပြည်မှ သူဌေးကြီးတစ်ဦးသည်လည်း ကုဋေလေးဆယ်သော ရွှေငွေဥစ္စာတို့ကို မြေ၌မြှုပ်ထားပြီးလျှင် သေလွန်သွားရာ သူ၏ဥစ္စာ၌ တပ်မက်စွဲလမ်းမှုအားကြီး၍ စိတ်အာရုံဖြတ်မရခင် သေလွန်သွားလေရာ သေပြီးနောက်ဘဝ၌ သူ၏ဥစ္စာထားသိုရာမြေပေါ်၌ ဥစ္စာစောင့် မြွေတိရစ္ဆာန် ဖြစ်သွားရဖူးလေသည်။

## ဘုန်းကြီးတစ္ဆေဖြစ်ရသော ဦးနန္ဒ

ရှေးလွန်လေပြီးသော တစ်ချိန်ဆီက မြန်မာပြည်တွင်း၌ ဖြစ်ရပ်ဟောင်းပုံပြင်ဝတ္ထုကြောင်း ဟာကယ်ဖြစ်ရပ်တွေ များစွာ ရှိခဲ့ကြဖူး၏၊ ကြားသိရခြင်းကလည်း စိတ်ဝင်စားဖွယ်ရာလည်း ကောင်းသလိုလိုရှိသည်၊ မြန်မာပြည်အတွင်း၌ ငွေကျပ်ဒင်္ဂါး အကောင်းစားတွေ သုံးစွဲခဲ့ရသော ခေတ်အခါတွင်းဆီက ဖြစ်၏၊ ပြည်မြို့အရှေ့ဘက် ပေါက်ခေါင်းမြို့နှင့် (၂၄) မိုင်ဝေးသော ရွာနှင့် (၃) မိုင်ခန့်အကွာတွင်မှ အမည်မဖော်လိုသော ရွာ၌ ဦးနန္ဒ ဘွဲ့အမည်ရှိသော ဘုန်းကြီးတစ်ပါး ကျောင်းထိုင် နေခဲ့ဖူးသည်၊ ဘုန်းကြီး ဦးနန္ဒကို လူကြည်ညိုများကြ၏၊ ရှိသေလေးစားကြ၏။

အကြောင်းမှာ ဦးနန္ဒသည် စာပေကျမ်းဂန်တတ်အောင် သင်ကြားထားပြီး ဖြစ်သည်၊ သူ၏ပင်ကို အသံသြဇာ ကောင်းသည်၊ စကားပြောပုံကောင်းသည်၊ တရားဟောပုံ ကောင်းသည်၊ သီလပေး ကောင်းသည်၊ ရေစက်ချပေးပုံကောင်းသည်၊ ပရိတ်ရွတ်ဆိုပုံ ကောင်းသည်၊ ဦးနန္ဒ၏ ထူးခြားသော ထိုကောင်းခြင်း (၇) ရပ်တို့ကြောင့် ထိုဒေသ ပတ်ဝန်းကျင်ရှိ မြို့ရွာဒကာတို့က ကြည်ညိုမှု များလှသည် ဆို၏၊ 'စိန်ဗေဒါ မပါလျှင် အလှူတောင်မဖြစ်သလိုပ'ဟူသော သီချင်းသွားကဲ့သို့ သားရှင်ပြုပွဲ ဦးနန္ဒ ပါသည်၊ သမီးနားသ မင်္ဂလာပွဲ ဦးနန္ဒ ပါသည်၊ ကထိန်ပွဲ ဦးနန္ဒပါသည်၊ ကျောင်းရေစက်ချပွဲ ဇရပ်ရေစက်ချပွဲ ဦးနန္ဒ ပါသည်၊ ဘုရားပွဲ–ကျောင်းပွဲအားလုံး ဦးနန္ဒပါသည်၊ အိမ်သစ်တက်ပွဲ အန္တရာယ်ကင်း ပရိတ်ရွတ်ပွဲတို့၌လည်း ဦးနန္ဒပါသည်၊ သာမှုကိစ္စ နာမှုကိစ္စအရပ်ရပ် ဘုန်းကြီးပါရသော ပွဲကြီးငယ် ဟူသလျှ ဦးနန္ဒကို အရအမိ ပင့်ကြသည်။

အလှူပွဲဆိုလျှင် ဦးနန္ဒပါမှ ဒကာတို့က ကျေနပ်ကြသည်၊ ဦးနန္ဒ၏ တရားကို နာကြားလိုက်ရမှ ဝမ်းသာကြည်နူး ရှိကြသည်၊ ဦးနန္ဒ ရေစက်ချသံ၊ ပရိတ်ရွတ်ဆိုသံကို ကြားလိုက်ရမှ အားရကျေနပ်ခြင်း ပြည့်စုံကြသည်၊ ထို့ကြောင့်ပင် ဘုန်းကံကြီးမားပြီး ပစ္စည်းလေးပါးလည်း ပေါများလာသည်၊ ငွေကြေးလည်း

အတော် စုမိနေသည် ဆို၏၊ ထို့ကြောင့် တမလွန် ဘဝအစပ်ကွင် ထူးခြားချက် ဖြစ်ပေါ်လာရသည်။

## စိုးရိမ်စိတ် ဝင်မိ၍

တစ်နေ့သ၌ ဦးနန္ဒသည် စိုးရိမ်စိတ် ဝင်လာသည်၊လူသတင်း လူချင်းဆောင် ၍ ချဲ့ထွင်သော စကားတွေကြောင့် 'ခိုးသူဘေး, ဓားပြဘေးရန်မှ စိတ်ချချ ကင်းလွတ်အောင်'ဟူ၍ အကြံရကာ စုဆောင်းရထားပြီး ငွေအားလုံးကို (ကုန်သည် ပွဲစားတို့ စုဆောင်းရငွေနှင့်စာလျှင် မပြောပလောက်ပါ) သပိတ်ကြီးတစ်လုံးတွင် အပြည့်သိပ်ကာ တိတ်တဆိတ် သူ၏ ကျောင်းလှေကားအောက်၌ မြှုပ်ထားလိုက်သည်၊ ပတ်ဝန်းကျင်၌ နာမည်ကျော်ကြားသလောက် နှစ်အနည်းငယ်ကြာအောင် တရားဟောပြောပေးရခြင်း များလာသောအခါ ဦးနန္ဒ ကျန်းမာရေး ညံ့လာသည်၊ လေနာရောဂါစွဲလာသည်၊ နောင်နှစ်များ မကြာခင်အတွင်း လေနာရောဂါ ဖြင့် ပျံလွန်သွားရရှာသည်။

သတ္တဝါတို့သည် သေခါနီးဆဲဆဲ အချိန်ပိုင်းတွင် တစ်စုံတစ်ရာ သံယောဇဉ် ကို စိတ်အာရုံ စွဲလမ်းနေမိလျှင် တမလွန် ဘဝအတွက် ခရီးမဖြောင့် ဖြစ်တတ်သည်၊ ဦးနန္ဒသည် သူ၏ငွေအိုးကို စိတ်အာရုံကျင် စွဲလမ်းမှု အားကောင်းနေမိသောကြောင့် ကောင်းရာဘဝသို့ မရောက်ရှာပါ၊ သူ၏နေမြဲ ထိုကျောင်းပေါ်၌ သံပရာခွံ ဦးထုပ်ဖြူ ဆောင်းရသော ဘုန်းကြီးတစ္ဆေ ဖြစ်နေရသည်။

တစ္ဆေဆိုသည်မှာ ဝိနိပါတိက အသုရာ နတ်မျိုးဝင် ဘုမ္မဇိုင်း နတ်တို့နှင့် အသွားတူယောင်ရှိသော ပြိတ္တာတစ်မျိုးဖြစ်သည်။

ထိုကျောင်း၌ ရပ်ရွာဒကာများက နောက်ထပ် အခြားဘုန်းကြီးများကို ပင့်၍ ကျောင်းတင်ကြပါ၏၊ သို့သော် အမြဲမနေနိုင်ကြပါ၊ မကြာမကြာ ကိုယ်ထင်ပြ၍ ကျောင်းပေါ်၌ သွားလာလှုပ်ရှားနေတတ်သော ဘုန်းကြီးတစ္ဆေကြီးကို ကြောက်လန့်ကြသောကြောင့် ဆို၏၊ အခြားသို့ ရွှေ့ပြောင်းသွားတတ်ကြသည်၊ နောက်တစ်ပါး ပင့်တင်ပြန်လည်း ထိုနည်းလည်းကောင်း၊ ထို့နောက် တစ်ပါး တင်ပြန်တော့လည်း ဘုန်းကြီးတစ္ဆေ ကြောက်ကြ၍ဆိုကာ တစ်ပါးပြီးတစ်ပါး ရှောင်သွားကြ၏၊ ကျောင်းထိုင်မည့်ဘုန်းကြီး ရှာမရတော့ပါ၊ ကျောင်းလွတ်ကြီး ဖြစ်နေသည်။

## ကြောက်အောင် ခြောက်နေခြင်းမဟုတ်

အမှန်မှာ ဘုန်းကြီးတစ္ဆေက ကျောင်းလာထိုင်ကြသော ဘုန်းကြီးများကို ကြောက်အောင် ခြောက်လှန့်နေခြင်း မဟုတ်ပါ၊ ဦးနန္ဒသည် မတော်ဟဆ ပြိတ္တာ

ဖြစ်နေရသော်လည်း စာတတ် ပုဂ္ဂိုလ်တစ်ပါး ဖြစ်သည်၊ လူအများကို တရား ဟောပြောလာခဲ့သော ဓမ္မကထိက လုပ်လာခဲ့သည်၊ ဘာမဟုတ်သော ဥစ္စာကလေး ကို စွဲလမ်းမိသော သံယောဇဉ်စိတ်ကြောင့် တမလွန်ဘဝ၏ အစပ်၌ ပြိတ္တာဖြစ် နေရခြင်း ဖြစ်သည်။

သူ၏တမလွန်ဘဝ၌ အမှားရောက်နေရခြင်းကို မလိုလားပါ၊ ထိုဘဝမှ လွတ်မြောက် စေနိုင်သောနည်းလမ်းကိုလည်း သူကိုယ်တိုင် ဗုဒ္ဓ စာပေကျမ်းဂန် ပေါ့သင်ခဲ့ပြီး ယခင်ဘုန်းကြီးဘဝတုန်းက လူအများကို တရားဟောကြား ပေး နေရဖူးပြီ ဖြစ်သောကြောင့် တတ်ကျွမ်းနားလည်ပြီးဖြစ်၏၊ သိထားသော်လည်း လူ၏အကူအညီယူရပေဦးမည်၊ လူကမှ ထိရောက်အောင် ကူညီနိုင်သောကြောင့် ထို ကျောင်းပေါ်ရောက်လာကြသော ဘုန်းကြီးများကို အကျိုးအကြောင်း ပြောပြ ကာ အကူအညီတောင်းရန် ကြိုးစားကြည့်သည်၊ ဦးနန္ဒသည် သူ၏ပြိတ္တာဘဝမှ အမြန်လွတ်စေရန် အခြားသို့လည်းမသွားနိုင်၊ ကျောင်းပေါ်ရောက်လာကြသော ဘုန်းကြီးများအား ကူညီမှုပေးဖို့ပြောရန် ကိုယ်သင်ပြ၍ ချဉ်းကပ်ရန်ကြိုးစား၏၊ စကားပြောခွင့်မရ၊ ကိုယ်ထင်ပြ၍ ကူညီမှုတောင်းခံခြင်းကို သဘောပေါက်သူ မရှိ ကြပါ၊ အထင်အမြင်လွဲမှားကြသည်၊ နတ်များကဲ့သို့ ထိရောက်အောင် အိပ်မက် ပေးနိုင်စွမ်းလည်းမရှိပါ။

ကျောင်းထိုင်ဘုန်းကြီး ရောက်လာကြလေတိုင်း ဦးနန္ဒသည် သူ၏ပြိတ္တာ ဘဝမှလွတ်မြောက်ရေးအတွက် ကိုယ်ထင်ပြခြင်းဖြင့် အမျိုးမျိုးကြိုးစား၍ အကူ အညီယူရန်တောင်းခဲ့သည်၊ အကူအညီပေးကြရန် တောင်းနေခြင်းကို အကင်း ပါးစွာနားလည်သူ မရှိကြ၍ အကျိုးမပြီးပါ၊ တွေ့မြင်ကြသူတိုင်းကပင်'ဘုန်းကြီး တစ္ဆေခြောက်တယ်'ဟူ၍ တွင်တွင်ပြောဆိုနေကြသည်၊ အထင်အမြင် လွဲမှားစွာ ကြောက်လန့်နေကြတော့သည်။

## သတ္တိကောင်းသူရှိ၍ ဦးနန္ဒကျွတ်ရ

သို့ရာတွင် ကြိုးစားခြင်းဖြင့် အချည်းနှီးမဖြစ်နိုင်ပါ၊ ကျွတ်ချိန်တန်သော ကြောင့်ထင်ရ၏၊ နောက်ဆုံးတွင် ကံအားလျော်စွာ သတ္တိရှိရှိယောကျ်ား တစ် ယောက်, လက်တွေ့ရင်ဆိုင် လေ့လာကြည့်လိုသော ညွှဲသည်တစ်ယောက် ထို ကျောင်းပေါ် ရောက်လာသည်၊ အခြားရွာမှထိုရွာသို့ ကိစ္စတစ်ခုနှင့်လာခဲ့ရာ ထို ရွာ၌သူ၏မိတ်ဆွေတစ်ဦးအိမ်သို့ ဝင်ရောက်တည်းခိုသည်၊ သူ၏မိတ်ဆွေယောကျ်ား အရပ်တစ်ပါး ခရီးသွားနေခိုက်ဖြစ်၍ မိတ်ဆွေ၏ဇနီးသာ အိမ်၌တွေ့ရသည်၊ ထို

ကြောင့် ညအခါဘုန်းကြီးကျောင်းပေါ်၌ သွားအိပ်တော့မည်ပြောခဲ့ပြီး အဆိုပါ ကျောင်းသို့ဘက်ရောက်၍ သူတစ်ယောက်တည်း တစ်ညတည်းခိုကာအိပ်စက်ခြင်း ဖြစ်သည်။

ညဥ့်မှောင် စပျိုးချိန်တွင် ဘုန်းကြီးတစ္ဆေနှင့် တွေ့ကြသည်၊ သံပရာခွံ ဦးထုပ်ဖြူဆောင်းလျက် ညှော်သည်ယောကျ်ား၏ အိပ်ရာအနီး ချဉ်းကပ်ရောက်လာသည်၊ ထိုအခါ ညှော်သည်ယောကျ်ားက ဦးစွာတစ္ဆေကို လက်သီးနှင့်ဆီးကြိုပြီးထိုးသည်၊ တစ္ဆေကပြန်၍ မထိုးပါ၊ သို့ရာတွင် ဘုန်းကြီးတစ္ဆေနှင့် လူယောကျ်ားတို့ လက်ချင်းအပြန်အလှန် ဆွဲကိုင်ဖော့ရမ်းကာ နပန်းလုံးကြသည်၊ သတ္တိရှိသော ယောကျ်ားက တစ္ဆေဘုန်းကြီးကို မလွတ်အောင် လက်တစ်ဖက်မှ ဆွဲကိုင်ထားပြီး ကျန်တစ်ဖက်က ရန်မရှာနိုင်အောင် ဖော့ရမ်းကာ နှံခံကာကွယ်သည်၊ သို့ရာတွင် တစ္ဆေဘုန်းကြီးက လက်ဖြင့်ဆီးဖမ်းခြင်းသာပြုသည်၊ ရိုက်ပုတ်ခြင်းဖြင့် တစ်စုံတစ်ရာ နာကျင်အောင် မလုပ်ပါ၊ သူတို့နှစ်ဦး လက်ချင်းဆွဲကိုင်၍ နပန်းလုံးကြ သကဲ့သို့ဖြစ်ကြရာ တစ်ယောက်တစ်ပြန်စီ အောက်ရောက် အောက်ရောက် ဖြစ်ကြသည်ဆို၏၊ အချိန်အနည်းငယ်ကြာလျှင် တစ္ဆေခေါင်း ပေါ်မှ ဦးထုပ်ကို ညှော်သည် က ဆွဲချွတ်ယူလိုက်မိသောအခါ အခြေအနေ မူပြောင်းသွားသည်။

ဘုန်းကြီး တစ္ဆေသည် သူ၏ခေါင်းပေါ်မှ ဦးထုပ်မရှိတော့လျှင် အားအင်မရှိတော့ပါ၊ မောဟန်နွမ်းနယ်လာပြီး လဲကျသွားသည်၊ လူနာကဲ့သို့ သနားစရာ ညင်သာစွာစကားပြောသည်၊ 'မိတ်ဆွေ သင့်ကို ငါ ကျေးဇူးတင်ပါတယ်၊ သတ္တိရှိသောလူတစ်ဦးကိုတွေ့ရ၍ ဝမ်းသာတယ်၊ အားရခြင်းလည်း ရှိတယ်၊ ငါက သင့်ကို အကူအညီတောင်းချင်လို့ ချဉ်းကပ်လာတာ၊ ခြောက်လှန့်ဖို့ စိတ်ကူးမရှိပါဘူး။'

'ဘာအကူအညီ ပေးရမှာလဲ'ဟူ၍ ညှော်သည်ယောကျ်ားက သနားကြင်နာသံနှင့် မေးမြန်းသောအခါ တစ္ဆေဦးနန္ဒက ပြေလည်အောင် ရှင်းပြပြောဆိုသည်။

'ကျုပ်က ယခင် ဒီကျောင်းမှာ ကျောင်းထိုင်နေသွားတဲ့ ဘုန်းကြီး ဦးနန္ဒ ဖြစ်ပါတယ်၊ ပျံလွန်ခါနီးဆဲဆဲအချိန်မှာ ဥစ္စာတစ်ခုအပေါ် သံယောဇဉ်တွယ်မိတဲ့ စိတ်အာရုံအစွဲကြောင့် ဒီ ကျောင်းပေါ်မှာ ပြိတ္တာဖြစ်နေရတယ်၊ ဒီဘဝမှကျွတ်လွတ်ဖို့ အကြံရှိလို့ ကျောင်းထိုင်ဘုန်းကြီးများထံချဉ်းကပ်ပြီး ပြောကြားဖို့ ကြိုးစားပါတယ်၊ ခရီးမပေါက်ပါ၊ ဒီကျောင်းရောက်လာကြတဲ့ဘုန်းကြီးများက သဘာဝကျအောင် တွေးဆတတ်ခြင်း မရှိကြပါ၊ သူတို့ကို ဘုန်းကြီး

တစ္ဆေခြောက်ပါတယ်လို့သာ ပြောဆိုပြီး တခြားသို့ ပြောင်းရွှေ့သွားတတ်ကြတယ်။'

ဆက်၍ပြောပြန်သည်မှာ- 'မိတ်ဆွေက ကူညီပေးစေလိုသည်မှာ ကျွန်ုပ်ဒီဘဝမှကျွတ်လွတ်ပါစေလို့ရည်မှန်းပြီး ကျွန်ုပ်အတွက် သပိတ်သွတ်ပေးပါ၊ သံဃာတော်များအား ကုသိုလ်ကောင်းမှုပြုလုပ်ပြီး ကျွန်ုပ်အား အမျှပေးဝေပါ၊ ဒီကိစ္စအတွက် ကျွန်ုပ်မြှုပ်ထားခဲ့တဲ့ ငွေအိုးရှိတယ်၊ အဲဒါတူးဖော်ယူပါ၊ ကောင်းမှုပြုကာ ကျန်သောငွေများကို မိတ်ဆွေယူပါ၊ သုံးပါ၊ ဒါပါပဲ၊ အဲဒါကို သစ္စာရှိပါ'

'ကောင်းပါပြီ၊ ဒီကိစ္စအတွက်စိတ်ချပါ၊ မကြာခင် (၇) ရက်အတွင်း ပြည့်စုံအောင် ဆောင်ရွက်ပေးပါမယ်၊ သစ္စာရှိပါတယ်၊ ယုံကြည်စွာနှင့်သာဓု ခေါ်ဆိုရန်သာ ဒီကျောင်းမှစောင့်နေပါ'

ဤသို့ ဘုန်းကြီးတစ္ဆေကြီးဟူ၍ လူရှင်အများတို့က အပြောများနေကြသော ပြိတ္တာဖြစ်နေရှာသူ ဦးနန္ဒနှင့် ညွှေ့သည်ယောကျ်ားတို့သည် အချင်းချင်း နားလည်မှုရကြ၍ ပြေလည်စွာ ပြောခွင့်ရသောအခါ ညွှေ့သည် လူယောကျ်ား လိပ်ပတ်လည်အောင် သိရတော့သည်။

နောက်ရက်နံနက်မိုးသောက်လျှင် တစ္ဆေဦးနန္ဒ ညွှန်ကြားချက်အတိုင်း သူညွှန်ပြထားရာမြေ၌ငွေအိုးကိုတူးဖော်ယူပြီးခေတ္တသူ၏ရွာသို့ပြန်သွား၍ ရက်များ မကြာခင် ပြန်ရောက်လာသည်၊ ထိုညွှေ့သည်ယောကျ်ားသည် သစ္စာရှိရှိ သတိတည်စွာနှင့် သပိတ်သွတ်ရန်သံဃာတော်များပင့်ပြီး ထိုကျောင်းပေါ်၌ အလှူပွဲများ ပြုလုပ်၍ လှူဒါန်းပြီး အမျှပေးဝေလိုက်သည်၊ ဦးနန္ဒသည် ထိုပေးဝေသော အမျှကိုသာဓုခေါ်ဆိုနိုင်၍ ထိုခဏ၌ပင် ပြိတ္တာဘဝမှ ကျွတ်လွတ်သွားလေတော့သည်၊ သူအထက်ဘုံသွားတော့မည်ဟု အိပ်မက်တွင် ထိုရွာသားဒကာများအား ပြောကြားသွားသော ဟူ၏၊ ထိုအချိန်၏နောက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျောင်းထိုင်ဘုန်းကြီးမြဲလျက် ရှိနေကြပြီတဲ့။

ဤဆောင်းပါးအစပိုင်း၌ ဖော်ပြခဲ့သော မြို့တော်ကြီး၌ ဘုန်းကံကြီးမားပြီး နာမည်ကျော်ကြားနေသော ဤအရှင်၏ တစ်ချိန်ကမိတ်ဆွေဟောင်း ရင်းနှီးခဲ့ကြဖူးသော ဆရာတော်ကြီးများသည် ပျံလွန်သွားကြပြီးနောက်ပိုင်းတွင် မကျွတ်ကြဘူးဟူ၍ လူ့ပြောသူ့ပြော များနေကြသံကြားရခြင်းသည်လည်း လူပြောများကြသကဲ့သို့ မကျွတ်လွတ်ကြရိုးမှန်နေခဲ့လျှင် အဆိုပါဦးနန္ဒကဲ့သို့ 'တစ်

စုံတစ်ရာ သူတို့ပိုင်ဥစ္စာစုံကြောင့်များ ဖြစ်ကြလေမည်လော'ဟူ၍ တွေးဆဖွယ်ရာ ရှိလေသည်။

## နဂါးဖြစ်သွားသော တောရမထေရ်ကြီး

ကဿပဘုရားရှင်လက်ထက်တော်အခါက ရဟန်းတစ်ပါးသည် နှစ်ပေါင်း (၂၀၀၀၀) နှစ်သောင်းတိုင်အောင် အချိန်ကြာကြာ တောရကျောင်း၌နေ၍ အကျင့်သီလနှင့်ပြည့်စုံလျက် ရိုးသားစွာနေထိုင်သည်၊ ပျံလွန်သွားပြီးနောက် တမလွန်ဘဝ၌ ဂင်္ဂါမြစ်တွင်း နဂါးဖြစ်သွားရရှာဖူး၏၊ သနားဖို့ ကောင်းပါသည်။

## နဂါးဖြစ်ရခြင်းအကြောင်းကို ရှင်းပြမည်

တောရမထေရ်ကြီးတစ်ပါးက နှစ်ပေါင်းနှစ်သောင်းကြာအောင် ရဟန်းတရားနှင့်အညီ ရိုးသားငြိမ်သက်စွာ ပျော်မွေ့နေထိုင်ခဲ့ပြီးခါမှ ပျံလွန်ပြီးနောက် အဟိတ်တိရစ္ဆာန် နဂါးဖြစ်သွားကြောင်းကိုမြန်မာပြည်တွင် လူရှင်ရဟန်းအများ ကသနားစရာကဲ့သို့ ပြောဆိုလေ့ရှိကြသည်။ အဘယ်ကြောင့်ဖြစ်ရကြောင်း လိုရင်းအချက်ကို အသိနည်းကြသောကြောင့် ဤတွင်ဖော်ပြပါမည်၊ တောရမထေရ်ကြီးပျံလွန်ပြီး နောက်ဘဝတွင် ဂင်္ဂါမြစ်တွင်း နဂါးဖြစ်သွားရခြင်းအကြောင်းသည် အာပတ်ကြောင့် မဟုတ်ပါ။

တစ်ချိန်က ထိုမထေရ်ကြီးသည် လှေဖြင့်ဂင်္ဂါမြစ်တွင်း ခရီးသွားခဲ့ရာ လှေမှ ကမ်းပါးပေါ်အတက်တွင် လှေရွေ့သွား၍ လက်ဖြင့်ဆွဲမိရာ ပိန်းပင်ငယ်ကိုဆွဲကိုင်စဉ် မတော်တဆထိခိုက်ပြီး ပိန်းရွက်ပြတ်သွားဖူး၏၊ ထိုစဉ်က 'တမင်ပြတ်စေလိုခြင်းမဟုတ်၍ အာပတ်သင့်ခြင်းမဖြစ်နိုင်ပါဘူး'ဟူ၍ စိတ်ရှင်းစွာနှင့်နေလာခဲ့သည်၊ ဘဝနောက်ပိုင်းတွင် သေရည်းစောင်းသို့ လျောင်းရသောအခါ သက်ရှယ်ကြီးငယ်ဖြူ ဆရာတော်ကြီးတို့၏ အစဉ်အလာအတိုင်း သူ၏သီလကို စင်ကြယ်၏လောဟူ၍ ပြန်လည်ဆင်ခြင်ကြည့်လေ့ရှိကြသည်၊ ထိုအခါ သူ၏ဘဝတာအတွင်း သီလ၌ ကုက္ကုစ္စဖြစ်စရာမတွေ့ရချေ၊တစ်ချိန်က ဂင်္ဂါမြစ်ကမ်းပါးသို့ လှေမှအတက်တွင် မတော်တဆ ပိန်းပင်ကိုဆွဲမိရာခြေချော်သွားခိုက် ပိန်းရွက်ပြတ်သွားပုံကို သတိရလာသည်၊ ထိုပိန်းရွက်တစ်ခု မတော်တဆကြောင့်ပြတ်သွားခြင်းဖြစ်သော်လည်း စိတ်အာရုံတွင် သံသယဝင်လာသည်၊ အနှစ်နှစ်သောင်းကာလပတ်လုံး သီလ၌သံသယဝင်ခြင်း တစ်စုံတစ်ရာ ရှာမမြင်ရပေ၊ ထိုပိန်းရွက်တစ်ခုသာ သို့လောသို့လော စိတ်တွင်သံသယဝင်နေသည်။

ဝိနည်းသိက္ခာပုဒ်တွင် ဘူတဂမ်, ဗီဇဂမ်ပါစိတ်အာပတ်စုတွင် ပါဝင်၍ ဒေသနာကြားလိုက်ရုံဖြင့် ပြေပျောက်သွားစေသော သိက္ခာပုဒ်ဖြစ်၏၊ ထို့ပြင် ပြတ်စေလိုသောစေတနာနှင့် ဆွဲယူလိုက်ခြင်းမဟုတ်၍ သစိတ္တကအာပတ်သင့်ခြင်း မဖြစ်နိုင်ပါ၊ လျှော့ရွေ့သွားသောကြောင့် လက်မှဆွဲမိဆွဲရာ ကိုင်ဆွဲမိသောကြောင့် မတော်တဆ ပြတ်သွားခြင်းဖြစ်သည်-ဟူ၍လည်း မထေရ်ကြီးစိတ်တွင် တွက်ဆမိပါ၏။

ပျံလွန်ခါနီးဆဲဆဲတွင် ထိုသံသယအတွက် စိတ်ရှင်းသွားရန် ဒေသနာကြားဖို့ အနီးအပါး၌ ရဟန်းအဖော်တစ်ပါးမျှမရှိသောကြောင့် စိတ်အာရုံမရှင်းခြင်း ဖြစ်မိပြန်သည်၊ အာပတ်သင့်လေသလောဟူသော တွေးဆချက်သာ ထပ်ပြန်တလဲလဲ စိတ်အာရုံ၌ ကုက္ကုစ္စဖြစ်နေမှုခြင်းက ထပ်ပြန်တလဲလဲ ဆွေးနေမိသည်။

'ရုံခါ ဤကိစ္စတွေးဆပူပန်နေဖွယ်မရှိ၊ငါအပြစ်ကင်းရှင်းပါတယ်' ဟူ၍ သူ၏စိတ်အာရုံဖြူစင်အောင် မှန်သောတွေးဆချက် ဝင်လာပါသည်၊ သို့သော် ပိန်းရွက်ပြတ်ခြင်းအသေးအဖွဲ့ကလေးက ဖျောက်မရချင်၊ 'အပြစ်ရှိနေတယ်ထင်တယ်'ဟူ၍သာ အစွဲအလမ်းကြီးထွားလာနေမှုက အားကောင်းနေသည်။

ဆရာတော်ကြီးသည် သီလ၌လေးစားမှုရှိ၍ သံသယကင်းရှင်းအောင် နေထိုင်လာခဲ့သည်၊ မိမိ၏သီလစင်ကြယ်ကြောင်းယုံကြည်စွာနေလာခဲ့သောပုဂ္ဂိုလ် မြတ်လည်း ဖြစ်သည်၊သို့ရာတွင် လက်ရှိဘဝ၏ နိဂုံးချုပ်ခါနီးတွင် သီလ စင်ကြယ်မှုရှိမရှိဆင်ခြင်ရာမှ ဘာမဟုတ်သောသံသယမှုက ဝင်လာခြင်းဖြစ်သည်၊ ဝင်ရောက်နေသောသံသယစိတ်ကို ငယ်ဖျောက်ရှာပါ၏၊ သို့သော်ဖျောက်၍မရချင်ပါ၊ ထပ်ပြန်တလဲလဲ ပိန်းရွက်ကိုမြင်နေသလို မြင်နေရသောပိန်းရွက်သည်သေခါနီးဆဲဆဲ အာသန္နကံကဲ့သို့ ဖြစ်နေသောကြောင့် ကမ္မနိမိတ်ထင်နေရာမှ ဂတိနိမိတ်ဘက်သို့ ကူးဝင်လာနေသည်၊ ပိန်းရွက်ကြီးက ကြီးမားလာနေရာ သူ၏ မျက်နှာပေါ် ဖြန့်အုပ်၍ထားဘိသို့ ထင်မြင်လာနေသည်။

ပိန်းရွက်ကမ္မနိမိတ် ထင်လာနေပုံကား ပျောက်ကွယ်သွားခြင်း မရှိပါ၊ စိတ်အာရုံထဲ၌ သံသယ အစွဲကြီးနေသောကြောင့် ပိန်းရွက်ကြီးက မျက်စိရှေ့၌ တဝဲဝဲ လှုပ်ရှားပြနေပုံ အဆက်မပြတ် ထင်မြင်လာချက် အားကောင်းနေသည်၊ ပိန်းရွက်ကြီးသည် မျက်နှာ လာအုပ်နေရာမှ လည်ပင်းကို တင်းကျပ်စွာ လာပတ်ချည်ထားပုံ ထင်မြင်နေလာဆဲ အချိန်ခဏတွင် ဝိညာဉ်ချုပ်သွားလေရာ ဂင်္ဂါမြစ်အတွင်း ရေကပတ္တနဂါး ဖြစ်သွားရရှာလေသည်။

ရေက–သဒ္ဒါ ပိန်းပင် ပတ္တ–သဒ္ဒါ အရွက်–ဟော၍ 'ရေကပတ္တ' ဆိုသည်မှာ ပိန်းရွက်နဂါးဟူ၍ အမည်တွင်ခြင်း ဖြစ်သည်။

မမျှော်လင့်မိသော တိရစ္ဆာန်ဘဝ တစ်ခု၌ တမလွန်အစပ်တွင် စိတ်အာရုံ တိမ်းစောင်းမှုကြောင့် ဖြစ်သွားရရှာခြင်းဟူ၍ စာပေကျမ်းဂန်တတ် ဆရာတော်ကြီးများက နားလည်ကြသည်၊ ဂင်္ဂါမြစ်တွင်း၌ ရေကပတ္တ နဂါးကြီး ဖြစ်နေရသည်မှာ ကဿပ ဘုရားရှင် လက်ထက်တော်မှသည် ဂေါတမ ဘုရားရှင် ပွင့်ပေါ်တော် မူချိန်တိုင်အောင် ဘုရားတစ်ဆူနှင့် နောက်တစ်ဆူကြားကာလ တစ်ချိန်လုံး ကြာရသည်။

## အာပတ်ကြောင့်မဟုတ်၊ သံသယကြောင့်

တောရ မထေရ်ကြီး တစ်ပါးက တမလွန်ဘဝ၌ အဟိတ်တိရစ္ဆာန် နဂါးကြီး ဖြစ်သွားရခြင်း အကြောင်းကို ရှေးခေတ် စာပေကျမ်းဂန်တတ် ဆရာတော်ကြီး အများတို့က ဆုံးဖြတ်တော် မူကြသည်မှာ–'အာပတ်ကြောင့် အပါယ်မလား၊ ကုက္ကုစ္စကြောင့် အပါယ်ဘဝလားရသည်'ဟူ၍ တိကျပြတ်သားစွာ မှတ်ချက်ချကာ မိန့်ကြားတော် မူခဲ့ကြလေသည်။

## ကျေနပ်လောက်ကြပြီ

'ကိုင်း–ဤမျှဆိုလျှင် အာပတ်နှင့် စုတေလျှင် အပါယ်ကျမှာ ကြောက်ရလို့'ဟူ၍ ဆင်ခြေပေးကာ ရှေ့ရေးနောင်ရေး မစဉ်းစားကြဘဲ လွယ်လွယ်ကူကူနှင့် လူဝတ် လဲသွားတတ်သော ရဟန်းပုဂ္ဂိုလ်များအား နားလည်တော် မူကြရန် ကျေးဇူးရှိကြ ပါလိမ့်မည်၊ လူပြောသူပြော မရေရာသော စကားကို နားယောင်ပြီး ပူပန်စိတ်ဝင်ကာ 'စုတေခါနီး' ပရိသုဒ္ဓပြုသွားတာပဲ အားလုံး စိတ်ချရသောကြောင့် ကောင်းမယ် ထင်ပါတယ်'ဟူ၍ သက်ရွယ်ကြီး ပုဂ္ဂိုလ်ထဲမှ ကိုယ့်စိတ်ကိုယ် မပိုင်နိုင်သလိုလို အတွေးခေါင်တော် မူဘတ်ကြသော ငယ်ဖြူပုဂ္ဂိုလ်ကြီး အချို့တို့နှင့် ကြီးဖြူပုဂ္ဂိုလ်တို့အားလည်း ဤမှတ်တမ်းသမိုင်း ဆောင်းပါးရှည်ကြီးကို ဖတ်ရှုလေ့လာခွင့် ရကြသဖြင့် စိတ်နှလုံးအမြင် သဘောထား ရှင်းလောက်ကောင်းပါပြီ၊ အမြင်ရှင်းရှင်း နားရှင်းရှင်းဖြစ်ကြ၍ စိတ်အာရုံလည်း ရှင်းသွားကြလိမ့်မည် ယုံကြည်စိတ်ချပါသတည်း။

## အပါယ်ကျထိုက်သော အာပတ်ရှိလျှင်

'အာပတ်နှင့်တကွ စုတေလျှင် အပါယ်မကျဘူးလော'ဟူ၍ မေးခဲ့သော် အဖြေကား 'အပါယ်ကျထိုက်သော အာပတ်ရှိလျှင် မည်သူမဆို အားလုံးကျတယ်'ဟူ၍ မှတ်ပါ။

## ကဿပဘုရားသာသနာ နောက်ပိုင်း၌

ဥဒါဟရဏ်ပုံစံကို သိလိုကြလျှင် ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော်နောက်ပိုင်း၌ 'သာသနာ့ဝန်ထမ်း အမည်ခံလျက် သင်္ကန်းဝတ်၍ ရဟန်းတို့၏ကျောင်းသခ်္ခမ်း၌နေ၍ ဒကာတို့လှူဒါန်းပေးကပ်သော ကျောင်း-သင်္ကန်း-ဆွမ်း- ဆေးဝစ္စည်းလေးပါးကို အလှူခံကြ၍ စားသုံး၍နေကြသည်၊ ထိုသို့ စားသုံးနေကြသော်လည်း သာသနာ့ဝန်ထမ်း အလုပ်ကိုတော့ မလုပ်ကြပါ၊ ပရိယတ္တိသာသနာအကျိုး, ပဋိပတ္တိသာသနာအကျိုးကို သည်ပိုးခြင်း, အားထုတ်ခြင်း, လုပ်ဆောင်ခြင်းမရှိပါ။

ထိုအချိန်သီက ထိုပုဂ္ဂိုလ်တို့သည် ရဟန်းအမည်ခံသူ, သာမဏေအမည်ခံသူ, ဘိက္ခုနီမ အမည်ခံသူ, သာမဏေရီ အမည်ခံ၍နေကြသူ အားလုံးတို့သည် (တရားလက်လွတ်ငှက်တောင်ကျွတ်) နေထိုင်ကြသောကြောင့် ကွယ်လွန်ပြီးနောက်ဘဝတွင် အပါယ်လေးပါးသို့ ကျရောက်ကြသည်၊ ငရဲအိုးထဲ ရောက်ကြသည်၊ ပြိတ္တာ ဘဝ ရောက်ကြသည်၊ ဤအကြောင်းကို ဝိနယပိဋကတ်၊ ပါရာဇိကဏ် ပါဠိတော်၊ စတုတ္ထသိက္ခာပုဒ်၌လာသော ဂိဇ္ဈကုဋ်ဝတ္ထုများတွင် ပါရှိ၍ အထင်အရှားသိနိုင်ကြသည်။

## လူများလည်းအာပတ်ရှိသည်

အာပတ်ဟူသောစကားသည် အပြစ်ကိုဆိုလိုခြင်း ဖြစ်သည်၊ ထို့ကြောင့် ရဟန်းသာ အာပတ်ရှိသည်မဟုတ်ပါ၊ လူများလည်းအာပတ်ရှိကြသည်ဟူ၍ နားလည်ကြရမည်။ စင်စစ်မှာ သေလွန်ပြီးနောက်ဘဝ၌ အပါယ်ကျထိုက်သော ဒုစရိုက်မှုအားလုံးသည် ယောကျ်ား မိန်းမအားလုံးအတွက် အာပတ်များဖြစ်ကြ၏၊ ဥပမာနှင့်ပေါ်လွင်အောင်ပြောမည်။

ကာယ ဒုစရိုက်သုံးပါး, ဝစီဒုစရိုက်လေးပါး, မနော ဒုစရိုက်သုံးပါး, ပေါင်းသော် ဒုစရိုက်ဆယ်ပါးဖြစ်သည်၊ ဒုစရိုက်ဆယ်ပါးသည် လူအားလုံးတို့၏ အာပတ်တွေဖြစ်ကြသည်။

(၁) အကယ်၍ပါဏာတိပါတကံ- သတ္တဝါတို့၏အသက်ကို မိမိကိုယ်တိုင် သတ်လျှင်ဖြစ်စေ၊ သူတစ်ပါးကို အသတ်ခိုင်းလျှင်ဖြစ်စေ ပါဏာတိပါတကံ၏ အာပတ်သင့်သည်၊ အာပတ်သင့်ခြင်းသည် ကံထိုက်ခြင်းဖြစ်၍ သေပြီးနောက်ဘဝ၌ အပါယ်သို့ကျရောက်ရမည်။

(၂) အဒိန္နာဒါနကံ- သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ရွှေငွေဖြစ်စေ၊ အရာဝတ္ထု အသုံးအဆောင်နှင့် စားသောက်ဖွယ်ဖြစ်စေ ကျောင်းကန် ဥယျာဉ်ခြံမြေ လယ်ယာစသည်ကိုဖြစ်စေ၊ မိမိကိုယ်တိုင်ခိုးယူခြင်း၊ သူတစ်ပါးကိုခိုးစေခြင်း၊ တိုက်ခိုက်၍ယူခြင်း၊ အနိုင်အထက်ပြုလုပ်၍ အရယူခြင်း၊ မဟာရား လိမ်လည်၍ယူခြင်း စသည်ကို ကျူးလွန်ခြင်း အားလုံးသည် အဒိန္နာဒါနကံ၏ အာပတ်သင့်သည်၊ အာပတ်သင့်ခြင်းသည် ကံထိုက်ခြင်းဖြစ်၍ သေပြီးနောက်ဘဝ၌ အပါယ်သို့ကျရောက်ရမည်။

(၃) ကာမေသုမိစ္ဆာစာရကံ- သူတစ်ပါး၏ သားမယားကို ပြစ်မှားကျူးလွန်ခြင်းပြုသောသူသည် ကာမေသုမိစ္ဆာစာရကံ၏ အာပတ်သင့်သည်မှတ်၊ အာပတ်သင့်ခြင်းသည် ကာမေသုမိစ္ဆာစာရကံ ကျူးလွန်မှုကံထိုက်၍ သေပြီးနောက်ဘဝ၌ လောဟကုမ္ဘီငရဲသို့ ရောက်ရမည်။

ထိုနည်းအတူ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါးတို့၌လည်း မိမိတို့ပြုလုပ်သော ထိုကံ ထိုအပြစ် ထိုအာပတ်တို့ကြောင့် သေပြီးနောက်ဘဝ၌ အပါယ်ကျရောက်ကြရမည်ချည်းဖြစ်သည်၊ အပါယ်ကျထိုက်သော မကောင်းမှုကို ပြုလုပ်ကြလျှင် လူဖြစ်စေ၊ ရဟန်းသာမဏေဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ကလေးငယ်များဖြစ်စေ မည်သူမကျန် အပါယ်ကျ ထိုက်သောကံ ထိုက်ကြသောကြောင့် အပါယ်ကျမည်သာဖြစ်၏ဟူ၍ နားလည်စွာမှတ်သားကြရပါမည်။

## အပြစ်ကင်းရှင်းအောင်နေနည်း

လူ့ဘဝရနေကြခိုက် အခါကောင်းကွင် အပြစ်ကင်းရှင်း အောင်နေနည်းကို ဤတွင်ညွှန်ပြပါမည်၊ မခက်ပါ၊ နည်းလမ်းသိလျှင် လွယ်ကူပါသည်။

စိတ်ကိုရှင်းရှင်းထားနေရမည်၊ အလေ့အထရှိလာလျှင် အချိုးကျလာမည်၊ ဘဝကောင်းမျိုးအတွက် ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို ရိုသေလေးစားစိတ်ရှိရမည်၊ မိဘဘိုးဘွားများကို ရိုသေလေးစားစိတ် ရှိရမည်၊ သက်ကြီး

ရှယ်ကြီးနှင့် လေးစားထိုက်သူများကို ရိုသေလေးစားခြင်း ရှိရမည်၊ ဤဘဝ၌ ကောင်းမည်၊ နောင်ဘဝတို့၌လည်း ကောင်းမျိုးရကြပါလိမ့်မည်။

အဆိုပါ ရိုသေလေးစားထိုက်သူများကို ရိုသေလေးစားခြင်း မရှိသူများနှင့် မိမိ၏လူ့ဘဝရနေခိုက်ကို ပေါ့ပေါ့ဆဆနေတတ်သူများသေကြီးလျှင် နောက်ဘဝအတွက် မကောင်းကျိုးပေးမည်ကို ဂရုမထား၊ ဆရာကောင်းကိုဆည်းကပ်ရမှန်းမသိသူ၊ တရားလက်လွှတ်နေလေ့ရှိသူ၊ သတ္တဝါတို့အသက်သတ်ခြင်း စသောဒုစရိုက်မှုအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း၍ ထင်ရာစိုင်းနေကြ သူများကား ရဟန်းဖြစ်စေ၊ လူဖြစ်စေ သေပြီးနောက်ဘဝ၌ အပါယ်လေးပါးသို့လားရောက်ဖို့ရာမှာ သေချာပြီးသားဟူ၍ တွက်ဆထားနိုင်ကြသည်၊ မိမိကိုယ်တိုင် ဖြစ်စေ ပတ်ဝန်းကျင်လူ့လောက မြင်မြင်သမျှအားလုံးကိုဖြစ်စေ ကံတရား၏ အကျိုးပေးသဘာဝ နိယာမအတိုင်း ကောင်းမှုပြုသူ ကောင်းကျိုးပေးခြင်း ခံစံရမည်၊ မကောင်းမှုပြုလုပ်နေကြသူတို့သည် မကောင်းကျိုးပေးခြင်းခံယူကြရမည်၊ ဧကန်မချွတ်မလွဲနိုင်ဘူးဟူ၍ ခိုင်မြဲစွာမှတ်သားပြီး သိမြင်နားလည်ထားကြရမည်၊ ဤကားအရေးကြီးသော အပိုင်းတည်း။

## သံယောဇဉ်ရှင်းရှင်း စိတ်ရှင်းရှင်း

လူ့ဘဝ၏ နောက်ပိုင်းအတွက် လိုရင်းအချုပ်ကိုပြောမည်။

'ငါသည် ယခုအခါ အိုခဲ့ပြီ၊ ကျန်းမာရေးချို့တဲ့နေသူဖြစ်လျှင် ငါသည် ယခုအခါ နာခဲ့ပြီ၊ ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်နေရမည့်အချိန် ရောက်နေပြီ၊ ရပ်ဝေးသို့ခရီးထွက်မည့်သူသည် ကြိုတင်ပြင်ဆင်ရသကဲ့သို့ ငါသည် တမလွန်ဘဝသို့ ခရီးထွက်ရခါနီးပြီ၊ ယူသင့်သောပါသင့်သော ရိက္ခာထုပ်ငယ်ငယ်လောက်ဖြစ်စေ အသင့်ပြင်ဆင်ထားတော့မယ်'ဟူ၍ မိမိ၏စိတ်အလိုအကြံဖြင့် သိမြင်ကာ ပိုင်ပိုင် ဆုံးဖြတ်ချက်ထားရမည်။

ထို့နောက် လူ့တို့အသုံးအဆောင် အရာဝတ္ထုပစ္စည်းများကိုဖြစ်စေ ငွေကြေးစသော ဥစ္စာကိုဖြစ်စေ ဥယျာဉ်ခြံမြေလယ်ယာ၊ (ရဟန်းဖြစ်လျှင်)ကျောင်းကန် အာရာမ်စသော အာရာမ၊ အာဝါသအားလုံးကိုဖြစ်စေ၊ ဆွေမျိုးတပည့်တပန်းစသော သက်ရှိသံယောဇဉ်ကိုဖြစ်စေ မသေမီကာလ၌ စိတ်အာရုံစွဲလမ်းခြင်းမရှိအောင် ဖြတ်ထားပြီး ဖြစ်နေရမည်၊ မိမိစိတ်ထဲတွင် ရှင်းနေစေရမည်၊ မိမိစိတ်အာရုံတွင် ပစ္စည်းဥစ္စာနှင့် ကျောင်းကန်၊ အာရာမ်၊ အာဝါသကိုဖြစ်စေ သက်ရှိသတ္တဝါ တပည့်၊ ရဟန်းသာမဏေ၊ လူဒါယကာတို့ကိုဖြစ်စေ သံယောဇဉ် (မသေမီ) ဖြတ်သားနေလျှင် စိတ်ရှင်းနေပါပြီ။

သေခါနီးဆဲဆဲ ဝိညာဉ်ချုပ်ခါနီးဆဲဆဲအချိန်၌ တင်စိုတင်ရာစွဲလမ်းမှုမရှိ၍ မိမိစိတ်သန္တာန်သန့်ရှင်းနေလျှင် တမလွန်ဘဝအတွက် စိတ်ချနိုင်ပါပြီ၊ ကောင်းရာသုဂတိဘုံဘဝသို့ ရောက်သွားရမည်မလွဲပါ၊ အကယ်၍ ရှေးတစ်ချိန်က လောဘ, ဒေါသ, ကောဓ, မာနစသည် ရုတ်တရက်ဖြစ်တတ်သူ, ကြီးတတ်သူဖြစ်ခဲ့သော် ဝိညာဉ်ချုပ်ခါနီးဆဲဆဲအချိန်ပိုင်း၌ မိမိ၏စိတ်သန္တာန်တွင် နောက်ကြောင်းတွေ ပြန်လည်မပေါ်စေရန် အာနာပါနစသော တရားတစ်မျိုးမျိုးကို နှလုံးသွင်းနေရမည်၊ မေတ္တာတရားဖြစ်စေ ပွားများနေရမည်။

## ကြိုတင်ပြင်ဆင်မှု

ကြိုတင်ပြင်ဆင်မှုအပိုင်းတွင် မိမိ၏ကိုယ်ခန္ဓာ၌ သေလောက်နီးနီး ရောဂါဖြစ်ဖူး၍ သံဝေဂရ၍ဖြစ်စေ ရောဂါကြီးကြီးမဖြစ်ဖူးသော်လည်း တစ်နေ့တွင် သေကြရမြဲဓမ္မတာကို မျှော်လင့်ကာဖြစ်စေ မိမိကိုယ်ကို မအိုမီမနာမီကပင် ကံတရားကောင်းအောင် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် 'ငါယနေ့စိတ်ရှင်းအောင်နေမယ်' ဟူ၍ အဓိဋ္ဌာန်ခြင်းပြုကာ တစ်နေကုန်အောင် နေစမ်းကြည့်ပါ။

တစ်နေ့တာပိုင်လျှင် 'ငါ ယနေ့မှစ၍ တစ်လအတွင်း စိတ်ရှင်းရှင်းနေသွားမယ်' ဟူ၍ အဓိဋ္ဌာန်ချက်ထားပြီး နေစမ်းကြည့်ပါ၊ လေ့လာကြည့်ပါ၊ စိတ်ရှင်းရှင်း နေသွားတတ်ရမည်၊ နေခြင်းကို ပျော်မွေ့လာပုံ လက်တွေ့ခံစားရပါမည်၊ ဤကား မသေခင် မိမိ၏ကိုယ်ခန္ဓာ ပုံလျက်လဲမကျရသေးခင် စိတ်ရှင်းစေတနာကို ကောင်းစွာထား၍ နေတတ်အောင် လေ့ကျင့်နည်းဖြစ်သည်။

## ကုသိုလ်ကံ ဆည်းပူးအားထုတ်နေနည်း

လူဖြစ်စေ ရဟန်းဖြစ်စေ သာမဏေနှင့် ယောဂီဖြစ်စေ မိမိတို့၏ဘဝတစ်လျှောက် ကံကောင်းနေရန်အတွက် မိမိတို့စွမ်းနိုင်ရာကနေ၍ စွမ်းနိုင်သမျှ (နည်းနည်းချင်းဖြစ်စေ) ကောင်းမှုကံမျိုးစေ့ကို မပြတ်မလတ် ဆည်းပူးနေတတ်ရမည်၊ ဆည်းပူးအားထုတ်နေတတ်သော အလေ့အကျင့်မရှိသေးလျှင် ရှိအောင်အားထုတ်ရမည်။

ကောင်းမှုကံအတွက် အလေ့အကျင့် ပြုချင်နေတတ်ပြီဆိုလျှင် ထိုအလေ့အကျင့်ကောင်း အမြဲအစွဲရှိနေစေရမည်၊ ဤသို့သော အလေ့အကျင့်ဝါသနာမျိုးသည် မိမိ၏နောင်လာလတ္တံ့သော ဘဝအဆက်အတွက် ကောင်းကျိုးပေးမည့် ကုသိုလ်ကမ္မပထတရားဆယ်ပါးတွင် ပါဝင်သော ပါရမီအလေ့အကျင့်ဖြစ်သည်။

## နေနည်းတကျပြီး သေနည်းပါတတ်ပါ

'လူဆိုတာ အနေလည်း တတ်ရတယ်'ဟူ၍ ရှေးခေတ် ဆရာတော်ကြီးများ၏ ဆုံးမခဲ့ကြသော သြဝါဒစကားအဟိုင်းပင်က်ကောင်း၍ လူဘဝရနေကြခိုက်အခါတွင် ချမ်းသာလူမည်သူမဆို တစ်နေ့တွင် မိမိ၏နေ့ခင်းအတွက် အရေးကြီးဆုံးအချိန် ရောက်လာကြဦးမည်သာတည်း၊ အရေးကြီးဆုံးအချိန်ပိုင်းဆိုသည်မှာ မိမိသေရမည့်အချိန်ပိုင်း နီးကပ်လာနေသော ဒချိန်ပိုင်းကို ပြောခြင်းဖြစ်သည်။

တရားအမြင် ဘာဘောထားတူညီကြသော မိတ်ဆွေ ဆရာတော်ကြီးများနှင့် ရံခါခရီးကြုံခိုက် တွေ့ဆုံကြ၍ စိတ်ဝင်စားစွာ ဘဝနေ့ခင်းရေး အကြောင်းအပြန်အလှန်စကားဆွေးနွေးခဲ့ကြပူး၏။ ဒီထူးသဖြင့် သေခါနီးကာလအာသန္နကံအချိန်ပိုင်းကို တရားရှင်ဖြစ်တော်မူကြသော ယောနံး ပုဂ္ဂိုလ်တို့သည် ကြိုတင်၍နှလုံးသွင်းထားပြီးဖြစ်ကြောင်း ကြားရဖူး၏၊ 'ကြိုတင်၍နှလုံးသွင်းထားပြီး မရှိကြသေးသောပုဂ္ဂိုလ်များသည်လည်း နှလုံးသွင်းထားပြီးဖြစ်ရမည်'ဟူ၍ မိတ်ဆွေသက်တော် (၈၀)ကျော် ဆရာတော်ကြီးဦးရာဇိန္ဒနှင့် တွေ့ဆုံခိုက်တွင် ပြောခဲ့ကြဖူးသည်။

'ဘယ်တရားကို ထပ်ပြန်တလဲလဲ နှလုံးသွင်းနေရင်း သေသွားမယ်၊ ဘယ်အကျင့်သီလ၌ ပြန်လည်နှလုံးသွင်းပျော်မွေ့နေရင်း သေသွားမယ်၊ ဘယ်အခါတုန်းက ငါပြုလုပ်ခဲ့တဲ့ ဘယ်ဒါနကုသိုလ်ကို သတိရဝမ်းမြောက်ရင်း သေသွားမယ်' စသည်ဖြင့် သေချိန်နီးပြီဟု မသင်မြင်ရသေးခင် ယနေ့မှစ၍ 'ချမ်းသာရှင်လူတိုင်း စိတ်ကြိုက်အာသန္နကံကို သတ်မှတ်ထားပြီး' ရှိကြရမည်၊ ဤကားလိုရင်းအချက်တည်း။

## သေခါနီးအခါ အာသန္နကံဆိုတာ

'အာသန္နကံအရေးကြီးတယ်'ဟူ၍ ဟောကြပြောကြသော်လည်း(လူအချို့တို့က နားရှင်းအောင် မကြားနာရဖူးသေးပါ)ဟူ၍ ပြောကြမေးကြသူတွေ ရှိကြ၏၊ 'သေခါနီးကာလ၌ ပြုလုပ်သူ့ခါနီးသောကောင်းမှုတစ်ခုခုသည်အာသန္နကံကုသိုလ်ဖြစ်တယ်'၊ အခြားတစ်နည်းမှာ သေခါနီးကာလ၌ ဒါနကုသိုလ် စသည်ပြုလုပ်ခြင်း မဟုတ်ပါ၊ ရှေးတစ်ချိန်ချိန်ဆီက မိမိတို့စေတနာ ထက်သန်စွာဖြင့်ကျင့်သုံးခဲ့သော သီလကုသိုလ်ဖြစ်စေ၊ လှူဒါန်းခဲ့ဖူးသော ဒါနကုသိုလ်ဖြစ်စေတစ်ချိန်တုန်းက မိမိတို့ ပွားများအားထုတ်ခဲ့ကြဖူးသော ကမ္မဋ္ဌာန်းဘာဝနာ

ကုသိုလ်ကိုဖြစ်စေ သေခါနီးကာလ၌ ပြန်လည်အောက်မေ့ပြီး စိတ်အာရုံတွင် နှလုံးသွင်းနေခြင်းအလုပ်သည်လည်း အာသန္နကံပင်ဖြစ်စေသည်။

သတိပြုကြရန်မှာ— တစ်ချိန်ချိန်က မိမိတို့ မိုက်မဲစွာဖြင့် ပြုလုပ်ခဲ့မိကြသော မကောင်းမှုအကုသိုလ်ကံ ရှိနေကြသူများသည် ထိုမကောင်းမှု ကံဟောင်းကိုပြန်ပြောင်း၍ စိတ်အာရုံတွင် ကွက်ခနဲကွက်ခနဲ ပေါ်လာမြင်လာတတ်ကြသည်၊ ထိုအာရုံကို လက်ခံပြီး အောက်မေ့နေရင်း သေသွားလျှင် ငရဲကျသွားတတ်သည်မှတ်ပါ၊ ထို့ကြောင့် မကောင်းမှုအာရုံ ဝင်လာခဲ့လျှင် လက်ခံမထားရ၊ ဖျောက်ဖျက်ပစ်ရမည်၊ ကောင်းမှုအာရုံ, ဘာဝနာအာရုံတစ်မျိုးမျိုးဖြင့် အစားထိုး နှလုံးသွင်းနေရမည်။

## လူမမာမေးသူတွေ အနီးအပါးမကပ်စေရ

အထူးသတိပေးလိုသည်မှာ လူမမာမေးသူတွေကို လက်မခံရန် ဖြစ်သည်၊ သေခါနီးကာလ အာသန္နကံ အာရုံကောင်းယူ၍ စိတ်ကြည်ကြည်လင်လင်ထားကာနေရမည့် အချိန်ပိုင်းတွင် လူမမာမေးလာသူတွေ ချဉ်းကပ်ပြီး စကားထွေရာ ဟိုမေးသည်မေးပြောဆိုခြင်းကို လက်မခံရပါ၊ သံယောဇဉ် တွယ်တတ်သူတို့က အနီးအပါးချဉ်းကပ်၍ဖြစ်စေ၊ ကြားသိလောက်ရာ မနီးမဝေးမှဖြစ်စေ တောပြောတောင်ပြော သံယောဇဉ်တွယ်သံ အလွမ်းသယ်သံ စကားထွေရာ ပြောဆိုတတ်သူကိုလည်း မချဉ်းကပ်စေရ၊ ဝေးရာသို့နှင်ထုတ်ထားကြရမည်၊ ထိုစကားပြောချင်သူတို့သည် နှောင့်ယှက်သူများဟု သိထားပါ၊ လူနာအနီးအပါး၌ လူသူရှုပ်ခြင်းကို လက်မခံရပါ၊ 'တခြားသို့သွားနေကြပါ'ဟု ညင်သာစွာတောင်းပန်ပြောဆို၍ မိမိမျက်စိကွယ်ရာ၌ နေစေရမည်။

## မန္တလေး ငါးဆူဆရာတော်ကြီးကဲ့သို့

မန္တလေးမြို့ အနောက်ပြင်၌ ငါးဆူတိုက်အမည်နှင့် စာသင်သားအများကို စာချပို့ပေးလျက်ရှိသော ကျောင်းတိုက်တစ်ခုရှိသည်၊ ရှေးအခါက စာပေကျမ်းဂန်တတ်အကျော် ဆရာတော်ကြီးတစ်ပါးက ထိုကျောင်းတိုက်ကြီးကို ဦးစီးအုပ်ချုပ်လျက်ရှိသည်၊ ငါးဆူဆရာတော်ကြီးဟူ၍ ခေါ်တွင်ကြသည်၊ ထိုဆရာတော်ကြီး၏ ထူးခြားချက်မှာ ဘဝနောက်ပိုင်း အို၍ပျံလွန်ခါနီး အချိန်တွင် သံယောဇဉ် အာရုံဖယ်ရှားပုံကို နှောင်းခေတ်ပုဂ္ဂိုလ်တို့အတွက် နည်းပေးလမ်းပြကဲ့သို့ မှတ်သားလောက်စရာ သမိုင်းဝင်အောင် တွင်၍ကျန်ရစ်ခဲ့သည်။

ပျံလွန်ခါနီးအချိန်ဟုယူဆရသော အိုရှိ ကျန်းမာရေးအားနည်းနေသော အချိန်ပိုင်း၌ တပည့်ရဟန်းကြီးငယ်တို့က အရေးတယူအလုပ်အကျွေးပြုကြစောင့်ရှောက်ပေးကြသည်၊ ဆရာတော်ကြီးက ဝိုင်းအုံပြုစုကြသည်ကို အလိုမရှိပါ၊ မနှစ်သက်ကြောင်း တပည့်ကြီးကသိကြ၍ အခြေအနေကြည့်ပြီး အကင်းပါးစွာ အလိုက်သိတတ်သော ရဟန်းငယ်တစ်ပါးကို မနီးမဝေးမှနေထိုင် စောင့်ကြပ်၍ ကြည့်ရှုပြုစုပေးဖို့ ညွှန်ကြားချက်ထားကြသည်၊ ဆရာတော်ကြီး ကျိန်းစက်သော ခုတင်ဘောင်စောင်းအနီး၌ ကန့်လန့်ကာတစ်ခုချိတ်ဆွဲ၍ ကာပေးထားကြသည်။

ဦးပဥ္စင်းသည် ဆရာတော်ကြီးကို အခြေအနေကြည့်ရှု၍ လိုအပ်ရာပြုစုပေးရန် ညွှန်ကြားထားချက်အရ မကြာမကြာ ကန့်သန့်ကာကို အပေါ်မရှိကြည့်မိရာ ဆရာတော်ကြီးက မကြိုက်ပါ၊ အနှောင့်အယှက်ပေးသည်ဟု ယူဆသည်။

'ငါ၏မျက်စိကွယ်ရာ တခြားသို့သွားနေပါ၊ တစ်နာရီကျော် အချိန်တွင် ဘယ်သူမှချဉ်းကပ်လာခြင်း မပြုကြနှင့်၊ အနှောင့်အယှက်ဖြစ်တယ်၊ ငါတစ်ပါးတည်းစိတ်အာရုံရှင်းရှင်းနှင့် ကြည်ကြည်လင်လင် ဝိညာဉ်ချုပ်သွားချင်တယ်'ဟူ၍ ပွင့်လင်းစွာ အမိန့်ရှိလေသည်။

ထို့ကြောင့် တပည့်များသည် အလိုက်သိစွာ ဝေးဝေးသွား၍ နေကြရသည်၊ အချိန်အတော်ကြီးကြာပြီးမှ ခြေသံမျှ မကြားစေဘဲ ညင်သာစွာ လာရောက်ချဉ်းကပ် ကြည့်ကြသောအခါ အသက်ရှူသံ မကြားရ၊ တိတ်ဆိတ်နေသောကြောင့် ဦးခေါင်းပေါ် ခြုံထားသော သင်္ကန်းကို ဖွင့်လှစ်ကြည့်ကြသည်၊ ထိုအခါမှ ညင်သာစွာ ဝိညာဉ်ချုပ်သွားပြီကို သိကြရသောဟူ၏၊ ခေတ္တအခြေအနေကို စောင့်ကြည့်ကြပြီးခါမှ ကျောက်စည်, ခေါင်းလောင်း, ကြေးစည်တီး၍ ပျံလွန်သွားကြောင်း ကြွေးကြော်လိုက်ကြသည်။

## ကမ္ပနိမိတ်ကြည်လင်မှ ဂတိနိမိတ်ကောင်း ထင်မြင်သည်

ဤကား ရှေးခေတ်ကာလဆီက မြန်မာပြည်၌ သူတော်ကောင်း ဖြစ်တော်မူကြသော စာပေကျမ်းဂန်တတ် အကျော်အမော် ဆရာတော် ဘုရားကြီးတို့၏ လက်ရှိဘဝမှ တမလွန် ဘဝတစ်ခုသို့ အကူးအပြောင်းတွင် နိဂုံးချုပ်တော်မူကြပုံ အတုယူဖွယ် နည်းပါတည်း။

ကုသိုလ်ကောင်းမှုကို ပြန်သည်အောက်မေ့၍ ဆင်ခြင်ကြသည်၊ မိမိအား ထုတ်ခဲ့သော ကမ္မဋ္ဌာန်းတရားကို နှလုံးသွင်း ဆင်ခြင်ကြသည်၊ ဘဝခရီးဆက်အတွက် ကမ္မနိမိတ်ကို ကြည်လင်အောင် နှလုံးသွင်း၍ နေခြင်း ပြုကြသည်၊ ရှေးဦးစွာ

မိမိ၏ ကမ္မနိမိတ် ကြည်လင်စွာ ရှိနေလျှင် မိမိ လားရောက်ရမည့် ဂတိနိမိတ်ကောင်း ထင်မြင်လာသည်၊နတ်ဗိမာန်, နတ်ဥယျာဉ်, နတ်သားနတ်သမီး စသည်ဖြင့် နှစ်သက်ဖွယ် အာရုံကို ထင်မြင်လာကြမြဲ ဖြစ်သည်။

## လည်မြဲသော ဘဝကူး အာသန္နကံ

ဤနေရာတွင် ဘဝကူး အာသန္နကံအကြောင်း ရှင်းရှင်းပြောပြမည်၊ ယခု ဘဝမှ နောက်ဘဝသို့ ကူးသွားရမည့် သူသည် ကောင်းကျိုးနှင့် ဆိုးကျိုးကို မိမိပြုထားပြီး ရှိနေသော ကံတရား (စေတနာ)က အကြောင်းခံခြင်း ဖြစ်သည်။

## အကျိုး ပေးတတ်သော ကံလေးမျိုး

ဂရုကံ, အာစိဏ္ဏကံ, အာသန္နကံ, ကဋတ္တာကံ ဟူ၍ ကံလေးမျိုးရှိရာတွင် လူတစ်ယောက်သည် ဂရုကံများ ရှိခဲ့လျှင် ထိုသူအတွက် သေပြီး၍ နောင်ဘဝ၌ ဂရုကံကြီးများက အကျိုးပေးသည်၊ ဂရုကံ၏ အကျိုးပေးခြင်းသည် မချွတ်မလွဲ ဖြစ်ရသည်။

## ကြီးလေးသော ဂရုကံ

ဂရုကံဆိုသည် ပြစ်မှုကြီးသော ရာဇဝတ်မှု ကျူးလွန်ခြင်းကဲ့သို့ အကုသိုလ်ဘက်၌ ကြီးလေးသော မကောင်းမှုကို ပြုမှား၍ ကြီးလေးသော ပြစ်ဒဏ်ခံရမည့် ဒုစရိုက် ကံကြီးကို ပြောခြင်းဖြစ်သည်၊ အကုသိုလ်ဘက်၌ ဂရုကံသည် ပဉ္စာနန္တရိယ ကံငါးပါးနှင့် နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိဟူသော နိယတမိစ္ဆာဒိဋ္ဌိ ကံကြီးများ ဖြစ်ကြသည်။

ကုသိုလ်ဘက်၌ ရူပါဝစရကုသိုလ်ကံငါးပါး, အရူပါဝစရ ကုသိုလ်ကံ လေးပါး ပေါင်းသော် မဟဂ္ဂုတ်ကုသိုလ်ကံ (၉) ပါးတို့ ဖြစ်ကြသည်။

## ပဉ္စာနန္တရိယ ကံငါးပါး

လူဘဝမှ သေသည်၏ အခြားမဲ့၌ အပါယ်ငရဲသို့ ကျေန်ရောက်ရသော ပဉ္စာနန္တရိယ ကံငါးပါး ဆိုသည်ကား–

(၁) အမိကိုသတ်သော မာတုဃာတက ကံထိုက်သောသူ၊
(၂) အဖကိုသတ်သော ပိတုဃာတက ကံထိုက်သောသူ၊
(၃) ရဟန္တာကိုသတ်သော အရဟန္တဃာတက ကံထိုက်သောသူ၊

(၄) သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုမှား၍ လောဟိတုပ္ပါဒက ကံထိုက်သောသူ၊
(၅) သံဃာတော်ကို သင်းကွဲအောင် ပြုလုပ်၍ သံဃဘေဒက ကံထိုက်သောသူတို့ ဖြစ်သည်။

ဤငါးပါးတို့တွင် တစ်ပါးပါးကို ကျူးလွန် ပြစ်မှားမိသူ ဖြစ်စေ တစ်ပါးထက် ပိုလွန်သောကံကို ကျူးလွန်သူ ဖြစ်စေ ကံငါးပါးလုံးကို ကျူးလွန်သူ ဖြစ်စေ ပဉ္စာနန္တရိယကံကို ကျူးလွန်သူ ဖြစ်သောကြောင့် ဘုရားရှင် လက်ထက်တော်အခါက ဒေဝဒတ်ကြီးကဲ့သို့ လက်ရှိဘဝမှ သေပြီး နောက်ဘဝတွင် အပါယ်ငရဲသို့ မုချကျရောက်ပြီး ဒုက္ခခံရမည် ဖြစ်သည်။

## မိစ္ဆာဒိဋ္ဌိ သုံးပါး

နတ္ထိကမိစ္ဆာဒိဋ္ဌိ၊ အဟေတုက မိစ္ဆာဒိဋ္ဌိ၊ အယမိစ္ဆာဒိဋ္ဌိကိရိယ၊ယူ၍ အယူလွဲမှားပြီး အစွဲအလမ်း ကြီးမားနေကြသော မိစ္ဆာဒိဋ္ဌိ အယူဝါဒ သမားကြီးတို့သည် မိမိတို့၏ အယူဝါဒကို မစွန့်လွှတ်မူ၍ သေသွားကြလျှင် သေပြီး နောက်ဘဝ၌ အပါယ်ငရဲသို့ မုချ ကျရောက်ရမြဲ ဖြစ်သည်။

## မဟဂ္ဂုတ်ကုသိုလ် (၉) ပါး

ကုသိုလ်ဘက်၌ ရူပါဝစရ ကုသိုလ်ကံငါးပါး၊ အရူပါဝစရ ကုသိုလ်ကံလေးပါး ပေါင်း (၉) ပါးကို မဟဂ္ဂုတ် ကုသိုလ်ကံ ခေါ်၏၊ ထို (၉) ပါးတွင် တစ်ပါးပါးကိုဖြစ်စေ အားလုံးကိုဖြစ်စေ ရရှိထားသော ပုဂ္ဂိုလ်သည် ဈာန်တရားရှင် ဖြစ်သောကြောင့် သေပြီးနောက်ဘဝတွင် မုချ အထက်ပြဟ္မာဘုံသို့ ကပ်ရောက်ရမြဲ ဖြစ်သည်။

## ဂရုကံ မရှိသူဖြစ်လျှင်

ကံလေးပါးတွင် ဂရုကံ မရှိသူတို့သည် သေခါနီး ကာလ၌ ပြုအပ်သောကံဖြစ်စေ အောက်မေ့အပ်သော အာသန္နကံကဖြစ်စေ အကျိုးပေး၏။

သေခါနီး ကာလ၌ ကုသိုလ်ကံပြုပုံ အောက်မေ့ရပုံနည်းကို ဤဆောင်းပါးတွင် အထက်တစ်နေရာ၌ ပြဆိုခဲ့ပြီး ဖြစ်သည်။

## အာစိဏ္ဏကံ

အာသန္နကံမရှိလျှင် အာစိဏ္ဏကံက အကျိုးပေး၏၊ အာစိဏ္ဏကံဆိုသည်မှာ ဒါနကုသိုလ်ဖြစ်စေ သီလအကျင့်ကုသိုလ်ဖြစ်စေ ဘာဝနာပွားများအားထုတ်နှလုံးသွင်းနေခြင်း ကုသိုလ်ဖြစ်စေ မပြတ်လေ့လာအပ်ခြင်း ပွားများအားထုတ်နေခြင်းရှိသော အာစိဏ္ဏကံက အကျိုးပေးသည်၊ ဤကား ကုသိုက်ဘက်၌ ပြဆိုခြင်းဖြစ်သည်။

အကုသိုလ်အာစိဏ္ဏကံဘက်၌ (ဥပမာ)ပါဏာတိပါတကံတွင် နမူနာပြောမည်၊ နွားသတ်ခြင်း, ကျွဲသတ်ခြင်း, ဝက်သတ်ခြင်း, ဆိတ်သတ်ခြင်း, ကြက်သတ်, ဘဲသတ်, ငါး-ဖား-ပုစွန်သတ်ခြင်း စသောမကောင်းမှုကို ထပ်ကာလုပ်ဆောင်ခြင်း အာစိဏ္ဏကံ၊ သူတစ်ပါးဥစ္စာခိုးခြင်း, လိမ်လည်ယူခြင်း, လမ်းခရီးမှဆီး၍ ရှာဖွေရေးပြုလုပ် အနိုင်ကျင့်ယူခြင်း စသော အဒိန္နာဒါန အာစိဏ္ဏကံ စသည်တို့က အကျိုးပေးကြသည်။

## ကဋတ္တာကံ

အာစိဏ္ဏကံမရှိလျှင် ပြုကာမျှဖြစ်သော ကဋတ္တာကံက အကျိုးပေးသည်၊ ကဋတ္တာကံဆိုသည်မှာ ပြုကာမျှမတ္တဖြစ်သော ကံမျိုးဖြစ်သည်။

## ဒမ္မိလ တံငါသည်ကဲ့သို့

ဥပမာပြမည်၊ ရှေးတစ်ချိန်က သီဟိုဠ်ကျွန်း၌ ဒမ္မိလအမည်ရှိသူသည် တစ်သက်ပန်လုံး တံငါလုပ်၍ အသက်မွေးသူဖြစ်သည်၊ သေရညောင်စောင်း၌ လဲ၍သေရမည့်ဆဲဆဲအချိန်တွင် ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးက ထိုသူအား အပါယ်လားရတော့မည်ကိုသိ၍ သနားသောကြောင့် သရဏဂုံမျှကိုရွတ်ဆိုစေကာ ဆောက်တည်စေသည်၊ ထိုသူသည် ဗုဒ္ဓဘာသာမဟုတ်ပါ၊ ငါးတွေကိုသတ်နေသော တံငါသည် ဖြစ်သည်။

သို့ရာတွင် သေခါနီးထိုခဏ၌ ဆွမ်းခံရဟန်း၏တိုက်တွန်းချက်ဖြင့် သရဏဂုံကိုရွတ်ဆို၍ ဆောက်တည်ကာမျှ ကဋတ္တာကံစွမ်းကြောင့် ထိုသူသည် သေလွန်သွားပြီး နောက်ဘဝတွင် စတုမဟာရာဇ်နတ်ဘုံသို့ရောက်၍ နတ်သားဖြစ်သွားရလေသည်၊ ထိုခဏ၌ ပြုကာမျှ ကဋတ္တာကံက အကျိုးပေးခြင်းဖြစ်သည်၊ သေခါနီးကာလ၌ဖြစ်၍ အာသန္နကံသဘောသွားတွင် အကျုံးဝင်သည်။

ဤဖော်ပြပါကံလေးချက်ကို အကျိုးပေးရာတွင် အလှည့်ကျအစဉ်ဖြစ်သော ကြောင့် 'ပါကဒါနပရိယာယ'ဟူ၍ ခေါ်ဆိုရသည်။

## အာသန္နကံစင်ကြယ်ဖို့ အရေးကြီး

အဆိုပါကံ(၄)ချက်ရှိသည့်တွင် နောက်ဘဝအတွက် လမ်းကူးတံတား ကဲ့သို့ အကြောင်းရင်းဖြစ်၍ အကျိုးပေးသူကား အာသန္နကံဖြစ်သည်၊ဤနေရာတွင် အာသန္နကံဆိုသည်ကို နားရှင်းကြရန် ထပ်၍ပြောပါမည်၊ သေခါနီးကာလ၌ ပြုလုပ်သော ကုသိုလ်ကောင်းမှုတစ်ခုခုကိုဖြစ်စေ(သို့မဟုတ်) ရှေးတစ်ချိန်က မိမိ ပြုလုပ်ခဲ့ပြီးသော ကုသိုလ်ကောင်းမှုကို ပြန်လည်ဆင်ခြင်အောက်မေ့၍ ဝမ်း မြောက်ကျေနပ်နေရခြင်းဖြစ်စေ ထိုအချိန်တွင် ဖြစ်ပေါ်လာသော စေတနာကို အာသန္နကံခေါ်သည်ဟူ၍ မှတ်ပါ၊ ၎င်းသည် ထိုသေခါနီးအချိန်ပိုင်း၌ အဓိက လိုရင်း ဖြစ်သည်မှတ်ပါ။

စင်စစ်မှာ ကြီးသောဂရုကံဖြစ်စေ အခြားသောအာစိဏ္ဏကံ, အာသန္နကံ, ကဋတ္တာကံဖြစ်စေ ဘဝဆုံး၌အကြောင်းခံ၍ ဘဝသစ်အတွက် အကျိုးပေးသော ကံသည် အာသန္နကံအဖြစ် ရောက်ရလေမည်၊ (ထို့ကြောင့် အရေးကြီးဆုံးကံ ကား အာသန္နကံဖြစ်သည်ဟု ဆိုကြသည်)အာသန္နကံစင်ကြယ်လျှင် နောက်ဘဝ လားရာဂတိသည် လူ့ပြည်, နတ်ဘုံစသော သုဂတိသို့ရောက်ရသည်၊အာသန္နကံ မစင်ကြယ်လျှင် နောက်ဘဝ၏လားရာဂတိသည် ငရဲ, တိရစ္ဆာန်, ပြိတ္တာစသော ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရသည်။

## မူလပဏ္ဏာသပါဠိတော်အဆို

မြတ်စွာဘုရားရှင် ဟောကြားတော်မူသောမူလပဏ္ဏာသပါဠိတော်ဝတ္ထသုတ် တွင်-

'ဝေမေဝ ခေါ ဘိက္ခဝေ စိတ္တေ အသံကိလိဋ္ဌေ ဒုဂ္ဂတိံ ပါတိကင်္ခါဗ္ဗာ'
ဟူ၍ ရှိပါ၏။

ဘိက္ခဝေ-ချစ်သားရဟန်းတို့၊ စိတ္တေ-စိတ်သည်၊ အသံကိလိဋ္ဌေ-မစင်ကြယ် သည်ရှိသော်၊ ဝေမေဝ ခေါ-ဤသို့ မစင်ကြယ်သောကြောင့်သာလျှင်၊ ဒုဂ္ဂတိံ ပါတိကင်္ခါတဗ္ဗာ-ဒုဂ္ဂတိဘဝကို အလိုရှိအပ်၏၊ (ဒုဂ္ဂတိဘဝသို့ လားရောက်အပ် ၏)တဲ့။

'ဝေမေဝ ခေါ ဘိက္ခဝေ စိတ္တေ သံကိလိဋ္ဌေ သုဂတိံ ပါတိကင်္ခါတဗ္ဗာ'

ဘိက္ခဝေ-ချစ်သားရဟန်းတို့၊ စိတ္တေ-စိတ်သည်၊ သံကိလိဋ္ဌေ-စင်ကြယ် သည်ရှိသော်၊ ဝေမေဝ ခေါ-ဤသို့စင်ကြယ်သောကြောင့်ပင်လျှင်၊ သုဂတိံ-

ပါတိကင်္ခါတဗ္ဗာ-သုဂတိဘုံဘာကို အလိုရှိအပ်၏၊ (သုဂတိဘဝသို့ လားရောက်ရ၏)တဲ့။

## နည်းကောင်းပေးပါမည်

'ငါသေရတော့မည်ဟု ထင်မှတ်ရသောအချိန်ပိုင်းတွင် မိမိ၏စိတ်အာရုံကိုကြည်လင်အောင် ရှင်းရှင်းထား၍ နေပါ'

'သံယောဇဉ်ဟူသမျှ ဘာသံယောဇဉ်မျှ(ပစ္စည်းသံယောဇဉ်, လူသံယောဇဉ် စသည်) မိမိ၏စိတ်အာရုံတွင် ဝင်ရောက်မလာစေရ၊ ဝင်ရောက်လာလျှင် ဖယ်ထုတ်ပစ်ပါ။

မိမိပြုခဲ့ဖူးသော ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ် စသည်တို့တွင် မိမိစိတ်ဝင်စား၍ အနှစ်သက်ဆုံးသော ကုသိုလ်အာရုံတစ်ခုခုကို ထပ်ပြန်တလဲလဲ စွဲနေအောင် နှလုံးသွင်း၍ ကျေနပ်ဝမ်းမြောက်နေရပါမည်။

ကုသိုလ်အာရုံတစ်ခုခုကို စိတ်ကြည်လင်အောင်နှလုံးသွင်း၍ စိတ်ဝင်စားကာပျော်မွေ့ရင်း သေသွားတတ်ရမည်။

ယခုလက်ရှိဘဝမှ ရှေ့ခရီးဆက်ရမည့်ဘဝအတွက် ဤညွှန်ကြားချက်အတိုင်း သေသွားတတ်ဖို့ အဓိကလိုရင်းဖြစ်သည်၊ ပုထုဇဉ်ဖြစ်ကြသော တို့-သူငါ အားလုံး နားလည်ထားကြရန်နှင့် လိုက်နာကျင့်သုံးတတ်ကြရန် နည်းပေးခြင်းဖြစ်ပါသတည်း။

ကောင်းကျိုးလိုရာ ဆန္ဒပြဝည့်ကြပါစေ။

နတ်လူသတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

**ဆရာတော်ကြီးဦးဥတ္တမသာရ**

တောရကျောင်း၊ ဖလမ်းမြို့နယ်၊ ချင်းတောင်။

၁၃၅၀-ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၉)ရက် စနေနေ့-ပြီး။

# အမှားအမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၅ | ၂၉ | ဒုန်းပြေးချန်နှင့် | ဒုန်းပြေးရန် နှင် |
| ၂၅ | ၃ | အပြုမှို၍ | အမှိုပြု၍ |
| ၂၉ | ၂၀ | အခေါက်ထူထူများ | အခေါက်ထူသူများ |
| ၄၀ | ၂၆ | ထူးမည်မဟတ် | ထူးမည်မဟုတ် |
| ၅၀ | ၁ | သမ်္မာသမ္ဗောဓိ | သမ္မာသမ္ဗောဓိ |
| ၆၀ | ၀၄ | ထုံးစံတ | ထုံးစံတွေ |
| ၇၀ | ၁၄ | တေီစတစ်မျိုး | စေတီတစ်မျိုး |
| ၈၀ | ၁၆ | ကတောင်ဟူ၍ | ကလောင်ဟူ၍ |
| ၈၂ | ၂ | စလားကမ်းလှမ်း၍ | စကားကမ်းလှမ်း၍ |
| ၁၄၀ | ၁၀ | ဂန်းသေလျှင် | ပန်းသေလျှင် |
| ၁၅၀ | ၂၇ | နံပြကထလန်းခြင်း | နံနက်ထလန်းခြင်း |
| ၁၅၄ | ၁၂ | ရာဂါဖြစ်တတ်သော | ရောဂါဖြစ်တတ်သော |
| ၁၅၇ | ၁၉ | အရည်ချက်သကဲ့သွို | အရက်ချက်သကဲ့သို |
| ၁၅၉ | ၁၃ | ငေးကာထိုင်ကာ | ငေးကာငိုင်ကာ |
| ၁၈၂ | ၃၆ | ကိုင်ကွယ်စိမ် | ကိုင်တွယ်စိမ် |
| ၁၈၇ | ၄ | ခံစားရမှုခဲ့သည် | ခံစားခဲ့ရသည် |
| ၂၅၃ | ၂ | ဝိစ္ဆိန္ဒကံ<br>ဝိပုပ္ဖကံ | ဝိစ္ဆိဒ္ဒကံ<br>ဝိပုဗ္ဗကံ |
| ၂၅၃ | ၃ | ဝိက္ခိတ္တကံ | ဝိက္ခိတ္တကံ ဟတဝိက္ခိတ္တကံ |
| ၂၆၀ | ၂၆ | ယောနိ ဝါ | ယောနိံ ဝါ |
| ၂၇၄ | ၂၂ | ဥပပဇ္ဇေဝေဒနီယ | ဥပပဇ္ဇဝေဒနီယ |
| ၂၀၄ | ၃၀ | လွယ်စာပင် | လွယ်စွာပင် |
| ၂၀၆ | ၁၉ | ဝိပရိနာမ | ဝိပရိဏာမ |
| ၂၉၇ | ၂၀ | နတ်ယုတ်မာ့မြောကက် | နတ်ယုတ်မာ့ကမြောက် |

# ဓမ္မဗျူဟာစာစဉ်များ

၁။ မန်လည်ဆရာတော်ဘုရား၏ စကားအညွှန့်အဖူးများ (ထွက်ပြီ)
(ထီးချိုင့်မြို့–တည်တောဆရာတော်)

၂။ ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ် (၁)(ထွက်ပြီ)
(ထီးချိုင့်မြို့–တည်တောဆရာတော်)

၃။ ကိုယ်တွေ့မှတ်တမ်းများ အမှတ်စဉ် (၃) (ထွက်ပြီ)
(ဆရာတော်အရှင်ဦးဥတ္တမသာရ)

၄။ ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ် (၂) (ရိုက်ဆဲ)
(ထီးချိုင့်မြို့–တည်တောဆရာတော်)

| | | | | |
|---|---|---|---|---|
| ၁။ | တစ်အုပ်ချင်း | ၃၀ကျပ်၊ | ငါးအုပ်အထက် | ၂၈–ကျပ် |
| ၂။ | ။ | ၂၂ကျပ်၊ | ။ | ၂၀–ကျပ် |
| ၃။ | ။ | ၃၅ကျပ်၊ | ။ | ၃၀–ကျပ် |


ဓမ္မဗျူဟာ စာစောင်တိုက်

အမှတ် ၁၅၆ (အပေါ်ထပ်)၊ ဗားကရာလမ်း၊ (စမ်းချောင်း မီးသတ်ရှေ့)
ကြည့်မြင်တိုင်စာတိုက်၊ ရန်ကုန်မြို့။ ဖုန်း– ၂၀၁၁၄

ကျေးဇူးတော်ရှင်

ထီးချိုင်မြို့ ဟည်းတောသဆရာတော်

ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ

အမေးအဖြေများ

အမှတ်စဉ် (၂)

******

ဓမ္မဗျူဟာစာစဉ် (၄)

မကြာမီ ထွက်ပါမည်

ဘာသာရေးဆိုင်ရာ စာမူကြိုတင်ခွင့်ပြုချက်အမှတ် ၃၂၃(၈၉) (၇)

ဓမ္မဗျူဟာစာစောင်တိုက်

ဖုန်း- ၂၀၁၁၄

294.3, 2-19
A1MMGB018490

ဓမ္မဗျူဟာစာစဉ်ပါ၊ အတွဲ(၂၀) အမှတ်(၁၀)မှရ၍
သီးချိုင့်မြို့ တည်တော ဆရာတော်ဘုရားကြီး
(သေစဉ် ပြန်ကြားချက်ရှိသော

# သီးချိုင့်မြို့
# တည်တောဆရာတော်
# ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ
# အမေးအဖြေများ

အမှတ်စဉ်-၂

စာမူစိစစ်ရေး အမှတ်(၃၂၃/၉၉)(၂)

မကြာမီ လက်တွက်လာပါတော့မည်။

ဓမ္မဗျူဟာစာစောင်တိုက်- ၁၃၆၊ ဗားကရာ ချောင်းမြို့နယ်၊ (မီးသတ်ရှေ့)၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့ ဖုန်း-၂၁၁၃